မှန်းဉာဏ်၊ ဆုံးဉာဏ်၊ အရိယာဉာဏ် မှတ်စုများ

တရားတော် စာအုပ် (၆)

ပြုစုတင်ပြသူ

ဦးညီညီစိန်

ISBN 978-99971-0-804-1 (၆) ဂုဇ္ဇရ ၄၁၁၁ပါဠိ – ၁၀၂၀ခု ပုံနှိပ်ခြင်း ၂၀၁၆ခု ဇွန်လ



မုန်းဉာဏ်၊ ဆုံးဉာဏ်၊ အရိယာဉာဏ်
မှတ်စုများ
တရားတော် စာအုပ် (၆)

ပြုစုတင်ပြသူ
ဦးညီညီခိန်

ပုံနှိပ်မှတ်တမ်း

၂၀၂၁-ခုနှစ်၊ ဇွန်လ (ပထမအကြိမ်)

အုပ်ရေ ၁၀၀၀

ပုံနှိပ် . . . . . အေးရှားမက်ဂါဗိုကုမ္ပဏီလိမိတက်
အခန်းအမှတ်(၂၉)၊ တိုက်အမှတ်(၄)၊
ပြည်သူ့အိမ်ရာတောင်ဘက်ခြမ်း၊
(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

စာအုပ်ချုပ် . . . . . ----------

-

-

-

စီစဉ်သူ . . . . . ဦးမင်းကိုကို၊ မရမ်းကုန်းမြို့နယ်။

တန်ဖိုး . . . . . (မေတ္တာလက်ဆောင်)

ဖြန့်ချီရေး . . . . . ဖုန်း-၀၉-၄၂၈၃၀၁၇၁

	၄	ပဋိသန္ဓိဒါမင်္ဂပါဠိတော် နိဿယ - အာဒီနဝဉာဏ်	၁၅၀
	၅	သခ်ီရုပေက္ခာ ဉာဏနိဒ္ဒေသ	၁၅၃
	၆	သခ်ီရုပေက္ခာဉာဏ် - အကျယ်ပြပုံ	၁၅၆
	၇	ဂေါတြဘူဉာဏနိဒ္ဒေသ	၁၆၂
	၈	မဂ္ဂဉာဏ နိဒ္ဒေသ	၁၆၆
	၉	ဖလဉာဏနိဒ္ဒေသ	၁၇၀
	၁၀	ဝိမုတ္တိဉာဏနိဒ္ဒေသ	၁၇၂
	၁၁	ပစ္စဝေက္ခဏ ဉာဏနိဒ္ဒေသ	၁၇၄
၄	၁	ဝိသုဒ္ဓိမဂ် - မြန်မာပြန်	၁၇၈
	၂	ဘယတုပဋ္ဌာနဉာဏ် ပြဆိုခြင်း	၁၈၃
	၃	ဘယဉာဏ်ဖြစ်ပေါ်သည့် ဥပမာများ	၁၈၄
	၄	တစ်ပါးသော ဥပမာကား	၁၈၅
	၅	ဘယဉာဏ်သည် ကြောက်တတ်သလော	၁၈၆
	၆	သမ္မိဒါမဂ်၌ ဟောတော်မူပုံ	၁၈၈
	၇	အာဒီနဝါနုပဿနာဉာဏ် ပြဆိုချက်	၁၈၉
	၈	သန္နိဋ္ဌာဉာဏ် (အပိုဒ် - ၃၄+၃၅)	၁၉၁
	၉	နိဗ္ဗဒါနုပဿနာဉာဏ်ကို ပြဆိုချက်	၁၉၈
	၁၀	မုဉ္စိတုကမျတာဉာဏ် ပြဆိုချက်	၂၀၁
	၁၁	ပဋိသခ်ီ နုပဿနာဉာဏ်ပြဆိုချက်	၂၀၂
	၁၂	သခ်ီရုပေက္ခာဉာဏ်ကို ပြဆိုချက်	၂၀၈
	၁၃	သခ်ီရုပေက္ခာဉာဏ် အဆက်	၂၁၂
	၁၄	အနုလောမဉာဏ် ပြဆိုချက်	၂၄၉
	၁၅	ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ပြဆိုချက်	၂၅၃
	၁၆	ပဌမမဂ်ဉာဏ်ပြဆိုချက်	၂၅၆

မာတိကာ

စဉ်		အကြောင်းအရာ	စာမျက်နှာ
၁		နိဒါန်း	
၂		မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယ) မှ	
	၁	ဘယဉာဏ် - ဘင်ဉာဏ်မှ ဘယဉာဏ်သို့ ကူးပြောင်းပုံ	၁
	၂	အာဒီနဝဉာဏ် - ဘယဉာဏ် မှ အာဒီနဝဉာဏ်သို့ ကူးပြောင်းပုံ	၂
	၃	သန္နိဋ္ဌာဉာဏ်	၅
	၄	အာဒီနဝါ နုပဿနာ	၆
	၅	နိဗ္ဗိဒါဉာဏ် - အာဒီနဝဉာဏ် မှ နိဗ္ဗိဒါဉာဏ်သို့ ကူးပြောင်းပုံ	၈
	၆	နိဗ္ဗိဒါ နုပဿနာ	၁၀
	၇	နိဗ္ဗိဒါနုပဿနာဉာဏ်ကို ပြဆိုခြင်း	၁၁
	၈	ဘယဉာဏ် - အာဒီနဝဉာဏ် - နိဗ္ဗိဒါဉာဏ်တို့သည် တစ်မျိုးတည်းဉာဏ်ဖြစ်ပုံ	၁၃
	၉	မုဉ္စိတုကမျတာဉာဏ် (နိဗ္ဗိဒါဉာဏ် မှ မုဉ္စိတုကမျတာဉာဏ် ကူးပြောင်းပုံ	၁၃
	၁၀	ပဋိသခ်ီဉာဏ် - (မုဉ္စိတုကမျတာဉာဏ်မှ ပဋိသခ်ီဉာဏ်သို့ ကူးပြောင်းပုံ)	၁၇
	၁၁	အနိစ္စတော ၁၀ ချက်	၁၉
	၁၂	ဒုက္ခတော ၂၅ ချက်	၂၁
	၁၃	အနတ္တတော ၅ ချက်	၂၆

	၁၄	ပဋိသန္ဓိဉာဏ်မှ သန္ဓိရုပေကွာဉာဏ်သို့ ကူးပုံ	၂၉
	၁၅	ဒွိကောဋိက ရှုမြင်ပုံ	၃၂
	၁၆	စတုက္ကောဋိက ရှုမြင်ပုံ	၃၃
	၁၇	ဆအာကာရ ရှုမြင်ပုံ	၃၆
	၁၈	အဋ္ဌအာကာရ ရှုမြင်ပုံ	၃၈
	၁၉	ဒသအာကာရ ရှုမြင်ပုံ	၃၉
	၂၀	ဒွါဒသ အာကာရ ရှုမြင်ပုံ	၄၁
	၂၁	သန္ဓိရုပေကွာဉာဏ် ဆိုသည်မှာ	၄၄
	၂၂	မုဋ္ဌိတုကမျတာ၊ ပဋိသန္ဓိ၊ သန္ဓိရုပေကွာဉာဏ်တို့ တစ်မျိုးတည်းဉာဏ်ဖြစ်ပုံ	၄၆
	၂၃	သန္ဓိရုပေကွာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တို့ တစ်ဉာဏ်တည်းဖြစ်ပုံ	၅၀
	၂၄	အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်	၅၁
	၂၅	ဝုဋ္ဌာနဂါမိနီ ဝိပဿနာ	၅၂
	၂၆	ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ဖြစ်ပေါ်ပုံ	၅၃
	၂၇	ဝီထိစိတ် အစဉ်ပြောင်းလဲ ဖြစ်ပေါ်ပုံ	၅၄
	၂၈	အနုလောမဉာဏ်	၅၅
	၂၉	ဒွတ္တိံသကို ပြင်ဆင်ချက်	၅၇
	၃၀	ရှင်းလင်းဆုံးဖြတ်ချက်	၅၉
	၃၁	ဂေါတြဘူဉာဏ်	၆၀
	၃၂	မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်	၆၁
	၃၃	အဆင့်ဆင့်ကျင့်ပုံ	၇၀
	၃၄	အထူးသတိပြုဖွယ်	၇၃
	၃၅	ပစ္စဝေက္ခဏာဉာဏ်	၇၄

	၃၆	ပစ္စဝေက္ခဏာ ၁-ပါးတည်းလဲ ဖြစ်ကြောင်း	၇၆
	၃၇	ပယ်အပ်သော ကိလေသာ	၇၈
	၃၈	သောတာပန်စစ်တမ်း	၉၂
	၃၉	အရိယာ သဒ္ဓါခိုင်မြဲပုံ	၁၀၀
	၄၀	သုပ္ပဋိဒ္ဓဝတ္ထု	၁၀၀
	၄၁	ဓနာဥ္ဇာနီ ဝတ္ထု	၁၀၃
	၄၂	သူရမ္ဗဋ္ဌ ဝတ္ထု	၁၀၆
	၄၃	အရိယာ၏ သီလခိုင်မြဲဆင်ခြင်ပုံ	၁၀၈
	၄၄	အရိယာ၏ ယုံမှား	၁၁၀
	၄၅	မဟာပစ္စဝေက္ခဏာ (၇)ပါး	၁၁၆
	၄၆	အရိယာမှ သင့်နိုင်သော အာပတ်	၁၂၀
	၄၇	ဖလသမာပတ် ဝင်စားပုံ	၁၂၅
	၄၈	ဖိုလ်ဝင်စားခြင်း အကျိုးကား	၁၂၈
	၄၉	ဖလသမာပတ်သို့ ရောက်ပုံ	၁၂၈
	၅၀	အရိယာ၏ ဝိပဿနာသည် ဥဒယဗ္ဗယဉာဏ်မှ စသည်	၁၂၉
	၅၁	သမာပတ်၏ တည်တံ့ပုံ	၁၃၁
	၅၂	ဖိုလ်ဝင်စားခိုက်၌ နိဗ္ဗာန်မှ တပါး ဘာကိုမျှမသိ	၁၃၂
	၅၃	သမာပတ်မှ ထပုံ	၁၃၆
	၅၄	သဗ္ဗသဂ်ါဟိက စကား	၁၃၆
	၅၅	မစင်ကြယ်သော ဖိုလ်သမာဓိလဲ ရှိကြောင်း	၁၃၈
	၅၆	သတတဝိဟာရီ နောသတတဝိဟာရီ	၁၃၉
၃	၁	ပဋိသန္ဓိဒါမဂ် - အာဒီနဝါနုပဿနာဉာဏ်ကို ပြဆိုခြင်း	၁၄၁
	၂	ပဋိသန္ဓိဒါမဂ်၌ ဟောတော်မူပုံ	၁၄၃
	၃	သန္ဓိပဒဉာဏ်ကို ဟောတော်မူခြင်းအကြောင်း	၁၄၇

	၂၃	အရှင်ကောဏ္ဍည သောတာပန်ဖြစ်ပုံ(အကျိုးပြစကား)	၃၃၄
	၂၄	မြတ်စွာဘုရား ဥဒါန်းကျူးပုံ	၃၃၅
	၂၅	ဟေဘိကွ့ ရဟန်းအဖြစ်ရပုံ	၃၃၅
၇	၁	လယ်တီဆရာတော်မူ အနတ္တလက္ခဏသုတ်ပါဠိနိဿ	၃၃၆
	၂	ဝါဆိုလပြည့်ကျော် ၅-ရက်၊ ရဟန္တာနေ့	၃၃၆
	၃	အနတ္တ အဓိပ္ပာယ်	၃၃၆
	၄	အနတ္တဓာတ်ကြီး	၃၃၉
	၅	အနတ္တလက္ခဏသုတ် အကျဉ်းချုပ်	၃၄၀
	၆	ဘာမဆို အောင်ရမည်	၃၄၂
	၇	အနတ္တလက္ခဏသုတ်	၃၄၃
	၈	(၁) အနတ္တလက္ခဏသုတ်နိဒါန်း	၃၄၄
	၉	(၂) ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၄၄
	၁၀	(၃) ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၄၄
	၁၁	(၄) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၄၅
	၁၂	(၅) သင်္ခါရာက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၄၅
	၁၃	(၆) ဝိညာဏ်က္ခန္ဓာ အနတ္တဖြစ်ပုံ	၃၄၆
	၁၄	(၇) ရူပခန္ဓာ၌ လက္ခဏာရေး သုံးပါး	၃၄၆
	၁၅	(၈) နာမက္ခန္ဓာလေးပါး၌ လက္ခဏာရေး သုံးပါး	၃၄၇
	၁၆	(၉) ရူပ်တရားကို တဏှာ, မာန, ဒိဋ္ဌဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ	၃၄၈
	၁၇	(၁၀) ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ	၃၄၉
	၁၇	သောတာပန်ပုဂ္ဂိုလ် ပြဆိုချက်	၂၆၄
	၁၈	ဒုတိယမဂ်ဉာဏ်ပြဆိုချက်	၂၆၈
	၁၉	တတိယမဂ်ဉာဏ်ပြဆိုချက်	၂၆၉
	၂၀	စတုတ္ထမဂ်ဉာဏ်ပြဆိုချက်	၂၇၀
	၂၁	ရဟန္တာပုဂ္ဂိုလ် ပြဆိုချက်	၂၇၁
	၂၂	နိဗ္ဗာန်ကို အထူးအာရုံပြုရန်	၂၇၂
	၂၃	ဘာဝနာ (၄၀)တရား - လောကီ နှင့် လောကုတ်	၂၇၄
	၂၄	ဉာဏ်စဉ် (၁၆)တွင် ပါဝင်မှု တော (၄၀) တရား	၂၇၅
၅		အနတ္တလက္ခဏသုတ် နှင့် အနတ္တအခြင်းအရာများ	
	၁	သင်္ခါရုပေက္ခာဉာဏ် နှင့် အနတ္တအခြင်းအရာများ	၂၇၇
	၂	အနတ္တတော (၅) ချက်	၂၇၇
	၃	ပဋိသင်္ခါဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်သို့ကူးပုံ	၂၈၀
	၄	(၁) ဒွိကောဋိက ရှုမြင်ပုံ	၂၈၃
	၅	(၂) စတုက္ကောဋိက ရှုမြင်ပုံ	၂၈၄
	၆	အနတ္တလက္ခဏာ အရင့်ပိုင်း	၂၈၄
	၇	(၃) ဆအာကာရ ရှုမြင်ပုံ	၂၈၇
	၈	(၄) အဋ္ဌအာကာရ ရှုမြင်ပုံ	၂၈၉
	၉	(၅) ဒသအာကာရ ရှုမြင်ပုံ	၂၉၀
	၁၀	(၆) ဒွါဒသ အာကာရ ရှုမြင်ပုံ	၂၉၃
	၁၁	အနတ္တလက္ခဏာသုတ် တရားတော်ကြီး	၂၉၅
	၁၂	နာရုံဖြင့် မပြီး၍ အားထုတ်ကြရသည်	၂၉၇
	၁၃	နေယျပုဂ္ဂိုလ်တွေ	၂၉၈
	၁၄	အချိုးကျကျ အားထုတ်ပုံ	၂၉၉
	၁၅	ဒိဋ္ဌမာနကိုပယ်ရန်	၃၀၁

	၁၆	သုတ်၏ ဘာသာပြန်ခ-ရူပက္ခန္ဓာ အနက္ထဖြစ်ပုံ	၃၀၃
	၁၇	၂- ဝေဒနာက္ခန္ဓာ အနက္ထဖြစ်ပုံ	၃၀၅
	၁၈	၃- သညာက္ခန္ဓာ အနက္ထဖြစ်ပုံ	၃၀၅
	၁၉	၄- သင်္ခါရက္ခန္ဓာ အနက္ထဖြစ်ပုံ	၃၀၆
	၂၀	၅- ဝိညာဏက္ခန္ဓာ အနက္ထဖြစ်ပုံ	၃၀၆
	၂၁	အနုပဿနာ ၃ပါး ဆောင်ပုဒ်များ	၃၀၇
	၂၂	၆- ရူပက္ခန္ဓာ လက္ခဏာရေး ၃ပါး စီစစ်ချက်	၃၀၉
	၂၃	၇-ဝေဒနာက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး စီစစ်ချက်	၃၀၉
	၂၄	၈- သညာက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး စီစစ်ချက်	၃၁၀
	၂၅	၉- သင်္ခါရက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး စီစစ်ချက်	၃၁၀
	၂၆	၁၀- ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး စီစစ်ချက	၃၁၁
	၂၇	၁၁- ရူပ်တရား၌ ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်	၃၁၂
	၂၈	၁၂-ဝေဒနာ၌၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်	၃၁၂
	၂၉	၁၃-သညာ၌ ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်	၃၁၂
	၃၀	၁၄- သင်္ခါရတို့၌ ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်	၃၁၃
	၃၁	၁၅- ဝိညာဏ်၌ ၁၁-ဌာနဖြင့် ရှုရန် ညွှန်ပြချက်	၃၁၃
	၃၂	ရူပ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ	၃၁၄
	၃၃	ဝေဒနာကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ	၃၁၅
	၃၄	သညာကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ	၃၁၆
	၃၅	သင်္ခါရကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ	၃၁၇
	၃၆	ဝိညာဉ်ကို ၁၁-ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ	၃၁၉
	၃၇	၁၆- နိဗ္ဗိန္ဒဉာဏ်နှင့်တကွ မဂ်ဖိုလ်ဉာဏ်များဖြစ်ပုံ	၃၂၀
	၃၈	၁၇- ပဋ္ဌဝဂ္ဂီ ရဟန်းတော်များ ရဟန္တာဖြစ်ပုံ	၃၂၁

၆	၁	မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော ဓမ္မစကြာ တရားတော်ကြီး	၃၂၂
	၂	၁- အယုတ်တရား နှစ်ပါး	၃၂၂
	၃	၂- မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျဉ်းတရား	၃၂၂
	၄	၃- ဒုက္ခသစ္စာ	၃၂၃
	၅	၄- သမုဒယသစ္စာ	၃၂၃
	၆	၅- နိရောဓ သစ္စာ	၃၂၈
	၇	၆- မဂ္ဂသစ္စာ	၃၂၈
	၈	၇- ဒုက္ခသစ္စာ၌ သစ္စာဉာဏ်	၃၂၉
	၉	၈- ဒုက္ခသစ္စာ၌ ကိစ္စဉာဏ်	၃၂၉
	၁၀	၉- ဒုက္ခသစ္စာ၌ ကတညာဏ်	၃၃၀
	၁၁	၁၀-သမုဒယသစ္စာ၌ သစ္စာဉာဏ်	၃၃၀
	၁၂	၁၁- သမုဒယသစ္စာ၌ ကိစ္စဉာဏ်	၃၃၀
	၁၃	၁၂-သမုဒယသစ္စာ၌ ကတညာဏ်	၃၃၁
	၁၄	၁၃-နိရောဓသစ္စာ၌ သစ္စာဉာဏ်	၃၃၁
	၁၅	၁၄-နိရောဓသစ္စာ၌ ကိစ္စဉာဏ်	၃၃၁
	၁၆	၁၅-နိရောဓသစ္စာ၌ ကတညာဏ်	၃၃၂
	၁၇	၁၆-မဂ္ဂသစ္စာ၌ သစ္စာဉာဏ်	၃၃၂
	၁၈	၁၇- မဂ္ဂသစ္စာ၌ ကိစ္စဉာဏ်	၃၃၂
	၁၉	၁၈- မဂ္ဂသစ္စာ၌ ကတညာဏ်	၃၃၃
	၂၀	၁၉- ရှေးက ဘုရားဖြစ်ကြောင်း ဝန်မခံခဲ့ပုံ	၃၃၃
	၂၁	၂၀- ယခုမှ ဘုရားဖြစ်ကြောင်း ဝန်ခံပုံ	၃၃၃
	၂၂	၂၁- ပစ္စဝေက္ခဏာဉာဏ်ဖြင့်သိပုံ	၃၃၄

	၁၈	(၁၁) သညာတရားကို တဏှာ, မာန, ဒိဋ္ဌဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ	၃၄၉
	၁၉	(၁၂) သခ်ါရတရားကို တဏှာ, မာန, ဒိဋ္ဌဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ	၃၄၉
	၂၀	(၁၃) ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌဂါဟ တို့ဖြင့် မရှုကြည့်အပ်ပုံ	၃၅၀
	၂၁	(၁၄) နိပ္ပိန္နဉာဏ်မှစ၍ မဂ်ကိစ္စ တဆယ့် ခြောက်ချက်ဖြစ်	၃၅၀
	၂၂	(၁၅) ပဋ္ဌဝဂ္ဂီရဟန်းများ ရဟန္တာဖြစ်ပုံ	၃၅၁
	၂၃	လယ်တီ ဆရာတော်မူ	၃၅၁
	၂၄	(က-ခ) အနတ္တလက္ခဏသုတ် အမွှန်း	၃၅၁
	၂၅	(၁) အနတ္တလက္ခဏသုတ် နိဒါန်း	၃၅၂
	၂၆	(၂) ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၅၃
	၂၇	(၃) ဝေဒနာက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၅၅
	၂၈	(၄) သညာက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၅၆
	၂၉	(၅) သခ်ါရက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၅၇
	၃၀	(၆) ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ	၃၅၈
	၃၁	(၇) ရူပက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး	၃၅၉
	၃၂	(၈) နာမက္ခန္ဓာ၌ လက္ခဏာရေး ၃-ပါး	၃၆၁
	၃၃	(၉)ရူပ်တရားကို တဏှာ, မာန, ဒိဋ္ဌဂါဟတို့ဖြင့် မရှုကြည့် အပ်ပုံ	၃၆၅
	၃၄	(၁၀) ဝေဒနာတရားကို တဏှာ, မာန, ဒိဋ္ဌဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ	၃၆၆
	၃၅	(၁၁) သညာတရားကို တဏှာ, မာန, ဒိဋ္ဌဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ	၃၆၇

	၃၆	(၁၂) သခီါရတရားကို တဏှာ, မာန, ဒိဋ္ဌဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ	၃၆၈
	၃၇	(၁၃) ဝိညာဉ်တရားကို တဏှာ, မာန, ဒိဋ္ဌဂါဟတို့ဖြင့် မရှုကြည့်အပ်ပုံ	၃၇၀
	၃၈	(၁၄) နိဗ္ဗိန္ဒဉာဏ်မှစ၍ မဂ်ကိစ္စ တစ်ဆယ့် ခြောက်ချက် ဖြစ်ပုံ	၃၇၁
	၃၉	(၁၅) ပဋိဝေဓရဟန်းများ ရဟန္တာဖြစ်ပုံ	၃၇၃
	၄၀	နိဂုံး	၃၇၅
	၄၁	ရည်ညွှန်းကိုးကားထားသည့် တရားစာအုပ်များစာရင်း	၃၇၇

နိဒါန်း

ပင်စင်စားတစ်ဦး၏ဘဝခရီးစဉ်တွင် အသေမဦးမီ ဉာဏ်ဦးရန်လုပ်ငန်းဦးစားပေးများဖြင့် နေ့စဉ်အားစိုက်နေရပေသည်။ နေ့စဉ် ဝိပဿနာတရားရှုမှတ်ခြင်း၊ မသိရသေးသော သတိပဋ္ဌာန်တရား၊ ဝိပဿနာတရားတော်များကိုနာကြားခြင်း၊ ဖတ်မှတ်ခြင်း၊ သိပြီးနာကြားဖတ်မှတ်ပြီးတရားတော်များကို ထပ်မံနာကြားဖတ်မှတ်ခြင်း၊ သံဃာဆရာတော်ဘုရားကြီးများ၏ လက်တွေ့ကျင့်စဉ်တွေ့ရှိ ဟောကြားချက်များကို ဖတ်ရှုခြင်းတို့ဖြင့် ဝိပဿနာခရီးလမ်းကို မမောမပန်း၊ တောဝင်တောင်တက်ပမာ ဦးထိပ်ပန်ဆင်အဓိပတိတင်၍ ဆောင်ရွက်နေလျက်ရှိပါသည်။

ဝိပဿနာတရားဉာဏ်စဉ်များ ဝိသုဒ္ဓတရားစဉ်များတွင် သမာဓိတရား နုရာမှ ရင့်ရာသို့ငင်း၊ ပညာတရား သေးငယ်ရာမှ ကြီးပွားရာသို့ငင်း၊ ရှုမှတ်ရည်ရွယ်သော တရားများ၊ တရားစဉ်အရွေ့အတက် ပရိယာယ် အချိတ်အဆက်များတွေ့ရှိရပေသည်။

အာဒီနဝဉာဏ်တွင် ခန္ဓာငါးပါးတို့ကို အပြစ်မြင်မှု ထင်ရှားရင့်ကျက်လာမှုကို အနည်းငယ်ပြေလျော့စေသည့် သန္ဋိပဒဉာဏ်ဖြစ်ပေါ်တတ်ပုံကို ဟောကြားထားပါသည်။ ထို့ပြင် ဘယဉာဏ်-အာဒီနဝဉာဏ်- နိဗ္ဗိဒါဉာဏ်တို့သည် တူသော သဘောတရားကိုယ်စီရှိကုန်၏။ အမည်သဒ္ဒါမျှသည် သာ-ထူးခြား၏ဟု မှတ်ယူတွေ့ရှိရပေသည်။

မုဉ္စိတုကမျတာဉာဏ်တွင်လည်း သမာဓိပိုရင့်၊ ပညာကြီးမားလာပြီး သခ်ါရအလုံးစုံမှ လွတ်လိုပြီး ရှောင်ခွာထွက်သွားလိုပြီး ဖြစ်ပေသည်။ သို့သော်လည်း ယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်သည်ကား

လေ့လာမှတ်သားနာကြားဖူးသမျှ၌သာ ဆင်ခြင်လျှက် ကျက်စားနိုင်ပေသည်။ မမှတ်သားဖူးသော အမည်ဖြင့်ကား ကိုလေသာလည်းမဖြစ်၊ ဉာဏ်လည်းမဖြစ်နိုင်ကြောင်း မှတ်ယူတွေ့ရှိရပေသည်။

သခ်ၤါရအလုံးစုံမှ လွတ်မြောက်ရန် (ယောဂီပုဂ္ဂိုလ်သည်) မှတ်သိအပ်ပြီးသော (သမာသနဉာဏ်တွင်) ထိုသခ်ၤါရမျိုးတို့ကိုပင်လျှင် တစ်ဖန်ရှုမူ - ပဋိသခ်ၤိဉာဏ်ဖြင့် လက္ခဏာ-၃ပါး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)ကို တင်၍တဖန် သိမ်းဆည်းရှုမှတ်၏။ အနိစ္စလက္ခဏာ (၁၀)ချက်၊ ဒုက္ခလက္ခဏာ (၂၅)ချက်၊ အနတ္တလက္ခဏာ (၅)ချက် စုစုပေါင်း အချက်(၄၀)ကို ရှုမှတ် ရန်ဖြစ်ပါသည်။ ခန္ဓငါးပါးတို့၏ ဖြစ်ပျက်ကို ဤအခြင်း အရာ(၄၀) တို့ဖြင့် ရှုမှတ်ခြင်းဖြစ်ပါသည်။ ဤအခြင်းအရာ (၄၀)တို့ကို တော(၄၀)ခေါ် - ဘဝနာ (၄၀)ခေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ (၄၀) ဟု ခေါ်ဆိုပါသည်။ မိမိတို့အားထုတ်နေသော ခန္ဓာငါးပါး ဖြစ်ပျက် အားလုံးထဲမှာ ယခု ဘဝနာ (၄၀) ခေါ် တော (၄၀) အကုန်လုံး အကျုံးဝင်ပေသည်။ ခန္ဓာထဲ ဉာဏ်စိုက်သွင်းပြီး ရှုမှတ်နေလျှင် အနိစ္စလက္ခဏာ (၁၀)ချက်နှင့် လွတ်သွားသည့်အချိန် မျက်စိ တစ်မှိတ်မျှတောင် မပါကြောင်း တွေ့ရှိရမှာ ဖြစ်ပါသည်။

သခ်ၤါရပေကွာဉာဏ်တွင် အနတ္တလက္ခဏာ - ငါဘဲ၊ ငါ့ဥစ္စာဘဲ မရှိစေရန် ဒွိကောဋိက၊ စတုက္ကောဋိက၊ ဆအာကာရ။ ။ စသည် ဖြင့် (၆)နည်း (၆)မျိုးဖြင့် ဆက်လက်ရှုမှတ်နေခြင်း ဖြစ်ပါသည်။ ထို့ပြင် မုဉ္စိတုကမျတာဉာဏ်၊ ပဋိသခ်ၤါဉာဏ်၊ သခ်ၤါရုပေက္ခာဉာဏ်တို့မှာ သဘောလက္ခဏာအားဖြင့်ကား တစ်မျိုး တည်းသော ဉာဏ်သာ ဖြစ်ပါသည်။ ဤဉာဏ်(၃)ပါးသည် အစ-အလယ်-အဆုံး၊ အနု - အလတ် - အရင့်ဖြစ်သော သမာဓိ-ပညာသာသဒ္ဒါအားဖြင့် ကွဲပြားပါသည်။

ဆက်လက်၍ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ (ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်) မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်၊ ဖလသမာပတ်ရောက်ပုံ၊ ဝင်စားပုံတို့အထိ ရှင်းလင်းတင်ပြထားပါသည်။

ယခုတင်ပြသည့် မုန်းဉာဏ်၊ ဆုံးဉာဏ်၊ အရိယာဉာဏ်-မှတ်စုများ စာအုပ်တွင် ဖတ်ရှုရှင်းလင်းလွယ်ကူစေရန်အတွက် မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ)ကို အဓိကထားဖော်ပြထားပြီး ပဋိသမ္ဘိဒါမဂ် (နိဿယ) နှင့် မဟာစည်ဆရာတော် ဘုရားကြီး၏ ဝိသုဒ္ဓိမဂ်-မြန်မာပြန်တို့ကိုယှဉ်တွဲဖော်ပြထား ပါသည်။

အနုလောမဉာဏ်ထိ မှန်သော အသိအမြင်များရရှိပြီး မနား မနေ ကြိုးစားစွာသော ကြိုးစားလုံ့လဖြင့် ခိုင်မြဲသော သဒ္ဓါ၊ သတိ၊ ဝိရိယ၊ သမာဓိ၊ ပညာ၊ မဂ္ဂင်တရားတို့ဖြင့် ဝိပဿနာတရား ရှုမှတ်ပွားများကာ မဂ်ဖိုလ်နိဗ္ဗာန် ရရှိနိုင်ကြပါစေ။

ဦးညီညီစိန်
B.E (Mech) 79
PE . ACPE (Mech)
ညွှန်ကြားရေးမှူး (အငြိမ်းစား)
မြန်မာ့ရေနံ (၂၀၁၅)

အဓိပ္ပါယ်ကား

မှတ်သိရတဲ့ ရုပ်နာမ်နှင့် မှတ်သိမှု ဝိပဿနာတို့၏ တပျက်ထဲ ပျက်နေခြင်းကိုသာ မျက်မှောက်တွေ့မြင်ရ၍ 'ကြောက်စရာ တွေချည်းဘဲ'ဟု သဘောကျပြီးသောသူသည် "ထိုရုပ်နာမ်တို့၏ အစ ဖြစ်ပေါ်ခဲ့ရင်း ဖြစ်သော ယခုဘဝ ပဋိသန္ဓေကို ဆင်ခြင်မိလျှင်" ထိုအစ ဖြစ်ပေါ်မှုကိုလဲ ကြောက်စရာကောင်းသည်" ဟူ၍သာ ထင်မြင်၏။

ဤသို့ထင်မြင်သော အသိဉာဏ်သည် ဘယဉာဏ်, အာဒီနဝ ဉာဏ်မည်၏။ ဤသို့သောနည်းဖြင့် ဉာဏ်ဖြစ်ပုံကို သိအပ်၏။ အထူးကား ပဝတ္တ နိမိတ္တတို့၌ သီးခြား မဆင်ခြင်ရဘဲ၊ မှတ်ရုံမျှဖြင့် သော်လဲ ကြောက်စရာကောင်းသည်ဟု ထင်မြင်နိုင်သေး၏။

ဥပ္ပါဒ အစ, ဥပါယာသ အဆုံး, ရှိသော ၁၅ပုဒ်တို့တွင် ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟနာ, ပဋိသန္ဓိ ဟူသော ဤငါးပုဒ်သည် သာလျှင် ဘယ,အယဒိနဝဉာဏ်တို့၏ဖြစ်ရာ လိုရင်းအာရုံပြုစကားတည်း။

ဂတိစသော ၁၀-ပုဒ်တို့ကိုကား ပါဠိဝေါဟာရမျှဖြင့် ထူးသောကြောင့်၎င်း၊ ဉာဏ်ကျယ်သောသူအား ထိုဝေါဟာရ အထူးတို့ဖြင့်လဲ ဆင်ခြင်လျက် ဖြစ်တတ်သောကြောင့်၎င်း၊ အပို ထပ်မံ၍ ပြတော်မူပေသည်။

ထို ၁၀-ပုဒ်တို့တွင် နိဗ္ဗတ္တိ ဇာတိ, ဤ၂-ပုဒ်တို့သည် ဥပ္ပါဒ, ပဋိသန္ဓိ, ဤ၂ပုဒ်လုံးနှင့်အရ တူကုန်၏။ ဇရာစသော ၆-ပုဒ်တို့သည် နိမိတ္တ၌အတွင်း ဝင်ကုန်၏။ ထို့ကြောင့် ဥပ္ပါဒ စသော ငါးပုဒ်အရ ထင်မြင်လျှင်ပင် ပြည့်စုံပြီဟု မှတ်အပ်၏။

ထိုဘယာကာရ စသည်တို့တွင် ကြောက်ဖွယ်ဟု ထင်မြင်သော အခြင်းအရာအားဖြင့် ဖြစ်သောဉာဏ်သည် ဘယဉာဏ်မည်၏။

မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း (ဒုတိယတွဲ) မှ–

ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ် ဘယဉာဏ်

"ဘင်ဉာဏ်မှ ဘယဉာဏ်သို့ ကူးပြောင်းပုံ"

ဘင်ဉာဏ် ခေါင်ထိပ်သို့ရောက်၍ "ရှေးက ရုပ်နာမ်များလဲ ချုပ်ပျက် သွားကြလေပြီ၊ ယခုလဲ ချုပ်ကြဆဲပင်၊ နောင်လဲ သည်လို ပင် ချုပ်ပျက်နေကြမှာဘဲ"ဟု ကောင်းကောင်း သဘောကျသော အခါ၌ ရုပ်နာမ် သခါရတို့ကို 'ကြောက်စရာ ကောင်းသည်'ဟု သိမြင်လျက် ဘယဉာဏ် ဖြစ်ပေါ်၏။

ဘင်ဉာဏ် ခေါင်ထိပ်သို့ရောက်သော ထိုယောဂီအား အတိတ် သခါရတို့သည် ချုပ်ပျက်လေကုန်ပြီ၊ ပစ္စုပ္ပန်သခါရတို့သည် ချုပ်ပျက် ကုန်ဆဲ။ နောင်အခါ၌ဖြစ်မည့် သခါရတို့သည်လည်း ဤနည်းတူပင် ချုပ်ပျက်ကုန်လတ့ံ။ ဤသို့ မြင်လတ်သော် ဤအရာ၌ ကြောက်စရာ ဟုထင်မှတ်သော ဘယဉာဏ်မည်သည်။ ဖြစ်ပေါ်၏။

ထိုအခါ၌ မှတ်တိုင်းမှတ်တိုင်းလဲ ပျက်၍ပျက်၍ သွားသော သခါရတို့၌ ကြောက်သော အခြင်းအရာနှင့်တကွ အသိဉာဏ်ဖြစ်၏။

ဆင်ခြင်မိသောအာရုံတို့၌လဲ ကြောက်စရာကောင်းသည်ဟု ထင်မြင်လျက် အသိဉာဏ်ဖြစ်၏။

ထို့ကြောင့် မှတ်တဲ့စိတ်သည် ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ် ဖြစ်စဉ်ကဲ့သို့ ကြည်သာရွှင်ပြ တက်ကြွခြင်းမရှိမူ၍ အားငယ်သလိုပင် ဖြစ်တတ်၏။

သို့သော်လဲ ရန်သူများ တစ္ဆေသူရဲများကို ကြောက်သလို စိတ်နှလုံးမသာဖြစ်လျက် ကြောက်ခြင်းမျိုးကား မဟုတ်ပေ။ ကြောက်စရာကောင်းသည်ကို အမှန်အတိုင်းသိရ၍ မရွှင်မပျ ဖြစ်ရုံမျှသာတည်း။ ဘယဉာဏ်သည် ကြောက်တတ်သလား, မကြောက်တတ်သလားဟူမူ တကယ်ကြောက်တတ်သည်ကား မဟုတ်ဟု ဖြေအပ်၏။ မှန်ပေ၏။ ထိုဘယဉာဏ်သည် အတိတ် သခ်ါရတို့ ချုပ်ကုန်ပြီ, ပစ္စုပ္ပန် သခ်ါရတို့ ချုပ်ကုန်ဆဲ, အနာဂတ် သခ်ါရတို့ ချုပ်ကုန်လတ့ံဟူ၍ ဆင်ခြင်ဆုံးဖြတ်ရုံမျှသာလျှင် ဖြစ်ပေ၏။

အာဒီနဝဉာဏ်
"ဘယဉာဏ်မှ အာဒီနဝဉာဏ်သို့ ကူးပြောင်းပုံ"

ဤဘယဉာဏ် ရင့်သန်လျှင် အာဒီနဝဉာဏ်ဖြစ်ပေါ်၏။ ထိုအခါမှာ မှတ်မိတဲ့ သခ်ါရတို့၌ဌင်း၊ ဆင်ခြင်မိတဲ့ သခ်ါရဘုံဘဝတို့၌ဌင်း၊ သာယာဘွယ် အကောင်းအမွန် အနှစ်အရသာ ရှိသည်ဟု မထင်မြင်ပြီ၊

မှတ်မိတိုင်း ဆင်ခြင်မိတိုင်း ရွံမုန်းဘွယ်တို့ကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ မကောင်းတာတွေ ရုန့်ရင်းကြမ်းတမ်းတာတွေကိုသာ တွေ့နေရသည်ဟု ထင်မြင်၏။ အောက်ပါမှာ ဘယ, အာဒီနဝဉာဏ် ဖြစ်ပုံကို ပြသော ပဋိသမ္ဘိဒါမဂ်ပေတည်း။

ယခုဘဝ၌စ၍ ဖြစ်ခဲ့ခြင်းသည် ကြောက်စရာကောင်းသည်ဟု ကြောက်ဖွယ်ဘေးဟုထင်သော သိမှု=ပညာသည် အာဒီနဝဉာဏ်မည်၏။

မကုန်ဆုံးနိုင်အောင် မပြတ်ဖြစ်နေခြင်းသည် ကြောက်စရာကောင်းသည်ဟု (အဟောင်းအဟောင်း ချုပ်ပျောက်သွားသော်လဲ အသစ်အသစ်ဖြစ်ပေါ်လျက်ရှိသောကြောင့် မှတ်တိုင်းမှတ်တိုင်း မပြတ် ထင်ပေါ်လျက်ရှိသော ရုပ်နာမ်အစဉ်ကို ကြောက်စရာဟု ထင်မြင်သည်။)

အကောင်အထည်ဒြပ်မရှိပါဘဲလျက် အကောင်အထည်ဒြပ်ရှိသလိုပင် ထင်ပေါ်လျက်ရှိသော ဖောင်းမှု ပိန်မှု ထိုင်မှု ကွေးမှု ဆန့်မှု မြင်မှု ကြားမှုစသော သခ်ါရနိမိတ်သည် ချမ်းသာ ကောင်းစားရန် ရည်သန်၍ အားထုတ်မှု ဟူသော ကုသိုလ်ကံ, အကုသိုလ်ကံသည် နောင်တဖန်ဖြစ်ရခြင်းသည်၀တိ,ငရဲ,တိရစ္ဆာန်,ပြိတ္တာ,လူ,နတ် အဖြစ်ဟူ သောလားရာ၀တိသည် ရှေးဦးစွာဖြစ်ပေါ်ခြင်းသည်၊ ကပ်ရောက်အပ်သောဘဝသည်၊ ဖြစ်ခြင်းသည်၊ အိုခြင်းသည်၊ မကျန်းမမာ နာဖျားခြင်းသည်၊ သေခြင်းသည်၊ စိုးရိမ်ပူဆွေးခြင်းသည်၊ ငိုကြွေးခြင်းသည်၊ ပြင်းစွာပူပန်ခြင်းသည် ကြောက်စရာကောင်းသည်ဟု ကြောက်ဖွယ်ဘေးဟုထင်သော ပညာသည် အာဒီနဝဉာဏ်မည်၏။

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် ဆင်းရဲပင်တည်းဟူ၍ ကြောက်ဖွယ်ဘေးဟုထင်သော သိမှု=ပညာသည် အာဒီနဝဉာဏ်မည်၏။

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် ဝဋ်ဆင်းရဲ, ကာမဂုဏ်, ကိလေသာဟူသော အစာနှင့် ရောနှောနေသည်ဟူ၍ ကြောက်ဖွယ်ဘေးဟု ထင်သောသိမှု= ပညာသည် အာဒီနဝဉာဏ်မည်၏။

ယခုဘဝ၌ စ၍ဖြစ်ခဲ့ခြင်းသည် မငြိမ်းအေးတဲ့ သခ်ါရတို့ ဟူ၍ ကြောက်ဖွယ်ဘေးဟု ထင်သောသိမှု= ပညာသည် အာဒီနဝ ဉာဏ်မည်၏။

ရုပ်နာမ်သခ်ါရ ဘဝအလုံးစုံ ကင်းငြိမ်းခြင်းကိုကား အလိုမရှိ။

ဤသို့ ဘဝသခ်ါရတို့ထဲမှ မခွါရက်နိုင်အောင် ခင်မင်သာယာတွယ်တာ ကပ်ငြိလျက်ရှိသော တဏှာသည် အာလယာဘိနိဝေသမည်၏။ ၎င်းကိုဤအနုပဿနာက ကင်းပျောက်စေ၏။

ထို့ကြောင့်ပင် ဤဉာဏ်ရင့်သောအခါ၌ နိဗ္ဗိဒါဉာဏ် စသည်တို့ ဖြစ်ပေါ်ကြလေသည်။

အာဒီနဝါနုပဿနာ ပြီး၏။

××××××

နိဗ္ဗိဒါဉာဏ်
"အာဒီနဝဉာဏ်မှ နိဗ္ဗိဒါဉာဏ်သို့ ကူးပြောင်းပုံ"

အာဒီနဝဉာဏ် ရင့်သန်လျှင် နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်၏။ ထိုအခါ၌ အာဒီနဝဉာဏ်ဖြင့် အပြစ်မြင်ပြီးသည် အားလျော်စွာ မှတ်တိုင်းမှတ်တိုင်းလဲ ပျင်းရိငြီးငွေ့ဖွယ် ဟူ၍သာ ထင်မြင်၏။

စဉ်းစားဆင်ခြင်ကြည့်လျှင်လဲ ပျင်းရိငြီးငွေ့ဖွယ် ဟူ၍သာ ထင်မြင်၏။ အယုတ်ဆုံးအားဖြင့် ကြံစည်စိတ်ကူးနေရသည်ကိုပင် ပျင်းရိငြီးငွေ့ဖွယ်ဟု ထင်မြင်တတ်၏။

အလုံးစုံသောရုပ်သခ်ါရတို့သည် မမြဲကုန်ဟူ၍၊ ဘင်္ဂဉာဏ် ခေါင်ထိပ်သို့ ရောက်သော အကြင်အခါ၌ ပစ္စက္ခဉာဏ်မှ အစဉ်လျှောက်၍ ဖြစ်သော အနွယဝိပဿနာ ဉာဏ်ပညာဖြင့် မြင်၏။ ထိုသို့မြင်သောအခါ၌ ဘယဉာဏ် အာဒီနဝဉာဏ်တို့ဖြင့် ဘေးဟုထင်မြင်အပ်ပြီး အပြစ်မြင်အပ်ပြီးသော ရုပ်နာမ်ဆင်းရဲ၌ မပျော်မမွေ့

ဤမှတစ်ပါးသော ဒုက္ခ, သာမိသ, သခ်ါရဟု ထင်မြင်သော အခြင်းအရာတို့၏ အလိုအားဖြင့် ဖြစ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။ ဤသို့ မှတ်အပ်၏။

ဤဦးကာနှင့်အညီ ပါဠိလေးဝါရတို့တွင် ဘယန္တိဟူသော ပုဒ်နှင့်တကွသော ပဌမဝါရဖြင့် ဘယဉာဏ်ဖြစ်ပုံကို ပြသည်။ ကျန်သုံးဝါရဖြင့် အာဒီနဝဉာဏ် ဖြစ်ပုံကို ပြသည်ဟု ခွဲခြား၍ ယူအပ်၏။

ဥပါဒ စသည်တို့ကို ဘယ,ဒုက္ခ, သာမိသ, သခ်ါရဟု ထင်မြင်သော ယောဂိအား "ရှေးဦးစွာ ဖြစ်ပေါ်မှုကင်းခြင်း, မပြတ်ဖြစ်မှုကင်းခြင်း, သခ်ါရနိမိတ်ကင်းခြင်း, အားထုတ်မှုကံမရှိခြင်း, တဖန်မဖြစ်ရခြင်း, တို့ကဘေးကင်းပေသည်။ ချမ်းသာကောင်းမွန်ပေသည်၊ ဝဋ်ဆင်းရဲ ကာမဂုဏ်, ကိလေသာ ဟူသော အစာမှ ကင်းလွတ်ပေသည်။ ငြိမ်းအေးပေသည်"ဟု နိဗ္ဗာန်ကို မှန်းဆလျှက် ပြောင်းပြန်အားဖြင့် ဆင်ခြင်သော အသိဉာဏ်လဲ ဖြစ်ပေါ်၏။ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်၌-

အနုပ္ပါဒေါ ဧဝမေတ္ထ သန္တိပဒေ ဉာဏံ-စသည်ဖြင့်၄င်း၊
အနုပ္ပါဒေါ သုခမေတ္ထ သန္တိပဒေ ဉာဏံ-စသည်ဖြင့်၄င်း၊
အနုပ္ပါဒေါ နိရာမိသမေတ္ထ သန္တိပဒေ ဉာဏံ-စသည်ဖြင့်၄င်း၊
အနုပ္ပါဒေါ နိဗ္ဗာနမေတ္ထ သန္တိပဒေ ဉာဏံ-စသည်ဖြင့်၄င်း၊

သန္တိပဒဉာဏ် လေးဝါရတို့ကိုလဲ ဆက်၍ဟောတော်မူပေသည်။ ဤလေးဝါရတို့ဖြင့် ပြအပ်သော"သန္တိပဒဉာဏ်" သည်ကား ဘယ, အာဒီနဝဉာဏ် မဟုတ်ပေ။ ၎င်းဉာဏ်တို့မှ ဆက်လက်၍ တရားသဘောအတိုင်း ဖြစ်ပေါ်သော အာနိသံသ ဉာဏ်မျှသာတည်း။

အာဒီနဝါနုပဿနာ

အာဒီနဝါနုပဿနာဟူသည်ကား ကြောက်ဖွယ်ဘေးဟု ထင်သော ဘယဉာဏ်၏ အစွမ်းကြောင့် ဖြစ်သော အလုံးစုံသော ဘဝ စသည်တို့၌ အပြစ်မြင်သော ဉာဏ်ပေတည်း။

ထိုအပြစ်မြင်သော အာဒီနဝဉာဏ်ဖြင့် မှီခိုအားကိုးစရာ တစုံတခုကိုမျှ မတွေ့ရသောကြောင့် ဘဝသင်္ခါရတို့၌ မှီခိုအားကိုး စရာရှိသည်ဟု ထင်မှတ်စွဲလမ်းမှုကို ပယ်စွန့်ခြင်းသည် ဖြစ်၏။

အခန်း(၆)၌ ပြခဲ့သည့်အတိုင်း ဘယဉာဏ်ထက်သန်သော အခါ၌ ရုပ်နာမ်သင်္ခါရတို့ကို အပြစ်မြင်လျက်ဖြစ်သော အာဒီနဝ ဉာဏ်သည် အာဒီနဝါနုပဿနာ မည်၏။

ဤဉာဏ်ဖြစ်လျှင် မှတ်သိရသော အာရုံသင်္ခါရ၊ မှတ်သိမှု ဝိပဿနာသင်္ခါရ၊ ဆင်ခြင်မိသော အာရုံသင်္ခါရ၊ ဆင်ခြင်မှု သင်္ခါရ ဟူသော ဤသင်္ခါရတို့တွင် မည်သည့်သင်္ခါရ တစုံတခုကိုမျှ အားကိုးရာဟူ၍ မထင်မြင်ပြီ။

“ဘဝတိုင်းဘဝတိုင်း လူချည်း ဖြစ်နေရလျှင် ကောင်းမှာဘဲ၊ သူဌေးချည်း ဖြစ်နေရလျှင် ကောင်းမှာဘဲ၊ မင်းချည်း ဖြစ်နေရလျှင် ကောင်းမှာဘဲ၊ နတ်ချည်း ဖြစ်နေရလျှင် ကောင်းမှာဘဲ၊ ဗြဟ္မာချည်း ဖြစ်နေရလျှင် ကောင်းမှာဘဲ၊ ဤသို့စသည်ဖြင့် အာဒီနဝဉာဏ် မဖြစ်မီက အားကိုးအားထားပြုစရာ တစုံတခုသော ဘဝသင်္ခါရ ရှိသည်ဟု ထင်မြင်ခဲ့၏။

ယခုမူကား ထိုသို့သော အားကိုးရာကို မတွေ့ရပြီ။

ထို့ကြောင့် ကာမရူပ အရူပ ဘဝတို့နှင့် ဆိုင်သော သင်္ခါရ တို့၌ မှီခို အားကိုးရာဟု ထင်မြင်စွဲလမ်းမှု ကိလေသာတို့ကို ဤဉာဏ်က ပယ်ဖျောက်၏။ ဤအရာ၌ အာလယာဘိနိဝေသ ဟူသည်မှာ တရားကိုယ်အားဖြင့် ဘဝင်္ဂကပ်ငြိ တွယ်တာမှု ဘဝ တဏှာပင်တည်း။

သင်္ခါရတို့၌ ဆင်းရဲမှလုံခြုံအောင် ပုန်းအောင်းမှီခိုရာ၏အဖြစ်, စောင့်ရှောက်ကာကွယ်တတ်သည်၏ အဖြစ်ဖြင့် ယူခြင်း ထင်မှတ် စွဲလမ်းခြင်းသည် အာလယာဘိနိဝေသမည်၏။ တရားကိုယ်အားဖြင့် ဘဝင်္ဂ ခင်မင်တွယ်တာ သာယာ ကပ်ငြိသော တဏှာပေတည်း။

အာဒီနဝဉာဏ်နှင့် မပြည့်စုံသေးသောသူသည် ဘယ်လိုပင် ဆင်းရဲသော်လဲ ဘဝသင်္ခါရ အလုံးစုံကိုကား မစွန့်လွှတ်နိုင်၊

ဘဝထဲမှာပင် တနည်းနည်းဖြင့် ချမ်းသာနိုင်သည်ဟု ထင် မှတ်လျက် လက်ရှိဆင်းရဲဒုက္ခမှ လွတ်ကင်းရုံမျှကိုသာ လိုလား တောင့်တ၏။

ပုံကား။ ။ မကျန်းမမာ နာဖျားနေလျှင် ကျန်းမာရုံမျှကိုသာ တောင့်တ၏။

မရှိဆင်းရဲလျှင် ပစ္စည်း ဥစ္စာနှင့် ပြည့်စုံကြွယ်ဝရုံမျှကိုသာ တောင့်တ၏။

မျက်မှောက်တဘဝလုံး၌ မျှော်လင့်ဖွယ် မရှိလျှင် နောင် ဘဝ၌ ကောင်းစားခြင်းကို တောင့်တ၏။

လူ့ဘဝ၌ ဆင်းရဲသည်ဟုထင်လျှင် နတ်ဘဝ ဗြဟ္မာဘဝကို တောင့်တ၏။

ငြီးငွေ့လေ၏။ ဤငြီးငွေ့သောဉာဏ်သည် ကိလေသာအညစ်အကြေးမှ စင်ကြယ်ခြင်းငှါ အကြောင်းပေတည်း။

အလုံးစုံသော ရုပ်နာမ် သခါရတို့သည် ဆင်းရဲတို့တည်း, မကောင်းကုန်ဟူ၍။

အလုံးစုံသောရုပ်နာမ် သဘောတရားတို့သည် အစိုး ပိုင်သော ငါကောင်မဟုတ်၊ ငါကောင်မရှိကုန်ဟူ၍။

ဘယ, အာဒီနဝ, နိဗ္ဗိဒါဟူသော ဤဉာဏ်သုံးမျိုးသည် အနှစ်,အလတ်,အရင့်စားအားဖြင့် ၃ပါးကွဲပြားသည်။ သခါရတို့၏ အပြစ်ကို ထင်ရှားစွာ သိမြင်သော သဘော လက္ခဏာအားဖြင့်ကား တမျိုးတည်းသော ဉာဏ်သာတည်း။

ထို့ကြောင့်ပင် အချို့သောသူအား ဘယဉာဏ်ဖြစ်ပေါ်လျှင် မကြာမီ တခဏအတွင်းမှာသော်လဲ အာဒီနဝ နိဗ္ဗိဒါဉာဏ်များ ဆက်လက်၍ ဖြစ်ပေါ်တတ်ပေသည်။

ထို့ပြင် အထက်ဉာဏ်သို့ လျင်မြန်စွာတက်သွားသော အချို့ပုဂ္ဂိုလ်အား ဘယ အာဒီနဝ နိဗ္ဗိန္ဒ အခြင်းအရာတို့တွင် တပါးနှစ်ပါးမျှသာ ထင်ရှားသည်လဲရှိပေသည်။

ထို့ကြောင့် ရှေးဆရာတို့သည်ဆိုကုန်ပြီ၊ ဘယဉာဏ် တခုတည်းကပင်လျှင် အမည်သုံးမျိုးတို့ကို ရလေပြီ၊

အလုံးစုံသော သခါရတို့ကို ကြောက်ဖွယ်ဟု မြင်ပြီ၊

ဤအကြောင်းကြောင့် ဘယဉာဏ် မည်သည် ဖြစ်လေ၏။

ကြောက်ဖွယ်ဟု မြင်အပ်ပြီးသော ထိုသခါရတို့၌ပင်လျှင် အပြစ်ကို ထင်ရှားစေပြီ။

ဤအကြောင်းကြောင့် အာဒီနဝဉာဏ် မည်သည် ဖြစ်လေ၏။

ဤသို့သခါရတရားတို့ကို ငြီးငွေ့ဖွယ်,ပျင်းရိဖွယ်, မပျော်မွေ့ဖွယ် အဖြစ် ရှုမြင်သော ဉာဏ်သည် နိဗ္ဗိဒါနုပဿနာ ဉာဏ်မည်၏။

(၁) ဥပမာသော်ကား-စိတ္တကုဋ္ဌတောင်ခြေ၌ပျော်မွေ့သော ရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစက္ကားရွာတံခါးအနီးရှိရအိုင်ငယ်၌ မပျော်မွေ့ဘဲ အနဝတအိုင်စသည့် အိုင်ကြီး ၇အိုင်သာလျှင် ပျော်မွေ့သကဲ့သို့၊ ထို့အတူပင် ယောဂီတည်း ဟူသော ဟင်္သာမင်းသည် ကောင်းစွာ ထက်ဝန်းကျင်မြင်အပ် ပြီးသော အပြစ်ရှိသည့် မပြတ်ပျက်စီးတတ်သည့် သခါရတရား တို့၌ မပျော်မွေ့၊ ဘာဝနာ၌ ပျော်မွေ့ခြင်းနှင့် ပြည့်စုံသည့် အဖြစ်ကြောင့် အနုပဿနာ ၇ပါး တို့၌သာလျှင်ပျော်မွေ့၏။

(၂) တပါးသောဥပမာကား-ရွှေချိုင့်၌ လှောင်ထားသော ခြင်္သေ့မင်းသည် ထိုရွှေချိုင့်၌ မပျော်မွေ့ဘဲ ယူဇနာသုံးထောင်ကျယ်ဝန်းသည့် ဟိမဝန္တာတောင်သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင် ယောဂီတည်းဟူသောခြင်္သေ့မင်းသည် ကာမ,ရူပ, အရူပ ဟူသော သုဂတိသုံးပါး၌ မပျော်မွေ့ဘဲ အနုပဿနာသုံးပါးတို့၌သာလျှင် ပျော်မွေ့၏။

တစ်နည်းဥပမာကား ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌ မပျော်မွေ့၊ ဟိမဝန္တာတောဝယ် ဆဒ္ဒန်အိုင်တောအုပ်၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင်လျှင် ယောဂီတည်း။ ဆင်မင်းသည် သခါရအပေါင်း၌ မပျော်မွေ့ဘဲ "မဖြစ်ပေါ်ခြင်းသည် အေးငြိမ်းရာတည်း" ဤသို့စသည့် နည်းဖြင့် မြင်အပ်ပြီးသော ငြိမ်းအေးရာနိဗ္ဗာန်သာလျှင် ပျော်မွေ့၏။ ထိုနိဗ္ဗာန်သို့ညွတ်ကိုင်းရှိုင်းသော စိတ်ရှိသည်သာလျှင် ဖြစ်ပေ၏။

အပြစ်မြင်အပ်ပြီးသော ထိုသခ်ါရတို့၌ပင်လျှင် ငြီးငွေ့လျက် ဖြစ်လေပြီ။

ဤအကြောင်းကြောင့် နိဗ္ဗိဒါဉာဏ် မည်သည် ဖြစ်လေ၏။

ဤသို့ရှေးဆရာတို့က ဆိုကုန်ပြီ၊ ပဋိသန္ဓိဒါမင် ပါဠိတော်၌လဲ အကြင်ဘယဉာဏ်သည်၄င်း၊ အကြင်အာဒီနဝဉာဏ်သည်၄င်း၊ အကြင် နိဗ္ဗိဒါဉာဏ်သည်၄င်း ရှိ၏။ ထိုဉာဏ်တို့သည် တူသော သဘောတရားကိုယ် ရှိကုန်၏။ အမည်သဒ္ဒါမျှသည်သာလျှင် ထူးခြား၏။ ဤသို့ ဟောတော်မူအပ်၏

ဘယ, အာဒီနဝ, နိဗ္ဗိဒါဉာဏ်ပြီး၏။

××××××××××

(၄) နိဗ္ဗိဒါနုပဿနာ

နိဗ္ဗိဒါနုပဿနာ ဟူသည်မှာ အခန်း (၆)၌ အာဒီနဝဉာဏ်၏ အခြားမဲ့၌ ပြခဲ့ပြီးသော နိဗ္ဗိဒါဉာဏ်ပေတည်း။ ဘင်္ဂဉာဏ်၏ အစွမ်းဖြင့် မှတ်တိုင်းမှတ်တိုင်း အပျက်ကိုသာတွေ့ရ၍၊ ရုပ်နာမ်သခ်ါရတို့ကို ကြောက်ဖွယ် အပြစ်တင်ဘွယ်ဟု သိမြင်ပြီးသောအခါ၌ မှတ်တိုင်းမှတ်တိုင်း၊ "ကုန်ဆုံးသွားသည်, ပျက်သွားသည်"ဟု သိရသော ရုပ်နာမ် သခ်ါရတို့ကိုင်း၊ ဆင်ခြင်မိသော သခ်ါရအာရုံတို့ကိုင်း၊ ပျင်းရိငြီးငွေ့ဘွယ် ထင်မြင်လျက် ဤနိဗ္ဗိဒါနုပဿနာ ဖြစ်ပေါ်၏။

ဤအနုပဿနာဖြင့် မသိမြင်ပါက၊ ထိုသခ်ါရတို့ကို ပျော်မွေ့ဘွယ်ဟု ထင်မှတ်လျက် သပ္ပိတိကတဏှာ ဟူသော ပျော်မွေ့မှု ဖြစ်ပေါ်နိုင်၏။

ထိုပျော်မွေ့မှုကိုပင် မှီ၍ ကိလေသာနှင့် ကံတို့လဲ ဖြစ်နိုင်ကုန်၏။

ထိုကံ၏ အကျိုးဖြစ်သောဝိပါတ် ခန္ဓာတို့လဲ ဖြစ်နိုင်ကုန်၏။

ဤနုပဿနာဖြင့် "ပျင်းရိငြီးငွေ့ဘွယ်"ဟု ထင်မြင်သော သခ်ါတို့၌ကား ထိုပျော်မွေ့မှုမှ တဏှာစသည်တို့ မဖြစ်နိုင်ကုန်ပြီ။ ဤသို့ မဖြစ်နိုင်ခြင်းသည် နိဗ္ဗိဒါနုပဿနာက ပယ်ခြင်း ကင်းစေခြင်းကြောင့်ပင်တည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ "နိဗ္ဗိဒါနုပဿနံ ဘာဝေန္တော နန္ဒိံ ပဇဟတိ"ဟုမိန့်ဆိုပေသည်။

နိဗ္ဗိဒါနုပဿနာယ နန္ဒိတော-ဟူသော ဝိသုဒ္ဓိမဂ်၏ အဖွင့် မဟာဋီကာ၌လဲ အောက်ပါအတိုင်းဖွင့်ပြ၏။

နိဗ္ဗိဒါနုပဿနာယာတိ ဟူသည်ကား သခ်ါရတို့၌ ပျင်းရိငြီးငွေ့သော အခြင်းအရာအားဖြင့် ဖြစ်သော ရှုမြင်ခြင်းဖြင့် ဟူသည်ကား ပီတိနှင့်တကွဖြစ်သော တဏှာမှ အားရကျေနပ်လျက် ပျော်မွေ့မှုမှ စိတ်ကိုလွတ်မြောက်စေ၏။

(၄) နိဗ္ဗိဒါနုပဿနာ ပြီး၏။

×××××

နိဗ္ဗိဒါနုပဿနာဉာဏ်ကိုပြဆိုခြင်း

အလုံးစုံသောသခ်ါရတို့ကို အပြစ်အနေအားဖြင့် အာဒီနဝဉာဏ်ဖြင့် ရှုမြင်လျက်ရှိသော ယောဂီသည် အလုံးစုံသော ဘဝသုံးပါး, ယောနိလေးပါး, ဂတိငါးပါး, ဝိညာဏဌိတိ ၇ပါး, သတ္တာဝါသ ၉ပါးတို့၌တည်သော ခဏမစဲ မပြတ်ပျက်စီးတတ်သည့် သခ်ါရတရားအပါင်း၌ ငြီးငွေ့၏၊ ပျင်းရိ၏၊ မပျော်မွေ့။

အဘယ်ကြောင့်နည်း ဟူမူ. . . ယောနိဂတိစသော အမည်တို့မှာ ထိုဘဝသုံးမျိုး၏ ပရိယာယ် ဝေါဟာရ အမည်ထူးမျှသာ ဖြစ်သော ကြောင့်ပေတည်း။

တနေရာရာ၌ အပြစ်မြင်၍ မပျော်မမွေ့ ငြီးငွေ့ ပျင်းရိသော သူအား ထိုနေရာမှထွက်ခွါသွားလိုခြင်း, ထိုနေရာကို စွန့်လွှတ်လိုခြင်း ဖြစ်မြဲ ဓမ္မတာပေတည်း။

ထို့ကြောင့်မှတ်ရတဲ့ အာရုံသခ်ါရနှင့် မှတ်မှုဝိပဿနာသခ်ါရတို့၌ ကြောက်ဖွယ်ထင်လျက် အပြစ်မြင်ပြီး၍ ငြီးငွေ့မှုနိဗ္ဗိဒါဉာဏ် ထက်သန်စွာ ဖြစ်လျက်ရှိသော ယောဂီအား မှတ်ရတဲ့ အာရုံသခ်ါရ, မှတ်မှု ဝိပဿနာသခ်ါရတို့မှ၄င်း၊ ဆင်ခြင်မိသော ဘဝ ယောနိ ဂတိစသောသခ်ါရတို့မှ၄င်း၊ လွတ်မြောက်လိုခြင်းဆိုသခ်ါရတို့ကို စွန့်လွှတ်လိုခြင်းသဘောသည် မကြာမီပင်ဖြစ်ပေါ်၏။

ဤလွတ်မြောက်လို စွန့်လွှတ်လိုသော သဘောသည် မုဉ္စတုကမျတာဉာဏ်ပေတည်း။

ထိုအခါ၌ ယောဂီသည် သွားမှု ထိုင်မှု အိပ်မှု ကွေးမှု ဆန့်မှု စသော ကိုယ်အမူအရာ ဟူသမျှကိုင်၄း၊ မြင်မှု ကြားမှု ထိမှု ကြံစည်မှု ရှုမှတ်မှု စသော စိတ်အမူအရာ ဟူသမျှကိုင်၄း၊ လူ့အဖြစ်, နတ်အဖြစ်, ယောကျ်ားမိန်းမအဖြစ်, ငြဟ္မာအဖြစ်စသော ဘဝဟူသမျှကိုင်၄း၊ လွတ်ရာတခြားသို့ စွန့်သာစွန့်ပစ်လိုတော့၏။ ၄င်းတို့မှလွတ်ကင်းရာသို့သာ ရောက်လိုတော့၏။

ထို့ကြောင့်ပင်အချို့ပုဂ္ဂိုလ်သည် "နှလုံး မသွင်းဘဲ မမှတ်ဘဲ နေရတာကကောင်းမှာလေလား" ဟု ဆင်ခြင်မိတတ်ပေသည်။

ဘယညာဏ်တစ်ပါးတည်းက အမည်သုံးမျိုးရ

"ဘယတုပဋ္ဌာနဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်ဟူသော ဤဉာဏ်၃ပါးတို့သည် အနက်တရားကိုယ်တူပြီး သဒ္ဒါမျှသာထူး၏"ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောတော်မူ၏။

ရှေးဆရာတို့က -ဘယတုပဋ္ဌာနဉာဏ်တစ်ခုတည်းသာ အမည်၃မျိုးရ၏။

-သခ်ါရတရား အလုံးစုံကို ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်ဟုခေါ်၏။

-သခ်ါရအလုံးစုံ၌ မမြဲ,ဆင်းရဲ, ကြောက်ဖွယ်ဘေးစသည့် အပြစ်များရှိသည်ကို ရှုမြင်သောဉာဏ်သည် အာဒီနဝနုပဿနာဉာဏ် မည်၏။

-သခ်ါရအလုံးစုံကို ငြီးငွေ့ဖွယ်,ပျင်းရိဖွယ်, မပျော်မွေ့ဖွယ် အဖြစ် ရှုမြင်သော ဉာဏ်သည် နိဗ္ဗိဒါနုပဿနာ ဉာဏ်မည်၏။

မဟာစည်ဆရာတော်ဘုရားကြီး၏
ဝိပဿနာ ရှုနည်းကျမ်း (ဒုတိယတွဲမှ)
မုဉ္စိတုကမျတာ, ပဋိသခ်ါ, သခ်ါရုပေက္ခာဉာဏ်
"နိဗ္ဗိဒါဉာဏ်မှ မုဉ္စိတုကမျတာဉာဏ်သို့ကူးပြောင်းပုံ"

ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့ပျင်းရိမပျော်မွေ့သော ဤအမျိုးသားအမျိုးသမီးအား အလုံးစုံသောဘဝ ၃ပါး, ယောနိ၄ပါး, ဂတိ၅ပါး, ဝိညာဏဋ္ဌိတိ၇ပါး, သတ္တာဝါသ၉ပါး၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့် သခ်ါရများစွာတို့တွင် တစ်ခုသောသခ်ါရ၌ သော်လဲ စိတ်သည် မကပ်မငြိမတွယ်၊

သခ်ၤရအလုံးစုံမ့လွတ်လို၏။

ရှောင်ခွာထွက်သွားလို၏။

ထိုအခါ၌ သခ်ၤရအလုံးစုံတို့၌ ဤဆိုခဲ့သောနည်းဖြင့် တွယ်တာမှုကင်းလျက်၊

သခ်ၤရအလုံးစုံမ့ ဤဆိုခဲ့သောနည်းဖြင့် လွတ်လိုသော ဤအမျိုးသား အမျိုးသမီးအား မုဉ္စိတုကမ္မတာဉာဏ် ဖြစ်ပေါ်၏။

ဘဝသုံးပါးဟူသည်ကား ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ တို့ပေတည်း။

ယောနိလေးပါးဟူသည်ကား အဏ္ဍဇဉာဉမ့ ပေါက်ဖွားသော သတ္တဝါမျိုး၊ သူငယ်အိမ်မ့ပေါက်ဖွားသော သတ္တဝါမျိုး၊ အညိုမ့ဖြစ်ပွားသော သတ္တဝါမျိုး၊ အနီးဥ၌ရုတ်တရက် ကျလာသကဲ့သို့ ကိုယ်ထင်ရှား အပြည့်အစုံ ဘွားကနဲဖြစ်ပေါ်သော သတ္တဝါမျိုး၊ ဤလေးမျိုးတို့ ပေတည်း။

ဂတိငါးပါးဟူသည်ကား ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဤငါးမျိုးတို့ပေတည်း။

ဝိညာဏ်ဌိတိ(၇)ပါးဟူသည်ကား လူတို့သည်၄င်း, ကာမာဝစရ နတ်တို့သည်၄င်း, အချင်းချင်းကိုယ်ကာယအားဖြင့်လဲ ထူးခြားကုန်၏။ပဋိသန္ဓေ သညာအားဖြင့်လည်း ထူးခြားကုန်၏၊ လူအချင်းချင်း နတ်အချင်းချင်း မတူကျကုန်။ထို့ကြောင့် နာနတ္တသညီမည်ကုန်၏။

(၁) ပဌမစျာန် ဗြဟ္မာတို့သည်၄င်း, အပါယ်သတ္တဝါတို့သည်၄င်း, အချင်းချင်း ကိုယ်ထူးခြား၍ သညာတူသောကြောင့် နာနတကာယ ဧကတ္တသညီ မည်ကုန်၏။

(၂) ဒုတိယစျာန် ဗြဟ္မာတို့သည် အချင်းချင်းကိုယ်တူ၍ သညာထူးခြားသောကြောင့် ဧကတကာယ နာနတ္တသညီ မည်ကုန်၏။

(၃) တတိယစျာန် ဗြဟ္မာတို့သည်၄င်း, ဝေဟပ္ဖိုလ်ဗြဟ္မာတို့သည်၄င်း, အချင်းချင်းကိုယ်, သညာ, နှစ်မျိုးလုံးတူသောကြောင့် ဧကတကာယ ဧကတ္တသညီ မည်ကုန်၏။

(၄) သုဒ္ဓါဝါသဗြဟ္မာတို့လဲ ဤစတုတ္ထ-ဝိညာဏဌိတိ၌ ဝင်သင့်ကုန်၏။ အာကာသာနဉ္စာယတနဗြဟ္မာတို့သည် အာကာသာနဉ္စာ ယတနသညီ မည်ကုန်၏။

(၅) ဝိညာဏဉ္စာယတနဗြဟ္မာတို့သည် ဝိညာဏဉ္စာယတန သညီ မည်ကုန်၏။

(၆) ဝိညာဏဉ္စာယတန ဗြဟ္မာတို့သည် အာကိဉ္စာညာယတန သညီ မည်ကုန်၏။

(၇) အာကိဉ္စာညာယတနတို့သည် အာကိဉ္စာညာယတန သညီ မည်ကုန်၏။

ဤ(၇)ပါးတို့ပေတည်း။ ၄င်း(၇)ပါးတို့၌ အသညသတ်နှင့် နေဝသညာတို့ကို ထည့်လျှင် သတ္တဝါတို့၏နေရာ သတ္တဝါသ (၉)ပါး ဖြစ်ကုန်၏။

ယောဂီပုဂ္ဂိုလ်၏ အသိဉာဏ်သည်ကား လေ့လာမှတ်သား နာကြားဘူးသမျှ၌သာ ဆင်ခြင်လျက် ကျက်စားနိုင်ပေသည်၊ မမှတ်သားဘူးသော အမည်ဖြင့်ကား ကိလေသာလည်းမဖြစ်နိုင်၊ ဉာဏ်လည်း မဖြစ်နိုင်သည်သာတည်း။

သို့သော်လဲ အယုတ်ဆုံးအားဖြင့် ဘဝသုံးမျိုး၌ငြိုးငွေ့မှုဉာဏ်ဖြစ်လျှင်ပင် ဝိပဿနာ ပြည့်စုံတော့သည်သာတည်း။

(၆) ရံခါ၌ဝိပရိဏာမဓမ္မ= ပကတိ ပင်ကိုရင်းအတိုင်း မတည်ဘဲ အိုလျက် သေလျက် ပြောင်းလဲဖောက်ပြန်တတ်သည်= ဖြစ်စကနှင့် မတူဘဲ ရင့်ရော်ပျက်စီးလျက် ပြောင်းလဲ ဖောက်ပြန်သွားသည်ဟု သိ၏။

(၇) ရံခါ၌အသာရက= ခိုင်မာတဲ့အနှစ်မရှိဟု သိ၏။

(၈) ရံခါ၌ဝိဘဝ = စည်ပင် ကြီးပွားခြင်းမရှိဟုသိ၏ (အဓိပ္ပါယ်ကား။ ။ ။ သန္တတိယန မကွဲမိက "သစ်စေ့မှအပင်၊ ယင်းအပင်မှ အညွှန့် အရွက် အခက်များဖြစ်လျက် တစ်ခုတည်း အနေဖြင့် စည်ပင်ကြီးပွားသလိုပင် ဤကိုယ်နှင့် ဤစိတ်သည် ငယ်ငယ်ကလေး ဘဝထဲက ရှိခဲ့သည်။ တဖြေးဖြေး စည်ပင် ကြီးပွားလျက် ယခုထက်တိုင် တည်မြဲ တည်ရှိနေသည်" ဟုထင်ခဲ့၏။ သန္တတိယန ကွဲပြီးသော ယခုမူကား ထိုကဲ့သို့ မထင်တော့ပြီ၊ ရှေးရှေးကိုယ်စိတ် အမူအရာကတခြား၊ နောက်နောက်အမူအရာကတခြား ရှေးရှေး အမူအရာသည် နောက်နောက်အမူအရာ အဖြစ်သို့ မရောက်ဘဲ ကုန်ပျက် ကုန်ပျက်သွားသည်။ နောက်နောက် အမူအရာလည်း ရှေးရှေး အမူအရာထဲမှ ထွက်ပေါ်လာသည်မဟုတ်၊ တခုခုသော ရုပ်နာမ်ကပင် တခြားတပါးသော ရုပ်နာမ်ဖြစ်လျက် စည်ပင်ကြီးပွားခြင်း မရှိဟု သိမြင်၏။ ဤသို့သိပုံကိုသာ ဆိုလို ပေသည်။ အကြောင်း ရုပ်နာမ်ကြောင့် အကျိုး ရုပ်နာမ် မဖြစ်ပွား ဟူ၍ကား မဆိုလိုပေ။

(၉) ရံခါ၌သန်တ = ကံ စိတ် ဥတု အာဟာရစသော ဆိုင်ရာ အကြောင်းများက ညီညွတ်၍ပြုအပ်သည် = အကြောင်းညီညွတ်၍ ဖြစ်ပေါ်သည်ဟု သိ၏။

(၁၀)တရံတခါမှတ်ချက်၌မရဏာဓမ္မ= သေတတ်ပျက်တတ်သည်ဟု သိမြင် သဘောကျ၏။

ထိုသို့ ဆင်ခြင်မိတဲ့အတိုင်းလဲ မမှတ်တော့ဘဲ ရပ်နားနေမိတတ်ပေသည်။

ပဋိသန္ဓေဉာဏ်
မူဋ္ဌိတုကမျတာဉာဏ်မှ ပဋိသန္ဓေဉာဏ်သို့ကူးပြောင်းပုံ

အလုံးစုံသော ဘဝ ယောနိ ဂတိ ဌိတိ သတ္တဝါသတို့၌ တည်ကုန်သော ပျက်စီးခြင်းရှိသည့်သဒ္ဓါရတို့မှ ဤသို့ဆိုခဲ့သောအတိုင်းပင် လွတ်မြောက်လိုသော ထိုအမျိုးသား အမျိုးသမီး ယောဂီသည် သဒ္ဓါရ အလုံးစုံမှ လွတ်မြောက်ရန် မှတ်သိအပ်ပြီးသော ထိုသဒ္ဓါရမျိုးတို့ကိုပင်လျှင် တဖန်ရှုမူ= ပဋိသန္ဓေဉာဏ်ဖြင့် လက္ခဏာခုပါးကို တင်၍ တဖန်သိမ်းဆည်းရှုမှတ်၏။

သဒ္ဓါရတရားတို့၌ နိစ္စ သုခ အတ္တ ဟုစွဲလမ်းမှု လုံးဝကင်းလျှင် သဒ္ဓါရငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် ဆိုက်ရောက်၏။ ထိုသို့သော ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန် မပြုရသေးမီ၌လဲ ထိုသဒ္ဓါရတို့နှင့် စပ်၍ စိုးရိမ်ကြောင့်ကြခြင်း, စိတ်ဆင်းရဲခြင်း မရှိပြီဖြစ်၍၊ ထိုသဒ္ဓါရတို့မှ လွတ်လဲလွတ်မြောက်၏။ ပရိနိဗ္ဗာန်စံပြီးသောအခါ၌ ထိုသဒ္ဓါရတို့မှ လွတ်မြောက်သည်မှာကား ဆိုဘွယ်ပင်မရှိပြီ။

ထို့ကြောင့် သဒ္ဓါရတို့မှလွတ်လိုလျှင် တခြားတစ်ပါးသို့ ပြုရန်မလို၊ ထိုသဒ္ဓါရတို့ကိုပင် အနိစ္စ ဒုက္ခ အနတ္တဟု နှိုင်နင်းစွာ သိမြင်၍ လျစ်လျူရှုနိုင်အောင် မှတ်မြဲပင် မပြတ်မှတ်ဘို့သာ လိုပေသည်။

သို့ဖြစ်၍ မူဋ္ဌိတုကမျာဉာဏ်၏ အစွမ်းကြောင့် သဒ္ဓါရတို့မှ လွတ်လိုသော ယောဂီသည် ဖြစ်ပျက်တိုင်းသော ထိုသဒ္ဓါရတို့ကိုပင်

တစ်ဖန်ဆက်၍ မှတ်မြဲမှတ်ရပေသည်။

ဤသို့တဖန်မှတ်သောအခါ၌ အနိစ္စအခြင်းအရာ (၁၀)ပါး၊ ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တအခြင်းအရာ(၅)ပါး၊ ဤအခြင်းအရာ(၄၀)တို့တွင် တပါးပါးကို မှတ်ချက်တိုင်း၌ ထိုက်သည် အားလျော်စွာ ထင်ရှားသိလျက်ရှိ၏။

အကျဉ်းအားဖြင့်အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာဟူသော ဤလက္ခဏာ၃ပါးတို့တွင်ထိုက်သည် အားလျော်စွာ တပါးပါးကိုမှတ်ရှုတိုင်း၌ ထင်ရှားသိလျက်ရှိ၏။ ဤအသိအမြင်သည် တဖန်ရှုမူ၊ တဖန်သိမြင်မှုဖြစ်သောကြောင့် ပဋိသန္ဓိဉာဏ် မည်၏။

အနိစ္စ အခြင်းအရာများ

ယောဂီသည် တရံတခါမှတ်ချက်၌ ရုပ်နာမ် သင်္ခါရတို့ကို

(က)အနိစ္စန္တိက=အဆုံးကိုမလွန်နိုင်ခြင်း= ဆုံးသွားတာချည်းဘဲ= ကုန်သွားတာချည်းဘဲဟူ၍ သိမြင်သဘောကျ၏

(ခ) တရံတခါ၌ တာဝကာ-လိက= အခိုက်အတန့်မျှတည်တာဘဲ= တခဏကလေး တည်တာဘဲဟူ၍ သိမြင်သဘောကျ၏။

(ဂ) တရံတခါ၌ ဥဒယဝယ-ပရိစ္ဆိန္နန= ဖြစ်မှုပျက်မှုဖြင့် ပိုင်းခြားအပ်သည်= အစနှင့်အဆုံး ဤနှစ်ခုတို့၏အကြားမှာဘိရှိသည်= ပေါ်ပြီးတော့ပျောက်သွားသည်= မဖြစ်မီကလဲမရှိသေး, ပျက်သွားတဲ့နောက်မှာလဲ မရှိ တော့ဘူး, သူတို့နှစ်ခု၏ အလယ်မှာသာ ရှိသည် ဟူ၍ သိမြင်သဘောကျ၏။

အနိစ္စတော–၁၀ချက်

(၁) ရံခါ၌အနိစ္စ = မမြဲဟုသိ၏။

(၂) ရံခါ၌ပလောက= အိုရ နာရ သေရန္နင့် အကြီးအကျယ်ပျက်စီးတတ်သည်ဟုသိ၏။ သဲကမ်းပါးများပြို၍ ပြို၍ သွားသကဲ့သို့၄င်း, စက္ကူကိုဆုတ်ပစ်သောအခါ၌ ထင်ရှားစွာ စုတ်ပြတ်၍ စုတ်ပြတ်၍ သွားသကဲ့သို့၄င်း, မီးကိုရေဖြင့် ငြိမ်းသတ်သောအခါ၌ ဟုန်းကနဲ ဟုန်းကနဲ ငြိမ်းငြိမ်းသွားသကဲ့ သို့၄င်း, မီးခိုးကို လေတိုက်သောအခါ၌ လွင့်၍ လွင့်၍ ပျောက်ပျက်သွားသကဲ့သို့၄င်း, မှတ်ခိုက်မှတ်ခိုက်မှာပင် မှတ်ရတဲ့အာရုံ၏ အကြီးအကျယ် ပျက်စီးခြင်းကို သိမြင်ခြင်းသည်လည်း ဤပလောကာ နုပဿနာ၌ ဝင်သင့်၏။

(၃) ရံခါ၌စလ = အိုလိုက် နာလိုက် သေလိုက်နဲ့ မတည်တံ့ဘဲ တလှုပ်ထဲ လှုပ်ရှားနေသည်ဟုသိ၏။ ပေါ်လိုက် ပျောက်လိုက်နဲ့ တပျက်ထဲ ပျက်နေသည်ကိုသာ မှတ်ချက်တိုင်း၌ တွေ့ရ၍ "ဘာမျှမခိုင်ခံ့ မတည်တံ့ပါတကား၊ တလှုပ်ထဲ လှုပ်ရှားနေတာချည်းပါတကား"ဟု သိမြင်ခြင်းကိုလဲ စလာနုပဿနာပင်ဟူ၍ ဆိုသင့်၏။

(၄) ရံခါ၌ပဘင်္ဂ = အလွန်ပျက်လွယ်သည်= မမှတ်မိကပင် ပျောက်ပျောက်သွားနှင့်သည်ဟု သိ၏။

(၅) ရံခါ၌အဒ္ဓုဝ = ဘယ်အချိန်မဆို ပျက်တတ်၍ မခိုင်မြဲဘူးဟု သိ၏။

(၁၂) ရံခါ၌အတာဏာ = ဆင်းရဲဘေးရန်မရောက်အောင် မစောင့်ရှောက် မကာကွယ်တတ်ဟုသိ၏။

(၁၃) ရံခါ၌အလေဏာ= ဆင်းရဲဘေးရန်မှ ပုန်းအောင်းရာ မဟုတ်ဟုသိ၏။

(၁၄) ရံခါ၌အသရဏာ = ဆင်းရဲဘေးရန်ကို မပယ် မသတ်တတ်သောကြောင့် အားထားကိုးကွယ်ရာ မဟုတ်ဟုသိ၏။

(ဘယ်လောက်မွန်မြတ်တဲ့ ရူပနာမ်ဖြစ်စေကာမူ ဆင်းရဲဘေးရန်တို့ကို မငြိမ်းစေနိုင်၊ ထို့ကြောင့် ရူပနာမ်သခ်ါရ ဟူသမျှသည် တာဏ, လေဏ, သရဏမဟုတ်၊ ဆင်းရဲဘေးရန် ကင်းလိုသောသူကို စောင့်လည်း မစောင့်ရှောက်တတ်၊ဆင်းရဲဘေးရန် ကင်းလိုသောသူအား လုံခြုံစေသော ပုန်းအောင်းရာလည်းမဟုတ်၊ အားကိုးရလည်းမဟုတ်ဟု ဆိုလို၏။)

(၁၅) ရံခါ၌အာဒီနဝ= မပြတ်ဖြစ်ပေါ်နေသော ဆင်းရဲမျှသာဖြစ်သောကြောင့် အပြစ်အစုမျှသာ၊ မမြဲဆင်းရဲ ဖောက်ပြန်တတ်သောကြောင့် အပြစ်ရှိသည်၊ အလွန်နုံချာ နုတ်စုတ်သည်ဟု သိ၏။

(၁၆) ရံခါ၌ဝဓက = သူတို့ပျက်တိုင်း သေနိုင်သောကြောင့် သူသတ်သမားတွေဘဲဟု သိ၏။

(၁၇)ရံခါ၌သာသဝ=အာသဝေါတို့၏ အာရုံအထောက်အပံ့ဟုသိ၏။

(၁၈)ရံခါ၌မာရာမိသ= သေခြင်းတရား၏ သတ်စရာဘဲ, ကိလေသာ၏ အစာဘဲဟု သိ၏။

(၁၉) ရံခါ၌ဇာတိဓမ္မ= ဖြစ်ခြင်းသဘောရှိသည်, ဖြစ်တတ်သည်ဟု သိ၏။

(၂၀) ရံခါ၌ဇရာဓမ္မ = အိုရင့်ဆွေးမြည့်တတ်သည်ဟု သိ၏။

ဤသည်တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော အနိစ္စအခြင်းအရာ (၁၀)ပါးတို့ပေတည်း။

ထိုတွင် အနိစ္စတော ၁၀-ပုဒ်တို့သည်သာလျှင် ပဋိသန္ဓိဒါမဂ်၌ အနိစ္စအခြင်းအရာအဖြစ်ဖြင့် အစဉ်အတိုင်း ဟောအပ်သော ပုဒ်တို့ပေတည်း။ (က-ခ-ဂ) အမှတ်တို့ဖြင့် ပြထားသော အစသုံးပုဒ်သည်ကား အဌကထာ၌ ပြအပ်သော ပုဒ်များပေတည်း။ ထိုသုံးပုဒ်ကို အနိစ္စပုဒ်၌ ထည့်သွင်း၍ အနိစ္စအခြင်းအရာ (၁၀)ပါးကို ရေတွက်မှတ်သားအပ်၏။ ဒုက္ခ အနတ္တ အခြင်းအရာတို့၌လဲ အစအစသုံးပုဒ်ကို နည်းတူပင် သိပါလေ။

ဒုက္ခအခြင်းအရာများ

ယောဂီသည် တရံတခါမှတ်ချက်၌ ရူပနာမ် သခ်ါရတို့ကို

(က)အဘိဏှ သမွဋ္ဌိပီဠန = ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်နေသည်= ဖြစ်လိုက် ပျက်လိုက်နဲ့မပြတ် နှိပ်စက်နေသည်ဟု သိမြင်သဘောကျ၏။

(ခ) ရံခါ၌ဒုက္ခမ = မခံသာဘူးဟုသိ၏။

(ဂ) ရံခါ၌ဒုက္ခဝတ္ထု =ဆင်းရဲအမျိုးမျိုး၏တည်ရာ ဖြစ်ပေါ်ရာဘဲဟု သိ၏။

ဒုက္ခတော (၂၅) ချက်

(၁) ရံခါ၌ဒုက္ခ = ဆင်းရဲဟုသိ၏၊ မကောင်းဘူးဟုသိ၏။

(၂) ရံခါ၌ရောဂ =အမြစ်ပျက်မပျောက်နိုင်ဘဲ တရှောင်ရှောင် ဖြစ်နေတဲ့ ရောဂါနှင့်တူသည်ဟု သိ၏။ မူလရင်းရောဂါနှင့်တူသည်ဟုသိ၏။

(၃) ရံခါ၌ဂဏ္ဍ = အဖူးအလုံး ပေါက်လာသော အနာစိမ်းနှင့် တူသည်ဟု သိ၏။ (မခံသာခြင်း မမြဲခြင်း ဖောက်ပြန်ခြင်းဟူသော နာကျင် ကိုက်ခဲမှုနှင့် ယှဉ်တွဲနေသောကြောင့်လဲ အနာစိမ်းနှင့် တူသည်၊ မှတ်သိရတဲ့ ရူပနာမ်သည် ဖြစ်ပေါ်ပြီးလျှင် ခဏမျှသာ တည်၍ ပျက်သွားသောကြောင့်လဲ အဖူးအလုံးပေါ်ပြီးလျှင် မဲ့ရင်း၍ပြည်ပေါက်သွားတဲ့အနာနှင့် တူသည်၊ သနံရည် ပြည်ပုပ်နှင့် တူသောကိလေသာတို့ကို ယိုထွက်ဖြစ်ပွားစေတတ်သောကြောင့်လဲ အနာနှင့်တူသည်ဟူလို)။

(၄) ရံခါ၌သလ္လ = စူးဝင်နေတဲ့မြားငြောင့်နှင့်တူသည် သိ၏။ (မခံသာအောင်နှိပ်စက်တတ်သောကြောင့်၄င်း၊ ကိုယ်ထဲ စိတ်ထဲမှာ အတွင်းဝင်လျက် ထိုးစွနှိပ်စက်တတ်သောကြောင့်၄င်း၊ ပယ်နုတ်ပစ်ရန် ခဲယဉ်းသောကြောင့်၄င်း၊ စူးဝင်နေတဲ့ မြားငြောင့်နှင့် တူသည် ဟူလို)။

(၅) ရံခါ၌အဃ =မကောင်းမှုလိုပင် မကောင်းတဲ့တရားဟု သိ၏။ (အရိယာတို့ ကဲ့ရဲ့အပ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည်၊ အကျိုးစီးပွားမဲ့ကို ဖြစ်စေတတ်သောကြောင့်လဲ မကောင်းမှုနှင့် မကောင်းမှုအမျိုးမျိုး၏ ဖြစ်ရာတည်ရာ ဖြစ်သောကြောင့်လဲ မကောင်းမှုနှင့် တူသည်ဟူလို။)

(၆) ရံခါ၌အဃမူလ= မကောင်းမှုအမျိုးမျိုး၏ အကြောင်း ရင်းဘဲဟု သိ၏။

(၇) ရံခါ၌အာဗာဓ= အနာရောဂါနှင့်တူသည်၊ အနာရောဂါ အစုအဝေးကြီးဘဲဟုသိ၏ (ကိုယ့်အလိုအတိုင်း လွတ်လပ်ခွင့်

မရအောင် နှိပ်စက်တတ်သောကြောင့်၄င်း၊ နာဖျား မကျန်းမာမှု အမျိုးမျိုးကို ဖြစ်စေ တတ်တဲ့ အနီးဆုံးအကြောင်း ဖြစ်သောကြောင့် ၄င်း၊ အနာရောဂါနှင့် တူသည် ဟူလို)။

(၈) ရံခါ၌ဤတိ = ညာတိဗျတန စသောပျက်စီးခြင်း များစွာတို့ကို ဖြစ်စေတတ်သောကြောင့် ဆိုက်ရောက်လာတဲ့ ဘေးရန်နှင့် တူသည်ဟု သိ၏၊

(၉) ရံခါ၌ဥပဒ္ဒဝ = ကြီးမားစွာသော အကျိုးမဲ့တို့ကို အသိ မပေးဘဲ ဖြစ်စေတတ်သောကြောင့် ရုတ်တရက်ကပ်ရောက်၍ နှိပ်စက်မှု ဥပဒ္ဒဝေါနှင့် တူသည်။ မင်းဒဏ်စသည်တို့၏တည်ရာ ဖြစ်သောကြောင့် မင်းစသော လူနိုင်တို့၏ ညှဉ်းဆဲမှု ဥပဒ္ဒဝေါနှင့် တူသည်ဟုသိ၏။

(၁၀) ရံခါ၌ဘယ =ကြောက်စရာကောင်းသည်ဟု သိ၏။ (ကြောက်ဖွယ်ဘေး အမျိုးမျိုးတို့၏ ဖြစ်ပွားရာ ဘေးတွင်းနှင့် တူသောကြောင့်၄င်း၊ ဆင်းရဲဒြိမ်းရာဖြစ်၍ သက်သာရာအစစ်ဖြစ်သော နိဗ္ဗာန်မှပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်၄င်း၊ ကြောက်စရာ ကောင်းသည်ဟူလို။)

(၁၁) ရံခါ၌ဥပသဂ္ဂ= ဆွေမျိုးတို့ ပျက်စီးခြင်းစသော ပြင်ပက အကျိုးမဲ့, ရောဂါဆိုးစသော အတွင်းက အကြွင်းမဲ့တို့နှင့် ပူးတွဲနေသည်, စပ်ဆိုင်နေသည်၊ ရာဂစသော အပြစ်တို့နှင့် ပူးတွဲနေသည်၊ ရက္ခိုသ်ဘီလူးမ ဥစ္စာစောင့်မစသော နတ်ဆိုးများ၏ ဖြားယောင်းမှုကြောင့် ဖြစ်သော အကျိုးမဲ့လိုပင် လက်ခံချင်ဘွယ် မကောင်းတဲ့အတွက် အမှောင့်ပယောဂ ပူးကပ်နှိပ်စက်မှုနှင့် တူသည်ဟုသိ၏။

ထင်ပေါ်တတ်ကုန်၏။ အထက်မဂ်တို့၏ ဝိပဿနာအရာ၌ သာ၍ များစွာ, သန့်ရှင်းစွာ ထင်ပေါ်တတ်ကုန်၏။ သို့သော်လဲ, "ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓေနိစ္စံနိဗ္ဗာနန္တိပဿန္တော သမ္မတ္တနိယာမံဩက္ကမတိ"ဤသို့ စသော ပဋိသမ္ဘိဒ်မဂ်နှင့် အညီ "ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် အခြင်းအရာ တခုခုကို သာလျှင် ကောင်းစွာ မြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ်ဖြစ်ပေါ်မြဲ ဖြစ်သောကြောင့်" "အခြင်းအရာတခုခုကို ကောင်းစွာသိမြင် သဘောကျ လျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် ဝိပဿနာဉာဏ်ပြည့်စုံပြီ"ဟု ယုံကြည် စိတ်ချအပ်တော့သည်သာတည်း။

ဤပဋိသခ်ီဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တခဏ အတွင်း၌ပင် ရင့်သန်တတ်၏။

အချို့မှာကား တနေ့ခန့်ဖြစ်စေ, တည့်ခန့်ဖြစ်စေ, တရက်ခန့် ဖြစ်စေ, ၂-ရက် ၃-ရက်ခန့်ဖြစ်စေ, ကြာမြင့်မှ ရင့်သန်တတ်လေသည်။

ဤဉာဏ်ဖြစ်ပေါ်စ မရင့်သေးမီ၌ အဘိဏှသမ္မဒ္ဓိပီဠနတော ဒုက္ခမတော စသည်တို့နှင့်အညီ သခ်ါရတို့၏ သာယာဘွယ်မရှိသည့်, မခံသာသည့် သဘောတို့ကို အထူးထင်ရှားစွာ တွေ့ရခြင်းကြောင့်ဂ်င်း၊ သခ်ါရုပေက္ခာကဲ့သို့ ညီမျှစွာ မရှုနိုင်သေးသောကြောင့်ဂ်င်း၊ မှတ်သိမှုက ကောင်းနေပါလျက် 'မကောင်းဘူး' ဟူ၍သာ ထင်တတ်၏။ အားမရနိုင်ဘဲ ရှိတတ်၏။

ဤဉာဏ်ရင့်သောအခါ၌ကား မှတ်သိမှု အထူးကောင်းလာသည်ဟု ထင်ရ၏။

ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသနှင့် ရောသောဉာဏ်, ဥပက္ကိလေသ မှလွတ်သော ဉာဏ်အားဖြင့် ၂-ပိုင်း ကွဲသကဲ့သို့ ဤပဋိ

(၂၁) ရုံခါဒ္ဒဗျာဓိဓမ္မ = နာဖျားတတ်သည်ဟု သိ၏။

(၂၂)ရုံခါဒ္ဒသောကဓမ္မ= စိုးရိမ်ပူဆွေးခြင်းကိုဖြစ်စေတတ်သည်, စိုးရိမ် ပူဆွေးစရာဘဲဟု သိ၏။

(၂၃)ရုံခါဒ္ဒပရိဒေဝဓမ္မ= ငိုကြွေးခြင်းကိုဖြစ်စေတတ်သည်, ငိုကြွေးစရာ ဘဲဟု သိ၏။

(၂၄)ရုံခါဒ္ဒဥပါယာသဓမ္မ= ပြင်းစွာပူပန်ခြင်းကို ဖြစ်စေတတ်သည်, ပြင်းစွာပူပန်စရာဘဲဟု သိ၏။

(၂၅)ရုံခါဒ္ဒသံကိလေသိကဓမ္မ= ပူပန်စေတတ်တဲ့ ကိလေသာတို့၏ စွဲမှီရာ အာရုံဘဲ, စိတ်အညစ်အကြေးတို့၏ လူးလဲရာဘဲဟု သိမြင် သဘောကျ၏။

ဤသည်တို့ကား ထိုက်သည်အားလျော်စွာ သိမြင်အပ်သော ဒုက္ခအခြင်းအရာ ၂၅-ပါးတို့ပေတည်း။

အထူးမှတ်ဘွယ်ကား-

အောက် သမ္မသနဉာဏ် ဖြစ်ခိုက်၌ငင်း, ဤပဋိသခ်ါဉာဏ် နုစဉ်၌ငင်း, ကြီးမားထင်ရှားစွာ ဖြစ်ပေါ်လာသော မခံသာမှု အမျိုးမျိုးကို မျက်မှောက်တွေ့ရ၍ "ဒုက္ခမတော ဒုက္ခဝတ္ထုတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော" စသည်တို့နှင့်အညီ ယောဂီသည် ဒုက္ခအခြင်းအရာ များစွာ တို့ကို သိမြင်သဘောကျတတ်ပေ၏။

ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ်၌ သမ္မသနဉာဏ်, ပဋိသခ်ါဉာဏ် ဟူသော ဤနှစ်ဌာနမှာ ဤအခြင်းအရာတို့ကို အကျယ်ပြ ဆိုသည်ဟု ယူသင့်၏။

အထူးကား သမ္မသနအရာ၌ တမျိုးတည်းသော ဒုက္ခဝေဒနာ များကို

အပိုင်းအပိုင်း ဖြတ်၍မသိနိုင်၊ ဤဉာဏ်အရာ၌မူ မှတ်တိုင်း မှတ်တိုင်း အပိုင်းအပိုင်း ဖြတ်၍သိ၏၊ ဤကားအထူးတည်း။

အနတ္တ အခြင်းအရာများ

ယောဂီသည် တရံတခါမှတ်ချက်၌ ရုပ်နာမ် သခ်ါရတို့ကို

(က) အဿမိက =ပိုင်ရှင်မရှိတဲ့ သဘောတရားမျှဘဲဟု သိမြင် သဘောကျ၏။

(ခ) ရံခါ၌အနိဿရ =အစိုးရသူမဟုတ်တဲ့ သဘောတရားမျှဘဲ, အစိုးမရဘူးဟု သိ၏။

(ဂ)ရံခါ၌အ-ဝသဝတ္တိ =အလိုအတိုင်းမဖြစ်တဲ့ သဘောတရားမျှဘဲ, အလိုအတိုင်းမဖြစ်စေနိုင်တဲ့ သဘောတရားမျှဘဲဟု သိ၏။

အနတ္တတော (၅) ချက်

(၁) ရံခါ၌အနတ္တ = အစိုးပိုင်တဲ့ငါကောင်မဟုတ်, အမြဲတည်နေနိုင်တဲ့ ငါကောင်မဟုတ်, သွားခြင်းမြင်ခြင်းစသည်ကို ပြုလုပ်နိုင်တဲ့ ငါကောင်မဟုတ်, ခံစားတတ်တဲ့ငါကောင်မဟုတ်, မည်သို့ဖြစ်စေဟု စီမံခန့်ခွဲနိုင်တဲ့ငါကောင်မဟုတ်, အလိုအတိုင်းပြီးစေနိုင်တဲ့ ငါကောင်မဟုတ်သဘောတရားမျှသာဟု သိ၏။

(၂) ရံခါ၌ပရ = ကိုယ့်အလိုအတိုင်းလဲမဖြစ်, မအို, မသေပါစေလင့်ဟု စီမံခန့်ခွဲ၍လဲမရသောကြောင့် သူစိမ်းပြင်ပတရား ဘဲဟု သိ၏။

(၃) ရံခါ၌ရိတ္တ= ခိုင်မြဲခြင်းလဲမရှိ, ချမ်းသာခြင်းလဲမရှိ,

တင့်တယ်ခြင်းလဲမရှိ, ငါကောင်၏အဖြစ်လဲမရှိသောကြောင့် အချည်းနှီး သဘောတရားမျှဘဲဟု သိ၏။

(၄)ရံခါ၌တုစ္ဆ =ဘာအကောင်အထည် ဒြပ်မျှမဟုတ် သေးနုတ်သော သဘောမျှသာဖြစ်၍, အသုံးမကျတဲ့ အလကား တရားဘဲဟု သိ၏။

(၅) ရံခါ၌သုည= ငါကောင်မှကင်းဆိတ်သည်ဟု သိ၏။

("အတ္တ-ဟူသည်မှာ ခန္ဓာအိမ်၏ ပိုင်ရှင်ဘဲ၊ ခန္ဓာအိမ်ထဲမှာ အမြဲတည်ရှိနေသူဘဲ၊ သွားမှုမြင်မှု စသည်ကိုပြုတတ် ပြီးစေတတ်သူဘဲ၊ အကောင်းအဆိုးကို ခံစားတတ်သူဘဲ၊ မည်သို့ဖြစ်စေဟု စီမံခန့်ခွဲ တတ်သူဘဲ၊ ကိုယ့်အလိုအတိုင်းပြီးစေနိုင်သူဘဲ" ဟူ၍ ကြံဆအပ်ထင်မှတ်အပ် စွဲလမ်းအပ်သောအသက်ကောင်, သတ္တဝါကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်, ငါကောင်မှ ကင်းဆိတ်နေတဲ့ သဘောတရားမျှသာဟု သိမြင်သဘောကျသည်-ဟူလို။)

ဤသည်တို့ကား ထိုက်သည်အားလျော်စွာသိမြင်အပ်သော အနတ္တ အခြင်းအရာ ငါးပါးတို့ပေတည်း။

ဤအနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ(၄၀)တို့ကို အနိစ္စတော ဒုက္ခတော စသည်ဖြင့် ဟောတော်မူသောကြောင့် တောလေးဆယ်ဟု ခေါ်ကြ၏။

ထိုအခြင်းအရာတို့ဖြင့် သိသောဉာဏ် (၄၀)ကိုလဲ ဝိပဿနာလေးဆယ်ဟု ခေါ်ကြ၏။

ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်, သုတမယဉာဏ်နဲ့သော သူတို့အား နဲနဲသာထင်ပေါ်တတ်ကုန်၏။ ပင်ကိုယ်ဉာဏ်ထက်သောသူ, သုတမယဉာဏ် များသောသူတို့အား များများသာ

(၁) ဒွိကောဋိက ရှုမြင်ပုံ

ဤဥပရိပံ အာနေဉ္ဇသပ္ပါယသုတ် စသည်နှင့်အညီ နှစ်ဖို့ နှစ်စွန်းအားဖြင့် ဆိတ်သည်ဟု ရှုမြင်ပုံကို ဝိသုဒ္ဓိမဂ်၌ ထုတ်ပြ၏။

ထိုပါဠိ၏ အနက်ကား ဘိက္ခဝေ၊ ရဟန်းတို့ တဖန်ရှုမြင်ပုံ တမျိုးကား အရိယာဖြစ်သောတပည့်သည် မြတ်စွာဘုရား၏ တပည့်ဖြစ်သောယောဂီသည် ဤသို့ရှုမြင်၏။

ဤနာမ်ရုပ်သည် အတ္တကောင်၏အဖြစ် အဖြစ= ငါကောင်၏ အဖြစ်မှလဲ ကင်းဆိတ်၏။

ငါကောင်၏ဥစ္စာအဖြစ်မှလဲ ကင်းဆိတ်၏။ ဤသို့ရှုမြင်၏။

ယောဂီသည် မှတ်ခိုက် ဆင်ခြင်ခိုက်၌ မှတ်မိဆင်ခြင်မိတဲ့ ရုပ်နာမ်ကို "အလိုအတိုင်း ပြီးစေနိုင်ခြင်း, အလိုအတိုင်းဖြစ်ခြင်း, ဟူသော ငါကောင်၏ အဖြစ်မှလဲ ကင်းဆိတ်သည်= ငါကောင်လဲ မဟုတ် ဟူ၍ ၄င်း။ ငါကောင်၏ ဥစ္စာ အဖြစ်မှလဲ ကင်းဆိတ်သည်= ငါကောင်နှင့် လဲမဆိုင်သော သဘောတရားမျှသာ ဟူ၍ ၄င်း" ထင်မြင်သဘောကျ၏။

ဤသို့ထင်မြင်လျှင် ဒွိကောဋိက ရှုမြင်ပုံနှင့် ညီညွတ်ပြီဟု သိအပ်၏။

ဤနှစ်ဖို့တို့တွင် ငါကောင်ရှိသည်ဟု ထင်မှသာလျှင်, ငါကောင်နှင့် ဆိုင်သောဥစ္စာရှိသည် ဟူ၍လဲ ထင်နိုင်သည်။

ငါကောင်မျှပင် မရှိဟု ထင်မြင်နေလျှင်ကား ငါ၏ဥစ္စာဟု မထင်နိုင်တော့ပြီ။

သို့ဖြစ်၍, ငါကောင်မဟုတ်၊ ငါကောင်မရှိဟု ကောင်းစွာ သိမြင်လျှင် ငါ၏ဥစ္စာမဟုတ်၊ ငါ၏ဥစ္စာမရှိဟု ဒုတိယအဖို့ အားဖြင့် ရှုမြင်ခြင်းလဲ ပြီးစီးတော့သည်သာတည်း။

သခ်ါဉာဏ်၌လဲ မခံသာမှုတို့နှင့် ရောပြွမ်း၍ အားရ လောက်အောင် မှတ်သိမှု မကောင်းသေးသော ဉာဏ်, မခံသာမှု ကင်း၍ အားရလောက်အောင် သွက်လက်စွာမှတ်သိမှု ကောင်းသောဉာဏ်, အားဖြင့် ၂-ပိုင်း ကွဲပြား၏။

ထို့အတူပင် ဘင်္ဂဉာဏ်၌လဲ ဖွာကျဲကျဲဖြစ်၍ အားရလောက်အောင် မကောင်းသေးသောဉာဏ်, စီးစီးပိုင်ပိုင်မှတ်၍ ကောင်းသောဉာဏ်, ၂-ပိုင်း ကွဲပြား၏။

ပဋိသခ်ါဉာဏ်မှ သခ်ါရုပေက္ခာဉာဏ်သို့ကူးပုံ

သခ်ါရုပေက္ခာဉာဏ်။ ။ ပဋိသခ်ါဉာဏ် အပြည့်အစုံရင့်သန်သော အခါ၌ကား ဖြစ်ပျက်ဆဲ သခ်ါရအာရုံကို မှတ်မိစေရန်လဲ အထူးကြောင့်ကြမစိုက်ရပြီ၊ မှတ်မိတိုင်းသော သခ်ါရအာရုံ၏ အပျက် လက္ခဏာနှင့်, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ထင်ရှား သိရှိရန်လဲ အထူး ကြောင့်ကြမစိုက်ရတော့ပြီ။

သခ်ါရာဝ သခ်ါရေ ဝိပဿန္တိ-ဟူသည်နှင့်အညီ၊ သူ့အလိုလိုပင် မှတ်သိလျက် မှက်သိလျက် နေသကဲ့သို့၊ မှတ်သိမှုသည် အရှိန်ကောင်းလျက် ကြာမြင့်စွာဖြစ်၏။

မှတ်ချက်တိုင်း၌ အပျက်လက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ရှင်းလင်းထင်ရှားစွာ သိလျက် သိလျက်ရှိ၏။

ဝိသုဒ္ဓိမဂ်၌ သခ်ါရုပေက္ခာဉာဏ်အရာတွင် ပြအပ်သော ဒွိကောဋိကရှုပုံ စသည်တို့နှင့် ညီစွာလဲ အသိဉာဏ်ဖြစ်ပေါ်၏။

ရှေးဉာဏ်များ ဖြစ်ခိုက်သကဲ့သို့၊ သခ်ါရတို့၌ အပြစ်မြင်ခြင်း,

ငြီးငွေ့ခြင်း, လွတ်လို၍ ဆင်ခြင်ခြင်း, အမှတ်မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမရှိတော့ပြီ၊

သခ်ါရဝတ္ထုပစ္စည်းတခုခု ပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့်ကြမှုလဲ မရှိပြီ။

ဘယဉာဏ်အလိုအားဖြင့် ကြောက်ရွံ့မှုလည်း မရှိပြီ။

စိတ်သည်အလွန်ပင် သန့်ရှင်းကြည်လင်၏။

ဘယ်တော့ကမှ မတွေ့ကြုံဘူးသော ချမ်းသာကိုတွေ့ရသည်ဟု ထင်ရ၏။

သို့သော် ထိုမျှလောက်ထူးကဲသော စိတ်,ကြည်လင်ချမ်းသာသော စိတ်ကိုလဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ခါစကလို အလွန်အကဲ သာယာခြင်းကား မရှိပေ၊ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲ မဖြစ်ပေ။

ငြိမ်သက်သိမ်မွေ့သော မှတ်သိမှုသည်သာလျှင် အစဉ်မပြတ် တသမတ်တည်း ကြာမြင့်စွာ ဖြစ်လျက်ရှိပေ၏။

ထိုအခါ၌ အထူးကြောင့်ကြမစိုက်ရတော့ဘဲ သူ့အလိုလိုပင် အစဉ်မပြတ် သိလျက်သိလျက် သိမ်မွေ့စွာ ဖြစ်နေသော အသိဉာဏ်သည် သခ်ါရုပေက္ခာဉာဏ်ပေတည်း။

ကြီးမားသောအပြစ်ကိုတွေ့ရခြင်းကြောင့်၊ အလွန်ချစ်ခင်မြတ်နိုးအပ်သော မယားကို အာလယပြတ် စွန့်ခွာပြီးသည်မှ နောက်ကာလ၌ တစုံတစ်ယောက်သော ယောကျ်ားနှင့် တစုံတရာ ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လဲ စိတ်ဆိုးခြင်း, မခံနိုင်ခြင်း, နှလုံးမသာခြင်းမရှိမူ၍၊ အမှတ်မပြု လျစ်လျူရှုသော ယောကျ်ား၏ ဖြစ်ပုံနှင့် အတူပင်လျှင်။

ဤယောဂီသည် သခ်ါအလုံးစုံတို့မှ လွတ်လိုသည်ဖြစ်၍

သခ်ါရတို့ကို တဖန်ရှုမူ ပဋိသခ်ါဉာဏ်ဖြင့် သိမ်းဆည်း ရှုမှတ်လတ်သော်။ ငါဘဲ, ငါဉစ္စာဘဲဟု ယူဆထင်မှတ်ဖွယ်ကို မတွေ့ရသောကြောင့် လျစ်လျူ မရှုနိုင်ပါက, သခ်ါရဝတ္ထုတို့၏ ပျက်စီးမှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော ကြောက်ရွံ့စိုးရိမ်ခြင်း, ဘယဉာဏ် အလိုအားဖြင့် ဖြစ်ပေါ်သော ကြောက်ခြင်းကိုငှင်း။လျစ်လျူ မရှုနိုင်ပါက, ပြည့်စုံကောင်းစားမှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်း, ရှုမှတ်၍ ကောင်းခြင်း ကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်းကိုငှင်း ပယ်၍။ (အထူးကြောင့်ကြစိုက်၍ ပယ်ရသည်ကား မဟုတ်ပေ၊ မဖြစ်ပေါ်လာဘဲ အလိုလို ကင်းနေသည်ကိုသာ ဆိုလိုပေသည်။) ရှုမှတ်မိ, ဆင်ခြင်မိသော သခ်ါရအလုံးစုံတို့၌ ချစ်ကြောက်ကင်းပ အမျှ သိမှု လျစ်လျူရှုသည်။ ကြောက်ချစ် ကင်းကွယ် အလယ်အလတ် သဘောရှိသည်။ဖြစ်၏။

ဤသို့ သိမြင်သော ထိုယောဂီအား ဘဝ ၃-ပါး, ယောနိ ၄-ပါး, ဂတိ ၅-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး, သတ္တာဝါသ ၉-ပါးတို့၌ စိတ်သည် ရှောင်ကွယ်သကဲ့သို့တွန့်၏။

ကြုံ၏၊ ပြန်ဆုတ်၏။

မပြန့်မသွား။

အမျှသိမှု လျစ်လျူရှုခြင်းသည်သော်ငှင်း။

စက်ဆုတ်ဖွယ် မနှစ်သက်ဘွယ်၏ အဖြစ်သည်သော်လည်းကောင်း မှတ်သောစိတ်, ဆင်ခြင်သောစိတ်၌ ကောင်းစွာတည်၏။

ဤသို့ဖြစ်လတ်သော် ဤယောဂီအား သခ်ါရုပေက္ခာ မည်သော ဉာဏ်သည် ဖြစ်ပေါ်၏။

ဤသို့သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ပေတည်း။ စတုတ္ထအဖို့အားဖြင့် ရှုမြင်ပုံပြီး၏။

အကျဉ်းအားဖြင့်ကား။ ။ "အလိုအတိုင်း ပြီးစေနိုင်တဲ့

(၁) ငါကောင်လဲမရှိ၊
(၂) သူတပါးကောင်လဲမရှိ၊
(၃) ငါနှင့်ဆိုင်တဲ့သူတပါးလဲ မရှိ၊
(၄) သူတပါးနှင့်ဆိုင်တဲ့ ငါလဲမရှိ၊

ဟူ၍ သိမြင်သဘောကျခြင်းသည် လေးပါးသော အဖို့ အစွန်းအားဖြင့် အတ္တကောင်မှ ကင်းဆိတ်သည်ကို ရှုမြင်ပေတည်း။

ဤအဖို့ လေးပါးတို့တွင်လဲ 'ငါကောင်မရှိ' ဟု ပိုင်နိုင်စွာ သိမြင်သဘောကျခြင်းသည် သာလျှင် လိုရင်းပဓာနပေတည်း။

အဘယ်ကြောင့်နည်းဟူမူ မျက်မှောက်သိအားဖြင့် 'ငါကောင် မရှိ' ဟု ပိုင်နိုင်စွာသိမြင်လျှင် "ငါကောင်မရှိသလိုပင်, သူတပါးကောင်လည်းမရှိ, ငါနဲ့ဆိုင်တဲ့ သူတပါးလဲမရှိ၊ သူတပါးနဲ့ဆိုင်တဲ့ငါလဲမရှိ" ဟူ၍ လွယ်ကူစွာပင် ပိုင်းခြားဆုံးဖြတ်နိုင်သောကြောင့်ပေတည်း။

(၃) ဆအာကာရ ရှုမြင်ပုံ

မျက်စိသည်

(၁) ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏။
(၂) ငါ့ဥစ္စာ, ငါပိုင်အဖြစ်မှလဲ ဆိတ်၏။
(၃) မြဲသည့်အဖြစ်မှလဲ ဆိတ်၏။ (အနိစ္စ)

(၂) စတုက္ကောဋိက ရှုမြင်ပုံ

ရဟန်းတို့ တဖန်ရှုမြင်ပုံတမျိုးကား အရိယာသာဝကသည် မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီသည် ဤသို့ရှုမြင်၏။ ငါကောင်သည်

(၁) ဘယ်အရပ်မှာမျှ မရှိ၊
(၂) ဘယ်ကာလမှာမျှ မရှိ၊
(၃) ဘယ်တရားထဲမှာမျှ မရှိ၊
(၄) ငါသည် ကြောင့်ကြဘွယ်အဖြစ်၌ ဖြစ်နေသည်မဟုတ်။

("ငါသည် တစုံတယောက်၏ တစုံတခုမျှမဖြစ်၊ ဘာမျှမဟုတ်၊ ဘာမျှမဆိုင်")။ ။ ဟူသော ဤအနက်ကိုလဲ ယူသင့်သေး၏။

သူတပါးသည်လည်း ဘယ်အရပ်မှာမျှမရှိ ဘယ်ကာလမှာမျှမရှိ ဘယ်တရားထဲမှာမျှမရှိ၊ ထိုသူတပါးသည် တစုံတစ်ခုသောအရာ၌ ငါ၏ ကြောင့်ကြဘွယ်အဖြစ်၌ ရှိသည်မဟုတ်၊ ဖြစ်နေသည်မဟုတ်။

အနတ္တလက္ခဏာ အရင့်ပိုင်း

(၁)ထိုအခါယောဂီသည် မှတ်တိုင်းမှတ်တိုင်း ပျက်သွားတဲ့ သဘောမျှကို သာတွေ့ရ၏။ အလိုအတိုင်း ပြီးစေနိုင်သော အတ္တကောင်= ငါကောင်ကိုကား မတွေ့ရချေ။

(၁) ထို့ကြောင့် "အတ္တကောင် = ငါကောင်သည် ကိုယ်တွင်းမှာလဲ မရှိ၊ ကိုယ်ပမှာလဲ မရှိ၊ ဘယ်အရပ်မှာမျှ မရှိ။

(၂) နှေးကလဲ မရှိ ယခုလဲမရှိ နောင်လဲမရှိ ဘယ်ကာလမှာမျှမရှိ၊

(၃) ရုပ်ထဲမှာလဲ မရှိ၊ နာမ်ထဲမှာလဲ မရှိ၊ သွားမှု ရပ်မှု ထိုင်မှု

အိပ်မှု ကွေးမှုဆန့်မှုစသော ကိုယ်အမူအရာထဲမှာလဲ မရှိ၊ မြင်မှု ကြားမှု ထိသိမှု ကြံမှု စသော စိတ်အမူအရာထဲမှာလဲ မရှိ၊ အကောင်းအဆိုး ခံစားမှု အမျိုးမျိုးထဲမှာလဲ မရှိ၊ မှတ်သားမှု အမျိုးမျိုးထဲမှာလဲ မရှိ၊ အားထုတ်ပြုပြင်မှု အမျိုးမျိုးထဲမှာလဲ မရှိ၊ ဘယ်တရားထဲမှာမျှ ငါကောင်မရှိ”ဟု ပိုင်ပိုင်နိုင်နိုင် သိမြင်သဘော ကျ၏။

ဤသို့သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှကင်းဆိတ်သည်ကို ရှုမြင်ပေတည်း။ ပဌမ အဖို့အားဖြင့် ရှုမြင်ပုံပြီး၏။

(၂) ထို့ပြင် မှတ်ခိုက်မှာဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်၍ ဆင်ခြင်ခိုက်မှာဖြစ်စေ, “ သည်လို ပျက်နေတဲ့ သဘောမျှသာ ရှိသည်၊ ငါကောင် သတ္တဝါကောင်ကား မရှိဟူ၍ မသိကြတဲ့ အတွက် ‘ငါ့အဘဘဲ ငါ့သားဘဲ, ငါ့အကိုဘဲ, ငါ့ညီဘဲ, ငါ့တူဘဲ’ စသည်ဖြင့် သူများက ငါ့အပေါ်မှာ စွဲလမ်းလျက် ကြောင့်ကြစိုက် နေကြပေသည်၊ အမှန်အားဖြင့်မူကား ထိုကဲ့သို့ သူတပါးက ကြောင့်ကြစိုက်ဖွယ် ဖြစ်သော ငါကောင်ကား မရှိပေ” ဟူ၍လဲ သိမြင်သဘောကျ၏။

ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ ဒုတိယအဖို့ အားဖြင့် ရှုမြင်ပုံပြီး၏။

(၃) ထို့အပြင်သူတပါး၏ အဆင်းကို မြင်ခိုက်, အသံကိုကြား ခိုက် စသည်၌ မှတ်၍ဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်ကာ

ဆင်ခြင်၍ဖြစ်စေ ဤသို့ သိမြင်၏။ ပုံကား။ ။ ။ “ သူတပါးဟု ခေါ်အပ်သော အတ္တကောင် = သတ္တဝါကောင်သည်

ကိုယ်အတွင်းမှာလဲမရှိ၊ ကိုယ်ပမှာလဲမရှိ၊ ဘယ်အရပ်မှာလဲ မရှိ၊ ရှေးကလဲမရှိ၊ ယခုလဲ မရှိ၊ နောင်လဲမရှိ၊ ဘယ်ကာလမှာမျှ မရှိ၊

ရုပ်ထဲမှာလဲမရှိ၊ နာမ်ထဲမှာလည်းမရှိ၊

မြင်ရတဲ့ အဆင်းထဲမှာလဲမရှိ၊ ကြားရတဲ့အသံ စသည်ထဲမှာလဲမရှိ၊

ဘယ်တရားထဲမှာမျှ သူတပါး အကောင်းမည်သည် မရှိ”ဟု ပိုင်ပိုင်နိုင်နိုင်သိမြင်သဘောကျ၏။

ဤသို့သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ တတိယ အဖို့အားဖြင့် ရှုမြင်ပုံပြီး၏။

(၄) ထို့ပြင် “သည်လို ပျက်နေတဲ့ သဘောမျှသာရှိသည်၊ အတ္တကောင် သတ္တဝါကောင်ကား မရှိ” ဟူ၍ ရှေးက မသိခဲ့တဲ့ အတွက် “ငါ၏ ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော အမိ, အဘ, အစ်ကို, ညီ, သား, သမီး စသော သူတပါး အကောင်အထည်သည် တကယ်ပင်ရှိနေသည်” ဟု ထင်မှတ်ခဲ့မိပေသည်၊

“အမှန်အားဖြင့်မူကား ယခုလိုပျက်နေတဲ့ သဘောမျှသာရှိပါတကား၊

ငါ၏ကြောင့်ကြစိုက်ဖွယ်ဖြစ်သော သူတပါး အကောင်အထည် မည်သည်ဘာမျှ မရှိပါတကား” ဟူ၍လဲ သိမြင်သဘောကျ၏။

မျက်စိ ကြည်ခြင်းစသော ရုပ်အမူအရာ တစုံတခု ဖြစ်ပေါ်နိုင်ပေသည်။

မိမိအလိုမျှဖြင့်ကား ထိုသို့သော ရုပ်အမူအရာတစုံတခုကိုမျှမဖြစ်ပေါ်နိုင်ချေ။ ထို့ကြောင့်လဲ ရုပ်သည် အကာမကာရိယ= အလိုမျှဖြင့် ပြီးစေနိုင်တဲ့ အမူအရာမရှိသော တရားမည်၏။ ဦးကာအဖွင့် အဓိပ္ပါယ် ချည်းပင်။

(၇) သည်လိုသာဖြစ်ပါစေ, ဟိုလိုတော့မဖြစ်ပါစေနဲ့ဟု တောင့်တ၍ မရအပ် မရနိုင်ဟု မြင်၏။

(၈) အလိုအတိုင်းလဲမဖြစ်, အလိုအတိုင်းလဲ မဖြစ်စေနိုင်ဟု မြင်၏။

(၉) စီမံခန့်ခွဲ၍ မရသောကြောင့် သူစိမ်းပြင်ပ တရားဘဲဟု မြင်၏။

(၁၀) အကြောင်းထဲမှာလဲ အကျိုးမရှိ, အကျိုးထဲမှာလဲ အကြောင်း မရှိသောကြောင့် အကြောင်းနှင့်အကျိုး အချင်းချင်းမှ ကင်းဆိတ် နေသည်ဟုမြင်၏။

ဤသို့ ဒသအာကာရ ရှုမြင်ပုံကိုပြလျက်ရှိ၏။ အဌကထာ၌ ပြအပ်သော အာကာရ ၁၀-ပါးတို့တွင် အစဉ်-ပါးသာလျှင် ဤပါဠိတော်နှင့် ထပ်တူကျသည်၊ နောက်၆-ပါးသည်ကား သဒ္ဒါအနက် ၂-မျိုးလုံးပင် ကွဲပြားထူးခြားလျက် ရှိ၏။

"အထူးမှတ်ဗဒ္ဓယ်"

ပါဠိတော်ကိုးပင်မှီ၍ ဒသအာကာရရှုပုံကိုထုတ်ပြသော အဌကထာ၌ ပါဠိတော်နှင့် ထပ်တူမဟုတ်ဘဲ၊ ထူးကွဲသော အာကာရတို့ကို ပြရာတွင် ဤသို့သော အနက်ထူးကို မှတ်သားအပ်၏။ "ပါဠိအဌကထာတို့၌ ပြအပ်သော ရှုမြင်ပုံ အခြင်းအရာ ဟူသမျှကို ပြသည့်အတိုင်း ကျက်မှတ်၍ အတိအကျ ရှုနိုင်မှ ကိစ္စပြီးသည်လဲ မဟုတ်ပေ။

(၄) ခိုင်သည့်အဖြစ်မှလဲ ဆိတ်၏။ (အသာရက)

(၅) ထာဝရ ရှိနေသည့်အဖြစ်မှလဲ ဆိတ်၏။ (အဓူဝ)

(၆) မပြောင်းမလဲ ပင်ကိုအတိုင်း တည်မြဲ တည်သည့် အဖြစ်မှလဲ ဆိတ်၏။ ဤသို့ရှုမြင်၏။ (ဝိပရိဏာမ)

အဓိပ္ပါယ်ကား

မြင်ခိုက် မြင်ခိုက်၌ မှတ်လျက်၊ "မြင်မှု၏ မှီရာ ဖြစ်သော ကြည်လင်တဲ့ မျက်စိရုပ်သည် အလိုအတိုင်းဖြစ်ခြင်းဟူသော

(၁) ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏။

(၂) ငါကောင်လဲမဟုတ်၊ ငါကောင်၏ အစိတ်အပိုင်းအဖြစ်မှလဲ ဆိတ်၏။

(၃) ငါ့ဥစ္စာလဲမဟုတ် မြဲခြင်းမှလဲ ဆိတ်၏။

(၄) မြဲလဲမမြဲ၊ ခိုင်လဲမခိုင်၊

(၅) ထာဝရရှိနေသည်လဲ မဟုတ်၊

(၆) ပင်ကိုအတိုင်းလဲ မတည်" ဟု သိမြင်သဘောကျ၏။

ကြားခိုက်စသည်မှာ မှတ်လျက် နားရုပ် စသည်၌ သိမြင်ပုံကိုလဲ နည်းမှီး၍ ခွဲပါလေ။ ဤရှုမြင်ပုံ၌ နိစ္စ ဓုဝ သဿတ အဝိပရိဏာမဓမ္မ ဟူသော ဤလေးပုဒ်တို့သည် ဝေါဟာရ သဒ္ဒါမျှသာ ထူးကုန်၏။ လိုရင်း အနက်အားဖြင့်ကား တူကုန်သည်သာတည်း။ အခြင်းအရာ ၆မျိုးဖြင့် အတွက်မှ ဆိတ်သည်ကို ရှုမြင်ပုံ ပြီး၏။

(၄) အဋ္ဌကထာရ ရှုမြင်ပုံ

ရှုပ်သည်-

(၁) မြဲတဲ့အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၂) ခိုင်တဲ့ အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၃) ချမ်းသာတဲ့အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၄) ငါကောင်အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၅) မြဲခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၆) ခိုင်ခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၇) ထာဝရရှိခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၈) ပင်ကိုအတိုင်းတည်တံ့ခြင်း အနှစ်အားဖြင့်လဲ အနှစ် မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ ဤသို့ ရှုမြင်၏။

(ဤသည်ကား ရုပ်ခန္ဓာ၌ အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဆိတ်သုန်းသည်ကို ရှုမြင်ပုံပေတည်း။ နာမ်ခန္ဓာ၄-ပါးနှင့် ဒွါရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ စသည်တို့၌လဲ ရှုမြင်ပုံမှာနည်းတူပင်တည်း။ ဤရှုပုံ၌ နိစ္စသာရ မုဝသာရ နိစ္စ မုဝ သဿတ အဝိပရိဏာမ ဓမ္မဟူသော ဤ ၆-ပုဒ်သည် ဝေါဟာရ မျှသာ ထူး၏။)

(၅) ဒဿဓာကာရ ရှုမြင်ပုံ

ရှုပ်ကို-

(၁) မြဲခြင်း,ကောင်းစားချမ်းသာခြင်း,တင့်တယ်ခြင်း, အစိုးပိုင်ခြင်း တို့မှ ကင်းဆိတ်သည်ဟု မြင်၏။

(၂) မြဲခြင်း,ကောင်းစားချမ်းသာခြင်း,တင့်တယ်ခြင်း, အစိုးပိုင်ခြင်း ဟူသော အနှစ်အသားမရှိသောကြောင့် အချည်းနှီး အသုံးမကျဟုမြင်၏။

ဘာအကောင်အထည်ဒြပ်မျှမဟုတ် သေးနုတ်ယုတ်ညံ့သောကြောင့် အလကား သဘောတရားဟု မြင်၏။

(၃) အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်အနှစ်မှ ဆိတ်သုန်းသည်ဟု မြင်၏။

(၄) အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်မဟုတ်ဟု မြင်၏။

(၅) အစိုးမရဟုမြင်၏။

(၆) အလိုအတိုင်းမပြီးစေနိုင်, အလိုမျှဖြင့် ပြီးစေနိုင်သော အမူအရာမရှိမြင်၏။ (ရေမြုပ်စိုင်ဖြင့် ခွက်စသည် လုပ်လိုသော သူအား ထိုခွက်စသည် မပြီးစီးနိုင်သကဲ့သို့ ရုပ်တရားကိုမြဲအောင် ကောင်းစား ချမ်းသာအောင် တင့်တယ်အောင် ငါကောင်ဖြစ်အောင် ပြုလိုသောသူအား ထိုမြဲမှု ကောင်းစား ချမ်းသာမှုတင့်တယ်မှု ငါကောင်ဖြစ်မှုသည် မပြီးစီးနိုင်ချေ။ ထို့ကြောင့် ရုပ်သည် အကာမကာရိယ= အလိုရှိတိုင်းမပြုနိုင် မပြီးစေနိုင်ကောင်းသော တရားမည်၏။

တနည်းကား။ ။ ဆိုင်ရာအကြောင်းများ ညီညွတ်မှသာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း ပူခြင်း အေးခြင်း

သိမ်းဆည်း သိမြင်သောဉာဏ်ပေတည်း။ ဤသို့သိအပ်၏။ အသက်မဟုတ် ဤသို့စသော ရှုမြင်ပုံတို့၌လဲ နှ-သတ္တောဌ် ပြပြီးသော ဤနည်းပင်တည်း။ ဒွါဒသ အာကာရ ရှုမြင်ပုံ ပြီး၏။

"သင်္ခါရုပေက္ခာဉာဏ်ဆိုသည်မှာ"

(၁) အစဉ်စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှုမှတ်၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှု ပညာသည် သင်္ခါ ရုပေက္ခာဉာဏ် မည်၏။

(၂) ထိုဉာဏ်သည်အဘယ်သို့ ဖြစ်သနည်းဟူမူ ရှေးဦးစွာ ဖြစ်ပေါ် ခြင်းကို ရှေးဦးစွာဖြစ်ပေါ်ခြင်းရှိသော သင်္ခါရ အပေါင်းကို အစဉ်စွန့်လွှတ် လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှု၍, အဆုံး၌ အထူး ကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှုသည် သင်္ခါရုပေက္ခာဉာဏ် မည်၏။

(၃) မကုန်ဆုံးနိုင်အောင် မပြတ်ဖြစ်နေသော သင်္ခါရအပေါင်းကို

(၄) အကောင်အထည် ဒြပ်ရှိသလိုပင် ထင်ပေါ်လျက်ရှိသော သင်္ခါရအပေါင်းကို

(၅) ချမ်းသာကောင်းစားရန် ရည်သန်၍ အားထုတ်မှု သင်္ခါရအပေါင်းကို

(၆)ဆက်စပ်၍ဖြစ်ပေါ်ခြင်းရှိသော ဘဝသစ် သင်္ခါရအပေါင်းကို

(၇) ပြင်းစွာ ပူပန်မှု သင်္ခါရကို အစဉ်စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှုမှတ်၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ

ထိုသို့ ကျက်မှတ်၍ အတိအကျရှုရန် ပြသည်လဲ မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၌ အတွင်း ဝင်သော ထိုပြအပ်သည့် အခြင်းအရာတို့တွင် အခြင်းအရာတပါးပါးဖြင့် ဖြစ်စေ,အခြင်းအရာများစွာတို့ဖြင့် ဖြစ်စေ, ကောင်းစွာထင်မြင် သဘောကျလျှင် ကိစ္စပြီးသည်ချည်းသာတည်း။

ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ ပါရမီဉာဏ်နှင့်အဇ္ဈာသယ စသည် အားလျော်စွာ ထင်မြင်ပုံသိပုံများကို ပြဆိုခြင်းသာလျှင် ဖြစ်ပေသည်" ဟူသော ဤအနက်အထူးကို မြဲမြံစွာ မှတ်သားအပ်၏။

အတိအကျကျက်မှတ်၍ ရှုရန်ပြသည်ဟု ယူငြားအံ့၊ သို့ဖြစ်လျှင် ဤအရာ၌ အဋ္ဌကထာနည်းအရ ရှုသောသူအား ပါဠိတော်နည်းအရ အာကာရ ၁၀-ပါးလုံး မစုံလင်သောကြောင့် ကိစ္စမပြီးဘဲ ရှိလေရာ၏။ ထိုသို့ ကိစ္စမပြီးနိုင်ပါက ပါဠိတော်နည်းမှ ထူးခြားသော အာကာရတို့ကို အဋ္ဌကထာ၌ မပြတန်လေရာ။ ယခုမှာ ပြလဲပြအပ်ရှိပေ၏။ ထို့ကြောင့် အတိအကျ ကျက်မှတ်၍ ရှုဆင်ခြင်ရန် ပြသောစကားများ မဟုတ်ပေ။

အမှန်အားဖြင့်သော်ကား ရှုမှတ်သော ယောဂီ၏ ဉာဏ်မှာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်တတ်သော ထင်ပုံ သိမြင်ပုံတို့ကိုသာ ပြသောစကားများ ဖြစ်ပေသည်ဟူ၍ ခိုင်မြဲစွာ မှတ်သားအပ်၏။

(၆) ဒွါဒသ အာကာရ ရှုမြင်ပုံ

ရှုပ်သည် -

(၁) အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်စသည်ဖြင့် ထင်မှတ် စွဲလမ်းအပ်သော သတ္တဝါမဟုတ်။

(၂) အသက်, လိပ်ပြာကောင်မဟုတ်။

(၃) လူကောင်မဟုတ်။
(၄) လုလင်ကောင်မဟုတ်။
(၅) မိန်းမကောင်မဟုတ်။
(၆) ယောကျ်ားကောင်မဟုတ်။
(၇) အစိုးပိုင်သော ငါကောင်မဟုတ်။
(၈) ငါမဟုတ်။
(၉) ငါကောင်၏ အစိတ်အပိုင်း ဥစ္စာမဟုတ်။ ငါကောင်နှင့် ဘာမျှမဆိုင်။
(၁၀) ငါ၏ အစိတ်အပိုင်း ဥစ္စာမဟုတ်။ငါနှင့် ဘာမျှမဆိုင်။
(၁၁) သူတပါး၏ အစိတ်အပိုင်း ဥစ္စာမဟုတ်၊ သူတပါးနှင့် ဘာမျှမဆိုင်။
(၁၂) တစုံတယောက်၏ အစိတ်အပိုင်း ဥစ္စာမဟုတ်၊ တစုံတယောက်နှင့် ဘာမျှမဆိုင်။ ဤသို့ရှုမြင်၏။

(ဤသည်ကား ရုပ်၌ရှုမြင်ပုံတည်း။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း။)

ဤရှုမြင်ပုံ၌ နှ အဟံ-တိုင်အောင် ရှေး (၈)ပုဒ်တို့သည် "ဖြစ်ခြင်း ပျက်ခြင်း မရှိဘဲ ခန္ဓာအိမ်ထဲ၌ အမြဲတည်ရှိနေသည်ဟူ၍ဝင်း၊ သွားခြင်း ထိုင်ခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်း စသည်တို့ကို အလိုအတိုင်း ပြီးစေနိုင်သည် ဟူ၍ဝင်း၊ ဤသို့စသည်ဖြင့် ထင်မှတ်စွဲလမ်း အပ်သော" အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်, သတ္တဝါကောင်ကိုသာ ပယ်မြစ်လို၍ ပြအပ်သော ပုဒ်တို့ပေတည်း။

လောကဌ ပြောဆိုရိုးမျှဖြစ်သော သတ္တဝါစသည်ကိုကား ပယ်မြစ်လို၍ ပြအပ်သည် မဟုတ်ပေ။

နှ အတ္တနိယံ စသော နောက်လေးပုဒ်တို့ဖြင့်လဲ ထိုအတ္တကောင်၏ အစိတ်အပိုင်းမဟုတ်၊ ထိုအတ္တကောင်နှင့် ဘာမျှမဆိုင်သည်ကိုသာ ပြလိုပေသည်။

လောကဌ ပြောဆိုရိုးမျှဖြစ်သော သူဥစ္စာ, ငါဥစ္စာ, သူ့လက်ခြေ, ငါ့လက်ခြေ, သူ့သားသမီး, ငါ့သားသမီး, ဤသို့ စသော ဝေါဟာရကိုကား ပယ်မြစ်လိုသည်မဟုတ်ပေ။

အမှန်အားဖြင့်သော်ကား အဌကထာတို့၌ အနတ္တ အရာတွင် ပြဆိုအပ်သော စကားဟူသမျှသည် သာမီ နိဝါသီ စသည်ဖြင့် စွဲလမ်းအပ်သော ထိုအတ္တကိုသာ ပယ်မြစ်သည့် စကားချည်းသာတည်း။

ရုပ်သည် သတ္တဝါမဟုတ်၊ ဤသို့စသော ရှုမြင်ပုံတို့၌ လူတို့၏ ပြောဆိုရိုး အားဖြင့် အကြင်သတ္တဝါသည်ရှိ၏။

ရုပ်သည် ထိုပြောဆိုရိုး သတ္တဝါမဟုတ် ဟူသော ဤအနက်ကို အတ္တမှ ဆိတ်သည်ကို ရှုမြင်သော ဤအရာ၌ မဆိုလိုအပ်ပေ။ ရုပ်စသည်တို့၌ကိုယ်တိုင်ကပ်ငြိတွယ်တာတတ်သောကြောင့်ဝင်း၊

သူတပါးတို့ကို မိမိ၌ ကပ်ငြိတွယ်တာတတ်သောကြောင့်ဝင်း၊

အသက်, လိပ်ပြာကောင်, ဝိညာဏ်ကောင်ဟု ဆိုအပ်သော ထိုအတ္တကောင်ကို သတ္တဝါကောင်ဟူ၍ လူတို့ကခေါ်ဆိုအပ်၏။

မှတ်ခိုက်မှာပင်၊ ပျက်သွားသည်ဟု သိမြင်အပ်သော ရုပ်သည် ထိုအတ္တ ကောင်ကို သတ္တဝါကောင်မဟုတ်၊ ဤကား ဆိုလိုရင်း အနက်ပေတည်း။

ထိုစကားမှန်ပေ၏။ "ရူပံနသတ္တော= ရုပ်သည် သတ္တဝါမဟုတ်ဟူ၍" ဤရှုမြင်ခြင်းသည် အတ္တကောင် ငါကောင်မှ ဆိတ်သုန်းသည်ကို

ဤဥပမာ အတူပင်လျှင်။ သခ်ါရုပေက္ခာဉာဏ်သည် ရုပ်နာမ်သခ်ါရတို့ကို ငြိမ်းသည့်ပြင် မဂ်ဖိုလ်ဉာဏ်ဖြင့် ရောက်လဲရောက်အပ်သော သခ်ါရလဲငြိမ်း, ရောက်လဲရောက်ထိုက်သော နိဗ္ဗာန်ကို သခ်ါရငြိမ်းပြတ်သော အခြင်းအရာဖြင့်အကယ်၍ မြင်နိုင်ငြားအံ့၊ ဤသို့မြင်နိုင်လျှင်အလုံးစုံသော မပြတ်မစဲ တဖြစ်ထဲ ဖြစ်နေသော သခ်ါရအယဉ်ဟူသော အာရုံကို စွန့်လွှတ်၍ သခ်ါရငြိမ်းသော နိဗ္ဗာန်အာရုံသို့သာလျှင် ပြေးဝင်သွားလေ၏။

(နိဗ္ဗာန်အာရုံထဲသို့ ဝ၊ သခ်ါရငြိမ်းခြင်း- သခ်ါရကင်းပြတ်သွားခြင်း သဘောထဲသို့ ပြေးဝင်သွားသလိုပင် စိတ်ဖြစ်သွားသည်-ဟူလို)။

သခ်ါရငြိမ်းသောနိဗ္ဗာန်ကို သခ်ါရငြိမ်းသည့် အနေအားဖြင့် မမြင်နိုင်သေးငြားအံ့၊

ဤသို့မမြင်နိုင်သေးလျှင် ဖြစ်ပျက်သော သခ်ါရကိုသာ အာရုံပြုလျက်= မှတ်သိလျက်ဖြစ်၍ အဖန်ဖန်ဖြစ်ပေါ်၏။

ထိုသခ်ါရုပေက္ခာဉာဏ်သည် ပိုင်းအပ်, ဆင့်အပ်သော မှုန့် သည်ဝိုင်းလေ, ဆင့်လေ သာ၍ သာ၍ သိမ်မွေ့နူးညံ့လေသကဲ့သို့ငင်း။ ဖတ်အပ်သော (အစေ့ထုတ်ပြီး၀ါ) ဂွမ်းသည် ဖတ်လေဖတ်လေ သာ၍သာ၍ သိမ်မွေ့နူးညံ့လေသကဲ့သို့ငင်း။ ဖြစ်၍။ (ဤဥပမာနှစ်ခုဖြင့် ရှုမှတ်ဖန် များလေလေ ဉာဏ်သည် သာ၍သာ၍ ထက်မြက်သိမ်မွေ့သွားလေလေ ဖြစ်သည်ကိုပြ၏။)

မှတ်ခိုက်မှတ်ခိုက်မှာပင် ပျက်ပျက်သွားသော သခ်ါရတို့ကို အမျိုးမျိုးသော အပြားအားဖြင့် သိမ်းဆည်းမှတ်သိ၍ ကာမ အာရုံဝတ္ထု၏ ပျက်စီးမှုနှင့်စပ်၍ ကြောက်ရွံ့စိုးရိမ်ခြင်း, ဘယဉာဏ် အလိုအားဖြင့် ကြောက်ခြင်းကိုငင်း၊ ကာမအာရုံဝတ္ထု၏ ပြည့်စုံမှု

အညီအမျှ လျစ်လျူ ရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှုသည် သခ်ါရုပေက္ခာဉာဏ် မည်၏။

(၈) ဘဝ၌စ၍ ဖြစ်ပေါ်ခြင်းသည် စ၍ဖြစ်ခြင်းရှိသော ယခုဘဝ သခ်ါရအပေါင်းသည် ဆင်းရဲတည်း။ ဤသို့မြင်၏။

(၉) ကြောက်ဖွယ်ဟုသိမြင်၍၊

(၁၀) ဝင့်ဆင်းရဲ, ကာမဂုဏ်, ကိလေသာဟူသော အစာနှင့် ရောနှောနေသည်ဟု သိမြင်၍၊

(၁၁)မငြိမ်းအေးသော သခ်ါရတို့ကို သိမြင်၍အစဉ်စွန့်လွှတ်လိုလျက်, အလယ်၌ စွန့်လွှတ်နိုင်ရန် တဖန် ရှုမှတ်၍, အဆုံး၌ အထူးကြောင့်ကြ မစိုက်ရဘဲ အညီအမျှ လျစ်လျူ ရှုလျက်, အစဉ်အတန်းအားဖြင့် ကောင်းစွာတည်တံ့သော သိမှုပညာသည် သခ်ါရုပေက္ခာဉာဏ် မည်၏။

(က) ပါဠိ၌ လွှတ်လိုသောပညာလဲ ဟုတ်၏။

(ခ) ထိုပညာသည် တဖန်ရှုမှတ်သော ပညာလဲ ဟုတ်၏။

(ဂ) ကောင်းစွာတည့်တံ့သော ပညာလဲဟုတ်၏။ ဤ၃-ပါးသော သတ္တိကြောင့် မည်၏။

သို့ဖြစ်၍ ရှေးအဖို့၌ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သော သူ၏ ဥပ္ပဒစသည်ဖြင့် ပြအပ်သော သခ်ါရတို့ကို ဥပ္ပါဒ စသည်နှင့် စပ်ဆိုင်သော သခ်ါရတို့ကို စွန့်လွှတ်လိုသည်၏ အဖြစ်သည် မုဉ္စိတုကမျာတာ မည်၏။

ဥပ္ပဒါ စသည်ကို စွန့်လို-ဟူရာ၌ ဥပ္ပဒါမျှ ပဝတ္တမျှ စသည်ကိုသာ

စွန့်လိုသည်ဟု မယူအပ်၊ ဥပါဒ ပဝတ္တ စသည်တို့နှင့် စပ်ဆိုင်သော သခ်ါရတို့ကို စွန့်လိုသည်ဟူ၍သာ ယူအပ်၏။

စွန့်လို ဟူသည်မှာလဲ ထိုသခ်ါရတို့နှင့်စပ်သော နှစ်သက်လိုလားမှု ကြောင့်ကြစိုက်လိုမှုကို စွန့်လိုခြင်းပင်တည်း။

စွန့်လွှတ်နိုင်ခြင်း၏ အကြောင်းကိုပြုခြင်း ပြီးစေခြင်းငှါ အလယ်၌တဖန် ရှုမှတ်ခြင်းသည် ပဋိသခ်ါ ဉာဏ်မည်၏။

စွန့်လွှတ်ပြီး၍ အဆုံး၌ ကြောင့်ကြမစိုက်မူ၍ အစဉ်အတန်းအားဖြင့် သိရုံမျှ သိရုံမျှ ဖြစ်လျက် လျစ်လျူရှုခြင်းသည် ကောင်းစွာတည်တံ့သော ပညာမည်၏။

ပဋိသခ်ါဉာဏ် လုံးဝရင့်သန်သည်မှစ၍ နိဗ္ဗာန်သို့ ပြေးဝင်သည့် ဂေါတြဘူ မဖြစ်သေးမီအတွင်း၌ သခ်ါရတို့ကို စူးစမ်းဆင်ခြင်မှု၌သော်လဲ အထူးကြောင့်ကြမစိုက်တော့ဘဲ သိရုံသိရုံမျှ လျစ်လျူရှုလျက် အစဉ် အတန်းလိုက်အားဖြင့် တသမက်တည်း ကြာမြင့်စွာ အသိဉာဏ် ဖြစ်ပေါ်နေခြင်းကို ရည်၍ " အဇ္ဈူပေက္ခဏာ သန္တိဋ္ဌနာ" ဟု အဋ္ဌကထာ၌ မိန့်ဆိုသည်-ဟူလို။)

"မုဉ္စိတုကမျတာ၊ ပဋိသခ်ါ၊ သခ်ါရုပေက္ခာဉာဏ်တို့ တစ်မျိုးတည်းဉာဏ်ဖြစ်ပုံ"

ဤဉာဏ် ၃ပါးသည် အစ, အလယ်, အဆုံး,၊ အနု,အလတ်, အရင့်အားဖြင့် သာလျှင်ကွဲပြား၏။ အာရုံနှင့် မှတ်သိမှုတို့ကို သခ်ါရသဘောမျှဟု သိမြင်သဘောကျခြင်း လက္ခဏာအားဖြင့်ကား တစ်မျိုးတည်းသော ဉာဏ်သာတည်း။

ထို့ကြောင့်, ပဋိသန္ဓိဒါမဂ်မှာပင် အောက်ပါကိုလဲ ဟောတော်မူပေသည်။

အကြင် မုဉ္စိတုကမျတာဉာဏ်သည် ၄င်း။ အကြင် ပဋိသခ်ါဉာဏ်သည်၄င်း။ အကြင် သခ်ါရုပေက္ခာဉာဏ်သည် ၄င်း။ ဤဉာဏ်တို့သည် တူသောသဘောတရားကိုယ် ရှိကုန်၏။ အမည်သဒ္ဒါမျှသည် သာလျှင် ထူးခြား၏။

သဘောအားဖြင့် ဉာဏ်တမျိုးတည်း ဖြစ်သောကြောင့်ပင်လျှင် အချို့ပုဂ္ဂိုလ်မှာ မုဉ္စိတုကမျတာ, ပဋိသခ်ါဉာဏ်များ ဖြစ်ပေါ်ပြီးလျှင် မကြာမီ တခဏအတွင်းမှာသော်လဲ သခ်ါရုပေက္ခာဉာဏ် ဖြစ်ပေါ်တတ်ပေသည်။

ဤသခ်ါရုပေက္ခာဉာဏ်သို့ ရောက်သောအခါ၌ကား အချို့ပုဂ္ဂိုလ်မှာ သာလျှင် အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ဉာဏ်များ လျင်မြန်စွာ ဖြစ်ပေါ်တတ်ပေသည်။

အချို့ပုဂ္ဂိုလ်မှာကား သခ်ါရုပေက္ခာဉာဏ်သည်သာလျှင် အထူးကောင်းချည်တလဲ့, မှန်မှန်ကောင်းချည်တလဲ့အားဖြင့် ကြာမြင့်စွာလဲ ဖြစ်နေတတ်သေး၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ အောက်ပါအတိုင်း မိန့်ဆိုတော်မူ၏။

(ရှေးခေတ်ကာလက ပင်လယ်ခရီးသွား သင်္ဘောသားတို့သည် နီးသောပင်လယ်ကမ်းကို မမှန်းဆနိုင်သောအခါ၌ နီးသောကျွန်းကမ်းကို စုံစမ်းရန် ကျီးငှက်ကို သင်္ဘောမှ လွှတ်လိုက်လျှင် ထိုကျီးသည် ကမ်းကို တွေ့မြင်ပါက ထိုကမ်းဆီသို့သာလျှင် ပျံသွားလေသည်၊ ကမ်းကို မမြင်ပါက ထိုသင်္ဘောသို့သာလျှင် ပြန်ပြန် ကပ်သည်-ဟူသော)

အရာအားဖြင့်သာလျှင် ရှုမြင်လျက် အနည်းဆုံးအားဖြင့် **သဒိသာနုပဿနာ ဝိထိ ၂-ကြိမ်၃-ကြိမ်** ဖြစ်ပေါ်၏။

ဖြစ်ပုံကား ထိုနှစ်ကြိမ် သုံးကြိမ်တို့တွင် ပဌမအကြိမ်၌ အနိစ္စဟု ရှုမြင်လျက် ဖြစ်လျှင်၊ ဒုတိယ တတိယအကြိမ်တို့၌လဲ အနိစ္စဟူ၍သာ ရှုမြင်လျက် ဖြစ်၏။

သို့မဟုတ်, ပဌမအကြိမ်၌ ဒုက္ခဟု ရှုမြင်လျက် ဖြစ်လျှင်၊ ဒုတိယ တတိယအကြိမ်တို့၌လဲ ဒုက္ခဟူ၍သာ ရှုမြင်လျက် ဖြစ်၏။

သို့မဟုတ် ,ပဌမအကြိမ်၌ အနတ္တဟု ရှုမြင်လျက် ဖြစ်လျှင်၊ ဒုတိယ တတိယအကြိမ်တို့၌လဲ အနတ္တဟူ၍သာ ရှုမြင်လျက် ဖြစ်၏။

ဤသို့တမျိုးတည်းသော အခြင်းအရာအားဖြင့်သာ သိမြင်လျက် ရှုမှတ်မှု ၂-ကြိမ်၃-ကြိမ် ဖြစ်သည်ဟု ဆိုလို၏။ အနိစ္စအခြင်းအရာဟူရာ၌ ပြခဲ့ပြီးသော အနိစ္စအခြင်းအရာ (၁၀)ပါးတို့တွင် တပါးပါးကို ယူအပ်၏။ ဒုက္ခ, အနတ္တအခြင်းအရာဟူရာတို့၌လဲ ပြခဲ့ပြီးသော ဒုက္ခအခြင်းအရာ (၂၅)ပါး၊ အနတ္တအခြင်းအရာ(၅)ပါးတို့တွင် တပါးပါးကို ယူအပ်၏။

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ

(ခ) နောက်ဆုံးဖြစ်သော ဤသဒိသာနုပဿနာ ဝိထိ၂-ကြိမ်၃-ကြိမ်တို့၌ ပါဝင်သော သခ်ါရုပေက္ခာသည် ခေါင်ထိပ်သို့ ရောက်သောကြောင့် **သိခါပတ္တသခ်ါရုပေက္ခာလဲ မည်၏။** မဂ်နှင့် ဆက်စပ်လျက် မဂ်သို့ ရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ ဝိပဿနာလဲ မည်၏။** မဂ်သည် ဝိပဿနာ၏ အာရုံဖြစ်သော သခ်ါရ နိမိတ်ကို အာရုံမပြု၊ ထို့ကြောင့် နိမိတ္တမှလဲ ထမြောက်၏။

နှင့်စပ်၍ အားရ နှစ်သက်ခြင်း, မှတ်သိမှု ကောင်းခြင်း ကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်းကိုဂင်း၊ ပယ်စွန့် လွှတ်မြောက်၍ သခ်ါရတို့ကို စူးစမ်းမှတ်သိမှု၌လဲ အထူးလဲ ကြောင့်ကြမစိုက်, လုံးဝလဲကြောင့်ကြစိုက်မှု မကင်းသဖြင့် အလယ် အလတ် ညီမျှသော သဘောရှိသည်ဖြစ်၍ အနိစ္စ ဒုက္ခ အနတ္တာ နုပဿနာဟူသော အနုပဿနာ ၃ပါးတို့၏ အလိုအားဖြင့် တည်လေ၏။

ဤအဋ္ဌကထာ၌ သခ်ါရုပေက္ခာဉာဏ်က နိဗ္ဗာန်ကို မြင်နိုင်သည်ဟု ဆိုသည်မှာ အနုလောမဉာဏ် ဖြစ်ပေါ်နိုင်လောက်အောင် ဝုဋ္ဌာနဂါမိနီ အဖြစ်ဖြင့် ထက်သန်စွာ ဖြစ်သည်ကို ရည်၍ ဆိုပေသည်။

ဂင်းဉာဏ်ကပင် နိဗ္ဗာန်သို့ပြေးဝင်သွားသည်ဟု ဆိုပြန်သည်မှာလဲ အနုလောမ, ဂေါတြဘူဉာဏ်များနှင့်တကွ တပေါင်းတည်း တဉာဏ်တည်းပြု၍ ဧကတ္တနည်းဖြင့် ဆိုပေသည်။

အဖြောင့်အားဖြင့်ကား သခ်ါရုပေက္ခာဉာဏ်သည် အကြိမ်များစွာ ဖြစ်ပြီး၍ အထူးထက်မြက် သန့်ရှင်း ရဲရင့်စွာ ဖြစ်လျက် ခေါင်ထိပ်သို့ ရောက်လျှင် အနုလောမဉာဏ်ကို ဖြစ်စေ၏။

ထိုအနုလောမဉာဏ်၏ အဟုန်ကြောင့် ဂေါတြဘူဉာဏ် ဖြစ်ပေါ်လျက် နိဗ္ဗာန်ကိုမြင်သည်။

ထိုနိဗ္ဗာန် အာရုံထဲသို့လဲ ပြေးဝင်သွားသည်ဟု ဆိုလိုပေ၏။

သခ်ါရုပေက္ခာဉာဏ် ထက်သန်အားပြည့်နေသောအခါ၌ စူးစမ်းရှုမှတ်မှုက ခေါင်ထိပ်သို့ရောက်နေပြီ ဖြစ်သောကြောင့် အထူးကြောင့်ကြ မစိုက်ရတော့ဘဲ မှတ်သိစရာ သခ်ါရအာရုံများ

ကလဲ အလိုလိုပင် ထင်ပေါ်လျက် ထင်ပေါ်လျက် ရှိ၏။ ၎င်းတို့ကို စူးစမ်း မှတ်သိမှုကလဲ အလိုလိုပင် ဖြစ်လျက် ဖြစ်လျက်ရှိ၏။ သိစရာ အာရုံများကလဲ အလိုလို ထင်ပေါ်၍ သိမှုကလဲ သူ့အရှိန်နဲ့သူ အလိုလိုပင် ဖြစ်နေသည်ဟု ထင်ရ၏။ ထို့ကြောင့် “သခ်ၤါရတို့၌ အထူးကြောင့်ကြ မစိုက်ရဘဲ ကြောက်ချစ်ကင်းပလျက် ညီမျှစွာ ရှုနိုင်သကဲ့သို့ ” ထိုသခ်ၤါရတို့၏ ပျက်မှု မမြဲမှု စသည်ကို သိရန်လဲ အထူးကြောင့်ကြ မစိုက်ရတော့ဘဲ ညီမျှစွာရှုနိုင်သည်ဟု ဆိုလို၏-ဋီကာ။

“သခ်ၤါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တို့ တစ်ဉာဏ်ထဲဖြစ်ပုံ”

(၁) ထက်မြက် သန့်ရှင်း ရဲရင့်သည်၏ အဖြစ်ဖြင့်။ အာရုံသခ်ၤါရ, ဝိပဿနာသခ်ၤါရတို့၌ အထူးကြောင့်ကြ မစိုက်ရဘဲ၊

(၂) ကြောက်ချစ်ကင်းပ ညီမျှစွာရှုမှု ပြီးစီး ပြည့်စုံလတ်သော်၊

(၃) ထို သခ်ၤါရုပေက္ခာဉာဏ်သည် အကြိမ်များစွာ ဖြစ်ပေါ်လျက် လုံးဝရင့်ကျက်ခြင်းသို့ ရောက်သဖြင့်၊

(၄) အနုလောမဉာဏ်အား ကျေးဇူးပြုတတ်သော အကြောင်းအဖြစ်သို့ ရောက်လတ်သော်၊

(၅) နိဗ္ဗာန်ကို သခ်ၤါရငြိမ်းသော အခြင်းအရာဖြင့် မြင်သည် မည်၏။

(၆) သည်မျှသာမကသေး၊ ထိုသို့သောဉာဏ်သည် မပြတ် ဖြစ်နေသော သခ်ၤါရ အယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်သို့သာလျှင် ပြေးဝင်သွားသည်လဲ မည်၏။

(၇) ထို သခ်ၤါရုပေက္ခာဉာဏ်ကို ဤအရာ၌ အနုလောမဉာဏ်,

ဂေါတြဘူဉာဏ်တို့နှင့်တကွ တဉာဏ်တည်းအဖြစ်သို့ ဆောင်၍ အလိုအားဖြင့် ဆိုအပ်ပေ၏။

မုဉ္စတုကမျတာ, ပဋိသခ်ၤါ, သခ်ၤါရုပေက္ခာဉာဏ် ပြီး၏။

×××××

အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်

(က) ပြဆိုခဲ့သည့်အတိုင်း အနုလောမဉာဏ်ကို ဖြစ်ပေါ်စေနိုင်လောက်အောင် သခ်ၤါရုပေက္ခာဉာဏ် အပြည့်အစုံ ရင့်ကျက်သောအခါ၌ အဓိမောက္ခ သဒ္ဓါသည် အထူးအားကောင်း၏။

ဤသဒ္ဓါ၏ အစွမ်းကြောင့်, မှတ်သိသော စိတ်သည် အလွန်ကြည်လင်၏။ ထို့ပြင်,မယုတ်မလွန် ညီမျှသောအားထုတ်မှု ဝီရိယသည်လည်း မြဲမြံစွာဖြစ်၏။ အမှတ်ရမှု သတိသည်လည်း ကောင်းစွာ ထင်၏။ စိတ်သည်လည်း မှတ်အပ်သောအာရုံ၌ ကောင်းစွာစူးစိုက် တည်ကြည်၏။

သိမှု သခ်ၤါရုပေက္ခာဉာဏ်သည်လည်း အထူးထက်မြက် သန့်ရှင်းစွာဖြစ်၏။ ထို့ကြောင့် “မှတ်သိမှုသည် အထူးပင် သွက်လက်ထင်ရှားလျက် ကောင်းလာသည်။ တိုးတက်လာသည်” ဟု ထင်ရှားသိရ၏။

ထိုအခါ၌ ဖြစ်ပျက်ဆဲ ရုပ်နာမ် သခ်ၤါရ တခုခုကို အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ ၃မျိုးတို့တွင် တမျိုးတည်းသော အခြင်း

ပရိကံဇော ဟူ၍လဲ ခေါ်အပ်၏။

ဥပစာဇော ဟူ၍လဲ ခေါ်အပ်၏။

အနုလုံဇော ဟူ၍လဲ ခေါ်အပ်၏။

ဤအနုလုံဇော၃ခုခု၌ ပါဝင်သော အသိအမြင်သည် အနုလောမညာဏ်မည်၏။

အာဝဇ္ဇန်းနှင့်တကွ ဤအနုလုံဇော ၃ခုသည် ယောဂီပုဂ္ဂိုလ်အား မှတ်သိမှု တကြိမ်တည်းကဲ့သို့သာ ဖြစ်လျက် ထင်ရှားပေသည်။ အသီးသီး ၃ကြိမ် ကွဲပြားလျက်ကား မထင်ရှားပေ။ ဥပမာ ရှေးအဖို့က 'မြင်တယ်,ကြားတယ်' စသည်ဖြင့် မှတ်သိရာ၌ တကြိမ် တကြိမ် တွင် အာဝဇ္ဇန်းနှင့် ဇော(၇)ကြိမ်တို့သည် အသီးအသီး မကွဲပြားမူ၍ မှတ်သိမှု တချက်တည်းသာဖြစ်လျက် ထင်ရှားကုန်သကဲ့သို့ပင်တည်း။

ထိုယောဂီအား ယခုပင်မဂ်ဖြစ်သောမည် ရှိသောအခါ၌ သခ်ါရုပေက္ခာသည် သခ်ါရတို့ကို မမြဲကုန်ဟူ၍ဖြစ်စေ၊ ဆင်းရဲတို့ဟူ၍ဖြစ်စေ၊ အတ္တကုန်မဟုတ်ဟူ၍ဖြစ်စေ၊ သုံးသပ်၍ ဘင်သို့သက်၏။

ဘင်၏အခြားမဲ့၌ သခ်ါရုပေက္ခာက ပြုအပ်ပြီးသော နည်းဖြင့်သာလျှင် သခ်ါရတို့ကို မမြဲကုန်ဟုဖြစ်စေ၊ ဆင်းရဲတို့ဟုဖြစ်စေ၊ အတ္တမဟုတ်ကုန်ဟုဖြစ်စေ၊ အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်၏။ ထိုအာဝဇ္ဇန်းမှ နောက်၌ ဘင်ကို နစ်စေ

ဖြစ်ထိုက်သော ဆိုင်ရာဆိုင်ရာ ကိလေသာ ကံဝိပါတ် ဟူသော ပဝတ္တကိုလဲ တဖန်မဖြစ်စေဘဲ ငြိမ်းစေတတ်၏။

ထို့ကြောင့် ပဝတ္တမှလဲ ထမြောက်၏။

ဤနိမိတ္တ ပဝတ္တနှစ်မျိုးလုံးမှ ထမြောက်သောကြောင့် မဂ်သည် **ဝုဋ္ဌာန** မည်၏။

ခေါင်ထိပ် သခ်ါရုပေက္ခာ, အနုလောမ, ဂေါတြဘူ ဟူသော ညာဏ်သုံးပါးသည် **ဝုဋ္ဌာန**မည်သော မဂ်နှင့်တဆက်တည်း တစပ်တည်း ဖြစ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ**= မဂ်သို့ဆိုက်ရောက်သော ဝိပဿနာ မည်၏။

အနက်ကားသိလွယ်၏။ လိုရင်းကိုနုတ်၍ပြအံ့။ အနုလောမညာဏ်နှင့်, ခေါင်ထိပ် သခ်ါရုပေက္ခာကို ဝုဋ္ဌာနဂါမိနီဝိပဿနာ ခေါ်သည်ဟု ပဌမစကားဖြင့် ပြ၏။ ထိုဝုဋ္ဌာနဂါမိနီဝိပဿနာက အနတ္တဟု ရှုငြားအံ့-ဟူသော စကားဖြင့် သဒိသာနုပဿနာ ဖြစ်သည်ကို ပြ၏။ သခ်ါရုပေက္ခာကလဲ အနတ္တဟု ရှုသည်၊ အနုလောမညာဏ်ကလဲ အနတ္တဟု ရှုသည်ဟူ၍ ဆိုလိုပေသည်။

အနိစ္စဟု ရှုငြားအံ့, ဒုက္ခဟုရှုငြားအံ့, ဟူသော စကားတို့ဖြင့်လဲ နည်းတူပင် ပြ၏။ လေးလေးနက်နက် စဉ်းစားကြည့်ပါလေ။

ဝုဋ္ဌာနဂါမိနီဝိပဿနာညက် ဖြစ်ပေါ်ပုံ

သိခါပတ္တဝိပဿနာ ဟူ၍၄င်း။ ဝုဋ္ဌာနဂါမိနီ ဟူ၍၄င်း၊ ဤအမည် ၂ခုသည် သခ်ါရုပေက္ခာ,အနုလောမ,ဂေါတြဘူ ဟူသောညာဏ် ၃ပါး၏ သာလျှင် အမည်ပေတည်း။

အနုလောမဉာဏ်

ဤသဒိသနုပဿနာ ဝိထိ၂ကြိမ်၊ ၃ကြိမ်တို့တွင် နောက်ဆုံးအကြိမ်၌ သတ္တမဇောနောင် ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်ပြီးလျှင် ထိုအခိုက်၌ ဖြစ်ပျက်ဆဲ နာမ်တရား တခုခုကို ဖြစ်စေ, ရုပ်တရား တခုခုကို ဖြစ်စေ,ရှေးအခြားမဲ့၂-ဝိထိ၃-ဝိထိ အတွင်းက အာရုံပြုခဲ့သည့် နည်းတူပင် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့တွင် တပါးပါး၏ အလို အားဖြင့် ဆင်ခြင်လျက် မနောဒ္ဓါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်၏။

ထိုစိတ်၏ အခြားမဲ့၌ ယင်းရုပ်နာမ်ကိုပင်လျှင် “ရှေးအခြားမဲ့၂-ဝိထိ, ၃-ဝိထိ အတွင်းက ရှုမြင်ပုံနှင့်တူစွာပင်” ရှုမြင်လျက် ဝိပဿနာဇောစိတ် ၃-ကြိမ် ဖြစ်ပေါ်၏။

ထို၃ကြိမ်သော ဇောတို့တွင် ပဌမဇောသည် **ပရိကံမည်၏။**

ဒုတိယဇောသည် **ဥပစာ မည်၏။**

တတိယဇောသည် **အနုလုံ မည်၏။**

ပရိကံ=ပရိကမ္မ= အဆင်သင့်ဖြစ်စေရန် ကြိုတင်၍ ပြုလင့်သော ဇော၊ ဥပစာ=ဥပစာရ=မဂ်အပွနာ၏အနီး (ရောက်လုနီး)၌ ကပ်၍ ဖြစ်သော ဇော၊ အနုလုံ= အနုလောမ=ဥဒယဗ္ဗယဉာဏ်စသော ရှေးအဖို့ ဉာဏ်များနှင့်၎င်း, မဂ်စိတ္တုပ္ပါဒ်၌ ပါဝင်သော နောက်အဖို့ ဗောဓိပက္ခိယတရားများနှင့် ၎င်း၊ လျော်စွာဖြစ်သော ဇောဟု ဆိုလို၏။

ဤသည်တို့ကား ထိုဇော၃ခုတို့၏ သီးခြားအမည်တို့ ပေတည်း။ သီးခြားမခွဲဘဲ ခေါ်လိုလျှင်ကား ထိုဇော၃-ခုလုံးကို အာသေဝနဇော ဟူ၍လဲ ခေါ်အပ်၏။

ထိုသုံးပါးသော ဝိပဿနာသည် မြင့်မြတ်သည်၏ အဖြစ်ဟူသော အထွဋ်အထိပ်သို့ ရောက်သည်၏ အဖြစ်ကြောင့် သိခါပတ္တမည်၏။ ဝုဋ္ဌာနသို့ သွားတတ်= ဆိုက်ရောက်တတ်သောကြောင့် ဝုဋ္ဌာနဂါမိနီ မည်၏။

ရှုအပ်သည်ဖြစ်၍ ဗဟိဒ္ဓအရာ၌တည်သော ဝိပဿနာ၏ အာရုံ နိမိတ်လဲ ဖြစ်၍ ဖြစ်သော၊ နှလုံးသွင်းအပ် ရှုမှတ်အပ်သော ကိုယ်တွင်း, ကိုယ်ပ သခ်ါရဝတ္ထုမှ၄င်း၊ မိမိသန္တာန်၌ ဖြစ်ထိုက်သော ကိလေသာအယဉ်, ဝိပါတ်ခန္ဓာအယဉ်မှ၄င်း။ အာရုံမပြုခြင်း, တဖန်မဖြစ်စေခြင်းတို့ အလိုအားဖြင့် ထမြောက်တတ်သောကြောင့် မဂ်ကို ဝုဋ္ဌာနဟူ၍ ဆိုအပ်၏။ ထိုဝုဋ္ဌာန မည်သော မဂ်သို့ သွားတတ်= ဆိုက်ရောက်တတ် သောကြောင့် ဝုဋ္ဌာနဂါမိနီ မည်၏။

ဝိထိစိတ်အစဉ်ပြောင်းလဲ ဖြစ်ပေါ်ပုံ

ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌ အပါအဝင်ဖြစ်သော ဤသခ်ါရုပေက္ခာ= သဒိသနုပဿနာကို ဝိထိစိတ် အစဉ်အားဖြင့် ဤသို့ပိုင်းခြား မှတ်သား ရာ၏။ စလနဘဝင်၂ကြိမ်၊ မနောဒ္ဓါရာဝဇ္ဇန်း ၁ကြိမ်၊ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော (၇)ကြိမ်၊ ထို့နောင် ဘဝင်စိတ်များ ဤအစဉ်ဖြင့် ၂ကြိမ် ၃ကြိမ်ဆက်၍ ဖြစ်သည်ဟု မှတ်သားအပ်၏။

ခသာ ဖြစ်ထိုက်ကြောင်းလဲ ထင်ရှား၏။ ဒွတ္တိဟူသော ပါဠိသာလျှင် ဋီကာဆရာရေးခဲ့ရင်း မူလပါဠိမှန် ဖြစ်ကြောင်းလဲ ထင်ရှားလှပေ၏။ သီဟိဠ်မူဋီကာပါဠိ၌လဲ ဒွတ္တိ ဟူ၍ပင် ရှိ၏။ ထို့ကြောင့် ဒွတ္တိ ဇဝန ဝိထိသု၊ ၂ခု ၃ခုသော ဇောဝိထိ ဇောအစဉ်တို့၌ ဟူ၍ပြခဲ့သော ပါဠိအနက်ကိုသာ ပါဠိအနက်မှန်ဟု ယုံမှားမရှိ မှတ်ပါလေကုန်။

"ဂေါတြဘူဉာဏ်"
အနုလောမဉာဏ်မှ ဂေါတြဘူဉာဏ်သို့
ကူးပြောင်းပုံ

(က)အနုလောမဉာဏ်၏ အခြားမဲ့၌ မှတ်သိအပ်ဆဲ အာရုံကို စွန့်လွှတ်၍ သခ်ါရချုပ်ငြိမ်းသော နိဗ္ဗာန်ကို အာရုံပြုလျက် ဂေါတြဘူ ဇောစိတ် ဖြစ်ပေါ်၏။ ဤဇောစိတ်နှင့် ယှဉ်သော သိမှုသည် ဂေါတြဘူဉာဏ်မည်၏။ ဤအရာ၌ အာရုံပြုသည်ဟု ဆိုသော်လဲ ရှေးအဖို့က စိတ်များလို အာရုံ၏ အပြင်မှနေ၍ သိခြင်းမျိုးမဟုတ်ပေ။ သခ်ါရအာရုံမှ လွတ်ကျ၍ သခ်ါရ ကင်းဆိတ် ချုပ်ငြိမ်းသော သဘောထဲသို့ ပြေးဝင်သွားသလိုပင် သိခြင်းပေတည်း။ ထို့ကြောင့်, ပဋိသမ္ဘိဒါမဂ်၌. . ဥပါဒဲ အဘိဘုယျိတွာ အနုပ္ပဒဲ ပက္ခန္ဒတီတိ ဂေါတြဘု၊ ဗဟိဒ္ဓါ သခ်ါရနိမိတ္တံ အဘိဘုယျိတွာ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု စသည်ဖြင့် ဟောတော်မူ၏။

(ခ) ဖြစ်ခြင်းရှိသော သခ်ါရအာရုံကို လွှမ်းမိုးလွှတ်မြောက်၍ ဖြစ်ခြင်းကင်းသော သဘောထဲသို့ ပြေးဝင်သွားတတ်သောကြောင့်

လျက် ဖြစ်ပေါ်သော ထိုအာဝဇ္ဇန်းကြိယာစိတ်၏ အခြားမဲ့၌ စိတ်အစဉ်ကို အခြားအပြတ်မရှိအောင် ဆက်စပ်လျက် ရှေး ၂-ဝီထိ၊ ၃-ဝီထိ အတွင်းက သခ်ါရူပေက္ခာ၏ ထိုရှုမြင်ပုံအတူသာလျှင်။ သခ်ါရ တို့ကို အာရုံပြု ရှုမြင်လျက် ပဌမဇောစိတ် ဖြစ်ပေါ်၏။ ယင်း ပဌမဇောစိတ်ကို ပရိကံဟူ၍ ခေါ်အပ်၏။

အနိစ္စအခြင်းအရာ စသည်တို့တွင် တမျိုးတည်းသော အခြင်းအရာအားဖြင့် သုံးသပ်လျက် ခုနစ်ကြိမ်ဖြစ်ပေါ်ပြီး၍ ပျက်လတ်သော် ပျက်သော သခ်ါရူပေက္ခာသည် ဘဝင်သို့ သက်သည် မည်၏။ ဝိပဿနာဖြစ်သော ထိုသခ်ါရူပေက္ခာဇောမှ နောက်၌ ဘဝင်၏ အလှည့်ပေတည်း။ ဤသို့ နှလုံးသွင်းမှုကို ပြု၍ ဆိုတော်မူပေသည်။ တထေဝ- ဟူသည်ကား။ လွန်ကုန်ပြီးသော ဒွတ္တိဇဝနဝီထိသု ၂ခု ၃ခုသော ဇောဝီထိ =ဇောအစဉ်တို့၌ (အတွင်းဝင်သော) သခ်ါရူပေက္ခာသည် သခ်ါရတို့ကို မမြဲကုန်ဟူ၍ ဖြစ်စေ၊ ဆင်းရဲတို့ ဟူ၍ဖြစ်စေ၊ အတ္တ မဟုတ်ကုန်ဟူ၍ ဖြစ်စေ အာရုံပြု မှတ်ရှုဘိသကဲ့သို့ ထိုအတူသာလျှင်။

ဒွတ္တိံသကို ပြင်ဆင်ချက်

ယခုကာလ မြန်မာမူဋီကာပါဠိ စာအုပ်တို့၌ ဒွတ္တိ၏ အရာတွင် ဒွတ္တိံသဟု နိဂ္ဂဟိတ်, သ-အက္ခရာ, အပိုတို့နှင့် တကွ ချွတ်ယွင်း ပျက်စီးလျက်ရှိ၏။ ထိုပါဠိပျက်ကိုပင် အမှန်ဟု ယူဆပြီးလျှင်၊ "သမာပတ်ရှစ်ပါးကို ပဋိပဒါ, အဘိသညာတို့ဖြင့် မြှောက်ပွားခြင်း

စသည်ဖြင့် ရအပ်သော သခ်ါရုပေကွာ ၃၂မျိုး သည်ပင် ထိုဒွတ်တိသ်၏ အရဖြစ်သည်” ဟူ၍လဲ ကြံဆလျက် ဆိုဆုံးဖြတ်ကုန်၏။ သို့သော်လဲ **ဇဝနဝီထီသု**-ဟူသောဝိသေသျသခ်ျယျ ပုဒ်နှင့်သာ ဆိုင်သော **ထိုသခ်ျာ ဝိသေသနပုဒ်သည်** ဇောဝီထိတို့၏ အရေအတွက် သခ်ျာကိုသာ ပြနိုင်ပေသည်။ သခ်ါရုပေကွာတို့၏ အမျိုးအစား အရေအတွက်ကိုကား မပြနိုင်ပေ။ ထို့ကြောင့်,ထိုသို့ ကြံဆအပ်သော သခ်ါရုပေကွာ၃၂မျိုးသည် **ဇဝနဝီထီသု** ဟူသော ဋီကာ၏အရ အဓိပ္ပေတတ္ထ=လိုအပ်သော သချ်ယျ အနက် မဟုတ်သည်သာတည်း။ ထို့ပြင်,သဒိသာနုပဿနာ ဝီထိ၃၂ခု ဟူ၍လဲ ဆိုကြ၏။ ထိုစကားသည်လည်း အလုံးစုံသော အဋ္ဌကထာ ဋီကာတို့၌ သဒိသာနုပဿနာဝီထိ ၃၂ကြိမ်တိတိ ဖြစ်ကြောင်းကို ပြသော ထောက်ထားဘွယ် သာဓက လုံးဝမရှိသည့်ပြင် စတုတ္ထစျာန် အဖွင့်၌ ပြထားသော အောက်ပါ မဟာဋီကာနှင့်ပင် မညီသောကြောင့် မသင့်သေး သည်သာတည်း။

ထိုသို့သဘောရှိသော အဖန်ဖန် မှီဝဲစေခြင်း ထုံစေခြင်း၏ ထုံစေခြင်းကို အလိုရှိအပ်သည်၏ အဖြစ်ကြောင့် မဂ်ဝီထိမှ ရှေး၌ တူသော အခြင်းအရာအားဖြင့် ရှုသောကြောင့် သဒိသာနုပဿနာ ချည်းသော ဖြစ်ကုန်သော နှစ်ခုသုံးခုကုန်သော ဇောအလှည့် ဝီထိရတို့သည် တစပ်တည်း ဖြစ်ကုန်သကဲ့သို့ ဤအတူ ဤမဟဂ္ဂုတ် ဥပေက္ခာစျာန် အရာ၌လဲ ဥပေက္ခာသဟဂုတ် အပွနာစျာန် အလှည့် ဝီထိဝါရမှ ရှေး၌ ဥပေက္ခာသဟဂုတ် ချည်းသာ ဖြစ်ကုန်သော

နှစ်ခုသုံးခုကုန်သော ဥပစာရစျာန် ဇောအလှည့် ဝီထိဝါရတို့သည် တစပ်တည်း ဖြစ်ကုန်၏။ ဤသို့ ဆရာတို့ ဆိုကြကုန်၏။

ရှင်းလင်းဆုံးဖြတ်ချက်

အထက်ပါဋီကာတွင် ဧဝမိဓပိ-ပေ-ပဝတ္တန္တိ ဟူသော ဥပမေယျ သာဓျစကားသည်သာလျှင် အာစရိယ ဝါဒပေတည်း။ ၎င်းဝါဒကို တာဒိသာယ အာသေဝနာယ ကျွန်ုပ်တဗွတ္တာ ဟူသော စကားဖြင့် အကြောင်းပြ၍ “ယထာ မဂ္ဂဝီထိသော ပုဗ္ဗေ ဒွေ တယော ဇဝနဝါရာ သဒိသာနုပဿနာဝ ပဝတ္တိန္တိ”ဟူသော ဥပမာန သာကေ စကားဖြင့် နှိုင်းဆ၍ ယုံကြည်စေ၏။ ခိုင်မြဲစေ၏။ သို့ဖြစ်၍ ဤဥပမာန သာဓကစကားသည်ကား အာစရိယဝါဒမဟုတ် ဋီကာဆရာနှင့်တကွ အလုံးစုံသောဆရာတို့ သဘောတူ ဝန်ခံအပ်သော သမာနဝါဒ သာတည်း။ ဤသမာနဝါဒ ပကွာ၌ **ဒွေတယော**=နှစ်ဝါရ သုံးဝါရ ဟူ၍သာ ရှိပေသည်။ **ဒွတ္တိသ= ၃၂ဝါရ** ဟူ၍ကား မရှိပေ။ ထို့ပြင်,ဒွေ တယော ဟူသောပါဠိကို စာရေးကူးရာ၌ မှားယွင်းခဲ့သည် ဟူ၍လဲ ဆိုတွယ်မရှိပေ။ အဘယ့်ကြောင့်နည်းဟူမူ ဒွတ္တိသပုဒ်နှင့် ဒွေ တ ယော ပါဠိတို့မှာ ဆင်တူရိုးမှား မဟုတ်သည့်ပြင်, ၂-ဝီထိ၊ ၃-ဝီထိ ဆိုလျှင် အာသေဝနဖြစ်ရန် လုံလောက်နေခြင်းကြောင့် ပင်တည်း။ သို့ဖြစ်၍, ဤသမာနဝါဒ ဥပမာနပကွာနှင့် နှီးနှော တိုက်ဆိုင် ကြည့်လျှင် ဤအရာ၌ ဒွတ္တိသ ဟူသော ပါဠိမှာ အဆက်ဆက် ရေးကူးရာ၌ နိဂ္ဂဟိတ်နှင့် သ-အက္ခရာ ပိုလွန်လျက် ရေးမှားထားသော ပမာဒလေ

လျှင်၊ ယင်းအာရုံကို မလွတ်ဘဲသာလျှင် ပဌမအနုလုံစိတ်ဖြင့် ခုန်လွှားး၍၊ (ပရိကံဇော ဖြစ်သည်ဟု ဆိုလို၏)"ဟိုဘက်ကမ်းဆီသို့ ညွှတ်ကိုင်းရှိုင်းသော ကိုယ်ရှိသည်နှင့် တူစွာပင်" ဒုတိယ အနုလုံစိတ်ဖြင့် နိဗ္ဗာန်ဆီသို့ ညွှတ်ကိုင်းရှိုင်းသော စိတ်ရှိလျက် "ဟိုဘက်ကမ်းပေါ်သို့ ရောက်သည်နှင့် တူစွာပင်" တတိယအနုစိတ်ဖြင့် ယခုပင် ရောက်ရတော့မည် ဖြစ်သော နိဗ္ဗာန်နှင့် နီးကပ်သည်ဖြစ်၍ ထိုစိတ်ချုပ်သည်နှင့်တပြိုင်နက် ထို(စိတ်ချုပ်သည့် အလိုအားဖြင့်) သိအပ်ဆဲပင်ဖြစ်သော ထိုသခ်ါရအာရုံကို စွန့်လွှတ်ပြီးလျှင် သခ်ါရကင်း၍၊ ဟိုဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်၌ ဂေါတြဘူစိတ်ဖြင့် ကျသွားလေ၏။ သို့သော်လဲ တမျိုးတည်းသော နိဗ္ဗာန်အာရုံ၌ မှီဝဲစေခြင်း ထုံစေခြင်းကို မရသေးသောကြောင့် "တုန်တုန်ရီရီ ဖြစ်နေသော ထိုယောကျ်ားလိုပင်" ကောင်းစွာကား မတည်တံ့သေးပေ။ ထိုနောင် မဂ်ဉာဏ်ဖြင့် မတုန်မလှုပ် ကောင်းစွာတည်တံ့လေ၏။ (မြန်မာပြန်)

ဤအဋ္ဌကထာ၌ ပြအပ်သော ဥပမာ ဥပမေယျသည် ယောဂီတို့အား ဖြစ်ပေါ်ပုံနှင့် အလွန်ပင် ဆီဆိုင်ပါပေ၏။ ဥပမာနှင့် ဥပမေယျကို စပ်ဟပ်၍ အထပ်ထပ် စဉ်းစား ကြည့်ရှုပါလေ။ မဇ္ဈိမပဏ္ဏာသ ပါဠိတော် မဟာမာလုက္ယပုတ္တသုတ်(၉၉) နဝဂ်တ္တ ရပါဠိတော် မဟာဝဂ်, ပဉ္စမသုတ်(၂၂၀) စသည်တို့၌ မဂ်ဉာဏ်ဖြစ်ပုံကို အောက်ပါအတိုင်း ဟောတော်မူ၏။

ဤသာသနာ၌ ရဟန်းသည် ကာမတို့မှ ကင်းဆိတ်၍ သာလျှင် အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်၊ ကြံမှုလဲ ရှိသော

ဂေါတြဘူမည်၏။ သူစိမ်းပြင်ပတရားအနေဖြင့် ရှုမြင်အပ်သောကြောင့် ဗဟိဒ္ဓအရာ၌ တည်သော သခ်ါရအာရုံကို လွှမ်းမိုး လွန်မြောက်၍ သခ်ါရချုပ်ခြင်းသဘောဖြစ်သော နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားတတ်သောကြောင့် ဂေါတြဘူမည်၏။

"မဂ်ဉာဏ် ဖိုလ်ဉာဏ်"

ဂေါတြဘူဉာဏ်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကူးပြောင်းပုံ

(က) ဂေါတြဘူစိတ်၏ အခြားမဲ့၌လဲ နိဗ္ဗာန်ကိုပင် မျက်မှောက် သိမြင် အာရုံပြုလျက် မဂ်ဇောစိတ် တကြိမ် ဖြစ်ပေါ်၏။

ဤမဂ်စိတ်နှင့် ယှဉ်သော သိမှုသည် **မဂ်ဉာဏ်ပေတည်း၊ ဉာဏဒဿန ဝိသုဒ္ဓိလဲမည်၏။** မဂ်၏အခြားမဲ့၌လဲ နိဗ္ဗာန်ကိုပင် အာရုံပြုလျက် ဖိုလ်စိတ် ၂ကြိမ် ဖြစ်ပေါ်၏။ တိက္ခပညာ ပုဂ္ဂိုလ်ဖြစ်လျှင်ကား ရှေးအဖို့က အနုလုံဇော ၂ကြိမ်သာ ဖြစ်ခဲ့၍ မဂ်၏အခြားမဲ့၌ ဤဖိုလ်စိတ်သည် ၃ကြိမ် ဖြစ်ပေါ်၏။

ဖလသမာပတ် ဝင်စားသောအခါ၌ကား ဤဖိုလ်ဇောစိတ်သည် အပိုင်းအခြားမရှိ အကြိမ်များစွာလဲ ဖြစ်နိုင်၏။

ဤဖိုလ်စိတ်များနှင့် ယှဉ်သော သိမှုသည် **ဖိုလ်ဉာဏ် - မည်၏။** ဤမဂ်ဖိုလ်တို့၏ အာရုံပြုပုံသည်လည်း အပြင်မှနေ၍ အာရုံပြုသကဲ့သို့ သို့ မဟုတ်ပေ၊ သခ်ါရ ကင်းဆိတ် ချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက် နေရသလိုပင် သိခြင်းပေတည်း။

ထို့ကြောင့် မဂ်ဖိုလ်တရားတို့ကို "**အပ္ပနာ**=နိဗ္ဗာန်သို့

ရောက်သောတရား, နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေသလိုပင် ဖြစ်သော တရား"ဟု ခေါ်ဆိုပေသည်။

ဖိုလ်စိတ် ၂ကြိမ်,၃ကြိမ်မှ နောက်၌ ဘဝင်စိတ်များ ဖြစ်သင့်သမျှ ဖြစ်ပေါ်လေ၏။ ထို့နောင် ဆင်ခြင်စဉ်းစားမှု= ပစ္စဝေက္ခဏာစိတ်များ ဖြစ်ပေါ်ကုန်၏။

မဂ်ဝီထိ၌ နိဗ္ဗာန်ကိုချည်း အာရုံပြုလျက် ဖြစ်ပေါ်ကြသော ဤဂေါတြဘူ မဂ်ဖိုလ်တို့၏ ဖြစ်ရာ ကာလသည် တခဏ ကလေးမျှသာတည်း။ ထို့ကြောင့် ထိုစိတ်၃မျိုးသည် ယောဂီပုဂ္ဂိုလ်အား အပိုင်းအပိုင်း အကန့်အကန့် ပြတ်ခြားလျက်ကား မထင်ရှားတတ်ပေ။ ဖြစ်ပေါ်ပုံအားဖြင့် သာလျှင် ထင်ရှားတတ်ပေသည်။ ထင်ရှားပုံကား။ ။ မှတ်သိအပ်ဆဲ သခ်ါရအာရုံနှင့်, မှတ်သိမှု သခ်ါရတို့မှ လွတ်၍ သခ်ါရချုပ်ငြိမ်းသော သဘောသို့ ရှေးဦးစွာ ကျရောက်သွားပုံလဲ ထင်ရှားပေ၏။ ထိုသခ်ါရချုပ်ငြိမ်းသော သဘောထဲ၌ ဝင်ရောက်နေရသကဲ့သို့, တခဏမျှ တည်နေပုံလဲ ထင်ရှားပေ၏။ ထိုသခ်ါရချုပ်ငြိမ်းသော သဘော၌ ရောက်နေရာမှ ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဖြစ်လာပုံလဲ "အိပ်ပျော်ရာမှ နိုးလာသကဲ့သို့ငင်း၊ ရေထဲမှ ဘွားကနဲ ပေါ်လာသကဲ့သို့ငင်း" ထင်ရှားပေ၏။ ထို့ကြောင့် သုတရှိသူဖြစ်လျှင်"သခ်ါရချုပ်ငြိမ်းရာသို့ ရှေးဦးစွာ ကျရောက် သွားသော သဘောကို ဂေါတြဘူဟူ၍ငင်း၊ သခ်ါရအာရုံ ချုပ်ငြိမ်း ကင်းဆိတ် လျက် တခဏမျှ တည်တံ့သော အလယ်ပိုင်းသဘောကို မဂ်ဟူ၍ငင်း၊ ဆင်ခြင်မှုမဖြစ်မီက သခ်ါရအာရုံ ချုပ်ငြိမ်းနေသော နောက်ဆုံးပိုင်း

သဘောကို ဖိုလ်ဟူ၍ငင်း" ပိုင်းခြားဆုံးဖြတ်နိုင် ရာ၏။ ဤသို့သော ဖြစ်ပုံကို နားလည်စေရန် ဝိသုဒ္ဓိမဂ်၌ ဥပမာနှင့်တကွ အောက်ပါအတိုင်း ပြတော်မူ၏။

မြန်မာပြန်

အတော်အတန်ကြီးသော ရေမြောင်းငယ်ကို ခုန်ကျော်၍ ဟိုဘက်ကမ်း၌ တည်လိုသော ယောကျ်ားသည် လျင်သော အဟုန်ဖြင့် (ရှစ်လှမ်းခန့်) ပြေးလွှားပြီးလျှင် ရေမြောင်း၏ သည်ဘက်ကမ်းမှာရှိသော သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလဲချထားသော ကြိုးကိုဖြစ်စေ, ဒုတ်ကိုဖြစ်စေ, ဆွဲကိုင်ပြီးလျှင် ခုန်လွှား၍ ဟိုဘက်ကမ်းဆီသို့ ညွှတ်ကိုင်းရှိုင်းသော ကိုယ်ရှိလျက် ဟိုဘက်ကမ်းပေါ်သို့ ရောက်လျှင် ဆွဲကိုင်ထားသည့် ထိုကြိုးဒုတ်ကို လက်လွှတ်လိုက်၍ ဟိုဘက်ကမ်း၌ တုန်တုန်ရီရီ ဖြစ်လျက် ကျသွားပြီးလျှင် တဖြေးဖြေး (အားယူကာ) တည်တံ့သွားသကဲ့သို့ ဤအတူပင်၊ ဘဝ ယောနိ ဂတိ ဌိတိ နိဝါသတို့၏ ဟိုဘက်ကမ်းသဖွယ်ဖြစ်သော နိဗ္ဗာန်၌တည်လိုသော ဤယောဂီသည်လည်း ဥဒယဗ္ဗယဉာဏ်စသော ဉာဏ်ရှစ်ပါးအဟုန်တို့ဖြင့် ပြေးသွားပြီးလျှင် မိမိကိုယ်တည်းဟူသော သစ်ပင်၏ကိုင်း၌ ဖွဲ့ချည်၍ တွဲလဲချထားသည်နှင့်တူသော ရုပ်တည်းဟူသော ကြိုးကိုဖြစ်စေ, ဝေဒနာစသည်တို့တွင် တပါးပါးသော နာမ်တည်းဟူသော ဒုတ်ချောင်းကိုဖြစ်စေ, အနုလောမဉာဏ်၏ ရှေ့သွား အာဝဇ္ဇန်းစိတ်ဖြင့် "အနိစ္စဟူ၍သော်ငင်း၊ ဒုက္ခဟူ၍သော်ငင်း၊ အနတ္တဟူ၍သော်ငင်း" ဆင်ခြင်ဆွဲကိုင်ပြီး

ကိုသာ ပြဆိုလေသည်။ ရုပ်နာမ် အလုံးစုံကို တပေါင်းတည်း ရှုသောဉာဏ်၏ အခြားမဲ့၌ ဂေါတြဘူ, မဂ်ဉာဏ် ဖြစ်ကြောင်း ကိုကား မုချအားဖြင့် မပြဆိုချေ။ ဧကပွ-ဟုရေန ပဥ္စဟိ ခန္ဓေဟိ ဝုဋ္ဌာဟိ ဟူသော စကားသည်လည်း နိပ္ပရိယာယ= မုချ စကား မဟုတ်ပေ။ ဉာဏ်ထူးကဲသော ပုဂ္ဂိုလ်အား တထိုင် အတွင်း, တခဏ အတွင်း၌ လျင်မြန်စွာ ဝိပဿနာဉာဏ်, မဂ်ဉာဏ် ဖြစ်သည်ကိုသာ ရည်၍ ဆိုအပ်သော သန္ဓာယ ဘာသိတာ= ပရိယာယ် စကားမျှ သာတည်း။

(၁) သို့ဖြစ်၍ ဤပဋိသန္ဓိဒါမဂ် ပါဠိ၌ ဆိုလိုရင်း အဓိပ္ပါယ်ကို ဤသို့သိအပ်၏။ ဖြစ်ပျက်ဆဲ ရုပ်နာမ်ခန္ဓာ တပါးပါးကို မမြဲဟု ရှုမြင်လျက် အနုလောမဉာဏ်ဖြစ်ပေါ်သည်။ ထိုဉာဏ်၏ အခြားမဲ့၌ ထိုမမြဲသော ရုပ်နာမ် ဟူသမျှ၏ ချုပ်ငြိမ်း ကင်းဆိတ်သော သဘောကို မြဲသည့် အနေအားဖြင့် မျက်မှောက် သိမြင်လျက် ဂေါတြဘူနှင့်တကွ မဂ်ဉာဏ် ဖြစ်ပေါ်သည်ဟူသော ဤအဓိပ္ပါယ်ကို သိအပ်၏။ ဝိပဿနာဉာဏ် ဖြစ်ခိုက်၌ မှတ်သိရတဲ့ ရုပ်နာမ်၏ အစ,အဆုံး=အဖြစ်,အပျက်ကို မျက်မှောက်တွေ့ရ၍ မမြဲဟု သိသာထင်ရှား၏။ နိဗ္ဗာန်ကိုအာရုံပြုသော ဂေါတြဘူ, မဂ်, ဖိုလ် အခိုက်၌ကား အဖြစ်အပျက်ကို မတွေ့ရပြီ။ သခ်ါရချုပ်ငြိမ်း ကင်းဆိတ်သော သဘောမျှသာ ထင်ရှားတော့၏။ ထို့ကြောင့် နိဗ္ဗာန်သဘောကို ဖြစ်ခြင်း, ပျက်ခြင်းမရှိဘဲ မြဲသည့်အနေအားဖြင့် သိမြင်နိုင် ပေသည်။ နောက်အပိုဒ်တို့၌လဲ အနုလောမဉာဏ်, မဂ်ဉာဏ် ဖြစ်ပေါ်ပုံကို နည်းတူပင် သိပါလေ။

(၂) ငါးပါးသောခန္ဓာတို့ကို အထင်အရှားပျက်သည်= အကြီးအကျယ်ပျက်သည်ဟု မြင်လျက် အနုလောမဉာဏ်ကို ရ၏။ ငါးပါး

ဆင်ခြင်မှုလဲရှိသော ကင်းဆိတ်မှုကြောင့် ဖြစ်ပေါ်သည့် အားရနှစ်သိမ့်မှု, စိတ်ချမ်းသာမှုလဲရှိသော ပဌမဈာန်သို့ ရောက်လတ်ဝင်စားလျက် နေ၏။ ထိုပဌမဈာန်ဖြစ်ဆဲ ခဏ၌ အကြင် ရုပ်ဝေဒနာသညာ သခ်ါရ ဝိဉာဏ်သည်သာလျှင် ဖြစ်ပေါ်၏ ရှိ၏။ ထိုရုပ်ဝေဒနာသညာ သခ်ါရ ဝိဉာဏ်တရားတို့ကို ထိုရဟန်းသည် မမြဲဟု ရှုမြင်၏။ ဆင်းရဲဟု ရှုမြင်၏။ အမြစ်ပြတ်မပျောက်နိုင်သည့် ယာပျရောဂါနှင့် တူသည်ဟု ရှုမြင်၏။ မူလရင်း ရောဂါနှင့်တူသည်ဟု ရှုမြင်၏။ အိုင်းအမာ အနာစိမ်းနှင့်တူသည်ဟု ရှုမြင်၏။ စူးဝင်နေသော မြားငြောင့်နှင့် တူသည်ဟု ရှုမြင်၏။ နာဖျားမှုလိုပင် နှိပ်စက်တတ်သည်ဟု ရှုမြင်၏။ သူစိမ်းပြင်ပတရားဟု ရှုမြင်၏။ ဖရိုဖရဲ ပြိုကွဲယွင်းဖောက် လွင့်ပျောက် ပျက်စီးသွားသည်ဟု ရှုမြင်၏။ ပိုင်ရှင်ငါကောင်မှ ကင်းဆိတ် နေသည်ဟု ရှုမြင်၏။ အစိုးပိုင်သူ ငါကောင်မဟုတ်ဟု ရှုမြင်၏။ ထိုသို့ရှုမြင်သောရဟန်းသည် စိတ်ကို ရှုမြင်အပ်သော ထိုခန္ဓာ ရုပ်နာမ် တရားတို့မှ ဆုတ်နစ်စေ၏။ ထိုရဟန်းသည် စိတ်ကို ရှုမြင်အပ်သော ထိုခန္ဓာ ရုပ်နာမ် တရားတို့မှ ဆုတ်နစ်စေ၍ သေခြင်းပျက်ခြင်းကင်းသော နိဗ္ဗာန်ဓာတ်၌ နိဗ္ဗာန်ဓာတ်သို့ စိတ်ကို ဆောင်ပို့သွင်းထား၏။ အဘယ်သို့ ဆောင်ပို့သွင်းထား သနည်း ဟူမူကား၊ သခ်ါရ အလုံးစုံ၏ ငြိမ်းရာလဲဖြစ်သော၊ ဥပဓိ အလုံးစုံကို စွန့်လွှတ်ရာလဲဖြစ်သော တဏှာကုန်ရာလဲဖြစ်သော၊ တပ်မက်မှု ပြယ်ရာလဲဖြစ်သော သခ်ါရတို့၏ ချုပ်ကွယ်ရာလဲ ဖြစ်သော သခ်ါရငြိမ်းမှု ဟူသော အကြင်နိဗ္ဗာန်သည် ရှိ၏။ ဤသခ်ါရငြိမ်းမှု နိဗ္ဗာန်သည် ငြိမ်သက်၏။ ဤသခ်ါရငြိမ်းမှု နိဗ္ဗာန်သည် မရောင့်ရဲ နိုင်လောက်အောင် ကောင်း၍ မွန်မြတ်၏။ ဤသို့ဆောင်ပို့သွင်းထား၏။

မင်္ဂိစိတ်ဖြစ်ခိုက်၌ “ဧတံ သန္တံ ဧတံ ပဏီတံ”ဟု အထူး ဆင်ခြင် ရွတ်ဆိုနေသည်ကား မဟုတ်ပေ။ သခ်ၤါရချုပ်ငြိမ်း ကင်းပြတ်သော သဘောကို “ဝင်ရောက်လျက် တွေ့သိရသလိုပင်” ငြိမ်သက် ကောင်းမြတ်သည့် အနေအားဖြင့် မျက်မှောက် တွေ့သိ လျက် ဖြစ်ရုံမျှ သာတည်း။ “သခ်ၤါရ ချုပ်ငြိမ်းကင်းပြတ်သော သဘောက ငြိမ်သက်ပေသည်။ မွန်မြတ်ပေသည်၊ ကောင်းပါပေ သည်”ဟု ဤသို့သော အသိမျိုးသည်ကား ပြန်၍ဆင်ခြင်မှု ပစ္စ ဝေက္ခဏာကာလ၌သာလျှင် ထင်ရှားဖြစ်ပေါ်ပေသည်။ အောက်ပါ မှာ ပဏ္ဏသ အဋ္ဌကထာ ပေတည်း။

နိဗ္ဗာန်ကိုအာရုံပြုသည့် အလိုအားဖြင့်သာလျှင် မင်္ဂိစိတ်ကို ဆောင်ပို့သွင်းထားသည် မည်၏။ (နိဗ္ဗာန်ကိုအာရုံပြုလျက် မင်္ဂိစိတ် ဖြစ်ပေါ်သည်ကိုပင် “နိဗ္ဗာန်သို့ စိတ်ကို ဆောင်ပို့သည်”ဟုဆိုသည်) ဤနိဗ္ဗာန်က ငြိမ်သက်ပေသည်။ ဤနိဗ္ဗာန်က ကောင်းမွန် ပေသည်ဟူ၍ ဤသို့ကား မင်္ဂိစိတ်ဖြစ်ခိုက်၌ ရွတ်ဆိုနေသည် မဟုတ်ပေ။ ထိုသို့ပင် မဆိုငြားသော်လည်း ငြိမ်သက်ကောင်း မွန်သော ဤအခြင်းအရာအားဖြင့် ထိုနိဗ္ဗာန်ကို တဲ့တဲ့ မျက်မှောက် ထွင်းဖောက် သိမြင်သော သူသည် ထိုနိဗ္ဗာန်သို့ စိတ်ကို ဆောင်ပို့ သည် မည်၏။

ပဋိသန္ဓိဒါမင်္ဂိ၌ အနိစ္စအာကာရ ၁၀ပါး၊ ဒုက္ခအာကာရ ၂၅-ပါး၊ အနတ္တအာကာရ ၅ပါး ဟူသော ဤအခြင်းအရာ (၄၀)တို့တွင် တပါးပါး၏ အလိုအားဖြင့် ရှုမြင်လျက် အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင် ထိုအခြင်းအရာ၏ ပြောင်းပြန်

ဆန့်ကျင်ဘက်အားဖြင့် နိဗ္ဗာန်ကို သိမြင်လျက် မဂ်ဉာဏ်ဖြစ် ပေါ်ပုံကို အပိုဒ်(၄၀)တို့ဖြင့် ဝေဖန်၍ ဟောတော်မူ၏။ ထို အပိုဒ်၄၀တို့မှ ၆ပိုဒ်မျှကိုသာလျှင် ထုတ်ဆောင်၍ ဤ၌ပြအံ့။

ငါးပါးသော ခန္ဓာတို့ကို မမြဲဟု မြင်ဆဲသောသူသည် မြင်လျက်, မြင်စဉ် အနုလောမဉာဏ်ကိုရ၏။ ငါးပါးသော ခန္ဓာတို့ ၏ ချုပ်ကွယ်ခြင်းသည် မြဲသောနိဗ္ဗာန်တည်းဟု မြင်ဆဲသော သူသည် မြင်လျက်,မြင်စဉ် အရိယာမဂ်သို့ သက်ရောက်၏။

ဤပါဠိ၌ ‘ပဉ္စက္ခန္ဓေ’ သာမညအားဖြင့် တပေါင်းတည်း ဟောအပ်သော စကားသည် သဗ္ဗသဂ်ါဟိက= ပုဂ္ဂိုလ်အမျိုးမျိုးတို့ ရှုမြင်အပ်သော ခန္ဓာအလုံးစုံတို့ကို ပေါင်းရုံး၍ပြသော စကားမျှ သာတည်း။ ခန္ဓာငါးပါးလုံးကို တပေါင်းတည်း တပြိုင်နက် ရှုမြင် သည်ဟူ၍ကား မဆိုလိုပေ။ အမှန်အားဖြင့်သော်ကား ခန္ဓာငါးပါး ထဲက တပါးပါးသောခန္ဓာ, တပါးပါးသောရုပ်တရား၊ တပါးပါးသော နာမ်တရား ကိုသာလျှင် မျက်မှောက်ရှုမြင်လျက် အနုလောမဉာဏ် ဖြစ်သည် ဟူ၍သာ ပြဆိုလိုပေသည်။ ထို့ကြောင့်ပင် ထုတ်ပြခဲ့သော ဝိသုဒ္ဓိမဂ်၌ ရူပရဏ္ဍံ ဝါ ဝေဒနာဒီသု အညတရ ဒဏ္ဍံ ဝါ ဟူသော ပါဠိဖြင့်၊ ‘ရူပ်ကိုသာဖြစ်စေ, ဝေဒနာ သညာ သခ်ၤါရ ဝိညာဏ်တို့တွင် တပါးပါးသောနာမ်ကိုသာ ဖြစ်စေ, ရှုမြင်လျက်၊ အနုလောမဉာဏ် ဖြစ်ကြောင်းကို” ပြဆိုလေပြီ။ ထို့ပြင်များစွာသော အဋ္ဌကထာ တို့၌လဲ **ရူပါ ဝုဋ္ဌာတိ, အရူပ ဝုဋ္ဌာတိ**ဟူသော ပါဠိတို့ဖြင့် ရုပ်ကိုရှုသော အနုလောမဉာဏ်, နာမ်ကိုရှုသော အနုလောဉာဏ် တို့၏ နောက်အခြားမဲ့၌ ဂေါတြဘူ, မဂ်ဉာဏ်တို့ ဖြစ်ပေါ်ကြောင်း

မဂ်ဖြစ်ဆဲခဏာ “ ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ကွယ်ခြင်း သဘောရှိသည်”ဟူ၍ နှလုံးသွင်းဆင်ခြင်မိသည်ကား မဟုတ်ပေ။ အမှန်အားဖြင့်သော်ကား ဖြစ်ခြင်းသဘောရှိသော သခါရအလုံးစုံတို့၏ ချုပ်ငြိမ်းကင်းဆိတ်သော နိဗ္ဗာန်ကို မျက်မှောက် သိရုံမျှသာ ဖြစ်ပေသည်။ သို့သော် မဂ်ခဏ၌ ထိုသို့သိလျက် ဖြစ်ခြင်း ကြောင့် ဆင်ခြင်ခိုက် ပစ္စဝေက္ခဏာ ခဏ၌ “အာရုံနှင့်, မှတ်သိမှု ဝိပဿနာ, တည်းဟူသော ဖြစ်ပေါ်တတ်တဲ့ သခါရအလုံးစုံတို့၏ ချုပ်ငြိမ်းကင်းဆိတ်ရာသို့ ရောက်သွားသည်” ဟူ၍လဲ သိနိုင်၏။ “အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ရောက်သော အခါ၌ ဖြစ်ပေါ်တတ်တဲ့ သခါရအလုံးစုံ ချုပ်ငြိမ်း ကင်းဆိတ်သည်” ဟူ၍လဲ သိမြင် သဘောကျနိုင်၏။ ထို့ပြင် “ဖြစ်ပေါ်သမျှ သခါရအလုံးစုံသည် ချုပ်ပျက် ကွယ်ပျောက်သည် ချည်းပင်” ဟူ၍လဲ သိမြင်နိုင်ပေ၏။ ထို့ကြောင့်ပင် မဂ်ဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် ဆင်ခြင် ပြီးသည့် နောက်၌ မှတ်မြဲ ဆက်၍ မှတ်လျှင် အဖြစ်အပျက်ကို သိမြင်သော ဉဒယဗ္ဗယဉာဏ်၌ တည်ပေသည်။ အောက်ပါမှာ ထိုပါဠိ၏ အဖွင့်အဋ္ဌကထာ ပေတည်း။

ဓမ္မစက္ခုံဟူသော ပုဒ်ဖြင့် ဤအမွှဋ္ဌသုတ်၌ သောတာပတ္တိမဂ်ကို ဆိုလိုအပ်၏။ (ဗြဟ္မာယုသုတ်၌ အောက်မဂ်သုံးပါးကို, ရာဟုလောဝါဒသုတ်၌ မဂ်လေးပါးလုံးကို ဓမ္မစက္ခုဟု ဟောသေး၏။) ထိုမဂ်၏ ဖြစ်ပုံအခြင်းအရာကို ပြခြင်းငှာ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓ ဓမ္မန္တိ ဟူ၍ ဟောတော်မူ၏။ (မဂ်သည် အသခ်တ

သော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည် ပျက်ခြင်းသဘောမရှိသော နိဗ္ဗာန်- ပျက်ခြင်း ကင်းသော နိဗ္ဗာန်တည်းဟု မြင်လျက် အရိယာမဂ်သို့ သက်ရောက်၏။ (၄၁၂)

(၃) ငါးပါးသောခန္ဓာတို့ကို ဆင်းရဲဟု မြင်လျက် အနုလောမဉာဏ် ကို ရ၏။ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည် ချမ်းသာသော နိဗ္ဗာန်တည်းဟု မြင်လျက် အရိယာမဂ်သို့ သက်ရောက်၏။ (၄၁၁)

(၄) ငါးပါးသောခန္ဓာတို့ကို ကြောက်ဖွယ်ဘေးဟု မြင်လျက် အနုလောမဉာဏ်ကို ရ၏။ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည် ဘေးကင်းသော နိဗ္ဗာန်တည်းဟု မြင်လျက် အရိယာမဂ်သို့ သက်ရောက်၏။ (၄၁၂)

(၅) ငါးပါးသောခန္ဓာတို့ကို အစိုးပိုင်သူ ငါကောင်မဟုတ်တဲ့ သဘောတရားမျှဟု မြင်လျက် အနုလောမဉာဏ်ကို ရ၏။ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည် အလွန်မြင့်မြတ်သော သဘော နိဗ္ဗာန်တည်းဟု မြင်လျက် အရိယာမဂ်သို့ သက်ရောက်၏။(၄၁၃)

(၆) ငါးပါးသောခန္ဓာတို့ကို အချည်းနှီး အသုံးမကျ အဖိုးမတန်သော သဘောမျှဟု မြင်ဆဲသောသူသည် မြင်လျက်, မြင်စဉ် အနုလောမဉာဏ်ကို ရ၏။ ငါးပါးသော ခန္ဓာတို့၏ ချုပ်ကွယ်ခြင်းသည် အချည်းနှီး နှင့် ဆန့်ကျင်, အသုံးဝင် အဖိုးတန်, မြင့်မြတ် သော နိဗ္ဗာန်ဟု မြင်ဆဲသောသူသည် မြင်လျက်,မြင်စဉ် အရိယာမဂ်သို့ သက်ရောက် ၏။ (၄၁၃)

ဤပါဠို ၆ပိုဒ်တို့တွင် ပဌမ ၂ပိုဒ်သည် အနုလောမဉာဏ်ဖြင့် အနိစ္စလက္ခဏာကို မြင်၍ အနိမိတ္တမဂ် ဖြစ်ပုံကိုပြ၏။ ဒုတိယ ၂ပိုဒ်သည် ဒုက္ခလက္ခဏာကို မြင်၍ အပ္ပဏိဟိတမဂ် ဖြစ်ပုံကို ပြ၏။ တတိယ ၂ပိုဒ်သည် အနတ္တလက္ခဏာကို မြင်၍ သုညတမဂ် ဖြစ်ပုံကို ပြ၏။ ကြွင်းသော ပါဠို ၃၄ပိုဒ်တို့ကို ပဋိသမ္ဘိဒါမဂ် ဝိပဿနာ ကထာ၌ ကြည့်ရှု၍ မှတ်သားပါလေ။ အကျဉ်းအားဖြင့် သိလိုလျှင်ကား ပဋိသခ်ီဉာဏ်အရာ၌ ပြခဲ့သော အခြင်းအရာ လေးဆယ်ကို ကြည့်ရှုပါလေ။ ထိုလေးဆယ်သည် အနုလောမဉာဏ်ဖြင့် သိမြင်အပ်သော အခြင်းအရာများ ဖြစ်ပေသည်။

အဆင့်ဆင့်ကျင့်ပုံ

အဆင့်ဆင့် နှလုံးသွင်း ရှုမှတ်စဉ် နှလုံးသွင်း ရှုမှတ်သော ထိုယောဂီ၏ ထိုနှလုံးသွင်း ရှုမှတ်သော စိတ်သည် မကုန်မဆုံးနိုင်အောင် မပြတ်ဖြစ်နေသော ရူပနာမ်အယဉ်ကို လွန်မြောက်၍ မပြတ်ဖြစ်နေသော ရူပနာမ် အယဉ်မှ ပြောင်းပြန် ဆန့်ကျင်သော သဘောသို့ ဖြစ်ပေါ်မှုကင်းသော သဘောသို့ သက်ရောက်၏။မြတ်သော မိလိန္ဒမင်းကြီး နည်းလမ်းမှန်စွာ ကျင့်သည်ဖြစ်၍ ဖြစ်မှု ကင်းသည့် သဘောသို့ ဆိုက်ရောက်သော ပုဂ္ဂိုလ်ကို နိဗ္ဗာန်ကို မျက်မှောက်ပြုသည် ဟူ၍ ဆိုအပ်ပေ၏။(၃၁၁)

တသွင်သွင် မပြတ်စီးနေသော မြစ်ရေအယဉ်ကို ကြည့်ရှု နေရသကဲ့သို့ ဝိပဿနာဉာဏ် ဖြစ်ဆဲ၌ တခုပြီးတခု မကုန်ဆုံးနိုင်အောင်

ဖြစ်ပျက်လျက် ထင်ရှားနေသော ရူပနာမ် အယဉ်ကို အဆင့်ဆင့် နှလုံးသွင်း ရှုကြည့် မှတ်သိလျက်ရှိ၏။ ထိုသို့ မှတ်သိနေဆဲမှာပင်, အထူး သွက်လက် ထင်ရှားစွာသော ဝုဋ္ဌာနဂါမိနီ အသိများ ဖြစ်ပေါ်ပြီးလျှင် ယောဂီ၏စိတ်သည် မှတ်သိနေကျဖြစ်သော ရူပနာမ် အယဉ်ကို နှလုံးမသွင်းမိတော့ဘဲ ထို မပြတ်ဖြစ်နေတဲ့ ရူပနာမ် အယဉ်မှ ပြောင်းပြန် ဆန့်ကျင်သော သဘောထဲသို့ ဝင်သွားသလိုပင် ကျရောက်သွား၏။ မပြတ်ဖြစ်နေတဲ့ ရူပနာမ် အယဉ်မှ ပြောင်းပြန်ဆန့်ကျင်သော သဘောဟူသည်မှာ မပြတ်ဖြစ်နေသော ရူပနာမ်အာရုံနှင့်, မှတ်သိမှုတို့၏ ချုပ်ငြိမ်းခြင်း ကင်းဆိတ်ခြင်းပင်တည်း။ ကျရောက်သွားသော စိတ်ဟူ သည်မှာလဲ ဂေါတြဘူစိတ်, မဂ်စိတ်, ဖိုလ်စိတ် ပင်တည်း။ ဤသို့ ကျရောက်သွားလျှင် ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်ကိုမျက်မှောက်ပြု ရသည် မည်၏-ဟူလို။

များစွာသော သုတ် ပါဠိတော်တို့၌ မဂ်ဉာဏ်ဖြစ်ပုံကို “ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓိဓမ္မန္တိ”ဟု ဟောတော်မူ၏။

ဖြစ်ခြင်းသဘောရှိသော ဖြစ်ပေါ်တတ်သော အကြင် အမှတ်မရှိ တစုံတခုသော တရားသည် ရှိ၏။ ထိုဖြစ်ပေါ်သမျှ တရားအလုံးစုံသည် ချုပ်ကွယ်ခြင်း သဘောရှိ၏။ ချုပ်ကွယ်သည်ချည်း ပင်တည်း။ ဤသို့ သိမြင်သော အခြင်းအရာဖြင့် မဂ်အသိအမြင် တည်းဟူသော ဉာဏ်မျက်စိသည် ဖြစ်ပေါ်လေ၏။

ထိုကိလေသာတရားသည် အဘယ်တရားပေနည်း။ ဤသို့ ယုံမှားတွေးတောခြင်း ဖြစ်ပါသည် အရှင်ဘုရား။ ဤသို့ မေးမြန်းလျှောက်ထား၏။ မဟာနာမ်မင်း သင်၏ ကိုယ်တွင်း သန္တာန်၌ မပယ်ရသေးသော တရားသည် ကြည်လင်သော စိတ်ကို ကုန်ဖျောက်စေသော ထိုလောဘ, ဒေါသ, မောဟ တရားပင်တည်း။ ဤသို့စသည်ဖြင့် မြတ်စွာဘုရားက ဖြေကြား ဟောပြတော်မူ၏။

ပစ္စဝေက္ခဏာ ၁–ပါးတည်းလဲ ဖြစ်ကြောင်း

သကဒါဂါမ်ဖြစ်သော ဤမဟာနာမ်မင်းသည် လောဘ ဒေါသ မောဟ တို့ကို သကဒါဂါမိမဂ်က အကြွင်းမဲ့ ပယ်အပ်ကုန်၏ဟု အမှတ်ရှိသည် ဖြစ်သတတ်။ ဤမင်းသည် ငါ့မှာ မပယ်ရသေးသော ကိလေသာရှိသေးသည် ဟူ၍လဲ သိ၏။ မပယ်ရသေးသည်ကို စွဲမှီ၍ ပယ်အပ်ပြီးသော ကိလေသာသည် တဖန် နောက်ကာလ၌ လည်၍ဖြစ်သည်=ပြန်ဖြစ်သည်ဟု အမှတ်ရှိသည် ဖြစ်၏။ ဤသို့သော ယုံမှားခြင်းသည် ဖြစ်တတ်ပါသေးသလောဟူမူ၊ ဖြစ်တတ်သည် မှန်ပေ၏။ အဘယ်ကြောင့် ဖြစ်ပါသနည်းဟူမူ ဒေသနာပညတ်၌ မကျွမ်းကျင် နားမလည်ခြင်းကြောင့်ပေတည်း။ ချဲ့၍ပြဦးအံ့။ ဤကိလေသာကို ဤမည်သော မဂ်က သတ်အပ်သည်ဟူသော ဤဒေသနာပညတ်၌ နားမလည်သော အရိယာသာဝကအား သော်လဲ ဤသို့သော ယုံမှားသည် ဖြစ်တတ်၏။ ထိုအရိယာသာဝကအား ဆင်ခြင်မူ ပစ္စဝေက္ခဏာသည် မရှိသလောဟူမူ ရှိပေ၏။ သို့သော်လဲ ထိုပစ္စဝေက္ခဏာသည် အလုံးစုံသော

တရားကိုသာ အာရုံပြု၏။ သခ်ၤတကိုကား အာရုံမပြု၊ သို့ဖြစ်ပါလျက် “ ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓ ဓမ္မံ”ဟု သိမြင်လျက်၊ မဂ်ဖြစ်ကြောင်းကို အဘယ့်ကြောင့် ဆိုပါသနည်းဟူသော ဤအမေးကို တဉ်-စသော ဝါကျဖြင့် ဖြေ၏။) ဥပုတ္တိ အာကာရ ဒဿနတ္ထံဟု ဆိုရခြင်း အကြောင်းကား ထိုမဂ်ဉာဏ်သည် သခ်ၤါရ အလုံးစုံ၏ ချုပ်ငြိမ်းကင်းဆိတ်ရာ ဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ မတွေ့မဝေသိခြင်းကိစ္စ ပြီးသည့်အလိုအားဖြင့် အလုံးစုံသော သခ်ၤါရတရားကို ဧဝံ၊ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗန္တံ နိရောဓ ဓမ္မံ-ဟု သိသော ဤအခြင်းအရာဖြင့် တဲ့တဲ့ ထွင်းပေါက် သိမှုပြီးမြောက်လျက် ဖြစ်ပေ၏။

အထူးသတိပြုဘွယ်

မဂ္ဂဝိထိ ကျပုံကို ပြဆိုခြင်းငှာ အဋ္ဌကထာတို့၌ငင်း, ဤကျမ်း၌ငင်း, ဗဟုသုတ အလို့ငှာသာတည်း။ တဝိထိအတွင်း၌ အာရုံတူသော စိတ်အကြိမ်များကို မည်ရွေ့ မည်မျှ ဖြစ်သည်ဟု အသီးအသီး ပိုင်းခြားရေတွက်၍ ပစ္စက္ခအားဖြင့် သိရန်ကား မဖြစ်နိုင်ပေ။ ထို့ကြောင့် မဂ္ဂဝိထိ ဖြစ်စဉ်၌ မည်သည့် ဇောစိတ်က မည်မျှ ဖြစ်သနည်းစသည်ဖြင့် မစီစစ်အပ်ပြီ။ ရှေးအဖို့က အနုလောမဉာဏ် တိုင်အောင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ် လာခဲ့ပုံကိုငင်း, ထူးခြားသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ ဖြစ်ပုံကိုငင်း,

အနုလုံဟုခေါ်သော နောက်ဆုံး မှတ်သိမှု၏ အခြားမဲ့၌ နိဗ္ဗာန်အာရုံသို့ အလိုလို ကူးပြောင်း ကျရောက်သွားပုံကိုငင်း,

ထို့နောင် ဆင်ခြင်မှု ပစ္စဝေက္ခဏာ ဖြစ်ပေါ်လာပုံကိုငှင်း, ထို့နောင် မှတ်မြဲ မှတ်လျက် ဥဒယဗ္ဗယညာဏ် အဆင့်၌ တည်ပုံကိုငှင်း, ဤအချက်များကိုသာလျှင် အထူး အလေးပြု၍ ပါဠို အဋ္ဌကထာတို့နှင့် ညီသည်, မညီသည်ကို စဉ်းစား နှိုင်းခြိန် အပ်ပေသည်။

အနုလောမ, ဂေါတြဘူ, မဂ်, ဖိုလ်ညာဏ် ပြီး၏။

×××××

“ပစ္စဝေက္ခဏာညာဏ်”
ဖိုလ်ညာဏ်မှ ပစ္စဝေက္ခဏာညာဏ်သို့ ကူးပြောင်းပုံ

မဂ်ညာဏ်, ဖိုလ်ညာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်ပြီးသော ပုဂ္ဂိုလ်သည် မိမိ ရောက်ပြီးသော မဂ်,ဖိုလ်,နိဗ္ဗာန်တို့ကို ရှေးဦးစွာ ပြန်၍ ဆင်ခြင်မိ၏။ သုတရှိသူ ဖြစ်လျှင်ကား ပယ်ပြီး ကင်းပြီးသော ကိလေသာ, မပယ်ရသေး မကင်းသေးသော ကိလေသာတို့ကိုလဲ ဆက်လက်၍ စဉ်းစား ဆင်ခြင်မိတတ် သေး၏။ ဤဆင်ခြင်မှုတို့၌ ပါဝင်သော အသိညာဏ်သည် **ပစ္စ ဝေက္ခဏာ ညာဏ်** မည်၏။

နိဗ္ဗာန်ကို မျက်မှောက်သိပြီးသော ပညာရှိသည် ရှေးအဖို့က မှတ်သိခဲ့သော ဝိပဿနာမဂ်နှင့်တကွ သခ်ါရ ချုပ်ငြိမ်းကင်းဆိတ်ရာသို့ ဆိုက်ရောက် သွားသော အရိယာမဂ်တရားကိုငှင်း၊ မဂ်၏ အခြားမဲ့၌ အလားတူ ဆက်၍ ဖြစ်ပေါ်သော ဖိုလ်တရားကိုငှင်း၊ သခ်ါရအားလုံး ဆိတ်သုန်း ချုပ်ငြိမ်းရာ ငြိမ်သက်စွာသော နိဗ္ဗာန်တရားကိုငှင်း ပြန်၍ ဆင်ခြင်၏။ ပယ်အပ်ကုန်ပြီး ကင်းကုန်ပြီးသော ကိလေသာ

တို့ကိုငှင်း၊ ကြွင်းကျန်သေးသော ကိလေသာတို့ကိုငှင်း ဆင်ခြင်မိသည်လဲရှိ၏။ မဆင်ခြင်မိသည်လဲရှိ၏။

မဂ်ကိုဆင်ခြင်မှု, ဖိုလ်ကိုဆင်ခြင်မှု, နိဗ္ဗာန်ကို ဆင်ခြင်မှု ဟူသော ဤပစ္စဝေက္ခဏာ ၃မျိုးသည် ဧကန်ပင် ဖြစ်ပေါ်မြဲတည်း။ ပယ်ပြီးကိလေသာကို ဆင်ခြင်မှု, မပယ်ရသေးသော ကိလေသာကို ဆင်ခြင်မှု, ဟူသော ဤပစ္စဝေက္ခဏာ ၂မျိုးသည်ကား ဖြစ်ပေါ်သည်လဲရှိ၏။ မဖြစ်ပေါ်သည်လဲရှိ၏။ ဧကန် ဖြစ်မြဲကားမဟုတ်၊ အနေကန်သာတည်း။ မည်သည့်မဂ်က မည်သည့် ကိလေသာတို့ကို ပယ်သတ်သည်ဟု မှတ်သားဘူးသော သူမှာလည်းဖြစ်တတ်သည်။ မမှတ်သားဘူးသော သူမှာကား မဖြစ်တတ်ဘဲလဲ ရှိတတ်သည်ဟူ၍ ဆိုလို၏။ များစွာသော အဋ္ဌကထာကြီးတို့၌လဲ ဤအတိုင်း သာပြဆိုကုန်၏။ အချို့သော ပစ္စဝေက္ခဏာများ မဖြစ်ဘဲ ရှိတတ်သည်ကို အောက်ပါ မူလပဏ္ဏာသ စူဠဒုက္ခက္ခန္ဓသုတ် ပါဠို အဋ္ဌကထာတို့ဖြင့် သိအပ်၏။

မြတ်စွာဘုရား လောဘ, ဒေါသ, မောဟတို့က စိတ်ကို လွှမ်းမိုးလျက်ရှိသော ထိုအကျွန်ုပ်အား ဤသို့ ယုံမှားတွေးတောခြင်းသည် ဖြစ်ပါသည် အရှင်ဘုရား။ အဘယ်သို့ ဖြစ်ပါသနည်းဟူမူ။ မပယ်ရသေးသော အကြင်ကိလေသာ တရားကြောင့် တရံတခါ၌ လောဘတရားတို့သည်လည်း ငါ၏ ကြည်လင်သောစိတ်ကို ကုန်ပျောက်စေလျက် တည်ကုန်၏။ ဒေါသတရားတို့ကလည်း ကြည်လင်သောစိတ်ကို ကုန်ပျောက်စေလျက် တည်ကုန်၏။ မောဟတရားတို့ကလည်း ကြည်လင်သောစိတ်ကို ကုန်ပျောက် စေလျက် တည်ကုန်၏။ ငါ၏ ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးသော

စေတနာမရှိလျှင် ထိုစေတနာနှင့်ဆိုင်သော ပြောဆိုမှုလဲ အမျှားအားဖြင့် ကင်းငြိမ်းတတ်ပေ၏။ အရှင် ပိလိန္ဒဝစ္ဆမထေရ် ကဲ့သို့သော အချို့ပုဂ္ဂိုလ် အနည်းငယ်မှာသာလျှင် အကုသိုလ်စိတ် စေတနာမပါဘဲ ဝါသနာ အလျောက် ပြောဆိုမှု ဖြစ်တတ်ပေသည်။)

မိစ္ဆာဝါစာထဲက သမ္ဖပလာပ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်တို့ကို အရဟတ္တမဂ်ဉာဏ်က သတ်အပ်ကုန်၏။

ဤမိစ္ဆတ္တ(၁၀)ပါးတို့တွင် ဝဒီဒုစ္စရိုက်၄-ပါး အကုသိုလ် စေတနာသည် မိစ္ဆာဝါစာ မည်၏။ ကာယိဒုစ္စရိုက်၃-ပါး အကုသိုလ် စေတနာသည် မိစ္ဆာကမ္မန္တ မည်၏။ အသက်မွေးမှုနှင့်ဆိုင်သော ကာယ, ဝစီ, ဒုစ္စရိုက် (၇)ပါး အကုသိုလ်စေတနာသည် မိစ္ဆာအာဇီဝ မည်၏။ သား မယားကို သတိရခြင်း, ရန်ဖြစ်ခဲ့ဘူးသည်ကို သတိရခြင်း စသည်ဖြင့် လောကီအာရုံ ဝတ္ထု အမှု ကိစ္စများကို တဖန် သတိရ အောက်မေ့သော အခြင်းအရာအားဖြင့် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည် မိစ္ဆာသတိ မည်၏။ မကောင်းမှုအရာတို့၌ ပြီးစီးကြောင်း နည်းလမ်းကို ကြံသည်၏အစွမ်းဖြင့် မကောင်းမှုကို ပြုလုပ်ပြီးလျှင် ထိုပြုပုံကိုပင် ကောင်းပေစွဟု ပြန်လည် ဆင်ခြင်လျက်ဖြစ်သော မောဟသည် မိစ္ဆာဉာဏ် မည်၏။ ကိလေသာမှ မလွတ်သေးပါဘဲလျက်၊ လွတ်ပြီဟု ထင်ခြင်း သည်၄င်း, ကိလေသာမှ မလွတ်သောတရားကိုပင်၊ လွတ်သောတရားထူးဟု ထင်ခြင်းသည်၄င်း၊ မိစ္ဆာဝိမုတ္တိမည်၏။ တရားကိုယ်အားဖြင့် လောဘမူ စိတ္တုပ္ပါဒ်ပင်တည်း။ အပါယဂမနီယ ဖြစ်သော ဤမိစ္ဆာဝိမုတ္တိကို ပဌမမဂ်က ပယ်၏။

အရိယာတို့အား ပြည့်စုံသည်ချည်း မဟုတ်ပေ။ မပြည့်စုံပုံကို ပြအံ့။ တဦးသော အရိယာသည် ပယ်အပ်ပြီး ကိလေသာကိုသာလျှင် ဆင်ခြင်၏။ တဦးသော အရိယာသည် ကြွင်းသော ကိလေသာကိုသာလျှင် ဆင်ခြင်၏။ တဦးသော အရိယာသည် မဂ်ကိုသာလျှင် ဆင်ခြင်၏။ တဦးသော အရိယာသည် ဖိုလ်ကိုသာလျှင် ဆင်ခြင်၏။ တဦးသော အရိယာသည် မဂ်ကိုသာလျှင် ဆင်ခြင်၏။ တဦးသော အရိယာသည် နိဗ္ဗာန်ကိုသာလျှင် ဆင်ခြင်၏။ ဤငါးပါးသော ပစ္စဝေက္ခဏာတို့တွင် တပါးဖြစ်စေ၊ နှစ်ပါးတို့ဖြစ်စေ၊ မရခြင်းငှါ မဖြစ်ကုန်၊ ရခြင်းငှါသာလျှင် ဖြစ်ကုန်၏။

တပါးသော အဌကထာတို့၌ “မဂ်, ဖိုလ်, နိဗ္ဗာန်တို့ကို ဧကန် ဆင်ခြင်သည်။ ပယ်ပြီး မပယ်သေးသော ကိလေသာတို့ကိုကား အနေကန်သာ ဆင်ခြင်သည်” ဟူ၍ တညီတညွတ်သာလျှင် မိန့်ဆိုကုန်၏။ ဤပဏ္ဏာသ အဌကထာ၌ကား ပစ္စဝေက္ခဏာ တပါးတည်းသာ ဖြစ်ခြင်းကိုလဲ ပြဆို၏။ ထို့ကြောင့် တပါးသော အဌကထာတို့မှ ထူးခြား၏။ သို့သော်လဲ, ပစ္စဝေက္ခဏာ တပါးတည်းသာ ဖြစ်သော အရိယာရှိသည်, မရှိသည်ကို မှန်ကန်စွာ ဆုံးဖြတ်ခြင်းသည် သာမန်ပုဂ္ဂိုလ်၏ အရာ မဟုတ်ပေ။ တသာသနာလုံးရှိ အရိယာဟူသမျှ၏ စိတ်ဖြစ်ပုံကို အကုန်အစင် သိမြင်နိုင်သော ပုဂ္ဂိုလ်မြတ်တို့၏ အရာသာလျှင် ဖြစ်ပေသည်။ သို့ဖြစ်၍, ဤ ပဏ္ဏာသအဌကထာ စကားကိုလဲ ရိုသေစွာ မှတ်သားအပ်သည်သာတည်း။

ပယ်အပ်သောကိလေသာ

ဤအရာ၌ ပဏ္ဏာတ္တိကောဝိဒ ဖြစ်ခြင်းအကျိုးငှါ မဂ်လေးပါး တို့က ထိုက်သည်အားလျော်စွာ ပယ်အပ် ငြိမ်းစေအပ်သော ကိလေသာတို့ကို သိသာရုံမျှ အကျဉ်းအားဖြင့် ပိုင်းခြား၍ ပြဦးအံ့။

(၁) သံယောဇဉ် ၁၀ပါးထဲက သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗ တပရာမာသ, အပါယ်သို့ လားစေနိုင်သော ကာမရာဂနှင့် ပဋိဃ ဟူသော ဤသံယောဇဉ်ငါးပါးကို ပဌမမဂ်က ပယ်၏။

(၂) အပါယ်သို့ မလားစေနိုင်သော ကာမရာဂနှင့် ပဋိဃ တို့တွင်ကား ရုန့်ရင်း ကြမ်းတမ်းသော ကာမရာဂနှင့် ပဋိဃတို့ကို ဒုတိယမဂ်က ပယ်၏။

(၃) သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃတို့ကို တတိယမဂ်က ပယ်၏။

(၄) ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာဟူသော ဤသံယောဇဉ် ငါးပါးတို့ကို အရဟတ္တမဂ်က သာလျှင် ပယ်၏။

မှာထားချက်

ပါဠိ၌ ဧဝ-သဒ္ဒါ, မြန်မာ၌ သာလျှင်-သဒ္ဒါတို့ဖြင့် မကန့်သတ်မူ၍ အထက်မဂ်က ပယ်သည်ဟုဆိုရာ၌ "ထိုကိလေသာ၏ အပါယဂမနီယ အဖို့ကို ပဌမမဂ်က ပယ်သည်။ အပါယဂမနီယ အဖို့ကို ပဌမမဂ်က ပယ်သည်၊ အပါယဂမနီယ မဟုတ်သည့် ကြမ်းတမ်းသော အဖို့ကို ဒုတိယမဂ်က ပယ်သည်။ သိမ့်မွေ့သော အဖို့ကို တတိယမဂ်က ပယ်သည်။ ဤသို့ ပယ်သင့်သော အဖို့ကို အောက်အောက် မဂ်များကလဲ ပယ်ပြီးသာ ဖြစ်သည်"ဟု သိပါလေ။

ကိလေသာ ၁၀ပါးပါးထဲက ဒိဋ္ဌိနှင့်, ဝိစိကိစ္ဆာကို ပဌမမဂ်က ပယ်၏။ ဒေါသကို တတိယမဂ် ပယ်၏။ လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ကို အရဟတ္တမဂ်က ပယ်၏။

မိစ္ဆာဒိဋ္ဌိ, မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ, မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဉာဏ်, မိစ္ဆာဝိမုတ္တိ ဟူသော မိစ္ဆာတ္တတရား ၁၀-ပါးတို့တွင် မိစ္ဆာဒိဋ္ဌိ, မိစ္ဆာဝါစာထဲက မုသာဝါဒ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝဟူသော ဤတရားတို့ကို ပဌမမဂ်ဉာဏ်က သတ်အပ်ကုန်၏။ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာထဲက ပိသုဏာဝါစာ, ဖရုသဝါစာ ဟူသော ဤတရားတို့ကို တတိယ မဂ်ဉာဏ်က သတ်အပ်ကုန်၏။ ရှေးစကား၌ ထင်မှားဘွယ်ကို ပယ်လိုက်ဦးအံ့၊ ဤမိစ္ဆာဝါစာ, ပိသုဏာဝါစာ, ဖရုသဝါစာ ဟူရာ၌ အကျိုးမဲ့ဖြစ်အောင် ပြောလိုသော စေတနာကိုသာလျှင် စကားဟူ၍ သိအပ်၏။

(ပြောဆိုသော စကားသံသည်ပင်လျှင် မုချအားဖြင့် ဝါစာမည်၏။ သို့သော်လဲ, ထိုစကားသံ ရုပ် ဝါစာသည်ကား မဂ်က ပယ်အပ်သော ပဟာတဗ္ဗတရား မဟုတ်ပေ၊ ထိုစကားသံကို ဖြစ်စေသော အကုသိုလ်စေတနာသည်သာလျှင် ပဟာတဗ္ဗတရား ဟုတ်ပေသည်။ သို့ဖြစ်၍ ဤအရာ၌ ဤအကုသိုလ် စေတနာကို သာလျှင် မိစ္ဆာဝါစာ, ပိသုဏာဝါစာ, ဖရုသဝါစာ ဟု ဆိုသည်။ ဤစေတနာကိုသာလျှင် မဂ်ကပယ်သည်။ သက်သက်သော စကားသံကိုကား မိစ္ဆာဝါစာ, ပိသုဏာဝါစာ, ဖရုသဝါစာ ဟု မဆိုလို၊ ၎င်းစကားသံသက်သက်ကို မဂ်ကလဲ ပယ်သည်မဟုတ်ဟု ဆိုလို၏။ သို့သော်လဲ

မကင်းကြသေး။ ထို့ကြောင့် ကာမဂုဏ် အာရုံဝတ္ထုများနှင့် ခံစားမွေ့လျော် ရွှင်ပျော်နိုင်ကြလေသည်။ သို့သော်လဲ “တကယ်ပင် တင့်တယ်သည်၊ တကယ်ပင်ချမ်းသာသည်” ဟူ၍ မြဲမြံစွာ စွဲလမ်းယူဆမှားသော ဒိဋ္ဌိဝိပလ္လာသ တရားသည်ကား မရှိတော့ပြီ။ ထို့ကြောင့် စဉ်းစား ဆင်ခြင်ကြည့်သောအခါ၌ “တင့်တယ် ချမ်းသာသည်” ဟု ခေါ်လောက်သော အရာကို မတွေ့မြင်ရဘဲ ရှိပေသည်။ အနာဂါမ်မှာလဲ “ချမ်းသာကောင်းစားသည်”ဟု ထင်မှတ်မှားမှု သညာဝိပလ္လာသ, သိမှားမှု စိတ္တဝိပလ္လာသတို့ မကင်းကြသေး၊ ထို့ကြောင့် မိမိ၏ ကိုယ်ခန္ဓာ၌ ခင်မင်တွယ်တာလျက် ရူပဘဝ၊ အရူပဘဝ တို့၌ ပျော်မွေ့နိုင်ကြလေသည်။

တရားစီရင် ဆုံးဖြတ်ခြင်း, ပစ္စည်းဝေဖန်ခြင်း, ချီးမွမ်းကဲ့ရဲ့ခြင်း, ဆုံးမခြင်း, ချီးမြှောက်ခြင်း စသည်တို့ကို ပြုသောအခါ၌ ချစ်သူဘက်သို့ လိုက်၍ မတရားပြုခြင်းသည် ဆန္ဒာဂတိ မည်၏။ မုန်းသူဘက်ကို နှိမ်၍မတရားပြုခြင်းသည် ဒေါသာဂတိ မည်၏။ မသိနားမလည်သဖြင့် မှားယွင်း၍ မတရား ပြုခြင်းသည် မောဟာဂတိ မည်၏။ ကြောက်သူဘက်သို့ လိုက်၍ မတရား ပြုခြင်းသည် ဘယာဂတိမည်၏။ ဤ**အဂတိ၄ပါး**ကို သောတာပတ္တိမဂ်က ပယ်၏။

ကာမာသဝနှင့် ဘဝါသဝတို့ကို သုတ္တန်နည်း အရအားဖြင့် ဤသို့ ပိုင်းခြားမှတ်သားရာ၏။ ငါးပါးသော ကာမဂုဏ် အာရုံဝတ္ထုတို့၌ လိုချင်တပ်မက် နှစ်သက်သာယာမှု လောဘသည် ကာမာသဝ မည်၏။ ရူပဘဝ, အရူပဘဝ, ရူပစျာန်, အရူပစျာနတို့၌ နှစ်သက်သာယာမှု လောဘသည်၄င်း, သဿတဒိဋ္ဌိနှင့် တကွဖြစ်သော

အပါယဂမနီယ မဟုတ်သော သြဠာရိက, သုခုမ, ကာမရာဂ ဆိုင်ရာ မိစ္ဆာဝိမုတ္တိတို့ကို ဒုတိယ, တတိယ မဂ်တို့က ပယ်ကုန်၏။

ဘဝရာဂဆိုင်ရာ မိစ္ဆာဝိမုတ္တိကို အရဟတ္တမဂ်က ပယ်၏။ ကြွင်းသော မိစ္ဆတ္တတို့၏ တရားကိုယ်များမှာ ထင်ရှားကုန်၏။

လောကဓံ ရှစ်ပါးထဲက လာဘ်မရခြင်း, အဆွေအရံ နဲပါးပျက်စီးခြင်း, ဆင်းရဲခြင်း, အကဲ့ရဲ့ခံရခြင်းတို့ကြောင့် ဖြစ်တတ်သော ဒေါသကို အနာဂါမိမဂ်က ပယ်၏။ လာဘ်ရခြင်း, အဆွေအရံများခြင်း, ကိုယ်စိတ်ချမ်းသာခြင်း, ချီးမွမ်းခံရခြင်းတို့ကြောင့် ဖြစ်တတ်သော သာယာမှု လောဘကို အရဟတ္တ မဂ်ကပယ်၏။ ဧကဝါဒ အရအားဖြင့် အဆွေအရံများခြင်း, ချီးမွမ်းခံရခြင်းတို့၌ သာယာမှုလောဘကို တတိယမဂ်က ပယ်သည်ဟု မှတ်ရာ၏။

ပစ္စရိယ ၅–ပါး

(၁) ကျောင်းတိုက် ပရိဝုဏ် ကျောင်းဆောင် ကျောင်းခန်း စသော မိမိနေထိုင်ရာ အရပ်၌ တပါးသော ပုဂ္ဂိုလ် လာရောက်နေထိုင်မည်ကို သည်းမခံနိုင်ခြင်း, မလိုလားခြင်း, လာရောက်နေထိုင်ဆဲ ပုဂ္ဂိုလ်ကိုလဲ တခြားသို့ သွားစေလိုခြင်း, များသည် **အာဝါသမစ္ဆရိယ** မည်၏။ သို့သော် ရန်ဖြစ်တတ်သူ အစရှိသော ဆိုးသွမ်းသော ပုဂ္ဂိုလ်၏ လာရောက်နေထိုင်ခြင်းကို မလိုလားခြင်း သည်ကား မစ္ဆရိယ မဟုတ်ပေ။

(၂) အလုပ် အကျွေး ဒါယကာ, ဒါယိကာမ, ဆွေမျိုးစသော ခင်မင် ရင်းနှီးသော ပုဂ္ဂိုလ်များထံသို့ တပါးသော ပုဂ္ဂိုလ် ချဉ်းကပ်ဝင်ရောက်သည်ကို သည်းမခံနိုင်ခြင်း, မလိုလားခြင်းသည် **ကုလမစ္ဆိယ**

မည်၏။ သို့သော် ယုတ်မာ ဆိုးသွမ်းသောပုဂ္ဂိုလ်၏ ချဉ်းကပ်ဝင်ရောက် သည်ကို မလိုလားခြင်းသည်ကား မစ္ဆိယ မဟုတ်ပေ။

(၃) ပစ္စည်းများကို မိမိသာရလိုရှေ့ သူတပါးအား မရစေလိုခြင်းသည် **လာဘ မစ္ဆရိယ** မည်၏။ သို့သော် သဒ္ဓါဒေယျဝိနိပါတန စသည်ဖြင့် ပစ္စည်းတို့ကို အကျိုးမဲ့ ပျက်စီးစေသော ပုဂ္ဂိုလ်အားဂုဏ်း, ပစ္စည်းပေါများပြည့်စုံလျှင် သူတပါးကို လွှမ်းမိုးနှိပ်စက်ခြင်း စသည်ဖြင့် မတော်မသင့်ပြုမည့် ပုဂ္ဂိုလ်အားဂုဏ်း, မရစေလိုခြင်း သည်ကား မစ္ဆရိယ မဟုတ်ပေ။ ထို့ပြင် မိမိမှာ အသင့် ရရှိပြီးသော ပစ္စည်းကို ပေးလှူသင့်သော သီလဝန္တ သီတင်းသုံးဘော်တို့အား မပေးမလှူနိုင်ခြင်းသည်လည်း ဤလာဘ မစ္ဆရိယပင်တည်း။ သို့သော် အလွန်ခင်မင် မြတ်နိုးအပ်သော ဝတ္ထုကို မပေးမလှူ နိုင်ခြင်းမှာ မစ္ဆရိယကြောင့် မဟုတ်ဘဲ လောဘကြောင့်လဲ ဖြစ်နိုင် သေး၏။ "မိမိပစ္စည်းကို သူတပါး ပိုင်ဆိုင် သုံးစွဲမည်၌ သည်းမခံနိုင် ခြင်းသည် မစ္ဆရိယ၏ လက္ခဏာပေတည်း။ မိမိပစ္စည်းကို မစွန့်လွှတ်နိုင်အောင် ခင်မင်တွယ်တာခြင်းသည်ကား လောဘ၏ လက္ခဏာပေတည်း။" ဤအထူးကိုလဲ သိအပ်၏။ ထို့ပြင် မလွှဲမရှောင် သာအောင် တကယ်အသုံးကျနေသော ဝတ္ထုဖြစ်၍ မစွန့်နိုင်ခြင်းငှါ ပဋိသခါဉာဏ်ကြောင့်လဲ ဖြစ်နိုင်သေး၏။ အခန်း(၄) သံယောဇဉ်ကို သိပုံအရာ၌ ပြန်၍ ကြည့်ပါလေဦး။

(၄) သူတပါး၏ အဆင်းမလှပခြင်း, အကျင့် ကောင်းခြင်း, စသောဂုဏ်ကို မပြောစေလိုခြင်း, မကြားမနာလိုခြင်းသည်ဂုဏ်း,

မိမိမှာရှိသော ဂုဏ်များနှင့် သူတပါးအား မပြည့်စေလိုခြင်းသည်ဂုဏ်း, **ဝဏ္ဏမစ္ဆရိယ** မည်၏။ သို့သော် မဟုတ်မမှန်သော ဂုဏ်ဖြင့် ချီးမွမ်းစကားကို မပြောစေလိုခြင်း, မကြားမနာလိုခြင်း သည်ကား မစ္ဆရိယ မဟုတ်ပေ။

(၅) မိမိတတ်သိသော တရားကျမ်းဂန်ကို သူတပါးအား မတတ် မသိစေလိုခြင်းသည် **ဓမ္မမစ္ဆရိယ** မည်၏။ သို့သော် စိတ်သဘောထား မဖြောင့်မတ်သောသူအား မတတ် မသိစေလိုခြင်းသည်ကား မစ္ဆရိယ မဟုတ်ပေ။ ဤငါးပါးသော မစ္ဆရိယတို့ကို သောတာပတ္တိမဂ်က ပယ်၏။

ဝိပလ္လာသ ၁၂-ပါးထဲက မမြဲတဲ့ ရူပနာမ်၌ မြဲသည်ဟု အမှတ်မှား, အသိမှား, အယူမှား, ၃ပါး၊ ငါကောင်မဟုတ်တဲ့ ရူပနာမ်၌ ငါကောင်ဟု အမှတ်မှား, အသိမှား, အယူမှား, ၃ပါး၊ ဆင်းရဲတဲ့ ရူပနာမ်၌ ချမ်းသာဟု အယူမှားမှု ၁-ပါး၊ မတင့်တယ်တဲ့ ရူပတရား၌ တင့်တယ်သည်ဟု အယူမှားမှု ၁-ပါး၊ ဤဝိပလ္လာသ ရှစ်ပါးကို ပဌမမဂ်က ပယ်၏။ မတင့်တယ်တဲ့ ရူပတရား၌ တင့်တယ်သည်ဟု အမှတ်မှား, အသိမှား ဟူသော ဤဝိပလ္လာသ နှစ်ပါးကို တတိယမဂ်က ပယ်၏။ ဆင်းရဲတဲ့ ရူပနာမ်၌ ချမ်းသာဟု အမှတ်မှား, အသိမှား ဟူသော ဤဝိပလ္လာသ နှစ်ပါးကို အရဟတ္တ မဂ်က ပယ်၏။

သောတာပန် သကဒါဂါမ်တို့မှာ မိမိ၏ ကိုယ်ခန္ဓာ, သူတပါး၏ ကိုယ်ခန္ဓာတို့၌ "တင့်တယ်သည်၊ ချမ်းသာ ကောင်းစားသည်"ဟု ထင်မှတ်မှားမှု သညာဝိပလ္လာသနှင့် သိမှားမှု စိတ္တဝိပလ္လာသတို့

ကြွင်းကုန်သော ဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပါဒ်တို့သည် စတုတ္ထမဂ်ဉာဏ်က သတ်အပ်သော တရားတို့ ပေတည်း။

ဤ၌လဲ တတိယ, စတုတ္ထ, ဉာဏဝတ္ထု စိတ္တုပ္ပါဒ်တို့ကို ဧဝံသဒ္ဒါဖြင့် မကန့်သတ်သောကြောင့် "အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ် ၄-ခု, ဒေါသမူ၂-ခုအားဖြင့် ဤ၆ပါးသော အကုသိုလ် စိတ္တုပ္ပါဒ်တို့ကို ပဌမမဂ်က ပယ်သည်။အပါယဂမနီယ မဟုတ်ရာ၌ သြဠာရိက ကာမရာဂ, ပဋိဃတို့နှင့်ယှဉ်သော စိတ္တုပ္ပါဒ် ၆-ပါး ကိုလည်း၊ ထိုသြဠာရိက ကာမရာဂ, ပဋိဃတို့နှင့် ပဟာနေကဋ္ဌ ဖြစ်သော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကိုလည်း၊ ဒုတိယမဂ်က ပယ်၏။ သုခုမ ကာမရာဂ, ပဋိဃတို့နှင့်ယှဉ်သော ထိုစိတ္တုပ္ပါဒ် ၆-ပါးကိုလည်း၊ ထိုကာမရာဂ, ပဋိဃ တို့နှင့်ပဟာနေကဋ္ဌဖြစ်သော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကိုလည်း၊ တတိယမဂ်က ပယ်၏။ ဘဝရာဂနှင့်ယှဉ်သော ဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပါဒ်၄ခုကိုလည်း၊ ကြွင်းသော ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကိုလည်း၊ အရဟတ္တမဂ်က ပယ်သည်" ဟူ၍ ပိုင်းခြားမှတ်သားရာ၏။ ပဟာနေကဋ္ဌ ဟူသည်မှာ ပုဂ္ဂိုလ်တဦးတည်း၏ သန္တာန်၌ မဂ်၏ အစွမ်းကြောင့် တခုသော ကိလေသာ ငြိမ်းလျှင်၊ ထိုကိလေသာနှင့် အဆင့်အတန်းတူသော ကိလေသာတို့သည် တပါတည်း ငြိမ်းလေကုန်၏။ ယှဉ်ဘော်ယှဉ်ဘက် မဟုတ်ပါဘဲ ဤသို့ ပြိုင်တူငြိမ်းသော အဆင့်အတန်းတူ ကိလေသာတို့ကို ပဟာနေ ကဋ္ဌဟု ဆိုသည်။ "တဦးတည်း၏ သန္တာန်၌ ပြိုင်တူ ငြိမ်းသော တရား" ဟု ဆိုလို၏။

လောဘသည်၄င်း, လူ နတ် နဂါး ဂဠုန်အဖြစ်၊ မိန်းမ ယောကျ်ားအဖြစ်စသော ကာမဘဝ၌ တောင့်တသာယာမှု လောဘသည်၄င်း, ဘဝါသဝမည်၏။ ဤကား သုတ္တန်နည်းအရ အားဖြင့် ပိုင်းခြားပုံတည်း။ အဘိဓမ္မာနည်းအရအားဖြင့်မူကား "ဘဝါသဝေါ စတူသု ဒိဋ္ဌဂတ ဝိပ္ပယုတ္တ လောဘသဟဂတ စိတ္တုပ္ပါဒေသု ဥပ္ပဇ္ဇတိ" ဟူသော ဓမ္မသင်္ဂဏိပါဠိ, "ရူပါ ရူသဒ္ဒါတေ ကမ္မတော ဥပပတ္တိတော စ ဒုဝိဓေ ဘဝေ အာသဝေါ ဘဝါသဝေါ" ဟူသော အဋ္ဌသာလိနီ တို့နှင့်အညီ ရူပဘဝ, အရူပဘဝ, ရူပစျာန်, အရူပစျာန်တို့၌ နှစ်သက်သာယာလျက် ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ် လောဘသည်သာလျှင် ဘဝါသဝမည်၏။ အနာဂါမ်၏ သန္တာန်၌သော်လဲ ရှိ၍ အရဟတ္တမဂ်ဖြင့် ပယ်အပ်ပြီးသော ဘဝရာဂပင်တည်း။

ထိုဘဝါသဝမှ ကြွင်းသော လောဘဟူသမျှသည် ကာမာသဝ ချည်းသာတည်း။ ဒိဋ္ဌိသည် ဒိဋ္ဌာသဝမည်၏။ မောဟသည် အဝိဇ္ဇာသဝမည်၏။ ဤ**အာသဝေါတရား လေးပါး**တို့တွင် ဒိဋ္ဌာသဝကို ပဌမမဂ်က ပယ်၏။ ကာမာသဝကို တတိယမဂ်က ပယ်၏။ ဘဝါသဝ, အဝိဇ္ဇာသဝတို့ကို အရဟတ္တမဂ်က ပယ်၏။

နီဝရဏာ ငါးပါးထဲက ဝိစိကိစ္ဆာကို ပဌမမဂ်က ပယ်၏။ သုတ္တန်နည်းအရဖြစ်သော ဥက္ကဋ္ဌ ကာမစ္ဆန္ဒနှင့် ဗျာပါဒ, ကုက္ကုစ္စတို့ကို တတိယမဂ်က ပယ်၏။ ထိန, မိဒ္ဓ, ဥဒ္ဓစ္စတို့ကို အရဟတ္တမဂ်ကပယ်၏။ အဘိဓမ္မာ၌ကား ရူပရာဂ, အရူပရာဂ တို့ကိုလဲ ကာမစ္ဆန္ဒဟု ဟောတော်မူ၏။ အဘိဓမ္မာနည်းအရ ထိုကာမစ္ဆန္ဒကိုကား အရဟတ္တမဂ်က အကြွင်းမဲ့ ပယ်၏။

(၁) ဝတ္ထုကာမ မည်သော လောကီတရား ဟူသမျှ၌ တပ်မက်သာယာသော လောဘသည် **ကာမုပါဒါန်**မည်၏။

(၂) ၎င်းကို အရဟတ္တ မဂ်က ပယ်၏။ နွား, ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်းဖြင့် သံသရာမှ လွတ်မြောက် စင်ကြယ်၍ အစဉ်ထာဝရ ကောင်းစား ချမ်းသာသည်ဟု ယူဆသော ဒိဋ္ဌိသည် **သီလဗ္ဗတုပါဒါန်** မည်၏။

(၃) အရိယာမဂ္ဂင်ရှစ်ပါးနှင့် ကင်း၍ လောကီသီလ, အကျင့်မျှဖြင့် သံသရာမှ လွတ်မြောက် စင်ကြယ်သည်ဟု ယူခြင်းသည်လည်း ဤသီလဗ္ဗတုပါဒါန်၌ ဝင်၏။ သက္ကာယဒိဋ္ဌိ(၂၀)ဟူသော အတ္တဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏။ ကြွင်းသော မိစ္ဆာဒိဋ္ဌိ ဟူသမျှသည် **ဒိဋ္ဌုပါဒါန်** မည်၏။ ဤဒိဋ္ဌုပါဒါန် ၃မျိုးကို ပဌမမဂ်က ပယ်၏။

အနုသယ ခုနစ်ပါးထဲက ဒိဋ္ဌအနုသယ, ဝိစိကိစ္ဆာအနုသယတို့ကို ပဌမမဂ်က ပယ်၏။ ကာမရာဂ အနုသယ, ပဋိဃအနုသယတို့ကို တတိယမဂ်က ပယ်၏။ မာနအနုသယ, ဘဝရာဂအနုသယ, အဝိဇ္ဇာအနုသယ တို့ကို အရဟတ္တမဂ်က ပယ်၏။ ဤအနုသယတို့ ငြိမ်းသည်, မငြိမ်းသည်ကိုကား ပရိယုဋ္ဌာန် မဖြစ်ပေါ်ခြင်း, ဖြစ်ပေါ်ခြင်းတို့ဖြင့် သိအပ်၏။

အကုသလကမ္မပထ ၁၀ပါးတို့တွင် သတ္တဝါကို သတ်ခြင်း၊ အရှင်ကမပေးအပ်သော ဥစ္စာကိုခိုးယူခြင်း၊ မပိုင်မဆိုင်သော မေထုန်ကာမတို့၌ မှားယွင်းကျူးလွန်ခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ ကံနှင့်ကံ၏ အကျိုးမရှိဟု မှားယွင်းစွာယူဆခြင်း ဟူကုန်သော ဤကမ္မပထ ငါးပါးတို့သည် သောတာပတ္တိမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။

ချစ်ကြည်နေသူ၂ဦးကို ကွဲပြားအောင် ဂုံးတိုက် ပြောဆိုခြင်း (ထိုသူ၂ဦးတို့ ကွဲပြားမှ ကမ္မပထမြောက်သည် ဟူ၏) နားမခံသာသော ဆဲရေး ကျိမ်ဆို စကားတို့ကိုဆိုခြင်း။ သူတပါးကို သေပျက် စေလိုခြင်း ဟူကုန်သော သုံးပါးသော ကမ္မပထတို့သည် အနာဂါမိမဂ်က သတ်အပ်သော တရားတို့ပေတည်း။ ထိုဇတ်ဝတ္ထုစသော အနှစ်မဲ့စကားကို ပြောခြင်းဟူသော သမ္ဖပ္ပလာပနှင့် သူဥစ္စာကို ရလိုသမှကိုယ်ပိုင်ပြု၍ ရှေးရှုကြံစည်ခြင်း ဟူသော အဘိဇ္ဈာတို့သည် အရဟတ္တမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။

ဤအရာ၌ တတိယ, စတုတ္ထ, ဉာဏဝတ္ထု, ကမ္မပထတို့ကို ဧဝ-သဒ္ဒါဖြင့် မကန့်သတ်သောကြောင့် အပါယဂမနီယ ဖြစ်သော ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒ, သမ္ဖပ္ပလာပ, အဘိဇ္ဈာတို့ကို ပဌမမဂ်က ပယ်၏။ အပါယဂမနီယ မဟုတ်သော ၎င်း၅ပါးတို့ကို သြဠာရိက ကာမရာဂ, ဗျာပါဒတို့၏ ဆိုင်ရာ၌ ဒုတိယမဂ်က ပယ်သည်။ သုခုမကာမရာဂ, ဗျာပါဒတို့၏ ဆိုင်ရာ၌ တတိယမဂ်က ပယ်သည်။ ဘဝရာဂဆိုင်ရာ သမ္ဖပ္ပလာပ, အဘိဇ္ဈာတို့ကို အရဟတ္တမဂ်က ပယ်သည်ဟူ၍ ပိုင်းခြားမှတ်သားရာ၏။

အကုသိုလ်စိတ္တုပ္ပါဒ် ၁၂ခုတို့တွင် ဒိဋ္ဌိသမ္ပယုတ် စိတ္တုပ္ပါဒ်လေးခုတို့၎င်း။ ဝိစိကိစ္ဆာသမ္ပယုတ် စိတ္တုပ္ပါဒ်တစ်ခု၎င်း၊ ဤသို့အားဖြင့် ငါးခုသော အကုသိုလ် စိတ္တုပ္ပါဒ်တို့သည် ပဌမမဂ်ဉာဏ်က သတ်အပ်သော တရားတို့သာတည်း။ ပဋိဃသမ္ပယုတ် စိတ္တုပ္ပါဒ်နှစ်ခုတို့သည် တတိယမဂ်ဉာဏ်က သတ်အပ်သော တရားတို့ပေတည်း။

စိတ်ဝင်စားလျက်၊ ကုသိုလ်တရားတို့၌ မွေ့လျော့သော အခြင်းအရာ အားဖြင့် ဖြစ်သော လောဘမူ ဒေါသမူ စိတ္တုပ္ပါဒ်ပေတည်း။

ဤမူလပဏ္ဏာသ အဋ္ဌကထာနှင့် အညီ မက္ခ, ပဠာသ, ကွသာ, မစ္ဆရိယ, မာယာ, သာဋ္ဌေယျ, ဟူသော ဤဥပက္ကိလေသ ၆ပါးကို သောတာပတ္တိမဂ်က ပယ်သည်။ ဗျာပါဒ, ကောဓ, ဥပနာဟ, ပမာဒ ဟူသော ဤဥပက္ကိလေသ ၄ပါးကို အနာဂါမိမဂ်က ပယ်သည်။ အဘိဇ္ဈာဝိသမလောဘ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ ဟူသော ဤ၆ပါးကို အရဟတ္တမဂ်က ပယ်သည်ဟု မှတ်ရာ၏။ ဤအရာ၌ အနာဂါမိမဂ်, အရဟတ္တမဂ်တို့က ပယ်သည်ဟု ဆိုခြင်းမှာ အကြွင်းမဲ့ ပယ်ခြင်းကိုသာ ရည်၍ ဆိုပေသည်။ သို့ဖြစ်၍ အနာဂါမိမဂ်, အရဟတ္တမဂ်တို့က ပယ်အပ်သော ထိဥပက္ကိလေသ ၁၀-ပါးတို့၏ အပါယဂမနီယ အဖို့ စသည်တို့ကို အောက်မဂ်များက ပယ်သည်ဟူ၍လဲ မှတ်ရာ၏။

သောတာပန်စစ်တမ်း

အာနန္ဒာ သေဆုံးသွားသော လူ၏ ဂတိဉာဏ်ကို မေးလျှောက်နေလျှင် ငါဘုရားကို ပင်ပန်းစေရာရောက်ခြင်း ဟူသော ထိုအကြောင်းကြောင့် တရားမှန်ပြင်မည်သော တရားဒေသနာကို ဟောပေအံ့။ ကြေးမုံ-မှန်ပြင်နှင့်တူသော အကြင်တရားနှင့် ပြည့်စုံသော အရိယာသာဝကသည် အလိုရှိပါမူ၊ မိမိကိုယ်တိုင်ပင်လျှင် မိမိကိုယ်ကို

စတ္တာရော ဒိဋ္ဌဂတဝိပ္ပယုတ္တ လောဘသဟဂတ စိတ္တုပ္ပါဒါ, ဒွေဒေါမနဿ သဟဂတ စိတ္တုပ္ပါဒါ, ကွမေ ဓမ္မာ သိယာ ဒဿနေန ပဟာတဗ္ဗာ ဟူသော ဓမ္မသင်္ဂဏီ ပါဠိနှင့်အညီ အပါယဂမနီယ ဖြစ်သော ဒိဋ္ဌိဝိပ္ပယုတ်နှင့် ဒေါသမူ စိတ္တုပ္ပါဒ်တို့ကိုလဲ သောတာပတ္တိမဂ်က ပယ်သည်ဟု ပြအပ်၏။ ကတမေ ဓမ္မာ ဘာဝနာယ မဟာတဗ္ဗာ၊ ဥဒ္ဓစ္စသဂဟတော စိတ္တုပ္ပါဒေါ ဟူသော ဓမ္မသင်္ဂဏီ ပါဠိနှင့် အညီ, ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကိုကား ဘာဝနာမည်သော အထက်မဂ် ၃ပါးကသာလျှင် ပယ်သည်။ ဤပါဠိဖြင့် “အရဟတ္တ မဂ်ကသာ ပယ်သည်” ဟူ၍ကား မယူသင့်ပေ။ ယုတ္တိအားဖြင့်လဲ သကဒါဂါမ် အနာဂါမ်တို့၏ သန္တာန်၌ရှိသော ဥဒ္ဓစ္စသဟဂုတ် စိတ်သည် ပုထုဇဉ် သောတာပန်တို့မှာကဲ့သို့ မကြမ်းတမ်း မထက်သန် လေရာ။ သို့ဖြစ်၍ ဥဒ္ဓစ္စသဟဂုတ် စိတ္တုပ္ပါဒ်ကို ဘာဝနာမည်သော အထက်မဂ်သုံးပါးတို့က အသီးအသီး ပယ်သည်ဟု ဤ၌ ပြခဲ့ပေသည်။

ဝိသုဒ္ဓိမဂ်၌၄င်း, ဤကျမ်း၌၄င်း, တိုက်ရိုက် မပြအပ်သော ပဟာတဗ္ဗ အကုသိုလ်တရားတို့သည် များစွာပင် ရှိကုန်သေး၏။ ထိုအကုသိုလ်တို့တွင် တရားကိုယ် သီးခြားရှိသော အကုသိုလ်တရားတို့ကို ပြခဲ့ပြီးသော သံယောဇဉ် စသည်တို့နှင့် အတူပင် ပယ်ပုံအားဖြင့် သိအပ်၏။ တရားကိုယ်သီးခြား မရှိသော အကုသိုလ်တရားတို့ကိုကား ဆိုင်ရာ ဆိုင်ရာ အကုသိုလ် စိတ္တုပ္ပါဒ်၌ ထည့်သွင်း၍ မဂ်လေးပါးက ပယ်ပုံကို ထိုက်သည့်အားလျော်စွာ ယူအပ်၏။ ထို့ကြောင့် မဟာဋီကာ၌ အောက်ပါအတိုင်း မိန့်မှာတော်မူပေ၏။

တရားကိုယ်သီးခြားမရှိသော အကုသိုလ်တရားတို့၌ ပယ်ပုံကို အဘယ်သို့ သိအပ်ပါသနည်း ဟူသော ဤမေးဘွယ် အတွက် ဆက်၍ ရှင်းလိုက်ဦးအံ့။ ဝိသုဒ္ဓိမဂ်၌ ပြအပ်သော ဤသံယောဇဉ် စသည်တို့တွင် ပဟာတဗ္ဗကို ပြသော ဤဝိသုဒ္ဓိမဂ်စကားရပ်၌ စိတ္တုပ္ပါဒသဒ္ဒါဖြင့် အကုသိုလ် စိတ္တုပ္ပါဒ်ကို ယူခြင်းဆိုခြင်းဖြင့် ကွေ, ပဠာသ, မာယာ, သာဒ္ဒေယျ, ပမာဒ, ထမ္ဘ, သာရမ္ဘ, အစရှိသော ပဟာတဗ္ဗ အကုသိုလ် တရားတို့ကို ပေါင်းယူ ထည့်သွင်းခြင်းကို အဋ္ဌကထာ ဆရာပြုအပ်ပေသည် ဟူ၍ မှတ်အပ်၏။

"ဥပက္ကိလေသ"

မူလပဏ္ဏာသ ဝတ္ထသုတ် စသည်တို့၌ အဘိဇ္ဈာ ဝိသမလောဘ, ဗျာပါဒ, ကောဓ, ဥပနာဟ, မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ, မာယာ, သာဒ္ဒေယျ, ထမ္ဘ, သာရမ္ဘ, မာန, အတိမာန, မဒ, ပမာဒ, ဟူသော ၁၆ပါးသော ပဟာတဗ္ဗ ဥပက္ကိလေသတို့ကို ဟောတော်မူ၏။ ထို့ပြင် တပါးသော သုတ်တို့၌၄င်း, အဘိဓမ္မာ ခုဒ္ဒကဝတ္ထု ဝိဘင်း၌၄င်း, တထောင်မက များလှစွာသော ပဟာတဗ္ဗ အကုသိုလ်တရားတို့ကို ဟောတော်မူ၏။ ထိုအကုသိုလ်တို့တွင် တရားကိုယ်သီးခြားမရှိသော မက္ခ, ပဠာသ စသည်တို့၌ ဆိုင်ရာ ဆိုင်ရာ အကုသိုလ် စိတ္တုပ္ပါဒ်ကိုပင် အရကောက်ယူ၍ ထိုစိတ္တုပ္ပါဒ်ကို ပယ်သတ်နိုင်သော မဂ်တရားတို့က ပယ်သည်ဟု သိရမည်။

ထိုတွင် မက္ခ-ဟူသည်မှာ ကျေးဇူးပြုဘူးသော သူအား ကျေးဇူးကန်းလျက် ပြောဆိုသောအခါ၌ သူပြုဘူးသော ကျေးဇူးကို ဖျောက်ဖျက် သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါမနဿ သဟဂုတ် စိတ္တုပ္ပါဒ် ပေတည်း။

ပဠာသ-ဟူသည်မှာ သဒ္ဓါ သီလစသော ဂုဏ်ဖြင့် မိမိထက် ထူးမြတ်သော သူကို ထူးမြတ်မှန်း သိပါလျက်၊ ထိုသူ၏ ဂုဏ်ကို သိမ်ဖျင်း သေးနုတ်သွားအောင် မိမိနှင့် တန်းတူထား၍ ဖက်ပြိုင် ပြောဆိုလိုသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသမူ စိတ္တုပ္ပါဒ် ပေတည်း။

မာယာ- ဟူသည်မှာ မိမိ၏ အပြစ်ကိုဖုံးလွှမ်းလိုသော အခြင်း အရာအားဖြင့် ဖြစ်သော လောဘမူ စိတ္တုပ္ပါဒ်ပေတည်း။

သာဒ္ဒေယျ- ဟူသည်မှာ မိမိ၏ ထင်ရှားမရှိသော ဂုဏ်ကို ဖော်ပြ ဝါကြွား ပလွှားလိုသော အခြင်းအရာအားဖြင့် ဖြစ်သော လောဘမူ စိတ္တုပ္ပါဒ်ပေတည်း။

ထမ္ဘ -ဟူသည်မှာ ရိုသေထိုက်သော သူတို့ကို မရိုမသေ မည္ဆတ် ကိုင်းနှိုင်အောင် ရိုင်းစိုင်းခက်ထန်သော အခြင်းအရာ အားဖြင့် ဖြစ်သော မာနသမွယုတ် စိတ္တုပ္ပါဒ်ပေတည်း။

သာရမ္ဘ- ဟူသည်မှာ သူများထက် ကျော်အောင် သာအောင် ပြုလျက်၊ အနိုင်အသာရလို လွှမ်းမိုး ချုပ်ချယ်လိုသော အခြင်းအရာ အားဖြင့် ဖြစ်သော မာနပြဓာန်းသော ဒိဋ္ဌိဝိပ္ပယုတ် စိတ္တုပ္ပါဒ်ပေတည်း။

ပမာဒ-ဟူသည်မှာ ကာမဂုဏ်ငါးပါး ဒုစ္စရိုက်တရားတို့၌

မောဟ ကင်းကြောင်း ကောင်းမွန်စွာ ကျင့်တော်မူပါပေ၏။ ကိုယ်နှုတ် စိတ်ထား, အကောက်သုံးပါး ကင်းအောင် ဖြောင့်စင်းစွာ ကျင့်တော်မူပါပေ၏။ သိထိုက်လှစွာ နိဗ္ဗာန်အလို့ငှါသာလျှင် ကျင့်တော်မူပါပေ၏။ ဆင်းရဲငြိမ်းရန် လျော်ကန်သင့်တင့်၊ မဂ္ဂင်အကျင့်ကို ဖြည့်ကျင့်တော်မူပါပေ၏။ မဂ္ဂင်္ဂာန်နှင့် ဖလင်္ဂာန် အစုံအစုံတွဲသောအားဖြင့် အကြင်လေးပါးသော ပုဂ္ဂိုလ်အစုံတို့သည် အသီးအသီးအားဖြင့် ရှစ်ပါးသော အရိယာပုဂ္ဂိုလ်မြတ်တို့သည် ဖြစ်ကုန်၏။ မြတ်စွာဘုရား၏ တပည့်သား အစစ် အရိယာ သံဃာတော်ဖြစ်သော အစုံအားဖြင့် လေးစုံ, အသီး အသီးအားဖြင့် ရှစ်ပါး, အရေအတွက် ရှိသော ဤသံဃာတော်သည် အရပ်ဝေးမှ ဆောင်ယူ၍ ပေးလှူသည်ကိုသော်လဲ ခံယူတော်မူထိုက်ပါပေ၏။ ပင့်ဖိတ်၍သော်လည်း ပူဇော်လှူဒါန်း ထိုက်ပါပေ၏။ ချစ်ခင်လေးစား ဧည့်သည်များသို့ သီးခြားရည်ရွယ်, စားသုံးဘွယ်ကိုသော်လဲ ပူဇော်လှူထိုက် ခံယူတော်မူထိုက်ပါပေ၏။ လက်ဦးဆောင်ကာ ရိုသေစွာဖြင့်, သဒ္ဓါကြည်ဖြူ, ပေးလှူပူဇော်ထိုက်ပါပေ၏။ ချမ်းသာတိုးပွား, အကျိုးများရန်, ရည်သန်ဆပ်ကပ်သည် မြင့်မြတ်သော အလှူကို ခံယူတော်မူထိုက်ပါပေ၏။ ကောင်းကျိုးမျှော်ကာ, လက်နှစ်ဖြာကို, ထိပ်မှာ ချီမိုး၍, ရှစ်ဦးကန်တော့ ထိုက်ပါပေ၏။ ကောင်းကျိုး လိုလားသော သတ္တဝါအများ၏ ကောင်းမှုမျိုးတို့၏ စိုက်ပျိုး ကြီးပွား, အသီးများရာ, လယ်ယာမြေ အကောင်းဆုံးပါပေတည်း။ ဤသို့ မှန်စွာ သိ၍ဖြစ်သော ယုံကြည်မှုနှင့် မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၏။

ပြောကြားဆုံးဖြတ်ရာ၏။ ပြောကြားဆုံးဖြတ်နိုင်ပေ၏။ (အဘယ်သို့ ပြောကြား ဆုံးဖြတ်နိုင်သနည်း ဟူမူကား) ငါသည် ကုန်ပြီးသော ငရဲရှိ၏။ ငရဲသို့ ကျရောက်မှု ကုန်ပြီ။ တိရိစ္ဆာန် ဖြစ်မှုကုန်ပြီ။ ပြိတ္တာ ဖြစ်မှုကုန်ပြီ။ အပါယ် ဒုဂ္ဂတိသို့ ပျက်စီး၍ ကျစေတတ်သည့် သဘောကုန်ပြီ။ ငါသည် သောတာပန်သည် ဖြစ်၏။ အပါယ်သို့ ကျစေနိုင်သည့် သဘောမရှိပြီ။ အရိယာမဂ်ဖြင့် ဂတိဉာဏ်မြဲ၏။ အထက်မဂ်ဉာဏ်များလျှင် အဆုံးသတ် ကိန်းသေလားရာရှိ၏။ ဤသို့ ပြောကြားနိုင်ပေ၏။ အာနန္ဒာ တရားမှန်ပြင် မည်သော ထိုတရားဒေသနာသည် အဘယ်ပါနည်းဟူမူ။အာနန္ဒာ ဤသာသနာတော်၌ အရိယာသာဝကသည် မြတ်စွာဘုရား၌ မှန်စွာသိ၍ ဖြစ်သော ယုံကြည်မှုနှင့် မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည်။ ဖြစ်၏။ (အဘယ်သို့ သက်ဝင်၍ ယုံကြည်သနည်း ဟူမူကား။) ငါတို့၏ဆရာ ဖြစ်တော် မူသော ထိုဘုရား သခင်သည် ဤသို့သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿန ဂုဏ်အထူး အမြတ်တို့နှင့် ပြည့်စုံ တော်မူသော အကြောင်းကြောင့်လဲ လူမင်း နတ်မင်း ဗြဟ္မာမင်းစသော တလောကလုံး၏ ပူဇော်အထူးကို ခံတော်မူထိုက်ပါပေ၏။ ဝါသနာနှင့် တကွ လောဘ ဒေါသမောဟ အစရှိသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ် တော်မူပါပေ၏။ ခပ်သိမ်းသော တရားတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူ ပါပေ၏။ ဝိဇ္ဇာ-စရဏ- သမ္ပန္နော၊ မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရန် အခြေခံ

စရဏ သီလ စသော အကျင့်အမျိုးမျိုး, ဝိပဿနာစသော ဉာဏ်မျက်စိ အမျိုးမျိုးတို့နှင့် လုံးဝကုံလုံ ပြည့်စုံတော်မူပါပေ၏။ မှန်ကန်၍ အကျိုးများသည့် စကားကောင်းကိုသာ ပြောဆိုတော် မူတတ်ပါပေ၏။ ကောင်းမွန်တင့်တယ်သော ကြည်ညိုဘွယ် ဖြစ်သော ကိုယ်နှုတ်စိတ် အမူအရာနှင့် ပြည့်စုံတော်မူပါပေ၏။ လောက၏ အကြောင်းအရာ အလုံးစုံကို အကုန်အစင် သိမြင်တော် မူပါပေ၏။ အမြင့် အမြတ်ဆုံး ပုဂ္ဂိုလ်ပါပေတည်း။ ဆုံးမထိုက်သော ပုဂ္ဂိုလ်များအား အကျိုးစီးပွား သို့ ရောက်ရန် အမြန်မောင်းနှင် ပဲ့ပြင်ဆုံးမတော်မူတတ်ပါပေ၏။ ဆုံးမထိုက်သော ပုဂ္ဂိုလ်များအား အကျိုးစီးပွားသို့ ရောက်အောင် ပို့ဆောင် မောင်းနှင်မှုဌ အတုမရှိ အမြင့်အမြတ်ဆုံး ဆရာပါပေတည်း။ နတ် လူ အများတို့၏ တပါးတည်းသော ဆရာအစစ် ပါပေတည်း။ ရှိရှိသမျှ တရားအလုံးစုံကို အကုန်သိတော်မူပါပေ၏။ သစ္စာလေးတန် တရားမှန်ကို ကိုယ်တော်တိုင် သိပြီး၍ ဝေနေယျ သတ္တဝါတို့အားလဲ ဟောကြားထုတ်ဖော် သိစေတော်မူတတ်ပါပေ ၏။ မနှိုင်းယှဉ် မရေတွက်နိုင်သော ဘုန်းတော် ကံတော် ပါရမီတော်တို့နှင့် ပြည့်စုံတော်မူပါပေ၏။ လူ နတ် ဗြဟ္မာ သတ္တဝါ အများ၏ ညွှတ်တွား ဆည်းကပ်ရှိသေအပ်သည့် ပုဂ္ဂိုလ်မြတ်ကြီး ပါပေတည်း။ ဤသို့ မှန်စွာသိ၍ ဖြစ်သော ယုံကြည်မှုနှင့် မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၏။

(ဤဘုရားဂုဏ်၌ ယုံကြည်မှု ကြည်ညိုမှုလဲ တရားမှန်ပြင်၏ အဂ်ီတခုပေတည်း။)

တရားတော်မြတ်၌ မှန်စွာသိ၍ဖြစ်သော ယုံကြည်မှုနှင့် မတုန်မလှုပ်

သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၏။ (အဘယ်သို့ သက်ဝင် ယုံကြည်သနည်း ဟူမူကား) မြတ်စွာဘုရားသခင် သည် ဟောကြားအပ်သော မဂ်ဖိုလ် နိဗ္ဗာန်နှင့် ဒေသနာတရားတော် မြတ်သည် ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်သော တရားတော် မြတ်ပါပေတည်း။ ကျင့်မှတ်အားထုတ်လျှင် အဟုတ် ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ်သည် ပါပေတည်း။ ကျင့်မှတ်အားထုတ်လျှင် အဟုတ် ကိုယ်တိုင် တွေ့မြင်နိုင်သော တရားတော်မြတ် ပါပေတည်း။ အချိန်အခွင့်, မဆိုင်းလင့်ဘဲ, အသင့်လက်ငင်း, ချက်ခြင်းအကျိုးပေးတတ်သော တရားတော် မြတ်ပါပေတည်း။ လာပါ, ကျင့်ကြည့်စမ်းပါဟု တိုက်တွန်းထိုက်သည့် တရားတော်မြတ် ပါပေတည်း။ ကိုယ်ထဲစိတ်ထဲ၌ စွဲမြဲဝင်ရောက်အောင် ကျင့်ဆောင် ထိုက်သည့် တရားတော်မြတ် ပါပေတည်း။ တရားမြင်သိ, အရိယာ ပညာရှိတို့သည် အသီး အသီးသော မိမိသန္တာန်၌ သိမြင် ခံစားအပ်သော တရားမြတ်ပါပေတည်း။ ဤသို့ မှန်စွာသိ၍ဖြစ်သော ယုံကြည်မှုနှင့် မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၏။

(ဤတရားဂုဏ်တော်၌ ယုံကြည်မှု ကြည်ညိုမှုလဲ တရားမှန်ပြင်၏ အဂ်ီ တခုပေတည်း။)

သံဃာတော်၌ မှန်စွာသိ၍ ဖြစ်သော ယုံကြည်မှုနှင့် မတုန်မလှုပ် သက်ဝင်၍ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံသည် ဖြစ်၏။ (အဘယ်သို့ သက်ဝင် ယုံကြည်သနည်း ဟူမူကား) မြတ်စွာဘုရား၏ တပည့်သား အစစ်ဖြစ်သော သံဃာတော်သည် လောဘ ဒေါသ

အရိယာသည်ကား ဘူတာရောစန သိက္ခာပုဒ်နှင့် မဆန့်ကျင်ရာ၌ သာလျှင် မိမိ၏ အရိယာ အဖြစ်ကို ပြောကြားနိုင်ပေသည်။

အရိယာဒ သဒ္ဓါခိုင်မြဲပုံ

အရိယာတို့၏ ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါသည်

(၁) ဖြားယောင်း၍ ဖျက်သော်လဲ မပျက်၊

(၂) ခြိမ်းချောက်၍ ဖျက်သော်လဲ မပျက်၊

(၃) လိမ်လည်၍ ဖျက်သော်လဲမပျက်၊ ထိုတွင် ဖြားယောင်း၍ မဖျက်နိုင်သည်ကို သုပ္ပဗုဒ္ဓ၏ ဝတ္ထုဖြင့် သိအပ်၏။

၁။ သုပ္ပဗုဒ္ဓဝတ္ထု

သုပ္ပဗုဒ္ဓသည် တကိုယ်လုံး၌ နူနာ နှိပ်စက်သောကြောင့် မပြတ် အော်ဟစ် ညည်းတွားနေရ၏။ ခိုကိုးရာ မရှိပေ။ သူငယ်ဘဝမှစ၍ ခွက်လက်စွဲကာ တကိုယ်တည်း တောင်းရမ်းစားသောက် နေရ၏။ အလွန်ဆင်းရဲသော သူပေတည်း။ သူသည် တနေ့သ၌ မြတ်စွာဘုရား တရားဟောနေစဉ်မှာ ပရိသတ်အစွန်၌ နေ၍ တရားနာ၏။ တရားနာစဉ် သောတာပန်ဖြစ်၍ မိမိရသော တရားထူးကို ဘုရားအား လျှောက်ထားရန် ကြံ၏။ ပရိသတ်များရှိစဉ်မှာ မလျှောက်ဝံ့၍ ပရိတ်သတ်များနှင့်အတူ ရောနှောကာ အတန်ငယ် ပြန်လိုက်သွားပြီးမှ ဘုရားထံသို့ ပြန်လာခဲ့၏။ ထိုအခိုက်၌ သိကြားမင်းသည် စုံစမ်းလို၍ ကောင်းကင်မှာ ရပ်တည်လျက် ဤသို့ ပြော၏။

(ဤသံယာဂုဏ်၌ ယုံကြည်မှု ကြည်ညိုမှုလဲ တရားမှန်ပြင်၏ အဂ်ါ တခုပေတည်း။)

အရိယာတို့သည် ဘဝတပါး၌သော်လဲ မလွန်ကျူးရက်အောင် နှစ်သက်မြတ်နိုးအပ်ကုန်သော ငါးပါးသောသီလတို့နှင့် ပြည့်စုံသည် ဖြစ်၏။ (အဘယ်သို့သော သီလတို့နှင့် ပြည့်စုံသနည်း ဟူမူကား) အစ, အဆုံး, သိက္ခာပုဒ်တို့ မပျက်သဖြင့် မကျိုးကုန်သော အလယ်က သိက္ခာပုဒ် တခုခုမျှ မပျက်သဖြင့် မပေါက်ကုန်သော။ သိက္ခာပုဒ် နှစ်ခု သုံးခု တစပ်တည်း မပျက်သဖြင့် မကြောင်မကျားကုန်သော သိက္ခာပုဒ် တခုခြား မပျက်သဖြင့် အပြောက်အကွက် အစွန်းအစက် မရှိကုန်သော။ တဏှာ၏ ကျွန်အဖြစ်မှ လွတ်သဖြင့် တော်လှန် လွတ်လပ်ကုန်သော။ (လောကီချမ်းသာအတွက် တောင့်တ၍ စောင့်ရှောက်သော သီလ မဟုတ်ဟု ဆိုလို၏) ဘုရားအစရှိသော ပညာရှိတို့ ချီးမွမ်းထိုက်ကုန်သော ဒိဋ္ဌဟူသော ပရမာသတရားက ငါကောင်, ငါသီလဟု မှားယွင်းစွာ မသုံးသပ် မစွဲလမ်း အပ်ကုန်သော ဥပစာသမာဓိ, အပ္ပနာသမာဓိ, ခဏိက ဝိပဿနာ သမာဓိ, မဂ်သမာဓိ, ဖိုလ်သမာဓိကို ဖြစ်စေနိုင်ကုန်သော ထက်ဝန်းကျင် စင်ကြယ်သော ငါးပါးသော သီလသမာဓိတို့နှင့် ပြည့်စုံသည်ဖြစ်၏။
(ဤသီလလဲ တရားမှန်ပြင်၏ အဂ်ါ တခုပေတည်း။

အာနန္ဒာ တရားမှန်ပြင်မည်သော ဟောကြားရန် ဝန်ခံခဲ့သော ထိုတရားဒေသနာသည် ဤသဒ္ဓါ သုံးပါးနှင့် သီလ တရားပင်တည်း။

ယင်းခိုင်မြဲသော သဒ္ဓါ, စင်ကြယ်သော သီလ,နှင့် ပြည့်စုံသော အရိယာသာဝကသည် အလိုရှိပါမူ။ မိမိကိုယ်တိုင်ပင်လျှင် မိမိကိုယ်ကို ပြောကြားဆုံးဖြတ်နိုင်ပေ၏။ (အဘယ်သို့ ဆုံးဖြတ်ပြောကြားနိုင်သနည်း ဟူမူကား။) ငါသည် ကုန်ပြီးသော ငရဲရှိ၏။ ငရဲသို့ ကျရောက်မှု ကုန်ပြီ။ အထက်မဂ်ဉာဏ်များလျှင် အဆုံးသတ် ကိန်းသေလားရာ ရှိ၏။ ဤသို့ ပြောကြား ဆုံးဖြတ်နိုင်ပေ၏။

ဤ မမ္မာဒါသသုတ်နှင့်အညီ, အကြောင်း မမ္မာဒါသ အဓိဂမ၏ အစွမ်းကြောင့် ခိုင်မြဲ စင်ကြယ်စွာ ဖြစ်သော အကျိုး မမ္မာဒါသ တရားလေးပါးလုံး မိမိ၌ ပြည့်စုံသည်ကို အဖန်ဖန် စူးစမ်း ကြည့်ရှုပြီးလျှင်, လူဝတ်ကြောင် ဖြစ်သော သောတာပန် ပုဂ္ဂိုလ် သည် သဘာဂ ပုဂ္ဂိုလ်များအား ပြောကြားလိုပါက မိမိ ကိုယ်တိုင်ပင် သောတာပန် အဖြစ်ကို ဆုံးဖြတ် ပြောကြားရာ၏။ သူတပါးအထံ၌ အဆုံးအဖြတ် ခံနေရန်လဲ မလိုပြီ။ ဘုရားမှ တပါးသော ပုဂ္ဂိုလ်တစုံတယောက်ကလဲ ဆုံးဖြတ်ပြောကြားရန် အခွင့်မရှိပြီ။ သို့ရာတွင် ဆရာဖြစ်သူ တို့မှာမူကား ဝိပဿနာ ဉာဏ်များနှင့် မဂ်,ဖိုလ်, ပစ္စဝေက္ခဏာ ဉာဏ်တို့၏ ဖြစ်ပုံများကိုငင်း၊ ဤမမ္မာဒါသသုတ်စသော ဆိုင်ရာသုတ် ဒေသနာများကိုငင်း၊ တပည့်ယောဂီအား ဟောပြရန် တာဝန်ရှိပေသေး၏။ အဘယ်ကြောင့် ဟောပြရသနည်း ဟူမူ. . သာမန် သာဝကမျှ ဖြစ်သော အရိယာပုဂ္ဂိုလ်သည် မိမိ၌ ဖြစ်ပေါ်သော ဉာဏ်တို့၏ အမည်ပညတ်များကိုငင်း၊ ပြည့်စုံသည့် ဂုဏ်ထူး အရေအတွက်များကိုငင်း၊ ကင်းငြိမ်းပြီး, မကင်းငြိမ်းသေးသော

ကိလေသာတို့၏ အပိုင်းအခြားကိုငင်း၊ မနာမကြားရဘဲ ကိုယ်ပိုင် ဉာဏ် သက်သက်ဖြင့် ပြည့်စုံစွာ မသိနိုင်ရာသောကြောင့် ဟောပြရပေသည်။ ထိုတွင် ဉာဏ်တို့၏အမည် ပညတ်ကို မသိနိုင်ရာ၌ "မသွားဘူးသေးသော ခရီးကို သွားသောသူသည် တွေ့ရသော မြို့ရွာများ၏ အခြေအနေကို သေချာစွာ သိရသော်လဲ, ထိုမြို့ရွာများ၏ အမည်ကိုကား မကြားရဘဲ အလိုလို မသိနိုင်သကဲ့သို့ပင်" မှတ်အပ်၏။ ပြည့်စုံသော ဂုဏ်ထူးများကို စုံလင်စွာ မသိရာ၌ အနာထပိဏ် သူဌေးကြီးစသော အရိယာတို့အား ဂုဏ်ထူးများကို စုံလင်စွာ သိစေရန် သောတာပတ္တိယင်္ဂစသော တရားများကို ဟောကြားတော်မူပေသည်။ နာကြားပြီးသော အခါ၌ ထိုဂုဏ်ထူးများနှင့်မိမိမှာ ပြည့်စုံနေကြောင်းကိုလဲ ထိုအရိယာတို့က ဝန်ခံပြောဆိုကြ၏။ ထိုအခါမှာ အရှင်သာရိပုတ္တြာ စသော မထေရ်များက "ဒါယကာ သင်သည် သောတာပတ္တိဖိုလ်ကို ပြောကြားအပ်ပေ၏" စသည်ဖြင့် ချီးမွမ်းတော်မူကြ၏။ သောတာပန်, သကဒါဂါဒ်, အနာဂါမ်တို့ အပါယ်၄ပါးမှ လွတ်ကြောင်းကို ဘုရားရှင်က ဟောတော်မူမှ သိကြရ၏။ နောက်၌သာဓကကိုပြအံ့။ ဤသို့ ဟောပြရသည်ကို ထောက်၍ သာမန်သာဝကသည် အရိယာ၏ ဂုဏ်ထူးများကို မိမိအလိုလို စုံလင်စွာ မသိနိုင်ဟု မှတ်သားအပ်၏။ ကင်းငြိမ်းပြီး, မကင်းငြိမ်းသေးသော ကိလေသာတို့၏ အပိုင်းအခြားကို မသိနိုင်သည်မှာကား ပြခဲ့ပြီးသော ပါဠို အဋ္ဌကထာတို့ဖြင့် ထင်ရှားလေပြီ။ သို့ဖြစ်၍ ဉာဏ်စဉ် အမည်စသည်တို့ကို ဆရာတို့က အားထုတ်ပြီးသော တပည့်ယောဂီအား ဟောပြကုန်ရာ၏။ ရဟန်းတော် ဖြစ်သော

အို! ရှင်ဟာ ပုံဏားတွေနဲ့ ကွဲပြားလဲ ကျမမတတ်နိုင်ဘူး၊ နတ်တွေနဲ့ ကွဲပြားလဲ မတတ်နိုင်ဘူး၊ ဘုရားကို သတိရလျှင်တော့ ကျမက ရှိမခိုးတော့ဘဲ မနေနိုင်ဘူးဟု ဓနဥ္ဇာနီက ငြင်းပယ် ပြော၏။

ရှင်မရေ! စဉ်းစားပါဦးကွယ်၊ ရွာတံခါးကိုတောင်မှ ပိတ်ထားလို့ ဖြစ်သေးတာဘဲ၊ ပုံဏားတွေ စားပွဲထိုင်နေတုန်း တခဏ ကလေး အတွင်းမှာ လက်နှစ်သစ်လောက်ရှိတဲ့ ပါးစပ် ပေါက်ကလေးကို ပိတ်ထားဘို့ မခက်ပါဘူးကွယ်၊ ဖြစ်နိုင်ပါတယ်ဟု ဤသို့သော နည်းဖြင့် အဖန်ဖန် ပြောဆို တားမြစ်သော်လဲ မတားမြစ်နိုင်ဘဲ ရှိလေ၏။ ထိုအခါ ဘာရဒ္ဓါဇသည် သံလျက် ထားလွယ်ကြီးကို ကိုင်၍-

ဟေ့ ရှင်မ! သည်မှာကြည့်စမ်း၊ နက်ဖြန်ခါ ပုံဏားတွေ စားပွဲထိုင်နေစဉ်မှာ ဦးပြည်း ရဟန်းကို ရှိခိုးလျှင်၊ နင့်ကိုယ်ကို ဤထားဖြင့် ခြေဖျားမှစ၍ ဆံဖျားတိုင်အောင် မျစ်လိုပင် အပိုင်း အပိုင်းဖြစ်အောင် ခုတ်ဖြတ်ပစ်မည်"ဟု ခြိမ်းချောက် ပြောဆို၏။ ထိုအခါ, ဓနဥ္ဇာနီက-

အိုပုံဏား သင်သည် ငါ၏ အဂ်ါကြီးငယ်တို့ကို အလိုရှိတိုင်း အကယ်၍ ခုတ်ဖြတ်စေကာမူ ငါသည် ဘုရားမြတ်၏ အဆုံးအမ သာသနာတော်မှ ရှောင်ကြဉ်မည် မဟုတ်သည်သာတည်း။

ဤသို့စသော ဂါထာငါးရာတို့ကို ဆိုလျက် ကန့်ကွက် ငြင်းပယ် နေသတဲ့။ ထိုအခါမှာ ဘာရဒ္ဓါဇက "ကဲ ဒါဖြင့် မင့်သဘောအတိုင်းဘဲ" ဆို၍ အလျော့ပေးလိုက်ရသတဲ့။ နောက်နေ့၌ ဧည့်သည် ပုံဏား တို့အား စားပွဲ ခင်းကျင်း၍ ကျွေးမွေးနေစဉ်မှာ ဓနဥ္ဇာနီသည်

အို သုပ္ပဗုဒ္ဓ! သင်ဟာ အလွန်ဆင်းရဲ နွမ်းပါးတဲ့လူ ဖြစ်တယ်။ ခိုကိုးရာမဲ့တဲ့လူ ဖြစ်တယ်။ အလွန်ယုတ်ညံ့တဲ့လူ ဖြစ်တယ်။ သင့်အား မနှိုင်းယှဉ်နိုင်အောင် များစွာသော စည်းစိမ်ဥစ္စာကို ငါပေးကမ်းမစမည်၊ "ဘုရားသည် ဘုရားစစ်မဟုတ်၊ တရားသည် တရားစစ်မဟုတ်၊ သံဃာသည် သံဃာစစ်မဟုတ်၊ ငါသည် ဘုရား တရား သံဃာကို အလိုမရှိ"ဟု ဤစကားကို ဆိုပါလောဟု သိကြားမင်းက ပြော၏။

သင် ဘယ်သူလဲဟု သုပ္ပဗုဒ္ဓကမေး၏။

ငါ သိကြားမင်းပါဟု ဖြေဆို၏။

အို မိုက်ကန်း၍ အရှက်မဲ့တဲ့ သိကြားမင်း မပြောသင့်တဲ့စကားကို သင်ပြောရက်ပေတယ်။ သင်ဟာ ငါနှင့် စကားပြောရန်ပင် မထိုက်တန်ပါ။ ပြီးတော့လဲ ငှါကို လူဆင်းရဲ လူမွဲ ခိုကိုးရာမဲ့သူဟု သင် အဘယ် ကြောင့် ဆိုပါသနည်း။ ငါသည် မြတ်စွာဘုရား၏ သားတော်အစစ် ဖြစ်သည် မဟုတ်ပါလော! သူဆင်းရဲ လူမွဲ ခိုကိုးရာမဲ့သူ မဟုတ်ပါ။ အမှန်အားဖြင့်ဆိုလျှင် ငါသည် အကောင်း အမြတ်ဆုံး ချမ်းသာဖြင့် ကောင်းစား ချမ်းသာသူ, ကြွယ်ဝပေါများသူ ဖြစ်ပါသည်ဟု ဆို၍ အောက်ပါ ဂါထာတို့ကို ရွတ်ဆိုသတဲ့။

သဒ္ဓါတည်းဟူသော ဥစ္စာငှင်း၊ သီလတည်းဟူသော ဥစ္စာငှင်း၊ ဟီရိတည်းဟူသော ဥစ္စာငှင်း၊ ဩတ္တပ္ပတည်းဟူသော ဥစ္စာငှင်း၊ သုတတည်းဟူသော ဥစ္စာငှင်း၊ စွန့်ကြဲခြင်းဟူသော ဥစ္စာငှင်း၊ စင်စစ် ပညာတည်းဟူသော ခုနစ်ခုမြောက် ဥစ္စာငှင်း၊ ဤခုနစ်ပါးသော ဥစ္စာတို့သည် အကြင်မိန်းမ၏ သန္တာန်၌ငှင်း၊ အကြင်ယောကျ်ား၏ သန္တာန်၌ငှင်း၊ လူဆင်းရဲမဟုတ်, လူချမ်းသာဟူ၍ ဘုရားစသော

သူတော်ကောင်းတို့က မိန့်ဆိုကုန်၏။ ထိုသို့သော ပုဂ္ဂိုလ်၏ အသက်ရှင်ခြင်းကို အချည်းနှီးမဟုတ်, အကျိုးများသော အသက်ရှင်ခြင်းဟူ၍ မိန့်ဆိုကုန်၏။

ထိုအခါ သိကြားမင်းသည် ဘုရားထံသို့ ရှေးဦးစွာ သွား၍ ထိုအကြောင်းကို လျှောက်၏။ "ဘုရား တရား သံဃာ မဟုတ်ဟု ပြောဆိုစေရန် သုပ္ပဗုဒ္ဓကို သင်သို့သောသူ တရာ, တထောင် သော်လဲ မဖြားယောင်းနိုင်"ဟု မြတ်စွာဘုရားက မိန့်တော်မူ၏။

သုပ္ပဗုဒ္ဓသည်လည်း ဘုရားထံသို့ သွား၍ ထိုအကြောင်းအလုံးစုံကို လျှောက်ထားပြီး၍ ပြန်လာသောအခါမှာ ရန်ငြိုးရှိသော ဘီလူးမက နွားမယောင် ဖန်ဆင်း၍ ဧတ်တတ်သောကြောင့် သေရှာလေလျှင်၊ တရားနာစဉ်မှစ၍ ဖြစ်ပွားခဲ့သော သဒ္ဓါ, သီလ, သုတ,စာဂ,ပညာတို့၏ အစွမ်းကြောင့် တာဝတိံသာ၌ တန်ခိုးကြီးမားသော နတ်သားကြီး ဖြစ်လေ၏။ လူ့ပြည်တုန်းက အလွန်အောက်တန်းကျသူ ဖြစ်ခဲ့သော်လဲ အရိယာမဂ်၏ အစွမ်းကြောင့် အချို့နတ်များထက် တန်ခိုးကြီးလျက်ရှိလေ၏။ ထို့ကြောင့် အချို့နတ်များက မနာလို၍ စောင်းမြောင်းငြူစူကြ၏။ ထိုစကားကို ကြား၍ သိကြားမင်းက . . "အချင်းနတ်များတို့ ဤသုပ္ပဗုဒ္ဓနတ်သားကို မနာလို ဝန်တိုခြင်း မရှိကြကုန်လင့်၊ သူသည် လူဘဝက မြတ်စွာဘုရား၏ သာသနာတော်မှာ သဒ္ဓါ, သီလ, သုတ,စာဂ, ပညာတို့ကို ဆောက်တည် ဆည်းပူးခဲ့သည့်အတွက် ယခုလို တန်ခိုးကြီးမားပေသည်" ဤသို့ စသည်ဖြင့် ဆုံးမ ပြောဟောလေ၏။ အရိယာမဂ်၏ တန်ခိုးသည် အလွန်ပင် အားကောင်းပါပေစွ။ (ဤဝတ္ထုသည် ဥဒါန်းပါဠိအဋ္ဌကထာ ဓမ္မပဒ အဋ္ဌကထာနှင့် သင်္ကသံယုတ်ပါဠိတို့၌ လာ၏။)

ဤဝတ္ထု၌ ပြဆိုထားသည်နှင့်အညီ ဘုရား တရား သံဃာ အစစ်တို့ကို "မဟုတ်ဟူ၍၄င်း, မရှိဟူ၍၄င်း" ပြောဆိုစေရန် စွန့်လွှတ်စေရန် လောကီ ဂုဏ်သိရ် စည်းစိမ် ဥစ္စာတို့ဖြင့် ဘယ်လိုပင် ဖြားယောင်းသော်လဲ အရိယာအစစ် ဖြစ်သော သူသည် ထိုသို့သော စကားကို မပြောဆိုနိုင်သည်သာ ဖြစ်ရာ၏။ ဘုရား တရား သံဃာ အစစ် တို့ကို မစွန့်နိုင်သည်သာ ဖြစ်ရာ၏။ မိမိ အလိုလို စဉ်းစား ဆင်ခြင်ကြည့်လျှင်လဲ ဘယ်လို စည်းစိမ် ဂုဏ် သိရ်နှင့်မျှ မလဲနိုင်ဘဲ ရတနာ သုံးပါး အပေါ်၌ ယုံကြည်မှု ကြည်ညိုမှု ခိုင်မြဲနေသည်ကိုသာ တွေ့လေရာ၏။

၂။ ဓနဉ္စာနီ ဝတ္ထု

ခြိမ်းချောက်၍ မဖျက်နိုင်သည်ကို **ဓနဉ္စာနီ** မည်သော ပုဏ္ဏားမ၏ ဝတ္ထုဖြင့် သိအပ်၏။ တနေ့သ၌ ခင်ပွန်းသည်ဖြစ်သော ဘာရဒ္ဒါဇ ပုဏ္ဏားက ဓနဉ္စာနီ အား ဤသို့ပြော၏။

ရှင်မရေ! နက်ဖြန်ကာ ငါတို့အိမ်မှာ ပုဏ္ဏား ငါးရာကို ထမင်းကျွေးဖို့ ဖိတ်ထားတယ်။ မင်းကလဲ ရပ်ရင်းဖြစ်စေ, ထိုင်ရင်းဖြစ်စေ, ချေဦ ဖြစ်စေ, ချောင်ဆိုး၍ ဖြစ်စေ, နေရာတကာမှာ 'နမော ဗုဒ္ဓဿ' ဟု ဆိုဆိုပြီး ဦးပြည်းရဟန်းကို ရှိခိုး ရှိခိုးနေတာဘဲ၊ နက်ဖြန်တရက်တော့ တောင်းပန်ပါရစေကွယ်၊ ဧည့်သည်တော် ပုဏ္ဏားဆရာများ စားပွဲထိုင်နေတုန်းမှာ အဲဒီလိုဆိုပြီး ရှိမခိုးမိအောင် စောင့်စည်းစေချင်ပါတယ်။ ရှိခိုးတာကို သူတို့က မြင်ကြားသွားလျှင်၊ ငါ့အပေါ်မှာ အထင်လွဲပြီး သဘောကွဲကုန်ပါလိမ့်မယ်ဟု ပြော၏။

မပျက်သည်သာ ဖြစ်ရာ၏။ အချို့သခ်ါရများကို နိစ္စ သုခ အတ္တဟု ဘုရားဟောကြောင်းကို တစုံတယောက်က ပြောခဲ့လျှင် ထိုစကားကို ဘုရား၏စကား မဟုတ်ဟု ဆုံးဖြတ်နိုင်ရာ၏။ ထိုပြင်, “လောက၌ တရား အလုံးစုံကို သိနိုင်သော ဘုရားမည်သည်မရှိ ဟူ၍ငင်း၊ မြတ်စွာဘုရား သည် အချို့တရားများကို မသိနိုင်ဟူ၍ငင်း၊ မင်္ဂိုလ် နိဗ္ဗာန် မည်သည် မရှိဟူ၍ငင်း၊ ကျင့်ကြံအားထုတ်သော်လဲ ကိလေသာ ကင်းငြိမ်းခြင်း, လျော့ခြင်းမည်သည် မရှိဟူ၍ငင်း၊ အထူး စိတ်တည်ကြည်ခြင်း, ရုပ်နာမ် အနိစ္စ ဒုက္ခ အနတ္တတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အထူးသိခြင်း မည်သည် မရှိဟူ၍ငင်း၊ ကိလေသာ ကင်းငြိမ်းအောင် ကျင့်ဆဲ, ကျင့်ပြီးဖြစ်သော အရိယာပုဂ္ဂိုလ်မည်သည် မရှိဟူ၍ငင်း” ဤသို့သော စကားကို တစုံတယောက်က ပြောဆိုခဲ့လျှင်၊ ထိုစကားကိုလဲ ပြောင်းပြန် မှားယွင်းသော စကားဟု ဆုံးဖြတ်နိုင်ရာ၏။

အရိယာ၏ သီလ ခိုင်မြဲ ခင်ကြယ်ပုံ

အရိယာတို့သည် နှစ်သက်ခင်မင် မြတ်နိုးအပ်ကုန်သော (သီလတို့နှင့် ပြည့်စုံ၏)။ မှန်ပေ၏။ ငါးပါးသီလတို့သည် ဘဝ တပါး၌သော်လဲ အရိယာတို့ မစွန့်အပ်သောကြောင့် အရိယာတို့ နှစ်သက်အပ်ကုန်၏။ ဖြစ်ကုန်၏။ ထိုငါးပါးသီလတို့ကို ရည်၍ သီလတို့နှင့် ပြည့်စုံသည်ဟူသော ဤစကားကို ဤမမ္မာဒါသသုတ်၌ ဟောအပ်ပေ၏။

ဘဝတပါး၌ တည်သည်ဖြစ်၍ မိမိ၏ အရိယာအဖြစ်ကို မသိသည်သော်လဲ ဖြစ်သော အရိယာသာဝကကို တစုံတယောက်က

ခလုတ်တိုက်မိ၍ ချော်လဲသွားရှာလေ၏။ တိုက်ခိုက်မိသော ဒဏ်ရာကြောင့် ဒုက္ခ ဝေဒနာ ဖြစ်ပေါ်လာသော အခါ၌ ဓနဥာနီသည် မြတ်စွာဘုရားကို သတိရ၍ ဦးခေါင်းထက်၌ လက်အုပ်ချီကာ ဘုရားရှိတော်မူရာ ဝေဠုဝန်ကျောင်းတော်ဆီသို့ ညွှတ်တွားလျက်၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးဆိုလျက် ကန်တော့မိလေ၏။

ထိုအခါမှာ ဧည့်သည် ပုဏ္ဏားတို့သည် “အယူဇာတ် ကွဲပြားသောသူ၏ ထမင်းကို ငါတို့ မစားလို”ဟု ပြောဆို စိတ်ဆိုးလျက် ထ၍ သွားလေကုန်၏။

ဘာရဒ္ဒါဇပုဏ္ဏားလဲ အမျက်ဒေါသ ချောင်းချောင်းထလျက် ပုံဏ္ဍောမကို အမျိုးမျိုးဆဲဆိုပြီးလျှင် မကျေနပ်သေးသောကြောင့် “သူ့ဆရာဘုရားကို မေးခွန်းမေးမြန်း၍ ဝါဒတင်မည်”ဟု ကြံစည်ကာ ဘုရားထံသို့ သွား၍ မေးလေ၏။ မြတ်စွာဘုရားက ဖြေဆို ဟောကြားသောအခါ၌ ထိုပုဏ္ဏားသည် အကျွတ်တရား၏ သာသနာတော်တွင် ရဟန်းပြုလေလျှင် မကြာမီပင် ရဟန္တာဖြစ်လေသည်ဟု ဗြဟ္မဏသံယုတ် ပါဠိတော်၌လာ၏။ သို့ဖြစ်၍ “ဘုရား တရား သံဃာ ဗုဒ္ဓဘာသာကို စွန့်ရမည်၊ မစွန့်လျှင် သတ်ပစ်မည်“ဟု သတ်နိုင်သူက ခြိမ်းချောက်ပြောဆိုသော်လဲ အရိယာအစစ် ဖြစ်သောသူသည် ဤဓနဥာနီ ပုံဏ္ဍောမကဲ့သို့ပင် မစွန့်လွှတ်နိုင်ဘဲ ခိုင်မြဲသော သဒ္ဓါ နှင့် ပြည့်စုံနေသည်သာ ဖြစ်ရာ၏။

၃။ သူရမ္ဘဋ္ဌ ဝတ္ထု

လိမ်လည်၍ ဖျက်သော်လဲ သဒ္ဓါမပျက်သည်ကို **သူရမ္ဘဋ္ဌ၏ ဝတ္ထုဖြင့်** သိအပ်၏။ ကမ္ဘာတသိန်းထက် ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက်က အဝေစ္စ ပသန္နဇေတဒဂ်ဆုကို ပန်ခဲ့သော **သူရမ္ဘဋ္ဌ**သည် ဤဘုရားလက်ထက်၌ သာဝတ္ထိပြည်မှာ သူဋ္ဌေးသား ဖြစ်လာ၏။ သူသည် မြတ်စွာဘုရားကို ပင့်၍ ဆွမ်းကပ်လျှ၏။ ဆွမ်းဘုန်းပေးပြီးသောအခါ၌ မြတ်စွာဘုရားက တရားဟော၏။ ဒေသနာ၏ အဆုံး၌ သူရမ္ဘဋ္ဌသည် သောတာပန်ဖြစ်လေ၏။ မြတ်စွာဘုရား ပြန်ကြွသွားပြီးသောအခါ၌ မာရ်နတ်မင်းသည် သူရမ္ဘဋ္ဌကို စုံစမ်းလိုသောကြောင့် ဘုရားယောင် ဟန်ဆောင်ဖန်ဆင်း၍ သူရမ္ဘဋ္ဌ၏ အိမ်တံခါးဝ၌ ရပ်တည်ရာ၏။ ထိုအခါ သူရမ္ဘဋ္ဌသည် "မကြာမီပင် မြတ်စွာဘုရား ပြန်ကြွလာသည်မှာ အကြောင်းထူးရှိ၍ ဖြစ်ပေလိမ့်မည်"ဟု ဆင်ခြင်ပြီးလျှင် လျင်မြန်စွာ သွား၍ ဘုရား ဟူသော အမှတ်ဖြင့် ရှိခိုးလျက် အကြောင်းကို မေးလျှောက်၏။ ထိုအခါ ဘုရားယောင်ဆောင်နေသော မာရ်နတ်က-

"အို သူရမ္ဘဋ္ဌ! ငါသည် သင့်အား တရားဟောစဉ်က တခုကို မဆင်ခြင်ဘဲ ဟောခဲ့မိ၏။ ဘာလဲဆိုလျှင် ခန္ဓာငါးပါးလုံးပင် အနိစ္စ ဒုက္ခ အနတ္တဟု ငါဟောခဲ့မိ၏။ သို့သော်လဲ ဤခန္ဓာငါးပါးတို့သည် အကုန်လုံးပင် အနိစ္စ ဒုက္ခ အနတ္တချည်း မဟုတ်ကြပေ။ အမှန်မှာ တော့ အချို့ ခန္ဓာများက နိစ္စ ဓုဝ သဿတ ဖြစ်ကြပေသည်"ဟု ဆို၏။

ထိုအခါ၌ သူရမ္ဘဋ္ဌ၏ ဆင်ခြင်ပုံမှာ . . ဤစကားဟာ အလွန်

ဝန်လေးတဲ့ စကားဘဲ၊ ဘုရားတို့၏ စကားမည်သည်မှာ နှစ်သွယ် နှစ်ခု ဖြစ်ရိုး မရှိပေ၊ "မာရ်နတ်သည် ဘုရား၏ ဆန့်ကျင်ဘက်"ဟု ငါကြားဘူး၏။ ဤသူဟာ ဧကန်ပင် မာရ်နတ်ဖြစ်ပေလိမ့်မည်ဟု စဉ်းစားပြီးလျှင် "အသင် မာရ်နတ် မဟုတ်လော"ဟု မေး၏။

ဟုတ်ပါတယ်ဟု မာရ်နတ်က ဝန်ခံရ၏။

"သင်လို မာရ်နတ်တွေ တရာ, တထောင်သော်လဲ ငါ၏ သဒ္ဓါကို မလှုပ်မရှား မဖျက်ဆီးနိုင်ဘူးလို့ မှတ်ထားပါ။ မဟာဂေါတမ မြတ်စွာဘုရားသည် ငါအား တရားဟောစဉ်က သခ်ါရအလုံးစုံပင် အနိစ္စချည်းဟု သိစေလျက် ဟောသွားလေပြီ။ အသင်ငါ၏ အိမ်တံခါး၌ ရပ်တည်မနေပါလင့်"ဟု လက်ဖျောက်တီး၍ သူရမ္ဘဋ္ဌက မာရ်နတ်ကို နှင်ထုတ်လိုက်လေ၏။

ဤအကြောင်းကိုပင် အတ္ထုပ္ပတ္တိ ပြုတော်မူ၍ ဤသာသနာတော်၌ ရတနာသုံးပါး၏ ဂုဏ်ကို အမှန်အတိုင်းသိ၍ မတုန်မလှုပ် သက်ဝင်ယုံကြည်သော ဥပါသကာတို့တွင် သူရမ္ဘဋ္ဌ ကိုအထူးအမြတ်ဆုံး ပုဂ္ဂိုလ်ဟု ဧတဒဂ်အရာ၌ မြတ်စွာဘုရားက တင်ထား တော်မူပေ၏။ (ဤဝတ္ထုသည် အင်္ဂုတ္တရ အဋ္ဌကထာ၌ လာ၏။)

သို့ဖြစ်၍ အရိယာအစစ် ဖြစ်သောသူသည် သူရမ္ဘဋ္ဌကဲ့သို့ ဧတဒဂ်ရလောက်အောင် ယုံကြည်မှု မလွန်ကဲသော်လဲ ဘုရား တရား သံဃာ ဗုဒ္ဓသာသနာကို မစွန့်လွှတ်နိုင်အောင် ခိုင်မြဲသော သဒ္ဓါနှင့်မူကား ပြည့်စုံသည်သာ ဖြစ်ရာ၏။ မည်မျှလောက် အလိမ်ကောင်းသောသူက လိမ်လှည့် ပြောဟောစေကာမူ ရတနာသုံးပါးအပေါ်၌ ယုံကြည်မှုကား

"ဤပိုးရွ ပရွတ်ဆိတ်ကို အသက်မှချ၍ (သတ်ဖြတ်၍) စကြာဝဠာတတိုက်လုံး၌ စကြဝတေးမင်း အဖြစ်ကို ပြုပါ"ဟု ဤသို့ အကယ်၍ ပြောဆိုစေကာမူ ထိုအရိယာသာဝကသည် ယင်းပိုးရွ ပရွတ်ဆိတ်ကို အသက်မှမချနိုင်ရာ (မသတ်နိုင်ရာ)။ သို့မဟုတ် တနည်းအားဖြင့်လဲ "ဤပိုးရွ ပရွတ်ဆိတ်ကို အကယ်၍ သင်မသတ်ငြားအံ့၊ သို့ဖြစ်လျှင် သင်၏ဦးခေါင်းကို ငါတို့ ဖြတ်ကုန်အံ့"ဟု ဤသို့ အရိယာသာဝကကို အကယ်၍ ဆိုကြစေကာမူ ထိုသို့ ဆိုသောသူတို့သည် ထိုအရိယာသာဝက၏ ဦးခေါင်းကိုသာလျှင် ဖြတ်ရလေကုန်ရာ၏။ ထိုအရိယာသာဝကသည်ကား ယင်းပိုးရွ ပရွတ်ဆိတ်ကို မသတ်နိုင်လေရာသည် သာလျှင်တည်း။

သူတပါး၏ ဥစ္စာကို ခိုးယူမှု, မဆိုင်သော မေထုန်ကာမတို့၌ ကျူးလွန်မှု, သူတပါး၏ အကျိုးမဲ့ဖြစ်အောင် လိမ်လည်မှု, သေအရက်ကို သောက်စားမှုတို့ကိုလဲ ပါဏာတိပါတ နည်းတူပင် အရိယာသည် မပြုလုပ်နိုင်သည်သာ ဖြစ်ရာ၏။ သူဌေးစည်းစိမ်, မင်းစည်းစိမ်, ကိုယ်ခန္ဓာ, အသက်တို့ထက်သော်လဲ ငါးပါးသီလကို ခင်မင်မြတ်နိုးသည်သာလျှင် ဖြစ်ရာ၏။

သို့ဖြစ်၍ သောတာပန် အရိယာပုဂ္ဂိုလ်သည် မိမိအလိုလို ဆင်ခြင်ကြည့်သော အခါ၌၄င်း, ကိလေသာဖြစ်ကြောင်းများနှင့် တွေ့ကြုံရသော အခါ၌၄င်း, ပြခဲ့ပြီးသော ဓမ္မာဒါသသုတ်နှင့်အညီ သဒ္ဓါနှင့်သီလ ခိုင်မြဲ စင်ကြယ်နေသည်ကိုသာ တွေ့ရပေလတံ့။ ထို့ပြင်, ပဌမမဂ်ဖြင့် ပယ်ထိုက်သော ကိလေသာများသည် အာရုံ

လွတ်မြောက်ကုန်၏။ အပါယ်ဒုဂ္ဂတိသို့ ကျရောက်ခြင်းမှ လုံးဝ လွတ်မြောက်ကုန်၏။

ဤသို့ မိန့်တော်မူပြီးလျှင် ထိုအရိယာဧယောက်ကို အကျယ်ဝေဖန် ဟောကြားတော်မူ၏။ ထိုဧယောက်မှာ

၁။ အန္တရာ ပရိနိဗ္ဗာယီ၊
၂။ ဥပဟစ္စပရိနိဗ္ဗာယီ၊
၃။ အသင်္ခါရပရိနိဗ္ဗာယီ၊
၄။ သသင်္ခါရပရိနိဗ္ဗာယီ၊
၅။ ဥဒ္ဓံသောတအကနိဋ္ဌဂါမီ၊
၆။ သကဒါဂမ်၊
၇။ ဧကဗီဇီသောတာပန်၊
၈။ ကောလံကောလ သောတာပန်၊

၉။ သတ္တက္ခတ္တုပရမသောတာပန် ဤဧယောက်ပေတည်း။ ထိုနောင် ဆက်လက်၍ အောက်ပါ စကားကိုလဲ မိန့်တော်မူပြန်သည်။ ၎င်းသည်သာလျှင် ဤအရာ၌ မှတ်သားရန် လိုရင်းစကား ဖြစ်ပေသည်။

သာရိပုတြာရဟန်းတို့အားဖြင်း၊ ရဟန်းမိန်းမတို့အားဖြင်း၊ ဥပါသကာတို့အားဖြင်း၊ ဥပါသိကာမတို့အားဖြင်း၊ ဤမေးခွန်းမပေါ်လာမီ ရှေးဦးစွာ သဉ္ဇပါဒိ သေသ အရိယာတို့၏ အပါယ်မှ လုံးဝလွတ်မြောက်ကြောင်းကို ဖော်ပြသော ဤတရားဒေသနာသည် မထင်ပေါ်ခဲ့သေး။ မဟောခဲ့သေး၊ ထိုသို့မထင်ခဲ့ခြင်း မဟောခဲ့ခြင်းသည် အဘယ်ကြောင့်နည်း

အကြောင်းများ ရှိသော်လဲ မဖြစ်ပေါ်လာဘဲ အလိုလိုပင် ကင်းငြိမ်းနေသည်ကိုလဲ မျက်မှောက်ထင်ထင် တွေ့မြင် ရပေလတံ့။

အရိယာ၏ ယုံမှား

အရိယာဟူသမျှသည် သဉပါဒိသေသပုဂ္ဂိလ်ပင် ဖြစ်သော်လဲ အပါယ်လေးပါးမှ လုံးဝ လွတ်မြောက်သည် ချည်းသာတည်း။ သဉပါဒိသေသ အရိယာတို့တွင် သောတာပန်, သကဒါဂါမ်တို့သည် ကာမသုဂတိနှင့် ရှုပ အရှုပ ဘုံတို့၌သာလျှင် ဖြစ်ကုန်၏။ ကာမသုဂတိ၌လဲ ယုတ်ညံ့သေးသိမ်သော အမျိုးတို့၌ကား မဖြစ်ကုန်၊ မြင့်မြတ် ကြီးကျယ်သော အမျိုးတို့၌သာလျှင် ဖြစ်ကုန်၏။ အနာဂါမ်တို့သည်ကား ရှုပ အရှုပ ဘုံတို့၌သာလျှင် ဖြစ်ကုန်၏။ ဤအရာ၌ ထိုအရိယာတို့သည် မိမိတို့ အပါယပရိမုတ္တ= အပါယ်မှ လုံးဝလွတ်သူ ဖြစ်ကြောင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် အလိုလိုပင် သိနိုင် ဆုံးဖြတ်နိုင်ကြပါသလော ဟူမူ၊ အင်္ဂုတ္တရပါဠိတော်, နဝကနိပါတ်, သီဟနာဒဝဂ်, ဒုတိယသုတ်သည် ဤမေးခွန်းကို ဖြေရှင်းထားလေပြီ။ လိုရင်း စကားအချို့ကို အကျဉ်းအား ဖြင့် ဆောင်ပြပါအံ့။

မြန်မာပြန်အံ့

မြတ်စွာဘုရား! (ပရိဋ္ဌိတို့၏ အာရာမ်၌ အကျွန်ုပ် ထိုင်နေစဉ်) ထိုအခါမှာ စုဝေးထိုင်နေလျက် စည်းဝေးနေကုန်သော ထိုအညတိတ္ထိယ ပရိဗိုဇ်တို့၏ ဤသို့သော ကြားဖြတ်စကား ဖြစ်ပေါ်ပါသည်။ "ငါ့ရှင်တို့

တစုံတယောက်သော ပုဂ္ဂိလ်သည် ဥပါဒါန် အကြွင်းရှိလျက် သေငြားအံ့၊ ထိုသို့သောပုဂ္ဂိလ် အလုံးစုံသည် ငရဲမှ လုံးဝ မလွတ်သေး။ တိရိစ္ဆာန်အဖြစ်မှ လုံးဝမလွတ်သေး၊ ပြိတ္တာအဖြစ်မှ လုံးဝ မလွတ်သေး။ အပါယ်ဒုဂ္ဂတိသို့ ကျရောက်ခြင်းမှ လုံးဝမလွတ်သေး"ဟု ဤကြားဖြတ် စကား ဖြစ်ပေါ်ပါသည်။ ထိုအခါမှာ မြတ်စွာဘုရား! ထို အညတိတ္ထိယ ပရိဗိုဇ်တို့၏ စကားကို အကျွန်ုပ်သည် မနှစ်သက် လက်မခံပါ။ တားလဲ မတားမြစ်ခဲ့ပါ။ "မြတ်စွာဘုရား၏ အထံမှာ ဤကြားဖြတ်စကား၏ အနက်ကို အမှန် သိရမှာဘဲ"ဟု နှလုံးသွင်း၍ ထိုစကားကို မနှစ်သက် လက်မခံခဲ့ဘဲ မတားမြစ်ခဲ့ဘဲ နေရာမှထ၍ ဖဲခွါခဲ့ပါသည်ဟု အရှင် သာရိပုတြာက လျှောက်၏။

သာရိပုတြာ သာသနာတော်မှ တခြားတပါး အယူရှိကုန်သော မသိတတ် မလိမ္မာကုန်သော မကျွမ်းကျင်ကုန်သော ပရိဗိုဇ်တို့သည် သဉပါဒိသေသပုဂ္ဂိလ်, အနုပါဒိသေသပုဂ္ဂိလ်နှင့် အပါယဂတိ ပရိမုတ္တ အဖြစ်ကို သိသော ဉာဏ်အရာ၌ အဘယ်သို့သော ပုဂ္ဂိလ်တို့ပေနည်း။ အဘယ်သို့သော ပုဂ္ဂိလ်များ ဖြစ်ကြ၍ ဥပါဒါန် အကြွင်းရှိသော ပုဂ္ဂိလ်ကိုမူလည်း သဉပါဒိသေသပုဂ္ဂိလ်ဟူ၍ သိနိုင်ကုန်လတံ့နည်း။ ဥပါဒါန် အကြွင်းမရှိသော ပုဂ္ဂိလ်ကိုမူလည်း အနုပါဒိသေသပုဂ္ဂိလ်ဟူ၍ သိနိုင်ကုန်လတံ့နည်း။ သဉပါဒိသေသ အကြွင်းကျန်ရှိကုန်လျက် သေခြင်းကိုပြုကုန်သော ဤဆိုလတံ့သော အရိယာပုဂ္ဂိလ် ဥယောက်တို့သည် ငရဲမှ ငရဲ၌ဖြစ်ခြင်း မှ လုံးဝလွတ်မြောက်ကုန်၏။ တိရိစ္ဆာန်မျိုး၌ ဖြစ်ခြင်းမှ လုံးဝလွတ်မြောက်ကုန်၏။ ပြိတ္တာဘုံမှ ဖြစ်ခြင်းမှ လုံးဝ

ပယ်ပြီး မပယ်ရသေးသော ကိလေသာ၌ ယုံမှားခြင်းတို့သည် အချို့သောတာပန် သကဒါဂါမ်တို့အား ဖြစ်တတ်ကြသေးသည်ဟု သိအပ်၏။ သို့သော်လဲ ထိုသို့သော ယုံမှားများ ရှိသည့်အတွက်ကြောင့် ဝိစိကိစ္ဆာ မကင်းသေး ဟူ ၍ကား မဆိုအပ်ပေ။ အကြောင်းမူကား ဤသို့သော ယုံမှားတွေးတောမှုသည် မဂ်ဖြင့် ပယ်အပ် ပယ်ထိုက်သော ဝိစိကိစ္ဆာ ကိလေသာမဟုတ်ပေ။ ကခ်ီဝိတရဏဝိသုဒ္ဓိ အရာ၌ ဖော်ပြခဲ့သော အတ္တဒိဋ္ဌ ဥပနိဿယရှိသော ယုံမှားရှစ်မျိုး တဆယ့် ခြောက်မျိုးသည်သာလျှင် ပဟာတဗ္ဗ ဝိစိကိစ္ဆာ ကိလေသာ ဖြစ်ပေသည်။

မဟာပစ္စဝေက္ခဏာ (၇)ပါး

ယခုအခါ၌ မူလပဏ္ဏာသ ကောသမ္မိယသုတ်၌ လာသော သောတာပန်ပုဂ္ဂိုလ်၏ မဟာပစ္စဝေက္ခဏာ (၇)ပါးကို ထုတ်ပြဦးအံ့။

ကထဉ္စ ဘိက္ခဝေ ယာယံ ဒိဋ္ဌိ အရိယာ နိယျာနိကာ နိယျာတိ တက္ကရဿ သမ္မာဒုက္ခက္ခယာယ=ရဟန်းတို့အပြစ်ကင်းသော ထွက်သွားတတ်သော (သူ့ကိစ္စကို ကျေကုန်အောင် ဆောင်ရွက်တတ် သော) အကြင် သောတာပတ္တိမဂ် အသိအမြင်သည် ရှိ၏။ ထိုအသိအမြင်သည် ထိုမဂ်အကျင့်ကို ကျင့်သောသူ၏ အမှန်အတိုင်း ဆင်းရဲကုန်ဘို့ရန် အဘယ်သို့ ထွက်သွားပါသနည်း= ကိလေသာကို ကင်းငြိမ်းစေလျက် သူ့ကိစ္စကို ကျေကုန်အောင် အဘယ်သို့ ဆောင်ရွက်ပါသနည်းဟူမူ။

(၁) ရဟန်းတို့ဤသာသနာ၌ ရဟန်းသည်(အရိယာပုဂ္ဂိုလ်သည်) တောအရပ်သို့ဖြစ်စေ, သစ်ပင်အောက်သို့ဖြစ်စေ, ဆိတ်ငြိမ်ရာသို့

ဟူမူကား။ ဤတရားဒေသနာကို နာကြားကုန်၍ နာကြားရသောကြောင့် ထိုသဉ္ဉပါဒိသေသ အရိယာပုဂ္ဂိုလ်တို့သည် မွေလျော့ခြင်းကို မဆောင်ယူပါစေကုန်လင့်၊ မွေလျော့ခြင်းသို့ မရောက်ပါစေကုန်လင့်၊ ဤသို့သော ရည်ရွယ်ချက်ကြောင့်ပေတည်း၊ သာရိပုတြာ မွေလျော့ခြင်းသို့ မရောက်ကြစေရန် မဟောဘဲ ထားသင့်သော်လဲ ဤတရား ဒေသနာတော်ကို "အမေးရှိက အဖြေရှိမဲ့"ဟူသော မေးခွန်း၏ သဘောကြောင့် ငါဘုရားသည် ဟောအပ်ပေသတည်း။

ဤသုတ်၌ သဉ္ဉပါဒိသေသ အရိယာဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် မိမိတို့ အပါယ်မှ လုံးဝလွတ်မြောက်ပြီဖြစ်ကြောင်းကို နာကြား၍ သိရလျှင် အရဟတ္တဖိုလ်သို့ ရောက်ရန် အားမထုတ်ဘဲ မွေလျော့ နေကြမည်ကို မြင်တော်မူ၍ မေးခွန်း ပေါ်လာသည့် ကာလတိုင်အောင် ထိုတရားဒေသနာကို မဟောခဲ့ သေးဘဲ ဆိုင်းလင့်နေတော်မူခဲ့ကြောင်းကို မိန့်တော်မူသောကြောင့် သာမန်သောတာပန်, သကဒါဂါမ်, အနာဂါမ်တို့သည် မိမိတို့၏ ဂတိမြဲကြောင်းကို မြတ်စွာဘုရား၏ ဒေသနာတော်ဖြင့် သာလျှင် သိနိုင် ဆုံးဖြတ်နိုင်ကြပေသည်။ ကိုယ်ပိုင်ဉာဏ် သက်သက်ဖြင့်ကား မသိနိုင်မဆုံးဖြတ်နိုင်ကြ ဟူသော အနက်သည် ထင်ရှား၏။ ဤသို့ ကိုယ်ပိုင်ဉာဏ် သက်သက်ဖြင့် မသိနိုင် မဆုံးဖြတ်နိုင်ကြသောကြောင့်ပင်လျှင် သကဒါဂါမ် ဖြစ်သော မဟာနာမ်မင်းမှာ လားရမည့် ဂတိနှင့်စပ်၍ ယုံမှားတွေးတောမှု ဖြစ်ဘူးကြောင်းကို မဟာဝဂ္ဂ သံယုတ်ပါဠိတော် သရဏနိဝဂ် ပဌမ ဒုတိယ သုတ်တို့၌ တွေ့ရပေ၏။ အောက်ပါအတိုင်းပင်။

မြန်မာပြန်

(မြတ်စွာဘုရားကိုဖြစ်စေ, ရဟန်းတော်များကို ဖြစ်စေ, ဆည်းကပ် ဖူးမြော်ပြီးလျှင် ညနေချမ်း အချိန်၌ ကပ်ပြီလဝတ် မြို့တော်သို့ ပြန်ဝင်သွားစဉ်မှာ ချာချာလည်သော ဆင်ကြမ်း မြင်းကြမ်း လှည်းကြမ်း ဆိုးသွမ်းသော လူကြမ်းတို့နှင့် ရင်ဆိုင်တွေ့ကြုံရသော) ထိုအခါမှာ မြတ်စွာဘုရား!ထို အကျွန်ုပ်မှာ ဘုရားကို အာရုံပြု၍ ဖြစ်သော သတိလဲ မေ့ပျောက်သွားတော့သည်သာ၊ သံယာတော်ကို အာရုံပြု၍ ဖြစ်သော သတိလဲ မေ့ပျောက်သွားတော့သည်သာ၊ ထို အကျွန်ုပ်မှာ မြတ်စွာဘုရား ဤလို ယုံမှား တွေးတောမှု ဖြစ်ပါသည်။ ဖြစ်ပုံမှာ. . "သည်လို အခါထဲမှာ ငါသေသွားခဲ့လျှင် ငါ၏လားရာ ဂတိဟာ ဘယ်လိုများ နေမည်လဲ၊ နောင်တမလွန်ဘဝဟာ ဘယ်လိုများ နေမည်လဲ၊"ဟု ယုံမှား တွေးတောမှု ဖြစ်ပါသည် အရှင်ဘုရားဟူ၍ မဟာနာမ်မင်းက လျှောက်ထား၏။ မကြောက်ပါလင့် မဟာနာမ်မင်း!, မကြောက်ပါလင့် မဟာနာမ်မင်း! သင့်မှာ မယုတ်မည့် မြင့်မြတ်သော သေခြင်းသာ ဖြစ်ပါလိမ့်မည်၊ မြင့်မြတ်သော အဆုံးသတ်ရာ ကာလကို ပြုရခြင်းသာ ဖြစ်ပါလိမ့်မည်။ အိုမဟာနာမ်မင်း! အကြင်သူ တစုံတယောက်မှာ ရှည်မြင့်စွာသော ကာလပတ်လုံး သဒ္ဓါဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏။ သီလ သုတ စာဂ ပညာဖြင့် ထုံစေအပ်ပြီးသော စိတ်ရှိ၏။ ထိုသူ၏ အကြင်ရုပ် ကိုယ်ကောင်သည် ရှိ၏။ ထိုရုပ်ကိုယ်ကောင်ကို ဤမျက်မှောက်လောကမှာပင် ကျိုး လင်းတ စွန် ခွေး မြေခွေး ပိုးအမျိုးမျိုးတို့ ခဲစားလေကုန်၏။ သို့သော်လဲ ထိုသူ၏ သဒ္ဓါ သီလ သုတ စာဂ ပညာဖြင့် ရှည်မြင့်စွာ ထုံစေအပ်ပြီးသော အကြင်စိတ်ရှိ၏။

ထိုစိတ်သည်ကား အထက်သို့သာလျှင် တက်သွား၏။ မဂ်ဖိုလ် တရားထူးသို့သာလျှင် သွားရောက်၏။(ပဌမသုတ်)

အို မဟာနာမ်မင်း! ဘုရား၌ မတုန်မလှုပ် သက်ဝင်၌ ယုံကြည်ခြင်း၊ တရား၌ သက်ဝင်၌ ယုံကြည်ခြင်း၊ သံဃာ၌ သက်ဝင်၌ ယုံကြည်ခြင်း၊ ငါးပါးသီလ ဖြူစင်ပြည့်စုံခြင်းဟူသော တရားလေးပါးတို့နှင့် ပြည့်စုံသော အရိယာသာဝကသည် နိဗ္ဗာန်ဆီသို့ သာလျှင် ညွတ်၏။ နိဗ္ဗာန်ဆီသို့ သာလျှင်ကိုင်း၏။နိဗ္ဗာန်ဆီသို့ သာလျှင် ရှိုင်း၏။ (ဒုတိယသုတ် အထူး) ဤသို့ စသည်ဖြင့် မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ထိုပြင် "ထောပတ်အိုး ဆီအိုးများကို ရေထဲမှာ နစ်မြုပ်၍ ခွဲလိုက်လျှင် အိုးကွဲများသာ နစ်မြုပ်၍ ထောပတ်များ ဆီများက ရေပေါ်မှာ တက်လာသကဲ့သို့ ရုပ်ကိုယ်ကောင် ပျက်စီးသွားသော်လဲ သဒ္ဓါစသည်ဖြင့် ထုံအပ်ပြီးသော စိတ်ဓာတ်က တဆင့် ထက်တဆင့် မြင့်တက် သွားကြောင်းကိုဎ၊ အရှေ့ဘက်ကို ကိုင်းနေသော သစ်ပင်ကို အရင်းမှ ဖြတ်လဲ့လိုက်လျှင် မူလက ကိုင်းရင်းရှိသော ထိုအရှေ့အရပ်သို့သာ လဲကျသွားသကဲ့သို့ မူလက ညွတ်ကိုင်းရင်းရှိသော နိဗ္ဗာန်ဆီသို့သာ စိတ်ဓာတ်က ညွတ်ကိုင်းကြောင်းကိုဎ" ထိုသုတ်တို့၌ ဟောတော်မူသေး၏။

ဤသုတ်တို့၌ **ကာ မယ့် ဂတိ, ကော အဘိသမ္ဘရာယော** ဟူ၍ဎ၊ ရှေး၌ ထုတ်ပြခဲ့သော စူဠဒုက္ခက္ခန္ဓသုတ်၌ **ကောသု နာမ မေ မမ္မော အဗ္ဘတ္ထံ အပွဟီနော** ဟူ၍ဎ၊ မဟာနာမ်မင်း၏ လျှောက်ထားပုံကို တွေ့ရသောကြောင့် လားရမည့် ဂတိ၌ ယုံမှားခြင်း,

ဖြစ်စေ, သူမြတ် ဖြစ်စေ, ထိုသို့သော မှတ်ဉာဏ်အမြင်နှင့် ပြည့်စုံသူ ရှိလေသလော ဟု ဆင်ခြင်၏။ ထိုအရိယာ သာဝကသည် ဤသို့ သိလေ၏။ (ဒွါရ ၆ပါး၌ ဖြစ်ပျက်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ပေါ်စဉ်အတိုင်း မှန်ကန်စွာ သိအောင် အားထုတ်ရသည့်) ဤသာသနာမှ အပြင်ပ၌ တခြားတပါးသော ရဟန်းဖြစ်စေ, သူမြတ် ဖြစ်စေ, ငါမှာ ဖြစ်ပေါ်သော မဂ်ဉာဏ် အမြင်မျိုးနှင့် ပြည့်စုံသူ မရှိတော့ပြီဟု သိလေ၏။ ဤသောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကိုမှီ၍ ဖြစ်သော ဤ**တတိယ ပစ္စဝေက္ခဏာ ဉာဏ်**ကိုလဲ ရအပ်ပေ၏။

အရိယာမှာ သင့်နိုင်သော အာပတ်

(၄)ရဟန်းတို့! တဖန်ဆင်ခြင်ပုံ တမျိုးကား. . ရဟန်းဖြစ်သော အရိယာသာဝကသည် ဤသို့ ဆင်ခြင်၏။ မဂ် အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိလ်သည် အကြင်သို့သော ပင်ကိုသဘောနှင့် ပြည့်စုံ၏။ ထိုသို့သော ပင်ကို သဘောနှင့် ငါလဲ ပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ရဟန်းတို့! မဂ် အသိ အမြင်နှင့်ပြည့်စုံသော ရဟန်းပုဂ္ဂိလ်သည် ကုစား နိုင်ကောင်းသော အာပတ် အပြစ်သို့ တရံတခါ ရောက်ငြားသော်လဲ၊ ထိုအာပတ် အပြစ်ကို ဘုရားထံမှာဖြစ်စေ, ပညာရှိ သီတင်း သုံးဘော်များထံမှာ ဖြစ်စေ, လျင်စွာ သာလျှင် ပြောကြား ဖော်ပြ၏။ ပြောကြား ဖော်ပြပြီးလျှင် နောက်ကာလ၌ စောင့်ရှောက်၏။ လျင်စွာ ပြောကြား၍ စောင့်ရှောက်ရာ၌ ဥပမာကား. . ပက်လက် အိပ်တတ်ကာမျှ နုနယ်

ဖြစ်စေ ကပ်လျက် ဤသို့ဆင်ခြင်၏။ အကြင်ပရိယုဋ္ဌာန် ကိလေသာက စိတ်ကို ထကြွပိတ်ပင်သောကြောင့် ငါသည် ဟုတ်တိုင်းမှန်စွာ မသိနိုင် မမြင်နိုင်ရာ၊ ထိုသို့ မသိမမြင်နိုင်အောင် ပိတ်ပင်တတ်သော ပရိယုဋ္ဌာန် ကိလေသာသည် ငါ၏ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးဘဲ မကင်းသေး ဘဲများ ရှိသေးသလောဟု ဆင်ခြင်၏။ (ဤမှ နောက်၌ကား ပုထုဇဉ် သေက္ခတို့၏ သန္တာန်၌ ဖြစ်ပေါ်တတ်သော ပရိယုဋ္ဌာန်များကို သရုပ်အား ဖြင့် ဖော်ပြ၏။ အရိယာ၏ သန္တာန်၌ ထိုပရိယုဋ္ဌာန် အလုံးစုံ ဖြစ်သည်ဟု ဆိုလိုသည်ကားမဟုတ်)ရဟန်းတို့!ရဟန်းသည်ကာမရာဂထကြွ လွှမ်းမိုးအပ်လျှင်, ထကြွ လွှမ်းမိုးအပ်သော စိတ်ရှိသေးသည် သာတည်း။ ရဟန်းတို့! ရဟန်းသည် ဗျာပါဒ ထကြွ လွှမ်းမိုး ခံရလျှင်, ထိနမိဒ္ဓ ထကြွ လွှမ်းမိုးခံရလျှင်, ဥဒ္ဓစ္စ ကုက္ကုစ္စ ထကြွ လွှမ်းမိုးခံရလျှင်, ဝိစိကိစ္ဆာ ထကြွ လွှမ်းမိုးခံရလျှင်, မျက်မှောက်လောကကို ကြဉ်ဆမှုဌ် ဝင်စားမိလျှင်, တပါးသော လောကကို ကြဉ်ဆမှုဌ် ဝင်စားမိလျှင်, ရန်စလျက် ရန်ဖြစ်လျက် ငြင်းခုံလျက် အချင်းချင်း နှုတ်လှံထိုးလျက် နေမိလျှင်, ထကြွ လွှမ်းမိုးအပ်သော စိတ်ရှိသေးသည်သာတည်း။ (ဤတိုင်အောင် ပရိယုဋ္ဌာန်၏ သရုပ်ကို ပြသည်) ထိုရဟန်းသည် ဤသို့ သိလေ၏။ အကြင် ပရိယုဋ္ဌာန် ကိလေသာက စိတ်ကို လွှမ်းမိုးပိတ်ပင် သောကြောင့် ငါသည် ဟုတ်တိုင်း မှန်စွာ မသိ မမြင်နိုင်ရာ၊ ထိုသို့ မသိ မမြင်နိုင်အောင် ပိတ်ပင်တတ်သော ပရိယုဋ္ဌာန် ကိလေသာသည် ငါ၏ ကိုယ်တွင်း၌ မပယ်ရသေးဘဲ ကြွင်းကျန်လျက် မရှိတော့ပြီ၊ သစ္စာလေးပါး အမှန်တရားတို့ကို သိမြင်ရန် ငါသည် စိတ်ကို ကောင်းစွာ ထားအပ်

ပေပြီဟု သိလေ၏။ သောတာပန် အရိယာ ဖြစ်သော ဤရဟန်းသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကို မှီ၍ဖြစ်သော **ဤပဌမ ပစ္စဝေက္ခဏာဉာဏ်** ကို ရအပ်ပေ၏။

အရိယာပုဂ္ဂိုလ်အား ဝိပဿနာရှုမှတ်ဆဲ၌ ဖြစ်ထိုက်သော အချို့ပရိယုဋ္ဌာန်များသည် တရံတခါ၌ ဖြစ်ပေါ်လာငြား သော်လည်း ရုပ်နာမ်တို့၏ အဖြစ်အပျက်ကို မှန်ကန်စွာ မသိနိုင်အောင်ကား မပိတ်ပင်နိုင်ကုန်ပြီ၊ ဖြစ်ပေါ်လာသော ထိုပရိယုဋ္ဌာန်များကိုလဲ ချက်ခြင်းပင် မှတ်လျက်မှတ်လျက် ပယ်ဖျောက်နိုင်၏။ထို့ကြောင့် မှတ်လျက် မှတ်လျက် မှန်ကန်စွာ သိမြဲပင် သိမြင်နိုင်ပေ၏။ အမှတ်အသိ ကောင်းမြဲပင် ကောင်းလျက်ရှိပေ၏။ မမှတ်နိုင်ဘဲ ကြာမြင့်စွာ စိတ်လွင့်ပါးမှု မရှိ၊ ဝိပဿနာအရှိန် အထူးကောင်းနေဆဲ၌ကား ပရိယုဋ္ဌာန်ပင် လုံးဝမဖြစ်ပေါ်လာပြီ။ သို့ဖြစ်၍ ဝိပဿနာ ရှုမှတ်လျက် စူးစမ်းဆင်ခြင်သော အရိယာသည် ရုပ်နာမ်အဖြစ်အပျက်တို့ကို မှန်ကန်စွာ မသိနိုင်အောင် ပိတ်ပင်သော ပရိယုဋ္ဌာန်ကိလေသာကို မတွေ့ရသောကြောင့် ဤသို့ သိမြင်ဆုံးဖြတ်နိုင်ပေသည်။)

(၂) ရဟန်းတို့! တဖန်ဆင်ခြင်ပုံ တမျိုးကား အရိယာသာဝကသည် ဤသို့ ဆင်ခြင်၏။ ဤအသိအမြင်ကို မှီဝဲလျက်, ဖြစ်ပွားစေ လျက်, အကြိမ်များစွာ လေ့လာနေသော ငါသည် မိမိစိတ်၌ ငြိမ်သက် တည်ကြည်ခြင်းကို ရပါ၏လော? (ပျံ့လွင့်ပြေးသွားမှု နီဝရဏ ပရိယုဋ္ဌာန်တို့၏ ငြိမ်းခြင်းကို ရပါ၏လောဟု ဆိုလို၏။) မိမိစိတ်၌ ကိလေသာငြိမ်းခြင်းကို ရပါ၏လော? (ရှုမှတ်

မိတဲ့ အာရုံ၌ ကိလေသာ မဖြစ်နိုင်ခြင်းကို ရပါ၏လောဟု ဆိုလို၏)ဟု ဆင်ခြင်၏။ ထိုအရိယာ သာဝကသည် ဤသို့ သိလေ၏။ ဤအသိအမြင်ကို မှီဝဲလျက်, ဖြစ်ပွားစေလျက်, အကြိမ်များစွာ လေ့လာနေသော ငါသည် မိမိစိတ်၌ ငြိမ်သက် တည်ကြည်ခြင်း= နီဝရဏငြိမ်းခြင်းကို အမှန်ပင် ရပါပေ၏။ မိမိစိတ်၌ အနုသယ ကိလေသာ ငြိမ်းခြင်းကို အမှန်ပင် ရပါပေ၏ဟု သိလေ၏။ ဤ သောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကို မှီ၍ ဖြစ်သော ဤဒုတိယ ပစ္စဝေက္ခဏာဉာဏ်ကိုလဲ ရအပ်ပေ၏။ (မြန်မာပြန်)

(မဂ် အသိ အမြင်ကို ရပြီးသော အရိယာသည် ဝိပဿနာ အသိအမြင်ကို အဖန်ဖန် ဖြစ်စေလျက်၊ ထိုမဂ်အသိအမြင်ကို မှီဝဲ၏။ ပွါးစေ၏။ အကြိမ်များစွာ ပြု၏။ ဤသို့ ပြုခြင်းကြောင့် ပရိယုဋ္ဌာန်နီဝရဏ ကိလေသာ ငြိမ်းသည်ကိုလဲ ကိုယ်တိုင်တွေ့ရ၏။ မှတ်သိပြီးသော အာရုံတိုင်း အာရုံတိုင်းနှင့် စပ်၍ ကိလေသာ မဖြစ်နိုင်သည်ကိုလဲ ကိုယ်တိုင်တွေ့ရ၏။ ထို့ကြောင့် ဆင်ခြင်သော ကာလ၌ ဤဒုတိယ အသိဉာဏ် ဖြစ်ပေါ်ပေသည်။)

(၃) ရဟန်းတို့ ! တဖန်ဆင်ခြင်ပုံ တမျိုးကား. . အရိယာသာဝကသည် ဤသို့ ဆင်ခြင်၏။ ငါသည် အကြင်သို့သော မဂ်ဉာဏ် အမြင်နှင့် ပြည့်စုံ၏။ (ဒွါရ ၆ပါး၌ ဖြစ်ပျက်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ပေါ် စဉ်အတိုင်း မှန်ကန်စွာ သိအောင်အားထုတ်ရသည်။) ဤသာသနာမှ အပြင်ပ၌ တခြားတပါးသော ရဟန်း

လှသော ကလေးသူငယ်သည် မီးကျီးခဲကို လက်ခြေဖြင့် ဖိမိလျှင်၊ ထိုလက်ခြေကို လျင်စွာသာလျှင် ပြန်၍ ရုပ်သိမ်းလိုက်သကဲ့သို့၊ ထို့အတူပင်၊ သင့်မိသော အာပတ်အပြစ်ကို လျင်စွာ ပြောကြား၍ နောင်ကာလ၌ စောင့်ရှောက်၏။

ဤသို့ မိမိ၏ အာပတ်အပြစ်ကို လျင်စွာ ပြောကြား ဖော်ပြ၍၊ နောင်ကာလ၌ စောင့်ရှောက်ခြင်းသည် မဂ်အသိအမြင်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ပင်ကိုရင်း သဘောပေတည်း။ (အကြောင်းတစုံတခုကို ငဲ့၍ မဟုတ်ဘဲ အလိုလိုပင် ပြီးစီးမြဲသဘောဟု ဆိုလို၏။) ဆင်ခြင်သော ထိုအရိယာသာဝကရဟန်းသည် ဤသို့ သိလေ၏။ မဂ် အသိအမြင်နှင့် ပြည့်စုံသောသူအား ပြည့်စုံမြဲဖြစ်သော “အပြစ်ကို မဖုံးကွယ်လိုခြင်း, စောင့်ရှောက်ခြင်းဟူသော” ထိုပင်ကိုသဘောနှင့် ငါလည်းပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာဆိုင်သော၊ လောကုတ္တရာကို မှီ၍ဖြစ်သော **ဤစတုတ္ထ ပစ္စဝေက္ခဏာဉာဏ်** ကိုလဲ ရအပ်ပေ၏။

(၅) ရဟန်းတို့! တဖန်ဆင်ခြင်ပုံ တမျိုးကား အရိယာသာဝကသည် ဤသို့ ဆင်ခြင်၏။ မဂ်အသိအမြင်ရှိသော ပုဂ္ဂိုလ်မှာ ပြည့်စုံမြဲဖြစ်သော ပင်ကိုသဘောနှင့် ငါလည်းပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထို ပင်ကိုသဘောက အဘယ်နည်းဟူမူ၊ ရဟန်းတို့! သီတင်းသုံဘော်တို့နှင့် ဆိုင်ကုန်သော “သင်္ကန်းချုပ်ခြင်း, ဆိုးခြင်း, စေတီ၌ အင်္ဂတေသုတ်ခြင်းစသော မြတ်သောအမှု၊ မထေရ်ကြီး

တရားကို နားလည်လောက်အောင် ဟောပြောသည်ကိုသာ ယူရာ၏)။ ဆင်ခြင်သော ထိုအရိယာ သာဝကသည် ဤသို့ သိလေ၏။ တရားနာစဉ်၌ အနက်အဓိပ္ပါယ် ဒေသနာအစဉ်ကို သဘောကျ၍ ရွှင်လန်းခြင်း နှစ်သိမ့်အားရခြင်းဟူသော အရိယာ၏ ခွန်အားနှင့် ငါလဲ ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကို မှီ၍ဖြစ်သော ဤ **သတ္တမပစ္စဝေက္ခဏာဉာဏ်**ကိုလဲ ရအပ်ပေ၏။

ရဟန်းတို့! ဤဟောခဲ့သည့်အတိုင်း မဟာပစ္စဝေက္ခဏာဉာဏ် (၇)ပါးတည်းဟူသော အဂ်ီ (၇)ပါးနှင့်ပြည့်စုံသော အရိယာသာဝကသည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုသော ဉာဏ်ဖြင့် အရိယာ၏ ဖြစ်မြဲနိုးရာ ဓမ္မတာ သဘောကို ကောင်းစွာ အပြည့်အစုံ အစဉ်လိုက်၍ ရှာမှီးအပ်ပြီး ဖြစ်လေ၏။ ရဟန်းတို့! ဤဟောခဲ့သည့် အတိုင်း မဟာပစ္စဝေက္ခဏာဉာဏ်(၇)ပါး တည်းဟူသော အဂ်ီ(၇)ပါးနှင့် ပြည့်စုံသော အရိယာ သာဝကသည် သောတာပတ္တိဖိုလ်နှင့် ပြည့်စုံသော သောတာပန် ပုဂ္ဂိုလ်ပေတည်း။ (ဤသည်ကား ဒေသနာ၏ မြန်မာပြန် နိဂုံးစကားတည်း။ ဤမဟာပစ္စဝေက္ခဏာဆိုင်ရာ ပါဠိအနက်တို့ကို အတိအကျ အလိုရှိလျှင် တတ်သိနားလည်သော ပုဂ္ဂိုလ်ထံမှ ယူကြပါလေ။)

ပစ္စဝေက္ခဏာဉာဏ် ပြီး၏။

×××××

များ၏ ခြေကို ရေဆေးပေးခြင်း, ဆီလိမ်းပေးခြင်းစသော ယုတ်သော အမှုတည်းဟူသော” ဘာလုပ်ရမလဲဟု မေး၍ပြုထိုက် သော ကိစ္စတို့၌ အရိယာရဟန်းသည် မလွဲသာ၍ ကြောင့်ကြ စိုက်ထုတ် ပြုလုပ်ရသော်လဲ၊ အဓိသီလ, အဓိစိတ္တ, အဓိပညာ ဟူသော သိက္ခာ ၃ပါးကို ကျင့်မှု၌ အားကြိုးသော ငဲ့ကွက်ခြင်း လိုလားခြင်း ရှိ၏။ ဥပမာ. . မွေးခါစ သားငယ်ရှိသော နွားမသည် မလွဲသာ၍ မြက်အစာကို စားရသော်လဲ နွားငယ် သားကလေးကို ဆင်ခြင် ကြည့်ရှု သကဲ့သို့ပင်တည်း။ မလွဲသာ၍ ကိစ္စကြီးငယ်ကို ပြုရသော်လဲ သီလ, သမာဓိ, ပညာ အကျင့်ကိုကျင့်ရန် ထက်သန် စွာသော ဤငဲ့ကွက်ခြင်း လိုလားခြင်း သည် မဂ် အသိအမြင်ရှိသော ပုဂ္ဂိုလ်၏ ပြည့်စုံမြဲဖြစ်သော “သိက္ခာ၃-ပါးကို ကျင့်ရန် ထက်သန်စွာ လိုလားခြင်း ဟူသော” ထိုပင်ကို သဘော နှင့် ငါလဲ ပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့နှင့်သာ ဆိုင်သော လောကုတ္တရာကိုမှီ၍ ဖြစ်သော ဤ ပဠမပစ္စဝေက္ခဏာ ဉာဏ်ကိုလဲ ရအပ်ပေ၏။

(၆) ရဟန်းတို့! တဖန်ဆင်ခြင်ပုံ တမျိုးကား. . အရိယာ သာဝက သည် ဤသို့ ဆင်ခြင်၏။ အရိယာမှာ ပြည့်စုံမြဲဖြစ်သော ခွန်အား နှင့် ငါလည်းပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထိုခွန်အားက အဘယ်နည်း ဟူမူ၊ ရဟန်းတို့! ဘုရားဟော အစစ်ဖြစ်သော တရားဝိနည်းကို ဟောပြောနေလျှင် အရိယာပုဂ္ဂိုလ်သည် စီးပွါးဥစ္စာ သဖွယ် လိုလားလျက် နှလုံးသွင်းလျက် ထိုအခိုက်၌ ဖြစ်သော

စိတ်အားလုံးဖြင့် အဖန်ဖန် ဆင်ခြင်လျက် နားစွင့်သည် ဖြစ်၍ တရားကို နာကြား၏။ ဤသို့ တရားကို ရိုရိုသေသေ လိုလိုချင်ချင် စူးစူးစိုက်စိုက် နာခြင်းသည် အရိယာ၏ ပြည့်စုံမြဲ ဖြစ်သော ခွန်အားပေတည်း။ ဆင်ခြင်သော ထိုအရိယာသာဝကသည် ဤသို့ သိလေ၏။ အရိယာမှာ ပြည့်စုံမြဲဖြစ်သော “တရားကို ရိုသေစွာ နာခြင်းတည်း ဟူသော” ထိုခွန်အားနှင့် ငါလဲပြည့်စုံပါပေသည်ဟု သိလေ၏။ ဤသောတာပန် အရိယာ သာဝကသည် ပုထုဇဉ်တို့နှင့် လုံးဝမဆိုင်, အရိယာတို့ နှင့်သာ ဆိုင်သော လောကုတ္တရာကိုမှီ၍ ဖြစ်သော ဤ **ဆဋ္ဌမ ပစ္စဝေက္ခဏာဉာဏ်**ကိုလဲ ရအပ်ပေ၏။

(၇) ရဟန်းတို့! တဖန်ဆင်ခြင်ပုံ တမျိုးကား. . အရိယာ သာဝကသည် ဤသို့ ဆင်ခြင်၏။ အရိယာမှာ ပြည့်စုံမြဲဖြစ်သော ခွန်အား နှင့် ငါလည်းပြည့်စုံပါ၏လောဟု ဆင်ခြင်၏။ ထိုခွန်အားက အဘယ်နည်း ဟူမူ၊ ရဟန်းတို့! ဘုရားဟော အစစ်ဖြစ်သော တရားဝိနည်းကို ဟောပြောနေလျှင် နာကြားသော အရိယာသည် အနက်အဓိပ္ပါယ်ကိုလဲ နှစ်နှစ်ခြိုက်ခြိုက် သဘောကျ၏။ ဒေသနာ အစဉ်ကိုလဲ နှစ်နှစ်ခြိုက်ခြိုက် သဘောကျ၏။ တရားနှင့် စပ်ဆိုင်သော နှစ်သိမ့်အားရခြင်းကိုလဲ ရ၏။ (တရံတခါ၌ ကြက်သီးထစေလျက် နှစ်သိမ့်အားရခြင်း ဖြစ်တတ်၏။ ရင်ထဲ နှလုံးထဲ၌ ဖိုဖိုလှိုက်လှိုက် ဖြစ်စေလျက်ဘဲ နှစ်သိမ့်အားရခြင်း ဖြစ်တတ်၏။) တရားနာစဉ်၌ ဤသို့ နားလည် သဘောကျခြင်း ရွှင်လန်းခြင်း နှစ်သိမ့်အားရခြင်းသည် အရိယာ၏ ပြည့်စုံမြဲ ခွန်အားပေတည်း။ (နားလည်လောက်သော

ဖိုလ်ဝင်စားခြင်း အကျိုးကား

လောကၥ် မင်းများ နတ်များသည် မိမိတို့၏ ကိုယ်ပိုင်ဖြစ်သော မင်းစည်းစိမ်ချမ်းသာ, နတ်စည်းစိမ်ချမ်းသာ, တို့ကို ခံစားကုန်သကဲ့သို့ အရိယာတို့သည်လည်း မိမိတို့၏ ကိုယ်ပိုင်ဖြစ်သော ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ဟူသော လောကုတ္တရာ ချမ်းသာကို မျက်မှောက်၌ပင် ခံစားခြင်း အကျိုးငှ၊ "ဤမျှသော ကာလအတွင်း၌ ဖိုလ်စိတ်ကိုသာ ဖြစ်စေလျက် နေမည်"ဟု ရှေးအဖို့ကပင် ပိုင်းခြားမိဠာန်၍ အလိုရှိတိုင်းသော ခဏ၌ ဖလသမာပတ်ကို ဝင်စားကုန်၏။ ဖိုလ်ဝင်စားခိုက်၌ ဖြစ်ချည်ပျက်ချည်နှင့် မတည်တံ့သော သခါရဒုက္ခဟူသမျှမှ ကင်းဆိတ်ရာသို့ရောက်လျက် ငြိမ်းချမ်းစွာနေရခြင်း အကျိုးရှိ၏။ ထို့ပြင်, မဂ်ဖိုလ်သို့ ရောက်ပြီးခါစပုဂ္ဂိုလ်မှာ ဖိုလ်သို့ အကြိမ်ကြိမ် ရောက်ခြင်း, ဖိုလ်၌ကြာမြင့်စွာ တည်ခြင်း, တို့ဖြင့် ဆရာသမားနှင့် သီတင်းသုံးဘော်တို့အား စိတ်ချစေရခြင်း အကျိုးလဲ ရှိပေ၏။

ဖလသမာပတ်သို့ ရောက်ပုံ

မဟာဝေဒလ္လသုတ် ပါဠိနှင့်အညီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဟူသော သင်္ခါရနိမိတ် အာရုံတို့ကို ရှုမှတ်နေစဉ်မှာပင် ထိုသင်္ခါရနိမိတ် အာရုံ အားလုံးကို စွန့်လွှတ်ပြီးလျှင် သင်္ခါရနိမိတ် ကင်းဆိတ်လျက် ငြိမ်သက် ငြိမ်းအေးသော နိဗ္ဗာန် ဓာတ်သို့ စိတ်ရောက်သွားသောအခါ၌ **ဖလသမာပတ်သို့ ရောက်၏။** ဝင်စားပုံ အစဉ်ကို အောက်ပါ ဝိသုဒ္ဓိမဂ်ဖြင့် သိအပ်၏။

ဖလသမာပတ် ဝင်စားပုံ

ကာဖလသမာပတ္တိတိ? ယာ အရိယ ဖလဿ နိရောဓေ အပ္ပနာ ဟူသော ဝိသုဒ္ဓိမဂ်နှင့် အညီ ရုပ်နာမ် သင်္ခါရအလုံးစုံ ချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန်အာရုံထဲ၌ ဝင်ရောက်နေဘိသကဲ့သို့ အရိယာဖိုလ်စိတ်၏ ဖြစ်ခြင်းသည် ဖလသမာပတ်မည်၏။

ဤဖလသမာပတ်ကို ပထုဇ္ဇဉ်တို့သည် မရသေးဘူးသောကြောင့် မဝင်စားနိုင်ကုန်၊ အလုံးစုံသော အရိယာတို့သည် ရပြီးဖြစ်သောကြောင့် ဝင်စားနိုင်ကုန်၏။ သို့သော်လဲ မိမိတို့ ရဆဲဖြစ်သော ဖိုလ်တပါးကိုသာလျှင် ဝင်စားနိုင်ကုန်၏။ ရဘူးသော အောက်ဖိုလ်နှင့် မရသေးသော အထက်ဖိုလ်တို့ကိုကား မဝင်စားနိုင်ကုန်။ ဤအရာတွင် "သမာဓိသိက္ခာ၌ အပြည့်အစုံ ပြုကျင့်ပြီးသော အနာဂါမ် ရဟန္တာတို့သာလျှင် ဖိုလ်ကို ဝင်စားနိုင်ကုန်၏။ သောတာပန် သကဒါဂါမ်တို့သည်ကား သမာဓိသိက္ခာ၌ အပြည့်အစုံ မပြုကျင့်ရသေးသောကြောင့် မဝင်စားနိုင်ကုန်" ဟူ၍ ဆိုသော ကေစိဝါဒကို ထုတ်ပြပြီးလျှင် -ဝိသုဒ္ဓိမဂ်၌ ဤသို့ရှင်းလင်း ဆုံးဖြတ်လေ၏။ ပုထုဇ္ဇဉ်ပင် ဖြစ်သော်လဲ မိမိရပြီးသော လောကီသမာပတ်ကို ဝင်စားနိုင်သေး၏။ အရိယာမှာ မိမိရပြီးဖိုလ်ကို မဝင်စားနိုင်ရန် အကြောင်းမရှိချေ။ ထို့ပြင် **သောတာပတ္တိဖလသမာပတ္တထွာယ, သကဒါဂါမိဖလသမာပတ္တထွာယ ဥပ္ပါဒံ အာဘိကုယျတီတိ ဂေါတြဘု-** ဤသို့စသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်ဖြင့် သောတာပတ္တိ

ဖလသမာပတ်, သကဒါဂါမိဖလသမာပတ်တို့လဲ ဖြစ်နိုင်ကြောင်းကို တိုက်ရိုက်ဖော်ပြ၏။ သို့ဖြစ်၍ အရိယာမှန်လျှင် မိမိ၏ ဖိုလ်ကို ဝင်စားနိုင်သည်ချည်းသာဟု ယုံမှားမရှိ ဆုံးဖြတ်အပ်ကြောင်းကို ဝိသုဒ္ဓမဂ်၌ မိန့်ဆို၏။ ထို့ကြောင့် အရိယာ ဖြစ်ပါလျက် ဖိုလ်ကို မဝင်စားနိုင်သေးလျှင် သမာဓိနှင့်တကွ ကြွင်းသော ဣန္ဒြေတို့ အပြည့်အစုံ မထက်သန်သေးသောကြောင့် ဟူ၍သာ ယူဆရန် ရှိတော့၏။ ထိုသမာဓိဣန္ဒြေစသည်တို့ အပြည့်အစုံ ထက်သန်အောင် ဝိပဿနာကိုသာလျှင် အဖန်ဖန် အထပ်ထပ် လေ့လာပွားများ စေအပ်၏။ ထက်သန် ပြည့်စုံသောအခါ၌ ဖလသမာပတ်ကို အကြိမ်ကြိမ် ဝင်စားနိုင်ပါမှလဲ စိတ်ချသင့်ပေသည်။

ဤဝိပဿနာသည် မဂ်အလို့ငှါ သခၤါရတို့ကို သိမ်းဆည်းသော ဝိပဿနာ, ဖိုလ်ဝင်စားခြင်းငှါ ရှုသော ဝိပဿနာ, နိရောဓသမာပတ် အလို့ငှါ ရှုသော ဝိပဿနာ ဟူ၍ ၃ပါးအပြားရှိ၏။ ထိုတွင် သခၤါရ တို့ကို သိမ်းဆည်းသော ဝိပဿနာသည် နုံသည်ဖြစ်စေ, ထက်သည်ဖြစ်စေ, မဂ်နှင့်နီးသောကြောင့် ဖြစ်သည်ချည်းသာတည်း။ ဖလ သမာပတ်အတွက် ဝိပဿနာသည် "သခၤါရတို့ကို အာရုံပြုငြား သော်လဲ သခၤါရ အလုံးစုံတို့မှ ဆုတ်နစ်သော အခြင်းအရာအားဖြင့် သာလျှင် ဖြစ်ခြင်းကြောင့်ငင်း၊ မဂ္ဂဝီထိ၌ ဖိုလ်အား ကျေးဇူးပြုသော မဂ်ကဲ့သို့ သခၤါရကင်းသော နိဗ္ဗာန်၌ အာရုံပြုလျက် တည်သော ဖိုလ်အား ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်ထင်း" မဂ်ဘာဝနာနှင့် တူသည်ဖြစ်၍ ထက်သန်သော်သာလျှင် သင့်လျော်၏။ နိရောဓ သမာပတ်အတွက် ဝိပဿနာသည်ကား မနုံ့လွန်း မထက်လွန်း အလတ်စားဖြစ်လျှင် သင့်လျော်၏။

ဤအဋ္ဌကထာတို့၌ "ဖလသမာပတ် အတွက် ဝိပဿနာ သည် ထက်သန်မှ သင့်သည်"ဟု ဆိုသော စကားမှာ ဖိုလ်ဝင်စားရန် အားထုတ်စ ပုဂ္ဂိုလ်၏ ဝိပဿနာကိုရည်၍ ဆိုအပ်သော စကား ဖြစ်ရာ၏။ အဘယ်ကြောင့်နည်းဟူမူ. . ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ တွင် သခၤါရုပေက္ခာဉာဏ် အဖွင့်၌ အောက်ပါစကားကို လဲ တွေ့ရသောကြောင့်ပေတည်း။

သခၤါရုပေက္ခာ၏ ထက်သည့် အဖြစ်ရှိလတ်သော် သခၤါရုပေက္ခာ ထက်သန်လျှင် ကိလေသာကို ပယ်စွန့်နိုင်သော မဂ်၏ ဖြစ်ပေါ်နိုင်ခြင်းကြောင့် မဂ်၏အကြောင်းဖြစ်သော ထိုသခၤါရုပေက္ခာ၏ ထက်သည့်အဖြစ်ကို ပြခြင်းငှါ ဂတိစသော ပရိယာယ်ဝေါဟာရ (၁၀) ပုဒ်တို့နှင့်တကွ မြဲမြံစွာပြု၍ ဥပါဒ်စသော အရင်းခံငါးပုဒ် တို့ကို မဂ်ဝါရ၌ ဟောအပ်ကုန်၏။ ဖိုလ်သည်ကား အားထုတ်ခြင်းကင်းသည့် အဖြစ်အားဖြင့် ငြိမ်သက်သော သဘောရှိခြင်းကြောင့် ၎င်း၊ ရဲပြီးသောမဂ်နှင့် စပ်၍ဖြစ်ပေါ်ရခြင်းကြောင့်၎င်း၊ နုံစွာပင် ဖြစ်ငြားသော်လဲ သခၤါရုပေက္ခာသည် ဖိုလ်အား ကျေးဇူးပြုတတ်ပေ၏။ ဤသို့ပြခြင်းငှါ ဥပါဒ်စသော အရင်းခံ ငါးပုဒ်တို့ကိုသာလျှင် ဖလသမာပတ် ဝါရ၌ ဟောအပ်ကုန်၏။ ဤသို့ သိအပ် ကုန်၏။

ဖလသမာပတ်ကို ထပ်ကာထပ်ကာ အကြိမ်များစွာ ဝင်စားနိုင်သောအခါ၌ ဤပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စကားနှင့် ညီစွာပင် သခၤါရုပေက္ခာဉာဏ် အလွန် မထက်သန်သော်လဲ၊ ဖိုလ်သို့ ရောက်သွားသည်ကို မျက်မှောက်တွေ့ရ၍ ဆုံးဖြတ်နိုင်ရာ၏။

အာရုံမပြုဘဲ သခ်ၤရချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန်ဓာတ်၌သာလျှင် စိတ်သည် သက်ဝင်လျက် တည်နေ၏။ ထိုသို့ ပိုင်းခြားထားသမျှ ကာလပတ်လုံး ဤဖလသမာပတ်သည် တည်တံ့လျက်ရှိ၏။ သို့သော်လဲ ဤသို့ ပိုင်းခြားထားသမျှ ကာလပတ်လုံး ဤဖလသမာပတ်သည် တည်တံ့ခြင်းသည် ဝိပဿနာဉာဏ် ထက်သန်၍ နိုင်နင်းသော ပုဂ္ဂိုလ်တို့မှာသာ ပြည့်စုံတတ်ပေသည်။ မထက်သန် မနိုင်နင်းသော ပုဂ္ဂိုလ်တို့မှာ ပိုင်းခြားတိုင်း မပြည့်စုံသည်လည်း ရှိတတ်ပေ၏။ ရှေးအဖို့က ပိုင်းခြားဓိဋ္ဌာန်မှုကို မပြုဘဲ ဝင်စားလျှင်ကား ကြာမြင့်စွာ မတည်သည်ကသာ များတတ်၏။ ဝင်စားခိုက်၌ ဖိုလ်စိတ်၏ တည်ကြည်ပုံ သမာဓိဖြစ်ပုံကို ဒသ, ဧကာဒသ အင်္ဂုတ္တရ ပါဠိတို့၌ အောက်ပါအတိုင်း ဟောတော်မူ၏။

ဖိုလ်ဝင်စားခိုက်၌ နိဗ္ဗာန်မှတပါး ဘာကိုမျှ မသိ

အာနန္ဒာ ဤသာသနာတော်မှာ ရဟန်းသည် ဤသို့သော အမှတ်သညာရှိ၏။ သညာဖြစ်ပုံကား. . "အကြင် နိဗ္ဗာန်သည် သခ်ၤရအားလုံး ငြိမ်းရာလဲ ဟုတ်၏။ ဥပဓိ ခန္ဓာ အလုံးစုံကို စွန့်လွှတ်ရာလဲ ဟုတ်၏။ တဏှာကုန်ရာလဲ ဟုတ်၏။ တပ်မက်မှု ပြယ်ရာလဲ ဟုတ်၏။ သခ်ၤရ ချုပ်ငြိမ်း ကွယ်ပျောက်ရာလဲ ဟုတ်၏။ ဤချုပ်ငြိမ်းမှု နိဗ္ဗာန်သည် ငြိမ်သက်ပေ၏။ ကောင်းမွန်ပေ၏" ဟု ဤသို့သော အမှတ်သညာရှိ၏။ (ဤမျှဖြင့် ဖိုလ်ဝင်စားခိုက်၌ အာရုံပြုပုံကိုပြ၏)။ အာနန္ဒာ သမာပတ် ဝင်စားသော ရဟန်း၏

အရိယာ၏ ဝိပဿနာသည် ဥဒယဗ္ဗယဉာဏ်မှ စသည်

ဖိုလ်ဝင်စားလိုသော အရိယာသာဝကသည် အပေါင်းအဖော်မှ ဖဲခွါ၍ တကိုယ်တည်း ကိန်းအောင်းလျက် ဆိတ်ငြိမ်ရာ၌ တည်သည်ဖြစ်၍ ဖြစ်ပျက်ဆဲ ရုပ်နာမ် သခ်ၤရတို့ကို **ဥဒယဗ္ဗယဉာဏ်စသည်တို့ အလိုအားဖြင့်** ရှုမှတ်အပ်ကုန်၏။

သခ်ၤရုပေက္ခာတိုင်အောင် ဖြစ်ပေါ်ပြီးသော ဝိပဿနာ ဉာဏ် အစဉ်ရှိသော အစဉ်အတိုင်း ဖြစ်ပေါ်ပြီးသော ထိုအရိယာအား သခ်ၤရကိုအာရုံပြုသော ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ ဖိုလ်သို့ ရောက်သည့် အလိုအားဖြင့် စိတ်သည် သခ်ၤရချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံ၌ ဝင်ရောက်၏။ ဆက်ဦးအံ့။ ဤအရာ၌ ဖလသမာပတ်သို့ ညွှတ်သည်၏ အဖြစ်ကြောင့် သေက္ခပုဂ္ဂိုလ်အား သော်လဲ (အသေက္ခ ရဟန္တာမှာ ဆိုဘွယ်မရှိ ဟူလို။) ဖိုလ်သာလျှင် ဖြစ်ပေါ်၏။ အထက်မဂ်ကား မဖြစ်ပေါ်ပေ။

အရိယာပုဂ္ဂိုလ် ဝိပဿနာရှုလျှင် အဖြစ်အပျက်မှစ၍ ထင်ပေါ်၏။ အဖြစ်အပျက်ကို သိမြင်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အစဉ်အတိုင်း ဝိပဿနာဉာဏ်များ ဖြစ်ပေါ်ပြီးလျှင် မကြာမီပင် သခ်ၤရုပေက္ခာဉာဏ် ဖြစ်ပေါ်တတ်၏။ သို့ဖြစ်၍, ဖိုလ်ဝင်စားရန် ဝိပဿနာရှုသော အရိယာအား ဥဒယဗ္ဗယဉာဏ်မှစ၍ သခ်ၤရုပေက္ခာ တိုင်အောင် ဝိပဿနာဉာဏ်များ အစဉ်အတိုင်း ဖြစ်ပေါ်ကုန်၏။ သခ်ၤရုပေက္ခာ အားပြည့်သော အခါ၌ အနုလောမဉာဏ် ဖြစ်ပေါ်ပြီးလျှင် မှတ်သိအပ်ဆဲ သခ်ၤရအာရုံကို

စွန့်လွှတ်၍ သခ်ါရချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန် အာရုံထဲသို့ စိတ်သည် ပြေးဝင်သွားသကဲ့သို့ ဖြစ်၏။ ထိုစိတ်၏ ဖြစ်ပုံသည် နှေးမဂ်ဖြစ်စဉ်အခါက စိတ်၏ဖြစ်ပုံနှင့် အလားတူ၏။ နှေးကဖြစ်ဘူးသော **မဂ်၏အကျိုးဖြစ်သောကြောင့်၊** ၎င်းစိတ်ကို **ဖိုလ်စိတ် ဟုခေါ်သည်။** နှေးကဖြစ်ဘူးသော **ဖိုလ်စိတ်များကို** မျော်လင့်၍ ဝိပဿနာရှုသောကြောင့် ဖြစ်ဘူးသော ဖိုလ်တမျိုးသာ ဖြစ်ပေါ်ပေသည်၊ မမျှော်အပ်သော အထက်မဂ်စိတ်သည်ကား ထိုအခါ၌ မဖြစ်ပေါ်လာပေ။ အကယ်၍ **အထက်မဂ်ကို ရရန်သာ** ရည်သန်မျော်လင့်လျက် ဝိပဿနာ ရှုငြားအံ့၊ ထိုအခါ၌ ဝိပဿနာဉာဏ်သည် သမ္မပ္ပဓာန်ကိစ္စ လေးချက်ကို ပြီးစေလျက် ဖြစ်သောကြောင့် ဖိုလ်အတွက်ရှုသော ဝိပဿနာမှ ထူးခြားစွာလဲ ဖြစ်၏။ အထက် အထက် ဝိပဿနာဉာဏ်များကို ရှေးကလို လွယ်ကူစွာ မရောက်ဘဲလဲ ရှိတတ်၏။ ထို့ကြောင့်, မဟာဋီကာ၌ **“အညာယေဝ ဝိပဿနာစာရော အရိယမဂ္ဂါဝဟော၊ အညော ဖလသမာ ပတ္တိအာဝဟော**= အရိယာမဂ်ကို ဖြစ်စေတတ်သော ဝိပဿနာ၏ ဖြစ်ပုံက တပါးတခြားသာတည်း။ ဖလသမာပတ်ကို ဖြစ်စေတတ်သော ဝိပဿနာ၏ ဖြစ်ပုံက တပါးတခြားသာတည်း” ဟု မိန့်ဆိုပေသည်။ ထိုမဂ်အတွက် ဝိပဿနာဉာဏ် အဆင့်ဆင့်တက်၍ သခ်ါရုပေက္ခာဉာဏ် ရင့်သန် ပြည့်စုံလျင်ကား ရည်မျှော်အပ်သော **အထက်မဂ်သာလျှင်** ဖြစ်ပေါ်၏။ မရည်အပ်သော ဖိုလ်စိတ်များကား မဖြစ်ပေါ်တတ်ပေ။ သို့သော်လဲ အထက်မဂ်ကို

ဖြစ်စေနိုင်လောက်အောင် ဉာဏ်မရင့်သေးပါမူကား သခ်ါရုပေက္ခာသာလျှင် ထပ်ကာထပ်ကာ ဖြစ်ပေါ်လျက်ရှိ၏။ **ထိုသို့သောကာလ၌** ရပြီးဖိုလ်၌ကောင်းစွာ အာလယမပြတ်သော အချို့ပုဂ္ဂိုလ်သည် ရဘူးသော ဖိုလ်တရား၌ စိတ်ညွတ်မိတတ်၏။ **စိတ်ညွတ်မိခြင်းကြောင့်** ရဘူးဖြစ်သော **ဖိုလ်စိတ်များသည်လည်း** ဖြစ်ပေါ်လာတတ်သေး၏။ ထို့ကြောင့် အထက်မဂ်ဖိုလ်အတွက် အားထုတ်လိုသော သူသည် အားထုတ်မည့် ရက်အပိုင်းအခြား အတွင်း၌ “ရပြီးသော ဖိုလ်တရားကို မဝင်စားတော့ဘူး”ဟု ကောင်းကောင်း အာလယဖြတ်ထားရာ၏။ အားထုတ်စဉ်၌ ရပြီးဖိုလ်သို့ စိတ်မညွတ်မိစေရန်လဲ အထူး သတိပြုရာ၏။

သမာပတ်၏ တည်တံ့ပုံ

မဟာဝေဒလ္လသုတ်နှင့်အညီ ငါးမိနစ်ခန့် ဆယ်မိနစ် ခန့်ဖြစ်စေ, ဆယ့်ငါးမိနစ်ခန့် နာရီဝက်ခန့် ဖြစ်စေ, တနာရီခန့် နှစ်နာရီခန့် ဖြစ်စေ, ထိုထက် အလွန်အယုတ်ဖြစ်စေ, ဖလသမာပတ်၌ တည်လိုသော အရိယာသည် နှေးအဖို့က “ဤမျှ ကာလပတ်လုံး ဖလသမာပတ် တည်တံ့ပါစေ”ဟု ပိုင်းခြားမိဋ္ဌာန်၍၊ ဝိပဿနာ ရှုမှတ်အပ်၏။ ရှုမှတ်ဆဲ၌ကား ထိုဖလသမာပတ် တည်တံ့ရန် ကြောင့်ကြ မစိုက်အပ်၊ မမျှော်လင့် မတောင့်တအပ် ရှုမှတ်ရုံသာ ရှုမှတ်အပ်၏။ ထိုသို့ ရှုမှတ်နေလျှင် သခ်ါရုပေက္ခာဉာဏ် အားပြည့်သောအခါ၌ နှေးက ပိုင်းခြားမိဋ္ဌာန်ထားသည့် ကာလပတ်လုံး သခ်ါရနိမိတ် အလုံးစုံကို

သမာပတ်မှထပုံ

မဟာဝေဒလ္လသုတ်နှင့်အညီ သခ်ါရ ချုပ်ငြိမ်း ကင်းဆိတ်သော နိဗ္ဗာန်အာရုံကို စွန့်လွှတ်၍ ရုပ်, ဝေဒနာ, သညာ, သခ်ါရ, ဝိညာဏ် ဟူသော သခ်ါရနိမိတ် ငါးပါးတို့တွင် တပါးပါးကို အာရုံပြုမိသော အခါ၌ ဖလသမာပတ်မှထ၏။ အောက်ပါမှာ ဤပါဠိ၏ အဖွင့် ဝိသုဒ္ဓိမဂ်ပေတည်း။

သဗ္ဗသင်္ခါရိကစကား

အလုံးစုံသော သခ်ါရ နိမိတ်တို့ကို ဟူရာ၌ ရုပ်အာရုံ နိမိတ်, ဝေဒနာ အာရုံနိမိတ်, သညာအာရုံနိမိတ်, သခ်ါရအာရုံ နိမိတ်, ဝိညာဏ်အာရုံနိမိတ်တို့ကို ဆက်၍ ရှင်းပြအံ့။ ဤသခ်ါရ နိမိတ် အလုံးစုံတို့ကိုသာလျှင် တပြိုင်နက် တပေါင်းတည်း အကယ်၍ နှလုံးမသွင်းနိုင်သည်ကား မှန်ပေ၏။ သို့သော်လဲ သမာပတ်မှ ထသောစိတ်၏ အာရုံဖြစ်ထိုက်သော နိမိတ်အားလုံးကို သိမ်းကျုံး၍ ဆိုသောစကား၏ အလိုအားဖြင့် သဗ္ဗနိမိတ္တာနံ ဟူသော ဤပုဒ်ကို ဟောအပ်ပေ၏။ သခ်ါရနိမိတ် တပါးပါးကိုသာ အာရုံပြုနိုင်ခြင်း ဟူသော ထိုအကြောင်းကြောင့် အကြင်နိမိတ်သည် ဘဝင်၏ အာရုံဖြစ်၏။ ထိုနိမိတ်ကို ဘဝင်စိတ်ဖြစ်လျက် နှလုံးသွင်းမိသောသူအား ဖလသမာပတ်မှ ထခြင်း= နိုးခြင်းသည် ဖြစ်ပေ၏။

ဘဝင်စိတ် ဖြစ်ပေါ်လျှင် ဖလသမာပတ်မှ ထသည်မည်၏။ သို့သော်လဲ သာမာန်အရိယာသည် ထိုဘဝင်စိတ်ကို ထင်ရှားသိရန်

ထိုသို့သော တည်ကြည်မှုကို ရခြင်းသည် ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းလျက် ဖြစ်နိုင်ပေ၏။ ယင်းသို့ တည်ကြည်မှု ဖြစ်စဉ်မှာ ပထဝီကသိုဏ်း၌ ပထဝီဟု မှတ်မှုလဲ မရှိ၊ အာပေါကသိုဏ်း၌ အာပေါဟု မှတ်မှုလဲ မရှိ။ တေဇောကသိုဏ်း၌ တေဇောဟု မှတ်မှုလဲ မရှိ။ ဝါယောကသိုဏ်း၌ ဝါယောဟု မှတ်မှုလဲမရှိ။ (ဤလေးပိုဒ်ဖြင့် ရူပဈာန်နှင့် ပြည့်စုံသူ ဖြစ်သော်လဲ ဖိုလ်ဝင်စားခိုက်၌ ရူပဈာန်တို့၏ အာရုံများသို့ စိတ်မရောက်သည်ကို ပြ၏။) အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်၌ အပိုင်းအခြားမရှိသော ကောင်းကင်ဟု မှတ်မှုလဲမရှိ၊ အပိုင်းအခြားမရှိသောဝိညာဏ်၌ အပိုင်းအခြား မရှိသောဝိညာဏ်ဟု မှတ်မှုလဲမရှိ၊ စိုးစဉ်းမျှ မရှိသည်ကို စိုးစဉ်းမျှ မရှိဟု မှတ်မှုလဲ မရှိ၊ ကုန်ပြတ်လုမတတ် သိမ်မွေ့သော သညာ၏ အာရုံဖြစ်သော ဝိညာဏ်၌ 'သန္တံ ပဏီတံ'ဟု မှတ်မှုလဲမရှိ၊ (ဤလေးပိုဒ်ဖြင့် အရူပဈာန်နှင့် ပြည့်စုံသူ ဖြစ်သော်လဲ ဖိုလ်ဝင်စား ခိုက်၌ အရူပဈာန်တို့၏ အာရုံများသို့ စိတ်မရောက်သည်ကို ပြ၏။) မျက်မှောက်ကာလ၌ မျက်မှောက်လောကဟု မှတ်မှုလဲမရှိ၊ မျက်ကွယ်လောက၌ မျက်ကွယ်လောကဟု မှတ်မှုလဲမရှိ၊ (ဤ နှစ်ပိုဒ်ဖြင့် အဘိညာစိတ် သာမာန်စိတ်တို့ဖြင့် မျက်မှောက်, မျက်ကွယ်, လောကနှင့်စပ်၍ အမှတ်ရမှု ကြံသိမှု မဖြစ်သည်ကို ပြ၏။ ထို့ကြောင့် ဖိုလ်ဝင်စားခိုက်၌ မိမိ၏ ကိုယ်စိတ်မှစ၍ မျက်မှောက်လောက၏ အကြောင်းကိုလဲ အမှတ်မရပြီ၊ မသိပြီ၊ နတ်ပြည်စသော မျက်ကွယ် လောက၏ အကြောင်းကိုလဲ မစဉ်းစားမိပြီ။) အကြင်အာရုံကို

မြင်ဘူး၏၊ ကြားဘူး၏၊ နံစား တွေ့ထိလျက် ရောက်ဘူး၏၊ ကြံသိဘူး၏၊ စိတ်နှလုံးဖြင့် ရောက်ဘူး၏၊ ရှာမှီးဘူး၏၊ ကျက်စားဘူး၏၊ ထိုအာရုံမျိုးဌ်လဲ မှတ်သားမှုမရှိ၊ (ဤအပိုဒ်ဖြင့် မဂ်ဖိုလ်ဖြစ်ခိုက်မှ တပါးသော ကာလမှာကဲ့သို့ တွေ့ဘူးသိဘူးသော ပရမတ် ပညတ် အာရုံမျိုးဌ် မကြံစည်မိ နှလုံးမသွင်းမိသည်ကို ပြ၏။သို့သော်လဲ သညာကင်းသည်ကားမဟုတ်၊ မှတ်မှုသညာလဲ ရှိ၏။ (ဤအပိုဒ်ဖြင့် သခ်ါရချုပ်ငြိမ်းသော နိဗ္ဗာန်ကို မှတ်သိလျက် ရှိသည်ဟု ပြ၏။) တခြားတပါးသော အာရုံဟူသမျှဌ် မှတ်သားမှု ကြံသိမှုကင်းလျက်, နိဗ္ဗာန်အာရုံဌ်သာလျှင် မှတ်မှု ကြံသိမှုရှိသော ထိုတည်ကြည်မှု သမာဓိကို ရခြင်းသည် ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းလျက် ဖြစ်နိုင်ပေသည်-ဟူ၍ ဟောတော်မူ၏။

ဧတံ သန္တံ ဧတံ ပဏီတံ ဟူရာဌ် အဓိပ္ပါယ်ကား ငြိမ်သက်သည် ငြိမ်သက်သည်ဟု ဝင်ရောက်လျက်ရှိသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ် သည် ငြိမ်သက်သည် ငြိမ်သက်သည် ဟူ၍သာလျှင် တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ (ဖိုလ်ဝင်စားခိုက်ဌ် ငြိမ်သက်သည်ဟု ကြံခြင်း ရွတ်ဆိုခြင်းကား ရှိသည်မဟုတ်ပေ။ သို့သော်လဲ ငြိမ်သက်သည့် အနေအားဖြင့် အာရုံပြုလျက် ဖိုလ်စိတ်၏ ဖြစ်ပုံကို သိစေလိုသောကြောင့် ဤသို့ ပြဆိုပေသည်။ ဤအဓိပ္ပါယ်ကို ဖွင့်ပြသော အဋ္ဌကထာကို ရှေးမဂ်ဖြစ်ပုံ အရာဌ် ထုတ်ပြခဲ့ပြီ၊ နောက်အပိုဒ်များဌ်လဲ နည်းတူပင် သိပါလေ။) မရောင့်ရဲနိုင်အောင် ကောင်းမွန်သည် ကောင်းမွန်သည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ်သည် ကောင်းမွန်သည်

ကောင်းမွန်သည် ဟူ၍သာလျှင် တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ သဗ္ဗသခ်ါရသမထော အစရှိသော ပုဒ်တို့သည်လည်း သန္တပဏီတ မည်သော ထိုနိဗ္ဗာန်၏ သာလျှင် အနက်တူ အသံကွဲဖြစ်သော စကားလှယ်တို့ပေတည်း။ ဖိုလ်စိတ်ဖြစ်ပုံကို ဆက်၍ ပြဦးအံ့၊ သခ်ါရအားလုံး ငြိမ်းသည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ်သည် သခ်ါရအားလုံး ငြိမ်းသည် ဟူ၍သာလျှင် တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ ဥပဓိ ခန္ဓာ အလုံးစုံကို စွန့်လွှတ်သည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ်သည် ဥပဓိ ခန္ဓာ အလုံးစုံကို စွန့်လွှတ်သည်ဟူ၍သာလျှင် တနေ့လုံးသော်လည်း ဖြစ်ပေါ်၏။ ဆာလောင်မှု တဏှာ ကုန်ရာဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ် သည် တဏှာ ကုန်ရာဟူ၍သာလျှင် တနေ့လုံးသော်လည်း ဖြစ်ပေါ်၏။ တပ်မက်မှု ပြယ်ရာဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ် သည် တပ်မက်မှု ပြယ်ရာ ဟူ၍သာလျှင် တနေ့လုံး သော်လဲ ဖြစ်ပေါ်၏။ သခ်ါရ ချုပ်ကွယ်သည် ချုပ်ကွယ်သည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ်သည် သခ်ါရ ချုပ်ကွယ်သည် ချုပ်ကွယ်သည် ဟူ၍သာလျှင် တနေ့လုံးသော်လဲ ဖြစ်ပေါ်၏။ (ဤတွင် ပေယျာလဆုံးသည်) သခ်ါရ ဆင်းရဲ ငြိမ်းသည် ငြိမ်းသည်ဟု ဝင်ရောက်လျက်နေသော အရိယာ၏ ဖိုလ်စိတ္တာပ္ပါဒ်သည် သခ်ါရ ဆင်းရဲ ငြိမ်းသည် ငြိမ်းသည် ဟူ၍သာလျှင် တနေ့လုံးသော်လည်း ဖြစ်ပေါ်၏။ ဤအလုံးစုံကိုလဲ သမာပတ်သမာဓိကို ရည်၍ ဟောတော်မူအပ်၏။

တော့ချေ။ (ဤ၌အပိသဒ္ဒါသည် ဂရဟာဇောတကတည်း။ မပြောပ လောက်တဲ့ ကိစ္စကလေးကို သော်လဲ ပြုလုပ်ရလျှင်၊ ဖိုလ်သို့ ရောက် အောင် မဝင်စားနိုင်တော့ပြီ၊ ကိစ္စအကြီးအကျယ်ကို ပြုလုပ်ရ၍ မဝင်စားနိုင်သည်မှာ ဆိုဘွယ် မရှိပြီဟု ဆိုလို၏။)

ထိုအဋ္ဌကထာ၌ပင် သာဓကဝတ္ထုကိုလဲ ဤသို့ ထုတ်ပြ၏။ တပည့် သာမဏေတပါးနှင့် ဆရာမထေရ်ကြီးတပါး တောကျောင်း၌ နေကြရာတွင် မထေရ်ကြီးမှာသာ နေရာရ၍ သာမဏေမှာ နေရာ မရဘဲ ဖြစ်နေသတဲ့။ မထေရ်ကြီးမှာ တပည့် သာမဏေ၏ နေရာ မရခြင်းကို ကြံစည်လျက် ရှိသောကြောင့်၊ ထိုဝါတွင်းမှာ တနေ့မျှ ဖိုလ်မဝင်စားနိုင်ဘူးတဲ့။ တပည့် သာမဏေမှာမူကား ဝါတွင်း သုံးလပတ်လုံး ဖိုလ်ဝင်စားခြင်း ဟူသော ပျော်မွေ့ခြင်းဖြင့် အချိန်ကုန် စေသတဲ့။ ဝါကျွတ်သောအခါမှာ သာမဏေက “အရှင်ဘုရား! တောကျောင်းမှာနေရတာ သင့်လျော်ပါရဲ့လား”ဟု မေးလျှင် မထေရ်ကြီးက “ငါ့မှာတော့ မသင့်လျော်ပါဘူးကွယ်”ဟု ဖြေဆိုသတဲ့။ ဤဝတ္ထု၌ သာမဏေသည် သတတဝိဟာရီ ရဟန္တာပေတည်း။ ထို့ကြောင့်, နေရာမရခြားသော်လဲ ဖိုလ်ကို အလိုရှိတိုင်း ဝင်စား နိုင်ပေ သည်။ ဆရာမထေရ်ကြီးသည်ကား နောသတတဝိဟာရီ ရဟန္တာ ပေတည်း။ ထို့ကြောင့်, တပည့်၏ နေရာအတွက် ကြံစည် ကြောင့်ကြ ဗျာပါရ ဖြစ်ရုံမျှဖြင့် သမာပတ်ကို မဝင်စားနိုင်ဘဲ ရှိလေသည်။ သို့ဖြစ်၍ ‘ဖလသမာပတ်ကို အလိုရှိတိုင်းသော ခဏ၌ ဝင်စားလိုသော အရိယာသည် **သတတဝိဟာရီ ပုဂ္ဂိုလ် ဖြစ်စေရန်** ဝိပဿနာ အလုပ်ကို မပြတ်အားထုတ်လျက် နေထိုင်ရာ၏။

ဖလသမာပတ် ဝင်စားပုံ ပြီး၏။

×××××

ခဲယဉ်း၏။ ဘဝင်၏ အခြားမဲ့၌ ဖိုလ်နိဗ္ဗာန်တို့ကို ဆင်ခြင်မှုဖြစ်စေ, တခြားတပါးကို နှလုံးသွင်းမှု ဖြစ်စေ, ရှုမှတ်မှု ဖြစ်စေ, ဆက်၍ ဖြစ်ပေါ်၏။ ဆင်ခြင်, နှလုံးသွင်း, ရှုမှတ်သော ထိုစိတ်များကို သာလျှင် ထင်ရှား သိလွယ်ပေသည်။ သို့ဖြစ်၍ ထိုသို့သော စိတ်များ ဖြစ်ပေါ်သော အခါ၌ ဖလသမာပတ်မှ ထပြီဟု မှတ်ရာ၏။

အချို့ပုဂ္ဂိုလ်သည် ဖိုလ်ဝင်စားရန် ရှုမှတ်လျှင် ဖိုလ်သို့လဲ လျှင်မြန်စွာ ရောက်တတ်၏။ ဖိုလ်မှလဲ လျှင်မြန်စွာ ထတတ်၏။ ဖိုလ်ဖြစ်ချည်တလဲ့ ရှုမှတ်, ဆင်ခြင်ချည် တလဲ့အားဖြင့် အကြိမ်များစွာ ဖြစ်တတ်၏။ ထိုအခါမှာ ဝင်စားမှု၌လဲ မနှိုင်နင်း, သုတလဲ မရှိသူ, ဖြစ်လျှင်၊ ဖိုလ်ဝင်စားဆဲမှာပင် ထိုထို အာရုံကိုလဲ ကြံသိ, ရှုမှတ်နိုင် သည်ဟု ထင်မှတ်တတ်၏။ အရှင် မဟာမောဂ္ဂလာန် မထေရ်မြတ်၏ ထင်မှတ်ပုံမျိုးပင်ဟု ယူသင့်သည်။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်က ရဟန်းတို့အား ဤသို့ ပြောကြား၏။ ငါ့ရှင်တို့ ! ငါသည် သိပ္ပိနိကာ မြစ်ကမ်း၌ အာနေဥ္ဇ သမာဓိကို ဝင်စားနေစဉ်မှာ မြစ်ထဲသို့ ဆင်းသက်ပြီးလျှင်, ပြန်တတ်ကုန်သော ဆင်တို့၏ သာယာစွာ မြည်သော ဆင်သံကို ကြားရသည်ဟူ၍ ပြောကြား၏။ **အာနေဥ္ဇ သမာဓိ** ဟူသည်မှာ ရူပ, အရူပ စတုတ္ထဈာန် ငါးပါးသည်ဌင်း, ထိုငါးပါးတွင် တပါး ပါးကို အခြေပါဒကပြု၍ ဝင်စားအပ်သော အရဟတ္တဖိုလ် သမာဓိ သည်ဌင်း, **အာနေဥ္ဇသမာဓိ** မည်သည်ဟု ဥဒါန်း အဋ္ဌကထာ၌ ဖွင့်ပြ၏။ ဤအာနေဥ္ဇသမာဓိကို ဝင်စားခိုက်၌ကား မိုးကြိုး

ထစ်သံကိုသော်လဲ မကြားနိုင် ကောင်းချေ။ တစုံတခုကြောင့် လှုပ်ရှား ပျက်ပြယ်ခြင်း မရှိသော သမာဓိပေတည်း။ သို့ဖြစ်၍ ထိုရဟန်းတို့က မယုံသောကြောင့် မြတ်စွာဘုရားအား လျှောက်ထားလေကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားက အောက်ပါ အတိုင်း ဆုံးဖြတ်ချက် ချတော်မူပေ၏။

မစင်ကြယ်သော ဗိုလ်သမာဓိလဲ ရှိကြောင်း

အတ္တေသော ဘိက္ခဝေ သမာဓိ၊ သော စ ခေါ အ ပရိသုဒ္ဓေါ= ရဟန်းတို့! မောဂ္ဂလာန် ဝင်စားအပ်သော ထို အာနေဉ္ဇသမာဓိ သည်ကား ဟုတ်ပေ၏။ သို့သော်လဲ ထိုသမာဓိသည်ကား အပြည့်အစုံ ကောင်းစွာ မစင်ကြယ်ပေ။ (အာနေဉ္ဇသမာဓိက တလဲ့၊ သာမာန် စိတ်က တလဲ့အားဖြင့် ရောနှောလျက် ရှိသောကြောင့် ဆင်သံကို ကြားရပေသည်ဟု ဆိုလိုပေ၏။)

အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ရဟန်းပြု၍ ခုနစ်ရက် မြောက်၌ ရဟန္တာ ဖြစ်တော်မူ၏။ ရဟန္တာဖြစ်ပြီးစ ထိုကာလ၌ သမာပတ် တို့ကို ဝသီငါးပါးဖြင့် မနှိုင်နင်းသေးမီ စတုတ္ထဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထခိုက်၌ ဆင်သံကိုကြားရ၏။ ဤသို့ဈာန်မှ ထခိုက်၌ ကြားသည်ကိုပင် သမာပတ် ဝင်စားဆဲ၌ ကြားသည်ဟု ထင်မှတ်တော်မူကြောင်းကို ဝိနည်း အဋ္ဌကထာ၌ ဖွင့်ပြတော်မူ၏။ ဤ၌ စတုတ္ထဈာန်ဟု သာမာန်ဆိုသော်လဲ ရဟန္တာ ဖြစ်ပြီးစ၌ ဝင်စားအပ်သော ဈာန်ဖြစ်သောကြောင့် အရဟတ္တ ဖိုလ် စတုတ္ထဈာန်ကိုသာ ယူသင့်၏။

အထူးကောက်နုတ်ချက်

ပြခဲ့သော ပါဠိ အဋ္ဌကထာ ဆိုင်ရာ စကားထဲမှ "ဈာန်မှ ထခိုက်၌ ဆင်သံကို ကြားသည်။ ဤသို့ ကြားသည်ကိုပင် သမာပတ် ဝင်စားဆဲ၌ ကြားသည်ဟု ထင်မှတ်သည်"ဟူသော စကားတို့ဖြင့် သမာပတ်မှ ထသောအခါ၌ နှေးဦးစွာ ပစ္စဝေက္ခဏာ မဖြစ်မူ၍ တပါးသောသိမှု နှလုံးသွင်းမှုများလဲ ဖြစ်တတ်သေးသည်ဟု သိအပ်၏။အရိယာပုဂ္ဂိုလ်ချင်း အဆင့်အတန်းချင်း တူသော်လဲ အလိုရှိတိုင်းသော ခဏ၌ ဖိုလ်ဝင် စားနိုင်ခြင်း, မဝင်စားနိုင်ခြင်းအားဖြင့် ထူးခြားသေးသည်ကို အောက်ပါ ဥပရိပဏ္ဏာသ အဋ္ဌကထာဖြင့် သိအပ်၏။

သတတဝိဟာရီ နောသတတဝိဟာရီ

ရဟန္တာတို့သည် မပြတ်မစဲ သမထဝိပဿနာဖြင့် နေလေ့ရှိသော **သတတဝိဟာရီ ပုဂ္ဂိုလ်ငင်း၊** မပြတ်မစဲ သမထ ဝိပဿနာဖြင့် နေလေ့မရှိသော **နောသတတဝိဟာရီ ပုဂ္ဂိုလ်ငင်း၊** ဤသို့ နှစ်မျိုး တို့တည်း။ ထိုနှစ်မျိုးတို့တွင် ဘာဝနာဖြင့် မပြတ်နေလေ့ ရှိသော ရဟန္တာ သည် တစုံတခုသော အမှုကို ပြုပြီး၍သော်လဲ ဖလသမာပတ်ကို ဝင်စား ခြင်းငှါ စွမ်းနိုင်ပေ၏။ (ကတ္တာပိဋ္ဌ အပိသဒ္ဒါသည် သမ္ဘာဝနာ ဇောက တည်း၊ အမှုကြီးငယ် တစုံတခုကို ကြောင့်ကြစိုက်ထုတ် ပြုလုပ်ပြီးမှ သော်လဲ ဖိုလ်ကို ဝင်စားနိုင်သေး၏။ ဘာကိုမျှ မလုပ်ရသဲ့ အေးအေး သာသာ နေစဉ်၌ ဝင်စားနိုင်သည်မှာ ဆိုဘွယ်မရှိပြီဟု ဆိုလို၏။) ဘာဝနာဖြင့် မပြတ်နေလေ့မရှိသော ရဟန္တာသည်ကား ကိစ္စ အသေးအငယ်မျှ ၌သော်လဲ ပြုလုပ်အားထုတ်ပြီးသည်ဖြစ်၍ ပြုလုပ် အားထုတ်ပြီးလတ်သော် ဖလသမာပတ်သို့ ဝင်ရောက်ခြင်းငှါ မစွမ်းနိုင်

ကင်းသောနိဗ္ဗာန်သည်) ပြင်းစွာမပူပန်ခြင်းသည် (ပြင်းစွာပူပန်မှုကင်းသောနိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။

၃။ ဖြစ်ပေါ်ခြင်းသည် ကြောက်မက်ဖွယ်ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပြင်းစွာပူပန်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။

၄။ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်မက်ဖွယ်အနေအားဖြင့်ထင်ရာ၌ အပြစ်ကိုမြင်သောပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ ပြင်းစွာပူပန်ခြင်းသည်ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သောပညာသည် အာဒီနဝဉာဏ် မည်၏။

၅။ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်။ ပြင်းစွာမပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။

၆။ ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ပြင်းစွာပူပန်ခြင်းသည်ဆင်းရဲတည်းဟု ပြင်းစွာ မပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။

ပဋိသန္ဓေဒါမင်

အာဒီနဝါနုပဿနာဉာဏ်ကိုပြဆိုခြင်း

ဘယတုပဋ္ဌာနဉာဏ်မှီဝဲလျက် အကြိမ်များစွာပွားများအားထုတ်သော ယောဂီအား အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသ၌

- အကျိုးမဲ့မှု စောင့်ရှောက်တတ်သောအရာ (တာဏ)သည် မထင်၊
- ပုန်းအောင်းမှီခိုရာ (လေဏ)သည် မထင်၊
- ရှောင်တိမ်းသွားရာအရပ် (ဂတိ) သည်မထင်၊
- ကိုးကွယ်အားထားရာ(ပဋိသရဏ) သည်လည်း မထင်သည်သာတည်း။

အလုံးစုံသောဘဝ, ယောနိ, ဂတိ, ဝိညာဏဋ္ဌိတိ, သတ္တာဝါသတို့၌ တည်ကုန်သော သင်္ခါရတို့တွင် တစ်ခုသော သင်္ခါရကိုသော်မျှ တောင့်တခြင်း (ပတ္ထနာ)၊ ငါဟုမှားယွင်းစွာ သုံးသပ်ခြင်းသည်လည်း မရှိတော့ချေ၊

- ဘဝသုံးပါးသည် မီးလျှံကင်းသည့် မီးကျီတွင်းသကဲ့သို့၊
- မဟာဘုတ်လေးပါးသည် အဆိပ်ပြင်းသည့် မြွေဆိုးကြီး ကဲ့သို့၊
- ခန္ဓာငါးပါးသည် သန်လျက်ခြိမ့်သော သူသတ်သမား ကဲ့သို့၊
- အဇ္ဈတ္တိကာယတန ၆ပါးတို့သည် လူမရှိသော ရွာပျက်သကဲ့သို့၊
- ဗာဟိရာယတန ၆ပါးတို့သည် ရွာဖျက်မားပြများကဲ့သို့၊
- ဝိညာဏဋ္ဌိတိ၇ပါး၊ သတ္တာဝါသ၉ပါးတို့သည် မီးခဲပါးတို့ဖြင့် ရဲရဲတောက်လောင်လျက် ထက်ဝန်းကျင် တောက်လောင်ကုန်လျက် တခဲနက်သော မီးလျှံကဲ့သို့ ထင်ပေါ်ကုန်၏။

ထို့အပြင် အလုံးစုံသော သခ်ါရတို့သည် အိုင်းအမာကဲ့သို့၊ စွဲကပ်နေသောရောဂါကဲ့သို့၊ စူးဝင်နေသော ငြောင့်ကဲ့သို့၊ မကောင်းမှု တို့ကဲ့သို့ အဖျားအနာကဲ့သို့ သာယာဖွယ် ကင်းသည်ဖြစ်၍ ထင်ကုန်၏။ အရသာကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏။ ကြီးစွာသောအပြစ်အစု သဖွယ်ဖြစ်၍ ထင်ကုန်၏။

အဘယ်သို့လျှင် သခ်ါရတို့သည်ကြီးစွာသော အပြစ်အစုသဖွယ် ထင်သနည်းဟူမူ ချမ်းသာစွာနေထိုင်လိုသော ယောကျ်ားသည် မွေ့လျော်ဖွယ် အခြင်းအရာရှိသော်လည်း သားရဲရှိသည့် တောအုပ်ထဲသို့ ရောက်သွားသည့်အခါ ကြောက်ရွံ့ထိတ်လန့်လျက် ကြက်သီးမွေးညင်း ထ၍ သားရဲတောတို့၏ အပြစ်ကိုသာလျှင် မြင်နေသကဲ့သို့၊ ထို့အတူ ပင်လျှင် ယောဂီပုဂ္ဂိုလ်သည် ပျက်ခြင်းကိုသာရှုသော ဘယနုပဿနာ၏ အစွမ်း အားဖြင့် အလုံးစုံသော သခ်ါရတို့သည် ကြောက်မက်ဖွယ်ဘေး အနေဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အရသာကင်းသည့်, သာယာဖွယ် ကင်းသည့် မမြဲမပြတ်ဖြစ်ခြင်းဟူသည့် ဘေးနှင့်တကွ ဖြစ်ခြင်း ဟူသော မပြစ်ကိုသာလျှင်ရှုမြင်၏။ ဤသို့သခ်ါရတို့၌ အပြစ်ကိုရှုမြင်သော ယောဂီအား အာဒီနဝညာဏ်မည်သော အာဒီနဝါနုပဿနာဉာဏ်သည် ဖြစ်ပေါ်၏။

ထို့ကြောင့် ဘယတုပဋ္ဌာနဉာဏ်အစွမ်းဖြင့် ကြောက်ဖွယ်ဘေး အဖြစ် ရှုမြင်နေသော သခ်ါရတရားတို့၌ အပြစ်ကိုရှုမြင်သည့်ဉာဏ်သည် အာဒီနဝါနုပဿနာဉာဏ်မည်၏။

ပဋိသန္ဓိဒါမဂ်၌ ဟောတော်မူပုံ

၁။ အဘယ်သို့လျှင် ကြောက်မက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်သနည်း။

ရှေးဦးစွာ သခ်ါရတို့၏ ဖြစ်ပေါ်ခြင်း (ဥပ္ပါဒ)သည် ကြောက်ဖွယ် ဘေးဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ အပြစ်ကို ရှုမြင်သော ပညာသည် အာဒီနဝဉာဏ်မည်၏။

သခ်ါရတို့၏ အဆက်မပြတ်ဖြစ်ပွားခြင်း (ပထ္ထာ)သည် ဘေးဟု၊ သခ်ါရနိမိတ်သည် ဘေးဟု၊ ကံဖြစ်ရန်အားထုတ်ခြင်း (အာယူယန)သည် ဘေးဟု၊ ဘဝသစ်၌ဖြစ်ခြင်း(ပဋိသန္ဓေ)သည် ဘေးဟု၊ လားရာ(ဂတိ) သည် ဘေးဟု၊ ဖြစ်ခြင်း(နိဗ္ဗတ္တိ)သည် ဘေးဟု၊ ကပ်ရောက်၍ဖြစ်ခြင်း (ဥပပတ္တိ)သည် ဘေးဟု၊ ဘဝသစ်ဖြစ်ခြင်း (ဇာတိ)သည် ဘေးဟု၊ အိုခြင်း (ဇရာ)သည် ဘေးဟု၊ နာခြင်း(ဗျာဓိ)သည် ဘေးဟု၊ သေခြင်း(မရဏ) သည် ဘေးဟု၊ စိုးရိမ်ခြင်း(သောက)သည် ဘေးဟု၊ ငိုကြွေးခြင်း (ပရိဒေဝ) သည်ဘေးဟု၊ ပြင်းစွာပူပန်ခြင်း (ဥပါယာသ)သည် ဘေးဟု ကြောက်မက်ဖွယ်ဘေးအဖြစ်အားဖြင့်ထင်ရာ၌ အပြစ်ကို ရှုမြင်သော ပညာသည် အာဒီနဝဉာဏ်မည်၏။

၂။ ဖြစ်ပေါ်မှုကင်းသောနိဗ္ဗာန်သည် (၀၊) မဖြစ်ခြင်းသည် ဘေးငြိမ်း ရာတည်းဟု သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ ဖြစ်သော သန္တိပဒ ဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည် (ဖြစ်ပွားမှု

ထပ်ဆင့်ရှင်းလင်းချက်

ကြောက်ဖွယ်ဘေးမည်သောတရားသည် ကျိန်းသေ မုချ အားဖြင့် ဆင်းရဲဒုက္ခပေတည်း။ ထိုဆင်းရဲ ဒုက္ခသည်လည်း ဝဋ်ဆုံးပါးဟူသော အစာ (ဝဋ္ဌာမိသ)၊ ကာမဂုဏ်ဟူသော အစာ (လောကာမိသ)၊ ကိလေသာ အစာ(ကိလေသာမိသ)တို့မှ မလွတ်ကင်းသောကြောင့် အစာနှင့် တကွဖြစ်သည်သာတည်း။ အစာနှင့် တကွဖြစ်သောတရား သည်လည်း သခ်ါရမူသာလျှင်ဖြစ်ပေ၏။

ထို့ကြောင့် "ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း" ဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် "အပြစ်၌ဖြစ်သော အာဒီနဝဉာဏ မည်၏" ဤသို့စသောစကားကို ဟောတော်မူ၏။ ဤသို့ဟောပါသော်လည်း ကြောက်ဖွယ်ဘေးအခြင်းအရာအားဖြင့်လည်းကောင်း၊ ဆင်းရဲဒုက္ခအခြင်းအရာအားဖြင့်လည်းကောင်း၊ အစာနှင့်တကွ ဖြစ်သောအခြင်းအရာအားဖြင့်လည်းကောင်း ဤသို့ အခြင်းအရာ ထူးခြားသောအားဖြင့် ဉာဏ်ဖြစ်ပုံ၏ အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ထူးသည့်အဖြစ်ကို သိအပ်၏။

(ဘေးအခြင်းအရာအားဖြင့် ဖြစ်သောဉာဏ်ကို ဘယတုပဋ္ဌာနဉာဏ်၊ ကြွင်းသောဆင်းရဲ စသည်အားဖြင့် ဖြစ်သောဉာဏ်ကို အာဒီနဝဉာဏ်ဟူ၍ ယူအပ်၏။)

ဝိပဿနာသည် ဝယလက္ခဏာဝိပဿနာမည်၏။ အပျက်လက္ခဏာကိုရှုသော ဉာဏ်မည်၏။

၇။ ဖြစ်ပေါ်ခြင်းသည် (ဝဋ်၊ ကာမဂုဏ်, ကိလေသာဟူသော) အစာနှင့်တကွဖြစ်သည်ဟု ကြောက်မက်ဖွယ် အနေအားဖြင့် ထင်ရာ၌ အပြစ်ကိုမြင်သောပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်ဟု ကြောက်မက်ဖွယ် အနေအားဖြင့်ထင်ရာ၌ အပြစ်ကိုရှုမြင်သော ပညာသည် အာဒီနဝဉာဏ် မည်၏။

၈။ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်။ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။

၉။ ဖြစ်ပေါ်ခြင်းသည်အစာနှင့်တကွဖြစ်သည်၊ မဖြစ်ပေါ်ခြင်း အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။ ဖြစ်ပွားခြင်းသည်။ ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်၏။ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သန္တိပဒဉာဏ် မည်၏။

၁၀။ ဖြစ်ပေါ်ခြင်းသည် သခ်ါရတည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ သိသောပညာသည် အာဒီနဝဉာဏ် မည်၏။ ဖြစ်ပွားခြင်းသည်။ ပ။ ပြင်းစွာပူပန်ခြင်းသည် သခ်ါရ တို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။

၁၁။ မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသော

ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်။ ပ။ ပြင်းစွာ မပူပန်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။

၁၂။ ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည် ငြိမ်းအေးသောနိဗ္ဗာန်တည်းဟုသိသောပညာသည် သန္တိပဒဉာဏ်မည်၏။ မပူပန်ခြင်းသည် ငြိမ်းအေးသော နိဗ္ဗာန်တည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။

၁၃။ ဖြစ်ပေါ်ခြင်း၊ ဖြစ်ပွားခြင်း၊ နိမိတ်၊ အားထုတ်ခြင်း၊ ဘဝသစ် ပဋိသန္ဓေဖြစ်ခြင်း အသီးသီးကို ဆင်းရဲဟု ရှုမြင်၏။ ဤရှုမြင်သော ဉာဏ်၅ပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏။

၁၄။ မဖြစ်ပေါ်ခြင်း၊ မဖြစ်ပွားခြင်း၊ နိမိတ်ကင်းခြင်း၊ အားမထုတ်ခြင်း၊ ပဋိသန္ဓေကင်းခြင်း အသီးသီးကို ချမ်းသာဟုရှုမြင်၏။ ဤရှုမြင်သော ဉာဏ်၅ပါးသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ်မည်၏။

၁၅။ယောဂီသည် နှစ်ပါးသောအာဒီနဝဉာဏ်, သန္တိပဒဉာဏ် တို့၌ ကျွမ်းကျင်လိမ္မာသည့်အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူ တို့ကြောင့် မတုန်လှုပ်တော့ပြီ။

ဤဥပါဒစသော ၁၅ပုဒ်တို့တွင် ပထမ၅ပုဒ်သာလျှင် အာဒီနဝဉာဏ်၏ ဖြစ်ရာအာရုံဝတ္ထုအဖြစ်ဖြင့် ဟောတော်မူ၏။ ကြွင်းသော ၁၀ပုဒ်တို့ကို ထိုမူလပထမ ၅ပုဒ်၏ ဝေဝုစ် ပရိယာယ် စကားလှယ်အဖြစ်ဖြင့် ဟောတော်မူ၏။

သန္တိပဒဉာဏ်ကို ဟောတော်မူခြင်းအကြောင်း

“ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟုသိသော ပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌ဖြစ်သော သန္တိပဒဉာဏ် မည်၏” ဤသို့ စသောစကားကို အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက် ဖြစ်သည့် ဉာဏ်ကို ပြခြင်းအကျိုးငှာ ဟောတော်မူ၏။

တစ်နည်းအားဖြင့်- ဘယဉာဏ်ဖြင့် သခ်ါရတို့၏ဘေးကိုမြင်၍ အာဒီနဝဉာဏ်ဖြင့် သခ်ါရတို့၏အပြစ်ကိုမြင်ပြီးလျှင် ထိတ်လန့်သည့် စိတ်နှလုံးရှိသော ပုဂ္ဂိုလ်တို့အားဘေးငြိမ်း၍ အပြစ်ကင်းသော ဘေးမဲ့ရာ အရပ်သည်လည်း ရှိသေး၏ဟု သက်သာရာရစေခြင်း အကျိုးငှာလည်း သန္တိပဒဉာဏ်ကို ဟောခြင်းဖြစ်ပေ၏။

တစ်နည်းသော်ကား - ယောဂီပုဂ္ဂိုလ်အား ဖြစ်ပေါ်ခြင်း စသည်တို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ကောင်းစွာ ထင်ကုန်၏။ ထိုဖြစ်ပေါ်သည့် သခ်ါရတို့၌ အပြစ်ကိုလည်း အာဒီနဝဉာဏ် မြင်ကုန်၏။ ထိုသို့ထင်မြင်သောယောဂီ၏ စိတ်သည် ထိုဖြစ်ပေါ်ခြင်း (ဥပ္ပါဒ) စသည်တို့၏ ဆန့်ကျင်ဘက်၌ ညွှတ်ကိုင်းလျက်ရှိ၏။ ထို့ကြောင့် ဘယဉာဏ်၏ အစွမ်းအားဖြင့်ပြီးသော အာဒီနဝဉာဏ်၏ အကျိုးအာနိသင်ကို ပြခြင်းအကျိုးငှာလည်း သန္တိပဒဉာဏ်ကို ဟောခြင်းဖြစ်ပေ၏။

ဤသို့ဖြစ်သောပညာသည်သန္ဋိပဒဉာဏ်မည်၏။ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။

(၅)ဖြစ်ပေါ်ခြင်းကိုငြင်း၊ ဖြစ်ပွားခြင်းကိုငြင်း၊ သခ်ါရ နိမိတ်ကိုငြင်း၊ အားထုတ်ခြင်းကိုငြင်း၊ ပဋိသန္ဓေကိုငြင်း၊ ဆင်းရဲ ဟူ၍ မြင်၏။ ဤအမြင်သည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းကိုငြင်း၊ မဖြစ်ပွားခြင်းကိုငြင်း၊ သခ်ါရနိမိတ်ကင်းခြင်းကိုငြင်း၊ အားမထုတ်ခြင်းကိုငြင်း၊ ပဋိသန္ဓေမနေခြင်းကိုငြင်း၊ ချမ်းသာဟူ၍မြင်၏။ ဤအမြင်သည် သန္ဋိပဒဉာဏ်မည်၏။

ဤအာဒီနဝဉာဏ်သည် ငါးပါးသောအရာတို့၌ ဖြစ်၏။ ဤသန္ဋိပဒဉာဏ်သည် ငါးပါးသောအရာ၌ ဖြစ်၏။ (အာဒီနဝဉာဏ်ကို အပြားအားဖြင့်သိသော ယောဂီပုဂ္ဂိုလ်သည်) ဆယ်ပါးသောဉာဏ်တို့ကို အပြားအားဖြင့်သိ၏။ နှစ်ပါးသောဉာဏ်တို့၌ လိမ္မာသည်အဖြစ်ကြောင့် အထူးထူးသောအယူဝါဒတို့၌ အယူဝါဒတို့ကြောင့် မတုန်မလှုပ်။

ထိုအာဒီနဝဉာဏ်သည် သိတတ်သော အနက်သဘောကြောင့်ဉာဏ်မည်၏။ အပြားအားဖြင့်သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် ဘယတုပဋ္ဌာနေ ပညာ အာဒီနဝေဉာဏ္ဏန္တိ ဟူ၍ ဆိုအပ်ပေသတည်း။

ရှစ်ခုမြောက်သော အာဒီနဝဉာဏ်ကိုအကျယ်ပြရာ
အပိုင်းပြီး၏။

×××××

ရုပ်ဝေဒနာစသော တပါးပါးသောအာရုံကိုလည်း ကုန်သည်ပျက်သည်ဟုသိမြင်ပြီး၍ ထိုသိမြင်သောစိတ်၏ အပျက်ကိုလည်း တဖန်ရှု၏။

ပျက်တတ်သောပုဂ္ဂိုလ်မှ ဆိတ်သောအားဖြင့်လည်း ထင်သည်ဖြစ်၏။ ဤသုံးပါးသော ဝိပဿနာသည် အဓိပညာဝိပဿနာမည်၏။ လွန်ကဲသော ဝိပဿနာမည်၏။

(အနိစ္စာနုပဿနာ စသည်အားဖြင့်) သုံးပါးကုန်သော အနုပဿနာတို့၌ လိမ္မာသော ယောဂီပုဂ္ဂိုလ်သည် (နိဗ္ဗိဒါ နုပဿနာ စသည်အားဖြင့်) လေးပါးကုန်သော ဝိပဿနာ တို့၌ငြင်း (ခယ ဝယ သုညအားဖြင့် ထင်ခြင်းဟူသော) သုံးပါးသော ထင်ခြင်း၌ငြင်း၊ ကုသလတာယ လိမ္မာသည်၏အဖြစ်ကြောင့် အထူးထူးသော အယူဝါဒတို့၌ အယူဝါဒတို့ကြောင့် မတုန်မလှုပ်။

ထိုဝိပဿနာဉာဏ်သည် သိတတ်သောအနက် သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏။ ထို့ကြောင့် အာရမ္မဏံ ပဋိသင်္ခါဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဟူ၍ ဆိုအပ်ပေသတည်း။

ငါးခုမြောက်သောဘင်္ဂါနုပဿနာဉာဏ်ကို အကျယ်ပြရာ
အပိုင်းသည် ပြီး၏။

×××××

ပဋိသန္ဓိဒါမင်္ဂပါဠိတော် နိဿယ
၈။အာဒီနဝဉာဏ်

(၅၃)ဘေးအားဖြင့်ထင်သော အာရုံ၌ ပညာသည် အာဒီနဝဉာဏ်မည်သည်။ အဘယ်သို့ဖြစ်သနည်းမူကား။

(၁) ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ဤသို့ ဘေးဟုထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်သည်။ ဖြစ်ပွားခြင်းသည်၊ သခ်ါရနိမိတ်သည်၊ အားထုတ်ခြင်းသည်၊ ပဋိသန္ဓေနေခြင်းသည်၊ လားရာဂတိသည် ခန္ဓာတို့၏ ဖြစ်ခြင်းသည်၊ ဝိပါတ်၏ဖြစ်ခြင်းသည်၊ ဘဝအသစ်ဖြစ်ခြင်းသည်၊ အိုခြင်းသည်၊ နာခြင်းသည်၊ သေခြင်းသည်စိုးရိမ်ပူဆွေးခြင်းသည်၊ ငိုကြွေးခြင်းသည်၊ ပြင်းစွာပင်ပန်းခြင်းသည် ကြောက်ဖွယ်ဘေးတည်း။ ဤသို့ဘေးဟု ထင်ရာ၌ ဖြစ်သောပညာသည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းသည် ဘေးကင်းရာတည်း၊ ဤသို့ ဖြစ်သော ပညာသည် သန္တိပဒဉာဏ်မည်၏။ ငြိမ်းအေးသောနိဗ္ဗာန်၌ ဖြစ်သော ဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည် ၊ ပြင်းစွာမပင်ပန်းခြင်းသည် ဘေးကင်းရာတည်း။ ဤသို့ဖြစ်သော ပညာသည်သန္တိပဒဉာဏ်မည်၏။ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။

(၂) ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း။ ဤသို့ဘေးဟုထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်၊ ပြင်းစွာပင်ပန်းခြင်းသည် ဆင်းရဲတည်း။ ဤသို့ ဘေးဟုထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်း။ ဤသို့ဖြစ်သော ပညာသည် သန္တိပဒဉာဏ်မည်၏။ ငြိမ်းအေးသော နိဗ္ဗာန်ဖြစ်သော ဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်၊ ပြင်းစွာ မပင်ပန်းခြင်းသည် ချမ်းသာတည်း။ ဤသို့ဖြစ်သောပညာသည် သန္တိပဒဉာဏ်မည်၏။ ငြိမ်းအေးသော နိဗ္ဗာန်၌ဖြစ်သော ဉာဏ်မည်၏။

(၃) ဖြစ်ပေါ်ခြင်းသည် ကာမဂုဏ်အစာ, ဝဋ်ဆင်းရဲအစာ, ကိလေသာအစာနှင့်တကွ ဖြစ်၏။ ဤသို့ဘေးဟုထင်ရာ၌ ဖြစ်သော ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်၊ ပြင်းစွာ ပင်ပန်းခြင်းသည် အစာနှင့်တကွ ဖြစ်၏။ ဤသို့ဘေးဟုထင်ရာ၌ ဖြစ်သောပညာသည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းသည် အစာကင်း၏။ ဤသို့ဖြစ်သော ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်၊ ပြင်းစွာ မပင်ပန်းခြင်းသည် အစာကင်း၏။ ဤသို့ဖြစ်သော ပညာသည် သန္တိပဒဉာဏ်မည်၏။

(၄) ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်း၊ဤသို့ ဘေးဟု ထင်ရာ၌ ဖြစ်သောပညာသည် အာဒီနဝဉာဏ်မည်၏။ဖြစ်ပွားခြင်းသည် ပြင်းစွာ ပင်ပန်းခြင်းသည် သခ်ါရတို့တည်း၊ ဤသို့ ဘေးဟုထင်ရာ၌ ဖြစ်သောပညာသည် အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းသည် သခ်ါရငြိမ်းသောနိဗ္ဗာန်တည်း၊ဤသို့ ဖြစ်သော ပညာသည်သန္တိပဒဉာဏ်မည်၏။ ငြိမ်းအေးသောနိဗ္ဗာန်၌ ဖြစ်သောဉာဏ်မည်၏။ ပြင်းစွာ မပင်ပန်းခြင်းသည် နိဗ္ဗာန်တည်း၊

သခ်ၤရူပေက္ခာဉာဏ် – အကျယ်ပြပုံ

၅၆။ ပုထုဇဉ်ပုဂ္ဂိုလ်အားဂင်း၊ သေက္ခပုဂ္ဂိုလ်အားဂင်း သခ်ၤရူပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် တူညီသည်။ တစ်နည်းကား ရှေးရှုဆောင်ခြင်း၏ တူညီသည်၏ အဖြစ်သည် (နောက်၌လည်း နည်းအတူပင်) အဘယ်သို့ဖြစ်သနည်း။ သခ်ၤရူပေက္ခာကို နှစ်သက်သော ပုထုဇဉ်ပုဂ္ဂိုလ်၏ စိတ်သည် ညစ်နွမ်း၏။ ဘာဝနာ၏ ဘေးရန်သည်ဖြစ်၏။ မဂ်ဖြင့် သစ္စာကို သိခြင်း အန္တရာယ်သည် ဖြစ်၏။ နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းသည် ဖြစ်၏။ သခ်ၤရူပေက္ခာကို နှစ်သက်သော သေက္ခပုဂ္ဂိုလ်၏လည်း စိတ်သည် ညစ်နွမ်း၏။ ဘာဝနာ၏ ဘေးရန်သည်ဖြစ်၏။ အထက်အထက်မဂ်ဖြင့် သစ္စာကိုသိခြင်း အန္တရာယ်သည် ဖြစ်၏။ နောင်အခါ၌ ပဋိသန္ဓေ၏ အကြောင်းသည် ဖြစ်၏။ ဤသို့ ပုထုဇဉ် ပုဂ္ဂိုလ်၏ဂင်း၊ သေက္ခပုဂ္ဂိုလ်၏ဂင်း သခ်ၤရူပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်း သည် နှစ်သက်တတ်သော သဘောအားဖြင့် တူညီသည်ဖြစ်၏။

(၁) ပုထုဇဉ်ပုဂ္ဂိုလ်၏ဂင်း၊သေက္ခပုဂ္ဂိုလ်၏ဂင်း ရဟန္တာပုဂ္ဂိုလ်၏ဂင်း သခ်ၤရူပေက္ခာ၌စိတ်ကို ရှေးရှုဆောင်ခြင်းသည် တူညီသည်။ အဘယ်သို့ ဖြစ်သနည်း။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သခ်ၤရူပေက္ခာကို အနိစ္စအားဖြင့်ဂင်း၊ ဒုက္ခအားဖြင့်ဂင်း၊ အနတ္တအားဖြင့်ဂင်း၊ ရှု၏။ သေက္ခပုဂ္ဂိုလ်သည်လည်း သခ်ၤ ရူပေက္ခာကို အနိစ္စအားဖြင့်ဂင်း၊ ဒုက္ခအားဖြင့်ဂင်း၊ အနတ္တ အားဖြင်ဂင်း၊ ရှု၏။ ရဟန္တာပုဂ္ဂိုလ်သည်လည်း သခ်ၤရူပေက္ခာကို အနိစ္စအားဖြင့်ဂင်း၊

၉–သခ်ၤရူပေက္ခာဉာဏနိဒ္ဒေသ

ဥပါဒ္ဒစသည်ကို စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာဉာဏ်မည်သည်။အဘယ်သို့ဖြစ်သနည်းဟူမူကား။

(၁) ဖြစ်ပေါ်ခြင်းကို စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာဉာဏ် မည်၏။

(၂) ဖြစ်ပွားခြင်းကို ပြင်းစွာပင်ပန်းခြင်းကို စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာ ဉာဏ် မည်၏။

(၃)ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ ဤသို့ နှလုံးသွင်း၍ စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာဉာဏ်မည်၏။

(၄)ဖြစ်ပွားခြင်းသည် ပြင်းစွာပင်ပန်းခြင်းသည် ဆင်းရဲတည်း၊ ဤသို့နှလုံးသွင်း၍စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာဉာဏ် မည်၏။

(၅)ဖြစ်ပေါ်ခြင်းသည် ဘေးတည်း၊ ဤသို့ နှလုံးသွင်း၍ ပြင်းစွာပင်ပန်းခြင်းသည် ဘေးတည်း၊ ဤသို့ နှလုံးသွင်း၍ စွန့်လွှတ်လို သဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာဉာဏ်မည်၏။

(၆) ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွဖြစ်၏။ ဤသို့ နှလုံးသွင်း၍ပြင်းစွာပင်ပန်းခြင်းသည် အစာနှင့်တကွဖြစ်၏။ဤသို့ နှလုံးသွင်း၍ စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ၤရူပေက္ခာဉာဏ်မည်၏။

(၇) ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်း၊ ဤသို့ နှလုံးသွင်း၍ ပြင်းစွာပင်ပန်းခြင်းသည် သခ်ါရတို့တည်း။ ဤသို့ နှလုံးသွင်း၍ စွန့်လွှတ်လိုသဖြင့် ရှုဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ါရုပေက္ခာဉာဏ်မည်၏။

(၈) ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့တည်း။ ထိုသခ်ါရတို့ကို လျစ်လျူရှုတတ်၏။ ထို့ကြောင့် သခ်ါရုပေက္ခာဉာဏ်မည်၏။

အကြင်လျစ်လျူရှုအပ်သော သခ်ါရတို့သည်၄င်း၊ အကြင် လျစ်လျူရှုအပ်သော ဥပေက္ခာသည်၄င်း၊ (ရှိကုန်၏) ထိုသခ်ါရနှင့် ဥပေက္ခာ နှစ်ပါးလုံးတို့သည်လည်း သခ်ါရတို့တည်း၊ ထိုသခ်ါရတို့ကို လျစ်လျူရှုတတ်၏။

ထို့ကြောင့် သခ်ါရုပေက္ခာဉာဏ်မည်၏။

ပြင်းစွာပင်ပန်းခြင်းသည် သခ်ါရတို့တည်း၊ ထိုသခ်ါရတို့ကို လျစ်လျူရှုတတ်၏။ ထို့ကြောင့် သခ်ါရုပေက္ခာဉာဏ်မည်၏။ အကြင် လျစ်လျူရှုအပ်သော သခ်ါရတို့သည်၄င်း၊ အကြင် လျစ်လျူရှုအပ်သော ဥပက္ခာသည်၄င်း၊ (ရှိကုန်၏) ထိုသခ်ါရနှင့်ဥပက္ခာ နှစ်ပါးလုံးတို့သည်လည်း သခ်ါရတို့တည်း၊ထိုသခ်ါရတို့ကို လျစ်လျူရှုတတ်၏။ ထို့ကြောင့် သခ်ါရုပေက္ခာဉာဏ်မည်၏။

၅၅။အဘယ်မျှသောအခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဖြစ်သနည်း။ ရှစ်ပါးသော အခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှု ဆောင်ခြင်းသည် ဖြစ်၏၊ ပုထုဇဉ်ပုဂ္ဂိုလ်အား အဘယ်မျှသော အခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဖြစ်သနည်း။ သေက္ခပုဂ္ဂိုလ်အား ဖြစ်သနည်း။ ရဟန္တာပုဂ္ဂိုလ်အား ဖြစ်သနည်း။ ပုထုဇဉ်

ပုဂ္ဂိုလ်အား နှစ်ပါးသောအခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဖြစ်၏၊ သေက္ခပုဂ္ဂိုလ်အား သုံးပါးသော အခြင်းအရာတို့ဖြင့် ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်အား သုံးပါးသော အခြင်းအရာတို့ဖြင့် ဖြစ်၏။

ပုထုဇဉ်ပုဂ္ဂိုလ်အား အဘယ်နှစ်ပါးသောအခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဖြစ်သနည်း။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သခ်ါရုပေက္ခာကို နှစ်သက်မှုလည်း နှစ်သက်၏။ ဝိပနာဉာဏ်ဖြင့်မူလည်း ပုထုဇဉ်ပုဂ္ဂိုလ်အား ဤနှစ်ပါးသောအခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဖြစ်၏။

သေက္ခပုဂ္ဂိုလ်အား အဘယ်သုံးပါးသော အခြင်းအရာတို့ဖြင့် ဖြစ်သနည်း။ သေက္ခပုဂ္ဂိုလ်သည် သခ်ါရုပေက္ခာကို နှစ်သက်မှုလည်း နှစ်သက်၏။ ဝိပဿနာဉာဏ်ဖြင့်လည်းရှု၏။ ရှုဆင်ခြင်၍ ဖလ သမာပတ်ကိုမူလည်း ဝင်စား၏။ သေက္ခပုဂ္ဂိုလ်အား ဤသုံးပါးသော အခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဖြစ်၏၊

ရဟန္တာပုဂ္ဂိုလ်အား အဘယ်သုံးပါးသော အခြင်းအရာတို့ဖြင့် ဖြစ်သနည်း။ ရဟန္တာပုဂ္ဂိုလ်သည် သခ်ါရုပေက္ခာကို ဝိပဿနာဉာဏ်ဖြင့် မူလည်းရှု၏။ ဖလသမာပတ်ကိုမူလည်း ဝင်စား၏။ လျစ်လျူရှု၍ ဝိဟာရဖြင့်၄င်း၊ အနမိတ္တ ဝိဟာရဖြင့်၄င်း၊ အပ္ပဏိဟိတဝိဟာရဖြင့်၄င်း ရတနာပုဂ္ဂိုလ်အား ဤသုံးပါးသော အခြင်းအရာတို့ဖြင့် သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည်ဖြစ်၏။

ပဌမစျာန်ကို ရခြင်းအကျိုးငှာ နိဝရဏတို့ကို ဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ါရုပေက္ခာဉာဏ်မည်၏။

ဒုတိယစျာန်ကို နေဝသညာနာသညာယတန သမာပတ်ကို ရခြင်း အကျိုးငှာ အာကိဉ္စညာယတနသညာကို ဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ါရုပေက္ခာဉာဏ်မည်၏။

ဤရှစ်ပါးသော သခ်ါရုပေက္ခာတို့သည် သမထအစွမ်းအားဖြင့် ဖြစ်ကုန်၏။

(၂) အဘယ်ဆယ်ပါးသော သခ်ါရုပေက္ခာတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။ သောတာပတ္တိမဂ်ကို ရခြင်း အကျိုးငှာ ဖြစ်ပေါ်ခြင်းကို ပြင်းစွာပင်ပန်းခြင်းကို ဆင်ခြင်၍ ကောင်းစွာတည်သော ပညာသည် သခ်ါရုပေက္ခာဉာဏ်မည်၏။ သောတာပတ္တိဖလသမာပတ် အကျိုးငှါ ဖြစ်ပေါ်ခြင်းကို သကဒါဂါမိမဂ်ကို ရခြင်းအကျိုးငှါ၊ သကဒါဂါမိဖလသမာပတ် အကျိုးငှါ၊ အနာဂါမိမဂ်ကိုရခြင်းအကျိုးငှါ၊ အရဟတ္တမဂ်ကို ရခြင်း အကျိုးငှါ၊ အရဟတ္တဖလသမာပတ်အကျိုးငှါ၊ သုညတဝိဟာရ သမာပတ် အကျိုးငှာ၊ အနိမိတ္တဝိဟာရ သမာပတ်အကျိုးငှာ ဖြစ်ပေါ်ခြင်းကို၊ ပဋိသန္ဓေနေခြင်းကို ဆင်ခြင်၍ ကောင်းစွာတည်သောပညာသည် သခ်ါရုပေက္ခာဉာဏ်မည်၏။ ဤဆယ်ပါးသော သခ်ါရုပေက္ခာတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

၅၈။ အဘယ်မျှသော သခ်ါရုပေက္ခာတို့သည် ကုသိုလ်

ဒုက္ခအားဖြင့်၄င်း၊ အနတ္တအားဖြင်၄င်းရှု၏။ ဤသို့ ပုထုဇဉ် ပုဂ္ဂိုလ်၏၄င်း သေက္ခပုဂ္ဂိုလ်၏၄င်း ရဟန္တာပုဂ္ဂိုလ်၏၄င်း သခ်ါရုပေက္ခာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် အဖန်တလဲလဲ ရှုတတ်သော သဘောအားဖြင့် တူညီသည်။ ဖြစ်၏။

(၂) ပုထုဇဉ်ပုဂ္ဂိုလ်၏၄င်း ရှေးရှုဆောင်ခြင်းသည် ထူးခြားသည် တနည်းကား ရှေးရှုဆောင်ခြင်း၏ ထူးခြားသည်၏ အဖြစ်သည် (နောက်၌လည်းနည်းတူပင်) အဘယ်သို့ဖြစ်သနည်း။ ပုထုဇဉ် ပုဂ္ဂိုလ်၏ သခ်ါရုပေက္ခာသည် ကုသိုလ်သည်ဖြစ်၏။ သေက္ခပုဂ္ဂိုလ်၏လည်း သခ်ါရုပေက္ခာသည် ကုသိုလ်သည် ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၏ သခ်ါရုပေက္ခာသည် အဗျာကတသည် ဖြစ်၏။ ဤသို့ပုထုဇဉ် ပုဂ္ဂိုလ်၏၄င်း ရှေးရှုဆောင်ခြင်းသည် ကုသိုလ် အဗျာကတသဘော အားဖြင့် ထူးခြားသည်ဖြစ်၏။

(၃) ပုထုဇဉ်ပုဂ္ဂိုလ်၏၄င်း ရှေးရှုဆောင်ခြင်းသည် ထူးခြားသည်။ အဘယ်သို့ဖြစ်သနည်း။ ပုထုဇဉ်ပုဂ္ဂိုလ်၏ သခ်ါရုပေက္ခာသည် တရံတခါ၌ ကောင်းစွာသိအပ်၏။ ကောင်းစွာထင်သည် ဖြစ်၏။ တရံတခါ၌ ကောင်းစွာမသိအပ်သည် ကောင်းစွာမထင်သည် ဖြစ်၏။ သေက္ခပုဂ္ဂိုလ်၏လည်း သခ်ါရုပေက္ခာသည် ကောင်းစွာမထင်သည် ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်၏ သခ်ါရုပေက္ခာသည် စင်စစ် ကောင်းစွာသိအပ်သည်။ ကောင်းစွာထင်သည်။ဖြစ်၏။ ဤသို့ပုထုဇဉ် ပုဂ္ဂိုလ်၏ ၄င်းရှေးရှု ဆောင်ခြင်းသည် ထင်ရှားသိအပ်သောသဘော, ထင်သောသဘောအားဖြင့်၄င်း၊ ထင်ရှားမသိအပ်သောသဘော, မထင်သော သဘောအားဖြင့် ထူးခြားသည်ဖြစ်၏။

(၄) ပုထုဇဉ်ပုဂ္ဂိုလ်၏ငှင်း ရှေးရှုဆောင်ခြင်းသည် ထူးခြားသည်။အဘယ်သို့ဖြစ်သနည်း။ပုထုဇဉ်ပုဂ္ဂိုလ်သည် ဤသခ်ါရုပေကွာကို ဝိပဿနာကိစ္စ မပြည့်ဝ မပြီးဆုံးသေးသည်၏ အဖြစ်ကြောင့် ရှု၏။ သေက္ခပုဂ္ဂိုလ်သည်လည်း သခ်ါရုပေကွာကို ဝိပဿနာကိစ္စ မပြည့်ဝ မပြီးဆုံးသေးသည်၏ အဖြစ်ကြောင့် ရှု၏။ ရဟန္တာပုဂ္ဂိုလ်သည် သခ်ါရုပေကွာကို ဝိပဿနာကိစ္စ ပြည့်ဝပြီးဆုံးပြီးသည်၏အဖြစ်ကြောင့် ပြီးဆုံးသည်ဖြစ်၍ ရှု၏။ ဤသို့ ပုထုဇဉ်ပုဂ္ဂိုလ်၏ငှင်း ရှေးရှုဆောင်ခြင်းသည် ပြည့်ဝပြီးဆုံးသော သဘောအားဖြင့်ငှင်း၊ မပြည့်ဝမပြီးဆုံးသော သဘောအားဖြင့်ငှင်း ၊ထူးခြားသည် ဖြစ်၏။

(၅) ပုထုဇဉ်ပုဂ္ဂိုလ်၏ငှင်း ရှေးရှုဆောင်ခြင်းသည် ထူးခြားသည်။အဘယ်သို့ဖြစ်သနည်း။ ပုထုဇဉ်ပုဂ္ဂိုလ်သည် သခ်ါရုပေကွာကို သုံးပါးသောသံယောဇဉ်တို့ကို ပယ်ခြင်းငှါ သောတာပတ္တိမဂ်ကို ရခြင်းငှါရှု၏။ သေက္ခပုဂ္ဂိုလ်သည် သခ်ါရုပေကွာကို သုံးပါးသော သံယောဇဉ်တို့ကို ပယ်ပြီးဖြစ်သောကြောင့် အထက်မဂ်ကိုရခြင်းငှါ ရှု၏။ ရဟန္တာပုဂ္ဂိုလ်သည် သခ်ါရုပေကွာကို အလုံးစုံသော ကိလေသာတို့ကို ပယ်ပြီးဖြစ်သောကြောင့် ပစ္စုပ္ပန်အတ္တဘော၌ ချမ်းသာစွာနေခြင်း အကျိုးငှါရှု၏။ ဤသို့ ပုထုဇဉ်ပုဂ္ဂိုလ်၏ငှင်း ရှေးရှုဆောင်ခြင်းသည် ပယ်အပ်ပြီးသော သဘောအားဖြင့်ငှင်း ၊ မပယ်အပ်သေးသော သဘောအားဖြင့်ငှင်း ထူးခြားသည်ဖြစ်၏။

(၆) သေက္ခပုဂ္ဂိုလ်၏ငှင်း၊ ရဟန္တာပုဂ္ဂိုလ်၏ငှင်း သခ်ါရုပေကွာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ထူးခြားသည်။ အဘယ်သို့ဖြစ်သနည်း။ သေက္ခပုဂ္ဂိုလ်သည် သခ်ါရုပေကွာကို နှစ်သက်မှုလည်း နှစ်သက်၏။ ဝိပဿနာဉာဏ်ဖြင့်မှုလည်း ရှု၏။ ဆင်ခြင်၍ ဖလသမာပတ်ကိုမှုလည်း ဝင်စား၏။ ရဟန္တာပုဂ္ဂိုလ်သည် သခ်ါရုပေကွာကို ဝိပဿနာ ဉာဏ်ဖြင့်မှုလည်း ရှု၏။ ဆင်ခြင်၍ ဖလသမာပတ်ကိုမှုလည်း ဝင်စား၏။ ထိုသခ်ါရုပေကွာကို လျစ်လျူရှု၍ သုညတဝိဟာရဖြင့် ငှင်း။ အနိမိတ္တဝိဟာရဖြင့်ငှင်း၊ အပ္ပဏိဟတဝိဟာရဖြင့်ငှင်း နေ၏။ ဤသို့ သေက္ခပုဂ္ဂိုလ်၏ငှင်း၊ ရဟန္တာပုဂ္ဂိုလ်၏ငှင်း၊ သခ်ါရုပေကွာ၌ စိတ်ကို ရှေးရှုဆောင်ခြင်းသည် ဝိဟာရသမာပတ်သဘောအားဖြင့် ထူးခြားသည် ဖြစ်၏။

၅၇။အဘယ်မျှသော သခ်ါရုပေကွာတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။

အဘယ်မျှသော သခ်ါရုပေကွာတို့သည် ဝိပဿနာ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။

ရှစ်ပါးသော သခ်ါရုပေကွာတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

ဆယ်ပါးသောသခ်ါရုပေကွာတို့သည် ဝိပဿနာ စွမ်းအားဖြင့် ဖြစ်ကုန်၏။

(၁) အဘယ်ရှစ်ပါးသော သခ်ါရုပေကွာတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။

မည်သနည်း။ အဘယ်မျှသော သခ်ါရုပေက္ခာတို့သည် အဗျာကတ မည်ကုန်သနည်း။ တစ်ဆယ့်ငါးပါးသော သခ်ါရုပေက္ခာတို့သည် ကုသိုလ်မည်ကုန်၏။

သုံးပါးသော သခ်ါရုပေက္ခာတို့သည်အဗျာကတမည်ကုန်၏။

အကုသိုလ်ဖြစ်ကုန်သော သခ်ါရုပေက္ခာတို့သည် မရှိကုန်။

(၁) ဆင်ခြင်၍ ကောင်းစွာတည်ကုန်သော ရှစ်ပါးကုန်သော ပညာ သခ်ါရုပေက္ခာဉာဏ်တို့သည် သမာဓိစိတ်၏ ကျက်စားရာ နယ်ပယ်တို့သည် ဖြစ်ကုန်၏။ သမထ, ဝိပဿနာတို့၏ အစွမ်းအားဖြင့် နှစ်ပါးသော သခ်ါရုပေက္ခာတို့သည် ပုထုဇဉ် ပုဂ္ဂိုလ်၏ ကျက်စားရာ နယ်ပယ်တို့သည် ဖြစ်ကုန်၏။ သမထ, ဝိပဿနာ, ဖလသမာပတ် တို့၏ အစွမ်းအားဖြင့် သုံးပါးကုန်သော သခ်ါရုပေက္ခာတို့သည် သေက္ခပုဂ္ဂိုလ်၏ ကျက်စားရာနယ်ပယ် တို့သည် ဖြစ်ကုန်၏။ ရဟန္တာပုဂ္ဂိုလ်၏လည်း ကျက်စားရာဖြစ်သော သခ်ါရုပေက္ခာတို့သည် ဖလသမာပတ် စသည်တို့၏ အစွမ်း အားဖြင့် သုံးပါးတို့သည် ဖြစ်ကုန်၏။ ယင်းသခ်ါရုပေက္ခာတို့ဖြင့် စိတ်သည် (ဝိတတ် ဝိစာရ စသည်တို့မှင့်ငး ဥပ္ပါဒစသည်တို့မှ သော်ငှ်ငး) ဆုတ်နစ်ဖဲခွါ၏။

(၂) ရှစ်ပါးသော သခ်ါရုပေက္ခာတို့သည် သမာဓိ၏ အကြောင်းတို့သည် ဖြစ်ကုန်၏။ ဆယ်ပါးကုန်သော သခ်ါရုပေက္ခာတို့သည် ဉာဏ်၏ ကျက်စားရာ နယ်ပယ်တို့သည် ဖြစ်ကုန်၏။ တဆယ့်ရှစ်ပါးကုန်သော သခ်ါရုပေက္ခာတို့သည် သုညတ စသော သုံးပါးသော ဝိမောက္ခတို့၏ အကြောင်းတို့သည် ဖြစ်ကုန်၏။

တရားတို့သည် ဝိပဿနာအစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။ ရှစ်ပါးသော ဂေါတြဘူတရားတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။ ဆယ်ပါးသော ဂေါတြဘူတရားတို့သည် ဝိပဿနာ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

အဘယ်ရှစ်ပါးသော ဂေါတြဘူတရားတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။ ပဌမစျာန်ကို ရခြင်းအကျိုးငှါ နိဝရဏတို့ကို ကျော်လွန်တတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။ (ဤအရာ၌ကား ဓမ္မ၏ ဝိသေသနဖြစ်သောကြောင့်ဂေါတြဘူ-ဟု ဒီယနှင့်သင့်သည်)။ ဒုတိယစျာန်ကို နေဝသညာနာသညာယတန သမာပတ်ကို ရခြင်းအကျိုးငှါ အာကာသာနဉ္စာယတနသညာကို ကျော်လွန်တတ်၏။ ထို့ကြောင့် ဂေါတြဘူတမည်၏။ ဤရှစ်ပါးသော ဂေါတြဘူတရားတို့သည် သမထ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

အဘယ်ဆယ်ပါးသောဂေါတြဘူတရားတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။ သောတာပတ္တိမဂ်ကို ရခြင်း အကျိုးငှာ ဖြစ်ပေါ်ခြင်းကို သောတာပတ္တိဖလသမာပတ် အကျိုးငှါ သကဒါဂါ မဂ်ကို ရခြင်းအကျိုးငှါ ၊ သကဒါဂါမိဖလ သမာပတ် အကျိုးငှါ၊ အနာဂါမိ မဂ်ကို ရခြင်းအကျိုးငှါ၊ အနာဂါမိဖလ သမပတ် အကျိုးငှါ၊ အရဟတ္တမဂ်ကို ရခြင်းအကျိုးငှါ၊အရဟတ္တဖလသမာပတ် အကျိုးငှါ၊ သုညတဝိဟာရ သမာပတ်အကျိုးငှါ၊ အနိမိတ္တဝိဟာရ သမာပတ်အကျိုးငှါ ဖြစ်ပေါ်ခြင်းကို ပဋိသန္ဓေကို ကျော်လွန်တတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။ ဤဆယ်ပါးသော ဂေါတြဘူ တရားတို့သည် ဝိပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ကုန်၏။

(၃) တဆယ့်ရှစ်ပါးကုန်သော ဤအခြင်းအရာတို့ကို အကြင် ယောဂီပုဂ္ဂိုလ်သည် ပညာဖြင့် လေ့ကျင့်အပ်ကုန်သည်။ ဖြစ်ကုန်၏။ ထိုယောဂီပုဂ္ဂိုလ်သည် သခ်ါရုပေက္ခာတို့၌ လိမ္မာသည်ဖြစ်၍ အထူးထူးသော အယူဝါဒတို့၌ အယူဝါဒတို့ကြောင့် မတုန်မလှုပ်။

ထို သခ်ါရုပေက္ခာဉာဏ်သည် သိတတ်သော အနက် သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် မုဉ္စိတုကမျတာ ပဋိသခ်ါသန္တိဋ္ဌနာ ပညာ သခ်ါရုပေက္ခာသုဟူ၍ ဆိုအပ်ပေ သတည်း။

ကိုးခုမြောက်ဖြစ်သော သခ်ါရုပေက္ခာဉာဏ်ကို အကျယ်ပြရာ အပိုင်းသည် ပြီးပြီ။

×××××

၁၀။ ဂေါတြဘူဉာဏနိဒ္ဒေသ

၅၉။အပြင်ပဖြစ်သော သခ်ါရ နိမိတ်မှ ထခြင်း, ဆုတ်နစ်ဖဲခွါခြင်း၌ (ဖြစ်သော)ပညာသည် ဂေါတြဘူဉာဏ်မည်၏။ အဘယ်သို့ဖြစ်သနည်း။

ဖြစ်ပေါ်ခြင်းကို ကျော်လွန်တတ်၏၊ လွှမ်းမိုးနှိပ်စက်တတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။

ဖြစ်ပွားခြင်းကို ကျော်လွန်တတ်၏၊ ပြင်းစွာပင်ပန်းခြင်းကို ကျော်လွန်တတ်၏၊ ထို့ကြောင့် ဂေါတြဘူမည်၏။

အပြင်အပဖြစ်သော သခ်ါရနိမိတ်ကို ကျော်လွန်တတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။

မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်၏။ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ပြေးဝင်တတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။

(၁) ဖြစ်ပေါ်ခြင်းကို ကျော်လွန်၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်၏။ အပြင်အပဖြစ်သော သခ်ါရနိမိတ်ကို ကျော်လွန်၍ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ပြေးဝင်တတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။

(၂) ဖြစ်ပေါ်ခြင်းမှ ထတတ်၏။ ပြင်းစွာပင်ပန်းခြင်းမှ ထတတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။ အပြင်အပဖြစ်သော သခ်ါရ နိမိတ်မှ ထတတ်၏။ ထို့ကြောင့် ဂေါတြဘူမည်၏။ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်၏။ ချုပ်ရာ ဖြစ်သောနိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ထို့ကြောင့် ဂေါတြဘူတမည်၏။

(၃) ဖြစ်ပေါ်ခြင်းမှထ၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်၏။ အပြင်ပဖြစ်သော သခ်ါရနိမိတ်မှ ထ၍ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ထို့ကြောင့် ဂေါတြဘူတမည်၏။

ဖြစ်ပေါ်ခြင်းမှ ဆုတ်နစ်ဖဲခွါတတ်၏။ အပြင်အပဖြစ်သော သခ်ါရနိမိတ်မှ ဆုတ်နစ်ဖဲခွါတတ်၏။ ထို့ကြောင့် ဂေါတြဘူတမည်၏။

ဖြစ်ပေါ်ခြင်းမှဆုတ်နစ်ဖဲခွါ၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်၏။ ထို့ကြောင့် ဂေါတြဘူတမည်၏။ အပြင်ပဖြစ်သော သခ်ါရနိမိတ်မှဆုတ်နစ်ဖဲခွါ၍ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ပြေးဝင်တတ်၏။ ထို့ကြောင့် ဂေါတြဘူတမည်၏။

၆၀။ အဘယ်မျှသော ဂေါတြဘူတရားတို့သည် သမထ အစွမ်းအားဖြင့် ဖြစ်ကုန်သနည်း။ အဘယ်မျှသော ဂေါတြဘူ

အနာဂါမိမဂ်ခဏ၌ မြင်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သော သဘောအားဖြင့် ၊သမ္မာသမာဓိသည် သိမ်မွေ့သော ကာမရာဂသံယောဇဉ်မှင်း၊ ပဋိဃသံယောဇဉ်မှင်း၊ သိမ်မွေ့သော ကာမရာဂါနုသယမှင်း၊ပဋိဃာနုသယ မှင်းထ၏။ ထိုသံယောဇဉ် အနုသယတို့ကို အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာ တို့မှင်း၊ ခန္ဓာတို့မှင်း ထ၏။

အရဟတ္တမဂ်ခဏ၌ မြင်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် ရူပရာဂမှင်း၊ အရူပရာဂမှင်း၊ မာနမှင်း၊ ဥဒ္ဓစ္စမှင်း၊ အဝိဇ္ဇာမှင်း၊ မာနာနုသယမှင်း၊ ဘဝရာဂါနုသယမှင်း၊ အဝိဇ္ဇာနုသယမှင်း၊ ထ၏။ ထိုရူပရာဂ၊ အရူပရာဂစသည်တို့ကို အစဉ်လိုက်၍ဖြစ်တတ်သော ကိလေသာ တို့မှင်း၊ ခန္ဓာတို့မှင်း ထ၏။ အပြင်ပအဖြစ်ကုန်သော အလုံးစုံသော သခ်ါရ နိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် ဒုဘတော ဝုဋ္ဌာန ဝိဝဋ္ဋနေ ပညာ မဂ္ဂေ ဉာဏ်ဟု ဟူ၍ ဆိုအပ်၏။

၆၂။ ထင်ရှားဖြစ်ပေါ်လာသော လောကုတ္တရာစျာန်ဖြင့် မဖြစ်ပေါ်သေးသော ကိလေသာအပေါင်းကို လောင်ကျွမ်းစေတတ်၏။ ထို့ကြောင့် စျာဉ်ဟူ၍ ဆိုအပ်၏။ စျာနဝိမောက္ခ၌ ကုသလာတာယ လိမ္မာသည်၏ အဖြစ်ကြောင့် အထူးထူးသော အယူဝါဒတို့၌ အထူးထူးသော အယူဝါဒတို့ကြောင့် မတုန်မလှုပ်။

စိတ်ကိုကောင်းစွာထား၍ တည်ကြည်စေ၍ အကြောင်းအခြင်းအရာဖြင့် ဝိပဿနာလည်းရှု၏။ ဝိပဿနာရှုသော်လည်း

အဘယ်မျှသော ဂေါတြဘူတရားတို့သည် ကုသိုလ်မည်ကုန်သနည်း။ အဘယ်မျှသောဂေါတြဘူတရားတို့သည် အကုသိုလ်မည်ကုန်သနည်း။ အဘယ်မျှသော ဂေါတြဘူတရားတို့သည် အဗျာကတမည်ကုန်သနည်း။ တစ်ဆယ့်ငါးပါးသော ဂေါတြဘူတရားတို့သည် ကုသိုလ်မည်ကုန်၏။ သုံးပါးသော ဂေါတြဘူတရားတို့သည် အဗျာကတမည်ကုန်၏။ အကုသိုလ် ဖြစ်ကုန်သော ဂေါတြဘူတရားတို့သည် မရှိကုန်။

နိကန္တိကိလေသာမိသနှင့်တကွ ဖြစ်သော မဟဂ္ဂုတ်ဂေါတြဘူဉာဏ်ရှစ်ပါးကိုဋ္ဌင်း။ နိကန္တိကိလေသာမိသကင်းသော ဝိပဿနာဂေါတြဘူ ဉာဏ်ဆယ်ပါးကိုဋ္ဌင်း။ နိကန္တိဖြင့် တောင့်တအပ်သော မဟဂ္ဂုတ်ဂေါတြဘူဉာဏ် ရှစ်ပါးကိုဋ္ဌင်း။ နိကန္တိဖြင့်မတောင့်တအပ်သော ဝိပဿနာဂေါတြဘူဉာဏ် ဆယ်ပါးကိုဋ္ဌင်း။ နိကန္တိနှင့် ယှဉ်စပ်သော မဟဂ္ဂုတ်ဂေါတြဘူ ဉာဏ်ရှစ်ပါးကိုဋ္ဌင်း။နိကန္တိနှင့် မယှဉ်မစပ်သော ဝိပဿနာ ဂေါတြဘူဉာဏ် ဆယ်ပါးကိုဋ္ဌင်း။ နိကန္တိမှင်း, ဗဟိဒ္ဓ သခ်ါရနိမိတ်မှင်း ထသော ဝိပဿနာ ဂေါတြဘူဉာဏ် ဆယ်ပါး ကိုဋ္ဌင်း။ နိကန္တိ, သခ်ါရနိမိတ်တို့မှ မထသော မဟဂ္ဂုတ် ဂေါတြဘူ ဉာဏ်ရှစ်ပါးကိုဋ္ဌင်း။ (သိအပ်၏။)

(တစ်ဆယ့်ရှစ်ပါးသော ဂေါတြဘူတို့တွင်) သာမိသစသည်မည်သော ရှစ်ပါးသော မဟဂ္ဂုတ်ဂေါတြဘူတို့သည် သမာဓိ၏ အကြောင်းတို့သည် ဖြစ်ကုန်၏။ နိရာမိသစသည်မည်သော ဆယ်ပါးသော ဂေါတြဘူတို့သည် ဉာဏ်၏ ကျက်စားရာနယ်ပယ် တို့သည် ဖြစ်ကုန်၏။ တစ်ဆယ့်ရှစ်ပါး ကုန်သော ဂေါတြဘူတရား တို့သည် သုံးပါးသော ဝိမောက္ခတို့၏ အကြောင်းတို့သည် ဖြစ်ကုန်၏။

တစ်ဆယ့်ရှစ်ပါးကုန်သော ဤအခြင်းအရာတို့ကို အကြင် ယောဂီပုဂ္ဂိုလ်သည် ပညာဖြင့် လေ့ကျက်အပ်ကုန်၏။ ဖြစ်ကုန်၏။ ထိုယောဂီပုဂ္ဂိုလ်သည် ဝိဝဋ္ဋဟုဆိုအပ်သော ဂေါတြဘူဉာဏ်၌ လိမ္မာသည်ဖြစ်၍ အထူးထူးသော အယူဝါဒတို့၌ အယူဝါဒ တို့ကြောင့် မတုန်မလှုပ်။

ထိုဂေါတြဘူဉာဏ်သည် သိတတ်သောအနက် သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက် သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် ဗဟိဒ္ဓါ ဝုဋ္ဌာနဝိ ဝဋ္ဋေနေ ပညာ ဂေါတြ ဘူဉာဏ်ဟူ၍ ဆိုအပ်ပေသတည်း။

ဆယ်ခုမြောက်သော ဂေါတြဘူဉာဏ်ကို အကျယ်ပြရာ
အပိုင်းသည် ပြီးပြီ။

×××××

၁၁–မဂ္ဂဉာဏနိဒ္ဒေသ

၆၁။ နိမိတ္တ, ပဝတ္တနှစ်ပါးစုံမှ ထခြင်း ဆုတ်နစ်ဖဲခွါခြင်း၌ (ဖြစ်သော) ပညာသည်မဂ္ဂဉာဏ်မည်သည်။ အဘယ်သို့ ဖြစ်သနည်း မူကား။

သောတာပတ္တိမဂ်ခဏ၌ မြင်တတ်သော သဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏။ ထိုမိစ္ဆာဒိဋ္ဌိသို့ အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာတို့မှငင်း၊ ခန္ဓာတို့မှငင်း၊ ထ၏။ အပြင်ပ ဖြစ်ကုန်သော အလုံးစုံသောသခါရနိမိတ်တို့မှငင်း ထ၏။ ထို့ကြောင့် ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋေနေ ပညာ မဂ္ဂေဉာဏန္တိ ဟူ၍ ဆိုအပ်၏။

အာရုံသို့ ရှေ့ရှုတင်သောသဘောအားဖြင့် သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပမှ ထ၏။ ထိုမိစ္ဆာသင်္ကပ္ပသို့ အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာတို့မှငင်း၊ ခန္ဓာတို့မှငင်းထ၏။ အပြင်ပဖြစ်ကုန်သော အလုံးစုံသောသခါရ နိမိတ်တို့မှလည်း ထ၏။ ထို့ကြောင့် ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋေနေ ပညာ မဂ္ဂေ ဉာဏန္တိ ဟူ၍ ဆိုအပ်၏။

သိမ်းဆည်းသောသဘောအားဖြင့် သမ္မာဝါစာသည် မိစ္ဆာဝါစာမှ ထ၏။ ကောင်းစွာဖြစ်စေသော သဘောအားဖြင့် သမ္မာကမ္မန္တာသည် မိစ္ဆာကမ္မန္တာမှ ထ၏။ ချီးမြှောက်သော သဘောအားဖြင့် သမ္မာဝါယာမသည် မိစ္ဆာဝါယာမမှ ထ၏။ ထင်သော သဘောအားဖြင့် သမ္မာသတိသည် မိစ္ဆာသတိမှထ၏။ မပျံ့လွင့်သော သဘောအားဖြင့် သမ္မာသမာဓိသည် မိစ္ဆာသမာဓိမှ ထ၏။ ထို မိစ္ဆာသမာဓိသို့ အစဉ်လိုက်ဖြစ်တတ်သော ကိလေသာတို့မှငင်း၊ ခန္ဓာတို့မှငင်း ထ၏။ အပြင်ပ ဖြစ်ကုန်သော အလုံးစုံသော သခါရ နိမိတ်တို့မှ ထ၏။ ထို့ကြောင့် ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋေနေ ပညာ မဂ္ဂေ ဉာဏန္တိ ဟူ၍ ဆိုအပ်၏။

သကဒါဂါမိမဂ်ခဏ၌ မြင်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သော သဘောအားဖြင့် သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်တို့မှငင်း၊ ပဋိဃသံယောဇဉ်မှ ငင်း၊ ရုန့်ရင်းသော ကာမရာဂါနုသယမှငင်း၊ ပဋိဃာနုသယမှငင်း၊ ထ၏။ ထိုသံယောဇဉ် အနုသယတို့သို့ အစဉ်လိုက်၍ ဖြစ်တတ်ကုန်သော ကိလေသာတို့မှငင်း၊ ခန္ဓာတို့မှငင်း ထ၏။

၁၃– ဝိမုတ္တိဉာဏနိဒ္ဒေသ

၆၄။ ထိုထိုအရိယာမဂ်ဖြင့် ဖြတ်အပ်ပြီးသော သံသရာလမ်းကြောင်း ကိလေသာအပေါင်းကို တဖန်ပြန်လှည့်၍ ရှုရာ၌ (ဖြစ်သော) ပညာသည် ဝိမုတ္တိဉာဏ်မည်သည်။ အဘယ်သို့ ဖြစ်သနည်းမူကား။

သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌကိုလည်း၊ ဝိစိကိစ္ဆာ ကိုလည်း၊ သီလဗ္ဗတပရာမာသကိုလည်း၊ ဒိဋ္ဌာနုသယကိုလည်း၊ ဝိစိကိစ္ဆာ နုသယကိုလည်း၊ မိမိ၏ စိတ်ကိုနှိပ်စက်ပူပန်စေတတ်, ညစ်ညူး စေတတ်သော တရား တို့ကိုလည်း၊ ကောင်းစွာ ဖြတ်အပ်ကုန်ပြီးသည် ဖြစ်ကုန်၏။ ပရိယုဋ္ဌာန်နှင့် တကွ ဖြစ်ကုန်သော ငါးပါးကုန်သော ဤဥပက္ကိလေသတို့မှ စိတ်သည် လွတ်သည်။ ဖြစ်၏။ ကောင်းစွာ လွတ်သည်။ ဖြစ်၏။ ထိုလွတ်ခြင်းကို သိသော အနက်သဘောကြောင့် (ဤ၌ တံဝိမုတ္တိနှင့် ဉာတဋ္ဌေန၊ သမာတပုဒ်တည်း ဖြစ်နေသည်ကိုလည်း၊ အဋ္ဌကထာဖွင့်ပုံကိုလည်း၊ အထူးသတိပြုသင့်၏။) တနည်းကား ထိုလွတ်ခြင်းကို သိခြင်းသည် သိတတ်သော အနက်သဘောကြောင့် (အခြားဉာဏ်တို့၏ နိဂုံး၌ တံနှင့် ဉာတဋ္ဌေန ကိုခွဲ၍ အနက်ပေးသည်နှင့် လျော်စေရန် တံဝိပုတ္တိမဂ်၌ ဇာနန အကျေကြံ၍ ပေးသော အနက်ပေတည်း၊) ဉာဏ်မည်၏။ အပြားအားဖြင့်သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် ဆိန္နဋ္ဌမာနုပဿနေ ပညာ ဝိမုတ္တိ ဉာဏန္တိ ဟူ၍ ဆိုအပ်၏။

သကဒါမိမဂ်ဖြင့် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်မှ ၄င်း၊ ပဋိဃသံယောဇဉ်ကိုလည်း၊ ကာမရာဂါနုသယမှ၄င်း၊ ပဋိဃာ

ထိုအခြင်းအရာဖြင့် စိတ်ကိုကောင်းစွာထားရာ၏။ တည်ကြည်စေရာ၏။ ထို့ရှုသောအခြင်းအရာဖြင့် စိတ်ကိုတည်ကြည်စေသော အခါ၌ ဝိပဿနာသည်၄င်း၊ သမထသည်၄င်း၊ ဖြစ်၏။ (ထိုသမထ ဝိပဿနာတို့သည်) တူညီသောအဖို့ရှိကုန်သည်ဖြစ်၍ အစုံဖွဲ့ အပ်ကုန်သည်။ ဖြစ်ကုန်၏။

သခါရတို့သည် ဆင်းရဲကုန်၏။ ဆင်းရဲတို့တည်း။ နိဗ္ဗာန်သည် ချမ်းသာ၏။ ဤသို့သော အမြင်သည် နှစ်ပါးသော အဖို့မှ ထသော ပညာမည်၏။ (ထိုပညာသည်) သေခြင်းကင်းသောနိဗ္ဗာန်ကို မျက်မှောက်တွေ့သောအားဖြင့် ဆိုက်ရောက်၏။

(အကြင်ပုဂ္ဂိုလ်သည်) ဝိမောက္ခတို့၏ ဖြစ်ခြင်းကို အသမ္မောဟ၏အစွမ်း, ပစ္စဝေက္ခဏာ၏အစွမ်းအားဖြင့် သိ၏။ (ထိုပုဂ္ဂိုလ်သည်) ဝိမောက္ခတို့၏ ထူးသည်၏ အဖြစ်၊တူသည်၏ အဖြစ်၌ လိမ္မာသည် ဖြစ်၏။ (ထိုပုဂ္ဂိုလ်သည်) နှစ်ပါးကုန်သော ဒဿနဉာဏ်, ဘာဝနာ ဉာဏ်တို့၌ လိမ္မာသည်၏အဖြစ်ကြောင့် အထူးထူးသော အယူဝါဒတို့၌ အယူဝါဒတို့ကြောင့် မတုန်မလှုပ်။

ဤမဂ်ဉာဏ်သည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့်သိတတ်သော အနက်သ ဘောကြောင့် ပညာမည်၏။ ထို့ကြောင့် ဒုဘတော ဝုဋ္ဌာနဝိဝဋ္ဋေနေ ပညာ မဂ္ဂေ ဉာဏန္တိ ဟူ၍ ဆိုအပ်ပေသတည်း။

တဆယ့်တစ်ခုမြောက်သော မဂ်ဉာဏ်ကို အကျယ်ပြရာ
အပိုင်းသည် ပြီးပြီ။

၁၂– ပလဉာဏနိဒ္ဒေသ

၆၃။ နှစ်ပါးစုံမှထမူ မဂ်လုံလ၏ ငြိမ်ချမ်းခြင်းကြောင့် ဖြစ်သော ပညာသည် ဖိုလ်ဉာဏ်မည်သည်။ အဘယ်သို့ ဖြစ်သနည်းမူကား။

သေတာပတ္တိမဂ်ဓဏ၌ မြင်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိမှ ထ၏။ ထိုမိစ္ဆာဒိဋ္ဌိသို့အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာတို့မှင်း၊ ခန္ဓာတို့မှင်း ထ၏။ အပြင်ပဖြစ်ကုန်သော အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏။ ထိုထခြင်း လုံလငြိမ်းသည်၏ အဖြစ်ကြောင့် သမာဒိဋ္ဌိသည် ဖြစ်ပေါ်၏။ ဤသမ္မာဒိဋ္ဌိသည် (သောတာပတ္တိ) မဂ်၏အကျိုးတည်း။

အာရုံသို့ ရှေ့ရှုတင်သောသဘောအားဖြင့် သမ္မာသင်္ကပ္ပသည် မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသ ည် မိစ္ဆာသမာဓိမှ ထ၏။ ထိုမိစ္ဆာသမာဓိသို့ အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာ တို့ငင်း၊ ခန္ဓာတို့မှင်း၊ ထ၏။ အပြင်ပ ဖြစ်ကုန်သော အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏။ ထိုထခြင်း လုံလငြိမ်းသည်၏ အဖြစ်ကြောင့် သမာသမာဓိသည် ဖြစ်ပေါ်၏။ ဤသမ္မာသမာဓိသည် (သောတာပတ္တိ) မဂ်၏ အကျိုးတည်း။

သကဒါဓိမဂ်ဓဏ၌ မြင်သောသဘောအားဖြင့် သမာဒိဋ္ဌိသည် မပျံ့လွင့်သော သဘောအားဖြင့်၊ သမ္မာသမာဓိသည် ရုန့်ရင်းသော ကာမရာဂသံယောဇဉ်မှင်း၊ ပဋိဃသံယောဇဉ်မှင်း၊ ရုန့်ရင်းသော ကာမရာဂါနုသယမှင်း၊ ပဋိဃာနုသယမှင်း၊ ထ၏။ ထိုသံယောဇဉ် အနုသယတို့ကို အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာ တို့မှင်း၊ ခန္ဓာတို့မှင်း ထ၏။ အပြင်ပဖြစ်ကုန်သော

အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏။ ထိုထခြင်း လုံလငြိမ်းသည်၏ အဖြစ်ကြောင့် သမာသမာဓိသည် ဖြစ်ပေါ်၏။ ဤသမ္မာသမာဓိသည် (သကဒါဂါမိ) မဂ်၏ အကျိုးတည်း။

အနာဂါမိမဂ်ဓဏ၌ မြင်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိ သည် မပျံ့လွင့်သော သဘောအားဖြင့်၊ သမ္မာသမာဓိသည် သိမ်မွေ့သော ကာမရာဂသံယောဇဉ်မှင်း၊ ပဋိဃသံယောဇဉ်မှင်း၊ သိမ်မွေ့သော ကာမရာဂါနုသယမှင်း ပဋိဃာနုသယမှင်း၊ ထ၏။ ဤသမ္မာသမာဓိသည် (အနာဂါမိ) မဂ်၏ အကျိုးတည်း။

အရဟတ္တမဂ်ဓဏ၌ မြင်သောသဘောအားဖြင့် သမ္မာဒိဋ္ဌိသည် မပျံ့လွင့်သောသဘောအားဖြင့်၊သမ္မာသမာဓိသည် ရူပရာဂမှင်း၊ အရူပရာဂမှင်း၊ မာနမှင်း၊ ဥဒ္ဓစ္စမှင်း၊ အဝိဇ္ဇာမှင်း၊ မာနာနုသယမှင်း၊ ဘဝရာဂါနုသယမှင်း၊ အဝိဇ္ဇာနုသယမှင်း ထ၏။ ထိုရူပရာဂ အရူပရာဂ စသည်တို့ကို အစဉ်လိုက်၍ ဖြစ်တတ်သော ကိလေသာ တို့မှင်း၊ ခန္ဓာတို့မှင်း ထ၏။ အပြင်ပ အဖြစ်ကုန်သော အလုံးစုံသော သခ်ါရနိမိတ်တို့မှလည်း ထ၏။ ထိုထခြင်း လုံလငြိမ်းသည်၏ အဖြစ်ကြောင့် သမ္မာသမာဓိသည် ဖြစ်ပေါ်၏။ ဤသမ္မာ သမာဓိသည် (အရဟတ္တ) မဂ်၏ အကျိုးတည်း။

ထိုဖိုလ်ဉာဏ်သည် သိတတ်သောအနက်သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် ပယောဂပ္ပဋိပ္ပဿဒ္ဓိပညာဖလေ ဉာဏန္တိ ဟူ၍ ဆိုအပ်ပေသတည်း။

တဆယ့်နှစ်ခုမြောက်သော ဖိုလ်ဉာဏ်ကို အကျယ်ပြရာ
အပိုင်းသည် ပြီးပြီ။

ဆန္ဒသည် အကြောင်းအရင်းဖြစ်သော သဘောအားဖြင့် ထိုသောတာပတ္တိမဂ်ခဏာ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။ မနသိကာရသည် ကောင်းစွာဖြစ်စေတတ်သော သဘောအားဖြင့် ဖဿသည် (ဒွါရအာရုံဝိဉာဏ်တို့၏) ပေါင်းဆုံရာဖြစ်သော သဘောအားဖြင့် ဝေဒနာသည် စုဝေးသက်ဝင်ရာဖြစ်သော သဘောအားဖြင့် သမာဓိသည် အကြီးအမှူးဖြစ်သော သဘောအားဖြင့် သတိသည် အစိုးရသောသဘောအားဖြင့် ပညာသည် ထိုထို တရား တို့ထက် လွန်မြတ်သော သဘောအားဖြင့် ဝိမုတ္တိသည် မြတ်သော သဘောအားဖြင့် ထိုသောတာပတ္တိမဂ်ခဏာ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။ အမြိုက်သို့သက်ဝင်ရာဖြစ်သော သက်ဝင်၍ တည်ရာ အမြိုက်တရားဖြစ်သော နိဗ္ဗာန်သည် အပြီးအဆုံးဖြစ်သော သဘောအားဖြင့် ထိုသောတာပတ္တိမဂ်ခဏာ၌ ကောင်းစွာဖြစ်သည်။ ကောင်းစွာရအပ်, သိအပ်သည်။ ဖြစ်၏။ မဂ်(ဖိုလ်)မှထ၍ “ဤတရားတို့သည် ထိုသောတာပတ္တိမဂ်ခဏာ၌ ကောင်းစွာဖြစ်ကုန်၏” ဤသို့ပြန်လှည့်၍ ဆင်ခြင်၏။

သောတာပတ္တိမဂ်ဖိုလ်ခဏာ၌ မြင်သော သဘောအားဖြင့် သမာဒိဋ္ဌိသည် ထိုသောတာပတ္တိမဂ်ခဏာ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။ ငြိမ်းသောသဘောအားဖြင့် အနုပ္ပါဒဉာဏ်သည် ထိုသောတာပတ္တိမဂ်ခဏာ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။ ဆန္ဒသည် အကြောင်းရင်းဖြစ်သော အနက်အားဖြင့် အမြိုက်သို့

နုသယမှင်း၊ မိမိ၏ စိတ်ကို နှိပ်စက်ပူပန်စေတတ် ညစ်ညူးစေတတ်သော တရားတို့ကိုင်း၊ ကောင်းစွာ ဖြတ်အပ်ကုန်ပြီးသည် ဖြစ်ကုန်၏။ ပရိယုဋ္ဌာန်နှင့်တကွ ဖြစ်ကုန်သော လေးပါးကုန်သော ဤဥပက္ကိလေသတို့မှ စိတ်သည် လွတ်သည်။ ဖြစ်၏။

အနာဂါမိမဂ်ဖြင့် သိမ်မွေ့သော ကာမရာဂသံယောဇဉ်ကိုင်း၊ ပဋိဃသံယောဇဉ်ကိုင်း၊ သိမ်မွေ့သော ကာမရာဂါနုသယမှင်း၊ ပဋိဃာနုသယကိုင်း၊ မိမိ၏ စိတ်ကိုနှိပ်စက်ပူပန်စေတတ်, ညစ်ညူးစေတတ်သော တရားတို့ကိုင်း၊ ကောင်းစွာ ဖြတ်အပ်ကုန်ပြီးသည် ဖြစ်ကုန်၏။

အရဟတ္တမဂ်ဖြင့် ရူပရာဂကိုင်း၊ အရူပရာဂကိုင်း၊ မာနကိုင်း၊ ဥဒ္ဓစ္စကိုင်း၊ အဝိဇ္ဇာမကိုင်း၊ မာနာနုသယမကိုင်း၊ ဘဝရာဂါနုသယကိုင်း၊ အဝိဇ္ဇာနုသယကိုင်း၊ မိမိ၏စိတ်ကို နှိပ်စက်ပူပန်စေတတ်, ညစ်ညူးစေတတ်သော တရားတို့ကိုင်း၊ ကောင်းစွာ ဖြတ်အပ်ကုန်ပြီးသည် ဖြစ်ကုန်၏။ ပရိယုဋ္ဌာန်နှင့်တကွ ဖြစ်ကုန်သော ရှစ်ပါးကုန်သော ဤဥပက္ကိလေသတို့မှ စိတ်သည် လွတ်သည်။ ဖြစ်၏။ ကောင်းစွာလွတ်သည်။ ဖြစ်၏။ ထိုလွတ်ခြင်းကို သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် ဆိန္နဋ္ဌမာနုပဿနေ ပညာ ဝိမုတ္တိ ဉာဏန္တိ ဟူ၍ ဆိုအပ်ပေ သတည်း။

တဆယ့်သုံးခုမြောက်သော ဖိုလ်ဉာဏ်ကို အကျယ်ပြရာ
အပိုင်းသည် ပြီးပြီ။

၁၄–ပစ္စဝေက္ခဏဉာဏနိဒ္ဒေသ

၆၅။ထိုမဂ်ခဏ ဖိုလ်ခဏ၌ ဖြစ်ပေါ်လာကုန်သော သိအပ်ကုန်ပြီးသော မဂ်ဖိုလ် နိဗ္ဗာန်တရားတို့ကို ၊ သစ္စာလေးပါးတရားတို့ကို ရှုရာ၌ (ဖြစ်သော) ပညာသည် ပစ္စဝေက္ခဏဉာဏ်မည်သည်။ အဘယ်သို့ဖြစ်သနည်းမူကား။

သေတာပတ္တိမဂ်ခဏ၌ မြင်သာသဘောအားဖြင့် သမာ ဒိဋ္ဌိသည် ထိုသေတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။ မပျံ့လွင့်သောသဘောအားဖြင့် သမ္မာသမာဓိသည် ထိုသေတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်သည်။

ထင်သောသဘောအားဖြင့် သတိသမ္ဗောဇ္ဈင်သည် စူးစမ်း စိစစ်သော သဘောအားဖြင့်၊ ဓမ္မဝိဇယသမ္ဗောဇ္ဈင်သည် ခိုးငြောက်သော သဘောအားဖြင့် ဝီရိယာသမ္ဗောဇ္ဈင်သည် ပြန့်နှံ့သောသဘော အားဖြင့် ပီတိသမ္ဗောဇ္ဈင်သည် ငြိမ်းသောသဘောအားဖြင့် ပဿဒ္ဓိ သမ္ဗောဇ္ဈင်သည် မပျံ့လွင့်သောသဘောအားဖြင့် သမာဓိ သမ္ဗောဇ္ဈင်သည် ဆင်ခြင်သောသဘောအားဖြင့် ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထိုသေတာပတ္တိမဂ်ခဏ၌ ကောင်းစွာ ဖြစ်သည်။ ဖြစ်၏။

မယုံကြည်ခြင်းကြောင့် မတုန်လှုပ်သောသဘောအားဖြင့်၊ သဒ္ဓါဗိုလ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်သော သဘောအားဖြင့်၊ ဝီရိယဗိုလ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်သောသဘောအားဖြင့် သတိဗိုလ်သည် ပျံ့လွင့်ခြင်းကြောင့် မတုန်လှုပ်သောသဘောအားဖြင့်၊ သမာဓိဗိုလ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်သောသဘောအားဖြင့်၊ ပညာဗိုလ်သည် ထိုသေတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။

ဆုံးဖြတ်သောသဘောအားဖြင့် သဒ္ဓိန္ဒြေသည် ခိုးငြောက်သော သဘောအားဖြင့် ဝီရိယိန္ဒြေသည်၊ ထင်သော သဘောအားဖြင့် သတိန္ဒြေသည်၊ မပျံ့လွင့်သော သဘောအားဖြင့် သမာဓိန္ဒြေသည်၊ မြင်သောသဘောအားဖြင့် ပညိန္ဒြေသည်၊ ထိုသောတာပတ္တိမဂ် ခဏ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။

အစိုးရသောသဘောအားဖြင့် ဣန္ဒြေတို့သည် မတုန်လှုပ်သော သဘောအားဖြင့်၊ ဗိုလ်တို့သည် ဝင့်မှထွက်သွားသော သဘောအားဖြင့်၊ သမ္မောဇ္ဈင်တို့သည် အကြောင်းဖြစ်သော သဘောအားဖြင့် မဂ်သည် ထင်သောသဘောအားဖြင့် သတိပဋ္ဌာန်တို့သည် အားထုတ်သော သဘောအားဖြင့် သမ္မပ္ပဓာန်တို့သည် ပြည့်စုံသောသဘောအားဖြင့် ဣဒ္ဓိပါဒ်တို့သည် မှန်သော သဘောအားဖြင့် သစ္စာတို့သည် မပျံ့လွင့်သောသဘောအားဖြင့် သမထသည် အဖန်တလဲလဲ ရှုသောသဘောအားဖြင့် ဝိပဿနာသည် တူသောကိစ္စရှိသော သဘောအားဖြင့် သမထဝိပဿနာတို့သည် အချင်းချင်းမလွန်သော သဘောအားဖြင့် သမထဝိပဿနာ အစုဖွဲ့ခြင်းသည် စောင့်စည်းသော သဘောအားဖြင့် သီလဝိသုဒ္ဓိသည် မပျံ့လွင့်သော သဘောအားဖြင့်၊ စိတ္တဝိသုဒ္ဓိသည် မြင်သော သဘောအားဖြင့် ဒိဋ္ဌိ ဝိသုဒ္ဓိသည် လွတ်သောသဘောအားဖြင့် ဝိမောက္ခတို့သည် ထိုးထွင်း၍သိသော သဘောအားဖြင့်၊ ဝိဇ္ဇာသည် စွန့်လွှတ်တတ်သော သဘောအားဖြင့်၊ ဝိမုတ္တိသည် ကောင်းစွာဖြစ်သော သဘောအားဖြင့် ခယဉာဏ်သည် ထိုသောတာပတ္တိမဂ် ခဏ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။

ကိုးယောက်တို့သည် သေလေကုန်ပြီ၊ တယောက်သော သူငယ်သည် လက်၌တည်ရှိစဉ် သေရှာ၏။ အခြားတယောက်သော သူငယ်သည် ဝမ်းထဲ၌ရှိ၏။ ထိုမိန်းမသည် သေလေပြီးသော ကိုးယောက်သော သူငယ်တို့ကိုငင်း သေဆဲဖြစ်သော ဆယ်ယောက်မြောက်သူငယ်ကိုငင်း မြင်ပြီးလျှင် "ဝမ်းထဲ၌ တည်ရှိနေသော ဤသူငယ်သည်လည်း ထိုဆယ်ယောက်သောသူငယ်တို့နှင့် တူသည်သာလျှင် ဖြစ်ရာလတံ့"ဟု ဝမ်းထဲ၌တည်ရှိနေသောသူငယ်၌ တွယ်တာခြင်း,မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်လေ၏။ ထိုဥပမာ၌ သားသမီးအဖတ်မတင်သော ထိုမိန်းမသည် ကိုးယောက်သောသူငယ်တို့၏ သေခြင်းကို အောက်မေ့သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ်သခီါတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ လက်၌တည်ရှိနေသော သူငယ်၏ သေနေသည်ကို အောက်မေ့သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ်သခီါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ လက်၌တည်ရှိနေသောသူငယ်၏ သေနေသည်၏ အဖြစ်ကို မြင်သကဲ့သို့ ယောဂီသည် ပစ္စုပ္ပန် သခီါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကိုမှတ်အပ်၏။ ဝမ်းထဲ၌တည်ရှိနေသော သူငယ်၌တွယ်တာခြင်း,မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်သကဲ့သို့ အနာဂတ်သခီါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ ဤသို့ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သော ခဏ၌ **ဘယတုပဋ္ဌာနဉာဏ်**သည် ဖြစ်ပေါ်၏။

၂၉။ ဘယတုပဋ္ဌာနဉာဏ်သည် ကြောက်တတ်သလော မကြောက်တတ်သလောဟူမူ. . . မကြောက်တတ်ပေ။ မှန်ပေ၏။ ထိုဘယတုပဋ္ဌာနဉာဏ်သည် "အတိတ်သခီါရတို့သည် ချုပ်လေကုန်ပြီ၊

သက်ဝင်ရာဖြစ်သော သက်ဝင်၍တည်ရာ အမြိုက်တရားဖြစ်သော နိဗ္ဗာန်သည် အပြီးအဆုံးဖြစ်သော သဘောအားဖြင့် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာဖြစ်သည်။ ကောင်းစွာရ အပ်သိအပ်သည် ဖြစ်၏။ ဖိုလ်မှထ၍ "ဤတရားတို့သည် ထိုသောတာပတ္တိမဂ်ခဏ၌ ကောင်းစွာ ဖြစ်ကုန်၏" ဤသို့ပြန်လှည့်၍ ဆင်ခြင်၏။

သကဒါဂါမိမဂ်ခဏ၌၊ သကဒါဂါမိဖိုလ်ခဏ၌ အနာဂါမိမဂ်ခဏ၌၊ အနာဂါဖိုလ်ခဏ၌ ၊ မြင်သောသဘောအားဖြင့် သမာဒိဋ္ဌသည် ထိုအရဟတ္တဖိုလ်ခဏ၌ ကောင်းစွာဖြစ်သည်။ ဖြစ်၏။ ဖိုလ်မှထ၍ " ဤတရားတို့သည် ထိုအရဟတ္တဖိုလ်ခဏ၌ ကောင်းစွာ ဖြစ်ကုန်၏။ " ဤသို့ပြန်လှည့်၍ ဆင်ခြင်၏။

ထိုပစ္စဝေက္ခဏဉာဏ်သည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက် သဘောကြောင့် ပညာမည်၏။ ထို့ကြောင့် တဒါ သမုဒါဂတေ ဓမ္မေ ပဿနေ ပညာ ပစ္စဝေက္ခဏေ ဉာဏန္တိ ဟူ၍ ဆိုအပ်ပေသတည်း။

တဆယ့်လေးခုမြောက်သော ပစ္စဝေက္ခဏဉာဏ်ကို
အကျယ်ပြရာ အပိုင်းသည် ပြီးပြီ။

×××××

ဝိသုဒ္ဓိမဂ် – မြန်မာပြန်
ဘယတုပဋ္ဌာနဉာဏ် ပြဆို်ချက်

၂၆။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော (တေဘူမက) သခါရတို့၏ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟူသော ချုပ်ခြင်းလျှင် အာရုံရှိသော **ဘင်္ဂါနုပဿနာ** ခေါ် **ဘင်္ဂဉာဏ်**ကို မြဲဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိခုနစ်ပါး သတ္တဝါသ ကိုးပါးတို့၌ (ခဏတိုင်း ခဏတိုင်း) မပြတ်ပျက်စီးကုန်သော သခါရတို့သည် “ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သော ယောကျ်ားအား ခြင်္သေ့ ကျားသစ် ဝံပုလွေ ဘီလူး ရက္ခိသ် နွားကြမ်း ဆွေးဆိုး အမုန်ယိုသော ဆင်ကြမ်း အဆိပ်ထန်သော မြွေဆိုး မိုးကြိုးစက် သုဿာန် စစ်မြေပြင် ရဲရဲတောက်သော မီးကျီးတွင်း စသည် တို့သည် ကြီးစွာသော ကြောက်ဖွယ်ဖြစ်၍ ထင်ကုန်သကဲ့သို့” ကြီးစွာသော ကြောက်ဖွယ် ဖြစ်၍ ထင်ကုန်၏။ “အတိတ်သခါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန် သခါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော သခါရတို့သည်လည်း ဤအတူပင် ချုပ်ကုန်လတ္တံ့”ဟု ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သော အရာဌာန၌ (ကြောက်ဖွယ်ဘေးဟု ထင်သောကြောင့်) **ဘယတု ပဋ္ဌာနဉာဏ်** မည်သော **ဘယဉာဏ်** ဖြစ်ပေါ်၏။

၂၇။ထိုဘယဉာဏ်၌ ဤဆိုလတ္တံ့သည်ကား ဥပမာတည်း။ တယောက်သောမိန်းမအား မင်းပြစ် မင်းဒဏ်သင့်သော သားသုံး

ယောက်တို့ရိုက်ကုန် သတတ်၊ မင်းသည် ထိုသားသုံးယောက် တို့အား ဦးခေါင်းဖြတ်ရန် မင်းကအမိန့်ပေး၏။ ထိုမိန်းမသည် သားတို့နှင့် အတူတကွ သူသတ်ကုန်းသို့ သွားလေ၏။ ထိုအခါ ထိုမိန်းမ၏ သားကြီး၏ ဦးခေါင်း ဖြတ်ကုန်ပြီးလျှင် သားလတ်၏ ဦးခေါင်းကို ဖြတ်ရန်အားထုတ်ကုန်၏။ ထိုသားတို့၏ မိခင်ဖြစ်သောမိန်းမသည် သားကြီး၏ ဦးခေါင်းဖြတ်ပြီးသည်ကို၎င်း, သားလတ်၏ ဦးခေါင်းဖြတ်နေသည်ကို၎င်း, မြင်၍“ ဤသားငယ်သည်လည်း ထိုသားကြီး၊ သားလတတ်တို့နှင့် တူသည်သာလျှင် ဖြစ်ရှာလတံ့”ဟု သားငယ်၌တွယ်တာခြင်း, မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်လိုက်လေ၏။ ထိုဥပမာ၌ ထိုမိန်းမသည် သားကြီး၏ဖြတ်ပြီးသော ဦးခေါင်းကို မြင်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည် အတိတ်သခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ သားလတ်၏ဖြတ်ဆဲဖြစ်သော ဦးခေါင်းကို မြင်သကဲ့သို့ ပစ္စုပ္ပန် သခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကို မှတ်အပ်၏။ “ ဤသားငယ်သည်လည်း ထိုသားကြီး သားလတ်တို့နှင့် တူသည် သာလျှင်ဖြစ်ရှာလတံ့”ဟု သားငယ်၌တွယ်တာခြင်း, မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်သကဲ့သို့ “နောင်အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော သခါရတို့သည်လည်း ပျက်ကုန်လတံ့” ဟု အနာဂတ် သခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်ကိုမှတ်အပ်၏။ ဤသို့ ရှုမြင်သော ထိုယောဂီအား ဤသို့ ရှုမြင်သောအရာဌာန၌ **ဘယတုပဋ္ဌာဉာဏ်**သည် ဖြစ်ပေါ်၏။

၂၈။ တပါးသောဥပမာကား။ ပုပ်သောသားရှိသော (သားသီး အဖတ်မတင်သော) တစ်ယောက်သော မိန်းမသည် ဆယ်ယောက်သော ကလေးသူငယ်တို့ကို ဖွားမြင်သတတ်။ ထိုဆယ်ယောက်တို့တွင်

ပစ္စုပ္ပန် သခ်ၤါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သခ်ၤါရတို့သည် ချုပ်ကုန်လတ့ံဟု စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့် ဥပမာအားဖြင့်. . မျက်စိမြင်သော ယောကျ်ားသည် မြို့တံခါးအနီး၌ မီးကျီးတွင်း သုံးခုတို့ကိုကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ စင်စစ်သော်ကား ထိုယောကျ်ားအား “ဤမီးကျီးတွင်းတို့၌ ကျတိုင်းကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသော ဆင်းရဲကို ခံစားရကုန်လတ့ံ”ဟု သက်သက် စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။ တနည်းဥပမာအားဖြင့်. . မျက်စိမြင်သောယောကျ်ားသည် ရှားနှစ်တံကျင် သံတံကျင် ရွှေတံကျင် ဟူသောအစဉ်အတိုင်းထားသော တံကျင်သုံးခုကို ကြည့်ရှုလတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ စင်စစ်သော်ကား ထိုယောကျ်ားအား “ဤတံကျင်တို့၌ ကျတိုင်းကျတိုင်းသော သူခပ်သိမ်းတို့သည် ကြီးစွာသောဆင်းရဲကို ခံစားရကုန်လတ့ံ”ဟု သက်သက်စူးစမ်းဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်၏။ ဤအတူပင် ဘယတု ပဋ္ဌာနခေါ် ဘယဉာဏ်သည် ကိုယ်တိုင်ကား မကြောက်တတ်ပေ၊ စင်စစ်သော်ကား ထိုဉာဏ်အား “မီးကျီးတွင်းသုံးခုနှင့်လည်း တူကုန်သော တံကျင်သုံးချောင်းနှင့်လည်း တူကုန်သော ဘဝသုံးပါးတို့၌ အတိတ်သခ်ၤါရတို့သည် ချုပ်လေကုန်ပြီ၊ ပစ္စုပ္ပန် သခ်ၤါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သခ်ၤါရတို့သည် ချုပ်ကုန်လတ့ံ” ဟု သက်သက် စူးစမ်း ဆင်ခြင်ခြင်းမျှသာလျှင် ဖြစ်ပေ၏။ ဘယတုပဋ္ဌာန မည်ခြင်း၏ အကြောင်းကား. . . ထိုဉာဏ်အား အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိခုနစ်ပါး သတ္တဝါသကိုးပါး

၇ပါး၊သတ္တဝါသ၉ပါးတို့၌ ခဏာတိုင်း ခဏာတိုင်း မပြတ်ပျက်စီးကုန်သော သခ်ၤါရတို့သည် ကြီးစွာသော ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်လာကုန်၏။ ဤသို့ သခ်ၤါရတရားတို့၌ ကြောက်မက်ဖွယ်ဘေးအဖြစ် ရှုမြင်သော ဉာဏ်သည် ဘယတုပဋ္ဌာနာဉာဏ်မည်၏။

ဥပမာအားဖြင့် ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ် သည့် ယောကျ်ားအား ခြင်္သေ့, ကျား, ဘီလူး, ရက္ခိုဿ်, ဆင်ကြမ်း, မြွေဆိုး စသည့်ကြီးစွာသော ကြောက်မက်ဖွယ် ဘေးဆိုးကြီး ထင်လာသကဲ့သို့တည်း။

“အတိတ်သခ်ၤါရတို့သည် ချုပ်ကုန်ပြီ၊ ပစ္စုပ္ပန်သခ်ၤါရတို့သည် ချုပ်ကုန်ဆဲ၊ နောင်အနာဂတ်ကာလ၌ ဖြစ်လတ့ံသော သခ်ၤါရ တို့သည်လည်း ဤအတူပင်ချုပ်ကုန်လတ့ံ”ဟု ရှုမြင်သော ယောဂီအား အရှိန်အဟုန်ကြီးစွာ ပျက်ချုပ်နေကြသော သခ်ၤါရတို့သည် ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်သောကြောင့် ဘယတု ပဋ္ဌာန ဉာဏ်မည်သော ဘယဉာဏ်သည်ဖြစ်ပေါ်၏။

ဘယဉာဏ်ဖြစ်ပေါ်သည့်ဥပမာများ

မိန်းမတစ်ယောက်တွင် သားသုံးယောက်ရှိ၏။ သားသုံးယောက် စလုံးကို မင်းဒဏ်သင့်သဖြင့် ဦးခေါင်းဖြတ်ရန် မင်းကအမိန့်ပေး၏။ ထိုမိန်းမသည် သူသတ်ကုန်းသို့ လိုက်သွား၍ သားကြီး၏ ဦးခေါင်းဖြတ်လိုက်သည်ကို မြင်ရ၏။ ထို့နောက် သားလတ်၏ ဦးခေါင်းကို ဖြတ်နေဆဲကိုလည်း မြင်တွေ့ရ၏။ ထိုအခါမိန်းမသည် “ဤသားငယ်သည်လည်း သားကြီး,သားလတ်ကဲ့သို့ ဦးခေါင်းအဖြတ်ခံရလတ့ံ”ဟု တွေးတောဆင်ခြင်ကာ သားငယ်၌တွယ်တာခြင်း,မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်လိုက်လေ၏။

တို့၌ တည်ကုန်သော သခါရတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်လျက် ကြောက်ဖွယ်ဘေး ရှိကုန်သည်ဖြစ်၍ သက်သက် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ပေါ်ကုန်၏။ ထို့ကြောင့် **ဘယတုပဋ္ဌာန**ဟူ၍ ခေါ်ဆိုအပ်၏။ ထိုဉာဏ်အား ဤဆိုခဲ့သည့် အတိုင်း ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ပေါ်ရာ၌ အောက်ပါမှာ ပဋိသမ္ဘိဒါမဂ်ပါဠိ ပေတည်း။

၃၀။ မမြဲဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သနည်း။ ဆင်းရဲဟု၊ အတ္တ မဟုတ်ဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်သနည်းဟူမူ. . မမြဲဟု နှလုံးသွင်းသောသူအား နိမိတ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်၏။ ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သော အယဉ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား နိမိတ်သည်၄င်း မပြတ်ဖြစ်သော အယဉ်သည်၄င်း ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏- ဤကားပါဠို။

၃၁။ ထိုပါဠို၌ **နိမိတ်**ဟူသည်ကား သခါရနိမိတ်တည်း၊ ဤနိမိတ်ဟူသောအမည်သည် အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော သခါရတို့၏သာလျှင် အမည်ပေတည်း။ မှန်ပေ၏-မမြဲဟု နှလုံးသွင်းသော သူသည် သခါရတို့၏ သေခြင်းပျက်ခြင်းကို သာလျှင် မြင်၏။ ထို့ကြောင့် ထိုယောဂီအား သခါရနိမိတ်သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်၏။ **ပဝတ္တ- မပြတ်ဖြစ်သော**

အယဉ်ဟူသည်ကား ရူပဘဝ အရူပဘဝ အယဉ်တည်း။မှန်ပေ၏-ဆင်းရဲဟု နှလုံးသွင်းသောသူသည် ချမ်းသာဟု သမုတ်အပ်သော ဘဝ အယဉ်၌သော်လည်း မပြတ်နှိပ်စက်(အပ်)သည်၏ အဖြစ်ကို သာလျှင် မြင်၏။ ထို့ကြောင့် ထိုယောဂီအား ဘဝ အယဉ်သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူသည် ဤနိမိတ်နှင့် အယဉ်နှစ်ပါးလုံးကိုလည်း ရွာပျက်ကဲ့သို့၄င်း တံလှပ် ဂန္ဓဗ္ဗနတ် ကျတ်သရဲတို့၏ မြို့စသည်တို့ကို၄င်း အနှစ်ကင်းသည်ဟု အချည်းနှီးဟု အတ္တမှ ဆိတ်သုန်းသည်ဟု ပိုင်ရှင်မရှိဟု ရှေ့ဆောင်အကြီးအကဲမရှိဟု မြင်၏။ ထို့ကြောင့် ထိုယောဂီအား သခါရနိမိတ်သည်၄င်း မပြတ်ဖြစ်သော ဘဝအယဉ်သည်၄င်း နှစ်ပါးလုံးသည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်၏။ ဤသို့သိအပ်၏။

ဘယတုပဋ္ဌာနဉာဏ် ပြီး၏။

×××××

ဘယတုပဋ္ဌာနဉာဏ်ကိုပြဆိုခြင်း

ယောဂီသည် အလုံးစုံသော တေဘူမကသခါရတို့၏ ကုန်ခြင်း(ခယ), ပျောက်ခြင်း(ဝယ), ပျက်ခြင်း(ဘေဒ)ဟူသော ချုပ်ခြင်း(နိဓောဓ)လျှင် အာရုံရှိသော ဘင်္ဂါနုပဿနာခေါ် ဘင်္ဂဉာဏ်ကိုမှီဝဲလျက် အကြိမ်များစွာ ပွားများအားထုတ်၏။ ထိုအခါ ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး၊ ယောနိ၄ပါး၊ ဂတိ၅ပါး၊ ဝိညာဏဋ္ဌိတိ

၉ပါးတို့၌ တည်ကုန်သော သခါရတို့သည် ပျက်စီးခြင်းသို့ရောက်ကုန်လျက် ကြောက်မက်ဖွယ်ဘေးရှိကုန်သည်ဖြစ်၍ သက်သက် ကြောက်မက်ဖွယ်ဘေးအဖြစ် ထိုဉာဏ်အား ထင်ပေါ်ကုန်၏။ ထို့ကြောင့် ဘယတုဉပဋ္ဌာနဉာဏ် မည်၏။

သမ္မိဒါမဂ်၌ ဟောတော်မူပုံ

သခါရတရားတို့ကို မမြဲ,ဆင်းရဲ,အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား အဘယ်သည် ကြောက်မက်ဖွယ်ဘေးအဖြစ် ထင်သနည်း

(၁) သခါရတို့ကို အနိစ္စ-မမြဲဟု နှလုံးသွင်းသောသူအား သခါရနိမိတ်သည် ကြောက်ဖွယ်ဘေးအဖြစ် ထင်၏။ အဘယ်ကြောင့်ဆိုသော် မမြဲဟု နှလုံးသွင်းသောသူသည် သခါရတို့၏ သေခြင်းပျက်ခြင်းကိုသာလျှင် ရှုမြင်နေသောကြောင့်တည်း။

(၂) သခါရတို့ကိုဒုက္ခ-ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သော ခွာအယဉ်(ပဝတ္တ)သည် ကြောက်ဖွယ်ဘေး အဖြစ် ထင်၏။အဘယ်ကြောင့်ဆိုသော် ချမ်းသာဟု သမုတ်အပ်သော ရူပဘဝ, အရူပဘဝတို့၏ ဘဝအယဉ်၌သော်လည်း မပြတ်နှိပ်စက်အပ်သည့် ဖြစ်ကိုသာလျှင် ယောဂီသည် ရှုမြင်နေသောကြောင့်တည်း။

(၃) သခါရတို့ကို အနတ္တ- အတ္တမဟုတ်ဟု နှလုံး သွင်းသောသူအား သခါရနိမိတ်နှင့်တကွ မပြတ်ဖြစ်သော ဘဝ အယဉ်သည် ကြောက်ဖွယ်ဘေးအဖြစ် ထင်၏။အဘယ်ကြောင့် ဆိုသော် ယောဂီသည် နိမိတ်နှင့် ဘဝအယဉ်နှစ်ပါးလုံးကို ရွာပျက်ကဲ့သို့၊

ဤဥပမာကို ဥပမေယျနှင့် နှိုင်းယှဉ်ပြရသော်-

(၁) သားကြီး၏ ဦးခေါင်းအဖြတ်ခံရခြင်းကို ထိုမိန်းမတွေ့မြင် ခဲ့ရခြင်းသည် ယောဂီပုဂ္ဂိုလ်က အတိတ်သခါရတို့၏ ချုပ်ခြင်းကိုရှုမြင် ခဲ့ရသည်နှင့်တူသည်။

(၂) သားလတ်၏ ဦးခေါင်းဖြတ်နေဆဲကို မြင်ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သခါရတို့၏ ချုပ်ခြင်းကို ရှုမြင်နေရသည်နှင့်တူသည်။

(၃) "ဤသားငယ်သည်လည်း သားကြီး,သားလတ်ကဲ့သို့ ဦးခေါင်းအဖြတ်ခံရလတ့ံ"ဟု တွေးတောဆင်ခြင်၍ သားငယ်၌ တွယ်တာခြင်း,မျှော်လင့်ခြင်းတို့ကို စွန့်လွှတ်သကဲ့သို့ယောဂီက "နောင်အနာဂတ်ကာလ၌ ဖြစ်လတ့ံသော သခါရတို့သည်လည်း ပျက်ကုန်လတ့ံ"ဟု အနာဂတ်သခါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်နှင့်တူ၏။

ဤသို့ရှုမြင်သောယောဂီအား ထိုရှုမြင်သောခဏ၌ ဘယတုဉပဋ္ဌာနဉာဏ်သည်ဖြစ်ပေါ်၏။

တစ်ပါးသောဥပမာကား

မိန်းမတစ်ယောက်သည် ကလေးဆယ်ဦးဖွားမြင်သတတ်။ ရှေးဦးမွေးဖွားသော ခလေးငယောက်တို့သည် အဖတ်မတင်ဘဲ သေဆုံးသွားကြပြီ။ ရင်ခွင်၌ ထွေးပိုက်ထားသော ကလေးသည်လည်း သေဆဲဖြစ်နေသည်ကိုမြင်ရ၏။ ထိုအခါ ဝမ်းဗိုက်၌လွယ်ထားသော မွေးလတ့ံ ကလေးငယ်သည်လည်း သေဆုံးရလတ့ံဟု တွေးတောဆင်ခြင်ပြီးလျှင် ထိုကိုယ်ဝန်ဆောင်သောကလေးငယ်၌ တွယ်တာခြင်း, မျှော်လင့်ခြင်းကိုစွန့်လွှတ်လေ၏။

ကြောက်မက်ဖွယ်သဘောကို သိမြင်ခြင်းသာဖြစ်ပေ၏။

ဥပမာအားဖြင့် မျက်စိကောင်းသောယောကျ်ား တစ်ယောက်သည် မြို့တံခါးအနီး၌ မီးကျီးတွင်းသုံးခုတို့ကို တွေ့မြင်လတ်သော် ကိုယ်တိုင်ကား မကြောက်ပေ။ ထိုယောကျ်ားသည် "ဤမီးကျီးတွင်းသို့ ကျတိုင်း ကျတိုင်းသောသူခပ်သိမ်းတို့သည် ကြီးစွားသောဆင်းရဲကို ခံစားရလတ့ံ"ဟု ဆင်ခြင်သိမြင်ပြီးလျှင် "ဤမီးကျီးတွင်းတို့သည် ကြောက်မက်ဖွယ်ရာ ဘေးဆိုးတည်း"ဟု သိမြင်လာသကဲ့သို့တည်း။

တစ်ပါးသော ဥပမာကား မျက်စိအမြင်ရှိသော လူတစ်ယောက်သည် ရှားနှစ်တံကျင်, သံတံကျင်, ရွှေတံကျင် ဟူသော တံကျင်သုံးခုတို့ကို မြင်တွေ့လတ်သော် ကိုယ်တိုင်ကား မကြောက်ပေ၊ ထိုယောကျ်ားသည် "ဤတံကျင်တို့၌ ကျတိုင်း ကျတိုင်းသောသူ ခပ်သိမ်းတို့သည် ကြီးစွားသောဆင်းရဲကို ခံစား ရလတ့ံ"ဟု ဆင်ခြင် သိမြင်ပြီး တံကျင်တို့၏ ကြောက်မက်ဖွယ် သဘောကို ရှုမြင်ခြင်းသာဖြစ်၏။ စင်စစ်သော်ကား ဘယတုပဋ္ဌာနဉာဏ်သည် "မီးကျီးတွင်း သုံးခု၊ တံကျင်သုံးချောင်းနှင့်တူကုန်သော ဘဝသုံးပါး၌ အတိတ် သခ်ါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သခ်ါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သခ်ါရတို့သည်လည်း ချုပ်ကုန်လတ့ံ"ဟု ရှုမြင် ဆင်ခြင် ပြီးလျှင် မမြဲ,ဆင်းရဲ, ချုပ်ကုန်ဆဲဖြစ်သော သခ်ါရ အားလုံးတို့၏ ကြောက်မက်ဖွယ် သဘောကို ရှုမြင်သိမြင်ခြင်း ပင်တည်း။

ဘယတုပဋ္ဌာနမည်ခြင်းအကြောင်းကား အလုံးစုံသော ဘဝ သုံးပါး၊ ယောနိငါးပါး၊ ဂတိခြောက်ပါး၊ ဝိညာဏ်ငါးတိခြောက်ပါး၊ သတ္တဝါသ

ဤဥပမာတွင်လည်း ပထမကလေးဥယျောက်တို့၏ သေဆုံးခြင်းကို ထိုမိန်းမမြင်တွေ့ခဲ့ရခြင်းသည် ယောဂီပုဂ္ဂိုလ်က အတိတ် သခ်ါရတို့၏ ချုပ်ခြင်းကို ရှုမြင်ခဲ့ရသည်နှင့်တူ၏။ ထွေးပိုက် ထားသော ကလေးငယ်၏ သေနေဆဲကို ထိုမိန်းမမြင်တွေ့ရခြင်းသည် ယောဂီက ပစ္စုပ္ပန်သခ်ါရတို့၏ ချုပ်နေဆဲကို ရှုမြင်ရခြင်းနှင့်တူ၏။ ထိုမိန်းမက "ကိုယ်ဝန်ဆောင်ထားသောကလေးသည်လည်း မွေးပြီးကလေး ၁၀ယောက်နည်းတူ သေဆုံးရလတ့ံ"ဟု ဆင်ခြင်ပြီး ထိုကိုယ်ဝန်ဆောင်သောကလေးငယ်၌ တွယ်တာခြင်း, မျှော်လင့်ခြင်းကို စွန့်လွှတ်သကဲ့သို့ ယောဂီပုဂ္ဂိုလ်သည်လည်း "နောင်အနာဂတ်၌ ဖြစ်လတ့ံသော သခ်ါရတို့သည် ပျက်ကုန်လတ့ံ"ဟု အနာဂတ် သခ်ါရတို့၏ ချုပ်ခြင်းကို ရှုမြင်သည်နှင့်တူ၏။

ဤသို့ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သည့်ခဏ၌ ဘယတုပဋ္ဌာနဉာဏ်သည်ဖြစ်ပေါ်၏။

ဘယဉာဏ်သည် ကြောက်တတ်သလော

ဘယတုပဋ္ဌာနဉာဏ်သည် ကြောက်တတ်သလော, မကြောက်တတ်သလောဟုမေးလျှင် မကြောက်တတ်ပါဟု ဖြေဆိုရပေမည်။ အကြောင်းမှာ ကြောက်တတ်ခြင်းသည် ဒေါသမူ စိတ်နှင့် ယှဉ်၍သာဖြစ်ပေါ်၏။ ကုသိုလ်စိတ်၌ယှဉ်သော ဝိပဿနာဉာဏ်တွင် ဖြစ်ပေါ်ရိုးမရှိပါ။

ထိုတယတုပဋ္ဌာနဉာဏ်သည် "အတိတ်သခ်ါရတို့သည် ချုပ်ကုန်လေပြီ၊ ပစ္စုပ္ပန်သခ်ါရတို့သည် ချုပ်ကုန်ဆဲ၊ အနာဂတ်သခ်ါရ တို့သည်လည်း ချုပ်ကုန်လတ့ံ"ဟု ရှုမြင် ဆင်ခြင်ပြီးလျှင် သခ်ါရတို့၏

ဖြစ်သော သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည် (ဖြစ်ပွားမှု ကင်းသော နိဗ္ဗာန်သည်)။ ပြင်းစွာမပူပန်ခြင်းသည် (ပြင်းစွာပူပန်မှု ကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။

(၃) ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်, ပြင်းစွာပူပန်ခြင်းသည် ကြောက်ဖွယ်ဘေးတည်း၊ ပြင်းစွာမပူပန်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။

(၄) ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်, ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။

(၅) မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသော ပညာသည် သန္တိပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်, ပြင်းစွာ မပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒ ဉာဏ်မည်၏။

(၆) ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်း၊ မဖြစ်ပေါ်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်, ပြင်းစွာပူပန်ခြင်းသည် ဆင်းရဲတည်း၊ ပြင်းစွာ မပူပန်ခြင်းသည် ချမ်းသာတည်းဟု သိသောပညာသည် သန္တိပဒ ဉာဏ်မည်၏။

တံလျှက်ကဲ့သို့ ဂန္ဓဗ္ဗနတ်, ကျတ်သရဲတို့၏မြို့, စသည်တို့ကဲ့သို့ အနှစ်ကင်းသည်၊ အချည်းနှီးဖြစ်သည်၊ အတ္တမှဆိတ်သုန်းသည်၊ ပိုင်ရှင်မရှိ၊ ရှေ့ဆောင်အကြီးအကဲမရှိဟု ရှုမြင်သောကြောင့်တည်း။

အာဒီနဝါနုပဿနာဉာဏ် ပြဆို ချက်

၃၂။ ထိုဘယတုပဋ္ဌာနဉာဏ်ကို မှီဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော ထိုယောဂီအား အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိခုနစ်ပါး သတ္တဝါသကိုးပါး တို့၌ အကျိုးမဲ့မှ စောင့်ရှောက်တတ်သောအရာ မထင်သည်သာ တည်း၊ ပုန်းအောင်းရာလည်း မထင်သည်သာတည်း၊ ရှောင်တိမ်း သွားရန် အရပ်လည်း မထင်သည်သာတည်း၊ ကိုးကွယ်ရာလည်း မထင်သည် သာတည်း၊ အလုံးစုံသော ဘဝ ယောနိ ဌိတိ နိဝါသတို့၌ တည်ကုန် သော သခါရတို့တွင် တခုသော သခါရ၌သော်လည်း တောင့်တ ခြင်းသော်ငင်း ငါဟုမှားယွင်းစွာ သုံးသပ်ခြင်းသော်ငင်း မရှိတော့ ပေ။ သုံးပါးသောဘဝတို့သည် မီးလျှံကင်းသော မီးကျီးတို့ဖြင့်ပြည့်သော မီးကျီးတွင်းတို့ကဲ့သို့ငင်း၊ လေးပါးသော မဟာဘုတ်တို့သည် ပြင်းထန်သော အဆိပ်ရှိသော မြွေဆိုးကြီးတို့ ကဲ့သို့ငင်း၊ ငါးပါးသောခန္ဓာတို့သည် သံလျှက်ထားကို ခြိမ်းနေသော သူသတ်ယောကျ်ား တို့ကဲ့သို့ငင်း၊ ခြောက်ပါးသော အဿတ္တိ ကာယ တနတို့သည် လူမရှိသော ရွာပျက်ကဲ့သို့ငင်း၊ ခြောက်ပါးသော ဗာဟိရာ ယတန တို့သည် ရွာပျက်ဒမြကြီးကဲ့သို့ငင်း၊ ခုနစ်ပါးသော

ဝိညာဏာ ဌိတိ တို့နှင့် ကိုးပါးသော သတ္တဝါသတို့သည် တဆယ့်တပါးသော မီးတို့ဖြင့် ရဲရဲတောက်ကုန်သကဲ့သို့၎င်း၊ ထက်ဝန်းကျင်မှ တောက်ပကုန်သကဲ့သို့၎င်း၊ တခဲနက်မီးလျှံသဖွယ် ဖြစ်ကုန် သကဲ့သို့၎င်း ထင်ပေါ် ကုန်၏။ အလုံးစုံသော သခါရတို့သည် အိုင်းအမာကဲ့သို့ ဖြစ်ကုန်၍ ၎င်း၊ စွဲကပ်နေသောရောဂါတို့ကဲ့သို့ ဖြစ်ကုန်၍၎င်း၊ စူးဝင်နေသော ငြောင့်တို့ကဲ့သို့ ဖြစ်ကုန်၍၎င်း၊ မကောင်းမှုတို့ကဲ့သို့ ဖြစ်ကုန်၍၎င်း၊ အဖျားအနာကဲ့သို့ ဖြစ်ကုန်၍၎င်း သာယာဘွယ်ကင်းကုန်သည် ဖြစ်၍ ထင်ကုန်၏။ အရသာ ကင်းကုန်သည်ဖြစ်၍ ထင်ကုန်၏။ ကြီးစွာသော အပြစ်အစု သဖွယ်ဖြစ်၍ ထင်ကုန်၏။

၃၃။ အဘယ်သို့နည်းဟူမူ့ ချမ်းသာစွာ အသက်ရှင်နေလိုသော ကြောက်တတ်သော ယောကျ်ားအား မွေ့လျော်ဖွယ် အခြင်းအရာအားဖြင့် ကောင်းစွာတည်သော်လည်း သားရဲရှိသော တောအုပ်ကဲ့သို့၎င်း၊ ကျားရှိနေသာ လိုဏ်ဂူကဲ့သို့၎င်း၊ ဖမ်းစားတတ်သော မိကျောင်း စသည်နှင့် ရောစောင့်ရက်ခြင်သ် ဘီလူးရှိသော ရေကဲ့သို့၎င်း၊ ခြိမ်းထားသော သံလျက်ရှိသော ရန်သူကဲ့သို့၎င်း၊ အဆိပ်နှင့်တကွသော အစာကဲ့သို့၎င်း၊ ဆိုးသူဒမြရှိသော လမ်းခရီးကဲ့သို့၎င်း၊ မီးစွဲလောင်နေသော အိမ်ကဲ့သို့၎င်း၊ ခြိတက်တိုက်ခိုက်သော စစ်တပ်ရှိသော စစ်မြေပြင်ကဲ့သို့၎င်း ထင်၏။ ချဲ့၍ပြရလျှင်။ ။ ထိုယောကျ်ားသည် ဤဆိုခဲ့သော သားရဲရှိသော တောအုပ် စသည်တို့ကို ရောက်သွားလတ်သော် ကြောက်ရွံ့ ထိတ်လန့်လျက် ကြက်သီးမွေးညင်းထသည်ဖြစ်၍ ထက်ဝန်းကျင်မှ အပြစ်ကို သာလျှင် မြင်သကဲ့သို့ ထိုအတူပင်လျှင် ဤယောဂီပုဂ္ဂိုလ်သည်

ပျက်ခြင်းကို ရှုသော ဘင်္ဂါနုပဿနာ၏ အစွမ်းအားဖြင့် အလုံးစုံသောသခါရတို့သည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ကုန်လတ်သော် ထက်ဝန်းကျင်မှ အရသာကင်းသော သာယာဖွယ်ကင်းသော အပြစ်ကို သာလျှင်မြင်၏။ ဤသို့အပြစ်ကို မြင်သော ထိုယောဂီအား **အာဒီနဝဉာဏ်** မည်သော **အာဒီနဝါ နုပဿနာဉာဏ်**သည်ဖြစ်ပေါ်၏။ ယင်း အာဒီနဝ ဉာဏ်ကို ရည်၍ အောက်ပါစကားကို ပဋိသမ္ဘိဒါမဂ်၌ ဟောအပ်ပေ၏။

သန္တိပဒဉာဏ်

၃၄။(၁) အဘယ်သို့လျှင် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည် သနည်း။ ။ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းသည် ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝ ဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်ဘေးဟု။ နိမိတ်သည် ဘေးဟု။ အားထုတ်ခြင်းသည် ဘေးဟု။ တဖန်စပ်သော ပဋိသန္ဓေသည် ဘေးဟု။ လားရာဂတိသည် ဘေးဟု။ ဖြစ်ခြင်းသည် ဘေးဟု။ကပ်ရောက်၍ ဖြစ်ခြင်းသည် ဘေးဟု။ ဘဝအသစ်ဖြစ်ခြင်းဇာတိသည် ဘေးဟု။အိုခြင်းသည် ဘေးဟု။ နာခြင်းသည် ဘေးဟု။ ငိုကြွေးခြင်းသည် ဘေးဟု။ ပြင်းစွာပူပန်ခြင်းသည် ဘေးဟု ကြောက်ဖွယ်အနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။

(၂) မဖြစ်ပေါ်ခြင်းသည် (ဖြစ်ပေါ်မှုကင်းသော နိဗ္ဗာန်သည်) ဘေးငြိမ်းရာတည်းဟု သိသောပညာသည် ငြိမ်းအေးရာနိဗ္ဗာန်၌

တဆယ့်ငါးပုဒ်တို့တွင် ဥပ္ပါဒစသော မူလ ငါးပုဒ်တို့ကို သာလျှင် အာဒီနဝဉာဏ်၏ဖြစ်ရာ အာရုံဝတ္ထုအဖြစ်ဖြင့် ဟော(အပ်ကုန်)၏။ ကြွင်းသောဆယ်ပုဒ်တို့ကို ထိုမူလငါးပုဒ်တို့၏ ဝေဝုစ်ပရိယာယ် စကားလှယ် အဖြစ်ဖြင့် ဟောအပ်ကုန်၏။ မှန်ပေ၏။ နိဗ္ဗိတ္တိဇာတိဟူသော ဤနှစ်ပုဒ်သည် ဥပ္ပါဒပုဒ်နှင့် ပဋိသန္ဓိပုဒ်တို့၏ ဝေဝုစ်ပရိယာယ် စကားလှယ်တည်း။ ဂတိ ဥပပတ္တိဟူသော ဤနှစ်ပုဒ်သည် ပဝတ္တပုဒ်၏ဝေဝုစ် ပရိယာယ် စကားလှယ်တည်း။ အိုခြင်းစသည်တို့သည် နိမိတ္တပုဒ်၏ ဝေဝုစ် ပရိယာယ် စကားလှယ်တည်း။ ထို့ကြောင့်-

"ဖြစ်ပေါ်ခြင်းကိုဌင်း ဖြစ်ပွားခြင်းကိုဌင်း နိမိတ်ကိုဌင်း အားထုတ်ခြင်းကိုဌင်း တဖန်စပ်သော ပဋိသန္ဓေကိုဌင်း ဆင်းရဲဟူ၍မြင်၏။ ဤ၍မြင်သောဉာဏ်ငါးပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏" ဟူ၍ဌင်း၊

"ဤအာဒီနဝဉာဏ်သည် ငါးပါးသော ဌာနတို့၌ ဖြစ်၏" ဟူ၍ မိန့်ဆိုလေသည်။

၃၇။ "မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်းဟု သိသောပညာသည် ငြိမ်းအေးရာ နိဗ္ဗာန်၌ဖြစ်သော သင်္ခါပဒဉာဏ်မည်၏" ဤသို့အစရှိသောစကားကိုမူကား အာဒီနဝဉာဏ်၏ ဆန့်ကျင်ဘက်ဖြစ်သော ဉာဏ်ကိုပြခြင်းအကျိုးဌာ ဟော(အပ်)ပေသည်။ တနည်းကား ဘယဉာဏ်ဖြင့် အပြစ်ကိုမြင်၍ ထိတ်လန့်သော စိတ်နှလုံး ရှိသောပုဂ္ဂိုလ်တို့အား ဘေးငြိမ်း၍ အပြစ်ကင်းသော ဘေးမဲ့အရပ်သည်လည်း ရှိသေး၏ဟု သက်သာရာ ရစေခြင်း

(၇) ဖြစ်ပေါ်ခြင်းသည် (ဝဋ်ကာမဂုဏ် ကိလေသာ ဟူသော) အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်, ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွ ဖြစ်သည်ဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အာဒီနဝဉာဏ်မည်၏။

(၈) မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သင်္ခါပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်, ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သင်္ခါပဒ ဉာဏ်မည်၏။

(၉) ဖြစ်ပေါ်ခြင်းသည် အစာနှင့်တကွ ဖြစ်သည်။ မဖြစ်ပေါ်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သင်္ခါပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်, ပြင်းစွာပူပန်ခြင်းသည် အစာနှင့်တကွဖြစ်သည်၊ ပြင်းစွာမပူပန်ခြင်းသည် အစာကင်းသည်ဟု သိသောပညာသည် သင်္ခါပဒဉာဏ်မည်၏။

(၁၀) ဖြစ်ပေါ်ခြင်းသည် သဒ်ါရတို့တည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ သိသောပညာသည် အာဒီနဝဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည်, ပြင်းစွာပူပန်ခြင်းသည် သဒ်ါရတို့တည်းဟု ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ရာ၌ သိသောပညာသည် အာဒီနဝဉာဏ်မည်၏။

(၁၁) မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် သင်္ခါပဒဉာဏ်မည်၏။ မဖြစ်ပွားခြင်းသည်, ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် သင်္ခါပဒဉာဏ်မည်၏။

(၁၂) ဖြစ်ပေါ်ခြင်းသည် သခီါရတို့တည်း၊ မဖြစ်ပေါ်ခြင်းသည် ငြိမ်းသောနိဗ္ဗာန်တည်းဟု သိသောပညာသည် သန္ဋိပဒဉာဏ်မည်၏။ ဖြစ်ပွားခြင်းသည် , ပြင်းစွာပူပန်ခြင်းသည် သခီါရတို့တည်း၊ ပြင်းစွာမပူပန်ခြင်းသည် ငြိမ်းအေးသော နိဗ္ဗာန်တည်းဟု သိသောပညာသည် သန္ဋိပဒဉာဏ်မည်၏။

သန္ဋိပဒဉာဏ်

၃၅။ ဖြစ်ပေါ်ခြင်းကိုဌင်း ဖြစ်ပွားခြင်းကိုဌင်း နိမိတ်ကိုဌင်း အားထုတ်ခြင်းကိုဌင်း တဖန်စပ်သောပဋိသန္ဓေကိုဌင်း ဆင်းရဲဟူရှုမြင်၏။ ဤရှုမြင်သော ဉာဏ်ငါးပါးသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏။

မဖြစ်ပေါ်ခြင်းကိုဌင်း မဖြစ်ပွားခြင်းကိုဌင်း နိမိတ်ကင်းခြင်းကိုဌင်း၊ အားမထုတ်ခြင်းကိုဌင်း၊ ပဋိသန္ဓေကင်းခြင်းကိုဌင်း ချမ်းသာဟူရှုမြင်၏။ ဤရှုမြင်သော ဉာဏ်ငါးပါးသည် ငြိမ်းအေးရာ နိဗ္ဗာန်၌ဖြစ်သော သန္ဋိပဒဉာဏ်မည်၏။

ဤအာဒီနဝဉာဏ်သည် ငါးပါးသောဌာနတို့၌ ဖြစ်၏။ သန္ဋိပဒဉာဏ်သည် ငါးပါးသောဌာန၌ ဖြစ်၏။ (ယောဂီသည်) ဆယ်ပါးသော ဉာဏ်တို့ကိုသိ၏။ နှစ်ပါးသော (အာဒီနဝဉာဏ် သန္ဋိပဒဉာဏ်) တို့၌ ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုမြင်မှုသည် သိတတ်သော အနက်သဘောကြောင့် ဉာဏ်မည်၏။ အပြားအားဖြင့် သိတတ်သော အနက်သဘောကြောင့်

ပညာမည်၏။ ထိုကြောင့်“ကြောက်ဖွယ် ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ ဖြစ်သော အာဒီနဝဉာဏ်မည်၏” ဟူ၍ ဆိုအပ်၏၊ ဤကားပါဠိ။

၃၆။ ထိုပါဠိ၌ **ဥပ္ပါဒ-ဖြစ်ပေါ်ခြင်း**ဟူသည်ကား ရှေးကံဟူသော အကြောင်းကြောင့် ဤဘဝ၌ (ရှေးဦးစွာ) ဖြစ်ပေါ်ခြင်းတည်း။ **ပဝတ္တ-ဖြစ်ပွားခြင်း**ဟူသည်ကား ထိုသို့ဖြစ်ပေါ်ပြီးသော ရုပ်နာမ်၏ မပြတ်ဖြစ်ခြင်းတည်း။ **နိမိတ္တ-နိမိတ်** ဟူသည်ကား အလုံးစုံသော သခီါရတရားဟူသော သခီါရ နိမိတ်တည်း။ **အာယူ ဟနာ-အားထုတ်ခြင်း** ဟူသည်ကား နောင်ဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံတည်း။ **ပဋိသန္ဓိ-တဖန်စပ်သော ပဋိသန္ဓေ**ဟူသည်ကား နောင်ဘဝ၌ ဖြစ်ပေါ် ခြင်းတည်း။ **ဂတိ-လားရာ** ဟူသည်ကား အကြင် လားရောက်အပ်သော ငါးပါးသော ဂတိဖြင့် ထိုပဋိသန္ဓေသည် ဖြစ်၏။ ထိုလားရာ ဂတိငါးပါး ပင်တည်း။ နိဗ္ဗတ္တိ-ဖြစ်ခြင်း ဟူသည်ကား ခန္ဓာတို့၏ ဖြစ်ခြင်းတည်း။ **ဥပတ္တိ-ကပ်ရောက်၍ ဖြစ်ခြင်း** ဟူသည်ကား “သမာပတ်သို့ ဝင်ရောက်သူ၏ငင်း ကပ်ရောက်၍ ဖြစ်သော သူ၏ငင်း”ဟူ၍ ဤသို့ဟောအပ်သော မဟဂ္ဂုတ်ဝိပါတ်၏ မပြတ်ဖြစ်ခြင်းတည်း။ **ဇာတိ-ဘဝအသစ်ဖြစ်ခြင်း** ဟူသည်ကား အိုခြင်းစသည်တို့၏ အကြောင်းဖြစ်သော ကမ္မဘဝကြောင့် ဖြစ်သော ဇာတိပေတည်း။ ဇရာမရဏ-အိုခြင်း, သေခြင်းစသည်တို့ကား ထင်ရှားကုန်သည် သာတည်း။ ဤဥပ္ပါဒ စသော

ဟူသော မြတ်သော ဆင်မင်းသည်လည်း အလုံးစုံသောသခ်ါရ အပေါင်း၌ မပျော်မွေ့ ၊ စင်စစ်သော်ကား “မဖြစ်ပေါ်ခြင်းသည် ဘေးငြိမ်းရာတည်း ဤသို့အစရှိသောနည်းဖြင့် မြင်အပ်ပြီးသော ငြိမ်းအေးရာ နိဗ္ဗာန်၌ သာလျှင် ပျော်မွေ့၏။ ထိုနိဗ္ဗာန်သို့ ညွှတ်ကိုင်းရှိုင်းသော စိတ်ရှိသည် သာလျှင် ဖြစ်ပေ၏။ ဤသို့သိအပ်၏။

နိဗ္ဗဒါနုပဿနာ ဉာဏ်ပြီး၏။

×××××

၄၄။ထိုနိဗ္ဗဒါနုပဿနာမည်သော ဤဉာဏ်သည် ရှေးဉာဏ်နှစ်ပါးနှင့် အနက်တရားကိုယ် အရအားဖြင့် တူ၏။ ထို့ကြောင့် ရှေးဆရာတို့သည်

“ဘယတုပဋ္ဌာနဉာဏ် တခုတည်းပင်လျှင် သုံးပါးသော အမည်တို့ကိုရ၏။ အလုံးစုံသော သခ်ါရတို့ကို ကြောက်ဖွယ်ဘေးအနေအားဖြင့် မြင်သောကြောင့် ဘယတုပဋ္ဌာနဉာဏ်မည်လေသည်။ ထိုသခ်ါရတို့၌ပင်လျှင် အပြစ်ကိုဖြစ်စေ ထင်ပေါ်စေသောကြောင့် အာဒီနဝါနုပဿနာဉာဏ်မည်လေသည်။ ထိုသခ်ါရတို့၌ပင်လျှင် ငြီးငွေ့လျက် ဖြစ်ပေါ်သောကြောင့် နိဗ္ဗဒါနုပဿနာဉာဏ် မည်လေသည်” ဟုမိန့်ဆိုကုန်၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လည်း-

“ဘယတုပဋ္ဌာနပညာ, အာဒီနဝဉာဏ်, နိဗ္ဗဒါဉာဏ် ဟူသော ဤဉာဏ်သုံးပါး တို့သည် တူသောအနက် တရားကိုယ်ရှိကုန်၏။ သဒ္ဒါမျှသာထူး၏” ဟု ဟောတော်မူ(အပ်)၏။

အကျိုးငှာလည်း ထိုစကားကို ဟော(အပ်) ပေသည်။ တနည်းကား ထိုယောဂီအား ဖြစ်ပေါ်ခြင်းစသည်တို့သည် ကြောက်ဖွယ်ဘေးအနေအားဖြင့် ကောင်းစွာထင်ကုန်၏။ ထိုသို့ထင်သော ယောဂီ၏ စိတ်သည် ထိုဖြစ်ပေါ်ခြင်းစသည်တို့၏ ဆန့်ကျင်ဘက်၌ ညွှတ်ကိုင်းလျက်ရှိ၏။ ထို့ကြောင့် ဘယဉာဏ်၏ အစွမ်းအားဖြင့် ပြီးသော အာဒီနဝဉာဏ်၏ အကျိုးအာနိသင်ကို ပြခြင်း အကျိုးငှာလည်း ထိုစကားကို ဟော(အပ်)ပေသည်ဟု သိအပ်၏။

၃၈။ ဆက်၍ ရှင်းလင်းပြဦးအံ့-ဤပါဠိတော်၌ ကြောက်ဖွယ်ဘေးမည်သော တရားသည် ကိန်းသေမုချအားဖြင့် ဆင်းရဲဒုက္ခပေတည်း၊ ထိုဆင်းရဲဒုက္ခသည်လည်း ဝဋ်သုံးပါး ဟူသော အစာကာမဂုဏ်ဟူသောအစာ ကိလေသာဟူသော အစာတို့မှ မလွတ်ကင်းသောကြောင့် အစာနှင့်တကွ ဖြစ်သည်သာတည်း၊ အစာနှင့်တကွ ဖြစ်သော ထိုတရားသည်လည်း သခ်ါရမျှသာလျှင် ဖြစ်ပေသည်။ ထို့ကြောင့်“ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု ကြောက်ဖွယ်ဘေးအနေအားဖြင့် ထင်ရာ၌ ပညာသည် အပြစ်၌ဖြစ်သော အာဒီနဝဉာဏ်မည်၏” ဤသို့အစရှိသော စကားကို ဟောအပ်ပေသည်။ ဤသို့ပင် ဟောအပ်သော်လည်း ကြောက်ဖွယ်ဘေး အခြင်းအရာအားဖြင့်၄င်း, ဆင်းရဲ အခြင်းအရာ အားဖြင့်၄င်း, အစာနှင့်တကွဖြစ်သော အခြင်းအရာ အားဖြင့်၄င်း, ဤသို့ အခြင်းအရာ ထူးခြားသောအားဖြင့် ဖြစ်ပုံ၏ အစွမ်းအားဖြင့်သာလျှင် ဤပုဒ်တို့၌ ထူးသည်၏ အဖြစ်ကို သိအပ်၏။

၃၉။ ဆယ်ပါးသော ဉာဏ်တို့ကို သိ၏ ဟူသည်ကား အာဒီနဝဉာဏ်ကို သိသည်ရှိသော် ဖြစ်ပေါ်ခြင်းစသည်လျှင် တည်ရာ အာရုံဝတ္ထုရှိသော ဉာဏ်ငါးပါး, မဖြစ်ပေါ်ခြင်းစသည်လျှင် တည်ရာအာရုံဝတ္ထုရှိသော ဉာဏ်ငါးပါး ဟူသော ဆယ်ပါးသော ဉာဏ် တို့ကို သိ၏။ ထိုးထွင်း၍ သိ၏။ မျက်မှောက်ပြု၏။ **နှစ်ပါးသော ဉာဏ်တို့၌ ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့်** ဟူသည်ကား အာဒီနဝဉာဏ်, သန္တိပဒဉာဏ်ဟူသော ဤဉာဏ်နှစ်ပါးတို့၌ ကျွမ်းကျင် လိမ္မာသည်၏အဖြစ်ကြောင့် **အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ** ဟူသည်ကား မြတ်သော မျက်မှောက်လောက နိဗ္ဗာန် အယူ စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။ ဤပါဠိ၌ကြွင်းသော စကားရပ်သည် ပေါ်လွင် ထင်ရှားသည်သာတည်း။

အာဒီနဝါ နုပဿနာဉာဏ် ပြီး၏။

ဝိသုဒ္ဓိမဂ်မြန်မာပြန်မှ
နိဗ္ဗဒါနုပဿနာ ဉာဏ်ကိုပြဆိုချက်

၄၀။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော သခါရတို့ကို အပြစ် အနေ အားဖြင့် ရှုမြင်လျက်ရှိသော ထိုယောဂီသည် အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဋ္ဌိတိခုနစ်ပါး သတ္တဝါသ ကိုးပါးတို့၌တည်သော (ခဏတိုင်း ခဏတိုင်း) မပြတ် မပျက်စီး တတ်သော သခါရအပေါင်းတို့၌ ငြီးငွေ့၏ ပျင်းရိ၏ မပျော်မွေ့။

၄၁။ ဥပမာအားဖြင့် စိတ္တကုဋ္ဌတောင်ခြေ၌ ပျော်မွေ့သော ရွှေဟင်္သာမင်းသည် မစင်ကြယ်သော ဒွန်းစက္ကားရွာ တံခါးအနီး ရေအိုင်ငယ်၌ မပျော်မွေ့။ စင်စစ်သော်ကား ခုနစ်ပါးသော ရေအိုင်ကြီး တို့၌သာလျှင် ပျော်မွေ့သကဲ့သို့ ထို့အတူပင် ဤယောဂီ တည်းဟူသော ဟင်္သာမင်းသည်လည်း ကောင်းစွာ ထက်ဝန်းကျင် မြင်အပ်ပြီးသော အပြစ်ရှိသော မပြတ်ပျက်စီးတတ် သောသခါရ အပေါင်း၌ မပျော်မွေ့၊ စင်စစ်သော်ကား ဘာဝနာလျှင် ပျော်မွေ့ရာ ရှိသည်၏ အဖြစ်ဟူသော ဘာဝနာ၌ ပျော်မွေ့ခြင်းနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ခုနစ်ပါးသော အနုပဿနာတို့၌ သာလျှင် ပျော်မွေ့၏။

၄၂။ တနည်းဥပမာအားဖြင့် ရွှေချိုင့်၌ ထည့်ထားသော သားတို့၏ မင်းဖြစ်သော ခြင်္သေ့သည် (ထိုရွှေချိုင့်၌) မပျော်မွေ့ စင်စစ် သော်ကား ယူဇနာ သုံးထောင်ကျယ်ပြန့်သော ဟိမဝန္တာတော၌ သာလျှင် ပျော်မွေ့သကဲ့သို့ ထိုအတူပင် ဤယောဂီတည်းဟူသော ခြင်္သေ့ သည်လည်း သုံးပါးအပြားရှိသော သုဂတိဘဝ၌သော်လည်း မပျော်မွေ့၊ စင်စစ်သော်ကား သုံးသော အနုပဿနာတို့၌သာလျှင် ပျော်မွေ့၏။

၄၃။ တစ်နည်း ဥပမာအားဖြင့် ကိုယ်လုံးဖြူသော ခုနစ်ပါးသော အဂီါတို့ဖြင့် မြေ၌တည်သော တန်ခိုးဖြင့် ပြည့်စုံသော ကောင်းကင်သို့ ပျံသွားနိုင်သော ဆဒ္ဒန်ဆင်မင်းသည် မြို့အလယ်၌ မပျော်မွေ့၊ စင်စစ်သော်ကား ဟိမဝန္တာတောဝယ် ဆဒ္ဒန်အိုင် တောအုပ်၌သာလျှင် ပျော်မွေ့သကဲ့သို့ ထိုအတူပင် ဤယောဂီတည်း

"မုဠိတုကမျတာဉာဏ်ပြဆိုချက်"

၄၅။ ထိုမှတစ်ပါးသော ဉာဏ်ဖြစ်ပုံကား ဤနိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့လျက် ပျင်းရိလျက် မပျော်မွေ့သော ဤအမျိုးသား၏ စိတ်သည် အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိ ခုနစ်ပါး သတ္တဝါသ ကိုးပါးတို့၌ တည်ကုန်သော (ခဏတိုင်းခဏတိုင်း) မပြတ် ပျက်စီးတတ်ကုန်သော သခါရတို့တွင် တခုသော သခါရ၌ သော်လည်း မကပ် မငြို မတွယ်၊ အလုံးစုံသော သခါရအပေါင်းမှ လွတ်မြောက်ခြင်းဌာ အလိုရှိ၏။ အဘယ်ကဲ့သို့နည်း ဟူမူ ဥပမာအားဖြင့် ပိုက်ကွန်အတွင်း၌ မိနေသောငါး၊ မြေ၏ခံတွင်းသို့ ရောက်နေသောဖါး၊ လျှောင်အိမ်ချုံင့်၌ ထည့်ထားသော တောကြက်၊ ခိုင်မြဲသောကျောက်ကွင်းဖြင့်ဖွဲ့မိနေသော သမင်၊ မြွေအလမွှါယ် ဆရာ၏ လက်သို့ရောက်နေသော မြွေ၊ ကြီးစွာသော ညွှန်အိုင်၌ ကျရောက်နေသောဆင်၊ ဂဠုန်၏ ခံတွင်းသို့ ရောက်နေသော နဂါးမင်း၊ ရာဟုခံတွင်းသို့ဝင်ရောက်နေသောလ၊ ရန်သူတို့ဝန်းရံထားသော ယောဂျား ဤသို့အစရှိသော ပုဂ္ဂိုလ်တို့သည် ထိုထို အန္ဒောင်အဖွဲ့ဘေးရန်မှ လွတ်မြောက် လိုက်ကုန်သည်သာလျှင် ထွက်မြောက်လိုကုန်သည်သာလျှင် ဖြစ်ကုန်သကဲ့သို့ ဤအတူပင် ထိုယောဂီ၏ စိတ်သည် အလုံးစုံသော သခါရ တရားအပေါင်းမှ လွတ်မြောက်ခြင်းဌာ အလိုရှိ၏။ ထိုအခါ၌ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော သခါရတို့၌ တွယ်တာခြင်း ကင်းလျက် အလုံးစုံသောသခါရ တရားအပေါင်းမှ လွတ်ခြင်းဌာ အလိုရှိသော ထိုယောဂီအား မုဠိတုကမျတာဉာဏ်သည် ဖြစ်ပေါ်၏။

မုဠိတုကမျတာဉာဏ်ပြီး၏။

×××××

(၂၀)သူသတ်သမား- မာရ်တို့၏ သတ်စရာအစာ ဖြစ်သော ကြောင့်ငင်း၊

(၂၁) ဖြစ်ခြင်း သဘောရှိသောကြောင့်ငင်း၊

(၂၂) အိုခြင်း သဘောရှိသောကြောင့်ငင်း၊

(၂၃) နာခြင်း သဘောရှိသောကြောင့်ငင်း၊

(၂၄) စိုးရိမ်ဖွယ်သဘော ဖြစ်သောကြောင့်ငင်း၊

(၂၅) ငိုကြွေးဖွယ် သဘောဖြစ်သောကြောင့်ငင်း၊

(၂၆) ပြင်းစွာ ပူပန်ဖွယ် သဘောဖြစ်သောကြောင့်ငင်း၊

(၂၇) ကိလေသာတို့၏ စွဲမြဲရာအာရုံသဘောဖြစ်သော ကြောင့်ငင်း- ဤသို့ အစရှိသော အကြောင်းတို့ကြောင့် ဆင်းရဲဟု ရှု၏။

၄၉။(၁) မနှစ်မြို့ဖွယ် ဖြစ်သောကြောင့်ငင်း၊

(၂) မကောင်းသောအနံ့ရှိသောကြောင့်ငင်း၊

(၃) စက်ဆုတ်ဖွယ် ဖြစ်သောကြောင့်ငင်း၊

(၄) ရွံရှာဖွယ်ဖြစ်သောကြောင့်ငင်း၊

(၅) တန်ဆာမဆင်ခြင်းဖြင့် တင့်တယ်မှု ပျက်စီးသောကြောင့်ငင်း၊

(၆) အဆင်းမလှသောကြောင့်ငင်း၊

(၇) အလွန်အမြင်ဆိုးသောကြောင့်ငင်း၊ ဤသို့ အစရှိသော အကြောင်းတို့ကြောင့် ဒုက္ခလက္ခဏာ၏ အခြံအရံဖြစ်သော အသုဘ-မတင့်တယ်သော အနေအားဖြင့် ရှု၏။

၅၀။ (၁) ပြင်ပသူစိမ်း ဖြစ်သောကြောင့်ငင်း၊

(၂) အတ္တမှ ကင်းသောကြောင့်ငင်း၊

“ပဋိသန္ဓိနုပဿနာဉာဏ်ပြဆို ချက်”

၄၆။ ဤဆိုခဲ့သည့်အတိုင်း အလုံးစုံသော ဘဝသုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိ ခုနစ်ပါး သတ္တဝါသကိုးပါးဌိတည်ကုန်သော (ခဏတိုင်းခဏတိုင်း) မပြတ်ပျက်စီး တတ်ကုန်သော သန်ါရအပေါင်းတို့မှ လွတ်မြောက်ခြင်းငှာ အလို ရှိသော ထိုယောဂီသည် အလုံးစုံသော သန်ါရအပေါင်းမှ လွတ်မြောက်ခြင်းငှာ ထိုသန်ါရတရား တို့ကိုပင်လျှင် ပဋိသန်ါနု ပဿနာဉာဏ်ဖြင့် လက္ခဏာသုံးပါးတင်၍ ဤဆိုလတံ့သော အခြင်းအရာဖြင့်တဖန် သိမ်းဆည်း၏။

၄၇။ ထိုယောဂီသည် အလုံးစုံသော သန်ါရတို့ကို

(၁) ပျက်ခြင်းဟူသော အဆုံးကို မလွန်နိုင်သောကြောင့် ၎င်း၊
(၂) အခိုက်အတန့်မျှတည်သောကြောင့်၎င်း
(၃) ဖြစ်ခြင်း ပျက်ခြင်းဖြင့် ပိုင်းခြား အပ်သောကြောင့် ၎င်း
(၄) အလွန်ပျက်သောကြောင့် ၎င်း၊
(၅) တုန်လှုပ်သောကြောင့် ၎င်း၊
(၆) ပျက်လွယ်သောကြောင့်၎င်း၊
(၇) မခိုင်ခံ့သောကြောင့်၎င်း၊
(၈) ဖောက်ပြန်ခြင်း သဘောရှိသောကြောင့်၎င်း၊
(၉) အနှစ်မရှိသောကြောင့် ၎င်း၊
(၁၀) ကြီးပွားစည်ပင်ခြင်း ကင်းသောကြောင့်၎င်း၊
(၁၁) ပေါင်းစု၍ ပြုစုအပ်သောကြောင့်၎င်း၊

(၁၂) သေခြင်းသဘောရှိသောကြောင့်၎င်း- ဤသို့ အစရှိသော အကြောင်းတို့ကြောင့် မမြဲဟု ရှု၏။

၄၈။(၁) မပြတ်နှိပ်စက်တတ်သောကြောင့်၎င်း၊
(၂) မခံသာသောကြောင့်၎င်း၊
(၃) ဆင်းရဲ၏ တည်ရာ ဝတ္ထုဖြစ်သောကြောင့်၎င်း၊
(၄) စွဲကပ်နေသောရောဂါနှင့်တူသောကြောင့်၎င်း၊
(၅) အိုင်းအမာနှင့် တူသောကြောင့်၎င်း၊
(၆) စူးဝင်နေသော ငြောင့်နှင့် တူသောကြောင့်၎င်း၊
(၇) မကောင်းမှုနှင့် တူသောကြောင့်၎င်း၊
(၈) ဖျားနာမှုနှင့် တူသောကြောင့်၎င်း၊
(၉) ဘေးရန်နှင့် တူသောကြောင့်၎င်း၊
(၁၀) ဥပဒ္ဒဝေါနှင့် တူသောကြောင့်၎င်း၊
(၁၁) ဘေးနှင့် တူသောကြောင့်၎င်း၊
(၁၂) ကပ်ငြိသော အနှောင့်အယှက်နှင့်တူသောကြောင့်၎င်း၊
(၁၃) မစောင့်ရှောက်တတ်သောကြောင့်၎င်း၊
(၁၄) ပုန်းအောင်းရာ မဟုတ်သောကြောင့်၎င်း၊
(၁၅) ကိုးကွယ်ရာ မဟုတ်သောကြောင့်၎င်း
(၁၆) အပြစ်အာဒီနာဝ ဖြစ်သောကြောင့်၎င်း၊
(၁၇) မကောင်းမှု၏ အမြစ်အရင်းဖြစ်သောကြောင့်၎င်း၊
(၁၈) သူသတ် ယောကျ်ားနှင့် တူသောကြောင့်၎င်း၊
(၁၉) အာသဝေါ၏ အာရုံ ဖြစ်သောကြောင့်၎င်း၊

"အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား သခ်ါရနိမိတ်ကို ၎င်း မပြတ်ဖြစ်သောဘဝအယဉ်ကို တဖန်သိ၍ ဉာဏ်သည် ဖြစ်ပေါ်၏။"ဟု ပဋိသမ္ဘိဒါမဂ် ၌ ဟောတော်မူအပ်၏။

၅၄။ ဤပါဠိ၌ နိမိတ်ကို တဖန်သိ၍ ဟူသည်ကား သခ်ါရနိမိတ်ကို "မခိုင်မြဲ, အခိုက်အတန့်မျှသာ တည်သည်"ဟု အနိစ္စလက္ခဏာ၏ အစွမ်းအားဖြင့် သိပြီး၍။

ဆက်၍ ရှင်းပြဦးအံ့- ရှေးဦးစွာ သိပြီး၍ ဉာဏ်သည် နောက်မှ ဖြစ်ပေါ်သည်ကား မဟုတ်ပေ။ သို့သော်လည်း "စိတ်နှလုံးကိုင်း သဘောအာရုံတို့ကိုင်း စွဲမှီ၍ မနောဝိဉာဏ်သည် ဖြစ်ပေါ်၏" ဤသို့ အစရှိသောစကားတို့ကဲ့သို့ ထိုအတူ ပြောရိုးပြောစဉ်၏ အစွမ်းအားဖြင့် ဆိုအပ်ပေသည်။ တနည်းကား ဧကတ္တနည်း အရအားဖြင့် ရှေးပဋိသန္ဓေဉာဏ်၏ သဘောကိုင်း နောက်ဉာဏ်၏ ဖြစ်ခြင်းကိုင်း တပေါင်းတည်းပြု၍ ဤသို့ဆိုသည်ဟုသိအပ်၏။ ဤနည်းဖြင့် ဤမှတပါးသော ပုဒ်၂ခုခု၌လည်း အနက်ကို သိအပ်၏။

ပဋိသန္ဓေနုပဿနာဉာဏ်ပြီး၏။

×××××

ဝိသုဒ္ဓိမဂ်ပြန်မာပြန်မှ–သန္ဓေကူးဉာဏ်ပြဆိုချက်

၅၅။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ပဋိသန္ဓေနုပဿနာဉာဏ်ဖြင့် "အလုံးစုံသော သခ်ါရတို့သည် (အတ္တမှ) ဆိတ်သုန်းကုန်၏"ဟု သိမ်းဆည်းပြီးလျှင် တဖန် "ဤသခ်ါရတရား

(၃) အချည်းနှီး ဖြစ်သောကြောင့်၎င်း၊
(၄) အတ္တမှဆိတ်သုန်းသောကြောင့်၎င်း၊
(၅) ပိုင်ရှင်မရှိသောကြောင့်၎င်း၊
(၆) အစိုးမရသောကြောင့်၎င်း၊
(၇) အလိုအတိုင်းမဖြစ်သောကြောင့်၎င်း၊ ဤသို့အစ ရှိသော အကြောင်းတို့ကြောင့် အတ္တမဟုတ် အတ္တမရှိဟု ရှု၏။

၅၁။ ဤဆိုခဲ့သည်အတိုင်း ရှုမြင်သော ဤယောဂီသည် လက္ခဏာသုံးပါးတင်၍ သခ်ါရတို့ကို ရှုအပ်ပြီး ဖြစ်လေတော့၏။ ဤယောဂီသည် ထိုသခ်ါရတို့ကို အဘယ်ကြောင့် ဤသို့ သိမ်းဆည်းသနည်း ဟူမူ. . . သခ်ါရတို့ကို စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြည့်စုံစေခြင်း အကျိုးငှာ သိမ်းဆည်းပေသည်။ ထိုသို့ သိမ်းဆည်းရာ၌ အောက်ပါမှာ ဥပမာပေတည်း-

ယောကျ်ားတစ်ယောက်သည် "ငါးဖမ်းအံ့" ဟုကြံ၍ ငါးမြှားကိုယူ၍ ရေထဲသို့ ချလျက်ထောင်ထားသတတ်၊ ထိုယောကျ်ားသည် မြှားဝဖြင့် လက်ကိုချသွင်း၍ ရေထဲ၌မွှေကို လည်ပင်း၌ကိုင်၍ "ငါသည် ငါးကိုဖမ်းမိပြီ" ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ ထိုယောကျ်ားသည် "ကြီးစွာသောငါးကို ငါရပေစွတကား" ဟု ရေပေါ်သို့မြောက်တင်၍ ကြည့်လတ်သော် လည်ရေးသုံးဆင့်ကိုမြင်သဖြင့် မွှေဟုသိရသောကြောင့် ကြောက်လန့်လျက် အပြစ်မြင်၍ ဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့လျက် လွှတ်လိုသည်ဖြစ်၍ လွှတ်ခြင်း၏ ပြီးစီးကြောင်းနည်းလမ်းကို ပြုလျက် (မွှေရစ်ပတ်ထားသော) လက်ကို

အမြီးမှစ၍ ဖြေပြီးလျှင် လက်ရုံးကို မြှောက်၍ ခေါင်းပေါ်၌နှစ်ကြိမ် သုံးကြိမ် (နှစ်ပတ် သုံးပတ်) ဝှေ့ရမ်း လှည့်ပတ်လျက် မြွေကိုအားနည်း အောင်ပြု၍ "သွားရော့ဟဲ့ မြွေဆိုး" ဟု စွန့်လွှတ်ပြီးလျှင် လျင်မြန်သော အဟုန်ဖြင့် ကန်ဘောင်ရိုး ပေါ်သို့တက်၍ "အချင်းတို့ ကြီးစွာသော မြွေခံတွင်းမှ လွတ်မြောက်ပေပြီတကား" ဟု လာခဲ့ရာလမ်းကို မျှော်ကြည့်လျက် ရပ်တည်နေလေ၏။

၅၂။ ဤဥပမာ၌ ငါးဟုထင်မှတ်၍ မြွေကိုလည်ပင်း၌ ဆုပ်ကိုင် လျက် ထိုယောဂျား၏ အားရဝမ်းမြောက်သော ကာလကဲ့သို့ အတ္တဘော ခန္ဓာကိုယ်ကို ရ၍ အစကတည်းကပင် လျှင် ဤယောဂီ၏ အားရ ဝမ်းမြောက်ခဲ့သော ကာလကို မှတ်အပ်၏။

မြို့ဝမှ မြွေခေါင်းကို ထုတ်ဆောင်၍ လည်ရေးသုံးဆင့်ကို ထိုယောဂျား၏ မြင်ခြင်းကဲ့သို့ ဤယောဂီ၏ ဃနပညတ်ကို ခွဲဖျက်ပြီးလျှင် သခ်ါရတို့၌ လက္ခဏာသုံးပါး ရှုမြင်ခြင်းကို မှတ်အပ်၏။

ထိုယောဂျား၏ ကြောက်ရွံ့သောကာလကဲ့သို့ ဤယောဂီ၏ ကြောက်မက်ဖွယ်အနေအားဖြင့် ထင်သော ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏။

ထိုနောက် (ထိုယောဂျား၏) အပြစ်မြင်ခြင်းကဲ့သို့ (ဤယောဂီ ၏) အပြစ်မြင်သော အာဒီနဝါနုပဿနာဉာဏ်ကို မှတ်အပ်၏။

(ထိုယောဂျား၏) မြွေကိုဆုပ်ကိုင်ထားခြင်း၌ ငြီးငွေ့ခြင်း ကဲ့သို့ (ဤယောဂီ၏) ငြီးငွေ့လျက်ရှိသော နိဗ္ဗိဒါနုပဿနာ ဉာဏ်ကို မှတ်အပ်၏။

(ထိုယောဂျား၏) မြွေကို လွှတ်လိုခြင်းကဲ့သို့ (ဤယောဂီ ၏) သခ်ါရတို့ကို လွှတ်လိုလျက်ဖြစ်သော မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။

လွှတ်ခြင်း၏ ပြီးဆုံးကြောင်းနည်းလမ်းကို (ထိုယောဂျား ၏) ပြုခြင်းကဲ့သို့ (ဤယောဂီ၏) တဖန်သိလျက်ရှိသော ပဋိသခ်ါ နုပဿနာဉာဏ်ဖြင့် သခ်ါရတို့၌ လက္ခဏာသုံးပါးတင်ခြင်းကို မှတ်အပ်၏။

ထိုယောဂျားသည် မြွေကိုဝှေ့ရမ်းလည့်ပတ်လျက် အားနည်းအောင်ပြု၍ ပြန်လှည့်၍ မကိုက်နိုင်သည်၏ အဖြစ်သို့ ရောက်စေ၍ ကောင်းစွာလွှတ်ခြင်းဖြင့် လွှတ်လိုက်သကဲ့သို့ ထိုအတူ ဤယောဂီသည် လက္ခဏာသုံးပါး တင်ခြင်းဖြင့် သခ်ါရတို့ကို ဝှေ့ရမ်း လှည့်ပတ် (သကဲ့သို့ပြု) လျက်အားနည်းအောင် ပြု၍ မြဲသော အခြင်းအရာ ၊ ချမ်းသာသော အခြင်းအရာ၊ တင့်တယ်သော အခြင်းအရာ၊ အတ္တကောင် အခြင်းအရာအားဖြင့် တဖန် မထင်ပေါ် နိုင်သည်၏ အဖြစ်သို့ရောက်စေ၍ ကောင်းစွာ လွှတ်ခြင်းဖြင့် လွှတ်၏။ ထို့ကြောင့် "လွှတ်ခြင်း၏ ပြီးစီးကြောင်း နည်းလမ်းကို ပြည့်စုံစေခြင်းငှါ ဤသို့ သိမ်းဆည်းသည်" ဟု ငါဆိုခဲ့ပေသည်။

၅၃။ ဤမျှ (အားထုတ်ခဲ့သော ဘာဝနာအစီအရင်) ဖြင့် ထိုယောဂီအား ပဋိသခ်ါဉာဏ် ဖြစ်ပေါ်ပြီဟု မှတ်အပ်၏။

ယင်း ပဋိသခ်ါဉာဏ် ကိုရည်၍ မမြဲဟု နှလုံးသွင်းသောသူအား အဘယ်သို့ တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်သနည်း။ ဆင်းရဲဟု၊ အတ္တမဟုတ်ဟု နှလုံးသွင်းသောသူအား အဘယ်ကို တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်သနည်းဟူမူ--မမြဲဟု နှလုံးသွင်းသော သူအား (သခ်ါရ) နိမိတ်ကို တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်၏။ ဆင်းရဲဟု နှလုံးသွင်းသောသူအား မပြတ်ဖြစ်သော ဘဝအယဉ်ကို တဖန်သိ၍ ဉာဏ်သည်ဖြစ်ပေါ်၏။

၎င်း၊ အမြဲတန်းတည်ရှိခြင်းဖြင့်၎င်း၊ မဖောက်ပြန်ခြင်း သဘော အားဖြင့် ၎င်း၊ အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်း၏။

ဝေဒနာသည် သညာသည် သင်္ခါရတို့သည် ဝိညာဏ်သည် မျက်စိသည် အိုခြင်းသေခြင်းသည် မြဲသောအနှစ်ဟူသော အနှစ်အားဖြင့်၎င်း၊ မဖောက်ပြန်ခြင်းသဘောအားဖြင့်၎င်း အနှစ် မဟုတ် အနှစ်မရှိ အနှစ်ကင်း၏။

ဥပမာအားဖြင့် ကျွဲသည် အနှစ်မဟုတ် အနှစ်မရှိ အနှစ် ကင်းသကဲ့သို့၎င်း၊ ကြက်ဆူသည် ရေသဖန်းသည် ရေခဲတိုက် ဖြူ သည် ပေါက်ပင်သည် ရေမြူပ်ဆိုင်သည် ရေပွက်သည် တံလှပ်သည် ဌက်ပျောတုံးသည် မျက်လှည့် (ပြအပ်သော အရာ) သည် အနှစ် မဟုတ် အနှစ်မရှိ အနှစ်ကင်းသကဲ့သို့၎င်း၊ ဤအတူပင် ရုပ်သည် အိုခြင်းသေခြင်းသည် မြဲသောအနှစ် ဟူသော အနှစ်အားဖြင့်၎င်း၊ မဖောက်ပြန်ခြင်းသဘောအားဖြင့်၎င်း အနှစ်မဟုတ် အနှစ်မရှိ အနှစ်ကင်းသည်ဟု သိမ်းဆည်း၏။

သင်္ခါရုပေက္ခာဉာဏ်အဆက်–

၅၉။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ရှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုန်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် **ဆယ်ပါးသောအခြင်းအရာ**တို့ဖြင့် သိမ်းဆည်းပြန်၏။ (သိမ်းဆည်း ပုံကား) (၁) ရုပ်ကို (အနှစ်မှ) ကင်းသည်ဟု ရှု၏။ (၂) အချည်းနှီးဟု၊ (၃)ဆိတ်သုန်းသည်ဟု၊ (၄)အတ္တမဟုတ်၊ (၅) အစိုးမရဟု၊

အပေါင်းသည် အတ္တ(အဖြစ်)မှ၎င်း အတ္တ၏ဥစ္စာ (အဖြစ်)မှ၎င်း ဆိတ်သုန်း၏” ဟုအဖို့နှစ်ပါးနှင့် စပ်ဆိုင်သော ဆိတ်သုန်းခြင်းကို သိမ်းဆည်း ပြန်၏။

ထိုယောဂီသည် ဤသို့ သိမ်းဆည်းခြင်းဖြင့် မိမိဟူသော အတ္တကိုလည်း မမြင်မူ၍သာလျှင်၊ မိမိ၏ အသုံးအဆောင် အခြံ အရံအဖြစ်၌ တည်သော တစုံတခုသော သူတပါးကိုလည်း မမြင် မူ၍သာလျှင် တဖန်“အတ္တကောင်ဟူခေါ်သော ငါသည်အဘယ် မှာမျှမရှိ၊ တစုံတယောက်၏မျှ ကြောင့်ကြဖွယ်၏ အဖြစ်၌မရှိ၊ (တစုံတယောက်၏မျှ တစုံတရာမျှ စပ်ဆိုင်သူ မဟုတ်)၊ (သူတပါးဟူသောအတ္တကောင်သည်) အဘယ်မှာမျှမရှိ၊ (ထိုသူ တပါးသည်) တစုံတခုသော အကြောင်းကြောင့်မျှ ငါ၏ကြောင့် ကြဖွယ်၏ အဖြစ်၌မရှိ၊ (ငါ၏ တစုံတရာမျှ စပ်ဆိုင်သူမဟုတ်)“ ဟူ၍ ဤ (သုညတာ နုပဿနာအရာ)၌ ဟောထားသော အဖို့ လေးပါး နှင့်စပ်ဆိုင်သော(အတ္တမှ) ဆိတ်သုန်းခြင်းကို သိမ်းဆည်းပြန်၏။

၅၆။ အဘယ်သို့နည်းဟူမူ. .

(၁) ဤယောဂီသည် “နာဟံကွစနိ-ငါသည်အဘယ်မှမျှမရှိ” ဟူသောပါဠိအရ တစုံတခုသောအရပ်၌မျှ မိမိကိုယ် (အတ္တ)ကိုမမြင်၊

(၂) “ကဿစိ ကိဉ္စနတသ္မိ- တစုံတယောက်၏မျှ ကြောင့်ကြဖွယ်၏ အဖြစ်၌မရှိ” ဟူသောပါဠိအရ မိမိကိုယ်ကို တစုံတယောက်သော သူတပါး၏ ကြောင့်ကြဖွယ်၏ အဖြစ်၌ ဆောင်ထားသင့်သည်ကိုမမြင်၊

(၃) ညီအကိုဟု ထင်မှတ်၍ ညီအကို၏အရာ၌သော်၎င်း၊

သူငယ်ချင်းမိတ်ဆွေဟု ထင်မှတ်၍ သူငယ်ချင်းမိတ်ဆွေ၏အရာ၌ သော်၎င်း၊ အသုံးအဆောင်ဟုထင်မှတ်၍ အသုံးအဆောင်အရာ၌ သော်၎င်း ဆောင်ထားသင့်သည်ကို မမြင်-ဤကား ဆိုလိုသောအနက်။

"နစမမကွစနိ-ငါ၏ အဘယ်မှမျှမရှိ" ဟူသောပါဠိ၌ "မမ-ငါ၏"ဟူသောပုဒ်ကို ဖယ်ထား၍ "နစကွစနိ- အဘယ်မှာ မျှမရှိ" ဟူသော ပါဠိအရ သူတပါး၏ အတ္တကိုလည်း အဘယ်မှာမျှ မမြင်၊ ဤကား ဆိုလိုသောအနက်။

ယခုအခါဖယ်ထားခဲ့သော "မမ-ငါ၏" ဟူသောပုဒ်ကို ဆောင်ယူ၍ "မမကိသ္မိဉ္စိ ကိဉ္စနတတ္ထိ" ဟူသော ပါဠိအရ သူတပါး၏ အတ္တသည် ငါ၏ တစုံတခုသော ကြောင့်ကြဖွယ်၏ အဖြစ်၌ ရှိသည်ဟုမမြင်၊

ညီအကိုဟု ထင်မှတ်၍ မိမိ၏ ညီအကိုအရာ၌သော်၎င်း အသုံးအဆောင်ဟု ထင်မှတ်၍ သူငယ်ချင်းမိတ်ဆွေဟု ထင်မှတ်၍ သူငယ်ချင်းမိတ်ဆွေ အရာ၌၎င်း၊ အသုံးအဆောင်ဟု ထင်မှတ်၍ အသုံးအဆောင်အရာ၌ သော်၎င်း -ဤသို့တစုံတခု သောအရာ၌ သူတပါး၏ အတ္တကို ဤ(မိမိ၏) ကြောင့်ကြဖွယ်၏ အဖြစ်ဖြင့် ဆောင်သင့်ဆောင်ထိုက်သည်ကို မမြင်- ဤကား ဆိုလိုသောအနက်။

ဤသို့လျှင် ဤယောဂီသည် တစုံတခုသောအရပ် ကာလတရားထဲ၌ မိမိကိုယ်ဟူသော အတ္တကို မမြင်သည်သာတည်း။ ထိုမိမိကိုယ်ကို သူတပါး၏ ကြောင့်ကြဖွယ်အဖြစ်၌ ဆောင်သင့်ဆောင်ထိုက်သည်ကို မမြင်သည်သာတည်း။ ထို့ကြောင့် ဤယောဂီသည် အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ) ဆိတ်သုန်းခြင်းကို သိမ်းဆည်း(အပ်)ပြီး ဖြစ်လေ၏။

၅၇။ ဤဆိုခဲ့သည့်အတိုင်း အဖို့လေးပါးနှင့် စပ်ဆိုင်သော (အတ္တမှ) ဆိတ်သုန်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုန်းခြင်းကို သိမ်းဆည်းပြန်၏။

အဘယ်သို့နည်းဟူမူ. . . မျက်စိသည် အတ္တ(အဖြစ်)မှ သော်၎င်း အတ္တ၏ဥစ္စာ (အဖြစ်)မှသော်၎င်း မြဲခြင်းမှသော်၎င်း၊ ခိုင်ခဲ့ခြင်းမှသော်၎င်း၊ ထာဝရတည်ရှိခြင်းမှသော်၎င်း၊ မဖော်ပြန်ခြင်း သဘောမှသော်၎င်း၊ ဆိတ်သုန်း၏။

စိတ်နှလုံးသည် အတ္တ(အဖြစ်)မှသော်၎င်း. . ဆိတ်သုန်း၏။
အဆင်းတို့သည် အတ္တ(အဖြစ်)မှသော်၎င်း. . ဆိတ်သုန်း၏။
သဘောအာရုံတို့သည် အတ္တ(အဖြစ်)မှသော်၎င်း. ဆိတ်သုန်း၏။
စက္ခုဝိဉာဏ်သည်
မနောဝိဉာဏ်သည်

မြင်တွေ့မှု-စက္ခုသမ္ဖဿသည်-ဤသို့အစရှိသောနည်းဖြင့် အိုခြင်းသေခြင်း- ဇရာမရဏတိုင်အောင် သိမ်းဆည်းပုံနည်းကို ဆောင်၍ သိအပ်၏။

၅၈။ ဤဆိုခဲ့သည့်အတိုင်း ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုန်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန်ရှစ်ပါးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်းပြန်၏။

သိမ်းဆည်းပုံကား. . ရုပ်သည် မြဲသော အနှစ်ဟူသော အနှစ်အားဖြင့်၎င်း၊ ခိုင်ခဲ့သောအနှစ်ဟူသော အနှစ်အားဖြင့်၎င်း၊ ချမ်းသာသော အနှစ်ဟူသော အနှစ်အားဖြင့်၎င်း၊ အတ္တကောင်အနှစ်ဟူသော အနှစ်အားဖြင့်၎င်း၊ မြဲခြင်းဖြင့်၎င်း၊ ခိုင်ခဲ့ခြင်းဖြင့်

နှလုံးမသာဖြစ်ရာ၏။ အတိုင်းထက် အလွန် နှလုံးမသာခြင်း စိတ်ဆင်းရဲခြင်းကို ခံစားရရာ၏။ ထိုယောကျ်ားသည် အခါတစ်ပါး၌ မယားဖြစ်သော ထိုမိန်းမ၏ အပြစ်ဒေါသကိုမြင်သောကြောင့် (ထိုမိန်းမမှ) ကင်းလွတ်လိုသည်ဖြစ်၍ ထိုမိန်းမကို ကွာရှင်း စွန့်လွှတ်လိုက်ရာ၏။ ထိုမိန်းမကို ငါ၏မယားဟူ၍ မမှတ်ယူတော့ဘဲ ရှိလေရာ၏။ ထိုအခါမှစ၍ ထိုမိန်းမသည် တစုံတယောက်သော ယောကျ်ားနှင့် အတူတကွ တစုံတခုသော အမှုကို ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လည်း အမျက်မထွက်တော့ လေရာ ၊ နှလုံးမသာခြင်းသို့ မရောက်တော့လေရာ၊ စင်စစ်အားဖြင့် လျစ်လျူရှုလျက် အလယ်အလတ်သဘော ရှိသည်သာလျှင် ဖြစ်လေရာ၏။ ထို့အတူပင် ဤယောဂီပုဂ္ဂိုလ်သည် အလုံးစုံသော သခါရတို့မှ လွတ်မြောက်လိုသည် ဖြစ်၍ ပဋိသခါနုပဿနာဖြင့် သခါရတို့ကို သိမ်းဆည်းလျက် ငါဟူ၍ငှင်း၊ ငါ၏ဥစ္စာဟူ၍ငှင်း မှတ်ယူဖွယ်ကို မမြင်သောကြောင့် ကြောက်ခြင်းကိုငှင်း၊ နှစ်သက်ခြင်း ကိုငှင်း၊ ပယ်ဂွစွန့်၍ အလုံးစုံသော သခါရတို့၌ လျစ်လျူရှုလျက် အလယ်အလတ်သဘော ရှိသည်သာလျှင် ဖြစ်လေတော့၏။

၆၆။ ဤသို့သိလျက် ဤသို့မြင်သော ထိုယောဂီ၏စိတ်သည် သုံးပါးသော ဘဝတို့၌ငှင်း၊ လေးပါးသော ယောနိတို့၌ငှင်း၊ ငါးပါးသော ဂတိတို့၌ငှင်း၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့၌ငှင်း၊ ကိုးပါးသော သတ္တဝါသတို့၌ငှင်း၊ တွန့်၏ ရှုံ့၏။ ပြန်နစ်၏ ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည်သော်ငှင်း၊ စက်ဆုတ်သည်၏ အဖြစ် (စက်ဆုပ်ခြင်း) သည်သော်ငှင်း ကောင်းစွာတည်၏။

(၆)အလိုရှိတိုင်းမပြုနိုင်ဟု၊ (၇)တောင့်တတိုင်းမရနိုင်ဟု၊ (၈)အလိုအတိုင်း မဖြစ်ဟု၊ (၉) ပြင်ပသူစိမ်းဟု၊ (၁၀)ကင်းဆိတ်သည်ဟု ရှု၏။ ဝေဒနာကို ဝိညာဏ်ကို (အနှစ်မှ) ကင်းသည်ဟု ကင်းဆိတ်သည်ဟု ရှု၏။

၆၀။ ဤဆိုခဲ့သည်အတိုင်း ဆယ်ပါးသော အခြင်းအရာ တို့ဖြင့် ဆိတ်သုန်းခြင်းကို တဖန် **တဆယ့်နှစ်ပါးသော အခြင်းအရာ** တို့ဖြင့် သိမ်းဆည်းပြန်၏။

သိမ်းဆည်းပုံကား (၁) ရုပ်သည် သတ္တဝါမဟုတ်၊ (၂) အသက်မဟုတ်၊ (၃) လူမဟုတ်၊ (၄) လုလင်မဟုတ်၊ (၅) မိန်းမ မဟုတ်၊ (၆) ယောကျ်ားမဟုတ်၊ (၇) အတ္တမဟုတ်၊ (၈) အတ္တ၏ ဥစ္စာမဟုတ်၊ (၉)ငါမဟုတ်၊ (၁၀)ငါ၏ဥစ္စာမဟုတ်၊ (၁၁)သူတပါး၏ ဥစ္စာမဟုတ်၊ (၁၂)တစုံတယောက်၏မျှ ဥစ္စာမဟုတ်၊ ဝေဒနာသည် ဝိညာဏ်သည် သတ္တဝါမဟုတ် ။ပ။ တစုံတယောက်၏မျှ ဥစ္စာမဟုတ်ဟု ရှု၏။

၆၁။ ဤဆိုခဲ့သည် အတိုင်းတဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုန်းခြင်းကို သိမ်းဆည်းပြီးလျှင် တဖန် တိရဏပရိညာ၏ အစွမ်းအားဖြင့် **လေးဆယ့်နှစ်ပါးသော အခြင်းအရာတို့ဖြင့် ဆိတ်သုန်းခြင်းကို** သိမ်းဆည်းပြန်၏။

သိမ်းဆည်းပုံကား။ ။ ။ ရုပ်ကိုမမြဲဟု ရှု၏။ ဆင်းရဲဟု၊ ရောဂါ ဟု၊ အိုင်းအမာဟု၊ ငြောင့်ဟု၊ မကောင်းမှုဟု၊ အဖျားအနာဟု၊ ပြင်ပသူစိမ်းဟု၊ အလွန်ပျက်သည်ဟု၊ (၁၀)ဘေးရန်ဟု၊ ဥပဒ္ဒဝေါဟု၊ ကြောက်ဖွယ်ဘေးဟု၊ ငြိကပ်သောအနှောင့်အယှက်ဟု၊ တုန်လှုပ်

သည်ဟု၊ ပျက်လွယ်သည်ဟု၊ မခိုင်မာဟု၊ မစောင့်ရှောက်တတ်ဟု၊ ပုန်းအောင်းရာမဟုတ်ဟု၊ ဘေးကို မပယ်သတ်တတ်ဟု၊ (၂၀) ကိုးကွယ်ရာမဟုတ်ဟု၊ အတ္တမှ ကင်းသည်ဟု၊ အချည်းနှီးဟု၊ ဆိတ်သုန်းသည်ဟု၊ အတ္တမဟုတ်ဟု၊ သာယာဖွယ်မဟုတ်ဟု၊ အပြစ်ဟု၊ ဖောက်ပြန်ခြင်းသဘောရှိသည်ဟု၊ အနှစ်မရှိဟု၊ မကောင်းမှု၏ အမြစ်အရင်းဟု။ (၃၀) သတ်တတ်သည်ဟု၊ ကြီးပွားစည်ပင်ခြင်း ကင်းသည်ဟု၊ အာသဝေါတရားတို့၏ အာရုံဟု၊ ပေါင်းစု၍ ပြုအပ်သော သခ်ါရတရားဟု။ သူသတ်သမား-မာရ်တို့၏ သတ်စရာ အစာဟု၊ ဖြစ်ခြင်းသဘောရှိသည်ဟု၊ အိုခြင်း သဘောရှိသည်ဟု၊ နာခြင်း သဘောရှိသည်ဟု၊ သေခြင်း သဘောရှိသည်ဟု၊ စိုးရိမ်ခြင်း ငိုကြွေးခြင်း ဆင်းရဲခြင်း နှလုံးမသာခြင်း ပြင်းစွာပူပန်ခြင်း သဘောရှိသည်ဟု (၄၀)ဖြစ်ခြင်းအားဖြင့်၊ ချုပ်ခြင်းအားဖြင့်၊ သာယာဖွယ် အဿဒ အားဖြင့်၊ အပြစ် အာဒီနဝ အားဖြင့်၊ ထွက်မြောက်ခြင်း အားဖြင့်ရှု၏။ ဝေဒနာကို ။ပ။ ဝိညာဏ်ကို မမြဲသော အားဖြင့် ။ပ။ ထွက်မြောက်ခြင်း အားဖြင့်ရှု၏။

၆၂။ မှန်ပေ၏- ရုပ်ကိုမမြဲသောအားဖြင့်၊ ထွက်မြောက်ခြင်း အားဖြင့်ရှုသော သူသည် ခန္ဓာငါးပါးဟူသော လောကကို ဆိတ်သုန်းသော အားဖြင့်ရှုသည် မည်၏။ ဝေဒနာကို ဝိညာဏ်ကို မမြဲသောအားဖြင့်။ပ။ထွက်မြောက်ခြင်း အားဖြင့်ရှုသောသူသည် ခန္ဓာငါးပါးဟူသော လောကကို ဆိတ်သုန်းသောအားဖြင့်ရှုသည် မည်၏။

၆၃။ သင်သည် အခါခပ်သိမ်း အမှတ်ရသည်ဖြစ်၍ (ခန္ဓာအစရှိသော) လောကကို (အတ္တမှ) ဆိတ်သုန်းသော အားဖြင့် ရှုလော့၊ ဤသို့ရှုလျှင် အတ္တသို့အစဉ်လိုက်သော အမြင်မှားကို ပယ်နုတ်၍ သေခြင်းကိုကျော်လွန်နိုင်၏။ လောကကို ဤသို့ (ဆိတ်သုန်းသော အားဖြင့်) ရှုမြင်သောသူကို သေမင်းသည် မတွေ့မမြင်တော့ပြီ-ဟူသော ဤစကားကို ဟောတော်မူ၏။

၆၄။ ဤဆိုခဲ့သည့်အတိုင်း ဆိတ်သုန်းသော အားဖြင့် ရှုလျက် လက္ခဏာသုံးပါးတင်၍ သခ်ါရတို့ကို သိမ်းဆည်းသော ယောဂီသည်ကြောက်ခြင်းကိုငဲ့၊ နှစ်သက်ခြင်းကိုငဲ့၊ ပယ်၍ သခ်ါရတို့ဖြစ် လျစ်လျူရှုလျက် အလယ်အလတ် သဘောရှိသည် သာလျှင် ဖြစ်လေ၏။ ငါဟူ၍ငဲ့၊ ငါ၏ဥစ္စာဟူ၍ငဲ့၊ မစွဲလမ်း တော့ပြီ၊ အဘယ်ကဲ့သို့နည်းဟူမူ။ ။ ။ မယားကို စွန့်လွှတ်ပြီးသော ယောကျ်ားကဲ့သို့တည်း။

၆၅။ ဥပမာအားဖြင့် ယောကျ်ားတစ်ယောက်အား လိုလားနှစ်သက်အပ် မြတ်နိုးအပ်သော မယားသည်ရှိ၏။ ထိုယောကျ်ား သည် ထိုမယားဖြဈ်သူနှင့်ခွဲခွါ၍ တမုဟုတ်မျှသော်လည်း နေခြင်းငှါ မစွမ်းနိုင်ရာ၊ ထိုမယားဖြစ်သူကို အလွန်ပင် မြတ်နိုးရာ၏။ ထိုယောကျ်ားသည် ထိုမယားဖြစ်သော ထိုမိန်းမကို တပါးသော ယောကျ်ားနှင့်အတူတကွ ရပ်နေသည်ကိုဖြစ်စေ၊ ထိုင်နေသည်ကို ဖြစ်စေ၊ ပြောဆိုနေသည်ကို ဖြစ်စေ၊ ရယ်ရွှင်နေသည်ကိုဖြစ်စေ၊ မြင်လျက် အမျက်ထွက်လျက်

အားဖြင့် ကောင်းစွာ အဖန်တလဲလဲ ရှုရန်အလို့ငှာ ၎င်း၊ သုည တမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာ၎င်း ဖြစ်ကုန်၏။ ဤသုံးပါးသော ဝိမောက္ခမုခတို့သည် လောကမှ ထွက်မြောက်ရန် အလို့ငှာ ဖြစ်ကုန်၏။" ဟုဟောထားပေ၏။

၇၁။ ထိုပါဠိ၌ **ပရိစ္ဆေဒ ပရိဝဋ္ဋမတော အပိုင်းအခြားနှင့် နယ်ဆုံး အကန့်အသတ်အားဖြင့်** ဟူသည်ကား ဖြစ်ခြင်းပျက်ခြင်း၏ အစွမ်းအားဖြင့် အပိုင်းအခြားအားဖြင့်၎င်း၊ နယ်ဆုံးအကန့်အသတ် အားဖြင့်၎င်း၊ အနိစ္စာနုပဿနာသည် "ဖြစ်ခြင်းမှရှေး၌ (မဖြစ်မီ ကာလက) သခါရတို့သည် မရှိကုန်သေး" ဟု ပိုင်းခြား၍ ထို သခါရတို့၏ (ပြီးစီးခြင်းဟူသော) အသွားအလာကို အစဉ်လိုက်၍ ဆင်ခြင်လျက် "ပျက်ခြင်းမှ နောက်သို့မသွားကုန်"၊ ဤပျက်ခြင်း၌ သာလျှင် ကွယ်ပျောက်ကုန်၏"ဟု နယ်ဆုံးအကန့်အသတ်အားဖြင့် အဖန်တလဲလဲရှု၏။ **မနောသမုတ္တေဇနတာယ- စိတ်နှလုံးကို ကောင်းစွာထက်စေ ခြင်းငှာ** ဟူသည်ကား စိတ်ကို ထိတ်လန့် စေသည်အဖြစ် (ထိတ်လန့်စေရန်)အလို့ငှာ။ မှန်ပေ၏။ ဒုက္ခာ နုပ ဿနာဖြင့် သခါရတို့၌ စိတ်ကိုထိတ်လန့်စေ၏။ **ပြင်ပသူစိမ်း အနေ အားဖြင့် ကောင်းစွာ အဖန်တလဲလဲရှုရန်အလို့ငှာ** ဟူသည်ကား ငါမဟုတ် ငါ၏ဥစ္စာမဟုတ်ဟု ဤသို့ အတ္တမဟုတ်သော အားဖြင့် ကောင်းစွာ အဖန်တလဲလဲရှုရန်အလို့ငှာ။ ဤသို့လျှင် ဤသုံးပါးသော ပုဒ်တို့ကို အနိစ္စာနုပဿနာ စသည်တို့၏ အစွမ်းအားဖြင့် ဟောထား သည်ဟု သိအပ်ကုန်၏။ ထို့ကြောင့်ပင်လျှင် ထိုပါဠိ၏ အခြားမဲ့၌ ပြဿနာ တို့ကို ဖြေရာတွင်-

ဥပမာအားဖြင့် စဉ်းငယ် ကိုင်းရှိုင်းသော ကြာဖတ်ပေါ်၌ ရေပေါက်တို့သည် တွန့်ကုန် ရှံ့ကုန် ပြန်နစ်ကုန်လျက် ပြန့်၍ မသွားကုန်သကဲ့သို့ ထို့အတူပင်လျှင်။ ပ။တနည်းဥပမာအားဖြင့် မီးထဲ၌ ထည့်လိုက်သော ကြက်တောင်သည်၎င်း၊ အကြောတုံးသည်၎င်း၊ တွန့်လျက် ရှံ့လျက် ပြန်နစ်လျက် ပြန့်၍ မသွားသကဲ့သို့ ထို့အတူပင်လျှင် ထိုယောဂီ၏စိတ်သည် သုံးပါးသောဘဝတို့၌၎င်း။ ပ။ပြန့်၍မသွား၊ လျစ်လျူရှုခြင်း သည်သော်၎င်း၊ စက်ဆုတ်သည်၏ အဖြစ်သည်သော်၎င်း ကောင်းစွာတည်၏။ ဤသို့ဖြစ်လျှင် ထိုယောဂီအား သခါရတို့၌ လျစ်လျူရှုသောကြောင့် **သခါရုပေက္ခာ** မည်သော **ဉာဏ်**သည် ဖြစ်ပြီဟု သိအပ်၏။

၆၇။ ထို သခါရုပေက္ခာမည်သော ဤဉာဏ်သည် ငြိမ်းအေးရာ ဖြစ်သော နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မြင်ငြားအံ့၊ (ဤသို့မြင်လျှင်) အလုံးစုံသော သခါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်-အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ နိဗ္ဗာန်-အငြိမ်းဓာတ်ကို ငြိမ်းအေးသောအားဖြင့် အကယ်၍ မမြင်သေးငြားအံ့၊ (ထို သို့ မမြင်သေးလျှင်) သခါရကိုသာ အာရုံပြု လျက်(ရှုလျက်) အဖန် တလဲလဲ ဖြစ်ပေါ်နေ၏။ (အဘယ်ကဲ့သို့ နည်းဟူမူ) ပင်လယ် ခရီးသည်တို့၏ အရပ်မျက်နှာ ထောက်လှမ်း ရေး ကျိုးကဲ့သို့တည်း။ တဆင့် စကား ကြားရသည်မှာ . . . ပင်လယ်ခရီး သည်ဖြစ်သောကုန်သည် တို့သည် ပင်လယ်ကူး သင်္ဘောကို တက်စီး (၍ ပင်လယ် ခရီးသွား) ကုန်လတ်သော် ဒိသာကာကခေါ် အရပ်

မျက်နှာ ထောက်လှမ်းရေး ကျိုးကို ယူဆောင်သွားကုန် သတတ်၊ ထိုပင်လယ် ခရီးသည်တို့သည် လေမုန်တိုင်း တိုက်လွှင့် သောကြောင့် သင်္ဘောသည် မရောက်ဘူးသော အရပ်တပါး သို့ ပြေးလွှားသဖြင့် ကမ်းကိုမမြင်ရ မမှန်းဆနိုင်သောအခါ (ယူဆောင် လာခဲ့သော) အရပ်မျက်နှာ ထောက်လှမ်းရေးကျိုးကို လွှတ်ကုန်၏။ ထိုကျိုးသည် လင်းယဉ်တိုင် အဖျားမှ ကောင်းကင်သို့ ပျံတက် ပြီးလျှင် အလုံးစုံသော တူရွှအရပ် မျက်နှာတို့ကိုငှင်း၊ အထောင့် အရပ်မျက်နှာ တို့ကို ငှင်း၊ အစဉ်အတိုင်း လှည့်လည် ပျံသွား၍ ကမ်းကို အကယ်၍ မြင်ငြားအံ့၊ ထိုကမ်းဆီသို့သာ ရှေးရှု လျက် ပျံသွားလေ၏။ ကမ်းကို မမြင်ရလျှင် မူကား အဖန်တလဲလဲ ပြန်လာပြီးလျှင် လင်းယဉ်တိုင် ဖျားခွသာလျှင် နားနေ၏။ ထို့အတူပင် သခ်ါရူပေက္ခာဉာဏ်သည် ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်-အငြိမ်း ဓာတ်ကို ငြိမ်းအေးသော အားဖြင့် အကယ်၍ မြင်ငြားအံ့၊ (ထိုသို့မြင်လျှင်) အလုံးစုံသော သခ်ါရအယဉ်ကို စွန့်လွှတ်၍ နိဗ္ဗာန်-အငြိမ်းဓာတ်သို့သာလျှင် ပြေးဝင်သွား၏။ အကယ်၍ မမြင်သေးငြားအံ့၊ (ထိုသို့မမြင်သေး လျှင်) သခ်ါရကိုသာ အာရုံပြုလျက် (ရှုလျက်) အဖန်တလဲလဲ ဖြစ်ပေါ်နေ၏။

၆၈။ ထိုသို့ဖြစ်ပေါ်နေသော ဤသခ်ါရုပေက္ခာဉာဏ်သည် ဗန်းပေါ်၌ လှိမ့်အပ်ဆင့်အပ်သော မုန့်ညက်ကဲ့သို့ငှင်း၊ ဖတ်အပ် သော အစေ့ထုတ်ပြီး ဝါဂွမ်းကဲ့သို့ငှင်း၊ အထူးထူး အပြားပြားအားဖြင့် သခ်ါရတို့ကို သိမ်းဆည်းပြီးလျှင် ကြောက်ခြင်းကိုငှင်း၊ နှစ်သက်ခြင်း ကိုငှင်း ပယ်စွန့်၍ သခ်ါရတရားတို့ကို စူးစမ်းခြင်း၌ အလယ်အလတ်

လျှစ်လျူသဘောရှိသည်ဖြစ်၍ သုံးပါးအပြား ရှိသော အနုပဿနာ၏ အစွမ်းအားဖြင့် တည်၏။ ဤသို့တည်သော သခ်ါရုပေက္ခာဉာဏ်သည် **သုံးပါးအပြားရှိသော ဝိမောက္ခမုခ** အဖြစ်သို့ ရောက်၍ **ခုနစ် မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို** ခွဲခြမ်းဝေဖန်ရန် အကြောင်း ဖြစ်ပေ၏။

၆၉။ ထို (ဝိမောက္ခမုခအဖြစ်သို့ရောက်ခြင်း, အကြောင်း ဖြစ်ခြင်းတို့)၌ ဤသခ်ါရုပေက္ခာဉာဏ်သည် သုံးပါးအပြားရှိသော အနုပဿနာ၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် သုံးပါးသော ကွန်လှေ့ တို့၏ အကြီးအမှူးဖြစ်ခြင်း (အစိုးရခြင်း)၏ အစွမ်းအားဖြင့် သုံးပါးအပြားရှိသော ဝိမောက္ခမုခ အဖြစ်သို့ ရောက်သည်မည်၏။ ခွဲ၍ပြရလျှင် သုံးပါးသော အနုပဿနာတို့ကို သုံးပါးသော ဝိမောက္ခမုခ တို့ဟူ၍ ဆိုအပ်ကုန်၏။ အဘယ်ကဲ့သို့ ဟောထား သနည်းဟူမူ-

၇၀။ "သုံးပါးကုန်သော ဤဝိမောက္ခမုခတို့သည် လောကမှ ထွက်မြောက်ရန် အလို့ငှာ ဖြစ်ကုန်၏။ အလုံးစုံသော သခ်ါရတို့ကို (ဖြစ်ခြင်း ပျက်ခြင်းဟူသော) အပိုင်းအခြားနှင့် နယ်ဆုံး အကန့်အသတ်အားဖြင့် ရှုခြင်းငှာ (ရှုရန်အလို့ငှာ)ငှင်း အနိမိတ္တမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာငှင်း ဖြစ်ကုန်၏။ အလုံးစုံသော သခ်ါရတို့၌ စိတ်ကိုကောင်းစွာ ထက်စေခြင်းငှာ (ထက်စေရန်အလို့ငှာ)ငှင်း အပ္ပဏီ ဟိတမည်သော နိဗ္ဗာန်ဓာတ်၌ စိတ်၏ပြေးဝင်ရန် အလို့ငှာငှင်း ဖြစ်ကုန်၏။ အလုံးစုံသော တရားတို့ကို ပြင်ပသူစိမ်းအနေ

"မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသောသူအား သခ်ါရတို့သည် ကုန်သောအားဖြင့် ထင်ကုန်၏။

ဆင်းရဲသောအခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သခ်ါရတို့သည် ကြောက်ဖွယ်ဘေးအားဖြင့် ထင်ကုန်၏။

အတ္တမဟုတ်သော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သခ်ါရတို့သည် ဆိတ်သုန်းသောအားဖြင့် ထင်ကုန်၏"ဟု ဟော(အပ်) ပေ၏။

၇၂။ (အနိစ္စာနုပဿနာ အစရှိသော) ဤအနုပဿနာ တို့သည် အကြင်ဝိမောက္ခတို့၏ အဝင်ဝမုခ်မည်ကုန်၏။ ထို ဝိမောက္ခတို့ကား အဘယ်သည်တို့မည်သနည်းဟူမူ. . အနိမိတ္တဝိ မောက္ခ အပ္ပဏိ ဟိတဝိမောက္ခ သုညတဝိမောက္ခ ဟူသော ဤသုံးပါးတို့ ပေတည်း။ မှန်ပေ၏-

"မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ယုံကြည်ဆုံးဖြတ်မှု- အဓိမောက္ခအဖြစ် များသည်ဖြစ်၍ အနိမိတ္တ မည်သော ဝိမောက္ခကိုရ၏။ ဆင်းရဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ငြိမ်းအေးခြင်း- ပဿဒ္ဓိအဖြစ် များသည် ဖြစ်၍ အပ္ပဏဟိတဝိမောက္ခကို ရ၏။ အတ္တမဟုတ်သော အခြင်းအရာအားဖြင့် နှလုံးသွင်းသောသူသည် ဉာဏ်ပညာအဖြစ် များသည်ဖြစ်၍ သုညတ ဝိမောက္ခကိုရ၏" ဟူသော ဤစကားကို ဟောတော်မူ(အပ်)၏။

၇၃။ ဤပါဠိ၌ **အနိမိတ္တဝိမောက္ခ** ဟူသည်ကား နိမိတ်ကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကိုအာရုံပြုလျက်

သို့သော်လည်း ထိုဝိပဿနာဉာဏ်သည် သခ်ါရနိမိတ်ကို မပယ်စွန့်သောကြောင့် မုချအားဖြင့် အနိမိတ္တမမည်ပေ။ မုချအားဖြင့်မူကား သုညတနှင့် အပ္ပဏိဟိတ သာလျှင်မည်ပေ၏။ လာခဲ့ရာအကြောင်း ဖြစ်သော ဝိပဿနာ၏ အစွမ်းအားဖြင့် အရိယာမဂ်ခဏ၌ ထိုသုညတ အပ္ပဏိဟိတမည်သော ဝိပဿနာ၏ ဝိမောက္ခအမည်ကို ထုတ်ပြ ထားလေသည်။ ထို့ကြောင့် အပ္ပဏိဟိတနှင့် သုညတဟူသော ဝိမောက္ခနှစ်ပါးကိုသာလျှင် အဘိဓမ္မာ၌ ဟောထားသည်ဟု သိအပ်၏။ ဤသည်ကား ဤအရာ၌ ဝိမောက္ခကို ပြဆိုချက်တည်း။

၇၇။ "ခုနစ်မျိုးသော အရိယာပုဂ္ဂိုလ်တို့ကို ခွဲခြမ်းဝေဖန်ရန် အကြောင်းဖြစ်၏"ဟု ဆိုခဲ့သောစကား၌

(၁) သဒ္ဓါနုသာရီပုဂ္ဂိုလ်၊
(၂) သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်၊
(၃) ကာယသက္ခိပုဂ္ဂိုလ်၊
(၄) ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်၊
(၅) ဓမ္မာနုသာရီပုဂ္ဂိုလ်၊
(၆) ဒိဋ္ဌပ္ပတ္တပုဂ္ဂိုလ်၊

(၇)ပညာဝိမုတ္တပုဂ္ဂိုလ်ဟူသော ဤခုနစ်ပါးတို့သည် ခုနစ်မျိုးသော အရိယပုဂ္ဂိုလ်တို့မည်ကုန်၏။ ထိုခုနစ်မျိုးသော အရိယာပုဂ္ဂိုလ် တို့ကို ခွဲခြမ်းဝေဖန်ရန် ဤသခ်ါရုပေကွာဉာဏ်သည် အကြောင်း ဖြစ်ပေ၏။

ဖြစ်သော အရိယမဂ်တည်း။ ထိုအရိယမဂ်သည် အနိမိတ္တာမည်သော နိဗ္ဗာန်မောတ်၌ ဖြစ်သောကြောင့် **အနိမိတ္တာ**မည်၏။ ကိလေသာတို့မှ လွတ်မြောက် သောကြောင့် **ဝိမောက္ခ**လည်းမည်၏။ ဤနည်းဖြင့်ပင်လျှင် တောင့်တမှု တဏှာကင်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် **အပ္ပဏိဟိတ** မည်၏။ အတ္တမှ ဆိတ်သုန်းသော အခြင်းအရာအားဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက်ဖြစ်သော အရိယာမဂ်သည် **သုညတ**မည်၏ ဟူ၍ သိအပ်၏။

၇၄။ အဘိဓမ္မာ၌ကား "အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ခြင်းငှာ၊ ပဌမဘုံအဆင့်သို့ရောက်ခြင်းငှာ၊ ဝဋ်ဆင်းရဲမှထွက်သွားသော ဝဋ်ဆင်းရဲကို ဖျက်ဆီးလျက် နိဗ္ဗာန်သို့သွားသော လောကုတ္တရာစျာန်ကို ဖြစ်စေ၏။ ဝတ္ထုကာမ ကိလေသာကာမတို့မှ ကင်းဆိတ်၍သာလျှင် အပ္ပဏီ ဟိတမည်သော ပဌမစျာန်သို့ ဆိုက်ရောက်၍ နေ၏။ပ။ သုညတ မည်သော ပဌမစျာန်သို့ဆိုက်ရောက်၍ နေ၏"ဟု ဤသို့ဝိမောက္ခ နှစ်ပါးကိုသာလျှင် ဟော(အပ်)၏။ ထိုဝိမောက္ခနှစ်ပါးကိုသာဟောသည်မှာ မုချအားဖြင့် ဝိပဿနာဟူသော မဂ်၏လာခဲ့ရာအကြောင်းကို ရည်၍ ဟောခြင်းဖြစ်ပေသည်။

၇၅။ မှန်ပေ၏။ ပဋိသမ္ဘိဒါမဂ်၌ ဝိပဿနာဉာဏ်ကို

၇၆။ **"အနိစ္စာနုပဿနာဉာဏ်သည်** မြဲသော အခြင်းအရာ အားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ** မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသောအခြင်းအရာ

အားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ** မည်၏။ **အနတ္တာနုပဿနာဉာဏ်သည်** အတ္တာအခြင်းအရာအားဖြင့် နှလုံးသွင်းခြင်းကို စွန့်လွှတ်သောကြောင့် **သုညတဝိမောက္ခ** မည်၏။" ဤသို့ မြဲမြံစွာ နှလုံးသွင်းခြင်းကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် **"သုညတဝိမောက္ခ"** ဟူ၍ငြား,

"အနိစ္စာနုပဿနာဉာဏ်သည် မြဲသော အခြင်းအရာ အားဖြင့် (ထင်သော) သခ်ါရနိမိတ်ကို စွန့်လွှတ်သောကြောင့် **အနိမိတ္တ ဝိမောက္ခ**မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသော အားဖြင့် (ထင်သော)သခ်ါရနိမိတ်ကို စွန့်လွှတ်သောကြောင့် **အနတ္တာနုပဿနာဉာဏ်သည်** အတ္တာအားဖြင့် (ထင်သော) သခ်ါရနိမိတ်ကို စွန့်လွှတ်သောကြောင့် **အနိမိတ္တ ဝိမောက္ခ** မည်၏"ဟု ဤသို့ သခ်ါရနိမိတ်ကို စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် **"အနိမိတ္တဝိမောက္ခ** ဟူ၍ငြား"

"အနိစ္စာနုပဿနာဉာဏ်သည် မြဲသော အခြင်းအရာ အားဖြင့် တောင့်တမှု- တဏှာကို စွန့်လွှတ်သောကြောင့် အပ္ပဏီ ဟိတဝိမောက္ခ မည်၏။ **ဒုက္ခာနုပဿနာဉာဏ်သည်** ချမ်းသာသော အခြင်းအရာအားဖြင့် တောင့်တမှုကို စွန့်လွှတ်သောကြောင့် အနတ္တာနုပဿနာဉာဏ်သည် အတ္တ အခြင်းအရာအားဖြင့် တောင့်တမှုကို စွန့်လွှတ်သောကြောင့် အပ္ပဏိဟိတဝိမောက္ခ မည်၏" ဟု ဤသို့တောင့်တမှု-တဏှာ စွန့်လွှတ်သည်၏ အစွမ်းအားဖြင့် အပ္ပဏိဟိတ ဝိမောက္ခ ဟူ၍ငြား"ဟောထားသည်ကားမှန်ပေ၏။

ဖြစ်ပေါ် ခြင်းကို စွန့်လွှတ်လို၍ တဖန်ရှုသိ၍ ကောင်းစွာတည်သော ပညာသည် သခ်ါရတို့ကို လျစ်လျူရှုသောသခ်ါရုပေက္ခာဉာဏ် မည်၏။ ဖြစ်ပွားခြင်းကို ။ပ။ ပြင်းစွာပူပန်ခြင်းကို စွန့်လွှတ်လို၍ တဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သခ်ါရုပေက္ခာဉာဏ် မည်၏။

ဖြစ်ပေါ်ခြင်းသည် ဆင်းရဲတည်းဟု။ပ။ ကြောက်ဖွယ်ဘေးဟု။ပ။ အစာနှင့်တကွ။ပ။ ဖြစ်ပေါ်ခြင်းသည် သခ်ါရတို့ကိုဟု။ပ။ ပြင်းစွာပူပန်ခြင်းသည် သခ်ါရတို့ဟု (ထင်မြင်လျက်) စွန့်လွှတ်လို၍ တဖန်ရှုသိ၍ ကောင်းစွာတည်သောပညာသည် သခ်ါရုပေက္ခာဉာဏ် မည်၏" ဟု ဟောတော်မူ(အပ်)၏။

၈၇။ ထိုပါဠိ၌ စွန့်လွှတ်လိုသည်လည်းဟုတ်၏။ ၎င်းသည် တဖန်ရှုသိ သည်လည်း ဟုတ်၏။ ကောင်းစွာတည်သည်လည်း ဟုတ်၏။ ဤသုံးပါးသော အကြောင်းကြောင့် စွန့်လွှတ်လို၍ တဖန်ရှုသိ၍ ကောင်းစွာတည်သည် မည်၏။ ဤသို့လျှင် ရှေးအဖို့၌ နိဗ္ဗိဒါဉာဏ်ဖြင့် ငြီးငွေ့သော ယောဂီ၏ ဖြစ်ပေါ်ခြင်း စသည်တို့ကို စွန့်လွှတ်လိုခြင်းသည် မူဝဋ်တုကမျှတာ -စွန့်လွှတ်လိုသည်၏ အဖြစ်မည်သည်။ စွန့်လွှတ်ခြင်း၏ ပြီးစီးကြောင်း နည်းလမ်းကိုပြုခြင်းငှာ အလယ်၌ တဖန် ရှုသိခြင်းသည် ပဋိသခ်ါ တဖန် ရှုသိသည်မည်၏။ စွန့်လွှတ်ပြီး၍ အဆုံး၌ လျစ်လျူရှု ခြင်းသည် သန္တိဋ္ဌနာ- ကောင်းစွာတည်သော ပညာမည်၏။ ယင်းသို့ ကောင်းစွာတည် သောပညာကိုရည်၍ "ဖြစ်ပေါ်ခြင်းသည် သခ်ါရ တို့တည်း၊ ထိုသခ်ါရတို့ကို လျစ်လျူရှုသောကြောင့် သခ်ါရုပေက္ခာ မည်၏" ဤသို့ စသည်ကို မိန့်ဆိုအပ်ပေသည်။

၇၈။ ချဲ့၍ပြရလျှင် အကြင်ပုဂ္ဂိုလ်သည် မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ယုံကြည်ဆုံးဖြတ်ခြင်း အဓိမောက္ခ အဖြစ်များလျက် လွန်ကဲသော သဒ္ဓိန္ဒြေကိုရ၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဈာန်၌ (ယုံကြည်မှုသဒ္ဓါသို့ အစဉ်လိုက်သော) သဒ္ဓါနုသာရီ ပုဂ္ဂိုလ် မည်၏။ ကြွင်းသော မဂ်ဖိုလ် ဈာန ခုနစ်ဌာနတို့၌ (ယုံကြည်မှု သဒ္ဓါဖြင့် လွတ်မြောက်သော) သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်မည်၏။

၇၉။ အကြင်ပုဂ္ဂိုလ်သည်ကား ဆင်းရဲ အခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ငြိမ်းအေးခြင်း-ပဿဒ္ဓိအဖြစ်များလျက် လွန်ကဲသော သမာဓိန္ဒြေကိုရ၏။ ထိုပုဂ္ဂိုလ်သည် အလုံးစုံ (သောမဂ်ဖိုလ် ဈာန၌စ်ဌာန)တို့၌ (နာမကာယဖြင့် မျက်မှောက်ပြုသော)ကာယ သက္ခိပုဂ္ဂိုလ်မည်၏။

၈၀။အရူပဈာန်ကိုရောက်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်ပါမူကား (ထိုပုဂ္ဂိုလ်သည် နှစ်ပါးသောအဖို့ဖြင့် လွတ်မြောက်သော) **ဥဘတောဘာဂ ဝိမုတ္တပုဂ္ဂိုလ်** မည်၏။

၈၁။ အကြင်ပုဂ္ဂိုလ်သည်ကား အနတ္တအခြင်းအရာအားဖြင့် နှလုံးသွင်းသည်ဖြစ်၍ ဉာဏ်ပညာအဖြစ်များလျက် လွန်ကဲသော ပညိန္ဒြေကိုရ၏။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ဈာန်၌ (ပညာသို့အစဉ်လိုက်သော) **ဓမ္မာနုသာရီပုဂ္ဂိုလ်** မည်၏။ (အလယ်ပိုင်းဖိုလ်မဂ်) ခြောက်ချက်သောဌာနတို့၌ (နိဗ္ဗာန်ကိုမြင်သည်၏အဆုံး အခြားမဲ့၌ ရောက်သော) ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်မည်၏။ အရဟတ္တဖိုလ်ဈာန်၌ (ပညာဖြင့် လွတ်မြောက်သော) **ပညာဝိမုတ္တပုဂ္ဂိုလ်** မည်၏။

၈၂။ မှန်ပေ၏-"မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သဒ္ဓိန္ဒြေသည် လွန်ကဲ၏။ သဒ္ဓိန္ဒြေ လွန်ကဲသောကြောင့် သောတာပတ္တိမဂ်ကို ရ၏။ ထို့ကြောင့် သဒ္ဓါနုသာရီပုဂ္ဂိုလ်ဟု ဆိုအပ် ၏" ဟူသောစကားကိုငှင်း၊

ထိုမှတပါး" မမြဲသော အခြင်းအရာအားဖြင့် နှလုံးသွင်းသော သူအား သဒ္ဓိန္ဒြေသည်လွန်ကဲ၏။ သဒ္ဓိန္ဒြေလွန်ကဲသောကြောင့် သောတာ ပတ္တိဖိုလ်ကို မျက်မှောက်ပြု (အပ်)၏။ ထို့ကြောင့် သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ်ဟု ဆိုအပ်၏" ဤသို့အစရှိသော-စကားကိုငှင်း ဟောတော်မူ (အပ်)၏။

၈၃။ ထိုမှတပါး ဟောထားသေးသည်မှာလည်း အောက်ပါအတိုင်းပင်တည်း-

ယုံကြည်လျက် လွတ်မြောက်၏။ ထို့ကြောင့် သဒ္ဓါဝိမုတ္တ မည်၏။ တွေ့ထိရသော အရူပဈာန်တို့၏ အခြားမဲ့၌ မျက်မှောက်ပြု၏။ထို့ကြောင့် ကာယသက္ခိမည်၏။ နိဗ္ဗာန်ကိုမြင်သည်၏ အခြားမဲ့၌ ရောက်၏။ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တမည်၏။ ယုံကြည်လျက် လွတ်မြောက်၏။ ထို့ကြောင့် သဒ္ဓါဝိမုတ္တမည်၏။ ဈာန်အတွေ့ကို ရှေးဦးစွာ တွေ့၏။ ထိုမှနောက်၌ ချုပ်ရာနိဗ္ဗာန်ကို မျက်မှောက်ပြု၏။ ထို့ကြောင့် ကာယသက္ခိမည်၏။ သဒ္ဓါရတို့သည် ဆင်းရဲတို့တည်း သဒ္ဓါရတို့၏ ချုပ်ခြင်းသည် ချမ်းသာတည်းဟု ပညာဖြင့် သိအပ် မြင်အပ် ထင်ရှားသိအပ် မျက်မှောက် ပြုအပ် တွေ့ထိအပ်၏။ ထို့ကြောင့် ဒိဋ္ဌိပ္ပတ္တမည်၏။ ဤကားပါဠိ။

၈၄။ ဆိုခဲ့ပြီးမှ တပါးသော လေးပုဒ်တို့၌ ယုံကြည်မှုသဒ္ဓါသို့အစဉ်လိုက်၏။ တနည်းကား ယုံကြည်မှု သဒ္ဓါတရားဖြင့် အစဉ်လိုက်တတ် သွားတတ်၏။ ထို့ကြောင့် သဒ္ဓါနုသာရီ မည်၏။ ထိုအတူ ပညာဟုဆိုအပ်သော တရားသို့အစဉ်လိုက်၏။ တနည်းကား ပညာ ဟူသော တရားဖြင့်သွားတတ်၏။ ထို့ကြောင့် ဓမ္မာနုသာရီ မည်၏။ အရူပဈာန်နှင့် အရိယာမဂ်ဟူသော နှစ်ပါးသောအဖို့ဖြင့် လွတ်မြောက်၏။ ထို့ကြောင့် ဥဘတောဘာဂဝိမုတ္တ မည်၏။ သိလျက် လွတ်မြောက်၏။ ထို့ကြောင့် ပညာဝိမုတ္တမည်၏ဟု ဤသို့သဒ္ဒါ၏ (ဖြစ်ပေါ်လာကြောင်း) အနက်ကို သိအပ်၏။ သခ်ါရုပေက္ခာဉာဏ်တည်း။

၈၅။ ထိုသို့သဘောရှိသော သခ်ါရုပေက္ခာဉာဏ်သည် ရှေ့ဉာဏ်နှစ်ပါးနှင့် အနက်တရားကိုယ် အရအားဖြင့် တူ၏။ ထို့ကြောင့် ရှေးဆရာတို့သည်-

"ဤသခ်ါရုပေက္ခာဉာဏ်သည် တပါးတည်းဖြစ်လျက် သုံးပါးသော အမည်တို့ကို ရ၏။

အောက်ပါ၌ မုဉ္စတုကမျတာဉာဏ်မည်ခဲ့၏။ အလယ်ပိုင်း၌ ပဋိသခ်ါနုပဿနာဉာဏ် မည်ခဲ့၏၊ အဆုံးပိုင်း၌ ခေါင်ထိပ်သို့ရောက်သော သခ်ါရုပေက္ခာဉာဏ် မည်၏"ဟု မိန့်ဆိုကုန်၏။

၈၆။ ပဋိသမ္ဘိဒါမဂ်ပါဠိ၌လည်းအောက်ပါအတိုင်း ဟောတော်မူ၏။

အဘယ်သို့လျှင်စွန့်လွှတ်လို၍ တဖန်ရှုသို၍ ကောင်းစွာတည်သောပညာသည် သခ်ါရုပေက္ခာဉာဏ် မည်သနည်း-

ထို့ကြောင့် ထိုရုပ်ကို အာရုံပြုလျက် ဖြစ်သော ဝေဒနာကိုဌင်း၊ သညာကိုဌင်း၊ သင်္ခါရကိုဌင်း၊ ဝိဉာဏ်ကိုဌင်း “ဤသည်ကား နာမ်တည်း” ဟုနာမ်ကိုရှု၏။ ထိုယောဂီသည် ရဲခါ၌ရုပ်ကို သုံးသပ်၏။ ရဲခါ၌နာမ်ကို သုံးသပ်၏။ ဤသို့သုံးသပ်သော ထိုယောဂီ၏ ဝိပဿနာသည် ရုပ်ကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့် တကွ ဆက်စပ်သွား၏။ ဤယောဂီသည် ရုပ်၌ ရှေးဦးစွာ ရှု၍ ရုပ်မှ ထသည် မည်၏။

အကယ်၍ ထိုယောဂီ၏ ဝိပဿနာသည် နာမ်ကိုသုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် ရုပ်၌ ရှေးဦးစွာ ရှု၍ နာမ်မှထသည် မည်၏။ နာမ်၌ ရှေးဦးစွာရှု၍ နာမ်မှဌင်း ရုပ်မှဌင်း ထရာ၌လည်း ဤနည်းပင်တည်း။

၉၃။ “အမှတ်မရှိ တစုံတခုသော အကြောင်တရားသည် ဖြစ်ခြင်း သဘောရှိ၏။ ထိုတရား အလုံးစုံသည် ချုပ်ခြင်း သဘောရှိ၏”ဟုဤသို့ ရှေးဦးစွာ နှလုံးသွင်းပြီးလျှင် ဤအတူပင် (မဂ်ဖြင့်) ထသော ကာလ၌ မူကား ခန္ဓာငါးပါးတို့မှ တပြိုင်နက် ထသည် မည်၏။

၉၄။ တဦးသောယောဂီသည် အစပဌမကပင်လျှင် သင်္ခါရတရားတို့ကို အနိစ္စ အခြင်းအရာအားဖြင့် သုံးသပ်၏။ သို့သော်လည်း အနိစ္စ အခြင်းအရာအားဖြင့် သုံးသပ်ရုံမျှဖြင့်သာလျှင် (မဂ်ဟူသော) ထခြင်းသည်မဖြစ်သေး၊ ဒုက္ခအခြင်းအရာအားဖြင့်ဌင်း အနတ္တ အခြင်းအရာအားဖြင့်ဌင်း သုံးသပ်အပ်သည်သာတည်း။ ထို့ကြောင့် ဒုက္ခအခြင်းအရာအားဖြင့်ဌင်း အနတ္တ အခြင်းအရာအားဖြင့်ဌင်း

ဤသို့လျှင် ဤဉာဏ်သုံးပါးသည် တပါးတည်းသော ဉာဏ်သာ ဖြစ်ပေ၏။

၈၈။ တနည်းအားဖြင့်လည်း ဤဆိုလတံ့သော ပါဠိဖြင့် ဤသုံးပါးကို တပါးတည်းသာ ဟူ၍ သိအပ်၏။ ထိုသာဓက ပါဠိကား အောက်ပါအတိုင်းပင်တည်း-

“မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါနုပဿနာ သင်္ခါရုပေက္ခာ ဟူသော ဤတရားတို့သည် အနက် တရားကိုယ် အရအားဖြင့် တူကုန်၏။ အမည်သဒ္ဒါမျှသာလျှင် ထူး၏” ဤပါဠိ။

၈၉။ ဤဆိုခဲ့သည်အတိုင်း သင်္ခါရုပေက္ခာဉာဏ်ကို ရပြီးသော ဤအမျိုးသား၏ ဝိပဿနာသည် ခေါင်ထိပ်သို့ ရောက်သည်ဖြစ်၍ **ဝုဋ္ဌာနဂါမိနီ** မည်ပေ၏။ ခေါင်ထိပ်သို့ ရောက်သော ဝိပဿနာ ဟူ၍ဌင်း ဝုဋ္ဌာနဂါမိနီဟူ၍ဌင်း (ခေါ်သော) ဤအမည်သည် သင်္ခါရုပေက္ခာ အစရှိသော ဉာဏ်သုံးပါး၏ အမည်ပေတည်း။ ထိုသုံးပါးသောဉာဏ်သည် ခေါင်ထိပ်ဟူသောမြတ်သည်၏ အဖြစ်သို့ရောက်သောကြောင့် **သိခါပတ္တ-ခေါင်ထိပ်သို့ရောက်သည်** မည်၏။ ထသောမဂ်သို့ သွားရောက်တတ်သောကြောင့် **ဝုဋ္ဌာနဂါမိနီ-ထသော မဂ်သို့ သွားရောက်သည်**မည်၏။ ဗဟိဒ္ဓနိမိတ်ခေါ် အပြင်ပအာရုံဖြစ်သော နှလုံးသွင်းအပ် ရှုအပ်သော အာရုံဝတ္ထုမှဌင်း အဖျစ်တပဝတ္ထ ခေါ် ကိလေသာအယဉ် ခန္ဓာအယဉ်မှဌင်း ထမြောက် သွားသောကြောင့် **ဝုဋ္ဌာနဂါမိနီ-ထသော အရိယာမဂ် သို့ သွားရောက်သော ဝိပဿနာ**မည်၏။ အရိယာမဂ်နှင့်တကွ

ဆက်စပ်၏-ဤသည်ကား (အရိယာမဂ်သို့ သွားရောက်သည် ဟူသော စကား၏) ဆိုလိုရင်းအနက်တည်း။

၉၀။ ထိုစကားရပ်၌ ဤဆိုလတံ့သည်ကား နှလုံးသွင်း ခြင်းနှင့် ထခြင်းတို့ကို ထင်ရှားစေခြင်းငှာ ခေါင်းစဉ် မာတိကာတည်း။ ။ အဖျတ္တ-ကိုယ်တွင်း တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) အဖျတ္တ-ကိုယ်တွင်းတရားမှ ထ၏ ။ အဖျတ္တ-ကိုယ်တွင်း တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) ဗဟိဒ္ဓ- အပြင်ပ တရားမှ ထ၏။ ဗဟိဒ္ဓ-အပြင်ပ တရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) ဗဟိဒ္ဓ- အပြင်ပ တရားမှ ထ၏။ ဗဟိဒ္ဓ- အပြင်ပတရား၌ ရှေးဦးစွာ နှလုံးသွင်း၍ (ရှု၍) အဖျတ္တ-ကိုယ်တွင်း တရားမှထ၏ ။ ရုပ်၌ ရှေးဦးစွာရှု၍ နာမ်မှထ၏။ နာမ်၌ ရှေးဦးစွာရှု၍ နာမ်မှထ၏။ နာမ်၌ ရှေးဦးစွာ ရှု၍ ရုပ်မှထ၏။ ခန္ဓာ ငါးပါးတို့မှ တပြိုင်နက်ထ၏။ အနိစ္စအခြင်း အရာအားဖြင့် ရှေးဦးစွာ ရှု၍ အနိစ္စအခြင်းအရာအားဖြင့် ထ၏။ အနိစ္စအခြင်း အရာအားဖြင့် ရှေးဦးစွာရှု၍ ဒုက္ခအခြင်း အရာအားဖြင့် ထ၏။ အနတ္တအခြင်း အရာအားဖြင့် ထ၏။ ဒုက္ခ အခြင်း အရာအားဖြင့် ရှေးဦးစွာရှု၍ ဒုက္ခအခြင်းအရာအားဖြင့် အနိစ္စ အခြင်းအရာအားဖြင့်၊ အနတ္တ အခြင်းအရာအားဖြင့် ထ၏။ အနတ္တ အခြင်းအရာအားဖြင့် ရှေးဦးစွာရှု၍ အနတ္တအခြင်းအရာ အားဖြင့်၊ အနိစ္စ အခြင်းအရာ အားဖြင့် ဒုက္ခအခြင်းအရာအားဖြင့် ထ၏။

၉၁။ အဘယ်သို့နည်း ဟူမူ။ ။ ။ ဤသာသနာတော်၌ အချို့သောယောဂီသည် အစပဋမကပင်လျှင် အဖျတ္တ- ကိုယ်တွင်း

သခ်ါရတို့၌ နှလုံးသွင်း၏ ရှု၏၊ နှလုံးသွင်းပြီးလျှင် ထိုသခ်ါရတို့ကို (မှန်စွာ) ရှုမြင်၏။ သို့သော်လည်း သက်သက် ကိုယ်တွင်းတရားကို ရှုမြင်ရုံမျှဖြင့်သာလျှင် မဂ်(ဟူသော) ထခြင်းသည်မဖြစ်သေး၊ ဗဟိဒ္ဓ- အပြင်ပ တရားကိုလည်း ရှုမြင် အပ်သည်သာတည်း။ ထို့ကြောင့် သူတစ်ပါး၏ ခန္ဓာတို့ကိုငဲ့း အနုပါဒိန္န ခေါ်သော သက်မဲ့သခ်ါရတို့ကိုငဲ့း အနိစ္စ ဒုက္ခ အနတ္တဟုရှု၏။ ထိုယောဂီသည် ရံခါ၌ အဖျတ္တကိုရှု၏။ ရံခါ၌ ဗဟိဒ္ဓကိုရှု၏။ ဤသို့ရှုမြင်သော ထိုယောဂီ၏ ဝိပဿနာသည် အဖျတ္တကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွား၏။ ဤယောဂီသည် အဖျတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ ရှု၍ အဖျတ္တ-ကိုယ်တွင်းတရားမှ ထသည်မည်၏။

အကယ်၍ ထိုယောဂီ၏ ဝိပဿနာသည် ဗဟိဒ္ဓတရားကို သုံးသပ်ခိုက်၌ အရိယာမဂ်နှင့်တကွ ဆက်စပ်သွားငြားအံ့၊ ဤယောဂီသည် အဖျတ္တ-ကိုယ်တွင်းတရား၌ ရှေးဦးစွာ ရှု၍ ဗဟိဒ္ဓ-အပြင်ပတရားမှ ထသည် မည်၏။ ဗဟိဒ္ဓ-၌ရှေးဦးစွာ ရှု၍ ဗဟိဒ္ဓမှငဲ့း အဖျတ္တမှငဲ့း ထရာ၌လည်း ဤနည်းပင်တည်း။

၉၂။ ထိုမှတပါးသော ယောဂီသည် အစပဋမကပင်လျှင် ရုပ်၌နှလုံးသွင်း၏။ နှလုံးသွင်းပြီး၍ ဘူတရုပ်အပေါင်းကိုငဲ့း၊ ဥပါဒါရုပ်အပေါင်းကိုငဲ့း အပေါင်းအစုပြု၍ ရှု၏။ သို့သော်လည်း ရုပ်သက်သက်ကို ရှုမြင်ရုံမျှဖြင့်သာလျှင် (မဂ်ဟူသော) ထခြင်းသည် မဖြစ်သေး၊ နာမ်ကိုလည်း ရှုအပ်သည်သာတည်း။

ကိုင်းကို သုံးသပ်စူးစမ်း၍ ယူလောက်သုံးလောက်သော တစုံတခုကိုမျှ မမြင်မူ၍ ကြွင်းသောကိုင်းကို သုံးသပ် စူးစမ်းခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ရူပက္ခန္ဓာကို သုံးသပ်၍ ထိုရူပက္ခန္ဓာ၌ ယူလောက်သော တစုံတခုကိုမျှ မမြင်မူ၍ ကြွင်းသောခန္ဓာ သုံးသပ်ခြင်းကို မှတ်အပ်၏။ ထိုလင်းနို့၏ "ဤသစ်ပင်သည် အသီးမရှိစွတကား"ဟုဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်ခြင်းကဲ့သို့ ငါးပါးသောခန္ဓာတို့၌ အနိစ္စလက္ခဏာစသည်ကို မြင်သည်၏ အစွမ်းအားဖြင့် ငြီးငွေ့သော ယောဂီ ပုဂ္ဂိုလ်၏ စွန့်လွှတ်လိုသော မုဉ္ဇတုကမျှတာ အစရှိသော ဉာဏ်သုံးပါးကို မှတ်အပ်၏။ ထိုလင်းနို့၏ ဖြောင့်မတ်သော ခေါင်ကိုင်းဖြင့် အထက်သို့တက်ခြင်းကဲ့သို့ ယောဂီ၏ အနုလောမဉာဏ်ကို မှတ်အပ်၏။ ဦးခေါင်းကို ထုတ်ဖော်၍ အထက်ကို မျှော်ကြည့်ခြင်း ကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ ကောင်းကင်၌ ပျံသွားခြင်း ကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။ အခြားတပါးသော အသီးရှိသော သစ်ပင်၌ နားခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

၁၀၁။ **မြွေဟောက်ဥပမာ**ကို ပဋိသန္ဓေဉာဏ်၌ ဆိုခဲ့ပြီး သာလျှင်ဖြစ်၏။ အထူးကား ဥပမာနှီးနှောရာတွင် ဤအရာ၌ မြွေကိုလွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လွှတ်ပြီး၍ လာခဲ့ရာလမ်းကို ကြည့်ရှုလျက် ရပ်တည်ခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။ သွားပြီး၍ ဘေးကင်းရာအရပ်၌ တည်ခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။ ဤသည်ကား အထူးတည်း။

သုံးသပ်၏။ ဤသို့ကျင့်သော ထိုယောဂီအား အနိစ္စ အခြင်းအရာအားဖြင့် သုံးသပ်ခိုက်၌ (မဂ်ဟူသော) ထခြင်းသည်ဖြစ်၏။ ဤယောဂီသည် အနိစ္စအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်း၍ အနိစ္စ အခြင်းအရာအားဖြင့် ထသည်မည်၏။

အကယ်၍ ထိုယောဂီအား ဒုက္ခအခြင်းအရာအားဖြင့်၊ အနတ္တ အခြင်းအရာ အားဖြင့် သုံးသပ်ခိုက်၌ (မဂ်ဟူသော) ထခြင်းသည် ဖြစ်ငြားအံ့၊ ဤယောဂီသည် အနိစ္စ အခြင်းအရာအားဖြင့် ရှေးဦးစွာနှလုံးသွင်း၍ ဒုက္ခအခြင်းအရာအားဖြင့်၊ အနတ္တအခြင်းအရာအားဖြင့် ထသည်မည်၏။ ဒုက္ခအခြင်းအရာအားဖြင့်၊အနတ္တအခြင်းအရာအားဖြင့် ရှေးဦးစွာနှလုံး သွင်း၍ ကြွင်းသော အခြင်းအရာအားဖြင့် ထခြင်းတို့၌ ဤနည်းပင်တည်း။

၉၅။ ဤပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်သည်လည်း အနိစ္စ အခြင်းအရာအားဖြင့် ရှေးဦးစွာနှလုံးသွင်းခဲ့၏။ အကြင်ပုဂ္ဂိုလ်သည်လည်း ဒုက္ခအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏။ အကြင်ပုဂ္ဂိုလ်သည်လည်း အနတ္တအခြင်းအရာအားဖြင့် ရှေးဦးစွာ နှလုံးသွင်းခဲ့၏။ (မဂ်ဖြင့်)ထသော ကာလ၌မူကား အနိစ္စ အခြင်းအရာအားဖြင့်ထခြင်းသည် ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် အဓိမောက္ခ အဖြစ်များကုန်၏။ လွန်ကဲသော သဒ္ဓိန္ဒြေကိုရကုန်၏။ အနိမိတ္တ ဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏။ သောတာပတ္တိ မဂ်ခဏ၌ သဒ္ဓါနုသာရီ မည်ကုန်၏။ ခုနစ်ပါးသော (အထက်မဂ်ဖိုလ်ခဏ) အရာဌာနတို့၌ သဒ္ဓါဝိမုတ္တ မည်ကုန်၏။

၉၆။ အကယ်၍ ဒုက္ခအခြင်းအရာအားဖြင့် ထခြင်းသည် ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် ပဿဒ္ဓိ အဖြစ်များ

ကုန်၏။ လွန်ကဲသောသမာဓိဇ္ဈေကို ရကုန်၏။ အပ္ပဏိဟိတ ဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏။ အလုံးစုံ(သောမဂ်ဖိုလ်ခဏ ရှစ်ဌာန) တို့၌ ကာယသက္ခိမည်ကုန်၏။ အထူးကား ဒုက္ခအခြင်း အရာအားဖြင့် ထသော ဤပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်အား အရှုပစ္စာန် ဟူသော အခြေခံပါဒကစ္စာန်ရှိ၏။ ထိုပုဂ္ဂိုလ်သည် အရဟတ္တဖိုလ် ခဏ၌ ဥဘတောဘာဂဝိမုတ္တမည်၏။

၉၇။ သို့မဟုတ် ထိုသုံးဦးသော ပုဂ္ဂိုလ်တို့အား အနတ္တအခြင်း အရာအားဖြင့်ထခြင်းသည် အကယ်၍ ဖြစ်ငြားအံ့၊ သုံးဦးလုံးသော ထိုပုဂ္ဂိုလ်တို့သည် ပညာအဖြစ်များကုန်၏။ လွန်ကဲသော ပညိန္ဒြေကို ရကုန်၏။ သုညတဝိမောက္ခဖြင့် လွတ်မြောက်ကုန်၏။ သောတာပတ္တိမဂ်ခဏ၌ ဓမ္မာနုသာရီမည်ကုန်၏။ (အလယ်ဖိုလ်မဂ်) ခြောက်ချက်သောဌာန တို့၌ ဒိဋ္ဌိပ္ပတ္တမည်ကုန်၏။ အရဟတ္တဖိုလ်ခဏ၌ ပညာဝိမုတ္တမည် ကုန်၏။

၉၈။ ယခုအခါ ရှေ့ဉာဏ် နောက်ဉာဏ်တို့နှင့်တကွ ဤဝုဋ္ဌာနဂါမိနီဝိပဿနာ ထင်ရှားပေါ်စေရန် တဆယ့်နှစ်ခုသော ဥပမာတို့ကို သိအပ်ကုန်၏။ အောက်ပါဂါထာမှာ ၎င်းဥပမာတို့၏ အကျဉ်းချုပ်ခေါင်းစဉ်တည်း-

လင်းနို့ မြွေဟောက် (မီးတောက်) အိမ်ဝယ်၊
နွား ဘီလူးမ (လမ်းမှ) သူငယ်၊
ဆာလောင် ရေငတ် အေးလတ် ပူတယ်၊
အမျှောင် (ဖုံးနောက်ဆုံး) အဆိပ်နှယ်။

ဤဥပမာတို့ကို ဘယဉာဏ်မှစ၍ အမှတ်မရှိ တပါးပါး သောဉာဏ်၌ တည်၍ ဆောင်ပြခြင်းငှာ သင့်လျော်၏။ သို့သော် ဤဝုဋ္ဌာနဂါမိနီ) အရာ၌ ဆောင်ပြလိုက်လျှင် ဘယဉာဏ်မှစ၍ ဖိုလ်တိုင်အောင် အလုံစုံပင် ထင်ရှားပေါ်၏။ ထို့ကြောင့် ဤအရာ၌သာလျှင် ဆောင်ပြသင့်သည်ဟု (ဝိသုဒ္ဓိကထာ၌) မိန့်ဆိုထား၏။

၉၉။ **လင်းနို့** ဟူရာ၌ လင်းနို့တစ်ကောင်သည် "ဤသစ်ပင်၌ ပန်းဖြစ်စေ အသီးဖြစ်စေ ရလိမ့်မည်" ဟု မျော်လင့်၍ ကိုင်းငါးခု ရှိသော သစ်မည်စည်ပင်၌ နား၍ ကိုင်းတခုကို သုံးသပ် စူးစမ်း၍ ထိုကိုင်း၌ ယူလောက်သုံးလောက်သော တစုံတခုသော ပန်းကိုဌင်း၊ အသီးကိုဌင်း၊ မတွေ့မမြင်ပဲရှိသတတ်၊ ပဌမကိုင်းကိုကဲ့သို့ ဒုတိယ ကိုင်းကိုဌင်း၊ တတိယကိုင်းကိုဌင်း၊ စတုတ္ထကိုင်းကိုဌင်း၊ ပဉ္စမ ကိုင်းကိုဌင်း၊ သုံးသပ်စူးစမ်း၍ မတွေ့မမြင်ပဲရှိသတတ်။ ထိုလင်းနို့သည် "ဤသစ်ပင်ကား အသီးမရှိစွတကား၊ ဤအပင်၌ ယူလောက် သုံးလောက်သော တစုံတခုသော အသီးအပွင့်မျှမရှိ"ဟု ဆင်ခြင်၍ ထိုသစ်ပင်၌ တွယ်တာခြင်းကို စွန့်လွှတ်၍ ဖြောင့်မတ်သော ခေါင်ကိုင်းဖြင့် တက်၍ သစ်ခက်ခွကြားဖြင့် ဦးခေါင်းကို ထုတ်ဖော်၍ အထက်သို့ မျှော်ကြည့်လျက် ကောင်းကင်၌ ပျံတက်သွားပြီးလျှင် အခြားတပါးသော အသီးရှိသော သစ်ပင်၌ နားလေ၏။

၁၀၀။ ထိုဥပမာ၌ လင်းနို့ကဲ့သို့ ယောဂီပုဂ္ဂိုလ်ကို မှတ်အပ်၏။ ကိုင်းငါးခုရှိသော သစ်မည်စည်ပင်ကဲ့သို့ ငါးပါးသော ဥပါဒါနက္ခန်ာတို့ကို မှတ်အပ်ကုန်၏။ ထိုသစ်ပင်၌ လင်းနို့၏နားခြင်းကဲ့သို့ ယောဂီပုဂ္ဂိုလ်၏ ခန္ဓာငါးပါး၌ နှလုံးသွင်းခြင်းကို မှတ်အပ်၏။ ထိုလင်းနို့၏ တခုတခု သော

ကြည့်ရှုပြီးလျှင် “ဤမိန်းမသည်ကလေးသူခိုးမတည်းဟု ငါ့ကို တစုံတယောက်သော သူသည် မစွပ်စွဲမပြောဆိုပါစေလင့်”ဟု သူငယ်ကို ထိုအရပ်၌သာလျှင် ချထားခဲ့၍ တဖန်လျှင်သောအဟုန်ဖြင့် ပြာသဒ်သို့တက်၍ ထိုင်နေလေသတတ်။ ထိုဥပမာ၌ “မိမိ၏သား” ဟူသောအမှတ်ဖြင့် သူတပါး၏သားကိုယူခြင်းကဲ့သို့ “ငါငှါဥစ္စာ”ဟု ခန္ဓာငါးပါးကို ယူခြင်းကို မှတ်အပ်၏။ “ဤသူငယ်ကား သူတပါး၏ သားတည်း”ဟု သိခြင်းကဲ့သို့ လက္ခဏာသုံးပါး၏ အစွမ်းအားဖြင့် “ငါမဟုတ်၊ ငှါဥစ္စာမဟုတ်” ဟု သိခြင်းကိုမှတ်အပ်၏။ ထိတ်လန့်ခြင်းကဲ့သို့ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏။ ထိုမှ ဤမှ ကြည့်ရှုခြင်းကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ ထိုလမ်းမ၌ သာလျှင် သူငယ်ကို ချထားခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏။ ချထားပြီး၍ လမ်းမထဲ၌ တည်သောကာလကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ ပြာသဒ်ကို တက်ခြင်းကဲ့သို့ မဂ်ကို မှတ်အပ်၏။ တက်ပြီး၍ ထိုင်နေခြင်းကဲ့သို့ ဖိုလ်ကိုမှတ်အပ်၏။

၁၀၆။ **“ဆာလောင်ရေတော် အေးလတ်ပူတယ်၊ အမျှောင် (ဖုံး နောက်ဆုံး) အဆိပ်နှယ်”** ဟူသော ဤဥပမာ ခြောက်ခု တို့ကိုကား ဝုဋ္ဌာနဂါနီ ဝိပဿနာ၌ တည်သောယောဂီ၏ လောကုတ္တရာတရားသို့ ရှေးရှုညွှတ်ကိုင်းရှိုင်းသည်၏အဖြစ်ကို ပြခြင်းငှာ ဆိုထားပေသည်။ ခဲ့၍ ပြရလျှင်။ . . **ဆာလောင်ခြင်းဖြင့်** နှိပ်စက်(အပ်)သည်ဖြစ်၍ အလွန်ဆာသောယောဂျားသည် ကောင်းသော အရသာရှိသော ဘောဇဉ်ကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲတည်း ဟူသော

၁၀၂။ **အိမ်**ဟူရာ၌ အိမ့်ရှင်သည် ညနေချမ်း၌ အစာစားပြီးလျှင် အိပ်ရာသို့ဝင်၍ အိပ်ပျော်နေလတ်သော် အိမ်ကို မီးလောင်သတတ်၊ ထိုအိမ့်ရှင်သည် နိုးလတ်သော် မီးကိုမြင်၍ ကြောက်လန့်လျက် “မီးအလောင်မခံရပဲ ထွက်သွားနိုင်လျှင် ကောင်းလေစွတကား”ဟု ကြည့်ရှုလတ်သော် ထွက်ပေါက်လမ်းကို မြင်၍ ထွက်သွားပြီးလျှင် ဘေးမဲ့ရာအရပ်သို့ လျင်သောအဟုန်ဖြင့် ပြေးသွား၍ တည်နေ လေသတတ်။ ထိုဥပမာ၌ အစာစားပြီးလျှင် အိပ်ရာသို့ဝင်၍ အိမ့်ရှင်၏ အိပ်ပျော်နေခြင်းကဲ့သို့ ဗာလပုထုဇဉ်၏ ခန္ဓာငါးပါး၌ “ငါ ငှါဥစ္စာ”ဟု ယူခြင်းကို မှတ်အပ်၏။ အိပ်ရာမှ နိုးလတ်သော် မီးကိုမြင်၍ ကြောက်လန့်သော ကာလကဲ့သို့ မှန်ကန်သော အကျင့်ကို ကျင့်လျက် လက္ခဏာသုံးပါးကိုမြင်၍ ဘေးအားဖြင့်ထင်သော ဘယဉာဏ်ကို မှတ်အပ်၏။ ထွက်ပေါက်လမ်းကို ကြည့်ရှုခြင်းကဲ့သို့ မုဉ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။ ထွက်ပေါက်လမ်းကို မြင်ခြင်းကဲ့သို့ အနုလောမဉာဏ်ကို မှတ်အပ်၏။ ထွက်သွားခြင်းကဲ့သို့ ဂေါတြ ဘူဉာဏ်ကို မှတ်အပ်၏။ လျင်သောအဟုန်ဖြင့် ပြေးသွားခြင်းကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ဉာဏ်ကို မှတ်အပ်၏။

၁၀၃။ နွားဟူရာ၌ ညှဉ်အဖို့၌ အိပ်ပျော်နေစဉ် လယ်သမားတစ်ယောက်၏ နွားတို့သည် ခြံကို ချိုးဖောက်၍ ပြေးလေကုန်သတတ်၊ ထိုလယ်သမားသည် မိုးသောက်ချိန်၌ ထိုခြံသို့သွား၍ ကြည့်ရှုလတ်သော် ထိုနွားတို့၏ ထွက်ပြေးသည်၏ အဖြစ်ကိုသိ၍ ခြေရာခံလျက်

လိုက်လတ်သော် မင်း၏ နွားတို့ကို တွေ့မြင်လေသတတ်၊ ထိုမင်း၏ နွားတို့ကို "ငါ၏နွားတို့" ထင်မှတ်၍ ဆောင်ယူလာလတ်သော် မိုးလင်းသောအခါ၌ "ဤနွားတို့သည် ငါ၏နွားမဟုတ်ကုန်၊ မင်း၏နွားတို့တည်း" ဟုသိ၍ "ဤသူသည် ခိုးသူတည်း"ဟ ငါ့ကိုဖမ်းယူ၍ မင်းချင်း ယောကျ်းတို့သည် အကျိုးမဲ့ပျက်စီးအောင် မပြုကြသေးမီထွက်ပြေးအံ့" ဟု ကြောက်လန့်လျက် နွားတို့ကို စွန့်ပစ်ထား၍ လျင်သောအဟုန်ဖြင့် ပြေး၍ ဘေးမဲ့ရာအရပ်၌ တည်နေလေ သတတ်။ ထိုဥပမာ၌ မင်းတို့၏ နွားတို့ကို "ငါ၏ နွားတို့" ဟုမှတ်ယူခြင်းကဲ့သို့ ဗာလ ပုထုဇဉ်၏ ခန္ဓာ တို့ကို "ငါ ငါ့ဥစ္စာ" ဟု မှတ်ယူခြင်းကိုမှတ်အပ်၏။ မိုးလင်းသော အခါ၌ "မင်း၏နွားတို့"ဟု သိခြင်းကဲ့သို့ လက္ခဏာ သုံးပါး၏ အစွမ်းအားဖြင့် ခန္ဓာတို့ကို "အနိစ္စ ဒုက္ခ အနတ္တတရားတို့" ဟု ယောဂီ၏ သိခြင်းကို မှတ်အပ်၏။ ကြောက်လန့်သောကာလကဲ့သို့ ဘယတုပဋ္ဌာန ဉာဏ်ကို မှတ်အပ်၏။ နွားတို့ကို စွန့်လွှတ်၍ သွားလိုသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျတာ ဉာဏ်ကို မှတ်အပ်၏။ နွားတို့ကို စွန့်လွှတ်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ ပြေးခြင်းကဲ့သို့ မဂ်ကိုမှတ်အပ်၏။ ပြေး၍ ဘေးမဲ့ရာ အရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ကိုမှတ်အပ်၏။

၁၀၄။ **ဘီလူးမ**ဟူရာ၌ ယောကျ်းတစ်ယောက်သည် ဘီလူးမနှင့်တကွ ပေါင်းသင်းနေထိုင်ခြင်းကို ပြုသတတ်၊ ထိုဘီလူးမသည် ညဥ့်အချိန်၌ "ဤလူသားသည် အိပ်ပျော်လေပြီ"ဟုထင်၍ သူသေကောင်စွန့်ရာ သုသာန်သို့သွား၍ လူသားကိုစား၏။

ထိုယောကျ်းသည် "ဤမိန်းမ အဘယ်သို့ သွားသနည်း" ဟု အစဉ်လိုက်၍ စူးစမ်းလတ်သော် လူသားစားနေသည်ကိုမြင်၍ ထိုဘီလူးမ၏ လူသားမဟုတ်သည်၏ အဖြစ်ကို သိ၍ ငါ့ကိုမစားသေးမီ ပြေးအံ့" ဟု ကြောက်လန့်လျက် လျင်သောအဟုန်ဖြင့် ပြေး၍ ဘေးမဲ့ရာ အရပ်၌ တည်နေလေသတတ်။ ထိုဥပမာ၌ ဘီလူးမနှင့်တကွ ပေါင်းသင်းနေထိုင်ခြင်းကဲ့သို့ ခန္ဓာတို့ကို "ငါ ငါ့ဥစ္စာ"ဟုယူခြင်းကို မှတ်အပ်၏။ သုသာန်၌ လူသားစားနေသည်ကို မြင်၍ "ဤမိန်းမကား ဘီလူးမတည်း"ဟု သိခြင်းကဲ့သို့ ခန္ဓာတို့၏ လက္ခဏာသုံးပါးကိုမြင်၍ အနိစ္စစသည်၏ အဖြစ်ကို သိခြင်းကိုမှတ်အပ်၏။ ကြောက်လန့်သော ကာလကဲ့သို့ ဘေးအားဖြင့်ထင်သော ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏။ပြေးခြင်းငှာ အလိုရှိသည်၏ အဖြစ်ကဲ့သို့ မုဉ္စိတုကမျ တာဉာဏ်ကိုမှတ်အပ်၏။ သုသာန်အရပ်ကို စွန့်ခြင်းကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လျင်သောအဟုန်ဖြင့် ပြေးခြင်းကဲ့သို့ မဂ်ကိုမှတ်အပ်၏။ ဘေးမဲ့ရာအရပ်၌ တည်နေခြင်းကဲ့သို့ ဖိုလ်ကို မှတ်အပ်၏။

၁၀၅။ **သူငယ်**ဟူရာ၌ သား၌အချစ်ကြီးသော မိန်းမတစ်ယောက်ရှိသတတ်၊ ထိုမိန်းမသည် ပြာသဒ်ထက်၌ ထိုင်နေလျက် ပင်လျင် လမ်းမထဲ၌ ကလေးငိုသံကိုကြား၍ "ငါ၏သားကို တစုံတယောက်သောသူက နှိပ်စက်လေ သလော"ဟုထင်၍ လျင်သော အဟုန်ဖြင့် သွားမြင်လျင် "မိမိ၏သား"ဟူသော အမှတ်ဖြင့် သူတပါး၏ သားကို ကောက်ယူလေသတတ်။ ထိုမိန်းမသည် "ဤသူငယ်ကား သူတပါး၏ သားတည်း" ဟုသိ၍ ထိတ်လန့်လျက် ထိုမှ ဤမှ

၁၁၆။ ပဥ္စကနည်း၌ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် တို့ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သော မဂ်တို့၌ အစဉ် အတိုင်း စျာန်သည် အင်္ဂါလေးပါးရှိသည်၄င်း၊ အင်္ဂါသုံးပါးရှိသည်၄င်း၊ အင်္ဂါ နှစ်ပါးရှိသည်၄င်း၊ ဖြစ်၏။ အလုံးစုံသော မဂ်တို့၌ ခုနစ်ပါးသော မဂ္ဂင်တို့ ဖြစ်ကုန်၏။ စတုတ္ထစျာန်မဂ်၌ ခြောက်ပါးသော ဗောဇ္ဈင်တို့ ဖြစ်ကုန်၏။ ဤအထူးသည် ပါဒကစျာန်ဟူသော ကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့်၄င်း၊ ဝိပဿနာဟူသော ကိန်းသေ သတ်မှတ်ကြောင်း နိယမဖြင့်၄င်း ဖြစ်ပေသည်။ မှန်ပေ၏- ထိုမဂ်တို့၏ ရှေးအဖို့ဖြစ်သော ဝိပဿနာသည်လည်း သောမန သဿဟဂုတ် သည်၄င်း၊ ဥပေက္ခာသဟဂုတ်သည်၄င်း၊ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ သည်ကား သောမနဿသဟဂုတ်သာလျှင် ဖြစ်၏။

၁၁၇။ ပဥ္စမစျာန်ကို အခြေခံပြု၍ ဖြစ်စေ(အပ်)သော မဂ်၌ ကား ဥပေက္ခာနှင့် ဧကဂ္ဂတာ၏ အစွမ်းအားဖြင့် စျာနင်္နှစ်ပါး ဗောဇ္ဈင် ခြောက်ပါး မဂ္ဂင်ခုနစ်ပါးတို့ ဖြစ်ကုန်၏။ ဤအထူးသည်လည်း နိယမ နှစ်ပါးလုံး၏ အစွမ်းအားဖြင့် ဖြစ်၏။ မှန်ပေ၏-ဤနည်း၌ ရှေးအဖို့ ဖြစ်သော ဝိပဿနာသည် သောမနဿသဟဂုတ်သည်၄င်း၊ ဥပေက္ခာ သဟဂုတ်သော်၄င်း ဖြစ်၏။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်ကား ဥပေက္ခာ သဟဂုတ်သာလျှင် ဖြစ်၏။ အရူပစျာန်တို့ကို အခြေခံပြု၍ ဖြစ်စေ (အပ်)သော မဂ်၌လည်း ဤနည်းပင်တည်း၊ ဤသို့လျှင် ပါဒက စျာန်မှ ထ၍ အမှတ်မရှိ တစုံတခုသော သင်္ခါရတို့ကို သုံးသပ်၍ ဖြစ်စေ (အပ်)သော မဂ်အား နီးသောအရပ်၌ ထခဲ့သော သမာပတ်က မိမိနှင့် တူသည်၏ အဖြစ်ကိုပြု၏။ အဘယ်ကဲ့သို့နည်း ဟူမူ - မြေ၏ အဆင်းက ဖွတ်၏အဆင်းအား မိမိနှင့်တူသည်၏ အဖြစ်ကို ပြုသကဲ့သို့တည်း။

ဆာလောင်ခြင်းဖြင့် နှိပ်စက်(အပ်)သော ထိုယောဂီသည် သေခြင်းကင်း သည့် အမြိုက်အရသာရှိသော ကာယဂတာ သတိဟူသော ဘောဇဉ်ကို တောင့်တ၏။

၁၀၇။ **ရေတ်သော** ယောကျ်ားသည် အလွန်ခြောက် ကပ်သော လည်ချောင်းခံတွင်းရှိသည်ဖြစ်၍ များစွာသော အစိတ်အပိုင်း အဆောက် အဦ (အဆာ) ရှိသော ဖော်ရည်ကို တောင့်တသကဲ့သို့ ထို့အတူပင် သံသရာဝဋ်ဆင်းရဲဟူသော ရေတ်ခြင်းဖြင့် နှိပ်စက် (အပ်)သော ဤ ယောဂီ သည် အင်္ဂါရှစ်ပါးရှိသော အရိယာမဂ် ဖော်ရည်ကို တောင့်တ၏။

၁၀၈။ **အအေး**ဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အပူကိုတောင့်တသကဲ့သို့ ထို့အတူပင်လျှင် သံသရာဝဋ်ဆင်းရဲ၌ တဏှာအစေးတည်းဟူသော အစေးဖြင့် ထိပါး နှိပ်စက်(အပ်)သော ဤယောဂီသည် ကိလေသာကို ပူလောင်စေတတ်သော အရိယာ မဂ်တည်းဟူသော မီးကိုတောင့်တ၏။

၁၀၉။ အပူဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အအေးကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် သံသရာဝဋ် ဆင်းရဲ၌ တဆယ့်တပါးသော မီးအပူဖြင့် ပူလောင်(အပ်)သော ဤယောဂီသည် တဆယ့်တပါးသောမီးတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

၁၁၀။ အမိုက်မှောင်ဖြင့် ဖုံးလွှမ်း နှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အရောင်အလင်းကို တောင့်တသကဲ့သို့ ထို့အတူပင်လျှင် အဝိဇ္ဇာ တည်းဟူသော အမိုက်အမှောင်ဖြင့် မြွေးယှက်ဖုံးလွှမ်း (အပ်)သော ဤယောဂီသည် ဉာဏ်အလင်းရောင်အလင်း ရှိသော အရိယာမဂ် ဘာဝနာကို တောင့်တ၏။

၁၁၁။ အဆိပ်ဖြင့် ထိပါးနှိပ်စက်(အပ်)သော ပုဂ္ဂိုလ်သည် အဆိပ်ကို ပယ်ဖျောက်တတ်သော ဆေးကို တောင့်တသကဲ့သို့ ထို့အတူ ပင်လျှင် ကိလေသာအဆိပ်ဖြင့် ထိပါးနှိပ်စက် (အပ်)သော ဤယောဂီသည် ကိလေသာအဆိပ်ကို ချေဖျောက် ပယ်ဖျက်တတ်သော အမြှုက်ဆေး ဖြစ်သော နိဗ္ဗာန်ကို တောင့်တ၏။

၁၁၂။ ထို့ကြောင့် "ဤသို့သိလျက် ဤသို့မြင်သော ထိုယောဂီ၏ စိတ်သည် သုံးပါးသော ဘဝတို့၌ဌင်း၊ ကိုးပါးသော သတ္တဝါသတို့၌ဌင်း၊ တွန့်၏ ရှုံ့၏ ပြန်နစ်၏ ပြန့်၍မသွား၊ လျစ်လျူရှုခြင်းသည်သော်ဌင်း စက်ဆုတ်သည့် အဖြစ်သည်သော်ဌင်း ကောင်းစွာတည်၏။ ဥပမာအားဖြင့် စဉ်းငယ်ကိုင်းသော ပဒုမ္မာကြာဖတ်ပေါ်၌" ဤသို့အစရှိသည်ကို ငါဆိုခဲ့ပေသည်။ ဆိုံ့အလုံးစုံကို နှေး၌ဆိုထားသော နည်းဖြင့်ယင်လျှင် သိအပ်၏။

၁၁၃။ ဤမျှ (အားထုတ်ခဲ့သော ဘာဝနာအစီအရင်) ဖြင့် ဤယောဂီသည် စိတ်ကို တွန့်ဆုတ်အောင်ပြုလျက် ကျင့်သော ပတိ လိနစရပုဂ္ဂိုလ် မည်ပေ၏။ ယင်း ပတိလိနစရပုဂ္ဂိုလ်ကိုရည်၍ အောက်ပါဂါထာကို ဟောတော်မူ၏။

"အကြင်ရဟန်းတို့ (ဆိတ်ငြိမ်သောနေရာကို ချဉ်းကပ်လျက် စိတ်ကို တွန့်ဆုတ်အောင်ပြုလျက် ကျင့်သည်ဖြစ်၍) မိမိ၏ ကိုယ်ဟူသော အတ္တဘောကို သုံးပါးသောဘဝ၌ (တဖန်ဖြစ်သော အားဖြင့်) မပြရာ၊ဆိတ်ငြိမ်သောနေရာကို ချဉ်းကပ်မှီဝဲလျက် (ထိုအာရုံမူစိတ်ကို) တွန့်ဆုတ်အောင်ပြုလျက် ကျင့်သောထိုရဟန်း၏ ထိုသို့တဖန် ဖြစ်စေသောအားဖြင့် မပြခြင်းကို သင့်လျော်ပေသည်ဟု မိန့်ဆိုကုန်၏"။

၁၁၄။ ဤဆိုခဲ့သည်အတိုင်း ဤသခ်ါရုပေက္ခာဉာဏ်သည် ယောဂီ၏ ပတိလိနစရပုဂ္ဂိုလ်၏အဖြစ်ကို ကိန်းသေ သတ်မှတ်ပြီးလျှင် ထိုပြင် အရိယာမဂ်၏လည်း ဗောဇ္ဈင်အထူး မဂ္ဂင်အထူး ဈာနင်အထူး ပဋိပဒါအထူး ဝိမောက္ခအထူးကို ကိန်းသေ သတ်မှတ်၏။ ခဲ့၍ပြရလျှင်. . အချို့မထေရ်တို့သည် "ဗောဇ္ဈင် မဂ္ဂင်ဈာနင်တို့၏ အထူးကို ပါဒကဈာန်က ကိန်းသေသတ်မှတ်သည်"ဟုဆိုကုန်၏။ အချို့မထေရ်တို့သည် "ဝိပဿနာ၏ အာရုံဖြစ်ကုန်သော ခန္ဓာတို့က ကိန်းသေသတ်မှတ်ကြသည်" ဟုဆိုကုန်၏။ ထိုသုံးပါးလုံးသော မထေရ်တို့၏ ဝါဒတို့၌ ဤပုဗ္ဗဘာဂ ဝိပဿနာက ကိန်းသေသတ်မှတ်သည်သာဟု သိအပ်၏။

၁၁၅။ ထို(သို့သတ်မှတ်ရာ)၌ ဤဆိုလတံ့သည်ကား အစဉ်အတိုင်း ပြဆိုချက်တည်း. . သုက္ခဝိပဿက ပုဂ္ဂိုလ်အား ဖြစ်ပေါ်လာသော မဂ်သည်ဌင်း, ဈာန်သမာပတ်ရသော ပုဂ္ဂိုလ်အား ဈာန်ကို အခြေခံမပြုမူ၍ ဖြစ်ပေါ်လာသောမဂ်သည်ဌင်း, ပဌမဈာန်ကို အခြေခံပြု၍ ပြီးပြွမ်းသော (ပကိဏ္ဏက) သခ်ါရတို့ကို သုံးသပ်၍ ဖြစ်စေ(အပ်)သော မဂ်သည်ဌင်း၊ ဝိပဿနာဟူသော ကိန်းသေသတ်မှတ်ကြောင်း နိယမဖြင့် ပဌမဈာန်နှင့် ယှဉ်ကုန်သည်သာလျှင် ဖြစ်ကုန်၏။ အလုံးစုံသောမဂ်တို့၌ ဗောဇ္ဈင်ခုနစ်ပါး မဂ္ဂင်ရှစ်ပါး ဈာနင်ငါးပါးတို့ ဖြစ်ကုန်၏။ မှန်ပေ၏-ထိုမဂ်တို့၏ ရှေးအဖို့ဖြစ်သော ဝိပဿနာသည် သောမနဿသဟ ဂုတ်သည်ဌင်း၊ ဥပေက္ခာသဟဂုတ်သည်ဌင်း ဖြစ်ခဲ့၍ (မဂ်ဖြင့်) ထသောကာလ၌ သခ်ါရုပေက္ခာအဖြစ်သို့ ရောက်လတ်သော် သောမနဿသဟဂုတ်သာလျှင် ဖြစ်၏။

၁၂၄။ ထိုမှတပါး ဤမဂ်သည် ရာဂစသည်တို့မှ ဆိတ်သုန်းသောကြောင့် **သုညတ**မည်၏။ ရူပနိမိတ် စသည်တို့၏ငင်း ရာဂနိမိတ် စသည်တို့၏ငင်း မရှိခြင်းကြောင့် **အနိမိတ္တ**မည်၏။ ရာဂပဏိဓိစသည်တို့၏ မရှိခြင်းကြောင့် အပ္ပဏဟိတ မည်၏။ ဤသည်ကား မိမိ၏ ဂုဏ်အားဖြင့် ရသောအမည်တည်း။

၁၂၅။ ထိုသို့သဘောရှိသော ဤမဂ်သည် ဆိတ်သုန်းသော နိမိတ်လည်းကင်းသော တောင့်တမှုလည်းကင်းသော နိဗ္ဗာန်ကို အာရုံပြုတတ်၏။ ထို့ကြောင့်လည်း ငင်းမဂ်ကို **သုညတ**ဟူ၍ငင်း၊ **အနိမိတ္တ**ဟူ၍ငင်း၊ **အပ္ပဏိဟိတ**ဟူ၍ငင်း ခေါ်ဆိုအပ်၏။ ဤသည်ကား ထိုမဂ်၏ အာရုံအားဖြင့် ရသော အမည်တည်း။

၁၂၆။ ထိုမှတပါး လာခဲ့ရာအကြောင်း(အာဂုံ)သည် ဝိပဿနာဟူသော လာခဲ့ရာအကြောင်း, မဂ်ဟူသော လာခဲ့ရာအကြောင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မဂ်၌ ဝိပဿနာဟူသော လာခဲ့ရာအကြောင်းကိုရ၏။ ဖိုလ်၌မဂ်ဟူသော လာခဲ့ရာအကြောင်းကိုရ၏။ ရပုံကား။ ။ ။ အနတ္တာနုပဿနာသည် သုညတဝိပဿနာမည်၏။ သုညတဝိပဿနာ၏မဂ်သည် **သုညတမဂ်**မည်၏။ (သုညတမဂ်၏ ဖိုလ်သည် **သုညတဖိုလ်**မည်၏။) အနိစ္စာနုပဿနာသည် အနိမိတ္တဝိပဿနာမည်၏။ အနိမိတ္တဝိပဿနာ၏မဂ်သည် **အနိမိတ္တမဂ်**မည်၏။ ဤအနိမိတ္တဟူသော အမည်ကိုကား အဘိဓမ္မာနည်းအားဖြင့် မရအပ်ပေ။ သုတ္တန်နည်းအားဖြင့်သာလျှင် ရအပ်ပေ၏။ မှန်ပေ၏ -ထိုသုတ္တန်၌ ဂေါဘူဉာဏ်သည် နိမိတ်ကင်းသော နိဗ္ဗာန်ကို အာရုံပြုသောကြောင့်

၁၁၈။ ဒုတိယမထေရ်၏ ဝါဒ၌ကား အကြင်အကြင် သမာပတ်မှ ထပြီးလျှင် အကြင်အကြင်သမာပတ်တရားတို့ကို သုံးသပ်၍ မဂ်ကို ဖြစ်စေငြား အံ့၊ ထိုမဂ်သည် ထိုထိုသုံးသပ်(အပ်) သော ဈာန်နှင့် တူသည်သာလျှင် ဖြစ်၏။ ထိုမထေရ်၏ ဝါဒ၌လည်း ဝိပဿနာဖြင့် ကိန်းသေသတ်မှတ်ခြင်းကို ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်၏။

၁၁၉။ တတိယမထေရ်၏ ဝါဒ၌ကား မိမိ၏ အလို အဇ္ဈာသယအားလျော်စွာ အကြင်အကြင်ဈာန်ကို အခြေခံ ပြုပြီးလျှင် အကြင်အကြင် ဈာန်တရားတို့ကို သုံးသပ်၍ မဂ်ကို ဖြစ်စေငြားအံ့၊ ထိုမဂ်သည် ထိုထို အလိုရှိအပ်သောဈာန်နှင့် တူသည်သာလျှင် ဖြစ်၏။ သို့သော်အခြေခံပါဒက ဈာန်နှင့်သော်ငင်း သုံးသပ်သော သမ္မသိတ ဈာန်နှင့်သော်ငင်း ကင်း၍ အလို အဇ္ဈာသယမျှဖြင့် သာလျှင် ထိုအလိုရှိသောဈာန်နှင့်တူသည်၏ အဖြစ်သည် မပြီးစီးပေ။ ထိုအလို အဇ္ဈာသယအားလျော်စွာ ဖြစ်သည်ဟူသော ဤအနက်ကို **နန္ဒကော ဝါဒသုတ်**ဖြင့် ပြအပ်၏။ ဤမထေရ်၏ဝါဒ၌လည်း ဝိပဿနာဖြင့် ကိန်းသေသတ်မှတ်ခြင်းကို ဆိုခဲ့ပြီးသောနည်းဖြင့် သာလျှင် သိအပ်၏။ ဤသို့လျှင် သခီရုပေက္ခာက ဗောဇ္ဈင် မဂ္ဂင် ဈာနင်တို့ကို ကိန်းသေ သတ်မှတ်သည်ဟု သိအပ်၏။

၁၂၀။ ထိုမှတပါး အကယ်၍ ဤ(သခီရုပေက္ခာ)သည် အစပိုင်း၌ ကိလေသာတို့ကို ပယ်ခွါသည်ရှိသော် ဆင်းရဲပင်ပန်းစွာ လုံ့လနှင့်တကွ ဖြစ်လျက် အားထုတ်မှုနှင့် တကွဖြစ်လျက် ပယ်ခွါခြင်းငှာ စွမ်းနိုင်ခဲ့ငြားအံ့၊ (ဒုက္ခပဋိပဒါ) ခဲယဉ်းသော အကျင့်မည်၏။ (ထိုမှ) ပြန်သောအားဖြင့် (သုခပဋိပဒါ) လွယ်ကူသော အကျင့်မည်၏။ ထိုမှတပါး ကိလေသာတို့ကို ပယ်ခွါပြီးလျှင် ဝိပဿနာဟူသော ပရိဝါသရှိသော မဂ်၏ ဖြစ်ပေါ်ခြင်းကို

ဖြေးဖြေးပြုသည်ရှိသော် (ဒန္ဓာဘိညာ) နှေးသော အဘိညာမည်၏။ (ထိုမှ) ပြန်သောအားဖြင့် (ခိပ္ပါဘိညာ)လျင်သော အဘိညာမည်၏။ ဤသို့လျှင် သခီ၏ ရူပေက္ခာသည် (မဂ်၏) လာခဲ့ရာ အကြောင်း၏အရာ၌ တည်၍ မိမိနှင့်ဆိုင်သောမဂ်အား အမည်ကိုပေး၏။ ထို့ကြောင့် မဂ်သည် လေးပါးသော အမည်တို့ကိုရ၏။

၁၂၁။ ထိုသို့သဘောရှိသော (ရောက်ကြောင်း အကျင့်ဖြစ်သော) ဤပဋိပဒါသည် အချို့သော ရဟန်းအား အသီးအသီး ကွဲပြား၏။ အချို့သော ရဟန်းအား မဂ်လေးပါးတို့၌လည်း မကွဲမပြား တပါးတည်း သာလျှင် ဖြစ်၏။ မြတ်စွာဘုရားတို့မှာမူကား မဂ်လေးပါးလုံးပင် သုခပဋိပဒါ-ချမ်းသာသော အကျင့်ရှိကုန်၍ ခိပ္ပါဘိညာ- လျင်သော အဘိညာရှိကုန်သည်သာလျှင် ဖြစ်လေကုန်၏။ အရှင်သာရိ ပုတြာမှာလည်း ထိုအတူပင်တည်း။ အရှင်မဟာ မောဂ္ဂလာန်မှာမူကား ပဌမမဂ်သည် သုခပဋိပဒါ- လွယ်ကူသော အကျင့်ရှိ၍ ခိပ္ပါဘိညာ- လျင်သောအဘိညာရှိ၏။ အထက်မဂ် သုံးပါးတို့သည် ဒုက္ခပဋိပဒါ ခဲယဉ်းသော အကျင့်ရှိကုန်၍ ခိပ္ပါဘိညာ- လျင်သော အဘိညာရှိကုန်၏။ ပဋိပဒါကဲ့သို့ပင် ထိုအတူ အဓိပတိတို့သည်လည်း အချို့သော ရဟန်းမှာ လေးပါးသော မဂ်တို့၌ အသီးအသီး ကွဲပြားကုန်၏။ အချို့သော ရဟန်းမှာ မဂ်လေးပါးတို့၌ မကွဲမပြား တပါးတည်းသာဖြစ်၏။ ဤသို့လျှင် သခီရူပေက္ခာသည် ပဋိပဒါအထူးကို ကိန်းသေ သတ်မှတ်၏။ ထိုမှတပါး ဝိမောက္ခအထူးကို ကိန်းသေ သတ်မှတ်ပုံမှာ ရှေး၌ ဆိုခဲ့ပြီးသာလျှင်ဖြစ်၏။

၁၂၂။ တနည်းအားဖြင့်လည်း မဂ်မည်သည်ကား မိမိ၏ သဘော (**သရသ**)အားဖြင့်၎င်း ဆန့်ကျင်ဘက်အားဖြင့်၎င်း မိမိ၏ဂုဏ်အားဖြင့်၎င်း အာရုံအားဖြင့်၎င်း လာခဲ့ရာအကြောင်း (အာဂုံ)အားဖြင့်၎င်း-ဤသို့ငါးပါးသော အကြောင်းတို့ဖြင့် အမည်ကိုရ၏။ ချဲ့၍ပြရလျှင် သခီရူပေက္ခာသည် သခီရတို့ကို အနိစ္စအခြင်းအရာအားဖြင့် သုံးသပ်၍ ထငြားအံ့၊ **အနိမိတ္တ ဝိမောက္ခ**ဖြင့် လွတ်မြောက်၏။ ဒုက္ခအခြင်းအရာအားဖြင့် သုံးသပ်၍ ထငြားအံ့၊ **အပ္ပဏိဟိတဝိမောက္ခ**ဖြင့် လွတ်မြောက်၏။ အနတ္တအခြင်းအရာအားဖြင့် သုံးသပ်၍ ထငြားအံ့၊ **သုညတ ဝိမောက္ခ**ဖြင့် လွတ်မြောက်၏။ ဤသည်ကား (နိမိတ်စသည်ကင်းသော) မိမိ၏ သဘောအားဖြင့်ရသော အမည်တည်း။

၁၂၃။ ထိုမှတပါး ဤမဂ်သည် အနိစ္စာနုပဿနာအားဖြင့် သခီရတို့၏ ဃနပညတ် အစိုင်အခဲကို ဖျက်ခွဲ၍ မြဲသည့်ပုံဟန်-နိစ္စနိမိတ်, ခိုင်ခံ့သည့်ပုံဟန်-ဓုဝနိမိတ်, အမြဲတန်းတည်ရှိသည့်ပုံဟန်-သဿတနိမိတ်တို့ကို ပယ်စွန့်၍ လာခဲ့၏။ ထို့ကြောင့် **အနိမိတ္တ**မည်၏။ ဒုက္ခာနုပဿနာဖြင့် သုခသညာကို ပယ်ခွါ၍ စိတ်ညွတ်ထားခြင်း တောင့်တခြင်းကို ခြောက်သွေ့စေ၍ လာခဲ့သောကြောင့် **အပ္ပဏိဟိတ**မည်၏။ အနတ္တာနုပဿနာဖြင့် အတ္တကောင်ဟူသော အမှတ် သတ္တဝါဟူသောအမှတ် ပုဂ္ဂိုလ်ဟူသော အမှတ်သညာကို ပယ်စွန့်၍ သခီရတို့ကို ဆိတ်သုန်းသော **သုညတ**မည်၏။ ဤသည်ကား (နိမိတ်စသည်တို့၏) ဆန့်ကျင်ဘက်အားဖြင့် ရသော အမည်တည်း။

ဉာဏ်ဖြင့် တဖန်ရှုသိသင့်သော သခ်ါရတရားပေါင်းကို သာလျှင် တဖန် ရှုသိခဲ့ပေစွတကား"ဟူ၍ငင်း"သခ်ါရုပေက္ခာဉာဏ်ဖြင့် လျစ်လျူ ရှုသင့်သော သခ်ါရတရားပေါင်း ကိုသာလျှင် လျစ်လျူ ရှုခဲ့ပေစွတကား"မဆိုသော်လည်း ကျရောက်သော အနက် သဘော အားဖြင့် ဆိုဘိ သကဲ့သို့ ဤဉာဏ်ရှစ်ပါးတို့၏ မှန်သော ကိစ္စရှိသည်၏ အဖြစ်အား ဖြင့်လျော်၏။ အထက်(မဂ်)၌ (ပါဝင်သော) သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့၏ (မှန်သောကိစ္စရှိသည်၏ အဖြစ်) အား လည်းလျော်၏။ (အဘယ်ကြောင့်နည်းဟူမူ) ထိုအနုလောမဉာဏ် ဟူသော အကျင့်ဖြင့် သာလျှင် (မဂ်၌ပါဝင်သော ဗောဓိ ပက္ခိယ တရားတို့ကို) ရောက်အပ် ရောက်နိုင်သောကြောင့် ပေတည်း။

၁၃၁။ဥပမာအားဖြင့်. . တရားစောင့်သော ဘုရင်မင်းမြတ်သည် တရားဆုံးဖြတ်ရာဌာန၌ ထိုင်နေလျက် တရားဆုံးဖြတ်သော အမတ်ကြီးဝန်ကြီးတို့၏ အဆုံးအဖြတ်ကို ကြားနာပြီးလျှင် အဂတိလိုက်ခြင်းကို ပယ်၍ အလယ်အလတ် တည့်မတ်ညီမျှသော သဘောရှိသည်ဖြစ်၍ "ဤအတိုင်းပင် ဖြစ်စေ"ဟု ဝမ်းမြောက်ကြည်ဖြူ သဘောတူသည်ရှိသော် ထိုတရား ဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးတို့၏ အဆုံးအဖြတ်အားလည်း လျော်၏။ ရွှေဟောင်းဖြစ်သော မင်းကျင့်တရားအားလည်း လျော်၏။ ဤအနုလောမဉာဏ်၏ လျော်ပုံကို ဤဥပမာအတူပင် ပြီးစီးသည်ဟု သိအပ်၏။ ပြီးစီးပုံကား. . ဘုရင်မင်းမြတ်ကဲ့သို့ အနု

အနိမိတ္တာအမည်ရှိသည်ဖြစ်၍ မိမိက မဂ်၏လာခဲ့ရာအကြောင်း၏ အရာ၌ တည်၍မဂ်အား (အနိမိတ္တာဟူသော)အမည်ကိုပေး၏ဟု ဆိုကုန်၏။ ထို့ကြောင့်မဂ်ကို **အနိမိတ္တာ**ဟု ဆိုအပ်၏။ "မဂ်ဟူသော လာခဲ့ရာအကြောင်းအားဖြင့် ဖိုလ်သည် **အနိမိတ္တာ**မည်၏" ဟူသော အနက်သည်ကား သင့်သည်သာလျှင်တည်း။ ဒုက္ခာနုပဿနာသည် သခ်ါရတို့၌ တပ်မက်မှုတရာကို ခြောက်စေ၍လာသောကြောင့် အပ္ပဏိဟိတဝိပဿနာ မည်၏။အပ္ပဏိဟိတဝိပဿနာ၏ မဂ်သည် အပ္ပဏိဟိတမဂ်မည်၏။ အပ္ပဏိဟိတဝိပဿနာ၏ ဖိုလ်သည် **အပ္ပဏိဟိတ**ဖိုလ်မည်၏။ ဤသို့လျှင် ဝိပဿနာသည် မိမိ၏အမည်ကို မဂ်အားပေး၏။ မဂ်သည်ဖိုလ်အားပေး၏။ ဤသည်ကား လာခဲ့ရာအကြောင်း (အာဂုံ)အားဖြင့်ရသော အမည်တည်း။ ဤသို့လျှင် ဤသခ်ါရုပေက္ခာသည် ဝိမောက္ခအထူးကို ကိန်းသေသတ်မှတ်၏။

သခ်ါရုပေက္ခာဉာဏ် ပြီး၏။

အနုလောမဉာဏ်ပြဆိုချက်

၁၂၇။ ထိုသခ်ါရုပေက္ခာဉာဏ်ကို မှီဝဲလျက် ပွားစေလျက် အကြိမ်များစွာပြုသော ထိုယောဂီအား ယုံကြည်ဆုံးဖြတ်မှု အဓိမောက္ခသဒ္ဓါသည် အားကြီးစွာဖြစ်၏။ ကောင်းစွာ ခိုးမြောက်ထောက်ပံ့အပ်သော (ထက်သန်သော)ဝီရိယသည် ဖြစ်၏။ သတိသည် ကောင်းစွာထင်၏။ စိတ်သည် ကောင်းစွာတည်ကြည်၏။ အထူးသဖြင့် ထက်မြက်သော သခ်ါရုပေက္ခာသည် ဖြစ်၏။

ထိုယောဂီအား “ ယခုအခါ မဂ်ဖြစ်လတ့ံ” ဟုဆိုလင့်သော ခဏ၌ သခ်ါရုပေကွာသည် သခ်ါရတို့ကို အနိစ္စ-မမြဲဟူ၍ သော်၄င်း၊ ဒုက္ခ-ဆင်းရဲဟူ၍ သော်၄င်း၊ အနတ္တ-အတ္တမဟုတ်-အတ္တမရှိ-သဘောတရားမျှဟူ၍သော်၄င်း သုံးသပ်ပြီးလျှင် ဘဝင်သို့သက်၏။

၁၂၈။ ဘဝင်၏အခြားမဲ့၌ သခ်ါရုပေကွာပြုသော (ရှုသော) နည်းဖြင့်သာလျှင် သခ်ါရတို့ကို အနိစ္စဟူ၍ သော်၄င်း၊ ဒုက္ခဟူ၍ သော်၄င်း၊ အနတ္တ ဟူ၍ သော်၄င်း၊ အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းသည် ဖြစ်ပေါ်၏။ ထိုမှနောက်၌ ဘဝင်ကိုနစ်စေ၍ဖြစ်သော ထိုမနောဒွါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ အခြားအပြတ်မရှိသော စိတ်အစဉ်ကို ဆက်စပ်စေလျက် ထို (သခ်ါရုပေကွာ) အတူပင်လျှင် သခ်ါရတို့ကို အာရုံပြုလျက် ပဌမဇောစိတ်သည် ဖြစ်ပေါ်၏။ ယင်း ပဌမဇောစိတ်ကို **ပရိကံ**ဟူ၍ ခေါ်ဆိုအပ်၏။ ထိုပဌမဇော၏ အခြားမဲ့၌ ထိုအတူပင်လျှင် သခ်ါတို့ကို အာရုံပြုလျက် ဒုတိယဇော စိတ်သည် ဖြစ်ပေါ်၏။ ယင်းဒုတိယဇောစိတ်ကို **ဥပစာရ-ဥပစာ** ဟူ၍ခေါ်ဆိုအပ်၏။ ထိုဒုတိယဇောစိတ်၏ အခြားမဲ့၌လည်း ထိုအတူပင်လျှင် သခ်ါရတို့ကို အာရုံပြုလျက် တတိယဇောစိတ်သည် ဖြစ်ပေါ်၏။ ယင်းတတိယဇောစိတ်ကို **အနုလောမ-အနုလုံ**ဟု ခေါ်ဆိုအပ်၏။ ဤအမည်သုံးခုသည်ကား ထိုဇောသုံးခုတို့၏ အသီးသီးအမည်ပေတည်း။

၁၂၉။ သာမညအားဖြင့်မူကား ဤဇောသုံးခုလုံးကို **အာသေဝနဇော**ဟူ၍၄င်း၊ **ပရိကံဇော**ဟူ၍၄င်း၊ **ဥပစာဇော**

ဟူ၍၄င်း၊ **အနုလုံဇော**ဟူ၍၄င်း ခေါ်ဆိုရန်သင့်ပေ၏။ အဘယ် ကား လျော်သနည်းမူကား ရှေးအဖို့နောက်အဖို့ ဖြစ်သော တရား အဖို့အစု တို့အား လျော်ပေ၏။ မှန်ပေ၏- ထိုအနုလောမ ဉာဏ်သည် ရှေး၌ ဖြစ်ကုန်သော (ဥဒယဗ္ဗယဉာဏ် အစရှိကုန်သော) ရှစ်ပါးသော ဝိပဿနာ ဉာဏ်တို့၏ မှန်သောကိစ္စရှိသည်၏ အကြောင်း အားလျော်၏။ အထက်(မဂ်)၌ (ပါဝင်သော) သုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ (၏မှန်သော ကိစ္စရှိသည်၏အဖြစ်) အားလည်း လျော်၏။

၁၃၀။ လျော်ပုံကား။ ။ ထို အနုလောမဉာဏ်သည် အနိစ္စ လက္ခဏာစသည်၏ အစွမ်းအားဖြင့် သခ်ါရတရားတို့ကို အာရုံပြု၍ ဖြစ်သောကြောင့် “ဥဒယဗ္ဗယဉာဏ်သည် ဖြစ်ခြင်းပျက်ခြင်းရှိသော ရုပ်နာမ်တရားတို့၏သာလျှင် ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်ခဲ့ပေစွ တကား”ဟူ၍၄င်း“ဘင်္ဂါနုပဿနာဉာဏ်သည် ပျက်ခြင်းရှိသော ရုပ်နာမ်တရားတို့၏သာလျှင် ပျက်ခြင်းကို ရှုမြင်ခဲ့ပေစွတကား” ဟူ၍၄င်း“ကြောက်ဖွယ်ဘေးရှိသော သခ်ါရတရား အပေါင်းသည် သာလျှင် ဘယတုပဋ္ဌနဉာဏ်အား ကြောက်ဖွယ်ဘေး အနေအားဖြင့် ထင်ခဲ့ပေစွတကား”ဟူ၍၄င်း“အာဒီနဝါနုပဿနာဉာဏ်သည် အပြစ်ရှိသောသခ်ါရတရား အပေါင်း၌သာလျှင် အပြစ်ကို မြင်ခဲ့ ပေစွတကား” ဟူ၍၄င်း“နိဗ္ဗိဒါဉာဏ်သည် ငြီးငွေ့သင့် ငြီးငွေ့ထိုက်သော သခ်ါရတရား အပေါင်း၌သာလျှင် ငြီးငွေ့ခဲ့ပေစွတကား”ဟူ၍၄င်း မုဉ္စိတုကမျတာဉာဏ်သည် စွန့်လွှတ်သင့်သော သခ်ါရအပေါင်းတို့၌ သာလျှင် စွန့်လွှတ်လိုသည် ဖြစ်ခဲ့ပေစွတကား”ဟူ၍၄င်း “ပဋိသခ်ါ

ကြီးစွာသော ကြောက်ဖွယ်ဘေးရှိသော သံသရာဆင်းရဲဟူသော ညွှန်မှ ထမြောက်ကျော်လွန်ခြင်းငှာ အလိုရှိသောပညာရှိသဘောရှိသော အမျိုးကောင်းသားသည် ထိုဝုဋ္ဌာနဂါမိနီဝိပဿနာဌ အမြဲ မပြတ်အားထုတ်ခြင်းကို ပြုရာတော့သတည်း။

ဤသည်ကား သူတော်ကောင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းအကျိုးငှာ စီရင်သော ဝိသုဒ္ဓိမဂ်ကျမ်းဝယ် ပညာဘာဝနာအရာဌ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိကို အကျယ်ပြချက် (ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိနိဒ္ဒေသ) မည်သော နှစ်ဆယ့်တခုမြောက်ဖြစ်သော အပိုင်း အခဏ်းပေတည်း။

(ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ အကျယ်ပြချက်ပြီး၏။)

ပဌမမဂ်ဉာဏ်ပြဆိုချက်

၁။ ဤ(အနုလုံ)မှ နောက်ဌ ဂေါတြဘူဉာဏ် ဖြစ်ပေါ်၏။ ထိုဂေါတြဘူဉာဏ်သည် မဂ်၏ အာဝဇ္ဇန်းအရာဌ တည်သောကြောင့် ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိသို့လည်းမဝင်၊ ဉာဏ ဒဿန ဝိသုဒ္ဓိ သို့လည်း မဝင်၊ (ထိုဝိသုဒ္ဓိ နှစ်ပါးတို့၏) အကြားဌ ဝိသုဒ္ဓိဟု မခေါ်ဝေါ်လောက်သော ဉာဏ်သာလျှင် ဖြစ်ပေ၏။ သို့သော်လည်း ဝိပဿနာ အယဉ်ဌ ကျသောကြောင့် ဝိပဿနာဟု ရေတွက်ခြင်းသို့ ရောက်၏။

၂။ သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်ဟူသော ဤလေးပါးသော မဂ်တို့ဌ ဉာဏ်သည် **ဉာဏဒဿန ဝိသုဒ္ဓိ** (ဉာဏ်အမြင်၏ စင်ကြယ်ခြင်း- စင်ကြယ်သော ဉာဏ်အမြင်) မည်၏။

လောမဉာဏ်ကို မှတ်အပ်၏။ ရှစ်ယောက်သော တရားဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးကဲ့သို့ ရှစ်ပါးသော ဉာဏ်တို့ကို မှတ်အပ်ကုန်၏ ရှေးဟောင်းဖြစ်သော မင်းကျင့်တရားကဲ့သို့ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို မှတ်အပ်ကုန်၏။ ထိုဥပမာဌ "ဤအတိုင်းပင် ဖြစ်စေ"ဟုဆိုသော ဘုရင်မင်းမြတ်သည် တရားဆုံးဖြတ်သော အမတ်ကြီး ဝန်ကြီးတို့၏ အဆုံးအဖြတ် အားဂင်း မင်းကျင့်တရားအားဂင်း လျော်သကဲ့သို့ ထိုအတူပင် နိစ္စ စသည်တို့၏ အစွမ်းအားဖြင့် သခါရတို့ကို အာရုံပြုလျက် ဖြစ်ပေါ်သော ဤအနုလောမဉာဏ်သည် ရှစ်ပါးသော ဉာဏ်တို့၏ မှန်သော ကိစ္စရှိသည်၏ အဖြစ်အားလည်းလျော်၏။ အထက် အရိယာမဂ်ဌ (ပါဝင်သော) ၃၇-ပါးသော ဗောဓိပက္ခိယ တရားတို့ (၏မှန်သော ကိစ္စ ရှိသည်၏အဖြစ်) အားလည်း လျော်၏။ ထို့ကြောင့်ပင်လျှင် (ဂုဏ်ကို) သစ္စာနုလောမိက (မဂ္ဂသစ္စာ အားလျော်သော) ဉာဏ်ဟူ၍ ဆိုအပ်ပေ၏။

အနုလောမဉာဏ် ပြီး၏။

×××××

ဝုဋ္ဌာနဂါမိနီဝိပဿနာ ဉာဏ်ပြဆိုချက်

၁၃၂။ ဤ အနုလောမဉာဏ်သည်ကား သခါရလျှင် အာရုံရှိသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အဆုံးစွန်ဖြစ်ပေ၏။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်မူကား ဂေါတြဘူဉာဏ်သည် ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အဆုံးစွန် ဖြစ်ပေ၏။ ယခုအခါ ထိုဝုဋ္ဌာနဂါမိနီ

ဝိပဿနာ၌ပင်လျှင် မတွေ့မဝေ သိနားလည်ခြင်း အကျိုးငှာ ဤဆိုလတံ့သော သုတ္တန် နှီးနှောချက်ကို သိအပ်၏။

၁၃၃။ နှီးနှောပုံကား။ ။ ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို **သဋ္ဌာယတနဝိဘင်္သုတ်၌** "ရဟန်းတို့ (ထိုသခ်ါရတို့ဖြင့် ပြီးသော တဏှာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်) **အတမ္မယတာ** မည်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို အမှီပြု၍ **အတမ္မယတာ** မည်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာကိုရောက်၍ (အရူပစျာန်နှင့် ယှဉ်သော ဝေဒနာနှင့် အရူပစျာန်ကိုရသော ဝိပဿနာဉာဏ် ဟု ဆိုအပ်သော) အကြင်ဥပေက္ခာသည် တမျိုးတည်းသဘောရှိ၏။ တမျိုးတည်း သဘောရှိသော အာရုံကိုမှီ၏။ ထိုဥပေက္ခာကို ပယ်ကုန်လော့ ထိုဥပေက္ခာကို ကျော်လွန် ကုန်လော့"ဟု **အတမ္မယတာ** ဟူသော အမည်ဖြင့် ဟောတော် မူ(အပ်)သည်။

၁၃၄။ **အလဂဒ္ဒသုတ္တန်၌**- "ငြီးငွေ့သည်ရှိသော် တပ်မက်ကင်း၏။ တပ်မက်ကင်း ခြင်းကြောင့် လွတ်မြောက်၏"ဟု ဤသို့ **နိဗ္ဗိဒါ-ငြီးငွေ့** ဟူသော အမည်ဖြင့် ဟောတော်မူ (အပ်)သည်။

၁၃၅။ **သုသီမသုတ္တန်၌** "သုသီမရဟန်း၊ တရားတို့၏ တည်ကြောင်း ပဋိစ္စသမုပ္ပါဒ်၌ သိသော ဓမ္မဋ္ဌိတိဉာဏ်သည် ရှေး၌ ဖြစ်၏။ နိဗ္ဗာန်၌ ဉာဏ်သည် နောက်မှဖြစ်၏"ဟု ဤသို့ **ဓမ္မဋ္ဌိတိဉာဏ်** ဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)သည်။

၁၃၆။ **ပေါဋ္ဌပါဒသုတ္တန်၌**-"ပေါဋ္ဌပါဒပရိဗ္ဗိဇ်၊ သညာသည် ရှေးဦးစွာ ဖြစ်၏။ ဉာဏ်သည် နောက်မှဖြစ်၏"ဟု ဤသို့ **သညဉ္စ-အမြတ်ဆုံးသညာ** ဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)သည်။

၁၃၇။ **ဒသုတ္တရသုတ္တန်၌** "ပဋိပဒါဉာဏ် ဒဿနဝိသုဒ္ဓိ-မဂ်ရောက်ကြောင်းအကျင့် ဉာဏ်အမြင်စင်ကြယ်ခြင်းဟူသော ပါရိသုဒ္ဓိပဓာနိယင်္ဂ-ထက်ဝန်းကျင် စင်ကြယ်ခြင်း၏ ပြဋ္ဌာန်းသော အကြောင်းအင်္ဂါ"ဟု ဤသို့ **ပါရိသုဒ္ဓိပဓာနိယင်္ဂ-ထက်ဝန်းကျင် စင်ကြယ်ခြင်း၏ ပြဋ္ဌာန်းသော အကြောင်းအင်္ဂါ** ဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)သည်။

၁၃၈။ **ပဋိသမ္ဘိဒါမဂ်၌**- **"မုဉ္စိတုကမျတာဉာဏ် ပဋိသခ်ါနုပဿနာ သခ်ါရုပေက္ခာဉာဏ်** ဟူသော ဤဉာဏ်တရား တို့သည် အနက်တရား ကိုယ်အရ တူကုန်၏။ အမည်သဒ္ဒါမျှ သာလျှင် ထူး၏"ဟု ဤသို့ သုံးပါးသောအမည်တို့ဖြင့် ဟောတော် မူအပ်သည်။

၁၃၉။ **ပဋ္ဌာန်း၌**- **"အနုလုံသည် ဂေါတြဘူအား၊** အနုလုံသည် **ဂေါဒါန်အား** (ကျေးဇူးပြု၏)"ဟု ဤသို့ သုံးပါးသော အမည်တို့ဖြင့် ဟောတော်မူ(အပ်)သည်။

၁၄၀။ **ရထဝိနီတသုတ္တန်၌** "ငါရှင်၊ အဘို့နည်း ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ အကျိုးငှာ ဘုန်းတော်ကြီးသော မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးသလော"ဟု ဤသို့ **ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ** ဟူသော အမည်ဖြင့် ဟောတော်မူ(အပ်)သည်။

၁၄၁။ ဤသို့ ပြဆိုခဲ့သည့်အတိုင်း တပါးမကများလှသော အမည်တို့ဖြင့် ကိလေသာကို ငြိမ်းစေတတ်သော ထက်ဝန်းကျင် စင်ကြယ်သော အကြင်ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို မြတ်သော ဂုဏ်ကျေးဇူးကို ရှာတော်မူပြီးသော မြတ်စွာဘုရားသည် ဟောကြား ချိုးကျူးတော်မူ(အပ်)၏။

ချောင်းကို ဖြစ်စေ အနိစ္စဟူ၍သော်ငင်း ဒုက္ခဟူ၍သော်ငင်း၊ အနတ္တဟူ၍သော်ငင်း၊ အနုလောမ ဉာဏ်၏ အာဝဇ္ဇန်းဖြင့် ဆွဲကိုင်ပြီးလျှင် ထိုဆွဲကိုင် အပ်သော အာရုံကို မလွတ်မူ၍သာလျှင် ပဌမအနုလုံစိတ်ဖြင့် ခုန်လွှား၍ ဒုတိယ အနုလုံစိတ်ဖြင့် တဖက်ကမ်းဆီသို့ ညွှတ်ကိုင်းရှိုင်းသော ကိုယ်ရှိသော ထိုယောဂျားကဲ့သို့ နိဗ္ဗာန်သို့ ညွှတ်ကိုင်းရှိုင်း သော စိတ်ရှိသည် ဖြစ်၍ တတိယ အနုလုံစိတ်ဖြင့် တဖက်ကမ်း၏ အထက်အဖို့သို့ ရောက်သော ထိုယောဂျားကဲ့သို့ ယခုပင် ရောက်အပ်လတ်သော နိဗ္ဗာန်နှင့် နီးသည်ဖြစ်၍ ထိုတတိယ အနုလုံစိတ်၏ ချုပ်ခြင်းဖြင့် ထိုသခ်ါရ အာရုံကို စွန့်လွှတ်ပြီးလျှင် သခ်ါရကင်း၍ တဖက်ကမ်း ဖြစ်သော နိဗ္ဗာန်၌ ဂေါတြဘူစိတ်ဖြင့် ကျသွား၏။ သို့သော်လည်း တူသော အာရုံ၌ အာသေဝနပစ္စည်း ကို မရသောကြောင့် တုန်လှုပ်နေသော ထိုယောဂျားကဲ့သို့ပင် ကောင်းစွာ တည်တံ့သည်ကား မဖြစ်သေး၊ ထိုဂေါတြဘူမှ နောက်၌ မဂ်ဉာဏ် ဖြင့် တည်တံ့ သွားလေ၏။

၆။ ထိုအနုလောမဉာဏ် ဂေါတြဘူဉာဏ် နှစ်ပါးတို့တွင် အနုလောမဉာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်၏။ နိဗ္ဗာန်ကို အာရုံပြုခြင်းငှာကား မစွမ်းနိုင်။ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းငှာ သာလျှင် စွမ်းနိုင်၏။ သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာ အမိုက်မှောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်။ ထိုသို့ စွမ်းနိုင် မစွမ်းနိုင်ရာ၌ ဤဆိုလတ့ံသည်ကား ဥပမာတည်း။ ။

၃။ ထိုတွင် ပဌမမဂ်ဉာဏ်ကို ပြည့်စုံစေခြင်းငှာ အလိုရှိသော ဤယောဂီမှာ အခြားတပါးသော ပြုဖွယ်ကိစ္စ မည်သည် တစုံတစ်ခုမျှ မရှိတော့ပြီ၊ မှန်ပေ၏။ ဤယောဂီသည် အနုလောမဉာဏ် အဆုံးရှိသောဝိပဿနာဉာဏ်ကို ဖြစ်စေလျက် ပြုဖွယ်ကိစ္စ ဟူသမျှကို ပြုပြီးသည်သာလျှင် ဖြစ်ပေ၏။ ဤဆိုခဲ့သည့်အတိုင်း ဖြစ်ပြီးသော အနုလောမဉာဏ် ရှိသော ဤယောဂီ၏ စိတ်သည် ထိုပြခဲ့ပြီးသော အနုလောမဉာဏ် သုံးပါးတို့ဖြင့်လည်း မိမိ၏ အစွမ်း အာနုဘော်အား လျော်စွာ သစ္စာကို ဖုံးလွှမ်းတတ်သော ရူးရှုံ့ရင်း ရူးရှုံ့ရင်းသော ကိလေသာ အမှောင်ကို ကွယ်ပျောက်စေ ပြီးလတ်သော် အလုံးစုံသော သခ်ါရ တရားအပေါင်း၌ မပြေးသွား မတည်တံ့ နှလုံးမသွင်း မကပ် မငြိ မတွယ်၊ ပဒုမ္မာ ကြာဖတ်မှ ရေကဲ့သို့ တွန့်၏ ရှုံ့၏ ပြန်နစ်၏။ အလုံးစုံသော သခ်ါရနိမိတ် အာရုံသည်ငင်း အလုံးစုံသော (အဇ္ဈတ္တသန္တာန်၌) မပြတ် ဖြစ်သော ခန္ဓာ အယဉ်အာရုံသည်ငင်း အနှောင့်အယှက် ပလိ ဗောဓ အနေအားဖြင့် ထင်ပေါ်၏။ ထိုအခါ၌ ထိုယောဂီအား အလုံးစုံ သော သခ်ါရ နိမိတ်အာရုံနှင့် ခန္ဓာအယဉ် အာရုံသည် အနှောင့် အယှက် ပလိ ဗောဓ အနေအားဖြင့် ထင်လတ်သော် အနုလောမ ဉာဏ် မှီဝဲသည်၏ အဆုံး၌ သခ်ါရနိမိတ်မရှိသော မပြတ်ဖြစ်နေ သည့် ခန္ဓာအယဉ် မရှိသော သခ်ါရ ကင်းသော သခ်ါရချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်အနွယ်, ပုထုဇဉ် ဟူသောအမည် ဝေါဟာရပုထုဇဉ်၏ ဘုံအဆင့်ကို ကျော်လွန်လျက် အရိယာ အနွယ် အရိယာဟူသော အမည်ဝေါဟာရ အရိယာ၏ ဘုံအဆင့်သို့

ဆိုက်ရောက်လျက် နိဗ္ဗာန်အာရုံ၌ ရှေးဦးစွာ လည်ခြင်း ရှေးဦးစွာ နှလုံးသွင်းခြင်း၊ ရှေးဦးစွာ ဆင်ခြင်ခြင်း၊ သဘောဖြစ်သော ခေါင်ထိပ်သို့ ရောက်သော ဝိပဿနာ၏ ဦးခေါင်းသဖွယ် ဖြစ်သော တဖန်ပြန်လည်ခြင်း မရှိသော ဂေါတြဘူဉာဏ်သည် အရိယာမဂ်အား အနန္တရ သတ္တိ သမနန္တရ သတ္တိ အာသေဝန သတ္တိ ဥပနိဿယ သတ္တိ နတ္ထိ သတ္တိ ဝိဂတ သတ္တိတို့၏ အစွမ်းအားဖြင့် ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ကျေးဇူး ပြုသည်၏ အဖြစ်ကို ပြီးစေလျက် ဖြစ်ပေါ်၏။ ယင်း ဂေါတြဘူဉာဏ်ကို ရည်၍ ပဋိသမ္ဘိဒါ မဂ်၌ အောက်ပါ စကားကို ဟောတော်မူ၏။

၄။ အဘယ်သို့လျှင် အပြင်ပ(သင်္ခါရ)မှ ထခြင်း ပြန်လည်ခြင်း ပြီးစီးလတ်သော် ဖြစ်သော ပညာသည် ဂေါတြဘူဉာဏ် မည်သနည်း။ ရှေးဦးစွာ ဖြစ်ပေါ်ခြင်းကို လွှမ်းမိုး ကျော်လွန် တတ်သောကြောင့် ဂေါတြဘူမည်၏။ ဖြစ်ပွားခြင်းကို ပြင်းစွာ ပူပန်ခြင်းကို လွှမ်းမိုး ကျော်လွန်တတ် သောကြောင့် ဂေါတြဘူ မည်၏။ အပြင်ပ ဖြစ်သော သင်္ခါရနိမိတ်ကို လွှမ်းမိုး ကျော်လွန် တတ်သောကြောင့် ဂေါတြဘူ မည်၏။ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူ မည်၏။ မဖြစ်ပွား ခြင်းကို ပြင်းစွာမပူပန်ခြင်းသို့ သင်္ခါရ ချုပ်ရာ နိဗ္ဗာန်သို့ ပြေးဝင်တတ်သောကြောင့် ဂေါတြဘူ မည်၏။ ဖြစ်ပေါ်ခြင်းကို လွှမ်းမိုးကျော်လွန်၍ မဖြစ်ပေါ်ခြင်းသို့ ပြေးဝင် တတ်သောကြောင့်ဂေါတြဘူမည်၏။ ဤသို့ စသည်ဖြင့် အလုံးစုံကို ချဲ့၍ သိအပ်၏။

၅။ ထိုစကားရပ်၌ ဤဆိုလတံ့သည်ကား တခုတည်းသော အာဝဇ္ဇန်းဖြင့် (ဖြစ်သော) တခုတည်းသော စိတ်အစဉ် (ဝီထိ)၌ တဆက်တည်း ဖြစ်ကုန်သော်လည်း (ထိုသို့ ဖြစ်ကြသော) အနုလောမဉာဏ်နှင့် ဂေါတဘူဉာဏ်တို့၏ အသီးသီးသော အာရုံ၌ဖြစ်ပုံ အခြင်းအရာကိုပြသော ဥပမာတည်း။ ။ ကြီးသော ရေမြောင်းကို ခုန်ကျော်၍ တဖက်ကမ်း၌ တည်ခြင်းငှာ အလိုရှိသော ယောကျ်ားသည် လျင်သော အဟုန်ဖြင့် ပြေးသွား ပြီးလျှင် ရေမြောင်း၏ ဤဖက်ကမ်း၌ (ရှိသော) သစ်ပင်၏ ကိုင်း၌ ဖွဲ့ချည်း၍ တွဲလျားချထားသော ကြိုးကိုဖြစ်စေ ဒုတ်ချောင်းကို ဖြစ်စေ ဆွဲကိုင်၍ ခုန်လွှားပြီးလျှင် တဖက်ကမ်းဆီသို့ ညွှတ်ကိုင်းရှိုင်းသော ကိုယ်ရှိသည် ဖြစ်၍ တဖက်ကမ်း၏ အထက်အဖို့သို့ ရောက်လတ် သော် ထိုဆွဲကိုင်ထားသော ကြိုးနှင့်ဒုတ်ချောင်းကို လွှတ်လိုက်၍ တုန်လှုပ်လျက် တဖက်ကမ်း၌ ကျပြီးလျှင် ဖြည်းဖြည်း တည်တံ့သွား လေသကဲ့သို့ ထိုအတူပင်လျှင် ဤယောဂီသည်လည်း ဘဝ သုံးပါး ယောနိလေးပါး ဂတိငါးပါး ဝိညာဏဌိတိ ခုနစ်ပါး သတ္တဝါသကိုးပါးတို့၏ တဖက်ကမ်းဖြစ်သော နိဗ္ဗာန်၌ တည်ခြင်းငှာ အလိုရှိသည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ် အစရှိသော လျင်သော အဟုန်ဖြင့် ပြေးသွားပြီးလျှင် အတဂေါတြဘူ မည်၏။ အတ္တဘောတည်း ဟူသော သစ်ပင်၏ ကိုင်း၌ ဖွဲ့ချည်၍ တွဲလျား ချထားသကဲ့သို့သော ရုပ်တည်း ဟူသော ကြိုးကိုဖြစ်စေ ဝေဒနာ စသည် တို့တွင် တပါးပါးသော နာမ်ခန္ဓာ တည်းဟူသော ဒုတ်

လည်း ပိတ်သေး၏။ ခုနစ်ပါးသော အရိယာ ဥစ္စာတို့၏ မျက်မှောက်ဖြစ်ခြင်းကို (၄င်းတို့ကိုရခြင်းကို) လည်း ပြုသေး၏။ အဂ်ါရှစ်ပါးသော မိစ္ဆာမဂ်ခေါ် လမ်းမှားကိုလည်း ပယ်သေး၏။ အလုံးစုံသော ဘေးရန်တို့ကိုလည်း ငြိမ်းစေ သေး၏။ မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်အစစ် အဖြစ်သို့လည်း ရောက်စေသေး၏။ ထိုမှတပါးအရာမက များစွာကုန်သော အကျိုးအာနိသင်တို့ကို ရခြင်းငှာလည်း ဖြစ်သေး၏။ ဤသို့လျှင် များစွာသော အကျိုးအာနိသင်တို့ကို ပေးတတ်သော သောတာပတ္တိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သောတာပတ္တိမဂ်ဉာဏ်မည်၏။

ပဌမဉာဏ် ပြီး၏။

×××××

သောတာပန် ပုဂ္ဂိုလ် ပြဆိုချက်

၁၁။ ထိုမှတပါး ဤပဌမမဂ်ဉာဏ်၏ အခြားမဲ့၌ ထိုဉာဏ်၏ ပင်လျှင် အကျိုးဝိပါတ် ဖြစ်ကုန်သော နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ပေါ်ကုန်၏။ မှန်ပေ၏-လောကုတ္တရာကုသိုလ်တို့သည် အခြားမဲ့၌ အကျိုးပေးတတ်သည့် အဖြစ်ကြောင့်သာလျှင် “အကြင်မဂ်သမာဓိကို **အခြားမဲ့၌ အကျိုးပေးတတ်သည်**ဟု မိန့်ဆိုကုန်၏” ဟူ၍၄င်း “အာသဝေါ တရား တို့၏ ကုန်ခြင်းငှာ **အခြားမဲ့၌ အကျိုးပေးတတ်သော အရိယာမဂ်**ကို နှေးနှေးဆိုက် ရောက်၏” ဟူ၍၄င်း ဤသို့ အစရှိသည်ကို

မျက်စိမြင်သော ယောကျ်ား တစ်ယောက်သည် နက္ခတ်နှင့် (လ) အယှဉ်ကို သိအောင် ကြည့်အံ့ဟု ကြံ၍ ညဉ့်အဖို့၌ အပြင်သို့ ထွက်၍ လကိုကြည့်ခြင်းငှာ အထက် ကောင်းကင်သို့ မော်ကြည့်လေသတတ်၊ တိမ်တိုက်တို့ ဖုံးလွှမ်းထားသောကြောင့် လသည် ထိုယောကျ်ားအား မထင်ပေါ်ပဲ ရှိလေသတတ်၊ ထိုအခါ၌ တခုသောလေသည် တက်၍ ရုန့်ရင်းရုန့်ရင်း ကုန်သော တိမ်တိုက်တို့ကို တိုက်လွှင့် ဖျက်ဆီး၏။ ထိုမှတပါးသော လေသည် မထူမပါး အလတ်စား ဖြစ်သော တိမ်တိုက်တို့ကို တိုက်လွှင့်ဖျက်ဆီး၏။ ထိုမှတပါးသော လေသည် သိမ်မွေ့သော တိမ်တို့ကို တိုက်လွှင့်ဖျက်ဆီး၏။ ထိုမှနောက်၌ ထိုယောကျ်ားသည် တိမ်တိုက်ကင်းစင်သော ကောင်းကင်၌ လကိုမြင်၍ နက္ခတ် အယှဉ်ကို သိလေ သတတ်။

၇။ ထိုဥပမာ၌ သုံးခုသော တိမ်တိုက်တို့ကဲ့သို့ သစ္စာကို ဖုံးလွှမ်း တတ်သော ရုန့်ရင်း အလတ်စား သိမ်မွေ့အားဖြင့် ၃ပါးသော ကိလေသာ အမျှောင်ကို မှတ်အပ်၏။ သုံးခုသော လေတို့ကဲ့သို့ သုံးပါးသော အနုလုံစိတ်တို့ကို မှတ်အပ်ကုန်၏။ မျက်စိမြင်သော ယောကျ်ားကဲ့သို့ ဂေါတြဘူဉာဏ်ကို မှတ်အပ်၏။ လကဲ့သို့ နိဗ္ဗာန်ကို မှတ်အပ်၏။ တခုတခုသော လေသည် အစဉ်အတိုင်း တိမ်တိုက်ကို ဖျက်ဆီးခြင်းကဲ့သို့ တပါးတပါးသော အနုလုံစိတ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာအမျှောင်ကို ဖျက်ဆီးခြင်းကို မှတ်အပ်၏။ တိမ်တိုက်ကင်းသော ကောင်းကင်၌

စင်ကြယ်သော လကို ထိုယောကျ်ား၏ မြင်ခြင်းကဲ့သို့ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာ အမှောင်ကင်းသောအခါ စင်ကြယ်သော နိဗ္ဗာန်ကို ဂေါတြဘူဉာဏ်၏ မြင်ခြင်းကို မှတ်အပ်၏။

၈။ မှန်ပေ၏-သုံးခုသောလေတို့သည် လကို ဖုံးလွှမ်းတတ်သော တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှာ သာလျှင် စွမ်းနိုင်၏။ လကိုမြင်ခြင်းငှာ ကား မစွမ်းနိုင်ကုန်သကဲ့သို့ ဤအတူပင် အနုလောမဉာဏ်တို့သည် သစ္စာကို ဖုံးလွှမ်း တတ်သော ကိလေသာ အမှောင်ကို ပယ်ဖျောက်ခြင်းငှာ သာလျှင် စွမ်းနိုင်ကုန်၏။ နိဗ္ဗာန်ကို မြင်ခြင်းငှာကား မစွမ်းနိုင်ကုန်။ ထိုယောကျ်ားသည် လကိုမြင်ခြင်းငှာသာလျှင် စွမ်းနိုင်၏။ တိမ်တိုက်တို့ကို ဖျက်ဆီးခြင်းငှာကား မစွမ်းနိုင်သကဲ့သို့ ဤအတူပင် ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုမြင်ခြင်းငှာ သာလျှင် စွမ်းနိုင်၏။ ကိလေသာ အမှောင်ကို ပယ်ဖျောက်ခြင်းငှာကား မစွမ်းနိုင်။ ထို့ကြောင့်ပင်လျှင် ဤ ဂေါတြဘူဉာဏ်ကို "မဂ်၏အာဝဇ္ဇန်း"ဟူ၍ ဆိုအပ်ပေသည်။ မှန်ပေ၏။ ထို ဂေါတြဘူဉာဏ်သည် အာဝဇ္ဇန်း မဟုတ်ငြားသော်လည်း အာဝဇ္ဇန်း၏ အရာ၌ တည်၍ မဂ်အား "ဤသို့ ဖြစ်ရစ်လော့"ဟု အမှတ်သညာပေး သကဲ့သို့ (ဖြစ်ပြီးလျှင်) ချုပ်လေ၏။ မဂ်သည်လည်း ထိုဂေါတြဘူက ပေးသော အမှတ်သညာကို မလွတ်မူ၍ သာလျှင် အခြားအပြတ်မရှိသော စိတ်အစဉ်၏ အစွမ်းအားဖြင့် ထို ဂေါတြဘူဉာဏ်သို့ အစဉ်လိုက်လျက် မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသေးသော လောဘတုံး ဒေါသတုံး မောဟတုံးတို့ကို ဖောက်ထွင်းလျက် ခွဲဖျက်လျက်သာလျှင် ဖြစ်ပေါ်၏။

၉။ ထိုသို့ ဖောက်ထွင်းခွဲဖျက်ရာ၌ ဤဆိုလတံ့ သည်ကား ဥပမာတည်း။ ။ လေးသမား တစ်ယောက်သည် ရှစ်ဥသဘမျှ ရှိသော အရပ်၌ ပျဉ်ချပ်တရာကို ထားစေပြီးလျှင် မျက်နှာကို အဝတ်ဖြင့် ရစ်ပတ်၍ မြားကို တပ်ဆင်လျက် စက်ယန္တရား (ဆုံလည်ခုံဝိုင်း)၌ ရပ်တည်နေလတ္တံ့၊ အခြားတပါးသော ယောကျ်ားသည် စက်ယန္တရား (ဆုံလည် ခုံဝိုင်း)ကို လှည့်၍ ပျဉ်ချပ်သည် လေးသမား၏ ရှေးရှုဖြစ်သောအခါ ထိုပျဉ်ချပ်၌ ဒုတ်ဖြင့် အမှတ်သညာကို ပေး၏။ လေးသမားသည် ဒုတ်(သံ) အမှတ်သညာကို မလွတ်မူ၍ သာလျှင် မြားကို ပစ်လျက် ပျဉ်ချပ်တရာကို ဖောက်ထွင်း သတတ်။ ထိုဥပမာ၌ ဒုတ်(သံ) အမှတ်သညာ ကဲ့သို့ ဂေါတြဘူ ဉာဏ်ကို မှတ်အပ်၏။ လေးသမား ကဲ့သို့ မဂ်ဉာဏ်ကို မှတ်အပ်၏။ ဒုတ်(သံ)အမှတ်သညာကို မလွတ်မူ၍ သာလျှင် ပျဉ်ချပ်တရာကို လေးသမား၏ ဖောက်ထွင်းခြင်း ကဲ့သို့ ဂေါတြဘူဉာဏ်က ပေးသော အမှတ်သညာကို မလွတ်မူ၍ သာလျှင် မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက် မဖောက်ထွင်းဘူး မခွဲဖျက်ဘူးသေးသော လောဘတုံး ဒေါသတုံး မောဟတုံးတို့ကို ဖောက်ထွင်းခြင်း ခွဲဖျက်ခြင်းကို မှတ်အပ်၏။

၁၀။ ဤမဂ်သည် လောဘတုံးစသည်တို့ကို ဖောက်ခွဲခြင်းကို သာလျှင် သက်သက်ပြုသည်မဟုတ်သေး၊ စင်စစ်သော်ကား (အနုမတဂ္ဂ) အစမထင်သော သံသရာ ဝဋ်ဆင်းရဲဟူသော သမုဒ်ဒါကို လည်း ခြောက်ခမ်းစေသေး၏။ အလုံးစုံသော အပါယ်တံခါးတို့ကို

သေးသောတရားကြောင့် တရံတခါ၌ အကျွန်ုပ်၏ စိတ်ကို လောဘတရားတို့သည်လည်း လွှမ်းမိုးလျက် အကြွင်းမဲ့ယူဆောင်၍ တည်ပါကုန်၏" ဤသို့ အစ ရှိသော အလုံးစုံကို အကျယ်အားဖြင့် သိအပ်၏။

ဒုတိယမဂ်ဉာဏ် ပြဆို‌ချက်

၁၇။ ဤသို့ဆင်ခြင်ပြီးလျှင်မူကား ထိုသောတာပန် အရိယာသာဝကသည် ထိုနေရာ၌ပင် ထိုင်လျက်ဖြစ်စေ နောက်အဖို့ အခါတပါး၌ဖြစ်စေ ကာမရာဂနှင့် ဗျာပါဒတို့၏ ခေါင်းပါးခြင်းအကျိုးဌာ (သကဒါဂါမိဖိုလ်ဟူသော) ဒုတိယ ဘုံအဆင့်သို့ ရောက်ခြင်းဌာ ဝိပဿနာအားထုတ်ခြင်းကို ပြု၏။ ထိုပုဂ္ဂိုလ်သည် ကွန္ဒြေဗိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု -ညီညွတ်စေ၍ ရုပ်ဝေဒနာသညာ သင်္ခါရ ဝိညာဏ်အပြား ရှိသော ထိုသင်္ခါရ အပေါင်းကို ပင်လျှင် "မမြဲ ဆင်းရဲ အတ္တ မဟုတ်" ဟုဉာဏ်ဖြင့် အဖန်တလဲလဲ နှင်းနယ်ချေမှုန်း၏။ အဖန်တလဲလဲ (ဉာဏ်ကို ဖြစ်စေ၏)၊ ဝိပဿနာ လမ်းမှန်သို့ သက်ဝင်၏။ ဤသို့ကျင့် သောထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ တခုတည်း သော အာဝဇ္ဇန်းဖြင့် အနုလောမ ဉာဏ် ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်လာကုန် ပြီးလတ်သော် ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ သကဒါမိမဂ်သည် ဖြစ်ပေါ်၏။ ထို သကဒါဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် သကဒါဂါမိမဂ်ဉာဏ် မည်၏။

ဒုတိယမဂ်ဉာဏ် ပြီး၏။

ဟောတော်မူ(အပ်)သည်။ အချို့ဆရာတို့ သည်ကား "တစ်ကြိမ်ဖြစ်စေ နှစ်ကြိမ်ဖြစ်စေ သုံးကြိမ်ဖြစ်စေ လေးကြိမ်ဖြစ်စေ ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏"ဟု ဆိုကုန်၏။ ထိုစကားကိုကား မယူအပ် မမှတ်အပ်။

၁၂။ မှန်ပေ၏-အနုလောမဉာဏ် (၂ကြိမ် ၃ကြိမ်ဖြစ်လျက်) မှီဝဲသည်မှ အဆုံး၌ ဂေါတြဘူဉာဏ်သည် ဖြစ်ပေါ်၏။ ထို့ကြောင့် အလုံးစုံတို့၏ အောက်ထစ်ဆုံး အပိုင်းအခြား အားဖြင့် အနုလုံစိတ် ၂-ကြိမ် ဖြစ်သင့်၏။ တစ်ကြိမ်မျှသော အနုလုံစိတ်သည် အာသေဝနပစ္စည်းကို မရချေ။ တခုသော အာဝဇ္ဇန်းရှိသော စိတ်အစဉ် (ဝီထိ)သည်လည်း ဇောစိတ် ခုနစ်ကြိမ်အတိုင်း အရှည် ရှိ၏။ ထို့ကြောင့် အနုလုံစိတ် နှစ်ကြိမ်ဖြစ်သော ပုဂ္ဂိုလ်အား သုံးကြိမ်မြောက် ဂေါတြဘူစိတ် ဖြစ်၏။ လေးကြိမ်မြောက် မဂ်စိတ် ဖြစ်၏။ သုံးကြိမ်သော ဖိုလ်စိတ်တို့ဖြစ်ကုန်၏။ အနုလုံစိတ် သုံးကြိမ် ဖြစ်သော ပုဂ္ဂိုလ်အား လေးကြိမ်မြောက် ဂေါတြဘူစိတ် ဖြစ်၏။ ငါးကြိမ် မြောက် မဂ်စိတ်ဖြစ်၏။ နှစ်ကြိမ်သော ဖိုလ်စိတ်တို့ ဖြစ်ကုန်၏။ ထို့ကြောင့် "နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့သည် ဖြစ်ပေါ် ကုန်၏" ဟု ဆိုခဲ့ပေသည်။

၁၃။ အချို့သောဆရာတို့သည်ကား "အနုစိတ် လေးကြိမ်ဖြစ်သော ပုဂ္ဂိုလ်အား ငါးကြိမ်မြောက် ဂေါတြဘူစိတ် ဖြစ်၏။ ခြောက်ကြိမ်မြောက် မဂ်စိတ် ဖြစ်၏။တကြိမ်သော ဖိုလ်စိတ် ဖြစ်၏" ဟုဆိုကုန်၏။ ထိုစကားကိုမူကား လေးကြိမ်မြောက် ဖြစ်စေ ငါးကြိမ်မြောက်ဖြစ်စေ အပွနာဇော ဖြစ်၏။ ထိုငါးကြိမ်မှ နောက်၌

နီးကပ်သော ဘဝင်ရှိသောကြောင့် (ဘဝင်ကျခြိန် နီးကပ်နေသောကြောင့်) အပွနာဇော မဖြစ်"ဟူ၍ (အဋ္ဌ ကတာ၌) ပယ်အပ်ပြီးဖြစ်သည်။ ထို့ကြောင့် အနှစ်သာရ အဖြစ်ဖြင့် မယုံကြည် မယူဆအပ်။

၁၄။ ဤ(သောတာပတ္တိဖိုလ်ဖြစ်ကာ)မျှဖြင့် ဤယောဂီသည် သောတာပန် မည်သော ဒုတိယအရိယာပုဂ္ဂိုလ်ဖြစ်၏။ အလွန်မေ့လျော့နေငြားသော်လည်း နတ်တို့၌၄င်း လူတို့၌၄င်း ခုနစ်ကြိမ်ပြေးသွားကျင်လည်ပြီးလျှင် ဆင်းရဲ၏ အဆုံး (အရဟတ္တဖိုလ်)ကို ပြုခြင်းငှာ စွမ်းနိုင်ပေ၏။ ဖိုလ်ဇော၏ အဆုံး၌ ထိုသောတာပန် ပုဂ္ဂိုလ်၏ စိတ်သည် ဘဝင်သို့ သက်၏။ ထိုမှနောက်၌ ဘဝင်ကိုဖြတ်၍ မဂ်ကို ဆင်ခြင်ခြင်း အကျိုးငှာ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်၏။ ထိုစိတ်ချုပ်လတ်သော် မဂ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဇောတို့သည် အစဉ်အတိုင်း ခုနစ်ကြိမ် ဖြစ်ကုန်၏။ တဖန်ဘဝင်သို့သက်၍ ထိုနည်းဖြင့်ပင်လျှင် ဖိုလ်စသည်တို့ကို ဆင်ခြင်ခြင်း အကျိုးငှာ အာဝဇ္ဇန်းအစရှိသော စိတ်တို့သည်ဖြစ်ပေါ်ကုန်၏။ ယင်း ဆင်ခြင်မှု ပစ္စဝေက္ခဏာစိတ်တို့၏ ဖြစ်ခြင်းကြောင့် ဤသောတာပန်ပုဂ္ဂိုလ်သည် မဂ်ကိုဆင်ခြင်သည်မည်၏။ ဖိုလ်ကို ဆင်ခြင်သည်မည်၏။ ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်သည်မည်၏။ (မပယ်ရသေးသော) ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်သည်မည်၏။ နိဗ္ဗာန်ကို ဆင်ခြင် သည်မည်၏။

၁၅။ ချဲ့၍ပြရလျှင် ထိုသောတာပန်ပုဂ္ဂိုလ်သည် "ဤလမ်းဖြင့် ငါလာခဲ့ပါတကား" ဟု လာခဲ့ရာလမ်းဟူသော မဂ်ကို ဆင်ခြင်၏။

ထိုမှနောက်၌ "ဤအကျိုးကို ငါရပေပြီ"ဟု ဖိုလ်ကို ဆင်ခြင်၏။ ထိုမှနောက်၌ "ဤမည်သော ကိလေသာတို့ကို ငါပယ်ပြီးပြီ"ဟု ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၏။ ထိုမှနောက်၌ "ဤမည်သော ကိလေသာတို့သည် ငါ့အား အကြွင်းကျန်လျက်ရှိ ကုန်သေး၏"ဟု အထက်မဂ် သုံးပါးဖြင့် ပယ်သတ်အပ်သော ကိလေသာတို့ကို ဆင်ခြင်၏။နောက်ဆုံး၌ "ငါသည် ဤတရားကို အာရုံပြုသော အားဖြင့် ထိုးထွင်းသိရပေပြီ"ဟု အမြိုက်နိဗ္ဗာန်ကို ဆင်ခြင်၏။ ဤသို့လျှင် သောတာပန်အရိယာသာဝကအား ငါးပါးသော ပစ္စဝေက္ခဏာ တို့သည် ဖြစ်ကုန်၏။ သောတာပန်မှာ ဖြစ်ကုန်သကဲ့သို့ ဤအတူပင် သကဒါဂါမ်ပဂ္ဂိုလ် အနာဂါမ် ပုဂ္ဂိုလ်တို့အားလည်း ပစ္စဝေက္ခဏာ ငါးပါးစီ ဖြစ်ကုန်၏။ ရဟန္တာ ပုဂ္ဂိုလ်မှာမူကား (မပယ်ရသေးသော) ကြွင်းသော ကိလေသာကို ဆင်ခြင်ခြင်း မည်သည် မရှိပြီ။ ဤသို့ပြဆိုခဲ့သည့်အတိုင်း ဆင်ခြင်မှု အလုံးစုံ တို့သည် တဆယ့်ကိုးပါးသော ပစ္စဝေက္ခဏာတို့ မည်ကုန်၏။

၁၆။ ဤဆိုခဲ့ပြီးသော စကားသည် အလွန်ဆုံး အပိုင်း အခြားသာလျှင်တည်း၊ ပယ်ပြီးသော ကိလေသာ ကြွင်းသော ကိလေသာတို့ကို ဆင်ခြင်ခြင်းသည် သေက္ခပုဂ္ဂိုလ်အား သော်လည်း ဖြစ်သည်လည်းရှိ၏။ မဖြစ်သည်လည်းရှိ၏။ မှန်ပေ၏-ထိုသို့သော ဆင်ခြင်မှု မရှိခြင်းကြောင့်ပင်လျှင် သကဒါဂါမ် ဖြစ်သော မဟာနာမ်မင်းသည် မြတ်စွာဘုရားကို အောက်ပါအတိုင်း မေးလျှောက်ဘူးလေပြီ-

"အရှင်ဘုရား အကျွန်ုပ်၏ ကိုယ်တွင်းသန္တာန်၌ မပယ်ရသေးသောတရားကား အဘယ်မည်သော တရားပါနည်း၊ မပယ်ရ

နိဗ္ဗာန်ကို အထူးအာရုံပြုရန်

(အမရပူရ ဦးတော်၏ သံသရာထွက်ရေပ်လမ်းစာအုပ်မှ)

“ ဥပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါသုခံ”
(တစ်နည်း)
“ ဇာတိဒုက္ခံ၊ အဇာတိသုခံ”

ဤသို့ “ဒုက္ခ” နှင့် “နိဗ္ဗာန်” ကိုစပ်၍ ဟောတော်မူသော ဝိပဿနာသည် နိဗ္ဗာန်ကိုလျင်စွာအာရုံပြု၊ လျင်စွာမဂ်သို့ သက်ရောက် နိုင်သော ဂုဏ်ထူးဝိသေသ ရှိပါသည်။

တရားအားထုတ်ကြရာ၌ နိဗ္ဗာန်သဘောကို သိသည်ဖြစ်၍ တောင့်တသည်ဖြစ်၍ အာရုံပြုတတ်သည်ဖြစ်၍ တဏှာပယ်ရန် လိုရင်းကိစ္စ ဖြစ်ပါသည်။

နိဗ္ဗာန်ကို အာရုံမပြုတတ်လျှင် မဂ်သို့ မသက်ရောက်နိုင်ပါ။ ဝိပဿနာ ပွားသဖြင့် အကယ်၍ ငြီးငွေ့ဦးတော့ နိဗ္ဗာန်ကို အာရုံမပြုတတ်က လိုရာမပြီး၊ ခရီးမရောက်ဘဲ ဝိပဿနာ ဇာတ်မျော ဖြစ်နေတတ်ပါသည်။

ထို့ကြောင့် တရားအားထုတ်လျှင် နိဗ္ဗာန်ကိုအာရုံပြုပါ။ (မှန်းဆ၍ အာရုံပြုပါ) ထပ်ခါထပ်ခါ ကောင်းစွာရှုပါ။ သို့မှသာ နိဗ္ဗာန်ကို လျင်စွာ မျက်မှောက်ပြုနိုင်ပေမည်သာတည်း။

“အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်မရှိလျှင် ဘယ်လောက် အေးချမ်းမည်လဲ”ဟု နိဗ္ဗာန်၏ အေးချမ်းမှုကို မှန်းဆ၍ အာရုံပြုနိုင်ပါသည်။

တတိယမဂ်ဉာဏ် ပြဆို်ချက်

၁၈။ ဤသကဒါဂါမိမဂ်ဉာဏ်၏ အခြားမဲ့၌လည်း ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤ(သကဒါဂါမိဖိုလ်ဖြစ်ကာ)မျှဖြင့် ဤပုဂ္ဂိုလ်သည် ဤ(လူပြည်) လောကသို့ တစ်ကြိမ်သာလျှင် ပြန်လာပြီး၍ ဒုက္ခ၏ အဆုံးကို ပြုခြင်းငှာ စွမ်းနိုင်သော(ကြောင့်) သကဒါဂါမ်မည်သော စတုတ္ထ အရိယာပုဂ္ဂိုလ် ဖြစ်၏။ ထိုမှနောက်၌ ဆင်ခြင်မှု- ပစ္စဝေက္ခဏာမှာ ဆိုအပ်ပြီးသော နည်းရှိသည် သာလျှင်တည်း။

၁၉။ ဤသို့ ဆင်ခြင်ပြီးလျှင်လည်း ထိုသကဒါဂါမ်အရိယာသာဝကသည် ထိုနေရာ၌ပင် ထိုင်နေလျက်ဖြစ်စေ နောက်အဖို့ အခါတပါး၌ဖြစ်စေ ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်ခြင်းငှာ (အနာဂါမိဖိုလ်ဟူသော) တတိယဘုံအဆင့်သို့ ရောက်ခြင်းငှာ ဝိပဿနာ အားထုတ်ခြင်းကို ပြုပြန်၏။ ထိုပုဂ္ဂိုလ် သည်လည်း ဣန္ဒြေဗိုလ် ဟောဇျင်တို့ကို ပေါင်းစု -ညီညွတ်စေ၍ ထိုသခါရအပေါင်းကိုပင်လျှင် “မမြဲ ဆင်းရဲ အတ္တမဟုတ်” ဟု ဉာဏ်ဖြင့် အဖန်တလဲလဲ နင်းနယ်ချေမှုန်း၏။ အဖန်တလဲလဲ (ဉာဏ်ကို ဖြစ်စေ၏)၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။ ဤသို့ကျင့်သောထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် တခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘူဉာဏ် တို့ ဖြစ်ပေါ်ကုန် ပြီးလတ်သော် ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ အနာဂါမိမဂ်သည် ဖြစ်ပေါ်၏။ ထို အနာဂါမိမဂ်နှင့် ယှဉ်သော ဉာဏ်သည် အနာဂါမိမဂ်ဉာဏ်မည်၏။

တတိယမဂ်ဉာဏ် ပြီး၏။

စတုတ္ထမဂ်ဉာဏ် ပြဆိုချက်

၂၀။ ဤအနာဂါမိမဂ်ဉာဏ်၏ အခြားမဲ့၌လည်း ဆိုခဲ့ ပြီးသော နည်းဖြင့်ပင်လျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤ(အနာဂါမိ ဖိုလ်ဖြစ်ကာ)မျှဖြင့် ဤပုဂ္ဂိုလ်သည် ဥပပါတ် ပဋိ သန္ဓေသာဖြစ်ရန် ရှိသော ထို(ငြဟ္မာ့ဘုံ)၌ ပရိနိဗ္ဗာန်စံလတ့် သော ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဤကာမလောကသို့ တဖန် မလာသည် ဖြစ်၍ ကာမဘုံ သို့ ပြန်လည်ခြင်း သဘောမရှိသော(ကြောင့်) အနာဂါမ်မည်သော (ခြောက်ယောက်မြောက်) ဆဋ္ဌအရိယာ ပုဂ္ဂိုလ် ဖြစ်၏။ ထိုမှနောက်၌ ဆင်ခြင်မှု- ပစ္စဝေက္ခဏာမှာ ဆိုခဲ့ပြီးသော နည်းရှိသည်သာလျှင်တည်း။

၂၁။ ဤသို့ ဆင်ခြင်ပြီးလျှင်လည်း ထိုအနာဂါမ် အရိယာ သာဝကသည် ထိုနေရာ၌ပင် ထိုင်နေလျက်ဖြစ်စေ နောက်အဖို့ အခါတပါး၌ဖြစ်စေ အရှုပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာတို့ကို အကြွင်းမဲ့ ပယ်ခြင်းငှာ (အရဟတ္တဖိုလ်ဟူသော) စတုတ္ထဘုံအဆင့် သို့ ရောက်ခြင်းငှာ ဝိပဿနာ အားထုတ်ခြင်းကို ပြုပြန်၏။ ထိုပုဂ္ဂိုလ် သည်လည်း ကွန်ဇြွေပိုလ် ဗောဇ္ဈင်တို့ကို ပေါင်းစု -ညီညွတ်စေ၍ ထိုသခ်ါရအပေါင်းကိုပင်လျှင် “မမြဲ ဆင်းရဲ အတ္တမဟုတ်” ဟုဉာဏ်ဖြင့် အဖန်တလဲလဲ နင်းနယ်ချေမှုန်း၏။ အဖန်တလဲလဲ (ဉာဏ်ကို ဖြစ်စေ၏)၊ ဝိပဿနာလမ်းမှန်သို့ သက်ဝင်၏။ ဤသို့ ကျင့်သောထိုပုဂ္ဂိုလ်အား ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင် တခုတည်းသော အာဝဇ္ဇန်းဖြင့် အနုလောမဉာဏ် ဂေါတြဘူဉာဏ်တို့ ဖြစ်ပေါ်ကုန် ပြီးလတ်သော

ဂေါတြဘူဉာဏ်၏ အခြားမဲ့၌ အရဟတ္တမဂ်သည် ဖြစ်ပေါ်၏။ ထို အရဟတ္တမဂ်နှင့် ယှဉ်သော ဉာဏ်သည် အရဟတ္တမဂ်ဉာဏ်မည်၏။
စတုတ္ထမဂ်ဉာဏ် ပြီး၏။

×××××

ရဟန္တာပုဂ္ဂိုလ် ပြဆိုချက်

၂၂။ ဤအရဟတ္တမဂ်ဉာဏ်၏ အခြားမဲ့၌လည်း ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင် ဖိုလ်စိတ်တို့ကို သိအပ်ကုန်၏။ ဤ(အရဟတ္တ ဖိုလ်ဖြစ်ကာ)မျှဖြင့် ဤပုဂ္ဂိုလ်သည် ရဟန္တာမည်သော (ရှစ်ယောက် မြောက်) အဋ္ဌမအရိယာ ပုဂ္ဂိုလ်ဖြစ်၏။ အာသဝေါကုန်ပြီးသော ပုဂ္ဂိုလ်မြတ်ဖြစ်၏။ အဆုံးစွန်သော ခန္ဓာကိုယ်ကိုဆောင်သော ဝန်ထုတ်ဝန်ပိုးကို ချပြီးသော ပုဂ္ဂိုလ်ဖြစ်၏။ မိမိအကျိုးကိုရောက်ပြီး ရပြီးသော ဘဝသံယောဇဉ် ကုန်ခမ်းပြီးသော ပုဂ္ဂိုလ် ဖြစ်၏။ မှန်စွာသိ၍ လွတ်မြောက်၏။ နတ်နှင့်တကွသော လူအပေါင်း၏ မြတ်သောအလှူကို ခံထိုက်သော ပုဂ္ဂိုလ် မြတ်ကြီးဖြစ်ပေ၏။

၂၃။ ဤသို့လျှင် “သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တမဂ်ဟူသော ဤလေးပါးသော မဂ်တို့၌ ဉာဏ်သည် ဉာဏဒဿန ဝိသုဒ္ဓိမည်၏”ဟူ၍ ရှေးဦးဆိုခဲ့သော ထိုစကားသည် ယခုပြဆိုခဲ့သော အစဉ်ဖြင့် ရောက်အပ်ကုန်သော ဤလေးပါးသော မဂ်ဉာဏ်တို့ကိုရည်၍ ဆိုအပ်သော စကား ဖြစ်ပေသည်။

အနတ္တလက္ခဏာသုတ်
နှင့်
အနတ္တအခြင်းအရာများ

အာရုံပြုပုံ

(ခန္ဓာဇာတိဖြစ်လျှင် ဒုက္ခ၊ ခန္ဓာဇာတိမဖြစ်လျှင် အဇာတိ "နိဗ္ဗာန်")

* နိဗ္ဗာန်ကိုအာရုံပြု
* အဖန်ဖန် ဝိပဿနာရှု
* နိဗ္ဗာန်မျက်မှောက်ပြု

အထူးသတိပြု အာရုံပြုစေလိုသည်မှာ-

ဥပမာ- "အနုပ္ပါဒေါသုံခံ"ဟူရာ၌ "အနုပ္ပါဒေါ"ကား နိဗ္ဗာန်၊ သုခကား နိဗ္ဗာန်ဂုဏ်တည်း။ ဤ၌ အနုပ္ပါဒကိုသာ အာရုံပြုရမည်။ သုခကိုအာရုံမပြုရ။ ထို့ပြင် " အဇာတိသုံခံ"၌ သုခကိုအာရုံမပြုရ။ "အဇာတိ"ကိုသာ အာရုံပြုရမည်။

"အနုပ္ပါဒေါ"၊ "အဇာတိ"တို့ကား နိဗ္ဗာန်ပင်တည်း။ အသံကွဲသော်လည်း အနက်တူတူပင်တည်း။ မိမိတို့ထက်သန်ရာသဘော တရား တစ်ပါးပါးကိုသာ အာရုံပြုက ကိစ္စပြီးစီးပါသည်။

ဘာဝနာ ၄၀ တရား – လောကီ နှင့် လောကုတ်

လောကီ		လောကုတ်	လောကီ		လောကုတ်
(၁)	အနိစ္စ	နိစ္စ	(၆)	ဝိပရိဏာမ	အဝိပရိဏာမ
(၂)	အဓုဝါ	ဓ္ရုဝံ	(၇)	မရဏ	အမတံ
(၃)	အသာရာ	သာရံ	(၈)	ဝိဘဝ	ဝိဘဝံ
(၄)	စလာ	အစလာ	(၉)	သင်္ခတ	အသင်္ခတ
(၅)	ပလောက	အပလောက	(၁၀)	ပဘင်္ဂုဏော	အပဘင်္ဂုံ

(၁)	အနတ္တ	ပရမတ္တ	(၄)	တုစ္ဆာ	အတုစ္ဆံ
(၂)	ပရေ	အပရ	(၅)	သုညာ	ပရမတ္တသုညာ
(၃)	ရိတ္တာ	အရိတ္တိ			

(၁)	ဒုက္ခာ	သုခ	(၁၄)	အာဒီနဝါ	အနာဒီနဝံ
(၂)	ဘယာ	ခေမံ	(၁၅)	အဃမူလာ	အနဃမူလံ
(၃)	ဥိတီ	အနီတိကံ	(၁၆)	ဝဓကာ	အဝဓကံ
(၄)	ဥပဓ္ဓဝါ	အနုပဓ္ဓဝါ	(၁၇)	သာသဝါ	အနာသဝံ
(၅)	ဥပဓိသင်္ခါ	အနုပသင်္ခါ	(၁၈)	ဆရာမိသာ	နိရာမိသံ
(၆)	ရောဂါ	အာရောဂျံ	(၁၉)	ဇာတိဓမ္မာ	အဇာတံ
(၇)	အာဗာဓာ	အနာဗာဓာ	(၂၀)	ဇရာဓမ္မာ	အဇရံ
(၈)	ဂဏ္ဍာ	အဂဏ္ဍံ	(၂၁)	ဗျာဓိ	အဗျာဓိ
(၉)	သလ္လာ	ဝိသလ္လာ	(၂၂)	သောက	အာသောကံ
(၁၀)	အဃာ	အနဃ	(၂၃)	ပရိဒေဝ	ပရိဒေဝံ
(၁၁)	အတဏာ	တာဏံ	(၂၄)	ဥပါယာသ	အနုပါသယံ
(၁၂)	အလေဏ	လေဏံ	(၂၅)	သံကိလေသိက = အသံကိလိဋ္ဌ	
(၁၃)	အသရဏံ	သရဏံ			

ညာဏ်စဉ် (၁၆)ပါးတွင် ပါဝင်မှု တော (၄၀)တရား

(၁) နာမရူပ ပရိစ္ဆေဒညာဏ်
(၂) ပစ္စယ ပရိဂ္ဂဟညာဏ်
(၃) သမ္မာသနညာဏ် = အနိစ္စ၊ ဒုက္ခ၊ အနတ္တ
(၄) ဥဒယဗ္ဗယညာဏ် = ဇာတိ၊ ဇရာ၊ မရဏ
(၅) ဘင်္ဂညာဏ် = ပဘင်္ဂု (အနိစ္စတော)
(၆) ဘယညာဏ် = ဘယ (ဒုက္ခတော)
(၇) အာဒီနဝညာဏ် = အာဒီနဝ (ဒုက္ခတော)
(၈) နိဗ္ဗိန္ဒညာဏ် = အာဒီနဝ ရင့် (ဒုက္ခတော)
(၉) မုဉ္စိတုကမျတာညာဏ် = အာဒီနဝ ရင့် (ဒုက္ခတော)
(၁၀) ပဋိသင်္ခါညာဏ် = တော (၄၀) အားလုံး
(၁၁) သင်္ခါရုပေက္ခာ ညာဏ် = အနတ္တ (၅)
(၁၂) အနုလောမညာဏ် = အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရင့်
(၁၃) ဂေါတြဘူညာဏ် = အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရင့်
(၁၄) မဂ်ညာဏ် = အသင်္ခတ
(၁၅) ဖိုလ်ညာဏ် = အသင်္ခတ
(၁၆) ပစ္စယပရိဂ္ဂဟညာဏ် = အသင်္ခတ

တင်ပြသူ - (ဦးညီညီစိန်)

သခ်ၤါဉာဏ်၌လဲ မခံသာမူတို့နှင့် ရောပြွမ်း၍ အားရလောက်အောင် မှတ်သိမှု မကောင်းသေးသော ဉာဏ်, မခံသာမှု ကင်း၍ အားရလောက်အောင် သွက်လက်စွာမှတ်သိမှု ကောင်းသောဉာဏ်, အားဖြင့် ၂-ပိုင်း ကွဲပြား၏။

ထို့အတူပင် ဘင်္ဂဉာဏ်၌လဲ ဖွာကျဲကျဲဖြစ်၍ အားရလောက် အောင် မကောင်းသေးသောဉာဏ်, စိုးစိုးပိုင်ပိုင်မှတ်၍ ကောင်း သောဉာဏ်, ၂-ပိုင်း ကွဲပြား၏။

ပဋိသခ်ၤါဉာဏ်မှ သခ်ၤါရုပေက္ခာဉာဏ်သို့ကူးပုံ

သခ်ၤါရုပေက္ခာဉာဏ်။ ။ ပဋိသခ်ၤါဉာဏ် အပြည့်အစုံရင့်သန်သော အခါ၌ကား ဖြစ်ပျက်ဆဲ သခ်ၤါရအာရုံကို မှတ်မိစေရန်လဲ အထူး ကြောင့်ကြမစိုက်ရပြီ၊ မှတ်မိတိုင်းသော သခ်ၤါရအာရုံ၏ အပျက် လက္ခဏာနှင့်, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ထင်ရှား သိရှိရန်လဲ အထူး ကြောင့်ကြမစိုက်ရတော့ပြီ။

သခ်ၤါရာဝ သခ်ၤါရေ ဝိပဿန္တိ-ဟူသည်နှင့်အညီ၊ သူ့အလိုလိုပင် မှတ်သိလျက် မှတ်သိလျက် နေသကဲ့သို့၊ မှတ်သိမှုသည် အရှိန်ကောင်းလျက် ကြာမြင့်စွာဖြစ်၏။

မှတ်ချက်တိုင်း၌ အပျက်လက္ခဏာ, အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ တပါးပါးကို ရှင်းလင်းထင်ရှားစွာ သိလျက် သိလျက်ရှိ၏။

ဝိသုဒ္ဓိမဂ်၌ သခ်ၤါရုပေက္ခာဉာဏ်အရာတွင် ပြအပ်သော ဒွိကောဋိကရှုပုံ စသည်တို့နှင့် ညီစွာလဲ အသိဉာဏ်ဖြစ်ပေါ်၏။

ရှေးဉာဏ်များ ဖြစ်ခိုက်သကဲ့သို့၊ သခ်ၤါရတို့၌ အပြစ်မြင်ခြင်း, ငြီးငွေ့ခြင်း, လွတ်လို၍ ဆင်ခြင်ခြင်း, အမှတ်မကောင်းဘူးထင်၍ အားမရခြင်းများ လုံးဝမရှိတော့ပြီ၊

သခ်ၤါရုပေက္ခာဉာဏ် နှင့် အနတ္တအခြင်းအရာများ (မဟာစည်ဆရာတော် ဘုရားကြီး၏ ဝိပဿနာ ရှုနည်းကျမ်း ဒုတိယတွဲမှ)

ယောဂီသည် တရံတခါမှတ်ချက်၌ ရုပ်နာမ် သခ်ၤါရတို့ကို

(က) အဿမိက = ပိုင်ရှင်မရှိတဲ့ သဘောတရားမျှဘဲဟု သိမြင် သဘောကျ၏။

(ခ) ရံခါ၌အနိဿရ = အစိုးရသူမဟုတ်တဲ့ သဘောတရား မျှဘဲ, အစိုးမရဘူးဟု သိ၏။

(ဂ) ရံခါ၌အ-ဝသဝတ္တိ = အလိုအတိုင်းမဖြစ်တဲ့ သဘော တရားမျှဘဲ, အလိုအတိုင်းမဖြစ်စေနိုင်တဲ့ သဘောတရားမျှဘဲဟု သိ၏။

အနတ္တတော (၅) ချက်

(၁) ရံခါ၌အနတ္တ = အစိုးပိုင်တဲ့ငါကောင်မဟုတ်, အမြဲတည် နေနိုင်တဲ့ ငါကောင်မဟုတ်, သွားခြင်းမြင်ခြင်းစသည်ကို ပြုလုပ် နိုင်တဲ့ ငါကောင်မဟုတ်, ခံစားတတ်တဲ့ငါကောင်မဟုတ်, မည်သို့ ဖြစ်စေဟု စီမံခန့်ခွဲနိုင်တဲ့ငါကောင်မဟုတ်, အလိုအတိုင်း ပြီးစေ နိုင်တဲ့ ငါကောင် မဟုတ်သဘောတရား မျှသာဟု သိ၏။

(၂) ရံခါ၌ပရ = ကိုယ့်အလိုအတိုင်းလဲမဖြစ်, မအို, မသေ ပါစေလင့်ဟု စီမံခန့်ခွဲ၍လဲမရသောကြောင့် သူစိမ်းပြင်ပတရား ဘဲဟု သိ၏။

(၃) ရံခါ၌ရိတ္တ = ခိုင်မြဲခြင်းလဲမရှိ, ချမ်းသာခြင်းလဲမရှိ, တင့်တယ်ခြင်းလဲမရှိ, ငါကောင်၏အဖြစ်လဲမရှိသောကြောင့် အချည်းနှီး သဘောတရားမျှဘဲဟု သိ၏။

(၄)ရုံခါ၌တုန္ဆ = ဘာအကောင်အထည် ဒြပ်မျှမဟုတ်သေးနုတ်သော သဘောမျှသာဖြစ်၍, အသုံးမကျတဲ့ အလကားတရားဘဲဟု သိ၏။

(၅) ရုံခါ၌သုည = ငါကောင်မှကင်းဆိတ်သည်ဟု သိ၏။

("အတ္တ-ဟူသည်မှာ ခန္ဓာအိမ်၏ ပိုင်ရှင်ဘ၊ ခန္ဓာအိမ်ထဲမှာ အမြဲတည်ရှိနေသူဘ၊ သွားမှုမြင်မှု စသည်ကိုပြုတတ် ပြီးစေတတ်သူဘ၊ အကောင်းအဆိုးကို ခံစားတတ်သူဘ၊ မည်သို့ဖြစ်စေဟု စီမံခန့်ခွဲ တတ်သူဘ၊ ကိုယ့်အလိုအတိုင်းပြီးစေနိုင်သူဘ" ဟူ၍ ကြံဆအပ် ထင်မှတ်အပ် စွဲလမ်းအပ်သောအသက်ကောင်, သတ္တဝါ ကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်, ငါကောင်မှကင်းဆိတ် နေတဲ့ သဘောတရားမျှသာဟု သိမြင်သဘောကျသည်-ဟူလို။)

ဤသည်တို့ကား ထိုက်သည်အားလျော်စွာသိမြင်အပ်သောအနတ္တ အခြင်းအရာ ငါးပါးတို့ပေတည်း။

ဤအနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာ(၄၀)တို့ကို အနိစ္စတော ဒုက္ခတော စသည်ဖြင့် ဟောတော်မူသောကြောင့် တောလေးဆယ်ဟု ခေါ်ကြ၏။

ထိုအခြင်းအရာတို့ဖြင့် သိသောဉာဏ် (၄၀)ကိုလဲ ဝိပဿနာလေးဆယ်ဟု ခေါ်ကြ၏။

ဤအခြင်းအရာတို့သည် ပင်ကိုယ်ဉာဏ်, သုတမယဉာဏ်နဲ့သော သူတို့အား နဲနဲသာထင်ပေါ်တတ်ကုန်၏။ ပင်ကိုယ်ဉာဏ်ထက်သောသူ, သုတမယဉာဏ် များသောသူတို့အား များများသာထင်ပေါ်တတ်ကုန်၏။ အထက်မင်တို့၏ ဝိပဿနာအရာ၌ သာ၍

များစွာ, သန့်ရှင်းစွာ ထင်ပေါ်တတ်ကုန်၏။ သို့သော်လဲ, "ပဉ္စက္ခန္ဓေ အနိစ္စတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ ပဉ္စန္နံ ခန္ဓာနံ နိရောဓေနိစ္စံ နိဗ္ဗာနန္တိ ပဿန္တော သမ္မတ္တနိယာမံ သြက္ကမတိ" ဤသို့ စသော ပဋိသမ္ဘိဒိမဂ်နှင့် အညီ "ဝုဋ္ဌာနဂါမိနီဝိပဿနာဖြင့် အခြင်းအရာ တခုခုကိုသာလျှင် ကောင်းစွာ မြင်ပြီးသည်၏ အခြားမဲ့၌ မဂ်ဉာဏ်ဖြစ်ပေါ်မြဲ ဖြစ်သောကြောင့်" "အခြင်း အရာတခုခုကို ကောင်းစွာသိမြင် သဘောကျလျှင်ပင် မဂ်ဉာဏ်သို့ ရောက်နိုင်အောင် ဝိပဿနာဉာဏ်ပြည့်စုံပြီ"ဟု ယုံကြည် စိတ်ချ အပ်တော့သည်သာတည်း။

ဤပဋိသန္ဓိဉာဏ်သည် အချို့ပုဂ္ဂိုလ်မှာ တခဏ အတွင်း၌ပင် ရင့်သန်တတ်၏။

အချို့မှာကား တနေ့ခန့်ဖြစ်စေ, တည့်ခန့်ဖြစ်စေ, တရက်ခန့်ဖြစ်စေ, ၂-ရက် ၃-ရက်ခန့်ဖြစ်စေ, ကြာမြင့်မှ ရင့်သန်တတ်လေသည်။

ဤဉာဏ်ဖြစ်ပေါ်စ မရင့်သေးမီ၌ အဘိဏှသမ္ဘဋ္ဌိပဋ္ဌနတော ဒုက္ခမတော စသည်တို့နှင့်အညီ သဒ္ဓါရတို့၏ သာယာဘွယ်မရှိသည့်, မခံသာသည့် သဘောတို့ကို အထူးထင်ရှားစွာ တွေ့ရခြင်းကြောင့်၎င်း၊ သဒ္ဓါရုပေက္ခာကဲ့သို့ ညီမျှစွာ မရှုနိုင်သေးသောကြောင့်၎င်း၊ မှတ်သိမှုက ကောင်းနေပါလျက် 'မကောင်းဘူး' ဟူ၍သာ ထင်တတ်၏။ အားမရနိုင်ဘဲ ရှိတတ်၏။

ဤဉာဏ်ရင့်သောအခါ၌ကား မှတ်သိမှု အထူးကောင်းလာသည်ဟု ထင်ရ၏။

ဥဒယဗ္ဗယဉာဏ်၌ ဥပက္ကိလေသနှင့် ရောသောဉာဏ်, ဥပက္ကိလေသ မှ လွတ်သော ဉာဏ်အားဖြင့် ၂-ပိုင်း ကွဲသကဲ့သို့ ဤပဋိ

(၂) စတုက္ကောဋိက ရှုမြင်ပုံ

ရဟန်းတို့ တဖန်ရှုမြင်ပုံတမျိုးကား အရိယာသာဝကသည် မြတ်စွာဘုရား၏ တပည့်ဖြစ်သော ယောဂီသည် ဤသို့ရှုမြင်၏။ ငါကောင်သည်

(၁) ဘယ်အရပ်မှာမျှ မရှိ၊

(၂) ဘယ်ကာလမှာမျှ မရှိ၊

(၃) ဘယ်တရားထဲမှာမျှ မရှိ၊

(၄) ငါသည် ကြောင့်ကြဘွယ်အဖြစ်၌ ဖြစ်နေသည်မဟုတ်။

("ငါသည် တစုံတယောက်၏ တစုံတခုမျှမဖြစ်၊ ဘာမျှမဟုတ်၊ ဘာမျှမဆိုင်"). ဟူသော ဤအနက်ကိုလဲ ယူသင့်သေး၏။

သူတပါးသည်လည်း ဘယ်အရပ်မှာမျှမရှိ ဘယ်ကာလမှာမျှမရှိ ဘယ်တရားထဲမှာမျှမရှိ။ ထိုသူတပါးသည် တစုံတစ်ခုသောအရာ၌ ငါ၏ ကြောင့်ကြဘွယ်အဖြစ်၌ ရှိသည်မဟုတ်၊ ဖြစ်နေသည်မဟုတ်။

အနတ္တလက္ခဏာ အရင့်ပိုင်း

(၁)ထိုအခါယောဂီသည် မှတ်တိုင်းမှတ်တိုင်း ပျက်သွားတဲ့ သဘောမျှကိုသာတွေ့ရ၏။ အလိုအတိုင်း ပြီးစေနိုင်သော အတ္တ ကောင်= ငါကောင်ကိုကား မတွေ့ရချေ။

(၁) ထို့ကြောင့် "အတ္တကောင် = ငါကောင်သည် ကိုယ်တွင်းမှာလဲ မရှိ၊ ကိုယ်ပမှာလဲ မရှိ၊ ဘယ်အရပ်မှာမျှ မရှိ။

(၂) နှေးကလဲ မရှိ ယခုလဲမရှိ နောင်လဲမရှိ ဘယ်ကာလမှာမျှမရှိ၊

(၃) ရုပ်ထဲမှာလဲ မရှိ နာမ်ထဲမှာလဲ မရှိ၊ သွားမှု ရပ်မှု ထိုင်မှု

သခ်ါရဝတ္ထုပစ္စည်းတခုခု ပျက်စီးမည်ကြောင့် စိုးရိမ်ကြောင့်ကြ မှုလဲ မရှိပြီ။

ဘယဉာဏ်အလိုအားဖြင့် ကြောက်ရွံ့မှုလည်း မရှိပြီ။

စိတ်သည်အလွန်ပင် သန့်ရှင်းကြည်လင်၏။

ဘယ်တော့ကမှ မတွေ့ကြုံဘူးသော ချမ်းသာကိုတွေ့ရသည်ဟု ထင်ရ၏။

သို့သော် ထိုမျှလောက်ထူးကဲသော စိတ်, ကြည်လင်ချမ်းသာ သော စိတ်ကိုလဲ ဥဒယဗ္ဗယဉာဏ် ဖြစ်ခါစကလို အလွန်အကဲ သာယာ ခြင်းကား မရှိပေ၊ ထိုအခါကလို အလွန်အကဲ ဝမ်းသာခြင်းလဲ မဖြစ်ပေ။

ငြိမ်သက်သိမ်မွေ့သော မှတ်သိမှုသည်သာလျှင် အစဉ်မပြတ် တသမတ်တည်း ကြာမြင့်စွာ ဖြစ်လျက်ရှိပေ၏။

ထိုအခါ၌ အထူးကြောင့်ကြမစိုက်ရတော့ဘဲ သူ့အလိုလိုပင် အစဉ်မပြတ် သိလျက်သိလျက် သိမ်မွေ့စွာ ဖြစ်နေသော အသိဉာဏ် သည် သခ်ါရုပေက္ခာဉာဏ်ပေတည်း။

ကြီးမားသောအပြစ်ကိုတွေ့ရခြင်းကြောင့်၊ အလွန်ချစ်ခင်မြတ်နိုး အပ်သော မယားကို အာလယပြတ် စွန့်ခွာပြီးသည်မှ နောက်ကာလ၌ တစုံတစ်ယောက်သော ယောကျ်ားနှင့် တစုံတရာ ပြုလုပ်နေသည်ကို တွေ့မြင်ရသော်လဲ စိတ်ဆိုးခြင်း, မခံနိုင်ခြင်း, နှလုံးမသာခြင်းမရှိ မူ၍၊ အမှတ်မပြု လျစ်လျူရှုသော ယောကျ်ား၏ ဖြစ်ပုံနှင့် အတူပင်လျှင်။

ဤယောဂီသည် သခ်ါအလုံးစုံတို့မှ လွတ်လိုသည်ဖြစ်၍ သခ်ါရတို့ကို တဖန်ရှုမူ ပဋိသခ်ါဉာဏ်ဖြင့် သိမ်းဆည်း ရှုမှတ်

လတ်သော်။ ငါဘဲ, ငါ့ဥစ္စာဘဲဟု ယူဆထင်မှတ်ဖွယ်ကို မတွေ့ရသောကြောင့် လျစ်လျူ မရှုနိုင်ပါက, သခ်ၤါရဝတ္ထုတို့၏ ပျက်စီးမှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော ကြောက်ရွံ့စိုးရိမ်ခြင်း, ဘယဉာဏ် အလိုအားဖြင့် ဖြစ်ပေါ်သော ကြောက်ခြင်းကိုငဲ့။ လျစ်လျူ မရှုနိုင်ပါက, ပြည့်စုံကောင်းစားမှုနှင့် စပ်၍ ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်း, ရှုမှတ်၍ ကောင်းခြင်းကြောင့် ဖြစ်ပေါ်တတ်သော အားရနှစ်သက်ခြင်းကိုငဲ့ ပယ်၍။ (အထူးကြောင့်ကြစိုက်၍ ပယ်ရသည်ကား မဟုတ်ပေ၊ မဖြစ်ပေါ်လာဘဲ အလိုလို ကင်းနေသည်ကိုသာ ဆိုလိုပေသည်။) ရှုမှတ်မိ, ဆင်ခြင်မိသော သခ်ၤါရအလုံးစုံတို့၌ ချစ်ကြောက်ကင်းပ အမျှ သိမှု လျစ်လျူရှုသည်။ ကြောက်ချစ် ကင်းကွယ်အလယ်အလတ် သဘော ရှိသည်။ ဖြစ်၏။

ဤသို့ သိမြင်သော ထိုယောဂိအား ဘဝ ၃-ပါး, ယောနိ ၄-ပါး, ဂတိ ၅-ပါး, ဝိညာဏဋ္ဌိတိ ၇-ပါး, သတ္တာဝါသ ၉-ပါးတို့၌ စိတ်သည် ရှောင်ကွယ်သကဲ့သို့တွန့်၏။

ကြုံ၏၊ ပြန်ဆုတ်၏။

မပြန့်မသွား။

အမျှသိမှု လျစ်လျူရှုခြင်းသည်သော်ငဲ့။

စက်ဆုတ်ဖွယ် မနှစ်သက်ဘွယ်၏ အဖြစ်သည်သော်လည်းကောင်း

မှတ်သောစိတ်, ဆင်ခြင်သောစိတ်၌ ကောင်းစွာတည်၏။

ဤသို့ဖြစ်လတ်သော် ဤယောဂိအား သခ်ၤါရပေကွာ မည်သော ဉာဏ်သည် ဖြစ်ပေါ်၏။

(၁) ဒ္ဒိကောဋိက ရှုမြင်ပုံ

ဤဥပရိပံ အာနေဥ္ဇသပ္ပါယသုတ် စသည်နှင့်အညီ နှစ်ဖို့နှစ်စွန်းအားဖြင့် ဆိတ်သည်ဟု ရှုမြင်ပုံကို ဝိသုဒ္ဓိမဂ်၌ ထုတ်ပြ၏။

ထိုပါဠိ၏ အနက်ကား ဘိက္ခဝေ၊ ရဟန်းတို့, တဖန်ရှုမြင်ပုံတမျိုးကား အရိယာဖြစ်သောတပည့်သည် မြတ်စွာဘုရား၏ တပည့်ဖြစ်သောယောဂီသည် ဤသို့ရှုမြင်၏။

ဤနာမ်ရုပ်သည် အတ္တ ကောင်၏အဖြစ် အဖြစ်= ငါကောင်၏ အဖြစ်မှလဲ ကင်းဆိတ်၏။

ငါကောင်၏ဥစ္စာအဖြစ်မှလဲ ကင်းဆိတ်၏။ ဤသို့ရှုမြင်၏။

ယောဂီသည် မှတ်ခိုက် ဆင်ခြင်ခိုက်၌ မှတ်မိဆင်ခြင်မိတဲ့ ရုပ်နာမ်ကို "အလိုအတိုင်း ပြီးစေနိုင်ခြင်း, အလိုအတိုင်းဖြစ်ခြင်း, ဟူသော ငါကောင်၏ အဖြစ်မှလဲ ကင်းဆိတ်သည်= ငါကောင်လဲမဟုတ် ဟူ၍ ၎င်း။ ငါကောင်၏ ဥစ္စာ အဖြစ်မှလဲ ကင်းဆိတ်သည်= ငါကောင်နှင့် လဲမဆိုင်သော သဘောတရား မျှသာဟူ၍ ၎င်း" ထင်မြင်သဘောကျ၏။

ဤသို့ ထင်မြင်လျှင် ဒ္ဒိကောဋိက ရှုမြင်ပုံနှင့် ညီညွတ်ပြီဟု သိအပ်၏။

ဤနှစ်ဖို့တို့တွင် ငါကောင်ရှိသည်ဟု ထင်မှသာလျှင်, ငါကောင်နှင့် ဆိုင်သောဥစ္စာရှိသည် ဟူ၍လဲ ထင်နိုင်သည်။

ငါကောင်မျှပင် မရှိဟု ထင်မြင်နေလျှင်ကား ငါ၏ဥစ္စာဟု မထင်နိုင်တော့ပြီ။

သို့ဖြစ်၍, ငါကောင်မဟုတ်၊ ငါကောင်မရှိဟု ကောင်းစွာသိမြင်လျှင် ငါ၏ဥစ္စာမဟုတ်၊ ငါ၏ဥစ္စာမရှိဟု ဒုတိယအဖို့အားဖြင့် ရှုမြင်ခြင်းလဲ ပြီးစီးတော့သည်သာတည်း။

(၄) ခိုင်သည့်အဖြစ်မှလဲ ဆိတ်၏။ (အသာရက)

(၅) ထာဝရ ရှိနေသည့်အဖြစ်မှလဲ ဆိတ်၏။ (အဓူဝ)

(၆) မပြောင်းမလဲ ပင်ကိုအတိုင်း တည်မြဲ တည်သည့် အဖြစ်မှလဲ ဆိတ်၏။ ဤသို့ရှုမြင်၏။ (ဝိပရိဏာမ)

အဓိပ္ပါယ်ကား

မြင်ခိုက် မြင်ခိုက်၌ မှတ်လျက်၊ "မြင်မှု၏ မှီရာ ဖြစ်သော ကြည်လင်တဲ့ မျက်စိရူပ်သည် အလိုအတိုင်းဖြစ်ခြင်းဟူသော

(၁) ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏။

(၂) ငါကောင်လဲမဟုတ်၊ ငါကောင်၏ အစိတ်အပိုင်းအဖြစ်မှလဲ ဆိတ်၏။

(၃) ငါ့ဥစ္စာလဲမဟုတ် မြဲခြင်းမှလဲ ဆိတ်၏။

(၄) မြဲလဲမမြဲ၊ ခိုင်လဲမခိုင်၊

(၅) ထာဝရရှိနေသည်လဲ မဟုတ်၊

(၆) ပင်ကိုအတိုင်းလဲ မတည်" ဟု သိမြင်သဘောကျ၏။

ကြားခိုက်စသည်မှာ မှတ်လျက် နားရုပ် စသည်၌ သိမြင်ပုံကိုလဲ နည်းမှီး၍ ချဲ့ပါလေ။ ဤရှုမြင်ပုံ၌ နိစ္စ ဓုဝ သဿတ အဝိပရိဏာမမမ္မ ဟူသော ဤလေးပုဒ်တို့သည် ဝေါဟာရ သဒ္ဒါမျှသာ ထူးကုန်၏။ လိုရင်း အနက်အားဖြင့်ကား တူကုန်သည်သာတည်း။ အခြင်းအရာ ၆မျိုးဖြင့် အတ္တမှ ဆိတ်သည်ကို ရှုမြင်ပုံ ပြီး၏။

အိပ်မှု ကွေးမှုဆန့်မှုစသော ကိုယ်အမူအရာထဲမှာလဲ မရှိ၊ မြင်မှု ကြားမှု ထိသိမှု ကြံမှုစသော စိတ်အမူအရာထဲမှာလဲမရှိ၊ အကောင်းအဆိုး ခံစားမှု အမျိုးမျိုးထဲမှာလဲ မရှိ၊ မှတ်သားမှု အမျိုးမျိုးထဲမှာလဲ မရှိ၊ အားထုတ်ပြုပြင်မှု အမျိုးမျိုးထဲမှာလဲ မရှိ၊ ဘယ်တရားထဲမှာမျှ ငါကောင်မရှိ"ဟု ပိုင်ပိုင်နိုင်နိုင် သိမြင်သဘောကျ၏။

ဤသို့သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ပေတည်း။ ပဌမ အဖို့အားဖြင့် ရှုမြင်ပုံ ပြီး၏။

(၂) ထို့ပြင် မှတ်ခိုက်မှာဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်၍ ဆင်ခြင်ခိုက်မှာဖြစ်စေ, " သည်လို ပျက်နေတဲ့ သဘောမျှသာ ရှိသည်၊ ငါကောင် သတ္တဝါကောင်ကား မရှိဟူ၍ မသိကြတဲ့ အတွက် 'ငါ့အဘဘဲ ငါ့သားဘဲ, ငါ့အကိုဘဲ, ငါ့ညီဘဲ, ငါ့တူဘဲ' စသည်ဖြင့် သူများက ငါ့အပေါ်မှာ စွဲလမ်းလျက် ကြောင့်ကြစိုက် နေကြပေသည်၊ အမှန်အားဖြင့်မူကား ထိုကဲ့သို့ သူတပါးက ကြောင့်ကြစိုက်ဖွယ် ဖြစ်သော ငါကောင်ကား မရှိပေ" ဟူ၍လဲ သိမြင်သဘောကျ၏။

ဤသို့ သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ ဒုတိယအဖို့ အားဖြင့် ရှုမြင်ပုံပြီး၏။

(၃) ထို့အပြင်သူတပါး၏ အဆင်းကို မြင်ခိုက်, အသံကိုကြား ခိုက် စသည်၌ မှတ်၍ဖြစ်စေ, မှတ်သိမှုသို့ အစဉ်လိုက်ကာ

ဤသို့သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ပေတည်း။ စတုတ္ထအဖို့အားဖြင့် ရှုမြင်ပုံပြီး၏။

အကျဉ်းအားဖြင့်ကား။ ။ "အလိုအတိုင်း ပြီးစေနိုင်တဲ့

(၁) ငါကောင်လဲမရှိ၊
(၂) သူတပါးကောင်လဲမရှိ၊
(၃) ငါနှင့်ဆိုင်တဲ့သူတပါးလဲ မရှိ၊
(၄) သူတပါးနှင့်ဆိုင်တဲ့ ငါလဲမရှိ၊

ဟူ၍ သိမြင်သဘောကျခြင်းသည် လေးပါးသော အဖို့ အစွန်းအားဖြင့် အတ္တကောင်မှ ကင်းဆိတ်သည်ကို ရှုမြင်ပေတည်း။

ဤအဖို့ လေးပါးတို့တွင်လဲ 'ငါကောင်မရှိ' ဟု ပိုင်နိုင်စွာ သိမြင်သဘောကျခြင်းသည် သာလျှင် လိုရင်းပဓာနပေတည်း။

အဘယ်ကြောင့်နည်းဟူမူ မျက်မှောက်သိအားဖြင့် 'ငါကောင်မရှိ' ဟု ပိုင်နိုင်စွာသိမြင်လျှင် "ငါကောင်မရှိသလိုပင်, သူတပါးကောင်လည်းမရှိ, ငါနဲ့ဆိုင်တဲ့ သူတပါးလဲမရှိ၊ သူတပါး နဲ့ဆိုင်တဲ့ငါလဲမရှိ" ဟူ၍ လွယ်ကူစွာပင် ပိုင်းခြား ဆုံးဖြတ်နိုင်သောကြောင့်ပေတည်း။

(၃) ဆအာကာရ ရှုမြင်ပုံ

မျက်စိသည်

(၁) ငါကောင်၏ အဖြစ်မှလဲ ဆိတ်၏။
(၂) ငါ့ဥစ္စာ, ငါပိုင်အဖြစ်မှလဲ ဆိတ်၏။
(၃) မြဲသည့်အဖြစ်မှလဲ ဆိတ်၏။ (အနိစ္စ)

ဆင်ခြင်၍ဖြစ်စေ ဤသို့ သိမြင်၏။ ပုံကား။ ။ ။ " သူတပါးဟု ခေါ်အပ်သော အတ္တကောင် = သတ္တဝါကောင်သည်

ကိုယ်အတွင်းမှာလဲမရှိ၊ ကိုယ်ပမှာလဲမရှိ၊ ဘယ်အရပ်မှာလဲ မရှိ၊ ရှေးကလဲမရှိ၊ ယခုလဲ မရှိ၊ နောင်လဲမရှိ၊ ဘယ်ကာလမှာမျှ မရှိ၊

ရုပ်ထဲမှာလဲမရှိ၊ နာမ်ထဲမှာလည်းမရှိ၊

မြင်ရတဲ့ အဆင်းထဲမှာလဲမရှိ၊ ကြားရတဲ့အသံ စသည်ထဲမှာလဲမရှိ၊

ဘယ်တရားထဲမှာမျှ သူတပါး အကောင်းမည်သည် မရှိ"ဟု ပိုင်ပိုင်နိုင်နိုင်သိမြင်သဘောကျ၏။

ဤသို့သိမြင်ခြင်းသည်လည်း တခုသော အဖို့အားဖြင့် အတ္တမှ ကင်းဆိတ်သည်ကို ရှုမြင်ခြင်းပေတည်း။ တတိယ အဖို့အားဖြင့် ရှုမြင်ပုံပြီး၏။

(၄) ထို့ပြင် "သည်လို ပျက်နေတဲ့ သဘောမျှသာရှိသည်၊ အတ္တကောင် သတ္တဝါကောင်ကား မရှိ" ဟူ၍ ရှေးက မသိခဲ့တဲ့အတွက် "ငါ၏ ကြောင့်ကြ စိုက်ဖွယ်ဖြစ်သော အမိ, အဘ, အစ်ကို, ညီ, သား, သမီး စသော သူတပါး အကောင်အထည်သည် တကယ်ပင်ရှိနေသည်" ဟု ထင်မှတ်ခဲ့မိပေသည်၊

"အမှန်အားဖြင့်မူကား ယခုလိုပျက်နေတဲ့ သဘောမျှသာရှိပါတကား၊

ငါ၏ကြောင့်ကြစိုက်ဖွယ်ဖြစ်သော သူတပါး အကောင်အထည် မည်သည်ဘာမျှ မရှိပါတကား" ဟူ၍လဲ သိမြင်သဘောကျ၏။

ထိုသို့ ကျက်မှတ်၍ အတိအကျရှုရန် ပြသည်လဲ မဟုတ်ပေ၊ အမှန်အားဖြင့်သော်ကား အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၌ အတွင်းဝင်သော ထိုပြအပ်သည့် အခြင်းအရာတို့တွင် အခြင်းအရာ တပါးပါးဖြင့် ဖြစ်စေ,အခြင်းအရာများစွာတို့ဖြင့် ဖြစ်စေ, ကောင်းစွာ ထင်မြင် သဘောကျလျှင် ကိစ္စပြီးသည် ချည်းသာတည်း။

ပုဂ္ဂိုလ်အမျိုးမျိုးတို့၏ ပါရမီဉာဏ်နှင့်အဖျဲသယ စသည် အားလျော်စွာ ထင်မြင်ပုံသိပုံများကို ပြဆိုခြင်းသာလျှင် ဖြစ်ပေသည်” ဟူသော ဤအနက်အထူးကို မြဲမြံစွာ မှတ်သားအပ်၏။

အတိအကျကျက်မှတ်၍ ရှုရန်ပြသည်ဟု ယူငြားအံ့၊ သို့ဖြစ်လျှင် ဤအရာ၌ အဋ္ဌကထာနည်းအရ ရှုသောသူအား ပါဠိတော် နည်း အရ အာကာရ ၁၀-ပါးလုံး မစုံလင်သောကြောင့် ကိစ္စမပြီးဘဲ ရှိလေရာ၏။ ထိုသို့ ကိစ္စမပြီးနိုင်ပါက ပါဠိတော်နည်းမှ ထူးခြား သော အာကာရတို့ကို အဋ္ဌကထာ၌ မပြတန်လေရာ။ ယခုမှာ ပြလဲပြအပ်ရှိပေ၏။ ထို့ကြောင့် အတိအကျ ကျက်မှတ်၍ ရှုဆင် ခြင်ရန် ပြသောစကားများ မဟုတ်ပေ။

အမှန်အားဖြင့်သော်ကား ရှုမှတ်သော ယောဂီ၏ ဉာဏ်မှာ ထိုက်သည်အားလျော်စွာ ဖြစ်ပေါ်တတ်သော ထင်ပုံ သိမြင်ပုံ တို့ကိုသာ ပြသောစကားများ ဖြစ်ပေသည်ဟူ၍ ခိုင်မြဲစွာ မှတ်သားအပ်၏။

(၄) အဋ္ဌကထာရ ရှုမြင်ပုံ

ရုပ်သည်-

(၁) မြဲတဲ့အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၂) ခိုင်တဲ့ အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၃) ချမ်းသာတဲ့အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၄) ငါကောင်အနှစ်ဟူသော အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၅) မြဲခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၆) ခိုင်ခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၇) ထာဝရရှိခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။

(၈) ပင်ကိုအတိုင်းတည်တံ့ခြင်း အနှစ်အားဖြင့်လဲ အနှစ်မဟုတ်, အနှစ်မရှိ, အနှစ်မှကင်း၏။ ဤသို့ ရှုမြင်၏။

(ဤသည်ကား ရုပ်ခန္ဓာ၌ အခြင်းအရာ ရှစ်ပါးတို့ဖြင့် ဆိတ်သုန်းသည်ကို ရှုမြင်ပုံပေတည်း။ နာမ်ခန္ဓာ၄-ပါးနှင့် ဒွါရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာ စသည်တို့၌လဲ ရှုမြင်ပုံမှာနည်းတူပင်တည်း။ ဤရှုပုံ၌ နိစ္စသာရ မုဝသာရ နိစ္စ မုဝ သဿတ အဝိပရိဏာမ ဓမ္မဟူသော ဤ ၆-ပုဒ်သည် ဝေါဟာရ မျှသာ ထူး၏။)

(၅) ဒဿအာကာရ ရှုမြင်ပုံ

ရူပ်ကို-

(၁) မြဲခြင်း,ကောင်းစားချမ်းသာခြင်း,တင့်တယ်ခြင်း, အစိုးပိုင်ခြင်း တို့မှ ကင်းဆိတ်သည်ဟု မြင်၏။

(၂) မြဲခြင်း,ကောင်းစားချမ်းသာခြင်း,တင့်တယ်ခြင်း, အစိုးပိုင်ခြင်း ဟူသော အနှစ်အသားမရှိသောကြောင့် အချည်းနှီး အသုံးမကျ ဟုမြင်၏။

ဘာအကောင်အထည် ဖြပ်မျှမဟုတ် သေးနုတ်ယုတ်ညံ့သော ကြောင့် အလကား သဘောတရားဟု မြင်၏။

(၃) အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်အနှစ်မှ ဆိတ်သုန်း သည်ဟု မြင်၏။

(၄) အလိုအတိုင်း ပြီးစေနိုင်တဲ့ ငါကောင်မဟုတ်ဟု မြင်၏။

(၅) အစိုးမရဟုမြင်၏။

(၆) အလိုအတိုင်းမပြီးစေနိုင်, အလိုမျှဖြင့် ပြီးစေနိုင်သော အမူအရာမရှိမြင်၏။ (ရေမြုပ်စိုင်ဖြင့် ခွက်စသည် လုပ်လိုသော သူအား ထိုခွက်စသည် မပြီးစီးနိုင်သကဲ့သို့ ရူပ်တရားကိုမြဲအောင် ကောင်းစား ချမ်းသာအောင် တင့်တယ်အောင် ငါကောင် ဖြစ်အောင် ပြုလိုသောသူအား ထိုမြဲမှု ကောင်းစား ချမ်းသာမှု တင့်တယ်မှု ငါကောင်ဖြစ်မှုသည် မပြီးစီးနိုင်ချေ။ ထို့ကြောင့် ရူပ်သည် အကာမ ကာရိယ= အလိုရှိတိုင်းမပြုနိုင် မပြီးစေနိုင် ကောင်းသော တရားမည်၏။

တနည်းကား။ ။ ဆိုင်ရာအကြောင်းများ ညီညွတ်မှသာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း အိပ်ခြင်း ကွေးခြင်း ဆန့်ခြင်း ပူခြင်း အေးခြင်း မျက်စိ ကြည်ခြင်းစသော ရူပ်အမူအရာ တစုံတခု ဖြစ်ပေါ်နိုင်ပေသည်။

မိမိအလိုမျှဖြင့်ကား ထိုသို့သော ရူပ်အမူအရာတစုံတခုကို မျှမဖြစ် ပေါ်နိုင်ချေ။ ထို့ကြောင့်လဲ ရူပ်သည် အကာမကာရိယ= အလိုမျှဖြင့် ပြီးစေနိုင်တဲ့ အမူအရာမရှိသော တရားမည်၏။ ဦကာအဖွင့် အဓိပ္ပါယ် ချည်းပင်။

(၇) သည်လိုသာဖြစ်ပါစေ, ဟိုလိုတော့မဖြစ်ပါစေနဲ့ဟု တောင့်တ၍ မရအပ် မရနိုင်ဟု မြင်၏။

(၈) အလိုအတိုင်းလဲမဖြစ်, အလိုအတိုင်းလဲ မဖြစ်စေနိုင်ဟု မြင်၏။

(၉) စီမံခန့်ခွဲ၍ မရသောကြောင့် သူစိမ်းပြင်ပ တရားဘဲဟု မြင်၏။

(၁၀) အကြောင်းထဲမှာလဲ အကျိုးမရှိ, အကျိုးထဲမှာလဲ အကြောင်း မရှိသောကြောင့် အကြောင်းနှင့်အကျိုး အချင်းချင်းမှ ကင်းဆိတ် နေသည်ဟုမြင်၏။

ဤသို့ ဒဿအာကာရ ရှုမြင်ပုံကိုပြလျက်ရှိ၏။ အဋ္ဌကထာ၌ ပြအပ်သော အာကာရ ၁၀-ပါးတို့တွင် အစ၄-ပါးသာလျှင် ဤပါဠိတော်နှင့် ထပ်တူကျသည်၊ နောက်၆-ပါးသည်ကား သဒ္ဒါ အနက် ၂-မျိုးလုံးပင် ကွဲပြားထူးခြားလျက် ရှိ၏။

"အထူးမှတ်ဗဒ္ဓယ်"

ပါဠိတော်ကိုပင် မှီ၍ ဒဿအာကာရ ရှုပုံကို ထုတ်ပြသော အဋ္ဌကထာ၌ ပါဠိတော်နှင့် ထပ်တူမဟုတ်ဘဲ၊ ထူးကွဲသော အာကာ ရတို့ကို ပြရာတွင် ဤသို့သော အနက်ထူးကို မှတ်သားအပ်၏။ "ပါဠိအဋ္ဌကထာတို့၌ ပြအပ်သော ရှုမြင်ပုံ အခြင်းအရာ ဟူသမျှကို ပြသည့်အတိုင်း ကျက်မှတ်၍ အတိအကျ ရှုနိုင်မှ ကိစ္စပြီးသည်လဲ မဟုတ်ပေ။

သစ္စာလေးပါး တရားအလုံးစုံကို သိတဲ့ ဘုရားအစစ်၊ ဘုရားမှန်ဘဲ၊ ဟောတော်မူတဲ့ တရားဟာလည်း တရားစစ် တရားမှန်ပါဘဲ၊ ဒီတရားအတိုင်း ကျင့်ပြီး ဒီတရားကို ငါလိုသိတဲ့ ပုဂ္ဂိုလ် အပေါင်း ဟာလဲ သံဃာစစ် သံဃာမှန်ဘဲ၊ ဒီတရားအတိုင်း ကျင့်ရတဲ့ မဂ္ဂင် ရှစ်ပါး သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အကျင့်သိက္ခာ တွေဟာလဲ အကျင့်လမ်းမှန်ဘဲ”လို့ တစ်ထစ်ချ ယုံကြည်ပြီး အဝေစ္ဆ ပသာဒလို့ခေါ်တဲ့ မလှုပ်မရှား မပျက်ပြားနိုင်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံသွားပါတယ်၊ ဒါကြောင့် အရှင်ကောဏ္ဍညက တရားပွဲ ပြီးတဲ့နောက် မကြာခင်ဘဲ မြတ်စွာဘုရားထံမှာ ဥပသမ္ပ ခေါ်တဲ့ သီလ သိက္ခာနဲ့ ပြည့်စုံတဲ့ သာသနာတွင်း ရဟန်းအဖြစ်ကို လျှောက်တောင်းပါတယ်။

ဒီတော့ မြတ်စွာဘုရားက “ဧဟိ ဘိက္ခု သွက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကရိယာယ၊ လာလော့ ရဟန်း တရားတော်မှာ ကောင်းမွန် မှန်ကန်စွာ ဟောထားတဲ့ သွာက္ခတ တရားတော်ဖြစ်တယ်၊ အမှန်စင်စစ် ဆင်းရဲ ကုန်ဆုံးခြင်းကို ပြုနိုင်အောင် မြတ်သောအကျင့်ကို ကျင့်လည့်ပါလော့”လို့ ခေါ်တော်မူပြီးတော့ ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူလိုက်ပါတယ်၊ ဒီလို ရဟန်းပြုပေးတဲ့ စကားထဲမှာ“ဧဟိ ဘိက္ခု”လို့ ပါတဲ့အတွက် ဒီလို ရဟန်းမျိုးကို“ဧဟိ ဘိက္ခု” ရဟန်းလို့ ခေါ်ပါတယ်။

(၆) ဒွါဒသ အာကာရ ဂ္ဂဏန်းပုံ

ရုပ်သည် -

(၁) အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်စသည်ဖြင့် ထင်မှတ် စွဲလမ်းအပ်သော သတ္တဝါမဟုတ်။

(၂) အသက်, လိပ်ပြာကောင်မဟုတ်။

(၃) လူကောင်မဟုတ်။

(၄) လုလင်ကောင်မဟုတ်။

(၅) မိန်းမကောင်မဟုတ်။

(၆) ယောကျ်ားကောင်မဟုတ်။

(၇) အစိုးပိုင်သော ငါကောင်မဟုတ်။

(၈) ငါမဟုတ်။

(၉) ငါကောင်၏ အစိတ်အပိုင်း ဥစ္စာမဟုတ်။ ငါကောင်နှင့် ဘာမျှမဆိုင်။

(၁၀) ငါ၏ အစိတ်အပိုင်း ဥစ္စာမဟုတ်။ငါနှင့် ဘာမျှမဆိုင်။

(၁၁) သူတပါး၏ အစိတ်အပိုင်း ဥစ္စာမဟုတ်၊ သူတပါးနှင့် ဘာမျှမဆိုင်။

(၁၂) တစုံတယောက်၏ အစိတ်အပိုင်း ဥစ္စာမဟုတ်၊ တစုံတယောက်နှင့် ဘာမျှမဆိုင်။ ဤသို့ရှုမြင်၏။

(ဤသည်ကား ရုပ်၌ရှုမြင်ပုံတည်း။ ဝေဒနာ သညာ သင်္ခါရ ဝိညာဉ် စသည်တို့၌လဲ ရှုမြင်ပုံမှာ နည်းတူပင်တည်း။)

ဤရှုမြင်ပုံ၌ နှ အဟံ-တိုင်အောင် ရှေး (၈)ပုဒ်တို့သည် “ဖြစ်ခြင်း ပျက်ခြင်း မရှိဘဲ ခန္ဓာအိမ်ထဲ၌ အမြဲတည်ရှိ နေသည်ဟူ၍၄င်း၊ သွားခြင်း ထိုင်ခြင်း ကွေးခြင်း ဆန့်ခြင်း မြင်ခြင်း စသည်တို့ကို အလိုအတိုင်း ပြီးစေနိုင်သည် ဟူ၍၄င်း၊ ဤသို့စသည်ဖြင့်

ထင်မှတ်စွဲလမ်း အပ်သော” အတ္တ, အသက်, လိပ်ပြာ, ဝိညာဏ်ကောင်, သတ္တဝါကောင်ကိုသာ ပယ်မြစ်လို၍ ပြအပ်သော ပုဒ်တို့ပေတည်း။

လောက၌ ပြောဆိုရိုးမျှဖြစ်သော သတ္တဝါစသည်ကိုကား ပယ်မြစ်လို၍ ပြအပ်သည် မဟုတ်ပေ။

န အတ္တနိယံ စသော နောက်လေးပုဒ်တို့ဖြင့်လဲ ထိုအတ္တကောင်၏ အစိတ်အပိုင်းမဟုတ်၊ ထိုအတ္တကောင်နှင့် ဘာမျှမဆိုင်သည်ကိုသာ ပြလိုပေသည်။

လောက၌ ပြောဆိုရိုးမျှဖြစ်သော သူ့ဥစ္စာ, ငါ့ဥစ္စာ, သူ့လက်ခြေ, ငါ့လက်ခြေ, သူ့သားသမီး, ငါ့သားသမီး, ဤသို့စသော ဝေါဟာရ ကိုကား ပယ်မြစ်လိုသည်မဟုတ်ပေ။

အမှန်အားဖြင့်သော်ကား အဌကထာတို့၌ အနတ္တ အရာတွင် ပြဆိုအပ်သော စကားဟူသမျှသည် သာမိ နိဝါသီ စသည်ဖြင့် စွဲလမ်းအပ်သော ထိုအတ္တကိုသာ ပယ်မြစ်သည့် စကားချည်းသာတည်း။

ရုပ်သည် သတ္တဝါမဟုတ်၊ ဤသို့စသော ရှုမြင်ပုံတို့၌ လူတို့၏ ပြောဆိုရိုး အားဖြင့် အကြင်သတ္တဝါသည်ရှိ၏။

ရုပ်သည် ထိုပြောဆိုရိုး သတ္တဝါမဟုတ် ဟူသော ဤအနက်ကို အတ္တမှ ဆိတ်သည်ကို ရှုမြင်သော ဤအရာ၌ မဆိုလိုအပ်ပေ။ ရုပ်စသည်တို့၌ကိုယ်တိုင်ကပ်ငြိတွယ်တာတတ်သောကြောင့်၎င်း၊

သူတပါးတို့ကို မိမိ၌ ကပ်ငြိတွယ်တာတတ်သောကြောင့်၎င်း၊

အသက်, လိပ်ပြာကောင်, ဝိညာဏ်ကောင်ဟု ဆိုအပ်သော

ထိုအတ္တကောင်ကို သတ္တဝါကောင်ဟူ၍ လူတို့ကခေါ်ဆိုအပ်၏။

မှတ်ခိုက်မှာပင်၊ ပျက်သွားသည်ဟု သိမြင်အပ်သော ရုပ်သည် ထိုအတ္တ ကောင်ကို သတ္တဝါကောင်မဟုတ်၊ ဤကား ဆိုလိုရင်း အနက်ပေတည်း။

ထိုစကားမှန်ပေ၏။ “ရှုပံနသတ္တော= ရုပ်သည် သတ္တဝါမဟုတ်ဟူ၍” ဤရှုမြင်ခြင်းသည် အတ္တကောင် ငါကောင်မှ ဆိတ်သုန်းသည်ကို သိမ်းဆည်း သိမြင်သောညာဏ်ပေတည်း။ ဤသို့သိအပ်၏။ အသက် မဟုတ် ဤသို့စသော ရှုမြင်ပုံတို့၌လဲ နှ-သတ္တော၌ ပြပြီးသော ဤနည်းပင်တည်း။ ဒွါဒသ အာကာရ ရှုမြင်ပုံ ပြီး၏။

အနတ္တလက္ခဏသုတ် တရားတော်ကြီး
(မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားသော မဟာသတိပဋ္ဌာန် တရားတော်မှ)

ဓမ္မစက္ကပဝတ္တနသုတ် တရားတော်ကြီးကို နာကြားစဉ်မှာ ပဉ္စဝဂ္ဂီ ငါးဦးထဲက အရှင်ကောဏ္ဍညသည် တစ်ပါးသာလျှင် သစ္စာလေးပါးကို သိမြင်ပြီး သောတာပန် ဖြစ်ခဲ့ပါတယ်။ အရှင်ကောဏ္ဍညသည် တစ်ပါးသာလျှင် “တိဏ္ဏဝိစိကိစ္ဆော-လွန်မြောက်ပြီးသော ယုံမှားမှုရှိတယ်၊ ယုံမှားကင်းသွားတယ်”လို့ ဆိုတဲ့အတိုင်း ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာနှင့် စပ်ပြီး တထစ်ချယုံကြည်ချက် ကျသွားပါတယ်။ ဘယ်လိုလဲ ဆိုတော့ ကာ“ဓမ္မစက္က ပဝတ္တနသုတ် တရားတော်ကြီးကို ဟောတဲ့ ငါတို့ ဆရာ ဘုရားဟာ

ဌာနမှာဘဲ အသင့်ရှိနေတော်မူတယ်၊ ပဉ္စဝဂ္ဂိတို့က ကမ္မဋ္ဌာန်း အညစ်အကြေး အရှုတ်အထွေး ဖြစ်ပေါ်လာတဲ့အခါ မြတ်စွာဘုရားထံ သွားပြီး မေးမြန်းလျှောက်ထားကြတယ်၊ တစ်ရံတစ်ခါမှာ မြတ်စွာဘုရားက သူတို့ထံ ကြွသွားပြီး ဖြေရှင်း ပေးတော်မူတယ်၊ ဒါဟာ ဗုဒ္ဓသာသနာတော် တည်ထောင်ခါစက အချို့အကျဆုံး အားထုတ်ပုံ စောင့်ရှောက်ပုံပါဘဲ၊ ယခုကာလ မှာလဲ အချို့ကျကျ အားထုတ်ချင်လျှင် ဒီနည်းအတိုင်းဘဲ နေ့ရော ညဉ့်ပါ မပြတ်မစဲ အားထုတ်တယ်၊ ဆရာကလဲ သူတပါးစိတ် မသိနိုင်တောင် မေးမြန်းပြီး ကမ္မဋ္ဌာန်း အညစ်အကြေးကို သုတ်သင် ဖြေရှင်း ပေးရတယ်၊ ဒါမှ အကျိုးရှိသင့်သလောက် အပြည့်အစုံ ဖြစ်သွားနိုင်တယ်။

အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ, အရှင်မဟာနာမ်, အရှင်အဿဇိ ဆိုတဲ့ ပဉ္စဝဂ္ဂီ လေးဦးတို့မှာ ယခုပြောခဲ့တဲ့အတိုင်း မြတ်စွာဘုရား ကိုယ်တော်တိုင်က စောင့်ရှောက်လို့ အချို့းတကျ မပြတ်အားထုတ် ကြတဲ့အတွက် ဝါဆိုလဆုတ် တစ်ရက်, နှစ်ရက်,သုံးရက်, လေးရက် နေ့များမှာ အစဉ်အတိုင်း သောတာပန်ဖြစ်ပြီး ဧဟိဘိက္ခု ရဟန်း ဖြစ်ကြပါတယ်၊ ဒီလို ပဉ္စဝဂ္ဂီ ငါးဦးစလုံး သောတာပန်ဖြစ်ပြီး ဧဟိဘိက္ခု ရဟန်း အဖြစ်ကို ရကြပြီးနောက် ဝါဆိုလဆုတ် ငါးရက် နေ့မှာ အရဟတ္တမဂ်ဉာဏ်ကို ရစေရန်အတွက် ဒီအနတ္တ လက္ခဏ သုတ် တရားတော်ကြီးကို မြတ်စွာဘုရားက ဟောကြားတော်မူ ပါတယ်။

နာရုံဖြင့် မပြီး၍ အားထုတ်ကြရသည်

ကျန်တဲ့ ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ လေးဦး ကတော့ အဲဒီတုန်းက သစ္စာလေးပါးကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုးထွင်းပြီး မသိမမြင် ကြသေးဘူး၊ ဓမ္မစက္ကပဝတ္တနသုတ် တရားကို နာရလို့ အဲဒီအထဲမှာ ပါတဲ့အတိုင်း သုတမယဉာဏ် လောက်နဲ့သာ သိပြီးတော့ သက်ဝင်ယုံကြည်တဲ့ သြကပ္ပန သဒ္ဓါလောက်ကိုသာ ရကြသေးတယ်၊ မပျက်ပြယ် မလှုပ်ရှားနိုင်တဲ့ အဝေစ္စ ပသာဒ သဒ္ဓါတရားကိုတော့ မရကြသေးဘူး၊ ဒါကြောင့် သူတို့ ကတော့ အဲဒီတုန်းက မြတ်စွာဘုရားထံမှာ ချက်ချင်း ဝင်ရောက်ပြီး ရဟန်းမပြုကြသေးဘူး၊ မြတ်စွာဘုရား ညွှန်ပြ တော်မူတဲ့အတိုင်း ကမ္မဋ္ဌာန်းတရားကို မူလက ရသေ့၊ ရဟန်း အဖြစ်နဲ့ဘဲ အားထုတ် နေကြတယ်၊ ဒီလို အားထုတ်လို့ အရှင်ဝပ္ပက ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှာ သောတာပန်ဖြစ်ပါတယ်၊ အရှင်ဘဒ္ဒိယ, အရှင် မဟာနာမ်, အရှင်အဿဇိ တို့ကတော့ နှစ်ရက်နေ့, သုံးရက်နေ့, လေးရက်နေ့များမှာ အစဉ်အတိုင်း သောတာပန် ဖြစ်ကြပါတယ်၊ ဒီလို သောတာပန်ဖြစ်ပြီးတဲ့ အခါကျမှ မြတ်စွာဘုရားထံမှာ ရဟန်း အဖြစ်ကို အသီးသီး လျှောက်တောင်းကြပါတယ်။ မြတ်စွာ ဘုရားကလဲ သူတို့ကို အသီးသီး “ဧဟိ ဘိက္ခု”ခေါ်ပြီး ရဟန်း ပြုပေးတော်မူပါတယ်။

နေယျပုဂ္ဂိုလ်တွေ

ဒါကြောင့် ဥဿဒ္ဓီတည်း, ဝိပဿီတည်း, နေယျ, ပဒပရမဆိုတဲ့ ပုဂ္ဂိုလ်လေးမျိုးနဲ့ ခွဲကြည့်မယ်ဆိုလျှင် အရှင်ကောဏ္ဍညတစ်ပါးသာ ဓမ္မစကြာသုတ် တရားကို အကျယ်ဟောနေတုန်း နာကြားနေရင်း တရားရသွားတဲ့အတွက် ဝိပဿီတည်း မည်ပါတယ်၊ တခြားပုဂ္ဂိုလ်လေးပါးကတော့ တရားနာရုံနဲ့ တရားထူးကို မသိမမြင်သေးဘဲ ဘာဝနာအလုပ်ကို တစ်ရက်, နှစ်ရက် စသည် အားထုတ်ပြီး သိမြင်ကြတာ ဖြစ်တဲ့အတွက် နေယျပုဂ္ဂိုလ်များလို့သာ ယူရ ပါတယ်။ ယခုကာလမှာ တချို့က “သောတာပန်ဖြစ်ဖို့ဆိုတာကျင့်ကြံအားထုတ်ဖို့ မလိုဘူး၊ တရားနာပြီး တရားသဘောကို သိနားလည်ရုံ သောတာပန်ဖြစ်တယ်”လို့ ဒီလို ယူဆ ဟောပြောနေကြတဲ့ အချောင် သောတာပန်လမ်းဟာ ဟောဒီ အရှင်ဝပ္ပ စသော မထေရ်လေးပါးရဲ့ အားထုတ်ပုံ သောတာပန်ဖြစ်ပုံနှင့် နှိုးနှောကြည့်လျှင် ဘာမျှအခြေအမြစ်မရှိတဲ့ မဟုတ်တမ်းတရားဖြစ်ကြောင်း အလွန် ထင်ရှားပါတယ် စဉ်းစားကြည့်ပါ။ ယခုကာလမှာ လွယ်လွယ်နဲ့ နားလည်အောင် ဟောတတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်စွာဘုရားထက်ပိုပြီး ဟောတတ်ပါမည်လား၊ နာကြားရုံနဲ့ နား လည် တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကကော ဒီပဋ္ဌဝဂ္ဂီ မထေရ်လေးပါးထက် ပိုပြီး နားလည်လွယ်ပါမည်လား၊ ပြီးတော့ နားလည်အောင် ဟောလိုက်ရုံနဲ့ ဒီကိစ္စပြီးမယ်ဆိုလျှင် ဒီမထေရ် လေးပါးကို သက်သက်ပင်ပန်းအောင် မြတ်စွာဘုရားက အားထုတ် ခိုင်းနေပါဦးမည်လား၊ အဲဒီအချက်တွေကို အဖြေမှန်ရအောင် စဉ်းစားလိုက်လျှင် အချောင်သောတာပန်လမ်းဟာ အလိုလိုပေးလာပါတယ်။

အချို့ကျကျ အားထုတ်ပုံ

ပြီးတော့ အဲဒီတုန်းက ပဋ္ဌဝဂ္ဂီ မထေရ်လေးပါးရဲ့ အားထုတ်ပုံဟာ အင်မတန် စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ပဋ္ဌဝဂ္ဂီငါးပါးထဲမှ နှစ်ပါးက ဆွမ်းခံတောင် မသွားတော့ဘဲ မပြတ် အားထုတ်နေကြရတယ်၊ သုံးပါးက ဆွမ်းခံသွားကြတယ်၊ ဒီလို အားထုတ်နေကြတဲ့ ရက်လဲ ရှိတယ်၊ ပြီးတော့ သုံးပါးက မပြတ်အားထုတ် နေကြရတယ်၊ နှစ်ပါးက ဆွမ်းခံသွားကြတယ်၊ ဒီလို အားထုတ် နေကြတဲ့ ရက်လဲရှိတယ်၊ ဆိုလိုရင်းကတော့ သောတာပန် မဖြစ်သေးတဲ့ ပုဂ္ဂိုလ်လေးပါးထဲက နှစ်ပါးဖြစ်စေ, သုံးပါးဖြစ်စေ တစ်ပြိုင်နက် မပြတ်မစဲ အားထုတ်နေကြတယ်၊ ကျန်တဲ့ တစ်ပါးနှစ်ပါးနဲ့ အရှင် ကောဏ္ဍညက ဆွမ်းခံသွားတယ်၊ ရလာတဲ့ ဆွမ်းကို မြတ်စွာဘုရား နှင့်တကွ ခြောက်ပါး ဝေဌပြီး ဘုန်းပေး တော်မူကြတယ်တဲ့၊ ဒီနေရာ မှာ နှစ်ပါး အားထုတ်တဲ့အခါ၊ သုံးပါး အားထုတ်တဲ့အခါ၊ ဘယ် ပုဂ္ဂိုလ်များက အားထုတ်နေကြတယ်၊ ဘယ်ပုဂ္ဂိုလ်များက ဆွမ်းခံ သွားကြတယ်လို့ ဒီလို တိတိကျကျ ဖော်ပြထားတာတော့ မရှိဘူး၊ သို့ပေမယ့် သောတာပန်အဖြစ် နောက်ကျတဲ့ ပုဂ္ဂိုလ်တွေဟာ စောစောပိုင်းက ဆွမ်းခံမှု ပလိဗောဓ ရှိခဲ့တယ်လို့ ယူဆလျှင် သင့်တော်လောက်စရာ ရှိပါတယ်။

အဲဒီတုန်းက မြတ်စွာဘုရားလဲ ဆွမ်းခံ မကြွဘူး၊ တရားအားထုတ်နေတဲ့ ပဋ္ဌဝဂ္ဂီတို့မှာ ကမ္မဋ္ဌာန်း အညစ်အကြေး ဖြစ်ပေါ်လာလျှင် သုတ်သင် ဖြေရှင်းပေးနိုင်ဖို့ မိဂဒါဝုန် ကျောင်းတိုက်

"ငါ၏ ရူပ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ဤလို အဆိုးကား မဖြစ်ပါစေလင့်"ဟု ရူပ်၌ စီမံခန့်ခွဲ၍လဲ မရဘဲရှိလေ၏။

မှတ်ပွယ်ဆောင်ပုဒ်များ

ဤအရာ၌ "ဗာလပုထုဇဉ်တို့ စွဲလမ်းသော အတ္တမှာ ဇီဝအတ္တ, ပရမအတ္တ ဟူ၍ နှစ်မျိုးရှိသည်။

ကမ္ဘာလောကနှင့် သတ္တဝါတွေကို ဖန်ဆင်းသူဟု ထင်မှတ် စွဲလမ်းအပ်သော ထာဝရဘုရား၏ အတ္တကို ပရမအတ္တဟု ခေါ်သည်၊

ဖန်ဆင်းထားသည်ဟု ထင်မှတ် စွဲလမ်းအပ်သော သတ္တဝါများ၏ အတ္တကို ဇီဝအတ္တ ဟုခေါ်သည်။

ထိုအတ္တကို သာမီ, နိဝါသီ,ကာရက, ဝေဒကဟု ထင်မှတ် စွဲလမ်းကြ၏။ ထိုတွင်

(က) ကိုယ်ထဲမှာ အလိုရှိတိုင်း အစိုးရသော ငါကောင် ရှိသည်ဟု ထင်တာက သာမီအတ္တစွဲ။

(ခ) ကိုယ်ထဲမှာ အမြဲတည်နေသော ငါကောင်ရှိသည်ဟု ထင်တာက နိဝါသီ အတ္တစွဲ။

(ဂ) အမူအရာ ဟူသမျှကို ငါကောင်ကပင် ပြုလုပ်သည်ဟု ထင်တာက ကာရကအတ္တစွဲ။

(ဃ) အကောင်းအဆိုး ဟူသမျှကို ငါကောင်ကပင် ခံစားသည်ဟု ထင်တာက ဝေဒကအတ္တစွဲ။

ဒီနေရာမှာလဲ စဉ်းစားစရာကတော့ ရှိပါသေးတယ်၊ ဘယ်လိုဆိုတော့ကာ သောတာပန်ဆိုတာ အနတ္တလက္ခဏာကို သိပြီးမှ ဖြစ်တာမဟုတ်ပါလား၊ သက္ကာယဒိဋ္ဌ ခေါ်တဲ့ အတ္တ အစွဲဟာ လုံးဝ ကင်းနေပြီ မဟုတ်ပါလား၊ ဒီလို အနတ္တ လက္ခဏာ ကို သိပြီးတော့ အတ္တစွဲကင်းနေတဲ့ သောတာပန် ပုဂ္ဂိုလ်တွေကို ဘာကြောင့် ဒီအနတ္တလက္ခဏာသုတ် တရားတော်ကြီးကို ဟောကြားရပါလိမ့်မလဲလို့ ဒီလိုစဉ်းစားစရာ ရှိပါတယ်။

ဒိဋ္ဌိမာနကိုပယ်ရန်

အဖြေကတော့ သောတာပန်ဟာ အနတ္တလက္ခဏာကိုသိပြီး ဖြစ်တယ် ဆိုတာလဲ ဟုတ်တယ်၊ အတ္တစွဲ ကင်းနေပြီဆိုတာလဲ မှန်တယ်၊ ဒါပေမယ့် ဒိဋ္ဌိနဲ့တူတဲ့ မာနဆိုတာကတော့ သောတာ ပန်မှာ ရှိနေသေးတယ်၊ ဒီမာနက အတ္တကောင်, အသက်ကောင်, ငါကောင် တကယ်ရှိတဲ့ အနေနဲ့တော့ စွဲလမ်းတာ မဟုတ်ပါဘူး၊ ဒါပေမယ့် "ရူပ်နာမ် ခန္ဓာတွေကို အမှီပြုပြီးတော့ ငါဆိုတဲ့ အနေနဲ့ တက်ကြွ ထောင်လွှားပြီးတော့ စွဲလမ်းနေပါတယ်" အဲဒါကို "အသိုမာန"လို့ခေါ်ပါတယ်၊ ငါပဲလို့ တက်ကြွထောင်လွှားတဲ့ သဘောပါပဲ၊ သူ့ကို "ဒိဋ္ဌမာန"လို့လဲ ခေါ်ပါတယ်၊ ဒိဋ္ဌနှင့် ခပ်တူတူဖြစ်နေလို့ ဒိဋ္ဌရဲ့ ကိုယ်စားလှယ် သဘောရှိတဲ့ "မာန"လို့ ဆိုလိုပါတယ်၊ ဒီမာနကို သောတာပတ္တိမဂ်က မပယ်နိုင်ပါဘူး၊ အထက်မဂ်များကမှ ပယ်နိုင်ပါတယ်၊ အထက်မဂ်ထဲမှာတောင် အရဟတ္တမဂ်ကမှ အကြွင်းမဲ့ ပယ်နိုင်ပါတယ်။

အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ ဆိုတာတွေကတော့ အတုနဲ့အစစ် နှစ်မျိုးစီ ရှိတဲ့အတွက် အနိစ္စတု၊ ဒုက္ခတုတွေကိုတော့ သာသနာပမှာလဲ သိနိုင်ကြပါတယ်၊ အနတ္တလက္ခဏာကတော့ အဲဒီလို အတုရယ်လို့ မရှိတဲ့ အတွက် သာသနာပမှာ မသိနိုင်ပါဘူး၊ သာသနာအတွင်းမှာတောင်မှ အနိစ္စ, ဒုက္ခလက္ခဏာ အစစ်တွေကို သိမြင်ပါမှ အနတ္တလက္ခဏာကို သိနိုင်ပါတယ်၊ ဒါကြောင့် ဒီသုတ်မှာ ရှေးဦးစွာ ဒုက္ခလက္ခဏာ အစစ်ဖြင့် အနတ္တ လက္ခဏာကို ဖော်ပြပြီး ဟောသွားပါတယ်၊ အဲဒီ အနတ္တ လက္ခဏာကို သေသေချာချာ နားလည်အောင် ရှိရှိသေသေ စူးစိုက်ပြီး နာယူကြ နှလုံးသွင်းကြစေ လိုပါတယ်၊ မြတ်စွာဘုရားက ဒီလိုစပြီး ဟောကြားတော်မူပါတယ်။

သုတ်၏ ဘာသာပြန်

၁–ရူပက္ခန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့-ရူပ်သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊

အတ္တကောင် ဟုတ်ပါမူ ဤရူပ်သည် နှိပ်စက်ဖို့ရာ မဖြစ်တန် လေရာ၊

“ငါ၏ ရူပ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု ရူပ်၌ စီမံခန့်ခွဲ၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား ရူပ်သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့် ပင်လျှင် ရူပ်သည် နှိပ်စက်ဖို့ရာ ဖြစ်လျက်ရှိချေသည်။

ဒီအချက်ကို အဘိဓမ္မပိဋကတ် ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် အဋ္ဌသာလိနီဆိုတဲ့ အဋ္ဌကထာမှာ ဒီလို ရှင်းပြထားပါတယ်။ “သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်က သက္ကာယဒိဋ္ဌိ အရင်းခံရှိတဲ့ ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိကို အကြွင်းမဲ့ ပယ်တယ်။

ဒါပေမဲ့ သောတာပန်၏ သန္တာန်မှာ သကဒါဂါမိမဂ်နဲ့ ပယ်ရ မည့် မာန ရှိနေသေးတယ်၊ အဲဒီမာနက ဒိဋ္ဌိအရာမှာ တည်နေ တယ်၊ ဒိဋ္ဌိအရာမှာ တည်တယ်ဆိုတာ ဒိဋ္ဌိနှင့် ခပ်တူတူ ဖြစ်နေတာ ကိုဘဲ ဆိုလိုပါတယ်၊ သကဒါဂါမိမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိက အဲဒီမာန ကို ပယ်တယ်။

သကဒါဂါမ်မှာလဲ အနာဂါမိမဂ်နှင့် ပယ်ရမည့် မာနက ရှိနေသေးတယ်၊ အဲဒီမာနကို အနာဂါမိမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိက ပယ်သည်၊

အနာဂါမ်မှာလဲ အရဟတ္တမဂ်နဲ့ ပယ်ရမယ့် မာနက ရှိနေသေးတယ်၊အဲဒီမာနကို အရဟတ္တမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိက အကြွင်းမဲ့ ပယ်တယ်”လို့ ဒီလိုရှင်းပြထားပါသည်။

ဒါကြောင့် အထက်မဂ်များနှင့် ပယ်ရမည့် “အသ္မိမာန”လို့ ခေါ်တဲ့ ဒိဋ္ဌိရဲ့ ကိုယ်စားလှယ် ငါစွဲ ဒိဋ္ဌိမာနကို ပယ်နိုင်ရန်အတွက် သောတာပန်ဖြစ်ပြီးသော ပဉ္စဝဂ္ဂီရဟန်းတော်များကို မြတ်စွာဘုရားက ဒီအနတ္တလက္ခဏသုတ် တရားတော်ကြီးကို ဟောတော်မူရပါတယ်၊ ဒီအနတ္တလက္ခဏာဟာ အလွန်လဲ အရေးကြီးပါတယ်၊ ဒီအနတ္တလက္ခဏာကို မသိလျှင် မဂ်ဖိုလ်ကို မရနိုင်ပါဘူး၊ ပြီးတော့ ဒီအနတ္တလက္ခဏာက သိဖို့လဲ ခဲယဉ်းပါတယ်၊ သာသနာပမှာ ဆိုလျှင် မသိနိုင်ပါဘူး၊ သာသနာတော်အတွင်းမှာမှ သိနိုင်ပါတယ်၊

၂။ ဒုက္ခကို သိရမည်၊ ဒုက္ခလက္ခဏာကို သိရမည်၊ ဒုက္ခာနုပဿနာကို သိရမည်၊

(က) ဖြစ်ပျက်နှစ်ရပ် နှိပ်စက်အပ်တဲ့ ရူပ်နာမ်ခန္ဓာက ဒုက္ခတရား။

(ခ) ဖြစ်ပျက်နှစ်ရပ် မပြတ်နှိပ်စက်တာက ဒုက္ခလက္ခဏာ။

(ဂ) ရှုမှတ်ဆဲမှာ ဖြစ်ပျက်နေတာကို တွေ့ရ၍ ဆင်းရဲဟု သိတာက ဒုက္ခာနုပဿနာဉာဏ်။

၃။ အနတ္တကို သိရမည်၊ အနတ္တလက္ခဏာကို သိရမည်၊ အနတ္တာ နုပဿနာကို သိရမည်။

(က) သူ့သဘောအတိုင်း ဖြစ်ပျက်နေတဲ့ ရူပ်နာမ်ခန္ဓာက အနတ္တတရား။

(ခ) အလိုအတိုင်း မဖြစ်တာက အနတ္တလက္ခဏာ။

(ဂ) ရှုမှတ်ဆဲမှာ အလိုအတိုင်း မဖြစ်တာကို တွေ့ရ၍ အစိုးမရ ငါကောင်မဟုတ်ဟု သိတာက အနတ္တာနုပဿနာဉာဏ်။

အနတ္တလက္ခဏာကို ဃနပုံးသည်

(က) ရှေ့နောက်တရား၊ ခဏပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ်သန္တတိဃန တည်း။

(ခ) ရူပ်နာမ်အများ သဘောပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ်သမူဟဃန တည်း။

(ဂ) ရူပ်နာမ်အများ၊ ကိစ္စပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ်ကိစ္စဃန တည်း။

(ဃ) နာမ်သဘောများ၊ အာရုံပြားလျက်၊ ပိုင်းခြားမပြတ်၊ ငါကောင်မှတ်၊ ပေါ်လတ် အာရမ္မဏဃန တည်း။

၂– ဝေဒနာကွန်ဆာ အနုတ္တဖြစ်ပုံ

ရဟန်းတို့ ခံစားမှုဝေဒနာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤဝေဒနာသည် နှိပ်စက်ဖို့ရာ မဖြစ်တန်လေရာ၊ “ငါ၏ ဝေဒနာသည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်ဟု ဝေဒနာ၌ စီမံခန့်ခွဲ၍လဲ ရလေရာ၏။

အမှန်အားဖြင့် ခံစားမှုဝေဒနာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သော ကြောင့်ပင်လျှင် ဝေဒနာသည် နှိပ်စက်ဖို့ရာလဲ ဖြစ်လျက်ရှိချေသည်၊ “ငါ၏ ဝေဒနာသည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု ဝေဒနာ၌ စီမံခန့်ခွဲ၍လဲ မရဘဲ ရှိချေသည်။

၃– သညာကွန်ဆာ အနုတ္တဖြစ်ပုံ

ရဟန်းတို့ မှတ်သားမှုသညာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤသညာသည် နှိပ်စက်ဖို့ရာ မဖြစ်တန်လေရာ၊ “ငါ၏ သညာသည် အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု သညာ၌ စီမံခန့်ခွဲ၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား မှတ်သားမှုသညာသည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့် ပင်လျှင် သညာသည် နှိပ်စက်ဖို့ရာ ဖြစ်လျက်ရှိချေသည်၊ “ငါ၏ သညာသည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်”ဟု သညာ၌ စီမံခန့်ခွဲ၍လဲ မရဘဲ ရှိချေသည်။

၄– သခ်ၤရက္ခန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့ ပြုပြင်အားထုတ်မှု သင်္ခါရတို့သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤသင်္ခါရတို့သည် နှိပ်စက်ဖို့ရာ မဖြစ်ကြတန်လေရာ၊ "ငါ၏ သင်္ခါရတို့သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်ဟု သင်္ခါရတို့၌ စိမံခန့်ခွဲ၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား ပြုပြင်အားထုတ်မှု သင်္ခါရတို့သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သောကြောင့်ပင်လျှင် သင်္ခါရတို့သည် နှိပ်စက်ဖို့ရာလဲ ဖြစ်လျက်ရှိချေသည်၊ "ငါ၏ သင်္ခါရတို့သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်"ဟု သင်္ခါရတို့၌ စိမံခန့်ခွဲ၍လဲ မရဘဲ ရှိချေသည်။

၅– ဝိညာဏက္ခန္ဓာ အနတ္တဖြစ်ပုံ

ရဟန်းတို့ ကြံသိမှု စိတ်ဝိညာဉ်သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် ဟုတ်ပါမူ ဤစိတ်ဝိညဉ်သည် နှိပ်စက်ဖို့ရာမဖြစ်တန်လေရာ၊ "ငါ၏ စိတ် ဝိညဉ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ဤလို အဆိုးကား မဖြစ်ပါစေလင့်"ဟု စိတ်ဝိညဉ်၌ စိမံခန့်ခွဲ၍လဲ ရလေရာ၏။

အမှန်အားဖြင့်မူကား စိတ်ဝိညဉ်သည် အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်ပေ၊ အတ္တကောင် မဟုတ်သော

ကြောင့်ပင်လျှင် စိတ်ဝိညဉ်သည် နှိပ်စက်ဖို့ရာ ဖြစ်လျက် ရှိချေသည်၊ "ငါ၏ စိတ်ဝိညဉ်သည် ဤလို အကောင်းချည်း ဖြစ်ပါစေ၊ ဤလို အဆိုးကား မဖြစ်ပါစေလင့်"ဟု စိတ်ဝိညဉ်၌ စိမံခန့်ခွဲ၍လဲ မရဘဲ ရှိချေသည်။

မှတ်ဖွယ်ဆောင်ပုဒ်များ

(က) ပညတ် အနိစ္စ၊ သိရုံမျှ၊ အနတ္တ မမြင်နိုင်။ (အိုးကွဲခြင်း၊ လူသေခြင်းမျိုး ပညတ် အနိစ္စ)

(ခ) ပညတ် ဒုက္ခ၊ သိရုံမျှ၊ အနတ္တ မမြင်နိုင်။ (ဆူးစူးခြင်း စသည်ကြောင့် နာကျင်ခံခက်ခြင်းမျိုး ပညတ်ဒုက္ခ)

(ဂ) ပရမတ် အနိစ္စ၊ သိမြင်မှ၊ အနတ္တ မြင်နိုင်သည်။

(ဃ) ပရမတ် ဒုက္ခ၊ သိမြင်မှ၊ အနတ္တ မြင်နိုင်သည်။

(င)လက္ခဏာစစ်တွင်၊ တစ်ခုမြင်၊ အကုန်ပင်သိတော့သည်။

အနုပဿနာ ၃ပါး ဆောင်ပုဒ်များ

၁။ အနိစ္စကို သိရမည်၊ အနိစ္စလက္ခဏာကို သိရမည်၊ အနိစ္စာနုပဿနာကို သိရမည်၊

(က) ဖြစ်ပျက်သမျှ ရုပ်နာမ် ခန္ဓာက အနိစ္စတရား။

(ခ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာ။

(ဂ) ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

၁၁– ရုပ်တရား၌ ၁၁–ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့ ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ရူပ်သည် လွန်ပြီး အတိတ်ဖြစ်စေ၊ဖြစ်လတ္တံ့ အနာဂါတ် ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီး ဖြစ်စေ၊ ထိုရူပ်ဟူသမျှကို ငါ့ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏ အတ္တာမဟုတ်ဟု ဉာဏ်ဖြင့် ထင်ထင် အမှန်အတိုင်း သိအောင် ရှုရမည်။

၁၂–ဝေဒနာ၌၁၁–ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့ ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ခံစားမှု ဝေဒနာသည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့ အနာဂါတ် ဖြစ်စေ၊ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်စေ၊အတွင်းက ဖြစ်စေ၊အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုခံစားမှု ဝေဒနာဟူသမျှကို ငါ့ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏ အတ္တာမဟုတ်ဟု ဉာဏ်ဖြင့် ထင်ထင် အမှန်အတိုင်း သိအောင် ရှုရမည်။

၁၃–သညာ၌ ၁၁–ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့ ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် မှတ်သားမှုသညာသည် လွန်ပြီး အတိတ်

(ဂ) ဖြစ်ခိုက်တရား၊ မပိုင်းခြား၍၊ လေးပါးဃန၊ထင်ပေါ်က အတ္တစွဲလမ်းသည်။

(စ) ဖြစ်ခိုက်တရား၊ ရှုပိုင်းခြား၍၊ လေးပါးဃန၊ ကြေပျက်မှ အနတ္တာညာဏ် ပေါ်သည်။

(ဆ) ဉာဏ်မှန်အနတ္တ၊ ပြည့်စုံမှ၊ အရိယမဂ်ဉာဏ် ရောက်နိုင်သည်။

၆– ရူပက္ခန္ဓာ လက္ခဏာရေး ၃ပါး စီစဉ်ချက်

-ရဟန်းတို့ ဒါကို ဘယ်လိုထင်ကြလဲ၊ ရူပ်ဟာမြဲလေသလား၊ မမြဲသလား။

မမြဲပါဘုရား။

- မမြဲတဲ့ တရားဟာ ကြောက်ဖွယ်ဆင်းရဲလား၊ နှစ်သက် ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

-မမြဲ၊ ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါ မည်လား။

မသင့်ပါဘုရား။

၇–ဝေဒနာက္ခန္ဓာ၌ လက္ခဏာရေး ၃–ပါး စီစဉ်ချက်

-ခံစားမှုဝေဒနာဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

-မမြဲတဲ့တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

- မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၈– သညာက္ခန္ဓာ၌ လက္ခဏာရေး ၃–ပါး ခိစစ်ချက်

- မှတ်သားမှု-သညာဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

- မမြဲတဲ့ တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

- မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၉– သခ်ါရက္ခန္ဓာ၌ လက္ခဏာရေး ၃–ပါး ခိစစ်ချက်

-ပြုပြင်အားထုတ်မှု သခ်ါရတရားတွေဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

-မမြဲတဲ့ တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

- မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

၁၀– ဝိညာဏက္ခန္ဓာ၌ လက္ခဏာရေး ၃–ပါး ခိစစ်ချက်

- ကြံသိမှု စိတ်ဝိညဉ်ဟာ မြဲသလား၊ မမြဲသလား။

မမြဲပါဘုရား။

-မမြဲတဲ့တရားဟာ ကြောက်ဖွယ် ဆင်းရဲလား၊ နှစ်သက်ဖွယ် ချမ်းသာလား။

ကြောက်ဖွယ် ဆင်းရဲပါဘုရား။

- မမြဲ, ဆင်းရဲ, ပြောင်းလဲ ဖောက်ပြန်တတ်သော တရားကို ငါ့ ဥစ္စာဟု, ငါဟု, ငါ၏အတ္တ အထည်ကိုယ်ဟု ထင်မှတ်ရန် သင့်ပါမည်လား။

မသင့်ပါဘုရား။

(ငါ့ဥစ္စာဟု သာယာသိမ်းပိုက်ရန်လည်း မသင့်၊
ငါဘဲဟု ဂုဏ်ယူပြီး အထင်ကြီးရန်လည်း မသင့်၊
ငါ၏ အတ္တ အထည်ကိုယ်ဘဲဟု ထင်မှတ်စွဲလမ်းရန်လည်း မသင့်ဟု ဆိုလိုသည်။

(ဂ) အတွင်းက ဝေဒနာသည် အပြင်မရောက်၊ အပြင်က ဝေဒနာလည်း အတွင်းမရောက်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဃ) ဝေဒနာကြမ်းက ဝေဒနာနုမဖြစ်၊ ဝေဒနာနုက ဝေဒနာကြမ်း မဖြစ်လာ၊ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င) ဝေဒနာ ညံ့က ဝေဒနာကောင်းမဖြစ်၊ ဝေဒနာ ကောင်းကလဲ ဝေဒနာညံ့မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးကဝေဒနာသည် ခရီးမရောက်လာ၊ အနီးက ဝေဒနာလည်း အဝေးမရောက်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

သညာကို ၁၁–ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

ရှေးဘဝက သညာသည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝ သညာသည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်သွားမည်။ ထို့ကြောင့် သညာသည် အနိစ္စ- မမြဲပါတကား၊ ဒုက္ခ- ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန်ကာလများက သညာသည် ယခုနှစ်၊ ယခုလ၊ ယခုရက်၊ ယခုအချိန်ကာလများသို့ မရောက်လာ၊ ယခုသညာသည်လည်း

ဖြစ်စေ၊ ဖြစ်လတ္တံ့ အနာဂါတ် ဖြစ်စေ၊ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုမှတ်သားမှုသညာ ဟူသမျှကို ငါ့ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏ အတ္တမဟုတ်ဟု ဉာဏ်ဖြင့် ထင်ထင် အမှန်အတိုင်း သိအောင် ရှုရမည်။

၁၄– သခ်ါရတို့၌ ၁၁–ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့ ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ပြုပြင်အားထုတ်မှု သခ်ါရတို့သည် လွန်ပြီး အတိတ်ဖြစ်စေ၊ ဖြစ်လတ္တံ့ အနာဂါတ် ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု ဖြစ်စေ၊ အညံ့ ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုပြုပြင်စီရင်မှု သခ်ါရတို့ကို ငါ့ဥစ္စာမဟုတ်, ငါမဟုတ်, ငါ၏ အတ္တမဟုတ်ဟု ဉာဏ်ဖြင့်ထင်ထင် အမှန်အတိုင်း သိအောင် ရှုရမည်။

၁၅– ဝိညာဏ်၌ ၁၁–ဌာနဖြင့် ရှုရန် ညွှန်ပြချက်

ရဟန်းတို့ ထိုသို့ ငါ, ငါ့ဥစ္စာ, ငါ၏အတ္တဟု ထင်မှတ်ရန် မသင့်သောကြောင့် ကြံသိမှု စိတ်ဝိညဉ်သည် လွန်ပြီး အတိတ်ဖြစ်စေ၊ဖြစ်လတ္တံ့ အနာဂါတ် ဖြစ်စေ၊ ဖြစ်ဆဲ ပစ္စုပ္ပန် ဖြစ်စေ၊ အတွင်းက ဖြစ်စေ၊ အပြင်က ဖြစ်စေ၊ အကြမ်း ဖြစ်စေ၊ အနု

ဖြစ်စေ၊ အညံ့ ဖြစ်စေ၊ အကောင်း ဖြစ်စေ၊ အဝေး ဖြစ်စေ၊ အနီးဖြစ်စေ၊ ထိုကြံသိမှု စိတ်ဝိညဉ်ဟူသမျှကို ငါဉစ္စာမဟုတ်, ငါမဟုတ်, ငါ၏ အတ္တမဟုတ်ဟု ညာဏ်ဖြင့် ထင်ထင် အမှန်အတိုင်း သိအောင် ရှုရမည်။

ရုပ်ကို ၁၁–ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

(က) ရှေးဘဝက ရုပ်သည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝရုပ်သည်လည်း နောင်ဘဝသို့ ရောက်မည်မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက်ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ရုပ်သည် အနိစ္စ- မမြဲပါတကား၊ ဒုက္ခ- ဆင်းရဲပါတကား၊ အနတ္တ- အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန် ကာလများက ရုပ်သည် ယခုနှစ်၊ ယခုလ၊ ယခုရက်၊ ယခုအချိန် ကာလများသို့ မရောက်လာ၊ ယခုရုပ်သည်လည်း နောက်နောက်နှစ်၊ နောက်နောက်လ၊ နောက်နောက်ရက်၊ နောက်နောက် အချိန်ကာလများသို့ ရောက်မည်မဟုတ်၊ ယခုပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဂ) အတွင်းက ရုပ်သည် အပြင်မရောက်၊ အပြင်ကရုပ်လည်း အတွင်းမရောက်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဃ) ရုပ်ကြမ်းက ရုပ်နုမဖြစ်၊ ရုပ်နုက ရုပ်ကြမ်း မဖြစ်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င) ရုပ်ညံ့က ရုပ်ကောင်းမဖြစ်၊ ရုပ်ကောင်းကလဲ ရုပ်ညံ့မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးကရုပ်သည် ခရီးမရောက်လာ၊ အနီးကရုပ်လည်း အဝေးမရောက်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ရုပ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

ဝေဒနာကို ၁၁–ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

ရှေးဘဝက ဝေဒနာသည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝဝေဒနာသည်လည်း နောင်ဘဝသို့ ရောက်မည် မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ဝေဒနာသည် အနိစ္စ- မမြဲပါတကား၊ ဒုက္ခ- ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန် ကာလများက ဝေဒနာသည် ယခုနှစ်၊ ယခုလ၊ ယခုရက်၊ ယခုအချိန် ကာလများသို့ မရောက်လာ၊ ယခုဝေဒနာသည်လည်း နောက်နောက်နှစ်၊ နောက်နောက်လ၊ နောက်နောက်ရက်၊ နောက်နောက် အချိန်ကာလများသို့ ရောက်မည်မဟုတ်၊ ယခုပင် ချုပ်ပျက်သွားသောကြောင့် ဝေဒနာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးက ဝိညာဉ်သည် ခရီးမရောက်လာ၊ အနီးက ဝိညာဉ်လည်း အဝေးမရောက်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။

၁၆– နိဗ္ဗိန္ဒဉာဏ်နှင့်တကွ မဂ်ဖိုလ်ဉာဏ်များဖြစ်ပုံ

ရဟန်းတို့ အကြားအမြင်နှင့် ပြည့်စုံသော ဘုရားတပည့် အရိယာသာဝကသည် ဤဆိုခဲ့သည့်အတိုင်း သိမြင်လျှင် ရုပ်၌လည်း မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ ဝေဒနာတို့၌လဲ မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ သညာ၌လဲ မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ သင်္ခါရတို့၌လဲ မပျော်မွေ့ ငြီးငွေ့လေတော့သည်၊ စိတ်ဝိညာဏ်၌လဲ မပျော်မွေ့ ငြီးငွေ့လေတော့သည်။

ငြီးငွေ့လျှင် တပ်စွဲခြင်း ကင်းလေတော့သည်။

တပ်စွဲခြင်း ကင်းသောကြောင့် လွတ်မြောက်လေတော့သည်။

လွတ်မြောက်ပြီးလျှင် “ငါ့စိတ် လွတ်မြောက်သွားပြီ”ဟု ဆင်ခြင်လျက် အသိဉာဏ် ဖြစ်လာလေသည်။

“ဘဝသစ်ဖြစ်မှု ကုန်ပေပြီ၊
အကျင့်မြတ်ကို ကျင့်သုံးမှု ပြည့်စုံပေပြီ၊
ပြုဖွယ်ကိစ္စကို ပြုမှု ပြီးဆုံးပေပြီ၊
ဤကိစ္စအတွက် နောက်ထပ်ပြုရန် မရှိတော့ပြီ”ဟု ဆင်ခြင်လျက် သိလေတော့သည်။

နောက်နောက်နှစ်၊ နောက်နောက်လ၊ နောက်နောက်ရက်၊ နောက်နောက် အခါနက်ကာလများသို့ ရောက်မည်မဟုတ်၊ ယခုပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဂ) အတွင်းက သညာသည် အပြင်မရောက်၊ အပြင်က သညာလည်း အတွင်းမရောက်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဃ) သညာကြမ်းက သညာနုမဖြစ်၊ သညာနုက သညာကြမ်း မဖြစ်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င) သညာညံ့က သညာကောင်းမဖြစ်၊ သညာကောင်းကလဲ သညာညံ့မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးကသညာသည် ခရီးမရောက်လာ၊ အနီးက သညာလည်း အဝေးမရောက်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သညာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

သင်္ခါရကို ၁၁–ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

ရှေးဘဝက သင်္ခါရတို့သည် ယခုဘဝသို့ မရောက်လာ၊ ရှေး ဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝသင်္ခါရတို့သည် လည်း နောင်ဘဝသို့ ရောက်မည် မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်သွားမည်။ ထို့ကြောင့် သင်္ခါရတို့သည် အနိစ္စ - မမြဲပါ တကား၊ ဒုက္ခ- ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်၊ သဘောတရား မျှပါ တကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေး အချိန်ကာလများက သခ်ါရသည် ယခုနှစ်၊ ယခုလ၊ ယခုရက်၊ ယခု အချိန်ကာလများသို့ မရောက်လာ၊ ယခုသခ်ါရသည်လည်း နောက်နောက်နှစ်၊ နောက်နောက်လ၊ နောက်နောက်ရက်၊ နောက် နောက် အချိန်ကာလများသို့ ရောက်မည်မဟုတ်၊ ယခုပင် ချုပ်ပျက် သွားသောကြောင့် သခ်ါရသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဂ) အတွင်းက သခ်ါရသည် အပြင်မရောက်၊ အပြင်က သခ်ါရလည်း အတွင်းမရောက်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက် သွားသောကြောင့် သခ်ါရသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဃ) သခ်ါရကြမ်းက သခ်ါရနုမဖြစ်၊ သခ်ါရနုက သခ်ါရ ကြမ်း မဖြစ်လာ၊ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သခ်ါရသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င)သခ်ါရညံ့က သခ်ါရကောင်းမဖြစ်၊ သခ်ါရသည်ာ ကောင်းကလဲ သခ်ါရညံ့မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွား သောကြောင့် သခ်ါရသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(စ) အဝေးကသခ်ါရသည် ခရီးမရောက်လာ၊ အနီးက သခ်ါရလည်း အဝေးမရောက်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွား သောကြောင့် သခ်ါရသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကြမ်းက သခ်ါရ နုမဖြစ်၊ သခ်ါရနုက သခ်ါရကြမ်း မဖြစ်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် သခ်ါရသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

ဝိညာဉ်ကို ၁၁–ဌာနဖြင့် ရှုဆင်ခြင်ပုံ ဆောင်ပုဒ်များ

ရှေးဘဝက ဝိညာဉ်သည် ယခုဘဝသို့ မရောက်လာ၊ ရှေးဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်ခဲ့ပြီ၊ ယခုဘဝဝိညာဉ် သည်လည်း နောင်ဘဝသို့ ရောက်မည် မဟုတ်၊ ယခုဘဝမှာပင် ချုပ်ပျက် ကွယ်ပျောက်သွားမည်။ ထို့ကြောင့် ဝိညာဉ်သည် အနိစ္စ-မမြဲပါတကား၊ ဒုက္ခ- ဆင်းရဲပါတကား၊ အနတ္တ-အစိုးရသော အတွင်းသား အတ္တကောင် မဟုတ်၊ သဘောတရားမျှပါတကား။

(ခ) ရှေးရှေးနှစ်, ရှေးရှေးလ, ရှေးရှေးရက်, ရှေးရှေးအချိန် ကာလများက ဝိညာဉ်သည် ယခုနှစ်၊ ယခုလ၊ ယခုရက်၊ ယခု အချိန်ကာလများသို့ မရောက်လာ၊ ယခုဝိညာဉ်သည်လည်း နောက်နောက်နှစ်၊ နောက်နောက်လ၊ နောက်နောက်ရက်၊ နောက် နောက် အချိန်ကာလများသို့ ရောက်မည်မဟုတ်၊ ယခုပင် ချုပ်ပျက် သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဂ) အတွင်းက ဝိညာဉ်သည် အပြင်မရောက်၊ အပြင်က ဝိညာဉ်လည်း အတွင်းမရောက်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက် သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(ဃ) ဝိညာဉ်ကြမ်းက ဝိညာဉ်နုမဖြစ်၊ ဝိညာဉ်နုက ဝိညာဉ် ကြမ်း မဖြစ်လာ၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသောကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

(င) ဝိညာဉ်ညံ့က ဝိညာဉ်ကောင်းမဖြစ်၊ သညာကောင်း ကလဲ ဝိညာဉ်ညံ့မဖြစ်၊ ထိုထိုခဏမှာပင် ချုပ်ပျက်သွားသော ကြောင့် ဝိညာဉ်သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကား။

တော်ဘဝက အသက်တော်- ၂၉နှစ်တိုင်အောင် ကာမ သုခလွှိက လမ်းကို လိုက်ခဲ့တယ်၊ ဒုက္ကရစရိယာ ကျင့်နေတဲ့အခါမှ အတ္တကိလ မထလမ်းကို လိုက်ခဲ့တယ်၊ နောက်ကာလ မှာ ထိုလမ်းမှား နှစ်ခုလုံးကို ပယ်စွန့်ပြီး မဇ္ဈိမပဋိပဒါခေါ်တဲ့ အလယ်လမ်း မှန်အတိုင်း ကျင့်ပြီး သမ္မာသမ္ဗုဒ္ဓ ဘုရား အဖြစ် သို့ ရောက်တော် မူခဲ့တယ်၊ ဒါကိုရည်ပြီးတော့ “ဧတေခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ=” “ငါဘုရား သည် အဲဒီအဖို့ နှစ်ပါး လမ်းမှားနှစ်သွယ်ကို မချဉ်းမကပ်ဘဲ ရှောင်ကြဉ်ပြီးလျှင် အလယ်လမ်းကျင့်ကို သိမြင်လာပြီ ရဟန်း တို့”ဟု ဟောတော်မူခဲ့ပါတယ်။

မြတ်စွာဘုရား သိလာတဲ့ မဇ္ဈိမပဋိပဒါ အလယ်လမ်း အကျင့်ဆိုတာဟာ မဂ္ဂင်ရှစ်ပါးပင် ဖြစ်ပါတယ်၊ မဂ္ဂင်ရှစ်ပါး ထဲက “သမ္မာဒိဋ္ဌိ” တစ်ခုကို ပြောလိုက်လျှင် သူ့ရဲ့နောက်ပါ အခြံအရံ ဖြစ်တဲ့ အင်္ဂါ ၇-ပါးကိုလဲ ပြောပြီးသား ဖြစ်သွား ပါတယ်၊ဒါကြောင့် သမ္မာဒိဋ္ဌိ တစ်ခုကိုဘဲ အနည်းငယ် ထုတ်ဖော်ပြီး ပြောပြမယ်၊ အဋ္ဌကထာများမှာ သမ္မာဒိဋ္ဌိ၆-မျိုး ဝေဖန်ပြထားပါတယ်။ ၁။ ကမ္မ ဿကတာ သမ္မာဒိဋ္ဌိ၊ ၂။ ဈာန သမ္မာဒိဋ္ဌိ၊ ၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ၄။ မဂ္ဂ သမ္မာဒိဋ္ဌိ၊ ၅။ ဖလ သမ္မာဒိဋ္ဌိ၊ ၆။ ပစ္စဝေက္ခဏာ သမ္မာ ဒိဋ္ဌိဆိုတဲ့ အဲခြောက်ပါးပင်ဖြစ်ပါတယ်၊ ဒီအထဲမှာ ဖလ သမ္မာ ဒိဋ္ဌိနှင့် ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိ ဆိုတာတွေကတော့ အရိယ မဂ်ရဲ့ အကျိုးတရား ဖြစ်နေတဲ့အတွက် ဒီ မဇ္ဈိမပဋိပဒါ အကျင့်ထဲမှာ ထည့်သွင်းပြောဖို့ မလိုပါဘူး၊ ကျန်တဲ့ ၄-ပါးကိုသာ ပြောဖို့လိုပါ တယ်။

၁၇– ပဋ္ဌဝင်္ဂီ ရဟန်းတော်များ ရဟန္တာဖြစ်ပုံ

ဤ အနတ္တလက္ခဏသုတ္တန် တရားတော်ကြီးကို မြတ်စွာ ဘုရား ဟောကြားတော်မူသည်။ ပဋ္ဌဝဂ္ဂီ ရဟန်းတော်တို့သည် မြတ်စွာဘုရား ဟောကြားသည့် တရားတော်ကို ဝမ်းမြောက် ကြလျက် နှစ်သက် သဘောကျလေကုန်ပြီ။ ဤတရားတော်ကို ဟောစဉ်မှာ ပဋ္ဌဝဂ္ဂီ ရဟန်းတော် ငါးပါးတို့၏ စိတ်နှလုံးတော် များသည် တစ်စုံတစ်ခုကိုမျှ မစွဲလမ်းဘဲ အာသဝေါတရား လေးပါး တို့မှ လွတ်မြောက်သွားကြပေသတည်း။

က။ ။ တရားတော် အဆုံးသတ်တော့မယ် ဒီအနတ္တ လက္ခဏသုတ္တန်၌ ဟောကြားတော်မူအပ်သော အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ တို့နှင့်တကွ လိုရင်းပဓာနဖြစ်သော အနတ္တ လက္ခဏာကို ပိုင်ပိုင်နိုင်နိုင် ရှုမှတ်ပွားများ ပိုင်းခြားသိမြင်ကြ၍ အာသဝေါတရား ၄-ပါးတို့မှ လွတ်မြောက်ရာ ဖြစ်သော အရဟ တ္တဖိုလ် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင် ကြပါစေကုန် သတည်း။

အနတ္တလက္ခဏသုတ် ပြီးပါပြီ။

×××××

မဟာစည်ဆရာတော်ဘုရားကြီးဟောကြားတော်မူအပ်သော ဓမ္မစကြာ တရားတော်ကြီး

၁– အယုတ်တရား နှစ်ပါး

ရဟန်းတို့ ရှင်ရဟန်းဖြစ်တဲ့ သူဟာ ဤအဖို့နှစ်ပါး လမ်းမှား နှစ်သွယ်ကို မမှီဝဲအပ်ဘူး၊ ဘယ်ဟာ ဘယ်နှစ်ပါးကိုဆိုလျှင် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ ကိလေသာကာမ ချမ်းသာကို ခံစားနေတာလဲ ပထမ လမ်းမှားအဖို့တစ်ပါး ဖြစ်ပေသည်။ ဒီကာမ ချမ်းသာကို သာယာခံစားမှုဟာ ယုတ်ညံ့ပါသည်။ ရွာသူ ရွာသားတို့ရဲ့ အလေ့အလာဖြစ်ပါသည်၊ အရိယာ သူမြတ်တို့ရဲ့ အကျင့် မဟုတ်ပါ၊ သေခြင်းကင်းရန်အတွက် အကျိုးစီးပွား အစစ်အမှန် ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာတို့နှင့်လဲ ဘာမျှ မသက်ဆိုင်၊ ထို့ပြင် သပ္ပါယဖြစ်တဲ့ အစားအစာ အဝတ်အရုံ ဥတု၊ ဣရိယပုတ် များကိုတောင်မှ မမှီဝဲတော့ဘဲ ကိုယ်ပင်ပန်းအောင် အားထုတ် တဲ့အကျင့်ကလဲ ဒုတိယ လမ်းမှားအဖို့တစ်ပါး ဖြစ်ပေသည်။ ဒီကိုယ်ပင်ပန်းအောင် ကျင့်မှုဟာလဲ ပင်ပန်း ဆင်းရဲရုံမျှသာ ရှိပါသည်။ အရိယာသူမြတ်တို့၏ အကျင့် ကောင်းကား မဟုတ်ပါ။ အကျိုးစီးပွား အစစ်အမှန်ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာတို့နှင့်လဲ ဘာမျှမသက်ဆိုင်ပါ။

၂– မရှိမပဋိပဒါ အလယ်လမ်း အကျင့်တရား

ရဟန်းတို့- ငါဘုရားသည် အဲဒီ အဖို့နှစ်ပါး လမ်းမှား နှစ်သွယ်ကို မချဉ်းမကပ်ဘဲ ရှောင်ကြဉ်ပြီးလျှင် အလယ်လမ်း အကျင့်ကို သိမြင်လာပြီ၊ ငါသိလာတဲ့ ဒီအလယ်လမ်း အကျင့်ဟာ ပညာမျက်စိကိုလဲ ပွင့်လင်းစေပါသည်၊ အသိဉာဏ်ကိုလည်း

ဖြစ်ထွန်းစေပါသည်၊ ကိလေသာငြိမ်းဖို့ အထူးသိဖို့ ထိုးထွင်းသိဖို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့လဲ ဖြစ်ပါပေသည်။

ရဟန်းတို့ ငါသိလာပြီဖြစ်တဲ့ ထိုအလယ်လမ်းအကျင့်က ဘယ်ဟာလဲဆိုရင် အင်္ဂါရှစ်ပါးရှိတဲ့ ဤအရိယမဂ်လမ်းပင် ဖြစ်ပေ သည်။ အင်္ဂါရှစ်ပါးဟူသည်မှာ-

(၁) သမ္မာဒိဋ္ဌိ- မှန်စွာသိခြင်း၊
(၂) သမ္မာသင်္ကပ္ပ- မှန်စွာကြံခြင်း၊
(၃) သမ္မာဝါစာ- မှန်စွာ ပြောဆိုခြင်း၊
(၄) သမ္မာကမ္မန္တ- မှန်စွာ ပြုလုပ်ခြင်း၊
(၅) သမ္မာအာဇီဝ- မှန်စွာအသက်မွေးခြင်း၊
(၆) သမ္မာဝါယာမ- မှန်စွာ အားထုတ်ခြင်း၊
(၇) သမ္မာသတိ- မှန်စွာ အမှတ်ရခြင်း၊
(၈) သမ္မာသမာဓိ- မှန်စွာ စူးစိုက် တည်ကြည်ခြင်း ဆိုတဲ့ ဤရှစ်ပါးပင် ဖြစ်ပေသည်။ ရဟန်းတို့ ငါဘုရား သိလာတဲ့ “မဂ္ဂင်ရှစ်ရပ် အလယ်လမ်း အကျင့်မြတ်”သည် ပညာမျက်စိ ကိုလည်း ပွင့်လင်းစေပါသည်။ အသိဉာဏ်ကိုလည်း ဖြစ်ထွန်း စေပါသည်။ ကိလေသာငြိမ်းဖို့ အထူးသိဖို့ ထိုးထွင်းသိဖို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့လဲ ဖြစ်ပါပေသည်။

အဓိပ္ပါယ်ဖော်ပြချက်

ဟော-ဒီနေရာမှာတော့ မြတ်စွာဘုရားရဲ့ အလိုတော်ကို အနည်းငယ်ဖွင့်ပြီး ပြောရလိမ့်မယ်၊ မြတ်စွာဘုရားဟာ အလောင်း

ထိုတဏှာမှာ သရုပ်အားဖြင့် ကာမဂုဏ်၌ တပ်မက်သော တဏှာ၊ ဘဝ၌ တပ်မက်သော တဏှာ၊ သူ့အလိုလို ဘဝပြတ်ခြင်း၌ တပ်မက်သော တဏှာ ဟူ၍ ၃-ပါး အပြားရှိ၏။ ဤတဏှာသည် ဆင်းရဲဖြစ်ပွားကြောင်း အမှန် ဖြစ်ပေသည်။

၅– နိရောဓ သစ္စာ

ရဟန်းတို့- ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာအမှန် ဖြစ်ပေသည်။ ၎င်းမှာ သရုပ်အားဖြင့် ယင်း (၁) တဏှာ ၃-ပါး၏ အကြွင်းမဲ့ပျက်ပြယ် ချုပ်ငြိမ်းသွားခြင်း၊ (၂)ယင်း တဏှာကိုစွန့်ခြင်း၊ (၃)လွတ်လွတ်စွန့်ခြင်း၊ (၄) ယင်းတဏှာမှ လွတ်မြောက်ခြင်း၊ (၅) ယင်းတဏှာဖြင့် မငြိမတွယ်ခြင်းပင် ဖြစ်ပေသည်။

၆– မဂ္ဂသစ္စာ

ရဟန်းတို့- ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲချုပ်ငြိမ်းရာသို့ ဆိုက်ရောက်သွားတဲ့ အကျင့်လမ်းမှန် အစစ် ဖြစ်ပေသည်။ ၎င်းမှာ အင်္ဂါရှစ်ပါးရှိတဲ့ ဤအရိယမဂ်ပင် ဖြစ်ပေသည်။ အင်္ဂါရှစ်ပါးမှာ ၁။ မှန်စွာသိမြင်ခြင်း၊ ၂။မှန်စွာကြံခြင်း။ ၃။ မှန်စွာပြောဆိုခြင်း၊ ၄။ မှန်စွာပြုလုပ်ခြင်း၊ ၅။မှန်စွာ အသက်မွေးခြင်း၊ ၆။ မှန်စွာ အားထုတ်ခြင်း၊ ၇။ မှန်စွာ အမှတ်ရခြင်း၊ ၈။ မှန်စွာ စူးစိုက် တည်ကြည်ခြင်းတို့ပင် ဖြစ်သည်။

အဲဒီ ၄-ပါးထဲမှာ “ကမ္မဿကတာ သမ္မာဒိဋ္ဌိ” ဆိုတာ မိမိကိုယ်တိုင်ပြုထားတဲ့ ကောင်းမှုကံ မကောင်းမှုကံ အားလျော်စွာ ကောင်းကျိုး ဆိုးကျိုးကို ခံစားရတယ်လို့ ယုံကြည်သိမြင်တာကိုဘဲ ဆိုလိုပါတယ်၊ ဒီကံကံ၏အကျိုးကို ယုံကြည်သိမြင်တဲ့ သမ္မာဒိဋ္ဌိဟာ အရေးကြီးပါတယ်၊ ဒီသမ္မာဒိဋ္ဌိအယူရှိပါမှ ဒါန၊ သီလ စသော ကောင်းမှုတွေ ကောင်းကောင်း ဖြစ်ပွားနိုင်ပါတယ်၊ ဘာဝနာကို အားထုတ်ပြီး မဂ်ဖိုလ်ကိုလည်း ရနိုင်ပါတယ်၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီး ဒါန၊ သီလ စသော ကုသိုလ်ကို ပြုတိုင်းပြုတိုင်း ဒီ ကမ္မဿကတာ သမ္မာဒိဋ္ဌိဟာ ကမ္မာသင်္ပ စသော သူ့ အခြံအရံ မဂ္ဂင်များနှင့်တကွ ဖြစ်ပွားနေပါတယ်၊ ဒီမဂ္ဂင်တရားများရဲ့ အစွမ်းကြောင့် အဲဒီ ဒါန၊ သီလ ကုသိုလ်များက ယခုဘဝလို မဂ်ဖိုလ်ရနိုင်တဲ့ ဘဝကောင်းကို ပို့ပေးနိုင်ပါတယ်၊ ဒါကြောင့် ဒီ“ကမ္မဿကတာ သမ္မဒိဋ္ဌိကိုလဲ နိဗ္ဗာန်ရောက်ကြောင်းတရား”လို့ မှတ်ယူရပါတယ်။

ရူပဈာန်၊ အရူပဈာန်များမှာပါတဲ့ ဉာဏ်ပညာကို ဈာန သမ္မာဒိဋ္ဌိလို့ ခေါ်ပါတယ်၊ ဒီဈာနသမ္မာဒိဋ္ဌိဟာလဲ ဝိပဿနာရဲ့ အခြေခံဖြစ်လျှင် နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်ပါတယ်၊ ယခုပြောခဲ့တဲ့အတိုင်း ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဈာန သမ္မာဒိဋ္ဌိဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ အခြေခံတရား ဖြစ်နေတဲ့ အတွက် ဒီသမ္မာဒိဋ္ဌိနှစ်ပါးကို “မူလမဂ္ဂင်”လို့ မှတ်ရပါတယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိ ဆိုတာကတော့ ဝိပဿနာဉာဏ်ပါဘဲ၊ ဒီဝိပဿနာပြည့်စုံတဲ့ အခါမှာ မဂ္ဂသမ္မာဒိဋ္ဌိခေါ်တဲ့ အရိယ

ဝိပဿနာ မဂ္ဂင်က ပြည့်စုံတဲ့ အခါမှာ အရိယာ မဂ္ဂင်များ ဖြစ်ပေါ်လာပြီး သေခြင်းကင်းတဲ့ နိဗ္ဗာန်ကို မျက်မှောက် တွေ့ကာ သစ္စာ ၄-ပါးကို သိမြင်ရပါတယ်။ ဒါကြောင့် ဒီမဇ္ဈိမ ပဋိပဒါ အကျင့်ဖြင့် ကိုယ်တော်တိုင် သိမြင်လာခဲ့တဲ့ သစ္စာ ၄-ပါး ကို ဒီလို ထုတ်ဖော်ပြီး ဟောတော်မူပါတယ်။

၃- ဒုက္ခသစ္စာ

ရဟန်းတို့- ဤသည်ကား အရိယာတို့ သိအပ်တဲ့ ဆင်းရဲအမှန် ဖြစ်ပေသည်။ (၁) ဘဝအသစ်ဖြစ်ခြင်းလဲ ဆင်းရဲပင်၊ (၂) အိုခြင်းလဲ ဆင်းရဲပင်၊ (၃) နာခြင်းလဲ ဆင်းရဲပင်၊ (၄) သေခြင်းလဲ ဆင်းရဲပင်၊ (၅) မချစ်မနှစ်သက်အပ်တဲ့ အာရုံဝတ္ထုများ၊ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရခြင်းလဲ ဆင်းရဲပင်၊ (၆) ချစ်ခင်နှစ်သက်အပ်တဲ့ အာရုံဝတ္ထုများ၊ ပုဂ္ဂိုလ်များနှင့် ကွဲကွာရခြင်းလဲ ဆင်းရဲပင်၊ (၇) အလိုရှိတာကို မရခြင်း၊ မရနိုင်တာကို လိုချင်ခြင်းသည်လဲ ဆင်းရဲပင်၊ အကျဉ်းချုပ်အားဖြင့်ဆိုလျှင် ငါ၊ ငါ့ဥစ္စာဟု ထင်မှတ်စွဲလမ်းနေခဲ့တဲ့ ခန္ဓာငါးပါး ရုပ်နာမ်များသည် ဆင်းရဲချည်းပင် ဖြစ်သည်။

၄- သမုဒယသစ္စာ

